အမရပူရမြို့ မင်္ဂလာတိုက်၊ အဘိဓမ္မာညဝါဒအကျော်

## ဘဒ္ဒန္တဝိမလ

## အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး


ကောဇာ (၁၂၆၁ - ၁၃၂၄)၊ ခရစ်နှစ် (၁၈၉၉ - ၁၉၆၂)

(နောင်တွင် ဝိပဿနာသစ္စာတရားများ ဟောကြားချီးမြှင့်တော်မူသည်)

ကောဇာသက္ကရာဇ် (၁၂၈၅) မှ (၁၃၁၄) ခုနှစ်အထိ

ချပို့တော်မူခဲ့သော အဘိဓမ္မာပဋ္ဌာန်းညဝါဒ

# သုံးချက်စု ချပို့စဉ်



စာဝါလိုက်ခဲ့သော မှတ်စုများမှ စုစည်းတင်ပြသည်။

## ဘဒ္ဒန္တဇောတိက (လေး)

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပဓာနမဟာနာယကဆရာတော်

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာနှင့် မင်္ဂလာတိုက်၊ အမရပူရမြို့။

သာသနာတော်နှစ် - ၂၅၅၇ ကောဇာ - ၁၃၇၅ ခရစ် - ၂၀၁၃

ဤဓမ္မစေတီတော်ကို မည်သူမဆို ဓမ္မဒါနအဖြစ် ကူးယူလျှဒါန်းပူဇော်နိုင်ပါသည်။

အမရပူရမြို့ မင်္ဂလာတိုက်၊ အဘိဓမ္မာညဝါအကျော်

# ဘဒ္ဒန္တဝိမလမဟာထေရ်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး


ကောဇာ (၁၂၆၁ - ၁၃၂၄)၊ ခရစ်နှစ် (၁၈၉၉ - ၁၉၆၂)

(နောင်တွင် ဝိပဿနာသစ္စာတရားများ ဟောကြားချီးမြှင့်တော်မူသည်)

ကောဇာသက္ကရာဇ် (၁၂၈၅) မှ (၁၃၁၄) ခုနှစ်အထိ

ချပို့တော်မူခဲ့သော အဘိဓမ္မာပဋ္ဌာန်းညဝါ

# သုံးချက်စု ချပို့စဉ်



စာဝါလိုက်ခဲ့သော မှတ်စုများမှ စုစည်းတင်ပြသည်၊

## ဘဒ္ဒန္တဇောတိက (လေး)

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပဓာနမဟာနာယကဆရာတော်

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာနှင့် မင်္ဂလာတိုက်၊ အမရပူရမြို့


သာသနာတော်နှစ်-၂၅၅၇ ကောဇာ-၁၃၇၅ ခရစ်-၂၀၁၃

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် ❖ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ
❖ ဒုတိယအကြိမ်၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ
စီစဉ်သူ ❖ ဒေါ်ရူပသီဂီ (ITBMU)
အတွင်းပန်းချီ ❖ နေဝင်းအောင် ဖုန်း-၀၉ ၇၃၁၀၈၃၉၈
❖ မင်းနေလ ဖုန်း-၀၉ ၅၁၄၇၃၂၃
မျက်နှာဖုံးဒီဇိုင်း ❖ နိုင်လင်း (စွယ်တော်)
ကွန်ပြူတာစာစီ ❖ ဦးအောင်ချမ်း (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိပါရဂူ) ဖုန်း-၀၉ ၇၃၂၁၄၂၈၀
စာအပြင်အဆင် ❖ Dream city ဖုန်း-၀၉ ၇၃၀၅၂၄၃၃
ပုံနှိပ်သူ ❖ ဦးတင်အောင်ကျော်
စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)
အမှတ် (၁၄၇)၊ ၅၁-လမ်း(အထက်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ထုတ်ဝေသူ ❖ ဦးတင်အောင်ကျော်
မဇ္ဈိမပဋိပဒါစာပေ (၀၀၅၁၈)
အမှတ် (၁၄၇)၊ ၅၁-လမ်း(အထက်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖြန့်ချိရေး ❖ ၁။ မင်္ဂလာမဂ္ဂင်ရိပ်သာနှင့်မင်္ဂလာတိုက်
အမရပူရမြို့နယ်၊ မန္တလေးမြို့။
၂။ ဣန္ဒာသယ ပိဋကတ်စာအုပ်ဆိုင်
အမှတ် ၂၇-၂၈-၂၉
ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဈေးတော်ရုံ
ဖုန်း-၀၁ ၃၇၄၈၁၃

တန်ဖိုး - ၁၀၀၀၀ ကျပ်

**ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)**

၂၉၄.၃

သုံးချက်စု ချုပ်စဉ်/ဘဒ္ဒန္တဇောတိက(လေး)၊ ရန်ကုန်။
မဇ္ဈိမပဋိပဒါစာပေ၊ ၂၀၂၀
၅၈၈-စာ၊ ၁၅.၂၄ × ၂၂.၈၆ စင်တီ
(၁) သုံးချက်စု ချုပ်စဉ်




မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌
မယ်တော်မိနတ်သား အမှူးရှိသော နတ်ပြဟ္မာများအား အဘိဓမ္မာဒေသနာ ဟောတော်မူစဉ်

အမရပူရမြို့ မင်္ဂလာတိုက်၊ အဘိဓမ္မာညဝါအကျော်

## ဘဒ္ဒန္တဝိမလ မဟာထေရ်

အဂ္ဂမဟာပဏ္ဍိတ၊ မိုးကုတ်ဆရာတော်ဘုရားကြီး

ကောဇာသက္ကရာဇ် (၁၂၈၅) မှ (၁၃၁၄) ခုနှစ်အထိ ချပို့တော်မူခဲ့သော

အမရပူရမြို့ မင်္ဂလာတိုက် ပဓာနမဟာနာယကဆရာတော်

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက

## ဘဒ္ဒန္တဇောတိက (လေး)

စုစည်းရေးသားပြုစုသော အဘိဓမ္မာပဋ္ဌာန်းညဝါ

# သုံးချက်စုချုပ်ပိုဒ် ဓမ္မစေတီတော်

ပဲခူးမြို့ ကျောက်တန်းကျေးရွာအုပ်စု၊ ကျောက်ဆောင်ကျေးရွာ၊
ပတ္တမြားကျောင်းတိုက် ပဓာနနာယကဆရာတော်

## ဘဒ္ဒန္တသုန္ဒရ

ပတ္တမြားဆရာတော်မှ
ပါရမီအဟုန်အဖြစ် တည်ထားပူဇော်တော်မူအပ်ပါသည်။
ပဋ္ဌာန်းဆက်အသီးသီးတို့၏ ဟဒယနှလုံးအိမ်အရောက်
ပင့်ဆောင်တည်ထားနိုင်ကြပါစေသော်။


သာသနာတော်နှစ်-၂၅၅၇ ကောဇာ-၁၃၇၅ ခရစ်-၂၀၁၃

# အမရပူရမြို့ မိုးကုတ်–မင်္ဂလာ ဓမ္မစေတီတော်ကျမ်းစာများ

| စဉ် | ကျမ်းအမည် | ကျမ်းပြုဆရာတော် |
|---|---|---|
| ၁။ | **“ဝီထိသင်္ခေပဒီပနီကျမ်း နှင့် ပုဂ္ဂလစိတ္တဒီပနီကျမ်း”** | **ဘဒ္ဒန္တသုဇာတ မဟာထေရ်** (တိုက်အုပ်ဆရာတော်၊မင်္ဂလာတိုက်၊ အမရပူရမြို့ ဆရာကြီးဦးအုန်း၏ဓမ္မန္တေဝါသိက၊ မိုးကုတ်ဆရာတော်၏ဥပဇ္ဈာယ်ဆရာတော်) |
| ၂။ | **“ပုထုဇ္ဇနအလင်းပြကျမ်း”** | **ဘဒ္ဒန္တဝိမလ မဟာထေရ်** (အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်) |
| ၃။ | **“ညဝါတံခွန်ကျမ်း” (ပဋ္ဌာနသာရမဉ္ဇူရီကျမ်း)** | **ဆရာကြီးဦးအုန်း (ခေါ်) ဦးအာဒိစ္စ** မင်းတုန်းမင်းနှင့်သီပေါမင်းတို့ကိုးကွယ်သော ပထမကျော်စာချ။ |
| ၄။ | **“အဘိဓမ္မာတံခွန်ကျမ်း”** (မာတိကာ၊ဓာတုကထာ နှင့် ယမကဝီထိမဉ္ဇူရီကျမ်း) | **ဆရာကြီးဦးအုန်း နှင့် ဘဒ္ဒန္တဝိမလ** (အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်) |
| ၅။ | **“သုံးချက်စုချုပ်ဝိစဉ်ကျမ်း”** (မိုးကုတ်ဆရာတော်ချုပ်သည်) | **ဘဒ္ဒန္တဇောတိက (လေး)** (မိုးကုတ်ဆရာတော်၏ဓမ္မန္တေဝါသိက၊ ပဓာနမဟာနာယက၊မင်္ဂလာတိုက်၊ အမရပူရမြို့) |

ဓမ္မစေတီတော်များကို မိုးကုတ်ဆရာတော်ကြီး၏ ဝိဇာတမင်္ဂလာ (၁၀၈) နှစ်ပြည့် အထိမ်းအမှတ် ကောဇာသက္ကရာဇ် (၁၃၆၉)၊ ခရစ်နှစ် (ဇန္နဝါရီလ - ၂၀၀၈) ခုနှစ်တွင် အမရပူရမြို့ မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ မိခင်ပင်မ သံဃဝေဖနိယဋ္ဌာန၊ မင်္ဂလာတိုက် တပည့်သံဃာများမှ ထုတ်ဝေပူဇော်ဖြန့်ချိရန် ပဓာနနာယကဆရာတော် ဦးဇောတိက(လေး) ၏ ထိုနှစ်များမတိုင်မီကပင် ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းသည် ယခုပြီးစီးပါ၏။

## “ မိုးကုတ်ဆရာတော်ဘုရားကြီး၏ လက်ရေးမူ ”



မွေ့ကျမ်းစာများကို ပုံနှိပ်ပူဇော်သော ဆရာတော်၏

# အာသီသတော်

ပို့သူသင်လူ လွှန်လွယ်ကူ ညည်းညူမဖြစ်ရ

သိလိုသူတွေ သင်ကြစေ ငှဝေဉာဏ်ဒါန

ပဋ္ဌိစ္စဒေသနာ နေရောင်ဝါ စမ်းလိုအေးလို့ ပန်းလိုလှ

ခေတ်အမှီဆုံး ကျဥ်း၍ချုံး ရှေးထုံးမကွယ်ရ

ကြောင်းကျိုးဆင့်ဆင့် မဂ်ဉာဏ်ပွင့် နန်းမြင့်နိဗ္ဗာန်ရ

နန်းမြင့်နိဗ္ဗာန် ရောက်ကြောင်းမှန် သင်အံကျင့်ကြံကြ။

## ဆရာတော် ဘဒ္ဒန္တကောဝိဒ (လေး)

**မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက**

ကောဇာ (၁၂၈၃-၁၃၇၂)၊ ခရစ်နှစ် (၁၉၂၁-၂၀၁၁)

ပဓာနနာယကဆရာတော်


မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ၊ မင်္ဂလာတိုက်၊ အမရပူရမြို့။

# မိုးကုတ်ဆရာတော်ဘုရားကြီး၏
# မိုးကုတ် - မင်္ဂလာ သာသနာဝင်သာသနိကများ





တရားထိုင်ကျောက်လိုဏ်ဂူ ဘော်ပတန်းရွာ




ရွှေယမင်းစေတီတော်
ဥယျာဉ်တော်ရွာ

ရွှေချက်သို ပုညသာမဂ္ဂီ
ဓမ္မဗိမာန်တော် ဥယျာဉ်တော်ရွာ



မင်္ဂလာတိုက်၊ မိုးကုတ်မြို့



မင်္ဂလာဓာတုဓမ္မစေတီတော်၊ အမရပူရမြို့




မင်္ဂလာမဂ္ဂင်ရိပ်သာ၊ အမရပူရမြို့



မင်းတုန်းမင်းလက်ထက်တည် မူလတစ်ထပ်သိမ်ကျောင်းနှင့်
၁၂၉၉-ပြည့်နှစ်တည် နှစ်ထပ်သိမ်ကျောင်းအသစ်



ပိဋကတ်တိုက်ကျောင်း
(အလယ်တိုက်)



မိုးကုတ်တိုက်ကျောင်း (ဆွမ်းစားကျောင်း)



စကြံ့န်ကျောင်း

မင်္ဂလာ၁တိုက်၊ အမရပူရမြို့

## ဓမ္မကျမ်းစာများကို ပုံနှိပ်ပူဇော်သော ဆရာတော်၏ အမှာစာ

မြတ်စွာဘုရားရှင်၏ ပစ္စုပ္ပန်သံသရာ နှစ်တန်နှစ်ဖြာ ကောင်းကျိုး အမှန်ရစေမည့် မြင့်မြတ်လှသော ဓမ္မစေတီတော်များကို မိမိတို့ဆိုင်ရာ ဘဒ္ဒယဝတ္ထုအိမ်သို့အရောက် ပင့်ဆောင်ကြရာ၌ ကျေးဇူးများစေရန်အလို့ငှာ သတင်းစာ မဂ္ဂဇင်းများဖတ်သကဲ့သို့ ဖတ်ယူလေ့လာခြင်းမျိုးမပြုရ။

**ဆရာတော်** တို့၊ **ဆရာကြီးဦးအုန်း** တို့၏ ချပို့ဟန်မှာ -

၁။ (၂၄)ပစ္စည်းပစ္စယုဒ္ဒေသ၏ အနက်အဓိပ္ပါယ်နှင့် သုံးချက်စုတို့ကို အလျင်အဦး နှုတ်တက်ရအောင်ကျက်ပါ။ ပြီးလျှင် -

၂။ ဟောတုပစ္စည်း၏ချပို့စဉ်ကို အလျင်အဦးကျေညက်သည်အထိ မှတ်မိအောင် လေ့လာပါ။

ဤနှစ်ချက်ပြီးမှ ရှေ့ဆက်၍ အစဉ်အတိုင်းဖြစ်သော ပစ္စည်းတစ်ခု ချင်းစီကို တိုး၍ဆက်လေ့လာပါ။ ညဝါဆိုင်ရာ ကောင်းသောအကျိုး ကျေးဇူးများ တိုးပွားရရှိစေပါမည်။

ဆရာတော်တို့၊ ဆရာကြီးဦးအုန်းတို့သည် စာသင်သားတို့အား (၂၄)ပစ္စည်းပစ္စယုဒ္ဒေသ၏ အနက်အဓိပ္ပါယ်နှင့် သုံးချက်စုစာမူတို့ကို အလျင်အဦးအရကျက်စေခဲ့ပြီး စာဝါစချိန်တွင် စာသင်သားတို့အား ပြန်ဆိုစေ သည်။ ထိုကဲ့သို့ ပြန်ဆိုနေစဉ်အတွင်း ဆရာတော်တို့မှ ရှင်းပြချပို့တော်မူ၏။ ပညာရှိသူတို့သည် 'ဥပမာ'ကိုပြောသောအခါ 'ဥပမေယျ'ကိုသိကြ၏။ ဓမ္မတို့သည် အလွန်နက်နဲသိမ်မွေ့သောကြောင့် 'ဥပမေယျ'ကိုပြောလျှင် စာသင်ငယ်တို့၏ဉာဏ် ပိတ်ဆို့တတ်၏။ ဆရာတော်သည် ဥပမေယျနှင့် တူသော အကောင်းဆုံးဥပမာများကိုသာ အနက်အဓိပ္ပါယ်ရှာ၍ပေးပါသည်။ ဥပမေယျကိုထုတ်မပြော။

မင်္ဂလာတိုက် စာချဆရာတော် **ဦးဝိမလ** (မိုးကုတ်ဆရာတော်

လောင်းလျှာ) သည် ပဋ္ဌာန်းညဝါချုပ်ရာ၌ ဥပမာ ဥပမေယျတွေနှင့် အဓိပ္ပာယ်နားလည်သဘောပေါက်အောင် အကောင်းဆုံးရှင်းပြနိုင်၏။ မင်္ဂလာတိုက်အတွင်း မိုးကုတ်ဆရာတော်၏ စာချဖော်များဖြစ်ကြသော စာချဆရာတော် **ဦးဓမ္မသာမိ** နှင့် **ဦးအာစာရ** တို့သည် ပဋ္ဌာန်းညဝါချုပ်ရာ၌ သရုပ်တွေကို သူ့အကန့်နှင့်သူပုံ၍ သရုပ်များကိုနိုင်နင်းစွာ အကောင်းဆုံးရှင်းပြ၏။ သူ့နည်းနှင့်သူ တစ်မျိုးစီတော်ကြ၏။

ဤစာမူသည် မိုးကုတ်ဆရာတော်ဘုရာကြီး၏လက်ရေးစာမူများနှင့် (၁၉-၃-၁၆)နေ့စွဲပါ ရေးကူးစုစည်းထားသောမှတ်စုများ၊ ဆရာတော် စာဝါချုပ်တော်မူစဉ် စာလိုက်မှတ်စုများမှ ရနိုင်သမျှစုစည်းတင်ပြခြင်းဖြစ်ပါသည်။ ဤစာမူတို့တွင် မှားမှောက်စရာလုံးဝမရှိကြောင်း သံသယရှင်းစေလိုပါသည်။

ရှေးသုံး, ခေတ်သုံး ဝေါဟာရထုံးများဖြင့် အထူးကြိုးစားအားထုတ်၍ စက်တင်ပုံနှိပ်ရာတွင် အဘိဓမ္မာပဋ္ဌာန်းညဝါဆိုင်ရာ ကောင်းကျိုးများရရှိစေမည့် အခန်းကဏ္ဍများလည်း များစွာပါဝင်မည်ဖြစ်ပါသည်။ မကင်းနိုင်သော ချွတ်ယွင်းချက်များ တွေ့ရှိပါကလည်း ဖြည့်စွက်ပြင်ဆင်ဉာဏ်သက်ဝင်နိုင်ကြပါစေကြောင်း အာသီသထားအပ်ပါသည်။ ခွင့်လွှတ်သည်းခံတော်မူနိုင်ကြပါစေ။ လိုရာပြည့်စုံ၍ ပစ္စယပရိဂ္ဂဟဉာဏ်ရကြပါစေ။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်သို့ဆိုက်ရောက်နိုင်ကြပါစေသောဝ်။

**ဘဒ္ဒန္တဓောတိက (လေး)**
၉/အမရ(သ)၀၀၀၅၁၈
မိုးကုတ်ဆရာတော်ကြီး၏ဓမ္မန္တေဝါသိက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပဓာနမဟာနာယကဆရာတော်
မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ၊ မိခင်ပင်မသံဝေဇနိယဋ္ဌာန၊
မင်္ဂလာတိုက်၊ အိုးတော်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
(၃၀-၁၁-၂၀၀၆)

# အမှာစာ

**'မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းသုံးချက်စုချုပ်စဉ်'** ဤကျမ်းစာတွင် စာမူရှင်ဆရာတော်ဘုရားကြီးသည် ပဋ္ဌာန်းပစ္စည်းတိုင်းမှာပင် မှတ်သားဖွယ်ရာအဓိပ္ပါယ်များ၊ သရုပ်သကန်များ၊ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် ၃-ချက်စုများ၊ အဋ္ဌကထာ, ဋီကာစသည်လာ ရှေးရိုးစဉ်ဆက် ဥပမာများ၊ ခေတ်သစ်ပတ်ဝန်းကျင်ဥပမာများ စသည်စသည်တို့ဖြင့် ဝေဝေဆာဆာ ထဲထဲဝင်ဝင် ပို့ချထားခြင်းများကြောင့် မိမိမှာ လွန်စွာအံ့သြရပါသည်။ မိုးကုတ်ဆရာတော်ကြီးသည် စာချဆရာတော်ဘဝမှာလည်း စာဝါပို့ချရာ၌ အထူးထင်ရှားကျော်ကြားကြောင်း ကြားဖူးသုတရှိခဲ့သော်လည်း ယခုမှ ထဲထဲဝင်ဝင် ထိတွေ့ခွင့်ရပါသည်။

ဤချုပ်စဉ်ကျမ်း၌ မိုးကုတ်ဆရာတော်ဘုရားကြီး ပို့ချတော်မူပုံမှာ-

၁။ သက်ဆိုင်ရာပစ္စည်းတိုင်း၏ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် ၃-ချက်စု အရတရားများကို ဖော်ပြပို့ချ၍တစ်ဖုံ၊

၂။ သက်ဆိုင်ရာပစ္စည်းတိုင်း၏ သဘောအဓိပ္ပါယ်များကို ဥပမာ, ဥပမေယျတို့ဖြင့်လည်းကောင်း ပါဠိ, အဋ္ဌကထာ, ဋီကာစသော ဂန္ထန္တရအထောက်အထားများဖြင့်လည်းကောင်း ပို့ချ၍တစ်နည်း၊

၃။ လက်တွေ့မျက်မြင် အကြောင်းအရာများဖြင့် ပို့ချ၍တစ်မျိုး၊

ဤသို့ စသည်စသည်ဖြင့် ဝေဝေဆာဆာ ပို့ချတော်မူခဲ့ပါသည်။

သာသနာတော်မှာ တစ်ခေတ်တစ်ခါက သမိုင်းတွင်ခဲ့သည့် ဥဒါန်းစကားများရှိသည်။ ယင်းတို့မှာ-

(က) ""ဗုဓ် အစ၊ ဗုဓ် အလယ်၊ ဗုဓ် အဆုံး"" ဟုလည်းကောင်း၊
(ပရိယတ္တိသာသနာတော် အစမှာ ဗုဒ္ဓ၊ အလယ်မှာ ဗုဒ္ဓဃောသ၊ အဆုံးမှာ ဆရာတော်ဦးဗုဓ်)

(ခ) ""စာတတ် ငါးခုံ၊ စာကုန် မန်ကျည်းတော၊ စာပြော သဲအင်း"" ဟုလည်းကောင်း၊

(စာပေတတ်မြောက်သူတို့တွင် ငါးခုံဆရာတော်၊ ပိဋကတ် ကုန်စင်နှံ့စပ်အောင် သင်ကြားထားသူများတွင် မန်ကျည်းတောဆရာတော်၊ စာပေဟောပြောကောင်းသူများတွင် သဲအင်းသာသနာပိုင်ဆရာတော်တို့သည် ထူးခြားထင်ရှားကြသူများဖြစ်သည်)

(ဂ) "တောင်ပြင် နဂါး၊ အနောက်ပြင် ကျား" ဟုလည်းကောင်း၊ (မန္တလေးတောင်ပြင်၌ စနေသား ဦးတေဇနိယ၊ အနောက်ပြင်၌ တနင်္လာသား ဦးကလျာဏတို့သည် ပိဋကတ်ကျမ်းဂန်များကို ပို့ချရာ စာဝါလောကတွင် ထင်ရှားလှသည်)

(ဃ) "အပြော မိုးကုတ်၊ အလုပ် မဟာစည်" ဟုလည်းကောင်း ('အပြော'ဟုဆိုရာ၌ သတိပဋ္ဌာန်အလုပ် ပွားများအားထုတ်ရန် **အရှင်းလင်းဆုံး ပြောဟောလမ်းညွှန်ရာ**တွင် မိုးကုတ်ဆရာတော်၊ 'အလုပ်'ဟုဆိုရာ၌ သတိပဋ္ဌာန်အလုပ် **လုပ်စေရာ**တို့တွင် မဟာစည်ဆရာတော်တို့သည် အထူးထင်ရှားလှသည်)

စသော ဥဒါန်းစကားများဖြစ်သည်။


ယင်းသည့်သမိုင်းဝင် ဥဒါန်းတွင်ခဲ့သော၊ ဥဒါန်းတွင်နေသော၊ အားလုံးသိသည့်အတိုင်း သူမတူအောင် ရှင်းလင်းပြောဟောနိုင်သော မိုးကုတ်ဆရာတော်ကြီးသည် ငြီးငွေ့စရာကောင်းလောက်အောင် ခက်ခဲနက်နဲလှသည့် ပဋ္ဌာန်းပစ္စည်းများကို လူတိုင်း ကွင်းကွင်းကွက်ကွက် လွယ်လွယ်ကူကူ သိမြင်နိုင်အောင် ပြောဟောပို့ချထားခြင်းများကြောင့် စာရှုသူတို့ကိုယ်တိုင် ကြည့်ရှုလေ့လာခြင်းဖြင့် ပဋ္ဌာန်းဆိုင်ရာ ရှားပါးလှသော အထူးအခွင့်ကောင်းကို လက်လွှတ်မခံကြရန် တိုက်တွန်းရင်း အမှာစကားရပ်ကို အဆုံးသတ်အပ်ပါသတည်း။

**အရှင်တေ်လောကာဘိဝံသ (အင်းစိန်)**

ကဆုန်လဆန်း ၁၂-ရက်၊ ၁၃၇၅-ခု၊ (မေ ၂၁၊ ၂၀၁၃) အင်္ဂါနေ့။

ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။


# တချဆရာတော် ဘဒ္ဒန္တဝိမလ မဟာထေရ်
# (မိုးကုတ်ဆရာတော်ဘုရားကြီး)၏
# ကြွင်းကျန်ရစ်သော ဓါတ်တော်များ
















## စာချဆရာတော် ဘဒ္ဒန္တဝိမလ၏ ထေရုပ္ပတ္တိ
## အဂ္ဂမဟာပဏ္ဍိတ၊ မိုးကုတ်ဆရာတော်ဘုရားကြီး

ကောဇာ(၁၂၆၁-၁၃၂၄)၊ ခရစ်နှစ်(၁၈၉၉-၁၉၆၂)

မိုးကုတ်ဆရာတော်လောင်းလျာအား မန္တလေးတိုင်း၊ မြစ်ငယ်မြို့၊ ဒုဋ္ဌဝတီမြစ်ကမ်းဘေး ဥယျာဉ်တော်ရွာတွင် ခမည်းတော် **ဦးအောင်ထွန်း**+မယ်တော် **ဒေါ်ရွှေအိပ်**တို့မှ ကောဇာသက္ကရာဇ် ၁၂၆၁-ခု၊ နတ်တော်လပြည့်ကျော် (၁၁)ရက် (၂၇-ဒီဇင်ဘာလ-၁၈၉၉) ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၂)နာရီ (၃၀)မိနစ်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသော မွေးချင်း (၈)ယောက်အနက် ပဉ္စမမြောက်သားမြတ်ရတနာ ဖြစ်တော်မူပါသည်။ ငယ်အမည်မှာ **မောင်လှဘော်** ဖြစ်ပါသည်။[၁]

(၉)နှစ်သားအရွယ် အစိုးရအတန်းကျောင်း စတုတ္ထတန်းအောင်မြင်သော ၁၂၇၀-ခုနှစ်၊ ကဆုန်လ (မေလ-၁၉၀၈) နွေရာသီ ကျောင်းပိတ်ချိန်တွင် ဥယျာဉ်တော်ရွာ၊ ဝွေးပင်တောရကျောင်းတိုက်ဆရာတော် **ဘဒ္ဒန္တဇာဂရ**မဟာထေရ်မြတ်အား ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ရောက်ရှိပါသည်။ ဘွဲ့အမည် **ရှင်ဝိမလ** ဖြစ်တော်မူပါသည်။[၂]

မိုးကုတ်ဆရာတော်၏မွေးချင်း ညီအစ်ကိုမောင်နှမ ကြီးစဉ်ငယ်လိုက် အစဉ်အတိုင်းမှာ- (၁) မတင်
(၂) မလုံး
(၃) မရွှေပင် (မသုစာရီ (ခေါ်) မကိတ္တိသည် ကိုရင်ရှင်ဝိမလ အမရပူရသို့မရောက်မီ သီလရှင်အဖြစ်ဖြင့် အမရပူရမြို့ **ဆရာကြီးဦးအုန်း**ထံတွင် စာဝါများ သင်ယူလျက်ရှိသည်။)

(၁) အရှင်ဃောသိတ၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၁၀-၁၁။ (၂) အရှင်ဃောသိတ၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၁၇-၁၉။

(၄) မောင်လှဒင်
(၅) မောင်လှဘော် (မိုးကုတ်ဆရာတော်လောင်းလျာ)
(၆) မလှရှင်
(၇) မလှခင်
(၈) မောင်သောင်း-တို့ဖြစ်ပါသည်။[၃]

သက်တော် (၁၂)နှစ်အရွယ် ဥယျာဉ်တော်ရွာ၊ ဝွေးပင်တောရကျောင်း တိုက်တွင် သီတင်းသုံးစဉ် တန်းပေါ်ခေါက်၍တင်ထားသော ကိုရင်ရှင်ဝိမလ၏ သင်္ကန်းအား ပျားစွဲခဲ့၏။[၄] ၁၂၇၅-ခုနှစ်တွင် သက်တော် (၁၄)နှစ်အရွယ် ကိုရင်ရှင်ဝိမလသည် ညီဝမ်းကွဲတော်သူ (၇)နှစ်အရွယ် ကိုရင်မောင်ဘရင် နှင့် အတူ လှေလှော်၍ ဒုဋ္ဌဝတီမြစ်ကိုဖြတ်ကူးစဉ် ရေဝဲကတော့ထဲရောက်ပြီးမှ ထူးဆန်းစွာလွန်မြောက်ခဲ့ဖူး၏။[၅]

ထိုနှစ် ၁၂၇၅-ခုနှစ်တွင် ကိုရင်ရှင်ဝိမလသည် အစ်မလေးသီလရှင် ဆရာလေး **မသုစာရီ (မရွှေပင်)**ကိုအကြောင်းပြု၍ အမရပူရမြို့၊ မင်္ဂလာတိုက်၊ မကုဋ္ဌကျောင်းတွင်[၆] သီတင်းသုံးခွင့်ရတော်မူသည်။ မင်္ဂလာတိုက် တိုက်အုပ် ဆရာတော် **ဘဒ္ဒန္တသုဇာတ**နှင့် **ဆရာကြီးဦးအုန်း**တို့ထံတွင် ပရိယတ်၊ ပဋိပတ် အထက်အောက်စာဝါများ ဆည်းပူးခွင့်ရတော်မူသည်။[၇]

ကိုရင်ရှင်ဝိမလအား သီလပေးရင်းတရားဟောခြင်းကို အချိန်မတန် သေးသဖြင့် တိုက်အုပ်ဆရာတော်နှင့် ဆရာကြီးဦးအုန်းတို့မှ တားမြစ်ပိတ်ပင် ခဲ့ရသည်။[၈] ဆရာကြီးဦးအုန်း၏သားကော်ရင်းကဲ့သို့ စောင့်ရှောက်ခြင်း ခံယူရ သူမှာ မိုးကုတ်ဆရာတော်လောင်းလျာ အရှင်ဝိမလ သည်သာတည်း။

(၃) အရှင်ဇောတိက၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၁၁။
(၄) အရှင်ဇောတိက၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၄၁-၄၂။
(၅) အရှင်ဇောတိက၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၄၈-၄၉။
(၆) ယခုအခါ ဘုံမြင့်ကျောင်းနေရာဖြစ်၏။
(၇) အရှင်ဇောတိက၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၅၄-၅၆။
(၈) အရှင်ဇောတိက၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၈၄၊ ၇၀။

၁၂၈၁-ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက် (၄-ဇူလိုင်လ-၁၉၁၉) သောကြာနေ့ နံနက်ပိုင်းတွင် အမရပူရမြို့၊ အိုးတော်ရပ် သိမ်ကြီးဈေးတောင်ဘက်နေ ကုန်သည်ကြီး ဦးဝင်း+ဒေါ်ဒေါ်စောတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး အမရပူရမြို့၊ သိမ်ကြီးဈေးအနီး ရှင်အရဟံနှင့်ရဟန္တာအရှင်မြတ်များ စီစဉ်တော်မူခဲ့သော မဟာသိမ်တော်၌ မင်္ဂလာတိုက်၊ တိုက်အုပ်ဆရာတော် **ဘဒ္ဒန္တသုဇာတ** မဟာထေရ်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။ (မင်္ဂလာတိုက်ရှိသိမ်မှာ ထိုစဉ်ကယိုယွင်းနေသောကြောင့် သုံး,မဖြစ်သဖြင့် နောင်တွင် မိုးကုတ်ဆရာတော်ဦးဆောင်၍ ပြုပြင်မှုများဆောင်ရွက်ခဲ့ရသည်) ဆရာတော်သည် ထိုနေ့သိမ်ထဲတွင်ဝတ်ရုံခဲ့၍ ချွေးစိုနေသောသင်္ကန်းကို လဲလှယ်ပြီး သီတင်းသုံးတော်မူရာ မကုဋကျောင်းသင်္ကန်းတန်း၌လှန်းထားစဉ် ထိုသင်္ကန်းအား ပျားစွဲပြန်ပါသည်။[၉]

မိုးကုတ်ဆရာတော်သည် ဆရာကြီးဦးအုန်း၏စီမံကိန်းဖြင့် အမရပူရမှ မန္တလေးသို့ နေ့စဉ်သွားရောက်၍ စာလိုက်ခဲ့သောဆရာတော်များမှာ မန္တလေးအနောက်ပြင် ခေမာသီဝံကျောင်းတိုက်ဆရာတော်ကြီး။ တောင်ပြင်၊ ဘုရားကြီးတိုက်မှဆရာတော်**ဦးစန္ဒိ** နှင့် ထိုကျောင်းတိုက်မှစာချဆရာတော်ကြီးများ။ တောင်ပြင်၊ ရွှေရေးဆောင်တိုက်မှဆရာတော် **အရှင်အာဒိစ္စရံသီ** စသည်တို့ ဖြစ်တော်မူပါသည်။ ၁၂၈၃-ခုနှစ်ခန့်တွင် အဘိဓမ္မာညဝါအတွက် နည်းစနစ်ယူရန် အမရပူရ(တောင်မြို့) သို့ကြွလာသော ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ကြီး၏ တိုက်အုပ်ဆရာတော် **ဦးနန္ဒိယ**အထံတော်မှ ပခုက္ကူစာသွားနည်းကိုလည်း မိုးကုတ်ဆရာတော်သည် အမိအရသင်ယူလိုက်သည်ဟူ၏။[၁၀]

ဆရာတော်သည် ၁၂၈၃-ခု၊ ဝါဆိုဦးတွင် မိုးကုတ်သူသီလရှင်

(၉) အရှင်ဃောသိတ၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၈၁-၈၂။ (၁၀) အရှင်ဃောသိတ၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၈၄-၈၅။

ဆရာကြီး **ဒေါ်ဝိစာရီ** မှ ဒုတိယအကြိမ်သိက္ခာထပ်ခြင်းကို ခံယူတော်မူပါသည်။ ဒေါ်ဝိစာရီ၏ငယ်အမည်မှာ **မအေးဘော်** ဖြစ်ပြီး ငယ်ရွယ်စဉ်ကပင် သီလရှင်ဝတ်လာသူ ဖြစ်ပါသည်။ ဆရာကြီးဦးအုန်းထံ စာဝါလိုက်ဖော်များ ဖြစ်၍ မိုးကုတ်သူများဖြစ်ကြသော ဒေါ်ဝိစာရီ၊ ဇရပ်ဒကာကြီး ဦးဝ၏သမီး မင်းကွန်း-မိုးကုတ်ချောင်ပိုင် ဒေါ်ဝိလာသီ၊[၁၁] ၄င်း၏ညီမ ဒေါ်ခေမာစာရီ တို့သည် ဆရာတော်၏အစ်မရင်း ဒေါ်သုစာရီ (ခေါ်) ဒေါ်ကိတ္တိနှင့် ရင်းနှီးကြပါသည်။

ဆရာတော်သည် ၁၂၈၅-ခုနှစ်၊ သီတင်းကျွတ်လ (၁၉၂၃-အောက်တိုဘာလ) မှစ၍ ဆရာကြီးဦးအုန်း၏ခွဲဝေစီစဉ်ပေးမှုဖြင့် စာဝါများကို မိမိတို့သီတင်းသုံးရာကျောင်း၌ ချပို့တော်မူခဲ့ကြသည်။ ၁၂၈၆-ခုတွင် မင်္ဂလာတိုက်အတွင်း **မိဋ္ဌကတ်တိုက်ကျောင်းကြီး** (အလည်တိုက်ကျောင်း ဟုလည်းခေါ်သည်)ကို အမရပူရမြို့၊ ပွဲတော်ရပ်မှ ဒေါ်ဒေါ်သစ်နှင့် သားသမီး တစ်စုတို့က စာချဆရာတော်လေး **ဦးဝိမလ** အတွက် ညဝါချပို့ရန်ကျောင်းနေရာ အဖြစ် ဆောက်လုပ်လှူဒါန်းကြသည်။

ထိုပိဋ္ဌကတ်တိုက်ကျောင်း၏အရှေ့ဘက် အသားကျောင်းကြီးပေါ်တွင် ဆရာကြီးဦးအုန်း၏တူသားရင်း **ဦးဓမ္မသာမိ** ကလည်းကောင်း၊ မြောက်ဘက်ရှိ အသားကျောင်းကြီးပေါ်တွင် **ဦးအာစာရ** ကလည်းကောင်း အသီးသီးညဝါများ ချပို့ပေးတော်မူကြသည်။ စာချဆရာတော်လေး ဦးဝိမလ (မိုးကုတ်ဆရာတော် လောင်းလျာ)သည် ပဋ္ဌာန်းညဝါချပို့ရာ၌ ဥပမာ ဥပမေယျတွေနှင့် အဓိပ္ပာယ် နားလည်သဘောပေါက်အောင် အကောင်းဆုံးရှင်းပြနိုင်၏။ မိုးကုတ်ဆရာတော် နှင့်အတူ စာချဖော်များဖြစ်ကြသော စာချဆရာတော်ဦးဓမ္မသာမိနှင့် ဦးအာစာရ တို့သည် ပဋ္ဌာန်းညဝါချပို့ရာ၌ သရုပ်တွေကို သူ့အကာနှင့်သူပုံ၍ သရုပ်များကို

(၁၁)အရှင်ကုဏ္ဍလ၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိစာတမ်း-၁၃၂၄ (၁၉၆၂)၊ ၈၅။

နိုင်နင်းစွာ အကောင်းဆုံးရှင်းပြနိုင်ကြ၏။ သူနည်းနှင့်သူ တစ်မျိုးစီတော်ကြသည်ဟူ၏။

(ဦးဓမ္မသာမိ (ကောဇာ ၁၂၅၇-၁၃၁၀)သည် နောင်တွင်(၁၂၈၉-ခုနှစ်ခန့်) အကြီးအကဲမရှိတော့သဖြင့် မင်္ဂလာတိုက်သို့လာရောက်အပ်နှံသော မင်္ဂလာတိုက်၏ အနောက်ဘက်ကပ်လျက်ရှိပင်းတလဲတိုက်သို့ နာယကဆရာတော်အဖြစ် ကြွရောက်သီတင်းသုံး၍ ပင်းတလဲတိုက်ကိုလည်း **မင်္ဂလာတိုက်သစ်** ဟုခေါ်တွင်ပါသည်။ ထိုအခါ တိုက်တွင်းသံဃာများနှင့် အထူးအားဖြင့် မိုးကုတ်ဆရာတော်တို့က မူလ**မင်္ဂလာတိုက်**ကို တိုက်ဟောင်းဟုခေါ်ဆိုလာခြင်းကို မပြုစေလိုကြပေ။ ဦးဓမ္မသာမိသည် စံလွန်တော်မမူမီ ၁၃၀၇-ခုခန့်တွင် အမြော်အမြင်ဖြင့် တပည့်ရင်း **ဦးဥက္ကံသ** (ကောဇာ ၁၂၆၅-၁၃၃၉)အား တိုက်သစ်နာယကဆရာတော် ဖြစ်စေတော်မူပါသည်။ ထို့အတူ ဆရာတော်ဦးဥက္ကံသသည်လည်း မိမိစံလွန်တော်မမူမီ ၁၃၃၆-ခုနှစ်မှစ၍ တပည့်ရင်း **ဦးတေဇောသာရ**အား တိုက်သစ်ပဓာနနာယကဆရာတော် ဖြစ်စေတော်မူပါသည်။ မင်္ဂလာတိုက်၊ ဆရာကြီးဦးအုန်းနှင့် မိုးကုတ်ဆရာတော်တို့၏ နောက်ပိုင်းကာလများတွင် တိုက်သစ်ဆရာတော်များဖြစ်ကြသော ဦးဥက္ကံသနှင့် ဦးတေဇောသာရတို့မှ ပဋ္ဌာန်းညဝါများကို စာလိုက်သံဃာများအား ချပို့ပေးတော်မူကြသည်။ တိုက်သစ်ပဓာနနာယကဆရာတော် ဦးတေဇောသာရသည် ယခုချိန်တိုင် စာဝါများချပို့ပေးတော်မူပါသည်။)

၁၂၈၅-ခုနှစ် စာဝါသိမ်းချိန်တွင် ဆရာတော်အား မင်းကွန်းမှ လာပင့်ကြ၍ ဆရာကြီးဦးအုန်းထံပန်ကြားပြီး မင်းကွန်း-မိုးကုတ်ချောင်သို့ ကြွရောက်တော်မူပါသည်။ ထိုနှစ်မှစ၍ နှစ်စဉ်ဆောင်းကာလပတ်လုံး မင်းကွန်း-မိုးကုတ်ချောင်သို့ ကြွ၍ သီလရှင်တို့အား ညဝါဆိုင်ရာများ ချပို့ပေးတော်မူပါသည်။ ထိုနှစ်တွင် ဆရာတော်အထံသို့ မိုးကုတ်မြို့မှ ဒေါ်သိုင်းခြုံခေါင်းဆောင်သောဘုရားဖူးအဖွဲ့တို့ စတင်ရောက်ရှိကြပါသည်။

၁၂၈၅-ခုနှစ်ခန့်တွင် ဆရာတော်၏ခမည်းတော် ကွယ်လွန်လေ၏။ ၁၂၈၇-ခုနှစ်၊ ကဆုန်လတွင် ဆရာတော်၏ညဝါဆရာကြီးဦးအုန်း ကွယ်လွန်လေ၏။ ထိုနှစ်သီတင်းကျွတ်လတွင် ဆရာတော်၏မယ်တော်ကွယ်လွန်လေ၏။ မယ်တော်မကွယ်လွန်မီနောက်ဆုံးချိန်တွင် သံဃာတော်များအားပင့် ဖိတ်၍ သင်္ကန်းပရိက္ခရာများကို မယ်တော်အား ကိုယ်တိုင်ကိုယ်ကျလှူဒါန်းစေပြီး အမျှဝေနိုင်ရန် ကာယကံရှင်အပြည့်အဝရရန် အသေချာဆုံးဖြစ်သော ကုသိုလ်ကို ဆရာတော်မှချက်ချင်းစီစဉ်၍ မယ်တော်အား ဆောင်ရွက်စေသည်။[၁၂]

၁၂၈၈-ခုနှစ်၊ သီတင်းကျွတ်လ (၁၉၂၆-အောက်တိုဘာလ)တွင် ဆရာတော်သည် '**ယမကာဝီထိမဉ္ဇရီကျမ်း**' စတင်ရေးသားတော်မူပြီး ၁၂၈၉ (၁၉၂၇)တွင် ပြီးစီး၏။[၁၃] ဆရာကြီးဦးအုန်းရေးသားခဲ့သော '**အဘိဓမ္မာ တံခွန်ကျမ်း**'နှင့် ပူးတွဲထုတ်ဝေတော်မူပါသည်။ ထိုနောက်ပိုင်း ဆရာတော်၏ သက်တော် (၂၉)နှစ်ပြည့်သော (၁၉၂၈)ခုနှစ်တွင် တရားကိစ္စနှင့်ပတ်သက်၍ အားထုတ်လိုစိတ်ဖြစ်ပေါ်လာအောင် '**ပုထုဇ္ဇနအလင်းပြကျမ်း**'ဟူသော ကျမ်းငယ်ကလေးတစ်စောင်ကို ရေးသားထုတ်ဝေတော်မူပါသည်။

လယ်တီဆရာတော် **ဦးဉာဏ** ထံမှစာဖြင့် ဒုတိယအကြိမ်မှာကြားချက်အရ ၁၂၉၂-ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် (၂၅-မတ်လ-၁၉၃၁) ဗုဒ္ဓဟူးနေ့မှစ၍ မိုးကုတ်ဆရာတော်သည် ညောင်လေးပင်မြို့၌ကျင်းပသော လယ်တီဆရာတော်ဘုရားကြီး၏တရားပွဲများတွင် နှစ်စဉ်ကြွရောက်၍ တရားချီးမြှင့်ပေးတော်မူခဲ့ပါသည်။[၁၄] မိုးကုတ်ဆရာတော်သည် ဆောင်းကာလ၌ မင်းကွန်းတွင် သီလရှင်များအားစာဝါများချပို့ပေးပြီး၊ နွေဦးတပေါင်းတွင် ညောင်လေးပင်သို့ကြွရောက်၍ တရားချီးမြှင့်ပေးတော်မူခဲ့ပါသည်။

(၁၂) အရှင်ဇောတိက၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၉၂-၉၃။
(၁၃) အရှင်ဇောတိက၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၉၃။ (၁၄) အရှင်ဇောတိက၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၉၉။

၁၂၉၄(၁၉၃၃)ခုနှစ်တွင် မိုးကုတ်မြို့မှ ကျောင်းဒကာဦးပု+ဒေါ်နန်းဇော် မိသားစုတို့က ဆရာတော်အား စာချရန်ကျောင်းတစ်ဆောင်ကို မင်းကွန်း-မိုးကုတ်ချောင်တွင် ဆောက်လုပ်လှူဒါန်းကြပါသည်။

ထိုနှစ် ညောင်လေးပင်မှအပြန် မိုးကုတ်မြို့မှ ဦးလယ်+ဒေါ်သိုင်းခြုံတို့ ဦးဆောင်၍ ဆရာတော်အားပင့်ဆောင်ကြသဖြင့် မိုးကုတ်မြို့သို့ စတင်ရောက်ရှိတော်မူပါသည်။ မိုးကုတ်မြို့၌ သီတင်းသုံးနေစဉ်အတွင်း တရားဟောကြားချီးမြှင့်ပေးရန် ဆရာတော်အား ခွင့်ပန်ကြသဖြင့် ဦးလယ်+ဒေါ်သိုင်းခြုံတို့၏ နေအိမ်၌ တရားပွဲ စတင်ကျင်းပပေးခဲ့ပါသည်။

ထိုအချိန်မှစ၍ နှစ်စဉ်လာပင့်ကြသဖြင့် မိုးကုတ်မြို့သို့ကြွရောက် တရားဟောပေးတော်မူပါသည်။ မိုးကုတ်မြို့တွင် ဆရာတော်တည်းခို သီတင်းသုံးတော်မူသောကျောင်းများမှာ အရှေ့ရွာကျောင်း၊ နတ်မွှန်ကျောင်း၊ သုသာန်ကျောင်းတို့ဖြစ်ပြီး နောက်ပိုင်းတွင် ဦးလယ်+ဒေါ်သိုင်းခြုံတို့၏ နေအိမ်နှင့်နီးသော သုသာန်ကျောင်း၌သာ တည်းခိုသီတင်းသုံးတော်မူပါသည်။

၁၂၉၄ (၁၉၃၃) ခုနှစ်မှ ၁၃၁၂ (၁၉၅၀) ခုနှစ်ထိ မိုးကုတ်မြို့တွင် ကျင်းပသော ဆရာတော်၏တရားပွဲများကို ဦးလယ်+ဒေါ်သိုင်းခြုံတို့၏နေအိမ်၌ ကျင်းပကြ၏။ (၁၉၅၀) ခုနှစ်နောက်ပိုင်းတွင် ပရိသတ်များပြားလာ၍ ဆရာတော်သီတင်းသုံးရာ သုသာန်ကျောင်း၌ ကျင်းပကြတော့၏။[၁၅]

၁၂၉၇ (၁၉၃၅) ခုနှစ်တွင် မိုးကုတ်မြို့၊ မြို့မရပ်မှ ဒေါ်ဒေါ်အုံ၊ ဒေါ်ဒေါ်ဖုံ ညီအစ်မမိသားစုမှ အမရပူရမြို့၊ မင်္ဂလာတိုက်အတွင်း ဆရာတော် သီတင်းသုံးရန် ကျောင်းကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းကြရာ **မိုးကုတ်ကျောင်းကြီး** ဟုအမည်တွင်ပြီး၊ ဆရာတော်အား **မိုးကုတ်ဆရာတော်** ဟု ခေါ်တွင်လာကြပါသည်။

---

(၁၅)အရှင်ဃောသိက၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၁၀၄-၁၀၈။

၁၂၉၉ (၁၉၃၇)ခုနှစ်တွင် မိုးကုတ်ဆရာတော်သည် "သီဟိုဠ်ကျွန်း၊ မဟာစေတီတော်၏စေတီယင်္ဂဏဝတ်ကို ပြုလုပ်ရသည်"ဟု အံ့သြဖွယ် အိပ်မက် မြင်မက်ပြီးနောက် သီဟိုဠ်ကျွန်း **မဟာစေတီတော်ကြီး** စိန်ဖူးတော် လိုအပ်နေကြောင်း ဆရာတော်အထံသို့ အကြောင်းကြားလာ၏။ ၁၃၀၀ (၁၉၃၉)ခုနှစ်တွင် မိုးကုတ်ဆရာတော်နှင့် မိုးကုတ်မြို့၊ သုသာန်ကျောင်း ဆရာတော် ဦးကောသလ္လတို့ဦးဆောင်မှုဖြင့် စိန်ဖူးတော်ကြီးပြီးစီး၍ သီဟိုဠ်ကျွန်း မဟာစေတီတော်အရောက် လှူဒါန်းပူဇော်တော်မူပါသည်။[၁၆]

၁၃၀၃-ခု၊ တပေါင်းလပြည့်ကျော်(၁၉၄၂-မတ်လ)တွင် ဒုတိယကမ္ဘာ စစ်ကြီးကြောင့် ဆရာတော်အား မင်္ဂလာတိုက်မှအတင်းပင့်ဆောင်ကြ၍ အမရပူရမြို့၊ ပွဲတော်ရပ်မှတဆင့် မင်းကွန်းတွင် စစ်ဘေးခိုလှုံခဲ့၏။ ၁၃၀၃-ခု၊ တန်ခူးလဆန်းတွင် မိုးကုတ်မြို့မှ ဒကာဦးလယ် စုံစမ်းမေးမြန်း၍ ဆရာတော်ရှိရာမင်းကွန်းသို့ လိုက်လာပြီး ဆရာတော်အား မိုးကုတ်သို့ စစ်ဘေး ခိုလှုံရန် မရ-အရပင့်ဆောင်ကြလေသည်။ ဆရာတော်သည် မိုးကုတ်မြို့တွင် သုသာန်ကျောင်း၌ သီတင်းသုံးတော်မူ၏။

၁၃၀၄-ခု၊ နယုန်လပြည့်ကျော် (၁၉၄၂-ဇွန်လ)တွင် ဒကာဦးလယ်၊ ဦးဘိုးလုံနှင့် ဘော်ပတန်းရွာမှဒကာမကြီး ဒေါ်ကြီးတို့ လာရောက်လျှောက် ထား၍ မိုးကုတ်မြို့မှ(၄)မိုင်ခန့်ကွာသော ဘော်ပတန်းရွာကလေးသို့ စစ်ဘေး ခိုလှုံရန် ပြောင်းရွှေ့ခဲ့ကြရပါသည်။

ဘော်ပတန်းရွာမဝင်မီ ယာဘက်ရှိ တောင်တန်းနံ့ရံကိုကျောပေးမှီလျက် ကျောက်လိုဏ်ဂူကြီးတစ်ခုရှိ၏။ ကျောက်လိုဏ်ဂူကြီး၏ အတွင်းဘက်သည် အလျား (၁၅)ပေ၊ အနံ (၁၀)ပေခန့် ကျယ်ဝန်းပြီး လူတစ်ရပ်ခွဲကျော်မြင့်သော တိုက်ခန်းမကြီးသဖွယ် ဖြစ်နေပါသည်။ (ယခုအခါ ကျောက်သားနံ့ရံများ

(၁၆)အရှင်ဃောသိတ၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၁၁၆-၁၂၀။

မို့မောက်လာ၍ ယခင်ကကဲ့သို့မကျယ်တော့ပါ။) ဆရာတော်သည် ထိုကျောက်လိုဏ်ဂူကြီးအတွင်း ဝါကပ်၍ သီတင်းသုံးတော်မူသည်။ ဆရာတော်သည် လိုဏ်ဂူအတွင်း၌သာ အချိန်များစွာ သီတင်းသုံးတော်မူ၍ ဆွမ်းဘုဉ်းပေးချိန်လောက်သာ အပြင်သို့ ထွက်ကြွတော်မူပါသည်။

(ထိုကျောက်လိုဏ်ဂူသည် ဘော်ပတန်းရွာကျောင်း၏ ပရဝုဏ်အနီးတွင် တည်ရှိပါသည်။ မိုးကုတ်ဆရာတော်သီတင်းသုံးစဉ် သံဃာ့ကိစ္စများ ဆောင်ရွက်တော်မူသောအခါ ထိုကျောင်း၏သိမ်တွင်ပင် ဆောင်ရွက်တော်မူခဲ့ပါသည်။ စစ်ပြီးသောအခါ သိမ်အဆောက်အဦ ပြုပြင်မှုများကို မိုးကုတ်ဆရာတော်ဦးဆောင်၍ ဆောင်ရွက်ပေးတော်မူခဲ့ပါသည်။ ထိုစဉ်က ကျောင်းထိုင်ဆရာတော်မှာ အဂ္ဂမဟာပဏ္ဍိတ **ဦးအဂ္ဂဓံသ** ဖြစ်တော်မူပါသည်။ ထို့နောက် **ဦးကေသရိန္ဒ** ကျောင်းထိုင်ဆရာတော် ဖြစ်တော်မူပါသည်။ (၁၉၉၂) ခုနှစ်တွင် ကျောင်းထိုင်ဆရာတော် စံလွန်တော်မူသောအခါ **ဦးစန္ဒနသာရ** ကျောင်းထိုင်ဆရာတော် ဖြစ်တော်မူလာပါသည်။ ဆရာတော်ဦးစန္ဒနသာရ စံလွန်တော်မူသောအခါ (၂၀၀၈) ခုနှစ်မှ ယခုချိန်အထိ **ဦးဇာဂရ** ကျောင်းထိုင်ဆရာတော် ဖြစ်တော်မူပါသည်။)

ကျောက်လိုဏ်ဂူရှေ့မျက်နှာစာ ဆင်ခြေလျှောမြေပြန့်ပြန့်ပေါ်တွင် ဆရာတော်အားဆွမ်းဆက်ကပ်နိုင်ရန် ယာယီတဲကျောင်းကလေးတစ်ခု ဆောက်လုပ်ထားကြပါသည်။ ဆရာတော်ရှိရာဘော်ပတန်းရွာသို့ ဒေါ်ဒေါ်အုံ၊ ဒေါ်ဒေါ်ဖုံညီအစ်မမိသားစု သတင်းကြား၍လိုက်လာပြီး ဦးဘိုးလုံ+ဒေါ်ကူးတို့နှင့်အတူ ဆရာတော်အား ပြုစုစောင့်ရှောက်ခဲ့ကြပါသည်။

ဆရာတော်သည် ၁၃၀၄-ခု၊ နယုန်လပြည့်ကျော် (၁၉၄၂-ဇွန်လ)မှစ၍ ၁၃၀၇-ခု၊ သီတင်းကျွတ်လ (၁၉၄၅-အောက်တိုဘာလ)အထိ ဝါတွင်းကာလ ၄-ဝါတိုင်တိုင် ကျောက်လိုဏ်ဂူကြီးအတွင်း၌ သီတင်းသုံးတော်

မူခဲ့ပါသည်။ ထို့နောက် ၁၃၀၇ (၁၉၄၅) ခုနှစ်မှ ၁၃၁၄ (၁၉၅၂) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ကထိန်ရာသီကုန်သည်အထိ (၇)နှစ်တိုင်တိုင် မိုးကုတ်မြို့၊ သုသာန်ကျောင်းတွင်သီတင်းသုံး၍ တရားပွဲများ နေ့စဉ်ကျင်းပ ပေးတော်မူပါသည်။ မိုးကုတ်မြို့တွင် ဝိပဿနာတရားပွဲများ ပုံမှန်ဖြစ်ပေါ် လာပါသည်။

၁၃၀၉ (၁၉၄၇) ခုနှစ်တွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့၏မေတ္တာရပ်ခံချက်အရ **ဗိုလ်တထောင်စေတီတော်** အတွက် စိန်ဖူးတော်တစ်ဆူ မိုးကုတ်ဆရာတော်ဦးဆောင်၍ လှူဒါန်းခဲ့ပါသည်။[၁၇]

မိုးကုတ်ဆရာတော်ကြီးသည် ၁၃၁၄-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၉၅၂-နိုဝင်ဘာလအတွင်း) အမရပူရသို့ ပြန်လည်ကြွလာတော်မူပါသည်။ ပြန်ရောက်စ နေ့စဉ်နေ့လည်(၁)နာရီခန့်တွင် မင်္ဂလာတိုက်၊ မိုးကုတ်ကျောင်းကြီး ပေါ်၌ ပဋ္ဌာန်းညဝါများ ချပို့ပေးတော်မူပါသည်။ ညနေ(၄)နာရီခန့်တွင် ဆရာတော်သည် အိပ်ကုတင်ပေါ်၌ ငုတ်တုတ်ထိုင်တော်မူ၍ ကုတင်စောင်းတွင် ကွမ်းသီးလုံးကလေးများစီချပြီး လူဝတ်ကြောင်များအတွက်သီးသန့် အဘိဓမ္မာ အခြေခံများ ဟောပြောပေးတော်မူရာမှစတင်ကာ အမရပူရမြို့၊ မင်္ဂလာတိုက် တွင် ဝိပဿနာတရားပွဲများ ပုံမှန်ဖြစ်ပေါ်လာပါသည်။[၁၈]

၁၉၅၄-ဖေဖော်ဝါရီလတွင် မိုးကုတ်ဆရာတော်နှင့် ရင်းနှီးသော ဒကာများတိုင်ပင်၍ ဆရာတော်တရားဟောသောအချိန်တိုင်း အသံတော်များကို သွင်းယူထိန်းသိမ်းကြရန်နှင့် ရုပ်ဝေးပုဂ္ဂိုလ်များ အချိန်မရွေးနာယူနိုင်ကြရန် စတင် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။

၁၃၁၆ (၁၉၅၄) ခုနှစ် မိုးကုတ်မြို့၊ ထင်းရှူးခြံရပ် သုသာန်ကျောင်း

(၁၇)အရှင်ဃောသိတ၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၁၆၀။ (၁၈)အရှင်ဃောသိတ၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၁၇၂-၁၇၆။

အထက်တောင်စောင်းရှိ ဖောင်တော်ဦးဘုရားအနီး၌ ကျောင်းတိုက်ကြီးတစ်ဆောင်ကို ဒေါ်ဒေါ်အုံ၊ ဒေါ်ဒေါ်ဖုံမိသားစုမှ ဆောက်လုပ်လှူဒါန်းကြပါသည်။ မိုးကုတ်မြို့၊ **မင်္ဂလာတိုက်** ဟုခေါ်တွင်ပါသည်။ ထိုကျောင်းဆောင်၏ အထက်ပိုင်းတောင်ကမ်းပါးယံတွင် မိုးကုတ်ဆရာတော်ကိုယ်တော်တိုင် ဦးစီးသမုတ်ခဲ့သော သိမ်ကျောင်းဆောင်အား ဦးအောင်ကျော်+ဒေါ်စိန်စိန်တို့မှ ဆောက်လုပ်လှူဒါန်းကြပါသည်။

(ထိုနှစ်မှစ၍ (၁၃၁၆-ခု) မိုးကုတ်ဆရာတော်ဘုရားကြီး၏အစီအစဉ်ဖြင့် အမရပူရမြို့၊ မင်္ဂလာတိုက်မှ တပည့်ရင်း **ဦးပဏ္ဍိတ** အား မိုးကုတ်မြို့၊ မင်္ဂလာတိုက် တာဝန်ခံဆရာတော်အဖြစ် သီတင်းသုံးစေတော်မူပါသည်။ ဦးပဏ္ဍိတသည် ရခိုင်လူမျိုးဖြစ်ပြီး (၁၂၇၀)ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၄)ရက်နေ့တွင် မိးရှူးသန့်စင်ဖွားမြင်တော်မူသည်။ (၁၃၂၀)ခုနှစ် ဒုတိယဝါဆိုလဆန်း (၁)ရက် ဗုဒ္ဓဟူးနေ့ သက်တော် (၅၀)၊ သိက္ခာတော် (၃၀)ဝါအရတွင် အမရပူရသို့ပြန်ကြွလာပြီး စံလွန်တော်မူသည်။

(၁၃၁၈) ခုတွင် ဦးပဏ္ဍိတ နာမကျန်းသဖြင့် အမရပူရမြို့၊ မင်္ဂလာတိုက်၊ အလည်တိုက်ကျောင်းမှ **ဦးနရိန္ဒ (အဂ္ဂိယ)** အား မိုးကုတ်မြို့၊ မင်္ဂလာတိုက်သို့ ကြွရောက်သီတင်းသုံးစေတော်မူပါသည်။ (၁၃၅၀)ခု ခရစ်နှစ်(၁၉၈၈)အထိ မိုးကုတ်မြို့၊ မင်္ဂလာတိုက်တွင် တာဝန်ခံဆရာတော် ဖြစ်တော်မူပါသည်။ ထိုစဉ်က အမရပူရမြို့၊ မင်္ဂလာတိုက်အတွင်း ဦးနရိန် နှစ်ပါးရှိရာ အသားညိုသူအား နီဂရိုးဦးနရိန်ဟုလည်းကောင်း၊ အဂ္ဂိယဖိုရ်ထိုးလေ့ရှိသူအား အဂ္ဂိယဦးနရိန်ဟုလည်းကောင်း ခွဲခြားသတ်မှတ်ကြသည်ဟူ၏။ ရဟန်း, သာမဏေ, လူဝတ်ကြောင်အားလုံးတို့ကို တက္ကသိုလ်တန်းအထိ အင်္ဂလိပ်စာ ကျွမ်းကျင်စွာသင်ပေးသောကြောင့် အဂ္ဂိယဦးနရိန်အား အင်္ဂလိပ်ဦးနရိန်ဟုလည်းတွင်၏။ အဂ္ဂိယဦးနရိန်သည်

အမရပူရမြို့၊ မင်္ဂလာတိုက် ယခုလက်ရှိ မဟာနာယကချုပ်ဆရာတော် ဦးရေဝတ၏ ဆရာရင်းဖြစ်တော်မူပြီး ရန်ကုန်မြို့၊ အလုံ သဘာဝဓမ္မဆရာတော် ဦးစိန္တာမဏိ၏ မွေးချင်းညီအစ်ကိုရဟန်းနှစ်ပါးအနက် ညီအငယ်ဖြစ်တော်မူပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနပွဲတွင် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား နတ်မြင်းပျံအဖြစ်စီမံထားသော ထိုခေတ်နောက်ဆုံးပေါ် ကားပေါ်တွင်တင်၍ ကမ္ဘာလုံးကြီးကိုလှည့်ပတ်ခြင်းသည် ဦးနရိန္ဒ ဦးဆောင်သော အစီစဉ်ဖြင့် တပည့်ဒကာ၊ ဒကာမများ၏ ပူဇော်ခြင်းဖြစ်ပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ရုပ်ကလာပ်တော်အား ထည့်သွင်းပူဇော်ခဲ့သော မှန်ပြာသာဒ် နှင့်အတူ ထိုနတ်မြင်းပျံရုပ်တုများကို အမရပူရမြို့၊ မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင် ရိပ်သာအတွင်း ပြတိုက်ကျောင်းမြေအောက်ထပ်တွင်ထားရှိပါသည်။

၁၃၅၀ (၁၉၈၈)ခုနှစ်တွင် ဦးနရိန္ဒ စံလွန်တော်မူသောအခါ (၁၃၁၈) ကတည်းကပင် ဆရာတော်နှင့်အတူလိုက်ပါသီတင်းသုံးတော်မူသော တပည့်ရင်း **ဦးဓောဇိန္ဒ**သည် မိုးကုတ်မြို့၊ မင်္ဂလာတိုက်တွင် တတိယမြောက်နာယကဆရာတော် ဖြစ်တော်မူလာပါသည်။ (၁၉၉၅)ခုနှစ်တွင် နာယကဆရာတော်ဦးတေဇိန္ဒ ကိုယ်တော်တိုင် စွန့်ပစ်ထားတော်မူခဲ့သော ခန္ဓာရုပ်ကလာပ်တော်အား အန္တိမ အဂ္ဂိဈာပနပူဇော်သောအခါ မီးမခဘဲကြွင်းကျန်ရစ်သော ဆရာတော်ဦးတေဇိန္ဒ၏ ဓာတ်တော်မွေတော်များကို ပကတိဖူးမြော်နိုင်ရန် မိုးကုတ်ဆရာတော်ဘုရားကြီး၏ မီးမခဘဲကြွင်းကျန်ရစ်သော မျက်လုံးတော်၊ ဓာတ်တော်များနှင့်အတူ မိုးကုတ်မြို့၊ မင်္ဂလာတိုက်၊ ပြတိုက်ကျောင်းတွင် ပူဇော်ထားပါသည်။ မည်သူမဆို သွားရောက် ဖူးမြော်ကြည်ညိုပူဇော်နိုင်ကြပါသည်။

နာယကဆရာတော် ဦးတေဇိန္ဒ၏တူသားရင်း **ဦးဓိမလ**သည် (၁၉၉၅) ခုနှစ်မှ ယခုချိန်အထိ နာယကဆရာတော် ဖြစ်တော်မူလာပြီး ရဟန်း၊ သာမဏေ

တို့အား ငယ်လတ်ကြီးစာဝါများကို သင်အံစေလျက်လည်းကောင်း၊ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းရေအေးကို ရဟန်းရှင်လူအားလုံးတို့အား တစ်ဆယ့်နှစ်ရာသီပတ်လုံး သောက်ချိုးငြိမ်းအေးစေလျက်လည်းကောင်း၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ဘွဲ့အမည်နှင့်တူသော တပည့်သားမြေးဝိသုဒ္ဓါ သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။)

၁၉၅၄-ဧပြီလတွင် အမရပူရမှပိုးကုန်သည် ဦးထွန်းကြည်+ဒေါ်စောဦးတို့မှ **ဓမ္မသုခရိပ်သာဓမ္မာရုံကြီး** ကို ဆရာတော်သီတင်းသုံးသော အမရပူရမြို့၊ မင်္ဂလာတိုက်အတွင်း မိုးကုတ်ကျောင်းကြီး၏တောင်ဘက်ဘေးကပ်လျက်တွင် ဆောက်လုပ်လှူဒါန်းကြပါသည်။

၁၃၁၆ (၁၉၅၄) ခုနှစ်တွင် မန္တလေးမှ ဦးထွန်းလှိုင်+ဒေါ်သိန်းတို့က အမရပူရမြို့၊ ယခုရိပ်သာမြေနေရာကို မိုးကုတ်ဆရာတော်ကြီးအား လှူဒါန်းကြပါသည်။ **မင်္ဂလာမဂ္ဂင်ရိပ်သာ** ဟုခေါ်တွင်ပါသည်။ ၁၃၁၇-ခုတွင် မန္တလေးမှ ဦးချစ်ဆွေ+ဒေါ်မမတို့က **ဆွေမမ-ဓမ္မာရုံကြီး**ကို မင်္ဂလာမဂ္ဂင်ရိပ်သာအတွင်း ဆောက်လုပ်လှူဒါန်းကြပါသည်။

၁၃၂၂-ခု၊ တပေါင်းလဆန်း(၁၄)ရက် (၂၇-ဖေဖော်ဝါရီလ-၁၉၆၁) နေ့တွင် အမရပူရ၌ဟောသောတရားပွဲမှစ၍ ရန်ကုန်မှဦးသံဒိုင်၊ ဦးထွန်းရင်တို့၏ တောင်းပန်လျှောက်ထားချက်အရ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတစ်ဆယ့်နှစ်ပါးနှင့် ဓာတ်အစဉ်ကို မြင်လွယ်သိလွယ်စေရန် စာရွက်ပေါ်တွင် ဆရာတော်ကိုယ်တိုင် ရေးဆွဲပေးတော်မူသည့်ပုံအတိုင်း ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာကို အသုံးပြုကြပါသည်။ ကွမ်းသီးလုံးလေးများ၏နေရာတွင်လည်း မိုးကုတ်ဆရာတော်ကြီး၏အစီစဉ်အတိုင်း အရောင် (၄)မျိုးပြား၍ စုစုပေါင်း (၂၄)လုံးရှိသော ပလပ်စတစ်ခွက်ကလေးများ ဖြစ်လာပါသည်။

၁၃၂၄-ခု၊ ဝါမဝင်မီ (၁၉၆၂-ဇွန်လ)တွင် ရန်ကုန်မြို့၊ ဦးသံဒိုင်နေအိမ်၌ တရားပွဲကျင်းပပေးခဲ့ပါသည်။ နှစ်စဉ်ကျင်းပရန်လည်း စီစဉ်မည်ဟု ဦးသံဒိုင်မှ အားခဲနေခဲ့ပါ၏။

မိုးကုတ်ဆရာတော်ဘုရားကြီးသည် ၁၃၂၄-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက် (၁၇-အောက်တိုဘာလ-၁၉၆၂)ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၁)နာရီ (၂၀)မိနစ်တွင် မန္တလေးတိုင်း၊ အမရပူရမြို့၊ မင်္ဂလာတိုက်၊ မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာအတွင်းရှိ ဦးကျော်သိန်း+ဒေါ်တင်လှတို့လှူဒါန်းသော **ထေရာဝါသကျောင်းဆောင်** ပေါ်၌[၁၉] ခန္ဓာဝန်ချတော်မူပါသည်။

၁၃၂၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၀)ရက် (၂၃-အောက်တိုဘာလ- ၁၉၆၂) အင်္ဂါနေ့တွင် ဦးကျော်သိန်း+ဒေါ်တင်လှတို့၏ ထေရာဝါသ ကျောင်းတော်ပေါ်မှ မင်္ဂလာမဂ္ဂင်ရိပ်သာအတွင်းရှိ ဦးချစ်ဆွေ+ဒေါ်မမတို့၏ ဓမ္မာရုံကြီးပေါ်သို့ မိုးကုတ်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား နိဗ္ဗာန်စံကျောင်း ပြောင်းရွှေ့၍ ပူဇော်တော်မူကြပါသည်။ ၁၃၂၄-ခုနှစ်၊ ပြာသိုလဆန်း (၉)ရက် (၃-ဇန္နဝါရီလ-၁၉၆၃) ကြာသပတေးနေ့ နေ့လည် (၁၂)နာရီအချိန်တွင် နိဗ္ဗာန်စံကျောင်းတော်မှ အဂ္ဂိရျာပနကျင်းပပူဇော်မည့် ဧက(၅၀)ကျော်ကျယ်ဝန်းသော ပွဲတော်အင်းကွင်းပြင်ရှိ ဗဟိုစံကျောင်းတော်ကြီး သို့ မိုးကုတ်ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား (၇)ရက်တိတိ ဆက်လက် ပူဇော်ကြရန် စတင်ပင့်ဆောင်ကြ၏။

အဂ္ဂိရျာပနကျင်းပပူဇော်ရေးအဖွဲ့ (၈၁)ဖွဲ့ရှိ၏။ မိုးကုတ်ဆရာတော်ကြီး ၏ ရုပ်ကလာပ်တော်အား တစ်မဏ္ဍပ်လျှင်တစ်ရက်စီ ပင့်ဆောင်ပူဇော်ကြရန် ရျာပနကျင်းပမည့်ကွင်းအလယ်တွင် (၂၄)ခန်းပတ်လည် "ဗဟိုစံကျောင်းတော် ကြီး" ရှိပြီး ဝဲယာတစ်ဖက်တစ်ချက်စီတွင် (၁၄)ခန်း ပတ်လည်ရှိသော

(၁၉) ယခု မိုးကုတ်ဆရာတော်ကြီး၏ ပြတိုက်ကျောင်းတော်။

မဏ္ဍပ်ကြီး (၃)လုံးစီကို လခြမ်းပုံသဏ္ဌာန် စီတန်းထားရှိကြသည်။ ထိုရှေ့တွင် လောင်တိုက်ကြီးနှင့်ငှက်ချေးခံမဏ္ဍပ် (မီးသင်္ဂြိုဟ်ရန်အုတ်ပလ္လင်) တည်ရှိသည်။

၁၃၂၄-ခုနှစ်၊ ပြာသိုလဆန်း(၁၄)ရက် (၈-ဇန္နဝါရီလ-၁၉၆၃) အင်္ဂါနေ့ ညနေ (၃)နာရီတွင် ပူဇော်ရန်နောက်ဆုံးအလှည့်ကျသော ဗဟိုစံကျောင်းတော်ကြီး၏ဝဲဘက်ရှိ ဦးကျော်သိန်း+ဒေါ်တင်လှတို့၏မဏ္ဍပ်သို့ မိုးကုတ်ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား ပင့်ဆောင်ကြ၏။ ရုပ်ကလာပ်တော်မရောက်မီ (၂)မိနစ်ခန့်အလိုတွင် ထိုမဏ္ဍပ်ဆောင်၏ဝဲဘက်စွန်း အတွင်းမျက်နှာကျက် (မဏ္ဍပ်မုတ်ဆိတ်)၌ များစွာသောပျားကောင်တို့ အော်မြည်၍ရောက်လာကြပြီး သိုက်အုံဖွဲ့စွဲလေသည်။[၂၀]

၁၃၂၄-ခုနှစ်၊ ပြာသိုလပြည့်နေ့ (၉-ဇန္နဝါရီလ-၁၉၆၃) ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၂) နာရီ (၃၀) မိနစ်အချိန်တွင် အကြည်ညိုလွန်၍ လုယူမည်ဟု စီစဉ်နေကြသောသူများ၏အန္တရာယ်မှ လွန်မြောက်၍ မိုးကုတ်ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား အုတ်ပလ္လင်ပေါ်တွင် နံ့သာထင်းများဖြင့် အန္တိမအဂ္ဂိ ဈာပနပူဇော်ကြပါသည်။ ထိုနေ့ည (၉)နာရီ (၃၀)မိနစ်ခန့်တွင် မီးအရှိန် လျော့နည်းလာ၍ အုန်းရည်များဖြင့်ပက်ဖြန်းကာ မီးတို့ကိုငြိမ်းသတ်လိုက်၏။ အုတ်ပလ္လင်ပေါ်ရှိသမျှတို့ကို သိမ်းကျုံးစုရုံးလိုက်ပြီး အသင့်ပြုလုပ်ထားသော ငွေအိုးကြီးနှစ်လုံးနှင့် ဆာလာအိတ်ကြီးများထဲသို့ထည့်၍ မင်္ဂလာမဂ္ဂင်ရိပ်သာသို့ ပင့်ဆောင်ထားလိုက်ကြသည်။ ထူးခြားမှုများနှင့်အတူ ဆရာတော်ကြီး၏ မျက်လုံးတော်တစ်စုံ၊ အံ့ပွားတော်များ၊ သွားတော်များ၊ ဆံတော်၊ အရိုးတော်၊ အသွေးအသားတော်များမှ အရွယ်အစား၊ အရောင်အသွေးအမျိုးမျိုးသော ဓာတ်တော်များစွာ ကြွင်းကျန်ရစ်တော်မူပါသည်။

ထိုအုတ်ပလ္လင်နေရာ၌ အများကြည်ညိုနိုင်ရန် မိုးကုတ်ဆရာတော်ကြီး၏ဉာဏ်တော်အားပူဇော်သောအားဖြင့် မီးမခဘဲကြွင်းကျန်ရစ်တော်မူသော

(၂၀) အရှင်ဃောသိတ၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၄၆၁-၄၆၂။

အကြည်ဓာတ်မပျက်မျက်လုံးတော်နှစ်ဆူမှ တစ်ဆူနှင့် အသွေးအသားတော်များမှ ဓာတ်တော်များကိုဌာပနာတော်သွင်း၍ မင်္ဂလာဓာတုဓမ္မစေတီတော် တည်ထားပူဇော်ကြရန်ဆုံးဖြတ်ကြ၏။ ၁၃၂၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၅)ရက် (၂၄- ဇန္နဝါရီလ-၁၉၆၃) ကြာသပတေးနေ့ နံနက်(၁၀)နာရီတွင် စေတီတော်၏ အုတ်မြစ်စီပန္နက်တင်မင်္ဂလာ ကျင်းပကြသည်။ ၁၃၂၆-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက် (၂၅-အောက်တိုဘာလ-၁၉၆၄) တနင်္ဂနွေနေ့ နံနက် (၇)နာရီတွင် စေတီတော် အနေကဇာတင်မင်္ဂလာကျင်းပပြီး ဘုရားအမှူးရှိသော သံဃာတော်အပါး(၅၀၀)အား ဆွမ်းတော်ကြီး လောင်းလှူပူဇော်ကြပါသည်။[၂၁]

အမရပူရမြို့တောင်ဘက်အထွက် ရထားလမ်းနှင့်ကားလမ်းဆုံရာ ပွဲတော်အင်းတွင် **မင်္ဂလာဓာတုဓမ္မစေတီတော်** ပေါ်ထွန်းတော်မူလာပါသည်။

မိုးကုတ်ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား ဆေးသွင်း ဆေးထိုးရာမှ ပန်းထွက်လာသောသွေးစိမ်းများကို ခံယူပြီး သိမ်းဆည်းထား၏။ မသမာသူလူတစ်စုက အဆိုပါသွေးများကိုခိုးယူပြီး လောကီရေးရာနှင့် ပတ်သက်သော တုတ်ပြီးဓားပြီးဆေး, ပီယဆေးစသည်များအတွက် သုံးစွဲကြ၏။ ကြွင်းကျန်ရစ်သော အကြည်ဓာတ်မပြယ်သောမျက်လုံးတော်ကိုလည်း ညအချိန် စောင့်ရှောက်သူများအလစ်တွင် ခိုးယူပင့်ဆောင်ရန် ကြံစည်သည်ကို သိရှိရခြင်းကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အကြည်ဓာတ် မပြယ်သော မျက်လုံးဓာတ်တော်ကို စေတီတော်အတွင်း အမြန်ဆုံးဌာပနာရန် မိုးကုတ်ဆရာတော်၏ ဓမ္မန္တေဝါသိက ဦးဇောတိက(လေး)နှင့် ကျောင်းဒကာ ဦးကျော်သိန်း+ကျောင်းဒကာမ ဒေါ်တင်လှတို့၏ ဦးဆောင်ကြိုးပမ်းမှုတို့ဖြင့် အမြန်ဆုံးဆောင်ရွက်ခဲ့ကြရပါသည်။[၂၂]

၁၃၂၉-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက် (၂၂-၁၀-၁၉၆၇)

(၂၁) အရှင်ဃောသိတ၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၄၈၁-၄၈၂။
(၂၂) ဦးကျော်သိန်း၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်-၁၉၉၄၊ ၃၆၃။

တနင်္ဂနွေနေ့တွင် မိုးကုတ်မြို့၊ ထင်းရှူးခြံရပ်၊ မင်္ဂလာကျောင်းတိုက်အတွင်း၌ မိုးကုတ်ဆရာတော်ကြီး၏ဓာတ်တော်များအားဌာပနာ၍ **မင်္ဂလာဓာတုဓမ္မ စေတီတော်** တစ်ဆူ တည်ထားပူဇော်ကြပါသည်။ မီးမလောင်ကြွင်းကျန်ရစ်သော မျက်လုံးတော်တစ်ဆူအား ဆရာတော်ကြီးသီတင်းသုံးတော်မူခဲ့သော မိုးကုတ်မြို့၊ မင်္ဂလာတိုက်၊ ပြတိုက်ကျောင်းအတွင်း ပကတိဖူးမြော်နိုင်ရန် ပူဇော်ထား ပါသည်။

မိုးကုတ်ဆရာတော်ကြီးခန္ဓာဝန်ချတော်မူပြီး (၁၇)ရက်အကြာ ၁၃၂၄-ခု၊ တန်ဆောင်မုန်းလဆန်း (၇)ရက် (၃-၁၁-၁၉၆၂)တွင် အမရပူရမြို့၊ မန္တလေးမြို့၊ မိုးကုတ်မြို့၊ ရန်ကုန်မြို့တို့မှအဖွဲ့များ တိုင်ပင်ကြ၍ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော်ဟောတရားများကို စုဆောင်းထိန်းသိမ်း ပြန့်ပွားမှုများ ဆက်လက်ဆောင်ရွက်သွားကြရန် စုပေါင်းညှိနှိုင်းခဲ့ကြသည်။

၁၉၆၃-ခုတွင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ် အလယ်ပစ္စယံ ဖွားသဲနဇရပ်၌ မိုးကုတ်ဆရာတော်ကြီး၏ အသံတော်တိပ်ခွေများဖွင့်ပြ၍ ရန်ကုန်မြို့၊ မိုးကုတ်ဆရာတော်၏အသံတော် ဝိပဿနာတရားပွဲများကို စတင်ခဲ့၏။ ၁၉၆၅-ခုတွင် ပိုမိုကျယ်ဝန်းသော ရွှေတိဂုံဘုရား မြောက်ဘက်မုခ် အမြတ်ခွန်မွှာရုံသို့ ပြောင်းရွှေ့ခဲ့ကြသည်။

၁၃၃၁-ခု၊ ဒုတိယဝါဆိုလ (၁၉၆၉-ဩဂုတ်လ)တွင် ရန်ကုန်မြို့၊ နတ်မောက်လမ်း၊ အမှတ်(၈၂)ရှိ မြေနေရာနှင့် အဆောက်အအုံတို့ကို ဦးသံဒိုင် မိသားစုဦးဆောင်၍ မိုးကုတ်မြို့မှ ဒေါ်ဒေါ်ဖုံနှင့်သားသမီးမိသားစုများ၊ ကျားပျံ ~~ဦးသန်းမောင်+ဒေါ်ဒေါ်ကောက်တို့အပါအဝင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့်~~ ရင်းနှီးခဲ့ကြသော ဒကာမိသားစု (၇)စုမှ မ,တည်ဝယ်ယူကြပြီး ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဟု အမည်ရှိကြသည်။[၂၃]

(၂၃) အရှင်ဃောသိတ၊ တစ်ဘဝသာသနာ-၁၉၉၈၊ ၄၉၁၊၅၀၉။

၁၃၆၉-ခု၊ နတ်တော်လပြည့်ကျော် (၁၁)ရက် (၄-၁-၂၀၀၈)နေ့တွင် မိုးကုတ်ဆရာတော်ကြီး၏ ဝိဇာတမင်္ဂလာ (၁၀၈)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်း၊ မြစ်ငယ်မြို့၊ ဥယျာဉ်တော်ရွာရှိ မိုးကုတ်ဆရာတော်ကြီးအား မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့သော အိမ်မြေနေရာကို ပဓာနနာယကဆရာတော် ဦးဇောတိက(လေး)၏ဦးဆောင်တိုက်တွန်းမှုဖြင့် မိုးကုတ်ဆရာတော်ကြီး၏ မောင်နှမသားချင်းများမှလှူဒါန်း၍ ထိုနေရာတွင် **မိုးကုတ်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိပြတိုက်နှင့် ရွှေချက်သိုမုညသာမဂ္ဂီ ဓမ္မဗိမာန်တော်**ကို တည်ထားပူဇော်တော်မူပါသည်။ ဗိမာန်တော်၏အထက်ပစ္စယံတွင် **ရွှေယမင်းစေတီ** တစ်ဆူတည်ထားပြီး စေတီတော်၏ထီးတော်အား ကမ္ဘာစစ်မတိုင်မီက မိုးကုတ်ဆရာတော်ကြီးဦးဆောင်လှူဒါန်းခဲ့သော သီဟိုဠ်ကျွန်းမှ မဟာစေတီတော်၏ စိန်ဖူးတော်ပုံစံအတိုင်းပြုလုပ် တင်လှူပူဇော်ထားပါသည်။ အမရပူရမြို့၊ ရွှေယမင်းပိုးထည်တိုက်မှလှူဒါန်းသဖြင့် ရွှေယမင်းစေတီတော်ဟု အမည်တော်ရှိပါသည်။

*စာချုဆရာတော်၏ထေရုပ္ပတ္တိ ပြီး၏။*




အမရပူရမြို့ မင်္ဂလာတိုက်၊ အဘိဓမ္မာ–ညဝါ၊ ပဌမကျော်ဆရာကြီးဦးအုန်း(ဦးအာဒိစ္စ)
ခရစ်နှစ် (၁၈၄၆–၁၉၂၅) ခုနှစ်

## ဆရာကြီးဦးအုန်း (ခေါ်) ဦးအာဒိစ္စ၏အတ္ထုပ္ပတ္တိ
## ကောဇာ (၁၂၀၈-၁၂၈၇)၊ ခရစ်နှစ် (၁၈၄၆-၁၉၂၅)
## (တောင်မြို့၊ အမရပူရညဝါအကျော်၊ ပထမကျော်စာချ)

ဆရာကြီးဦးအုန်းသည် မိုးကုတ်ဆရာတော်လောင်းလျာ **အရှင်ဝိမလ** အား မဂ်လာတိုက်ရောက်ခါစ သာမဏေကလေးဘဝမှစ၍ သားတော်ရင်းကဲ့သို့ အရိပ်တကြည့်ကြည့်ဖြင့် စောင့်ရှောက်ကြည်ညိုခဲ့သူဖြစ်သတည်း။

အဘိဓမ္မာညဝါအကျော် ပထမကျော်စာချ**ဆရာကြီးဦးအုန်း** (ခေါ်) **ဦးအာဒိစ္စ** [ကောဇာ(၁၂၀၈-၁၂၈၇)၊ ခရစ်နှစ်(၁၈၄၆-၁၉၂၅)] သည် နွားထိုးကြီးတိုက်အဝင်အပါ ရမည်းသင်းစီရင်စု၊ အလယ်ကုန်းရွာတွင် ခမည်းတော် ဦးတုတ်ပေါ+မယ်တော်ဒေါ်ကူးတို့မှ သက္ကရာဇ် ၁၂၀၈-ခု၊ တော်သလင်းလဆန်း (၈)ရက် တနင်္ဂနွေနေ့ နေ့တစ်ချက်တီးကျော်အချိန် မီးရှူးသန့်စင်ဖွားမြင်လေ၏။

၁၂၂၃-ခုနှစ်တွင် ရှင်သာမဏေအဖြစ်ရောက်ရှိပါသည်။ ဘွဲ့အမည် **ရှင်အာဒိစ္စ** ခေါ်တွင်၏။ (**ရှင်အာဒိစ္စဝံသ** ဟုလည်းဖော်ပြကြ၏။)

၁၂၂၇-ခုနှစ်မှစ၍ မန္တလေးမြို့၊ မင်္ဂလာရာမတိုက်၊ ညဝါအကျော် ပြည်ဆရာတော် **ဦးဇေယျ** အရှင်သူမြတ်ခြေတော်ရင်းတွင်ခိုလှုံပြီး ပြည်ဆရာတော်၊ စံကျောင်းဆရာတော် စသည့်ဆရာတော်များထံတော်ရင်း၌ အဋ္ဌကထာ၊ ဋီကာ ပရိယတ္တိစာပေကျမ်းဂန်များကို နည်းနာနယ ကောင်းစွာသင်ကြားရလေသည်။ ၁၂၂၈-ခုနှစ်၊ နယုန်လတွင် ပထမကျော်အကြီးတန်းအောင်မြင်တော်မူသည်။ ၄င်းနှစ်တွင် ပြည်ဆရာတော်အားဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိပါသည်။

၁၂၃၅-ခုနှစ်တွင် ပထမစာချကြီးအဖြစ်ဖြင့် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းဆက်ကပ်သော ဆွမ်းဆန်တော်များကို အလှူခံရရှိတော်မူသည်။ ၁၂၄၀-ပြည့်နှစ်တွင် မင်းတုန်းမင်းနတ်ရွာစံ၍ သားတော်သီပေါမင်း နန်းတက်

လာသောအခါတွင်လည်း ပထမစာချကြီးအဖြစ် ဆွမ်းဆန်တော်များ ဆက်လက်၍ ဆက်ကပ်ခြင်းကိုခံယူတော်မူပြီး သာသနာတော်ကြီး၏တာဝန်ကို ထမ်းဆောင်တော်မူသည်။

၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက် သီပေါမင်း ပါတော်မူပြီးနောက် ၁၂၄၈ (၁၈၈၆)ခုနှစ်တွင် ပြည်ဆရာတော်၏သဒ္ဓိဝိဟာရိက အမွေခံတပည့်ကြီး ပထမကျော်စာချ **အရှင်အာဒိစ္စ** (ခေါ်) **ဆရာကြီးဦးအုန်း** သည် ပြည်ဆရာတော်၏ အန္တေဝါသိကလက်ရုံးတပည့် ပထမစာချ **ဦးဝိသုဒ္ဓ** (ခေါ်) ဦးရွှေတောင် (ဟံသာဝတီသတင်းစာတိုက်-အယ်ဒီတာ)နှင့်အတူ ရဟန်းဘဝမှ ပရိသုဒ္ဓပြုကြလေသည်။[၂၄]

ထို့နောင် အမရပူရမြို့၊ ပန်းဘဲတန်းတွင်နေထိုင်စဉ်အိမ်ထောင်ကျ၍ သမီးတစ်ဦးထွန်းကားသည်။ ဆရာကြီးသည် သာသနာတော်အတွက် ကြောင့်ကြမဲ့မနေ။ သာသနာတော်မှ ဆင်းသက်ခဲ့ပြီး လေးနှစ်အကြာတွင် မိမိကျွမ်းကျင်ရာ အဘိဓမ္မာစာဝါများကိုသာ နေအိမ်တွင်ပင် သံဃာတော် များအား အခမဲ့ ချပို့ပေးခဲ့သည်။ ဆရာကြီးသည် အလွန်ရိုးသား၏။ မည်သူ့ အကူညီမျှမယူ။ ဆန်ဆိုင်ဖွင့်ပြီး မိမိကိုယ်တိုင်ဆန်ထမ်းပို့၍ အသက်မွေး၏။

၁၂၆၇-ခုနှစ် (၁၉၀၅)တွင် ဆရာကြီး၏မမ္မန္တေဝါသိကတပည့်ရင်း **ဦးသုဇာတ** (အမရပူရမြို့၊ မင်္ဂလာတိုက်၊ တိုက်အုပ်ဆရာတော်)နှင့် ဆရာကြီး၏ တူသားရင်း ဦးပဍ္ဍင်း **ဦးဓမ္မသာမိ** (နောင်တွင် မင်္ဂလာတိုက်အနောက်ဘက် ပင်းတလဲတိုက်(ခေါ်)မင်္ဂလာရာမတိုက်သစ်နာယကဆရာတော်)တို့ တောင်းပန် ကြသဖြင့် စာလိုက်သံဃာတော် (၁၀)ပါးနှင့်အတူ အမရပူရမြို့၊ မင်္ဂလာတိုက်သို့ ပြောင်းရွှေ့ခဲ့ကြသည်။ မင်္ဂလာတိုက်မြောက်ဘက်ရှိ ဥပုသ်ဇရပ်(ယခု မင်္ဂလာ ရာမ သီလရှင်ကျောင်းတိုက်နေရာ) ပေါ်တွင်နေထိုင်ပြီး စာဝါများ ချပို့ပေး ခဲ့သည်။ စာလိုက်သံဃာများက မင်္ဂလာတိုက်တွင်း၌ သီတင်းသုံးကြသည်။

(၂၄) အရှင်ဓမ္မသာမိ၊ ညဝါတံခွန်ကျမ်း-၁၂၉၈၊ နိဒါန်း။

ထူးခြားချက်ရှိခဲ့သည်မှာ ဆရာကြီးဦးအုန်း ၄င်းဇရပ်သို့မရောက်မီ ရက်အနည်းငယ်ခန့်က 'ဇရပ်ပေါ်သို့ ဆင်ဖြူတော်တစ်စီးတက်သည်' ဟု ဇရပ်အလှူရှင်ဒကာ၏အိပ်မက်မြင်မက်ခြင်း ရှိခဲ့လေသည်။[၂၅]

ဆရာကြီးသည် ၁၂၈၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက် (၁၄-မေလ-၁၉၂၅) ကြာသပတေးနေ့ အသက်(၇၉)နှစ် ကံကုန်သည့်တိုင် သာသနာတော်အတွက် ကျမ်းဂန်များပြုစုခြင်း၊ ရဟန်းသံဃာ, သီလရှင်, လူဝတ်ကြောင်များအား စာပေများချပို့ပေးခြင်းတို့ကို အားထုတ်ကြိုးပမ်းခဲ့လေသည်။ ဆရာကြီးသည် ထိုခေတ်နိုင်ငံတစ်ဝန်းလုံးရှိ သံဃာတော်များ၏ စာဝါလောကတွင် ညဝါအရာ၌ အကျော်စောဆုံးနှင့် စာသင်သားအကြိုက်ဆုံးသော ဆရာတစ်ဆူဖြစ်ပါသည်။

*ဆရာကြီးဦးအုန်း၏ အတ္ထုပ္ပတ္တိ ပြီး၏။*

(၂၅) အရှင်ကုဏ္ဍလ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ မဟာထေရ်မြတ်၏ထေရုပ္ပတ္တိစာတမ်း-၁၃၂၄၊ ၅၄-၅၈။

ဓမ္မကျမ်းစာများကို ပုံနှိပ်ပူဇော်သော

# ဘဒ္ဒန္တ ဇောတိက (လေး)

(မိုးကုတ် ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက)

ကောဇာ (၁၂၈၃ - ၁၃၇၂) ခရစ်နှစ် (၁၉၂၁ - ၂၀၁၁)



## ဓမ္မကျမ်းစာများကို ပုံနှိပ်ပူဇော်သောဆရာတော် ဘဒ္ဒန္တဇောတိက(လေး)၏ထေရုပ္ပတ္တိ

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပဓာနမဟာနာယကဆရာတော်
မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ၊ မင်္ဂလာတိုက်၊ အမရပူရမြို့။
ကောဇာ(၁၂၈၃-၁၃၇၂) ခရစ်နှစ်(၁၉၂၁-၂၀၁၁)

ဤကျမ်းပြုစုထုတ်ဝေသောဆရာတော်သည် မိုးကုတ်ဆရာတော်ကြီး၏ဓမ္မန္တေဝါသိက **ဦးဇောတိက(လေး)**ဖြစ်တော်မူပါသည်။ မင်္ဂလာတိုက်အတွင်း ဦးဇောတိက နှစ်ပါးရှိရာ သက်တော်, ဝါတော်၊ အကြီး, အငယ်အားဖြင့် ဦးဇောကြီး၊ ဦးဇောလေးဟု မိုးကုတ်ဆရာတော်ဘုရားမှ အမည်ပညတ်သတ်မှတ်တော်မူခဲ့ပါသည်။ ကျမ်းပြုဆရာတော်မှာ မိုးကုတ်ဆရာတော်ကြီးမရှိသည့်နောက် အမရပူရမြို့၊ မင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနမဟာနာယကဆရာတော် ဖြစ်တော်မူပါသည်။ အမရပူရမြို့၊ မင်္ဂလာတိုက်အတွင်း တိုက်အုပ်ဆရာတော်အဖြစ် ထေရ်စဉ်ဝါလိုက်ဆက်ခံကြရာ ကျမ်းပြုဆရာတော်မှာ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပဇ္ဈာယ်ဆရာတော် **ဦးသုဇာတ** ပြီးလျှင် **မိုးကုတ်–မင်္ဂလာ**၏ ခြောက်ပါးမြောက်တိုက်အုပ်ဆရာတော် ဖြစ်တော်မူပါသည်။

ကျမ်းပြုဆရာတော်လောင်းလျာအား စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ ရတနာရွာတွင် ခမည်းတော်ဦးအောင်ပေါ်+မယ်တော်ဒေါ်ပိုးစုတို့မှ ကောဇာသက္ကရာဇ် ၁၂၈၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက် (၂၅-အောက်တိုဘာလ-၁၉၂၁) အင်္ဂါနေ့ နံနက်စက် (၉)နာရီတွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသော မွေးချင်း (၅)ယောက်အနက် စတုတ္ထမြောက်သားမြတ်

ရတနာ ဖြစ်တော်မူပါသည်။ ငယ်အမည်မှာ **မောင်စံထွန်း** ဖြစ်ပါသည်။

(၁၂)နှစ်သားအရွယ် ၁၂၉၅-ခုနှစ်တွင် စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ ရွာသာရွာ၊ ကုန်းပေါ်ကျောင်းတိုက် ဆရာတော် **ဘဒ္ဒန္တသဒ္ဓမ္မ** မဟာထေရ်အား ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိပါသည်။ ဘွဲ့အမည် **ရှင်ဇောတိက** ဖြစ်တော်မူပါသည်။ ၁၃၀၂-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁)ရက် (၁၁-ဧပြီလ-၁၉၄၁) သောကြာနေ့ (၁၂)နာရီ (၃)ဖဝါးအချိန်တွင် တန့်ဆည်မြို့နယ်၊ ရွာသာရွာနေ ဦးပေါ်လှ+ဒေါ်ရွှေမြည့် သားသမီးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရွာသာရွာ၊ ကုန်းပေါ်ကျောင်းတိုက် သာသနသောဘိနီ ခဏ္ဍာသိမ်၌ ရွာရှည်ရွာ၊ ဖက်သာဆရာတော် **ဘဒ္ဒန္တဂုဏ** မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

(၁၃၀၉) မှ (၁၃၁၅) ခုနှစ်ထိ ဆရာတော်သည် မန္တလေးမြို့၊ မြောက်ပြင်၊ စံကျောင်းတိုက်ဆရာတော် **ဘဒ္ဒန္တပဏ္ဍိစ္စ** အထံတော်တွင် ခိုလှုံသီတင်းသုံးတော်မူပြီး မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် စာချဆရာတော်များအထံတော်၌လည်းကောင်း၊ အမရပူရမြို့၊ မဂ်လာတိုက်၊ မိုးကုတ်ဆရာတော်ကြီးအထံတော်၌လည်းကောင်း၊ ပရိယတ္တိ, ပဋိပတ္တိစာပေကျမ်းဂန် အထက်အောက်စာဝါများကို နှံ့စပ်ကုန်လုံတော်မူပါသည်။

ဆရာတော်သည် ၁၃၇၂-ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက် (၁၅-ဇန္နဝါရီလ-၂၀၁၁) စနေနေ့ နံနက်စောစောအချိန် (၀၀)နာရီ (၁၀)မိနစ်တွင် မန္တလေးမြို့၊ တော်ဝင်ဆေးရုံ၌ ခန္ဓာစွန့်တော်မူပါသည်။ ဆရာတော် ဦးဇောတိက(လေး)၏ မီးမခသောနှလုံးတော်၊ မျက်လုံးတော်၊ ဦးနှောက်တော်၊ သွားတော်၊ အသွေးတော်၊ ဆံတော်၊ အရိုးတော်၊ ဓာတ်တော်စသည်များ ကြွင်းကျန်ရစ်တော်မူပြီး အမရပူရမြို့၊ မဂ်လာတိုက်၊ မဂ်လာမဂ္ဂင်ရိပ်သာ

အတွင်းရှိ ပဓာနနာယကကျောင်းဆောင်တွင် ဖူးမြော်နိုင်ရန်ပူဇော်ထားပါသည်။

ဆရာတော်သည် (၁၃၅၀) မှ (၁၃၅၇) ခုနှစ်အထိ အမရပူရမြို့၊ မင်္ဂလာတိုက် တိုက်အုပ်ဆရာတော်ဖြစ်တော်မူပြီး အမရပူရမြို့၊ မင်္ဂလာတိုက် မိုးကုတ်တိုက်ကျောင်း၌ သီတင်းသုံးတော်မူ၍ စာဝါချခြင်း၊ ကျမ်းစာရေးသား ပြုစုခြင်းဖြင့်လည်းကောင်း၊ နယ်လှည့်၍ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတရား ဟောပြောပြသခြင်းဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဝိနည်းဓိုရ်ဆရာတော် အဖြစ်လည်းကောင်း၊ (၁၃၅၇) မှ (၁၃၇၂)ခုနှစ်အထိ အမရပူရမြို့၊ မင်္ဂလာတိုက်၊ မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနနာယကကျောင်း၌ သီတင်းသုံးတော်မူပြီး အမရပူရမြို့၊ မင်္ဂလာတိုက်နှင့် မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနမဟာနာယကဆရာတော်အဖြစ်လည်းကောင်း၊ သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူပါသည်။

*ဓမ္မကျမ်းစာများကို ပုံနှိပ်ပူဇော်သော ဆရာတော်၏ထေရုပ္ပတ္တိ ပြီး၏။*



ကျမ်းစာအုပ်များပုံနှိပ်ပူဇော်ရန်
ဆရာတော် ဘဒ္ဒန္တဇောတိက (လေး) က
ဆောင်ရွက်သူအား စိစစ်စေခိုင်းတော်မူစဉ်

## ကျေးဇူးတင်လွှာ

အမရပူရမြို့၊ မင်္ဂလာတိုက်စာချဆရာတော်ဘုရား (**အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး**) အားလည်းကောင်း၊ ဓမ္မစေတီတော်များပုံနှိပ်ပူဇော်နိုင်ရန် စီစဉ်တော်မူသော ဆရာတော် **ဘဒ္ဒန္တဓောတိက (လေး)** (မိုးကုတ်ဆရာတော်ဘုရားကြီး၏ဓမ္မန္တေဝါသိက) အားလည်းကောင်း၊ စာမူများကို ရေးသားစုစည်းပေးတော်မူခဲ့ကြသော ဆရာတော်ကြီးများအားလည်းကောင်း၊ လိုအပ်သောပုံနှိပ်ခများ လှူဒါန်းပေးတော်မူသော **ဘဒ္ဒန္တသုန္ဒရ (ပတ္တမြား ဆရာတော်)**နှင့် **ဘဒ္ဒန္တသုမင်္ဂလ (ဒယ်အိုးဆရာတော်)** တို့အားလည်းကောင်း၊ ဘာသာရပ်ဆိုင်ရာများကို စိစစ်ပေးတော်မူကြသော အထူးအားဖြင့် ရွာမ ဆရာတော် **ဘဒ္ဒန္တတိလောကာဘိဝံသ**နှင့် ဆရာတော်များအားလည်းကောင်း၊ လက်ရေးစာမူများကို စိစစ်၍ ကွန်ပျူတာစာစီပေးသော ပါဠိပါရဂူများ ဖြစ်ကြသော **ဦးကျော်လင်း** (သာသနဓဇသိရီပဝရဓမ္မာစရိယ)နှင့် **ဦးအောင်ချမ်း** (သာသနဓဇသိရီပဝရဓမ္မာစရိယ)တို့အားလည်းကောင်း၊ ဆရာတော်ဘုရားကြီး၏တပည့်သာဝကများ၊ ကျမ်းစာအုပ်များဆိုင်ရာ ပတ်သက်ဆက်စပ်သမျှသော ဆရာတော်သံဃာတော်များ၊ အလှူရှင်များအားလုံးအားလည်းကောင်း၊ ပဋ္ဌာန်းသရုပ်ဖော်ပေးသော ပန်းချီဆရာများနှင့် စွယ်တော်ပုံနှိပ်တိုက်မှအဖွဲ့သားများအားလည်းကောင်း ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

ဆရာတော်ကြီးများ၏မိန့်ခိုင်းချက်အရ ကြိုးစားဆောင်ရွက်ရပါသဖြင့် ဆောင်ရွက်သူ၏ မပြည့်ဝမှုကြောင့် ချွတ်ယွင်းချက်များတွေ့ရှိပါက ဖြည့်စွက်ပြင်ဆင်၍ ခွင့်လွှတ်သည်းခံတော်မူနိုင်ကြပါစေ။

ဆောင်ရွက်သူ
မရူပသိင်္ဂီ (I.T.B.M. University)
၈/သရန (သီ) ၀၀၁၃၀
ဖုန်း- ၀၉ ၇၃၀၈၇၀၉၁

မှတ်ချက် ။ ။ အဘိဓမ္မာအခြေခံ သိလိုသူများအတွက် နောက်ဆက်တွဲ (က) နှင့် (ခ) ကို ဖြည့်စွက်ပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ရတနတ္တယပဏာမ | ၁ |
| | နိဒါန်း | ၅ |
| | ပစ္စယုဒ္ဒေသ ဝဝဏ္ဏာန်ဆိုရိုး | ၁၁ |
| ၁ | ဟေတုပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် | ၁၃ |
| | အဟိတ် နှင့် သဟိတ် အထူး | ၁၉ |
| ၂ | အာရမ္မဏပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် | ၂၉ |
| | စက္ခုဝိညာဏ် ဖြစ်ခြင်း၏အကြောင်း | ၃၆ |
| | သောတဝိညာဏ် ဖြစ်ခြင်း၏အကြောင်း | ၃၈ |
| | ဃာနဝိညာဏ် ဖြစ်ခြင်း၏အကြောင်း | ၄၀ |
| | ဇိဝှါဝိညာဏ် ဖြစ်ခြင်း၏အကြောင်း | ၄၂ |
| | ကာယဝိညာဏ် ဖြစ်ခြင်း၏အကြောင်း | ၄၂ |
| | ပစ္စည်းပြိုင်ဆိုသည်မှာ | ၄၉ |
| ၃ | အဓိပတိပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် | ၅၅ |
| | အာရမ္မဏ နှင့် အာရမ္မဏာဓိပတိ အထူး | ၆၁ |
| | အာရမ္မဏာဓိပတိ အဓိပ္ပာယ် | ၆၂ |
| | သဟဇာတာဓိပတိ အဓိပ္ပာယ် | ၈၀ |
| | ဝီမံသာဓိပတိ အဓိပ္ပာယ် | ၈၇ |
| | သဟဇာတ နှင့် အဓိပတိ အထူး | ၈၈ |
| ၄ | အနန္တရပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် | ၉၇ |
| | အနန္တရ နှင့် သမနန္တရ အထူး | ၁၀၄ |

၅ သမနန္တရပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၁၁၅
၆ သဟဇာတပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၁၁၇
သဟဇာတ၌ ပစ္စနိက် မထုတ်ရခြင်း ၁၂၉
၇ အညမညပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၁၃၁
အညမညသတ္တိ နှင့် သဟဇာတသတ္တိ အထူး ၁၃၆
၈ နိဿယပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၁၄၁
စက္ခုပသာဒ မှတ်သားရန် ၁၅၁
သောတပသာဒ မှတ်သားရန် ၁၆၁
ဃာနပသာဒ မှတ်သားရန် ၁၆၂
ဇိဝှါပသာဒ မှတ်သားရန် ၁၆၂
ကာယပသာဒ မှတ်သားရန် ၁၆၃
ဝတ္ထာရမ္မဏပုရေဇာတနိဿယ မှတ်သားရန် ၁၆၇
၉ ဥပနိဿယပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၁၈၁
အာရမ္မဏူပနိဿယ မှတ်သားရန် ၁၈၄
အနန္တရူပနိဿယ မှတ်သားရန် ၁၈၈
ပကတူပနိဿယ မှတ်သားရန် ၁၉၁
၁၀ ပုရေဇာတပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၂၀၅
ပုရေဇာတပစ္စည်း၌ မှတ်ရန် ၂၁၃
ဦးဥက္ကံသ၏အာဘော် (ပုရေဇာတပစ္စည်း) ၂၁၄
ဦးဝိမလ၏အာဘော် (ပုရေဇာတပစ္စည်း) ၂၁၆
ဦးဝိမလ၏အာဘော် (အာရမ္မဏပုရေဇာတ) ၂၁၉

၁၁ ပစ္စာဇာတပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်ပုံစဉ် ၂၂၃
ပစ္ဆာဇာတပစ္စည်း၌ မှတ်ရန် ၂၄၁
ဦးဥက္ကံသ၏အဘော် (ပစ္ဆာဇာတပစ္စည်း) ၂၄၄
ဦးဝိမလ၏အဘော် (ပစ္ဆာဇာတပစ္စည်း) ၂၄၇
၁၂ အာသေဝနပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်ပုံစဉ် ၂၅၃
အာသေဝနပစ္စည်း၌ မှတ်ရန် ၂၇၀
ဦးဥက္ကံသ၏အဘော် (အာသေဝနပစ္စည်း) ၂၇၂
ဦးဝိမလ၏အဘော် (အာသေဝနပစ္စည်း) ၂၇၃
ဇောတို့အား ဝေဖန်ခြင်း(ပထမ၊ အလယ်ငါးချက်၊ သတ္တမ)၂၇၆
အာသေဝန နှင့် အနန္တရ အထူး ၂၇၈
၁၃ ကမ္မပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်ပုံစဉ် ၂၇၉
သံဝိဓာနကိစ္စ နှင့် ဗီဇနိဓာနကိစ္စတို့ ရောနှောပုံ ၂၈၈
ကမ္မပစ္စည်း၌ မှတ်ရန် ၃၀၈
ဦးဥက္ကံသ၏အဘော် (ကမ္မပစ္စည်း) ၃၁၀
ဥဒ္ဒိစ္စစေတနာ ကောက်သင့်၊ မကောက်သင့် ၃၁၃
ဦးဝိမလ၏အဘော် (ကမ္မပစ္စည်း) ၃၁၅
သဟဇာတကမ္မ နှင့် နာနာက္ခဏိကကမ္မ နှစ်ပါးအထူး ၃၁၆
၁၄ ဝိပါကပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်ပုံစဉ် ၃၂၁
ဝိပါကပစ္စည်း၌ မှတ်ရန် ၃၄၁
ဦးဥက္ကံသ၏အဘော် (ဝိပါကပစ္စည်း) ၃၄၂
ဦးဝိမလ၏အဘော် (ဝိပါကပစ္စည်း) ၃၄၄

၁၅ အာဟာရပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၃၄၇
ရုပ်အာဟာရကို ပြဆိုခြင်း ၃၅၀
နာမ်အာဟာရသုံးပါးကို ပြဆိုခြင်း ၃၈၂
၁၆ ဣန္ဒြိယပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၃၉၅
၁၇ ဈာနပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၄၁၇
၁၈ မဂ္ဂပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၄၂၇
၁၉ သမ္ပယုတ္တပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၄၃၇
၂၀ ဝိပ္ပယုတ္တပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၄၄၅
ပုရေဇာတဝိပ္ပယုတ္တ မှတ်သားရန် ၄၅၁
ပစ္ဆာဇာတဝိပ္ပယုတ္တ မှတ်သားရန် ၄၅၅
၂၁ အတ္ထိပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၄၆၁
နိဗ္ဗာန်ကို အတ္ထိပစ္စည်း၌ ထည့်မဟောရခြင်း ၄၆၇
အတ္ထိပစ္စည်း ဟောတော်မူရခြင်း ၄၇၁
၂၂ နတ္ထိပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၄၇၅
၂၃ ဝိဂတပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၄၈၁
နတ္ထိ နှင့် ဝိဂတ နှစ်ပစ္စည်းတို့၏အထူး ၄၈၆
၂၄ အဝိဂတပစ္စည်း အဓိပ္ပာယ်၊ သုံးချက်စု၊ ချုပ်စဉ် ၄၈၉
နောက်ဆက်တွဲ (က) ရူပသရူပမာလာကျမ်း ၄၉၃
နောက်ဆက်တွဲ (ခ) စိတ်၊ စေတသိက်များပြဆိုခြင်း ၅၁၃
ပိဋကတ်ကျမ်းညွှိစာရင်း ၅၃၁

*မာတိကာ ပြီး၏။*

# သင်္ကေတ အသုံးအနှုန်း

တီ - အတီတဘဝင်
န - ဘဝင်္ဂစလန
ဒ - ဘဝင်္ဂုပစ္ဆေဒ
ပ - ပဉ္စဒွါရာဝဇ္ဇန်း
စ - စက္ခုဝိညာဏ်
သော - သောတဝိညာဏ်
ဃာ - ဃာနဝိညာဏ်
ဇိ - ဇိဝှါဝိညာဏ်
ကာ - ကာယဝိညာဏ်
မ - မနောဒွါရာဝဇ္ဇန်း
သံ - သမ္ပဋိစ္ဆိုင်း
ဏ - သန္တီရဏ
ဝု - ဝုဋ္ဌော
ရုံ - တဒါရုံ
ကံ - ပရိကံ
ဥ - ဥပစာ
နု - အနုလုံ
ဘူ - ဂေါတြဘူ
ဝေါ - ဝေါဒါန

## ပဋ္ဌာန်းသုံးချက်စုဟူသည်

ဓမ္မများအား စရိုက်ဝါသနာမငဲ့မူ၍ သုံးမျိုးသုံးစား ဝေဖန်ဟောတော်မူခြင်းတည်း။ '**ပစ္စည်း**'ဟူသည်- ဟိတ်, အာရုံအစရှိသော အကြောင်းတရားများဖြစ်သတည်း။ '**ပစ္စယုပ္ပန်**'ဟူသည်- မိမိပစ္စည်းကြောင့်ဖြစ်သော အကျိုးတရားများဖြစ်သတည်း။ '**ပစ္စနိက်**'ဟူသည်- မိမိပစ္စည်းကြောင့် မဖြစ်မူ၍ ပစ္စယုပ္ပန်မှလွတ်သော၊ ပစ္စည်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော တရားများဖြစ်သတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ရတနတ္တယပဏာမ

**ဗုဒ္ဓမဃမနန္တဂုဏံ၊ နတွာ ဓမ္မဉ္စ ဝိမလမမလကရံ။**
**ဥတ္တမမရိယသင်္ဃံ၊ ခေတ္တံ ဝရကုသလပရိစိနတံ။**
(အရိယာဂါထာ)

**သုဒ္ဓသီလသဏှဗုဒ္ဓိနာ၊ ကေန္တဝိသုတကံ ဂရုဉ္စ မေ။**
**နဝသောတုန္နံ ဟိတာယဟံ၊ နမတ္ထုဇိနသန္တာဒိဝုတ္တိယံ။**
(ဝေတာလီဂါထာ)

**သုဋ္ဌုဝကရိဿံ နဋ္ဌာဒိဝိဓာနံ။**
**သံလက္ခထ မီရာ တံ မောဒထ တုမှေတိ။** (တနုမဇ္ဈာဂါထာ)

**အဃံ**၊ အတွင်းအပ နှစ်ဝသောရန်သူကို သတ်ဖြတ်ဖျက်ဆီးခြင်း အလေ့ရှိတော်မူထသော။ **အနန္တဂုဏံ**၊ အဆုံးမရှိသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူပြီးထသော။ **ဗုဒ္ဓဉ္စ**၊ သစ္စာလေးစု ငါးခုနက်ဆံ ဉေယျမံကို သယမ္ဘူဉာဏ်စွမ်းဖြင့် ခွဲခြမ်းမိမိ ကိုယ်တော်တိုင်သိ များဘိဝေနေ နတ်လူတွေကိုလည်း သိစေတော်မူငြား မြတ်စွာဘုရားကိုလည်းကောင်း။ **ဝိမလံ**၊ ရာဂ, ဒေါသ, မောဟအစရှိသော အကုသိုလ်မြူမြေး အညစ် အကြေးကင်းထသော၊ **ဝါ**- ရာဂ, ဒေါသ, မောဟအစရှိသော

အကုသိုလ်မျိုးမွေး အညစ်အကြေး၏ဆန့်ကျင်ဘက်ဖြစ်ထသော၊ **ဝါ**- ရာဂ, ဒေါသ, မောဟအစရှိသော အကုသိုလ်မျိုးမွေး အညစ်အကြေး မရှိထသော။ **အမလကရံ**၊ ရာဂ, ဒေါသ, မောဟအစရှိသော အကုသိုလ်မျိုးမွေး အညစ်အကြေးကင်းသည်ကို ပြတော်မူတတ်ထသော၊ **ဝါ**- ရာဂ, ဒေါသ, မောဟအစရှိသော အကုသိုလ်မျိုးမွေး အညစ်အကြေး၏ ဆန့်ကျင်ဘက်ကို ပြတော်မူတတ်ထသော၊ **ဝါ**- ရာဂ, ဒေါသ, မောဟအစရှိသော အကုသိုလ်မျိုးမွေး အညစ်အကြေးမရှိသည်ကို ပြတော်မူတတ်ထသော။ **ဓမ္မဉ္စ**၊ မဂ်လေးဝဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်တန်သောတရားတော်မြတ်ကိုလည်းကောင်း။

**ဝရကုသလပရိစိနတံ - ဝရကုသလပရိစိန္နကံ**၊ မြတ်သော ကောင်းမှုကုသိုလ်ကို ရာမှီးဆည်းပူးလေ့ရှိကုန်သော သူတို့၏။ **ခေတ္တံ**၊ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူထသော။ **ဥတ္တမံ**၊ မောဟတည်း ဟူသော အဝိဇ္ဇာကို မဂ်ဖြင့်ပယ်နုတ်အပ်ပြီးသော ဝိဇ္ဇာရှိတော်မူထသော၊ ဝါ- ထင်ရှားကျော်စောသော ပုထုဇဉ်ပုဂ္ဂိုလ်တို့ထက် အထူးသဖြင့် ထင်ရှားကျော်စောတော်မူထသော၊ ဝါ- မြတ်တော်မူထသော။ **အရိယသင်္ဃဉ္စ**၊ မဂ်ဖိုလ်၌တည် ရှစ်လီပရမတ် အရိယာသံဃာတော် မြတ်အပေါင်းကိုလည်းကောင်း။

**မေ**၊ ဓောတိကဟု ခေါ်ကြသမုတ် အကျွန်ုပ်၏။ **ဂရုဉ္စ**၊ ကျောက်ထီးတန္တအလေးအမြတ်ပြုအပ်သော။ **သုဒ္ဓသီလသဏ္ဍာဗုဒ္ဓိနာ**၊ သန့်ရှင်းစင်ကြယ်သော သီလ, နူးညံ့သိမ်မွေ့သော ဉာဏ်ပညာတော်ဖြင့်၊ ဝါ- ကြောင့်။ **ကေန္တိသုတကံ**၊ စင်စစ်ကျော်စောထင်ရှားတော်မူသော ဆရာတော်မြတ် (မိုးကုတ်ဆရာတော်ဘုရားကြီး)ကိုလည်းကောင်း။

(**ဂန္ဓာရမ္မတော**၊ ကျမ်းကိုအားထုတ်သည်မှ။ **ပုဗ္ဗေ**၊ လက်မွန်မစွ ရှေးကာလ၌။) **နတွာ- နမာမိ၊** ခြေလက်နဖူး တည်ငါးဦးဖြင့် ကြည်နူး ပန်ထွာရှိခိုးပါ၏၊ **ဝါ**- ဖရဏာပီတိ ဓောဝီထိဖြင့် တိဂါရဝါ ရှိခိုးပါ၏။

**နတွာ**၊ ခြေလက်နဖူး တည်ငါးဦးဖြင့် ပန်ထွာကြည်နူး ရှိခိုးဦး၍၊ ဝါ- ဖရဏာပီတိ ဓောဝီထိဖြင့် တိဂါရဝါ သုံးဖြာညွတ်နူး ရှိခိုးဦး၍။ **နဝသောတူနံ၊** ပျိုမျစ်နုနယ် စာသင်ငယ်တို့၏။ **ဟိတာယ**၊ အစီးအပွား အလို့ငှာ။ **နမတ္ထာဗျဉ္ဇနသန္ဓာဒိဝုတ္တိယံ**၊ နမတ္ထဗျဉ္ဇနသန္ဓအစရှိသောဂါထာ၌။ **ယံ နဠာဒိဝိဓာနံ**၊ အကြင်နဠနည်းအစရှိသော အစီအရင်ကို။ **အဟံ**၊ အကျွန်ုပ်သည်။ **သုဋ္ဌုဝ**၊ ကောင်းစွာသာလျှင်။ **ကရိဿံ**၊ ရေးသားပြုပြင် စီရင်ပေအံ့။ **တံ နဠာဒိဝိဓာနံ**၊ ထိုနဠနည်းအစရှိသော အစီအရင်ကို။ **ဓီရာ**၊ ပညာရှိဖြစ်ကြကုန်သော။ **တုမှေ**၊ သင်တို့သည်။ **သံလက္ခထ**၊ ကောင်းစွာမှတ်သားကြကုန်လော့။ **ဓာရေထ**၊ ဝမ်းမြောက်ကြကုန်လော့။ **ဣတိ အယံ**၊ ဤသည်လျှင် ရတနတ္တယပဏာမစသည်တို့ကိုဆိုရာ စကားရပ် အပြီးသတ်တည်း။ ။

*ရတနတ္တယပဏာမ ပြီး၏။*

ရတနတ္တယံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

## နိဒါန်း

ခပ်သိမ်းသော ရဟန်းရှင်လူတို့၏နှုတ်မှာ ဤပဋ္ဌာန်းကျမ်းကြီး သည်ကားလို့ဆိုလျှင် အလွန်ခက်ခဲနက်နဲသော နည်းနာနယရှိတယ်။ အလွန်တရာမှပဲ ကျယ်ဝန်းသည်ဖြစ်၍ ကူးခတ်နိုင်ခဲတယ်လို့ ပြောပြောပြီး နေကြတယ်တဲ့။ ထိုသို့ပင် သိမ်မွေ့နက်နဲ ခက်ခဲကျယ်ဝန်းသော်လည်း (၂၄) ပစ္စည်းဟုဆိုအပ်သော ခရီးကောင်းလမ်းကြောင်းကို ကောင်းစွာ ညွှန်ပြနိုင်တဲ့သူရှိပါက ကောင်းမွန်ဖြောင့်တန်းစွာ သွားနိုင်ပါတယ်။

အဘယ်ဥပမာကို ထောက်ဆပြီးသိရပါသလဲဆိုလျှင် အလွန်တရာ ကျယ်ဝန်းတဲ့ မဟာသမုဒ္ဒရာရေ၏ အချိုအချဉ်စသော အရသာကို သိလိုတဲ့သူသည် တစ်ခုသောကမ်းစပ်ကနေပြီး သောက်ကြည့်လို့ရှိလျှင် ငန်တဲ့အရသာကို လွယ်ကူစွာသိနိုင်သကဲ့သို့ တစ်ခုသော နည်းနာနယ ကောင်းကိုရခဲ့လို့ရှိလျှင် လွယ်ကူစွာ သိနိုင်ပါတယ်။

ဂင်္ဂါဝါဠု သဲစုမကပွင့်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်တို့ မည်သည်မှာ နိယာမအစဉ်အားဖြင့် နီလ,ပီတစသော ရောင်ခြည်တော် ခြောက်သွယ်ဟာ ရှိမြဲပဲတဲ့။ ထိုသို့ပင်ရှိသော်လည်း ဓမ္မသင်္ဂဏီ (လ) ယမိုက်ကျမ်းများကို သုံးသပ်တော်မူတဲ့အခါမှာ ၄င်းကျမ်းကလေးတွေက ကျဉ်းပြီး လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း, တစ်ဆယ့်ခြောက် အသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ဆည်းပူးပြီးရတော်မူတဲ့ မြတ်ဘုရား ရွှေဉာဏ်တော်က အလွန်တရာ ကျယ်ဝန်းနေတယ်။ ဤကဲ့သို့

မြတ်စွာဘုရားရွှေညာဏ်တော်က ကျယ်ကျယ်၊ ကျမ်းကလေးတွေက ခပ်ကျဉ်းကျဉ်းဖြစ်နေတော့ - ငါဖြင့် ယခုဟောတော်မူတဲ့ ကျမ်းသည် ကားဆိုလို့ရှိလျှင် အလွန်တရာအကျိုးရှိတဲ့ ကျမ်းပဲလို့ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိသောမနဿစိတ္တဇရုပ်သည် ဖြစ်တော်မမူဘူးတဲ့။

ဤကဲ့သို့မဖြစ်က စိတ္တဇကလာပ်ရုပ်၌ရှိသော ဝဏ္ဏတည်းဟူသော အဆင်းရုပ်ကလာပ်သည် မကြည်လင်သောကြောင့် ရောင်ခြည်တော်ခြောက်သွယ်တို့၏အရောင်သည် မထွက်ဘူးလို့ မှတ်ရမယ်။ အဘယ်လိုဘာလဲလို့ဆိုလျှင် သလ္လာဝတီ၊ ဒုဋ္ဌဝတီ မြစ်ကလေးတွေထဲမှာ တိမိရ, တိပိင်္ဂလဟုဆိုအပ်တဲ့ ငါးကြီးတွေ ရောက်နေတဲ့အခါမှာ အလွန်တရာနေရာထိုင်ခင်းကျဉ်းမြောင်း၍ စိတ်၏ နှစ်သက်ဝမ်းမြောက်ခြင်း မရှိသလိုပဲဘဲ့။ ဤကဲ့သို့မှတ်ရမည်။

ထို့နောင် ဘုရားရှင်ကိုယ်တော်မြတ်သည် အလွန်ကျယ်ဝန်းစွာသော ပဋ္ဌာန်းကျမ်းကြီးကိုသုံးသပ်တော်မူတဲ့အခါမှာ တိမိရ, တိပိင်္ဂလ ငါးကြီးတွေနဲ့တူတဲ့ မြတ်စွာဘုရားရွှေညာဏ်တော်ကြီးသည် ဟောတော်မူချင်တဲ့စေတနာကလည်း ခပ်များများ၊ ရွှေညာဏ်တော်ကြီးကလည်း ခပ်ကျယ်ကျယ်၊ ပဋ္ဌာန်းကျမ်းကြီးကလည်း ခပ်ကျယ်ကျယ်ဖြစ်နေတော့ အစွမ်းကုန်အားထုတ်ပြီးဟောချင်တဲ့ နှစ်သက်ဝမ်းမြောက်ခြင်းဟုဆိုအပ်သော စိတ္တဇရုပ်တွေ တဘွားဘွားဖြစ်ပေါ်လာတယ်တဲ့။

၄င်းစိတ္တဇရုပ်၌ရှိတဲ့ တေဇောဓာတ်သည် ဘုတ်အဆက်ဆက် ကျေးဇူးပြုအပ်တဲ့ စိတ္တဇ၊ ဥတုဇရုပ်ကလာပ်တွေ ဖြစ်ပေါ်လာတယ်တဲ့။ ၄င်းစိတ္တဇ၊ ဥတုဇရုပ်ကလာပ်မှာရှိတဲ့ ဝဏ္ဏတည်းဟူသောရုပ်သည် ကြည်လင်လာတဲ့အခါကျတော့မှ မြတ်စွာဘုရားကိုယ်တော်မှာရှိတဲ့

ရောင်ခြည်တွေဟာ အရောင်အဆင်းတွေထွက်ပေါ်လာတယ်တဲ့။ ဤကဲ့သို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ရုပ်ကလာပ်တွေ ကြည်လင်ခြင်းကို ပဋ္ဌာန်းကျမ်းကြီးကဖြစ်စေသလို ယခုပဋ္ဌာန်းကျမ်း ကြီးကို သင်ယူမှတ်သားခြင်းငှာလာကြကုန်သော တပည့်သားအပေါင်း တို့နှင့်တကွ ပို့ချတော်မူတဲ့ ဆရာတော်မှာလည်း ဘေးအန္တရာယ် ကင်းပျောက်ပြီးသကာလ စိတ္တဇရုပ်ကလာပ်တို့၏ကြည်လင်ခြင်းကို လည်း ဖြစ်စေပါတယ်တဲ့။ (ပထမအချက် ပြီး၏။)

ဒုတိယအချက်ကတော့ - မိမိတို့သည် သျှောင်တစ်လုံး အဆုံးခံပြီး ရဟန်းပြုတော့မယ်လို့ သိမ်ဝင်တဲ့အခါ 'ဘန္တေ သံသာရဝဋ္ဋ- ဒုက္ခတော (လ) ယာစာမိ' လို့ဆိုပြီး သံသရာတည်းဟူသော ဝဲသြဃ ရေအလျဉ်မှ ထွက်မြောက်ရာထွက်မြောက်ကြောင်းကို ရှာကြံပြီး လာတယ်တဲ့။

မာတိကာ (လ) ယမိုက်ကျမ်းများကို သင်ယူပါသော်လည်း ၎င်းကျမ်းများမှာ နာမ်ကိုနာမ်တခြား၊ ရုပ်ကိုရုပ်တခြား၊ ပိုင်းခြားဝေဖန်ပြီး ပြတော်မူတဲ့ကျမ်းတွေဖြစ်တော့ နာမ်ရုပ်ကိုပိုင်းခြားပြီးသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ကိုသာရသည်ဖြစ်၍ ဒိဋ္ဌိဝိသုဒ္ဓိကိုသာဖြစ်စေနိုင်သော ကြောင့် အပါယ်တည်းဟူသောဘေးကြီးကို မတားမြစ်နိုင်သေးပါဘူးတဲ့။ သံသရာတည်းဟူသောဝဋ်မှ ထွက်မြောက်ရန်ကိုတော့ဝေးစွ။

ထို့နောင် အလွန်ကျယ်ဝန်းသော ပဋ္ဌာန်းကျမ်းကြီးကိုသင်ယူတဲ့ အခါ သံသရာဝဋ်မှထွက်မြောက်ကြောင်းဖြစ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကို ရတယ်တဲ့။ ပစ္စယပရိဂ္ဂဟဉာဏ်ကိုရမှ ဝိစိကိစ္ဆာပယ်နိုင်တယ်တဲ့။ ဝိစိကိစ္ဆာကိုပယ်နိုင်မှ ဤတရားကား ကောင်းသောတရားလော၊

ဤတရားကား မကောင်းသောတရားလောဟု ယုံမှားခြင်းကို ဖျောက်တတ်သော ကင်္ခါဝိတရဏာဝိသုဒ္ဓိ ဖြစ်လိမ့်မယ်။

ဤအခါကျမှ မိမိတို့ရည်မှန်းလာသောမှတ်တိုင်ကြီးကိုဖြင့် ယနေ့ ရောက်ပြီလို့ဆိုပြီး အရိုးကျေကျေအရေပြတ်ပြတ် အပတ်တကုတ်ကြိုးစား အားထုတ်ရမယ်တဲ့။ သုခရုပ်၊ သုခဝေဒနာတို့ တဘွားဘွားဖြစ်ပေါ် လာတဲ့ကျမ်း၊ မိမိကိုသင်ယူတဲ့ပုဂ္ဂိုလ်တို့၏ ကျန်းမာမှု၊ ချမ်းသာမှုကို ပေးတတ်တဲ့ကျမ်း၊ ဤတရားကားနာမ်၊ ဤတရားကားရုပ်တွေပဲလို့ နာမ်ရုပ်တို့၏အကြောင်းကိုပြတဲ့ကျမ်းလို့မှတ်ယူရမယ်။

ပဋ္ဌာန်းကို ဘာ့ကြောင့်ပဋ္ဌာန်းဟုခေါ်ရပါသလဲ -

**ကေနဋ္ဌေန ပဋ္ဌာနန္တိ၊ နာနပ္ပကာရပစ္စယဋ္ဌေန (လ) ပဋ္ဌာနံ နာမ** - ဟူ၍အဋ္ဌကထာဆရာဆိုသောကြောင့်

အထူးထူးအပြားပြားသောအကြောင်းတွေကို ပြရာပြကြောင်း ဖြစ်သောကြောင့် ပဋ္ဌာန်းကျမ်းလို့မှတ်ပါ။ တစ်နည်းအားဖြင့် တစ်ခုသောဓမ္မ၌ အနေကဓမ္မဆိုတဲ့တရားတွေကို ပြရာပြကြောင်းဖြစ်သောကြောင့် ပဋ္ဌာန်း ကျမ်းလို့မှတ်ရမယ်။

**ကေနဋ္ဌေန ပဋ္ဌာနန္တိ၊ ဝိဘဇနဋ္ဌေန (လ) ပဋ္ဌာနံ နာမ**

ဟူသည်နှင့်အညီ အကြောင်းကိုဝေဖန်၍ပြသောကျမ်းဟာလည်း ပဋ္ဌာန်းကျမ်းပဲတဲ့။

**ကေနဋ္ဌေန ပဋ္ဌာနန္တိ၊ ပဋ္ဌိတဋ္ဌေန စ ပဋ္ဌာနန္တိ ဝုစ္စတိ**

ဟူသည်နှင့်အညီ ဖြစ်ရာတူညာဏ်တို့၏စုပုံရာ အာရုံပြုသောအခြင်းအရာ အားဖြင့်ဖြစ်သောကြောင့် ပဋ္ဌာန်းဟူ၍လည်းယူပါလေ။

မူလဋီကာဆရာအလိုအားဖြင့် - မိမိသည် လမ်းလျှောက်သွားတဲ့ နေရာမှာ သွားလိုသောဆန္ဒနှင့် သွားလာခြင်းတို့သည် မရှေးမနှောင်း တစ်ပေါင်းတည်းဖြစ်ကြ၏။ ဤကဲ့သို့ဖြစ်တဲ့အခါ ၄င်းဆန္ဒနှင့် တစ်ပြိုင်တည်း ဖြစ်ပေါ်လာရသော သမ္မယုတ္တဓမ္မတွေသည် 'ဟာ… ငါတို့ဖြင့် လမ်းလျှောက်သွားရာကို မလိုက်ချင်ဘူးဟေ့'လို့ဆိုပြီး နောက်ကိုပြန်ပြီးများ လှည့်လာပါသလားလို့ဆိုတော့ မလာပါဘူးတဲ့။ ဘာ့ကြောင့် မလာပါသလဲဆိုလျှင် လမ်းလျှောက်သွားလိုခြင်းတည်း ဟူသောဆန္ဒသည် ကြီးမှူးပြီးနေလို့ပါတဲ့။ ၄င်းဆန္ဒထဲမှာ ဟေတုစသော သတ္တိတွေ စုပုံပြီးနေသောကြောင့် ပဋ္ဌာန်းဟုဆိုသည်မှတ်လေ။

**ကုသလာဒီနံ ဓမ္မာနံ ဟေတုပစ္စယာဒိဝသေန ဝိဘတ္တတ္တာ ဋ္ဌမေသု စတုဝီသတိယာ ပဋ္ဌာနေသု ဧကေကံ ပဋ္ဌာနံ နာမ။** - ဟူသည်နှင့်အညီ

ကုသလတိက်တစ်ခု၌ ဟေတုစသော အကြောင်းတရားတို့၏ စုံပုံပြီး ဖြစ်ရာဖြစ်သောကြောင့် ပဋ္ဌာန်းမည်၏။

*ဤကားနိဒါန်း ပြီးပါပြီ။*

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပစ္စယုဒ္ဒေသ ဝေတ္တာန်ဆိုရိုး

ယမိုက်ကျမ်းကိုဟောတော်မူသည်၏အခြားမဲ့၌ ပဋ္ဌာန်းကျမ်းကို ဟောတော်မူ၏။ ထိုပဋ္ဌာန်းကျမ်း၌တုံသော်လည်း (ပဋ္ဌာန်းကျမ်းဟု ဆိုရာ၌လည်း) ဓမ္မအနုလုံ၊ ဓမ္မပစ္စနိက်၊ ဓမ္မအနုလောမပစ္စနိက်၊ ဓမ္မပစ္စနီယာနုလောမအားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ဓမ္မအနုလုံကိုရှေးဦးစွာဟောတော်မူ၏။

ထိုဓမ္မအနုလုံ၌တုံသော်လည်း တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း အားဖြင့် ခြောက်ပါးအပြားရှိ၏။

ဤပဋ္ဌာန်းခြောက်ကျမ်းတို့ကို ဆိုအပ်ခဲ့ပြီးသောနည်းလေးပါး တို့ဖြင့် မြှောက်၍ပွားအပ်သည်ရှိသော် မဟာပကရဏဖြစ်သော ပဋ္ဌာန်းကျမ်းသည်ကားဆိုလို့ရှိရင် (၂၄)ကျမ်းဖြစ်၏။


ထို(၂၄)ကျမ်းတို့တွင် ဓမ္မအနုလုံဖြစ်သောတိကပဋ္ဌာန်းကို ရှေးဦးစွာဟောတော်မူ၏။ ထိုဓမ္မအနုလုံဖြစ်သောတိကပဋ္ဌာန်း၌ တုံသော်လည်း ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ၊ ပဥှာဝါရအားဖြင့် (၇)ပါးအပြားရှိ၏။ ထို(၇)ပါးတို့တွင် ဤဟေတုပစ္စယော အစရှိသည်ကား ပစ္စယုဒ္ဒေသ မည်၏။ ထိုပစ္စယုဒ္ဒေသ၌တုံသော်လည်း ဟေတုပစ္စယုဒ္ဒေသ၊ အာရမ္မဏ

ပစ္စယုဒ္ဒေသအစရှိသောအားဖြင့် (၂၄)ပါးအပြားရှိ၏။ ထို(၂၄)ပါးတို့တွင် ဟေတုပစ္စယုဒ္ဒေသကိုရှေးဦးစွာဟောတော်မူ၏။ ဟောဟန်ကား- 'ဟေတုပစ္စယော' ဟူသည်တည်း။ ထို့နောင် အာရမ္မဏပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'အာရမ္မဏပစ္စယော' ဟူသည်တည်း (လ) ထို့နောင် အဓိဂတပစ္စယုဒ္ဒေသကိုဟောတော်မူ၏။ ဟောဟန်ကား- 'အဓိဂတပစ္စယော' ဟူသည်တည်း။ (ထန်းတပင်ဆရာတော်ဘုရားကြီး၏ အာဘော်ကျတည်း။)

(တစ်နည်း) ယမိုက်ကျမ်းကိုဟောတော်မူသည်၏အခြားမဲ့၌ ပဋ္ဌာန်းကျမ်းကိုဟောတော်မူ၏။ ထိုပဋ္ဌာန်းကျမ်းသည်လည်း ဝိဘင်္ဂဝါရ၊ မဟာဝါရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုဝိဘင်္ဂဝါရသည်လည်း ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပစ္စယုဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏။ ထိုပစ္စယုဒ္ဒေသသည်လည်း ဟေတုပစ္စယုဒ္ဒေသ၊ အာရမ္မဏပစ္စယုဒ္ဒေသအစရှိသောအားဖြင့် (၂၄)ပါး အပြားရှိ၏။ ထို(၂၄)ပါးတို့တွင် ဟေတုပစ္စယုဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား- 'ဟေတုပစ္စယော' ဟူသည်တည်း။ ထို့နောင် အာရမ္မဏပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'အာရမ္မဏပစ္စယော' ဟူသည်တည်း (လ) ထို့နောင် အဓိဂတပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'အဓိဂတပစ္စယော' ဟူသည်တည်း။ (သံအင်းဆရာတော်ဘုရားကြီး၏ အာဘော်ကျတည်း။)

# ပေါတုပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနိယဋ္ဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။



စိစဉ်သူ - မရှုပသိဂီ (I.T.B.M.U) Tel: 0973087091

၁။ အမြစ်သည် ညောင်ပင်အား စည်ပင်ပြန့်ပွား ခိုင်ခံ့စေသကဲ့သို့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကြောင်းဟိတ် (၆)ပါးတရား။

# ဟေတုပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်နိုင်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၊ စတုဝေါကာရ (၄) ဘုံ၌ ဖြစ်နိုင်ပါသည်။
  ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

## ၁။ ဟေတုပစ္စည်းအခ်ဳပ်

ထို (၂၄)ပါးတို့တွင် ဟေတုပစ္စယုဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏။ ဟောပုံကား- 'ဟေတုပစ္စယော'ဟူသည်တည်း။

**ဟေတုပစ္စယော** - ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) ပညောင်ပင်အစရှိသည်တို့၏ အမြစ်သည် ထိုသစ်ပင်တို့အား မြဲမြံစွာတည်စေခြင်းငှာကျေးဇူးပြုသကဲ့သို့ အမြစ်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

ပညောင်ပင်သည် အမြစ်၏အကြောင်းကြောင့် စည်ပင်ပြန့်ပွားသကဲ့သို့ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကြောင်းဟိတ် (၆)ပါးတို့ကြောင့် အကျိုးပစ္စယုပ္ပန်တရားတို့ မြဲမြံခိုင်ခံ့လေ၏။

### ဟေတုပစ္စည်း သုံးချက်စု

**ဟေတုပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ။ ဤဟိတ်ခြောက်ပါးတရားတို့သည် ဟေတုပစ္စည်းတပ်သောတရားမည်ကုန်၏။

(တစ်နည်း) ကုသိုလ်ဟိတ် (၃)ပါး၊ အကုသိုလ်ဟိတ် (၃)ပါး၊

အဗျာကတဟိတ် (၃)ပါး။ ဤဟိတ် (၉)ပါး တရားတို့သည် ဟေတုပစ္စည်းတပ်သောတရားမည်ကုန်၏။ (ဤနည်းသည် ပဥ္စဝါရကို ရည်သည်။ 'အလောဘ, အဒေါသ, အမောဟ'သည် ကုသိုလ်ဟိတ်လည်း မည်၏။ အဗျာကတဟိတ်လည်းမည်၏။)

သဟိတ်စိတ် စေတသိက်၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒွေး၌ မောဟ၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

## ဟေတုပစ္စည်း ချပိုနည်း

ဦးပဏ္ဍိရေ···· တပည့်တော်အနားမှာ ခပ်စိမ်းစိမ်းထွေးခံလေးကို မြင်ရဲ့လား ဦးပဏ္ဍိရဲ့။ ၎င်းထွေးခံ၏ အစိမ်းတည်းဟူသောရူပါရုံကို အာရုံပြု၍ လောဘဇောဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သည်ရှိသော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇော ခုနစ်ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် ဖြစ်ထိုက်သမျှဖြစ်၍ချုပ်၏။ ဤဝီထိ၌ လောဘဇော၌ရှိသော လောဘ, မောဟသည် ဟေတုပစ္စည်း၊ ပထမဇောနှင့်တကွဖြစ်သော စေတသိက် ဝီသ, စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန် (ဝါ) ဟေတုပစ္စည်း၏

ပစ္စယုပ္ပန်မှတ်ပါ။

ဤဝီထိမှာ ပဉ္စဒွါရာဝဇ္ဇန်းသည် ရူပါရုံကို ဆင်ခြင်၏၊ စက္ခုဝိညာဏ်သည် ရူပါရုံကိုမြင်၏၊ သန္တီရဏသည် ရူပါရုံကိုခံလင့်၏၊ ဝုဋ္ဌောသည် ရူပါရုံကို အစိမ်းပဲလို့မှတ်၏၊ ဇောကား ၄င်းရူပါရုံသည် အစိမ်းပဲလို့ဆိုတာကို သေသေချာချာသိ၏။ ၄င်းလောဘဇောသည် ရူပါရုံတည်းဟူသော အာရုံကိုယူတဲ့နေရာမှာ အစိမ်းတည်းဟူသော ရူပါရုံဟုဆိုအပ်သော အာရုံမှတစ်ပါး တခြားတစ်ပါးသော အပြာစသော အာရုံဓမ္မတွေအပေါ်သို့ ယိမ်းယိုင်ပြီး သွားသေးပါသလားဆိုတော့ မသွားပါဘူးတဲ့။ ဘာ့ကြောင့် ဤကဲ့သို့ မသွားရပါသလဲဆိုလျှင် တစ်ခုတည်းဟူသော အာရုံဓမ္မအပေါ်မှာ မြဲမြံခိုင်ခံ့တည်တံ့နေအောင် လောဘ, မောဟတို့က ကျေးဇူးပြုထားလို့ဟူ၍မှတ်ရမည်။

မြတ်စွာဘုရားသခင်သည် ပဋ္ဌာန်းဒေသနာကိုဟောတော်မူတဲ့ နေရာမှာ ဟေတုသဒ္ဒါကလေးတစ်ခုကိုသာ ဟောတော်မမူဘဲ ပစ္စယသဒ္ဒါကလေးကို ထည့်စွက်ပြီးဟောတော်မူရခြင်းမှာ ၄င်းဟိတ်တရားများသည် ဝိပါက်စသော ဟိတ်တရားများကဲ့သို့ သတ္တိကင်းသော တရားမဟုတ်။ သတ္တိရှိတဲ့တရားပဲလို့သိစေခြင်းငှာ ဟေတုနောင် ပစ္စယသဒ္ဒါထည့်၍ ဟောတော်မူသည်ဟုမှတ်ပါ။

**"အတ္တနော ဖလနိပ္ဖါဒနတ္ထံ ဟိနောတိ ပဝတ္တတီတိ ဟေတု"** ဟူ၍ဆိုသောကြောင့် အကျိုးတရားတို့ကိုဖြစ်စေသောတရားသည် ဟေတုမည်၏။

ဤကဲ့သို့ဆိုလျှင် ၄င်းဟိတ်ခြောက်ပါးတရားတို့မရှိပါက အကျိုး

တရားတွေ မဖြစ်နိုင်ဘူးလို့ဆိုအပ်တဲ့ အသိဉာဏ်တွေသည် မိမိတို့သန္တာန်၌ ဖြစ်ပေါ်လာလိမ့်မည်ဆိုပါက 'သဗ္ဗေ ဓမ္မာ အနတ္တာ' ဟူ၍ ဟောတော်မူအပ်တဲ့ ဘုရားရှင်ဒေသနာတော်နှင့်ဆန့်ကျင်ရာ၏။

ထို့ကြောင့် ဓမ္မနိယာမအားဖြင့်သာ ဖြစ်တယ်၊ အတ္တနိယာမ သဘောကား မရှိဘူးလို့မှတ်ရမည်၊ (ဝါ) ဗျာပါရသတ္တိ မရှိသကဲ့သို့ အဗျာပါရသတ္တိလည်း မရှိဘူးလို့မှတ်ပါ။

**"ပဋိစ္စ ဧတသ္မာ ဧတီတိ ပစ္စယော"** ဟူ၍ ပြုသည်ရှိသော် အကျိုးတရားကိုစွဲ၍ဖြစ်သော အကြောင်းတရားကိုသာရ၏။ ဤကဲ့သို့ ဟေတု-အရကလည်း အကြောင်းတရားကိုရ၏။ ပစ္စယ-အရကလည်း အကြောင်းတရားကိုပင် ရသောကြောင့် အရချင်းတူနေရကား **'ဟေတု စ သော ပစ္စယော စာတိ ဟေတုပစ္စယော'** ဟု ကမ္မဓာရည်းသမာသ် တွဲရသည်။ တစ်နည်းအားဖြင့် 'ဟေတု ဟုတွာ ပစ္စယော၊ ဟေတုပစ္စယော' ဟူ၍ သမ္ဘာဝနာကမ္မဓာရည်း တွဲရခြင်းမှာတော့ အဓိပတိ, ဣန္ဒြိယစသောသတ္တိတွေ ဝင်လာမည်စိုး၍ ၎င်းသတ္တိတို့ကို စင်စေခြင်းအကျိုးငှာ ဤကဲ့သို့ပြုလိုက်သည်ဟုမှတ်ပါလေ။

ပဋ္ဌာနန္တရိယကံသတ္တိနှင့် ဟေတုသတ္တိတို့ကို ပြဆိုဦးအံ့- အကြင် ပုဂ္ဂိုလ်သည် ကမ္ဘာပျက်ခါနီး၌ ပဋ္ဌာနန္တရိယကံကိုပြု၏။ ထိုသူသည် ၎င်းကံကိုပြုပြီးသည့်နောက်တစ်နေ့မှာပဲ ကမ္ဘာကြီးသည်ပျက်စီး ယိုယွင်းသွားခဲ့အံ့ ၎င်းကံကိုပြုပဲ့ယိုပုဂ္ဂိုလ်အား ဤကံ၏အကျိုးသည် ပေးပါဦးမလားဆိုတော့ မပေးနိုင်တော့ပါဘူးတဲ့။ ဘာ့ကြောင့်လဲဆိုလျှင် ပဋ္ဌာနန္တရိယကံတို့မည်သည်မှာ ဤကမ္ဘာမှာပြုပါလျှင် ဤကမ္ဘာမှာသာ

အကျိုးပေးရ၏။ ယခုတော့ မိမိပဋ္ဌာနန္တရိယကံကိုပြုခဲ့တဲ့ကမ္ဘာကြီးသည် မရှိတော့ဘဲ ပျက်စီးသွားပြီဖြစ်ပါသောကြောင့် အကျိုးမပေးဘူးလို့ မှတ်ပါလေ။

**ဣတိ မူလဋ္ဌေန ဟေတု, ဥပကာရကဋ္ဌေန ပစ္စယောတိ သင်္ခေပတော မူလဋ္ဌေန ဥပကာရကော ဓမ္မော ဟေတုပစ္စယော။**

ဟုမိန့်သောကြောင့် ဟေတုပစ္စည်းမှာတော့ ဤကဲ့သို့မဟုတ်ပါဘဲ အကြောင်းတည်းဟူသောမူလဋ္ဌသတ္တိလည်းရှိ၊ ၎င်းမူလဋ္ဌအကြောင်း ရှိသလောက် အကြောင်းတည်းဟူသောအလုပ်ကို လုပ်ပါတယ်လို့ ယူရမည်။

ဟေတုတည်းဟူသောသတ္တိကလေး၏ ထူးထူးကဲကဲကျေးဇူးပြုပုံကို ဤဥပမာများဖြင့်သိပါလေ -

အကြင် ပုဂ္ဂိုလ်တစ်ယောက်သည် လမ်းလျှောက်သွားသော အခါမှာ မိမိခြေထောက်ချမည့် နေရာအကွက်ကလေးမှာ ဘေးက ဆူးတွေလေးချောင်း ဝိုင်းပြီးနေတဲ့အခါမှာ ၎င်းဆူးတွေကို မိမိခြေထောက် အား မစူးရဘဲ တည့်တည့်မတ်မတ်ကြီးကျအောင်ချနိုင်တာ ဘယ်သူ့ သတ္တိကြောင့်လဲလို့ဆိုပါလျှင် လောဘစသော ဟေတုသတ္တိကြောင့်လို့ မှတ်ရမယ်။ ၎င်းသတ္တိတွေမရှိပါက လောကကြီးမှာ မုန်းချေမပေါက် တော့ဘဲ အကယ်၍ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်တော်မူတယ်လို့ ကြားရတာတောင်မှပဲ ၎င်းဘုရားပွင့်တော်မူရာသို့ မသွားနိုင်ပါဘူးတဲ့။ ဘာ့ကြောင့်လဲဆိုတော့ မိမိနှင့်အတူတကွဖြစ်တဲ့သမ္ပယုတ္တဓမ္မတွေကို

ကျေးဇူးမပြုနိုင်လို့ဟုမှတ်ရမည်။

မိမိသည် ပဋ္ဌာန်းကျမ်းကြီးကိုရွတ်ဆိုမယ်လို့ 'ဟေတု' လို့ဆိုတဲ့ အသံကလေးကို ဖြောင့်ဖြောင့်ထွက်ပေါ်လာအောင်အားထုတ်နိုင်တာရော ဘယ်သူ့ကြောင့်လဲဆိုတော့ ဤကဲ့သို့ရွတ်ဆိုလိုက်တဲ့အခါမှာ ပထမဇော မှာရှိတဲ့ အလောဘ, အမောဟတည်းဟူသောတရားတွေက ကျေးဇူးပြုသောကြောင့်ဟုမှတ်ရမယ်။

သရက်ပင်တစ်ပင်ကိုမြင်ရတဲ့အခါမှာလည်း ၎င်းသရက်ပင် သည် အစေ့ကြောင့်သာ ဤကဲ့သို့ပင်စည် ခက်မကြီးတွေကို မြင်နိုင်ရကား ၎င်းသရက်စေ့ကလေးက 'ဟေ့… သရက်ပင် မင်းတို့ ဟာလေ… ငါရှိသောကြောင့်သာ မင်းတို့ ဤကဲ့သို့စည်စည်ကားကား ဖြစ်ရတာ၊ ငါမရှိရင် မင်းတို့ ဒီလိုဖြစ်မှာမဟုတ်ပါဘူး' လို့ဆိုတဲ့ ကြိမ်းမှု မောင်းမှုတွေများ ရှိသလားဆိုတော့ မရှိပါဘူးတဲ့။ သူ့နိယာမအားဖြင့်သာ ဖြစ်ရတယ်လို့မှတ်ရမည်။ ဤကဲ့သို့ဖြစ်လျှင် သူတည်းဟူသော အကြောင်းကတော့ ကင်းနိုင်ပါသလားလို့ဆိုတော့ မကင်းနိုင်ပါဘူးတဲ့။ ဤကဲ့သို့ ဟေတုကိုလည်း အကြောင်းအကျိုးစပ်၍ယူပါလေ။

ဟေတု-သဒ္ဒါဖြင့် သတ္တိဝိသေသကို ပြ၏။ ပစ္စယ-သဒ္ဒါကား သတ္တိသာမညကို ပြ၏ဟုမှတ်လေ။

မိမိ သရက်ပင်တစ်ပင်ကိုစိုက်တဲ့အခါမှာ အစေ့ကလေးတည်း ဟူသော အကြောင်း၊ ရေမြေတည်းဟူသော အကြောင်း၊ ရေသောက်မြစ် တည်းဟူသော အကြောင်းဟူ၍ အကြောင်းသုံးပါးရှိရာတွင် ရေမြေ တည်းဟူသော ဥပတ္ထမ္ဘကအကြောင်း၊ သရက်စေ့ကလေးတည်းဟူသော

ဇနကအကြောင်း၊ ရေသောက်မြစ်ကတော့ ၄င်းသရက်စေ့နှင့်အတူတကွ ဖြစ်ရကား သဟဇာတအကြောင်း။ ဤအကြောင်းတို့ကြောင့် သရက်ပင်မှာ ကြီးပွားလာရသည်။ ဟေတုမှာတော့ သဟဇာတအကြောင်းလို့သာ ယူပါလေ။

ဆရာရယ်… သစ်ပင်များမှာ ထိုဆိုအပ်ခဲ့ပြီးသောအကြောင်းနှင့် ပြည့်စုံမှ ဖြစ်နိုင်တယ်လို့ဆိုပါလျှင် ရေသောက်မြစ်မပါသော ဗုဒ္ဓသရဏံ အပင်နှင့် ပိန်းပန်းများမှာ ကောက်ယူပြီး မြေကြီးထဲကို စိုက်ထားလိုက်တဲ့အခါ လေသီးလေပွင့်များပွင့်နေပါသဖြင့် ဤနေရာမှာ မည်ကဲ့သို့ ယူရပါမည်နည်းဟု မေးစရာရှိပါသဖြင့် ဤနေရာမှာ ဤကဲ့သို့ ယူရမည်။ ၄င်းရေသောက်မြစ်မရှိတဲ့အပင်၏ အသီးများမှရသော မျိုးစေ့များသည် တစ်ဖန်အပင်ကိုမဖြစ်စေနိုင်။ ရေသောက်မြစ်ရှိတဲ့ အပင်ကမျိုးစေ့သည်သာလျှင် တစ်ဖန်အပင်ကိုဖြစ်စေနိုင်သောကြောင့် အကြောင်းသုံးပါးကို ဤသို့ဆိုရသည်။

မိမိတို့သည် သာသနာ့ဘောင်ကြီးမှာထမ်းဆောင်ရာမှာလည်း ရှေးကသရက်ပင်ဖြစ်ခြင်း၏အကြောင်းနှင့် စပ်ဟပ်၍ယူပါလေ။

## အဟိတ် နှင့် သဟိတ် အထူး

မူလဌသတ္တိမရှိဘဲ အဟိတ်ပဋိသန္ဓေနေလာတဲ့ပုဂ္ဂိုလ်မှာ စက္ခုန္ဒြေ စသောဣန္ဒြေများ ချို့တဲ့ကောင်းတယ်လို့မှတ်ရမယ်။ အလောဘစသော မူလဌသတ္တိရှိသော သဟိတ်ပဋိသန္ဓေနေလာတဲ့ပုဂ္ဂိုလ်များမှာတော့ ဣန္ဒြေများမချို့ဘဲနှင့် ပြည့်ပြည့်စုံစုံဖြစ်ရတယ်လို့မှတ်။ (ဤကား အထူးတည်း။)

အကြင်ပုဂ္ဂိုလ်သည် လမ်းလျှောက်လိုလတ်သည်ရှိသော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ ဝိစိကိစ္ဆာဇော ခုနစ်ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ ဤဝီထိ၌ ဝိစိကိစ္ဆာပထမဇော၌ရှိသော မောဟသည် ဟေတုပစ္စည်း၊ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်၊ မောဟနှင့် တကွသော ပဝတ္တိကမ္မဇရုပ်သည် ဟေတုပစ္စည်း၏ ပစ္စနိက် တရားဟု မှတ်။

ဤကဲ့သို့ မိမိတို့သည် လမ်းကိုလျှောက်တဲ့အခါမှာ မိမိတို့၏ ခန္ဓာကိုယ်ကြီးကို မယိုင်မယိမ်းရအောင် တည့်တည့်မတ်မတ်ကြီး သွားလာနိုင်အောင် အထောက်အပံ့ကိုဖြစ်စေတတ်တဲ့ ပဝတ္တိကမ္မဇရုပ် သည် အတိတ်ကကံနှင့်စပ်ပြီးသကာလ ဖြစ်သည်ဖြစ်သောကြောင့် ပဝတ္တိကမ္မဇရုပ်ကို ပစ္စယုပ္ပန် မရေးဟုမှတ်လေ။

၄င်း ပဝတ္တိကမ္မဇရုပ်သည် ဥပတ္ထမ္ဘကသဘောအားဖြင့် ထောက်ပံ့၏။ ဤကဲ့သို့ ကမ္မဇရုပ်မရှိပါလျှင် စိတ္တဇရုပ်သည် မြဲမြဲ တည်တံ့နိုင်ဖို့မရှိ။ သေကျေပျက်စီးဖို့သာရှိ၏။ ပဝတ္တိကမ္မဇရုပ်က ဥပတ္ထမ္ဘကသဘောအားဖြင့်သာ ထောက်ပံ့ထားသောကြောင့် ဤကဲ့သို့ သွားလာနိုင်သည်ဟုမှတ်လေ။ နိရောဓသမာပတ်ဝင်စားသော ရဟန္တာ အရှင်မြတ်များကို ထောက်ဆ၍သိပါလေ။

အကြင်ပုဂ္ဂိုလ်သည် ကုဋီသို့ကြွလိုလတ်သည်ရှိသော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ ဒေါသဇော ခုနစ်ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ ပစ္စည်း

တပ်ဟန်ကား- ပထမဇော၌ရှိတဲ့ ဒေါသ, မောဟသည် ဟေတုပစ္စည်း၊ ပထမဇောနာမက္ခန္ဓာ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။

ဤနေရာ၌ ပဝတ္တိအခါ စိတ္တဇရုပ်ကိုသာကောက်၍ ပဋိသန္ဓေအခါ ကမ္မဇရုပ်ကိုသာ ကောက်ရသနည်းဟုမေးငြားအံ့-

**ပဝတ္တိယံ ပန တေသံ စိတ္တေ ဝိနာမာနေပိ ကမ္မပဋိဗဒ္ဓါဝ ပဝတ္တိ, န စိတ္တပဋိဗဒ္ဓါ။** - ဟူ၍ဖွင့်သည်။

ဤကိုထောက်ပါသဖြင့် ပဝတ္တိအခါ၌ ကမ္မဇရုပ်တို့သည် စိတ်နှင့်စပ်၍ မဖြစ်သောကြောင့် မကောက်ရပါ။

အကြင်ပုဂ္ဂိုလ်သည် နတ်ပြည်မှစုတေ၍ လူ့ပြည်၌ဖြစ်လိုလတ်သည်ရှိသော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မရဏာသန္နဇော ငါးကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်၊ စုတိ၊ ပဋိသန္ဓေ၊ ဘဝင် (၁၅), (၁၆) ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော (၇) ကြိမ်၊ ဘဝင်။ ၎င်းပုဂ္ဂိုလ်သည် တိဟိတ်ပဋိသန္ဓေနေငြားအံ့- ပဋိသန္ဓေစိတ်၌ရှိသော အလောဘ, အဒေါသ, အမောဟသည် ဟေတုပစ္စည်း၊ ပဋိသန္ဓေနာမက္ခန္ဓာ ကမ္မဇရုပ်သည် ပစ္စယုပ္ပန်။

ဤဝီထိအခိုက်အတန့် ပဋိသန္ဓေအခါ စိတ္တဇရုပ်တို့သည် စိတ်နှင့်စပ်၍ ဖြစ်ခြင်းမရှိသောကြောင့် စိတ္တဇရုပ်ကို မကောက်ရ။ ကမ္မဇရုပ်မှာတော့ ပဋိသန္ဓေအခါ စိတ်နှင့်စပ်၍ ဖြစ်သောကြောင့် ကမ္မဇရုပ်ကိုသာကောက်ရသည်။

**ပဋိသန္ဓိယံ ကမ္မဇရူပါနံ စိတ္တပဋိဗဒ္ဓဝုတ္တိတာယ။ ပဋိသန္ဓိယဥ္စိ ကမ္မဇရူပါနံ စိတ္တပဋိဗဒ္ဓါ ပဝတ္တိ, စိတ္တဝသေန ဥပ္ပန္နတ္တိ စေဝ တိဋ္ဌန္တိ စ** - ဟူ၍ အဋ္ဌကထာကို ထောက်ပါလေ။

အကြင်ပုဂ္ဂိုလ်သည် အိပ်ချင်လိုလတ်သည်ရှိသော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ ထိန မိဒ္ဓဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ ဤဝီထိ၌ ထိန မိဒ္ဓပြဌာန်းသော လောဘ, မောဟသည် ဟေတုပစ္စည်း၊ ပထမဇော နာမက္ခန္ဓာ စိတ္တဇရုပ်တို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်။

ဤဟေတုပစ္စည်း၌ နိဗ္ဗာန်နှင့်ပညတ်ကို ဘာ့ကြောင့် ပစ္စနိက် မထုတ်ပါသနည်းဟု မေးငြားအံ့- ၎င်းနိဗ္ဗာန်နှင့်ပညတ်မှာ ဧကန်ပစ္စနိက် ဖြစ်နေသောကြောင့် လျှဉ်းပါးစရာ (သံသယ) မရှိရကား တစ်သီးပုဂ္ဂလ ပစ္စနိက် ထုတ်စရာမလိုဟုမှတ်ရမည်။

ပစ္စယနိဒ္ဒေသပါဠိတော်၌ ဟေတုသဒ္ဒါတစ်ခုတည်း မထားမူ၍ 'ဟေတူ ဟေတု' လို့ နှစ်ပုဒ်ထား၍ အဘယ့်ကြောင့်ဟောတော်မူရပါ သနည်းဟု မေးငြားအံ့- ဤကဲ့သို့ နှစ်ပုဒ်ထပ်ပြီးထည့်လိုက်ပါသဖြင့် ပုနရုတ္တိဒေါသ သင့်သည်မဟုတ်ပါလောဟုဆိုလျှင် ပုနရုတ္တိဒေါသ မသင့်ပါဘူးလို့ယူရမည်။ ဘာ့ကြောင့်ဆိုသော် ဤကဲ့သို့ နှစ်ပုဒ်မဆိုဘဲ တစ်ပုဒ်တည်းဆိုပါလျှင် ပစ္စည်းတရားကားမထင်ရှား၊ ပစ္စယုပ္ပန်မှာသာ ထင်ရှား၏။ သို့ဖြစ်ပါ၍ တစ်ပုဒ်တည်းမထည့်ဘဲ နှစ်ပုဒ်ထည့်၍ ဟောတော်မူတယ်လို့မှတ်ပါ။

ထို့ကြောင့် ပဋ္ဌာန်းအဋ္ဌကထာ၌ **"ပစ္စယာသာ စေဝ ပစ္စယုပ္ပန္နာနဥ္စ ဝဝတ္ထာပနတော"** ဟု မိန့်သောကြောင့် ပစ္စည်း၏လည်းကောင်း၊ ပစ္စယုပ္ပန်၏လည်းကောင်း ပိုင်းခြားမှတ်သားလို၍ နှစ်ပုဒ်ထည့်သည် မှတ်ပါ။ တစ်နည်းအားဖြင့် ပစ္စည်းမှာ ပေါ်လွင်မှု၊ ပစ္စယုပ္ပန်မှာ ရှုပ်ထွေးမှု၊ ပွေလိမ်မှုမှ စင်စေလို၍ နှစ်ပုဒ်ထည့်ရသည်မှတ်ပါ။

ဟေတုနှစ်ပုဒ်တို့တွင် ပထမဟေတုသဒ္ဒါဖြင့် ပစ္စည်း၏ ဝိသေသနကိုပြ၏။ ဒုတိယဟေတုသဒ္ဒါဖြင့် ပစ္စယုပ္ပန်၏ ဝိသေသနကို ပြ၏။

တစ်နည်းအားဖြင့် - ဟေတုသဒ္ဒါကလေးကို တစ်ခုထပ်ပြီး မထည့်မူ၍ 'ဟေတု သမ္ပယုတ္တကာနံ' ဟူ၍သာ ယူခဲ့လို့ရှိရင် စက္ခုဝိညာဏ်ဒွေးသည် ဝေဒနာ၊ သညာစသည်တို့နှင့် ယှဉ်နေရကား ၄င်းအဟိတ်တရားတွေလည်း ဝင်ပြီးရှုပ်ထွေးရာ၏။ ၄င်းနောက် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော ဟိတ်တရားများမှာလည်း ကေုပ္ပါဒ စသော သမ္ပယောဂလက္ခဏာရှိတာနှင့် အလောဘ၊ အဒေါသ၊ အမောဟတည်းဟူသော ကုသိုလ်ဟိတ်တရားများ၏ ကေုပ္ပါဒစသော သမ္ပယောဂလက္ခဏာရှိတာချင်း တူနေရကား ၄င်းတရားနှစ်ပါးတို့၏ ယှဉ်ခြင်းဟုဆိုအပ်တဲ့ ရှုပ်ထွေးမှုများလည်း ဝင်လာရကား ၄င်းတို့ကို စင်စေလို၍ နှစ်ပုဒ်ထပ်ပြီးထည့်လိုက်သည်ဟုမှတ်လေ။

ဟေတုသည် သဟဇာတမျိုးထဲကဖြစ်၏။ ဣန္ဒြိယလည်း သဟဇာတမျိုး၊ အာဟာရပစ္စည်းများမှာလည်း သဟဇာတမျိုးထဲက ဖြစ်ပါလျက် ဟေတုသဒ္ဒါမှာတော့ နှစ်ပုဒ်ထား၍ ဣန္ဒြိယပစ္စည်း၊

အာဟာရပစ္စည်းများမှာတော့ အဘယ့်ကြောင့် တစ်ပုဒ်တည်းထား၍ ဟောတော်မူရပါသနည်းဟု မေးလာခဲ့ငြားအံ့- ဣန္ဒြိယပစ္စည်း၊ အာဟာရပစ္စည်းထိုက်သော ဖဿ, ဝေဒနာစသည်တို့သည် အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်တို့နှင့်ယှဉ်နေရကား ၎င်းပစ္စည်းနှစ်ပါးက ကျေးဇူးပြုတဲ့ နာမ်တရားများမှာ ကုန်နေသည်ဖြစ်ပါ၍ ဝဇ္ဇေတဗ္ဗမဇ္ဈေ မရှိရကား ဟေတုကဲ့သို့ နှစ်ပုဒ်မထည့်ဘဲ တစ်ပုဒ်တည်းဟောတော်မူတယ်လို့မှတ်ပါလေ။

'ဟေတုပစ္စယေန'ဟူသော ကရိုဏ်းပါဌ်ကိုမထည့်မူ၍ နောက်က ချခဲ့တဲ့ဝီထိအတိုင်း လောဘ, မောဟဟိတ်နှစ်ပါးနှင့်ယှဉ်တဲ့ သမ္ပယုတ်ဖြစ်တဲ့တရားများကိုသာ ကျေးဇူးပြုပါတယ်လို့ယူခဲ့လို့ရှိလျှင် ပြီးပါလျက်သားနှင့် 'ဟေတုပစ္စယေန'ဟူသော ကရိုဏ်းပါဌ်ကို ထည့်စွက်၍ဟောရခြင်းမှာ သဒ္ဒါပို, သဒ္ဒါလွန်မဟုတ်ပါလောဆိုလျှင်၊ မဟုတ်ပါ။ ၎င်းဟေတုသတ္တိထဲ၌ သဟဇာတ, ဣန္ဒြိယစသောသတ္တိတွေ ဝင်နေ၍ ၎င်းသတ္တိတွေပင်ရှိနေသော်လည်း ဟေတုသဒ္ဒါသည် ပြဋ္ဌာန်းသောအားဖြင့် လွန်ကဲသည်၏ဖြစ်ကိုသိစေလို၍ 'ဟေတုပစ္စယေန'ဟူသော ကရိုဏ်းပါဌ်ကို ထည့်စွက်၍ဟောတော်မူတယ်လို့ မှတ်ပါလေ။

ဤကရိုဏ်းပါဌ်၌ ဟေတုသတ္တိ လွန်ကဲသည်၏အဖြစ်ကို အချဉ်ရည်ဟင်းဥပမာဖြင့် သိရမည်။ မိမိတို့သည် အချဉ်ရည်ဟင်း ချက်မည်လို့ ဟင်းအိုးများပြင်လိုက်တဲ့အခါ ချိုသောသတ္တိရှိသော ပုဇွန်ခြောက်ကိုလည်းထည့်၏၊ ၎င်းနောက် ကြက်သွန်ကိုလည်းထည့်၏၊

ဆိမ့်သောသတ္တိရှိသော ဆီကိုလည်းထည့်၏၊ ဤကဲ့သို့ထည့်ပြီးလျှင် ဟင်းချက်တဲ့အခါမှာ နဂိုရင်းက အချဉ်ရည်ဟင်းဖြစ်လေတော့ အချို အဆိမ့်ဟုဆိုအပ်သော အရသာတွေမပေါ်တော့ဘဲ ချဉ်သောအရသာကို သာ တွေ့ရသကဲ့သို့ ထို့အတူပါပဲ ဟေတုပစ္စည်းမှာလည်း ဟေတုသတ္တိ ကလွန်ကဲ၍ တစ်ပါးသော သဟဇာတ, ဣန္ဒြိယစသောတရားတို့ကို နှစ်စေလိုသောကြောင့် 'ဟေတုပစ္စယေန' ဟုကရိဏ်းပါဌ်ထည့်ရ၏။

ထို့ကြောင့် **"ဟေတုနော အညထာ ပစ္စယဘာဝပဋိသေဓနတ္ထံ"** ဟူ၍ အဋ္ဌကထာဖွင့်ပြသောကြောင့် ဟိတ်မှတစ်ပါးသော ပစ္စည်းကို နှစ်စေခြင်းငှာ 'ဟေတုပစ္စယေန' ဟုကရိဏ်းပါဌ်ထည့်ရသည်။

အကြင်ပုဂ္ဂိုလ်သည် မင်းသမီးတည်းဟူသော ဝိသဘာဂအာရုံကို အာရုံပြုလိုလတ်သည်ရှိသော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ပထမဇော အခိုက်အတန့်၌ရှိသော လောဘ, မောဟသည် ဟေတုပစ္စည်း၊ ပထမဇောနာမက္ခန္ဓာ, စိတ္တဇရုပ်သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်၊ ကျန်တရားများသည် ပစ္စနိက် ဟုမှတ်ပါလေ။

ဤဝီထိ၌ လောဘ, မောဟတို့သည် မိမိတို့ အာရုံပြုအပ်သော မင်းသမီးတည်းဟူသော ဝိသဘာဂအာရုံမှတစ်ပါးသော မင်းသားတည်း ဟူသော အာရုံတစ်ပါးသို့ မသွားမလာရအောင် လောဘ, မောဟတို့က ကျေးဇူးပြုပါတယ်တဲ့။ သည်တွင်မျှမကသေးဘဲ ပွဲကြည့်တဲ့အခါမှာ မိမိတို့၏မျက်စိကို အမြဲဖွင့်ပြီးကြည့်နိုင်အောင် ငှင်းပွဲကို ရပ်ပြီးကြည့်နေ

တဲ့အခါမှာ မမြင်ရလို့ရှိလျှင် မိမိတို့၏ခြေဖျားကို ထောက်ပြီးကြည့်ရအောင်ကိုလည်း ၄င်းလောဘ, မောဟတို့က ကျေးဇူးပြုပါတယ်။ ထို့နောက် လောဘ, မောဟတည်းဟူသော ဟေတုသတ္တိများသည် နာမ်တရားများကိုသာ ကျေးဇူးပြုသည်မဟုတ်သေး၊ မိမိနှင့်အတူတကွဖြစ်တဲ့ မျက်ခွံတည်းဟူသော ရုပ်တရား၊ ခြေဖျားထောက်ခြင်းတည်းဟူသော ရုပ်တရားများကိုလည်း ကျေးဇူးပြုတယ်လို့မှတ်ပါလေ။

တစ်နည်းအားဖြင့် - ဒုတိယဟေတုသဒ္ဒါကို ထည့်လိုက်ခြင်းမှာ ဤကဲ့သို့ ဟေတုသဒ္ဒါကိုမထည့်ဘဲ 'တ'သဒ္ဒါကလေးကို ထည့်လိုက်ပါက သင့်သည်မဟုတ်ပါလော့ဟု မေးငြားအံ့- မသင့်ဟူ၍မှတ်။ ဘာ့ကြောင့်လဲလို့ဆိုလျှင် ၄င်း'တ'သဒ္ဒါကလေးသည် နာမ်တရားကိုလည်း စွဲနိုင်၏။ ရုပ်တရားကိုလည်း စွဲနိုင်၏။ ဤကဲ့သို့ အစွဲမငြိမ်ဘဲ ဆိုချင်ရာကိုဆိုပြီးနေပါက မထင်ရှားမည်ကိုစိုး၍ မိမိနှင့်အတူတကွဖြစ်တဲ့ တရားများကိုသာ ကျေးဇူးပြုပါတယ်လို့သိစေခြင်းငှာ ဟေတုသဒ္ဒါအပို ထည့်စွက်၍ဟောတော်မူသည်ဟူ၍မှတ်ပါလေ။

**နိဒ္ဒိသိတဗ္ဗဿ အပါကဋတ္တာ** - ဟူ၍ အဋ္ဌကထာဆရာ ဆိုတော်မူ၏။

နိဒ္ဒိသိတဗ္ဗဿ၊ မထင်ရှားသော တ-သဒ္ဒါဖြင့်ထားခြင်း၏။ အပါကဋတ္တာ၊ မထင်ရှားသည်၏ အဖြစ်ကြောင့်ပင်တည်း။

ပဋိသန္ဓေကမ္မဇရုပ်သည် ကံကြောင့် ဖြစ်ပေါ်လာရကား အဘယ့်ကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ပါသနည်းဟု မေးငြားအံ့- ပဋိသန္ဓေစိတ်၏ဥပါဒ်မှာ ဖြစ်ပေါ်လာရသော ပဋိသန္ဓေစိတ်ကလေးသည်

မိမိသည် စိတ္တဇရုပ်၏နေရာမှာ ခေတ္တခဏတည်နေရကား ပဋိသန္ဓေ ကမ္မဇရုပ်ကိုတော့ ကျေးဇူးပြုပါတယ်။ မိမိမှာ မှီရာဝတ္ထုရုပ် မရှိသေး၍ ဧည့်သည်သဖွယ်ဖြစ်နေရကား ဧည့်သည်တို့မည်သည် မိမိတည်းခိုသော အိမ်မှာ လုပ်မှုဆောင်တာများကို ရောက်ခါစဖြစ်၍ မလုပ်တတ်သလို ပဋိသန္ဓေစိတ်ကလေးမှာလည်း ဖြစ်စဖြစ်သောကြောင့် စိတ္တဇရုပ်ကို ကျေးဇူးမပြုနိုင်ပါဘူးလို့မှတ်ရမယ်။

ထို့ကြောင့် အဋ္ဌကထာဆရာက -

**ကမ္မဝေဂက္ခိတ္တတာယ စေဝ အပ္ပတိဋ္ဌိတဝတ္ထုတာယ စ ဒုဗ္ဗလတ္တာ** - ဟူ၍ ဖွင့်ဆိုတော်မူ၏။


၎င်းအဓိပ္ပာယ်ကို ဤဥပမာဖြင့်သိရမည်။ မိမိတို့သည် စပါးစေ့ကို စိုက်တဲ့အခါ မြေရော, ရေရော ပြည့်စုံသည်ဖြစ်၍ ၎င်းမျိုးစေ့၏ အမြစ်အညှောက်ကလေးတွေ ထွက်ပေါ်လာပါတယ်တဲ့။ ၎င်းအမြစ် အညှောက် ထွက်ပေါ်မှု၏ နီးစွာသောအကြောင်းမှာကတော့ မျိုးစေ့, ရေမြေလို့မှတ်ရမယ်။ ၎င်းစပါးပင် ကြီးပြင်းလာတဲ့အခါမှာ မျိုးစေ့၏ တန်ခိုးသတ္တိကတော့ မရှိပါဘူးတဲ့။ ရေမြေတို့၏သတ္တိသာ ရှိတယ်လို့ မှတ်ရမယ်။ ဤကဲ့သို့ ပဋိသန္ဓေစိတ်ကိုလည်း ယူရမည်ဟုမှတ်ပါ။

၎င်းဟေတုပစ္စည်းသည် ပစ္စုပ္ပန်အခိုက်အတန့်၌သာ ကျေးဇူး ပြု၏။ ပစ္စုပ္ပန်ခဏသုံးပါးတို့တွင် ဥပါဒ်ခဏ၊ ဌီခဏ၌သာ ကျေးဇူးပြု တယ်ဟုမှတ်လေ။ ဆရာတော် ဦးဝိမလ၏ ဟေတုပစ္စည်းချုပ်စဉ် ပြီး၏။

*ဟေတုပစ္စည်း ပြီးပါပြီ။*

# အာရမ္မဏပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။



၂။ တောင်ဝှေး,ကြိမ်တန်း စသည်တို့သည် မစွမ်းမသန် အားနည်းသူတို့၏ ထောက်တွယ်ရာ ဖြစ်သကဲ့သို့သော စိတ်,စေတသိက်တရားတို့၏ အာရုံ (၆)ပါးတရား။

# အာရမ္မဏပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- စိတ်, စေတသိက်, ရုပ်တို့သည်
  ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ (၃) ပါး
  စလုံး၌ ဖြစ်နိုင်ပါသည်။
- နိဗ္ဗာန်, ပညတ်တို့သည် ကာလ (၃) ပါးစလုံးမှ
  လွတ်ပါသည်။ (ဝါ) မည်သည့်ကာလ၌မျှ
  မဖြစ်နိုင်ပါ။
- (၃၁) ဘုံစလုံး၌ ဖြစ်နိုင်ပါသည်။

## ၂။ အာရမ္မဏပစ္စည်းအခ်ဳပ္ဖြင့်

ဟေတုပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ အာရမ္မဏ ပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'အာရမ္မဏပစ္စယော' ဟူသည်တည်း။

**အာရမ္မဏပစ္စယော** -အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော တရား တည်း။

(ဝါ) ကြိမ်တန်း၊ ကြိုးဆွဲ၊ တောင်ဝှေးအစရှိသည်တို့သည် မစွမ်းနိုင်သောသူတို့အား ထခြင်း၊ ရပ်ခြင်းအစရှိသောကိစ္စကို ပြီးစေ လျက် ကျေးဇူးပြုသကဲ့သို့ ကျေးဇူးပြုတတ်သောတရား။

တောင်ဝှေး၊ ကြိမ်တန်းစသည်ကို ဆွဲကိုင်ရာရှိမှ မစွမ်းမသန် အားနည်းသောသူသည် ထနိုင်၊ သွားနိုင်၏။ ထို့အတူ အာရုံ (၆) ပါးတရားတို့သည် စိတ်၊ စေတသိက်တရားတို့အား အာရုံပြုနိုင်၊ ဖြစ်နိုင်၊ တည်နိုင်ခြင်းငှာ ဆွဲကိုင်စရာအာရုံအဖြစ်ဖြင့် ကျေးဇူးပြု၏။

### အာရမ္မဏပစ္စည်း သုံးချက်စု

**အာရမ္မဏပစ္စယော** - ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဖြစ်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊

ပညတ်။ ဤအာရုံခြောက်ပါးတရားတို့သည် အာရမ္မဏပစ္စည်း တပ်သောတရားမည်ကုန်၏။

စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ၆၂ပညာသ။ ဤတရား တို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်သည်။

## အာရမ္မဏပစ္စည်း ချုပ်နည်း

ဦးပဏ္ဍိရေ··· ဆွမ်းစားတဲ့အခါမှာ ဟင်းခွက်များကို နှိုက်မယ်လို့ လက်ကိုရွှယ်လိုက်တဲ့အခါ ကောင်းတဲ့ဟင်းကိုပဲ နှိုက်သလား၊ မကောင်းတဲ့ဟင်းကိုပဲ နှိုက်သလားဆိုလျှင် ကောင်းတဲ့ဟင်းကိုပဲ နှိုက်တယ်။ ဦးပဏ္ဍိရေ··· ဤကဲ့သို့ ကောင်းတဲ့ဟင်းကို နှိုက်တာသည် ကောင်းတဲ့ဟင်းကိုမြင်လို့ နှိုက်ချင်တာလား၊ နှိုက်ချင်တဲ့စိတ်ရှိလို့ နှိုက်တာလားဆိုပြန်လျှင် ကောင်းတဲ့ဟင်းကိုမြင်လို့ နှိုက်တာ။

ဤသို့ဖြစ်လျှင် ၄င်းကောင်းတဲ့ဟင်းခွက်ကလေးကရော တပည့်တော်ကို နှိုက်ပါဘုရား နှိုက်ပါဘုရားလို့ကော ပြောသေးသလား၊ မပြောပါဘူး။ ၄င်းကောင်းတဲ့ဟင်းခွက်တည်းဟူသော အာရုံကလေးက မိမိကို မနှိုက်ချင်နှိုက်ချင်အောင် မိမိသန္တာန်မှာရှိတဲ့ ရုပ်နာမ်ဓမ္မတွေကို လှုံ့ဆော်ပေးသဖြင့် မိမိကို နှိုက်ပါလို့မခေါ်သော်လည်း ခေါ်ဘိသကဲ့သို့၊ မပြောသော်လည်း ပြောဘိသကဲ့သို့၊ ကျေးဇူးပြုပါတယ်။ သို့ဖြစ်ပါ၍ အာရုံနှင့်အာရမ္မဏိကကို့တွင် အာရုံကရေးက ပြဋ္ဌာန်းဘယ်လို့မှတ်ရမယ်။

တစ်နည်းအားဖြင့်- မိမိတို့သည် အငြိမ့်မင်းသမီးတည်းဟူသော အာရုံကို အာရုံပြုနေတဲ့အခါမှာ ၄င်းအငြိမ့်မင်းသမီးက ငိုနေခဲ့လို့ရှိရင် မိမိတို့စိတ်ကလည်း ငိုချင်လာတာပဲ၊ ၄င်းမင်းသမီးကလေးက ရယ်လာလို့ ရှိရင်လည်း မိမိတို့မှာ ရယ်လာတာပဲတဲ့။ ၄င်းအငြိမ့်ကို ကြည့်နေတုန်းပဲ အနားကလူတွေများလာခဲ့လို့ရှိလျှင် အငြိမ့်မင်းသမီးကို မမြင်ပါက မိမိတို့မှာ မမြင်ရမြင်ရအောင် ခြေဖျားထောက်ပြီးကြည့်ရတာပဲတဲ့။ ဤကဲ့သို့ မိမိတို့၏ ငိုမှု၊ရယ်မှု၊ ခြေဖျားထောက်ပြီးကြည့်မှုတွေ ဖြစ်ပေါ် လာအောင် မင်းသမီးတည်းဟူသော အာရုံက ကျေးဇူးပြုတယ်လို့ မှတ်ရမယ်။

ဤကဲ့သို့ဖြစ်ရခြင်းမှာ အာရုံနှင့်အာရမ္မဏိက တရားနှစ်ပါးတို့၏ ထိခိုက်ခြင်းမှာ နာသောကြောင့် ဖြစ်ပေါ်ရတယ်လို့မှတ်ရမယ်။ ဘယ်လိုများထိခိုက်ပါသလဲလို့ဆိုလျှင် ဗဟိဒ္ဓကရူပါရုံသည် မိမိ၏ အဇ္ဈတ္တသန္တာန်၌ရှိသော ဟဒယဝတ္ထုတည်းဟူသောနှလုံးသွေးကို သွားပြီး ထိခိုက်လိုက်တဲ့အခါမှာ အလွန်တရာနာကျင်သွားသောကြောင့် အပွင့်ဓာတ်တည်းဟူသော ဘဝင်ကလေးဟာ လှုပ်ရှားလာတယ်။ ၄င်းဘဝင်ကလေးလှုပ်ရှားသည်ကိုပင် 'ဘဝင်္ဂစလန'ဟုခေါ်တယ်။ ထို့နောင် ဗဟိဒ္ဓရူပါရုံနှင့် ဟဒယဝတ္ထုတို့ထိခိုက်ခြင်းကြောင့် ဘဝင်္ဂုပစ္ဆေဒ ပေါ်လာတယ်။

ထို့နောင်၄င်းနည်း ဤဝတ္ထုဟာ ဘာပါလိမ့်မလဲလို့ဆိုတဲ့ ပဉ္စဒွါရာဝဇ္ဇန်း ပေါ်လာ၏၊ ထို့နောင်၄င်းနည်း ဗဟိဒ္ဓရူပါရုံနှင့် စက္ခုပသာဒ ထိခိုက်ခြင်းကြောင့် စက္ခုဝိညာဏ် ပေါ်လာရ၏၊ (လ) သန္တီရဏ ပေါ်လာရ၏။ ဤနေရာမှာ အခံဓာတ်နှင့် အတိုက်ဓာတ် နှစ်ပါးရှိရာတွင် အတိုက်ဓာတ်ရှိမှ အပွင့်ဓာတ်ပေါ်လာသောကြောင့်

အတိုက်ခံတတ်တည်းဟူသောရူပါရုံက ပြဋ္ဌာန်းရကား ရူပါရုံသည် အာရမ္မဏပစ္စည်း၊ စက္ခုဝိညာဏ်သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်။

ဤကဲ့သို့ဖြစ်သော်လည်း ရူပါရုံတည်းဟူသောအတိုက်ခံတတ် သည် အပွင့်ခံတတ်တည်းဟူသောဘဝင်ကလေး လှုပ်လာအောင်တိုက်မှ သာလျှင် အာရမ္မဏပစ္စည်း၊ အပွင့်ခံတတ်မှာလည်း တိုက်လိုက်တဲ့အခါမှာ ပွင့်သွားတဲ့ပွင့်ဆဲခဏ၌သာလျှင် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သည်ဟုမှတ်ပါ။

အတိုက်ခံတတ်သည် အတိုက်ခံတတ်တည်းဟူသောနာမည်သာ ရှိသော်လည်း မိမိမှာ ၄င်းအတိုက်ခံတတ်တည်းဟူသောအလုပ်ကို မလုပ်ခဲ့လို့ရှိပါလျှင် အာရမ္မဏပစ္စည်း မထိုက်ဟုမှတ်ပါလေ။ ထို့ကြောင့် ဝတ္တမာန ပစ္စုပ္ပန်ရူပါရုံသည်သာ အာရမ္မဏပစ္စည်း ဖြစ်သည်ဟုမှတ်။

၄င်းအတိုက်ခံတတ် တိုက်လိုက်တဲ့အခါမှာ အပွင့်ခံတတ်ကလေး ပေါ်လာတယ်။ ၄င်းအပွင့်ခံတတ်ကိုလည်း ဒီအပွင့်ခံတတ်ဟာ ဝေဒနာ အပွင့်ခံတတ်လား၊ သညာ အပွင့်ခံတတ်လားဆိုတာကို မိမိက ခွဲခြား၍ သိရအောင် အာရမ္မဏိကတရားအပေါ်မှာ စိစစ်၍ကြည့်ရှုရမယ်။ ဤကဲ့သို့ စိစစ်၍ကြည့်ရှုမှသာလျှင် ခွဲခြား၍သိနိုင်မည်။

အာရုံနှင့် အာရမ္မဏိကတိုက်ခိုက်ခြင်းသည် အလွန်တရာ နာကျင်သောကြောင့် ရုပ်နာမ်ဓမ္မတွေဖြစ်ပေါ်လာရပုံကို နေကို ကြည့်သောအားဖြင့် သိရမည်။ နေသည် အလွန်တရာပူနေတဲ့အခါမှာ မိမိတို့သည် နေကို စေ့စေ့စပ်စပ် မော့ပြီးကြည့်လိုက်ခဲ့လို့ရှိလျှင် မိမိတို့ မျက်စိမှမျက်ရည်တွေ ယိုပြီးထွက်လာပါတယ်။ ဒါ ဘာ့ကြောင့်လဲလို့

ဆိုလျှင် နေတည်းဟူသော ရူပါရုံ၏ထိခိုက်ခြင်းသည် အလွန်တရာ ပြင်းထန်သောကြောင့် ဤကဲ့သို့ မျက်ရည်ယိုလာရတယ်ဟုမှတ်ပါ။

ရူပါရုံတိုက်ခိုက်ခြင်းမှာလည်း မိမိတို့အဇ္ဈတ္တသန္တာန်၌ နှလုံးသွေးကလေးသည် ရှိ၏။ ၎င်းနှလုံးသွေး၌ အရိပ်ကလေးကဲ့သို့ ပေါ်လာပြီး ထင်၏။ ဤကဲ့သို့ ထိခိုက်ခြင်း၌ ပြင်းထန်သောကြောင့် အပွင့်ဓာတ်ဟုဆိုအပ်တဲ့ ဘဝင်္ဂစလနကလေး ပေါ်လာရတယ်လို့ မှတ်လေ။

ဤကဲ့သို့ထိခိုက်လိုက်တဲ့အခါမှာ မြေ၌စိုက်ထူထားသော တိုင်စသည်များကို ထိမှန်လိုက်သည်ရှိသော် လှုပ်ရှားပြီးသွားသကဲ့သို့ ဟဒယဝတ္ထုတည်းဟူသောအခံဓာတ်ကို ရူပါရုံတည်းဟူသော အတိုက်ဓာတ် ထိခိုက်လိုက်တဲ့အခါမှာလည်း လှုပ်ရှားသွားသောကြောင့် 'ဘဝင်္ဂစလန' ဟုခေါ်ရသည်မှတ်လေ။

ထို့ကြောင့် စိတ် စေတသိက်ဟုဆိုအပ်သော အာရမ္မဏိကတရားတို့သည် အာရုံနှင့်ကင်းပြီး ဘယ်သောအခါမျှ မဖြစ်ပါဘူးလို့ သိစေခြင်းငှာ-

**စိတ္တစေတသိကာဟိ အာလမ္ဗီယတိ၊ တာနိ ဝါ အာဂန္တွာ ဧတ္ထ ရမန္တီတိ အာရမ္မဏံ။** - ဟု ဋီကာကျော် မိန့်ဆို၏။

စိတ္တစေတသိကေဟိ၊ စိတ် စေတသိက်တို့သည်။ အာလမ္ဗီယတိ၊ စွဲမှီအပ်၏။ ဣတိ၊ ထို့ကြောင့်။ အာရမ္မဏံ၊ အာရုံမည်၏။ ဝါ၊ တစ်နည်းကား။ တာနိ၊ ထိုစိတ် စေတသိက်တို့သည်။ ဧတ္ထ၊ ဤအာရုံ၌။ အာဂန္တွာ၊ လာ၍။ ရမန္တိ၊ မွေ့လျော်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။

အာရမ္မဏံ၊ အာရုံမည်၏။

စိတ် စေတသိက်တို့သည် အာရုံကိုဆွဲကိုင်ရမှ ဖြစ်ပေါ်ရ၏။ အာရုံကိုမဆွဲကိုင်ဘဲနှင့် မဖြစ်နိုင်။ ဥပမာအားဖြင့် မစွမ်းမသန်သော သူသည် တောင်ဝှေး ကြိုးတန်းရှိမှ သွားနိုင်လာနိုင်, ရပ်နိုင်ထိုင်နိုင်ဘိ သကဲ့သို့ ထို့အတူမှတ်ပါလေ။ ထို့ကြောင့် ဋီကာ၌ -

**ဒုဗ္ဗလပုရိသေန ဒဏ္ဍာဒိ ဝိယ စိတ္တစေတသိကေဟိ**
**အာလမ္ဗီယတိ အာရမ္မဏံ** - ဟု ဆိုတော်မူ၏။

ဒုဗ္ဗလပုရိသေန၊ အားနည်းသော ယောကျ်ားသည်။ ဒဏ္ဍာဒိ၊ တောင်ဝှေး ကြိုးတန်းအစရှိသည်ကို။ အာလမ္ဗီယတိ-ဂယှတိ ဝိယ၊ ဆွဲကိုင်၍ ထအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ စိတ္တစေတသိကေဟိ၊ စိတ် စေတသိက်တို့သည်။ အာလမ္ဗီယတိ-ဂယှတိ၊ ၏။ ဣတိ၊ ထို့ကြောင့်။ အာရမ္မဏံ၊ အာရုံမည်၏။

ယခုလောကကြီးမှာ လျှောက်ပြီးကြည့်လိုက်တဲ့အခါမှာ မြင်ချင် ကြည့်ချင်တဲ့ ရူပါရုံ၊ မမြင်ချင် မကြည့်ချင်တဲ့ ရူပါရုံမှန်သမျှတို့သည် အာရမ္မဏပစ္စည်းပဲလို့ယူလေ။

ထို့ကြောင့် ဦးပဏ္ဍိတ့် ဆွမ်းခံသွားတဲ့အခါမှာ မစင်ပုံကြီးကို နင်းမိခဲ့၏။ ဤသို့နင်းမိတဲ့အခါ ကံမကောင်းအကြောင်းမသင့်လို့ပဲ နင်းမိတာလား။ သို့တည်းမဟုတ် နင်းချင်လို့ပဲ နင်းတာလားဆိုလျှင် ကံမကောင်းလို့ နင်းမိတာလို့ ဖြေကြမှာပဲ။ ယခု လောကမှာရှိတဲ့ လူတွေသည် ဤသို့ပဲပြောဆိုကြ၏။ ဤကဲ့သို့ယူပါက ပစ္စယပရိဂ္ဂဟ ဉာဏ်ကို မရသေးဘူးလို့မှတ်ရမယ်။

၄င်းမစင်ပုံကိုနင်းမိတဲ့အခါမှာ အနိဋ္ဌာရုံတည်းဟူသော ရူပါရုံကြောင့်သာ မိမိတို့နင်းမိတယ်လို့မှတ်။ ဤကဲ့သို့နင်းမိတဲ့အခါမှာ မိမိတို့၏ခြေထောက်မှာ နွေးခနဲဖြစ်သွားတာ ဘာ့ကြောင့်လဲဆိုလျှင် ၄င်းရူပါရုံနှင့် မိမိတို့၏ဖောဋ္ဌဗ္ဗာရုံ ထိခိုက်မိသောကြောင့် ဤကဲ့သို့ဖြစ်ရတယ်လို့မှတ်ရမည်။ **သဘောရှိပါလေ။**

မိမိတို့ ဆွမ်းကိုမစားချင်တဲ့အခါမှာလည်း ဝေဒနာနှိပ်စက်လို့မစားချင်တာပဲဟု ပြောလေ့ပြောထရှိကြ၏။ ဤကဲ့သို့လည်း ယူဆကြကုန်၏။ ဤကဲ့သို့မယူရ။ ၄င်းဆွမ်းတည်းဟူသော ရူပါရုံကြောင့်မစားချင်တာပဲဟူ၍သာယူရမည်၊ ဝေဒနာနှိပ်စက်သောကြောင့်မစားချင်တာမဟုတ်။

ရူပါရုံနှင့်စက္ခုပသာဒ တွေ့ဆုံရေးရှုသောဝီထိ၌ -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ လောဘဇော(၇)ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ရူပါရုံသည် အာရမ္မဏပစ္စည်း၊ စက္ခုဝိညာဏ်, သမ္ပဋိစ္ဆသာဓာရဏ စေတသိက် ခုနစ်လုံးသည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, အဇ္ဈတ္တကလာပ်ရုပ် ရှစ်ခုတို့တွင် ရူပါရုံမှတစ်ပါး ကျန်ရုပ်ခုနစ်ခုသည် ပစ္စနိက်ထုတ်ပါ။

အာရုံဓမ္မသည် မိမိတို့အား ယဉ်ကျေးအောင်လည်းလုပ်နိုင်၏။ ဘယ်အခါ၌ မိမိတို့အား ယဉ်ကျေးအောင်လုပ်ပါသလဲဆိုရင် မိမိတို့သည် အလွန်အဆင်းလှတဲ့ ရူပါရုံကလေးကိုတွေ့လိုက်တဲ့အခါမှာ နှစ်သက်တဲ့

စိတ်မရှိပါဘဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတင်ပြီး ရှုလိုက်တဲ့အခါမှာ ၄င်းရူပါရုံကြောင့် မိမိတို့၏စိတ်တွေဟာ ယဉ်ကျေးလာပါတယ်လို့မှတ်ပါ။

ဤကဲ့သို့မဟုတ်ပါဘဲ ပွဲရုပ်ရှင်များကို သွားပြီးကြည့်ရှုလိုက်တဲ့ အခါမှာ မိမိတို့၏စိတ်တွေဟာ တပ်မက်နှစ်သက်ခြင်းဟုဆိုအပ်တဲ့ ဖောက်ပြန်ပျက်စီးသော နာမ်ဓမ္မတွေ ပေါ်ပေါက်လာသည်ဖြစ်ပါသဖြင့် ၄င်းရူပါရုံတွေကြောင့် မိမိတို့၏စိတ်တွေ ရိုင်းစိုင်းလာရတယ်လို့ မှတ်ရမယ်။

ရူပါရုံသည် တစ်ခုသောကလာပ်၌ အဖြူ အနီ အရွှေ အကြောင် အကျားတွေရှိငြားသော်လည်း တစ်ခုသောရူပါရုံသည်သာလျှင် ပစ္စည်းလို့ မှတ်ရမည်။

## စက္ခုဝိညာဏ် ဖြစ်ခြင်း၏အကြောင်း

စက္ခုဝိညာဏ် ဖြစ်ခြင်း၏အကြောင်းမှာ - ရူပါရုံ၊ စက္ခုပသာဒ၊ အာလောက၊ မနသိကာရအားဖြင့် ပေါင်းလေးပါး။ ၄င်းလေးပါးလုံးကိုပင် ရူပါရုံက ကျေးဇူးပြုပါတော့လားလို့ဆိုပါလျှင် မပြုနိုင်ပါဘူးတဲ့။ ဘာ့ကြောင့်လဲဆိုရင် ရူပါရုံသည်သာလျှင် အာရမ္မဏပစ္စည်းထိုက်၏။ သို့ဖြစ်ပါ၍ **"ရူပါယတနံ စက္ခုဝိညာဏဓာတုယာ (လ) အာရမ္မဏ-ပစ္စယေန ပစ္စယော"** ဟူ၍ဟောတော်မူရ၏။

၄င်းလေးပါးကြောင့် စက္ခုဝိညာဏ် ဖြစ်ပေါ်ရတယ်ဆိုပါလျှင် ၄င်းလေးပါးကို ပစ္စည်းဘက်က ထားဆိုသင့်၏မဟုတ်ပါလောဟု မေးငြားအံ့- မသင့်ပါ။ ဘာ့ကြောင့်လဲ၊ စက္ခုပသာဒသည်

ဝဏ္ဏုပ္ပရေဇာတသတ္တိ၊ အာလောကသည် ပကတူပနိဿယသတ္တိ၊ မနသိကာရသည် အနန္တရသတ္တိ၊ ရူပါရုံသည် အာရမ္မဏသတ္တိ။ ဤကဲ့သို့ လေးပစ္စယသတ္တိဖြင့်ကျေးဇူးပြုမှ စက္ခုဝိညာဏ် ဖြစ်ပေါ်ရသောကြောင့် မထားသင့်ဘူးလို့မှတ်ပါ။

သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာတော့ စက္ခုဝိညာဏ်၏ ဖြစ်ပေါ်လာရခြင်းအကြောင်းကို အကြောင်းလေးကြောင်းထားပြီး မိန့်တယ်။ ယခုပဋ္ဌာန်းကျမ်းမှာတော့ **"ရူပါယတနံ စက္ခုဝိညာဏဿ"** လို့ဟောထားပါသဖြင့် အကြောင်းတစ်ခုတည်းသာ ပါသည်ဖြစ်၍ ဤကဲ့သို့ မြတ်စွာဘုရားသခင် ဘာ့ကြောင့်ဟောတော်မူရပါသလဲလို့ မေးခဲ့ပါလျှင် ၎င်းရူပါရုံကို မိမိတို့မြင်တဲ့အခါမှာ အလင်းရောင်ကြီး အလျှင်အဦးမြင်ပြီးမှ ရူပါရုံကိုမြင်ရတယ်။

၎င်းနောက် ဤရူပါရုံဟာ အနီလား၊ အစိမ်းလားစသည်ဖြင့် ဆင်ခြင်တဲ့ မနသိကာရပေါ်လာသည်။ သို့ဖြစ်ပါ၍ အကြောင်း တစ်ခုတည်း မဟုတ်ပါဘဲ ဤကဲ့သို့ဟောတော်မူလိုက်ပါသဖြင့် အကြောင်းလေးကြောင်းစလုံး ပါတယ်ဆိုတာကိုသိရမည်ဖြစ်သော ကြောင့် ဤနေရာ၌ လျှဉ်းပါးစရာမရှိပေ။

ပါဠိတော်၌ "ရူပါယတနံ စက္ခုဝိညာဏဿ" လို့ ဟောတော်မူ ရခြင်းမှာ 'ယံ ယံ' ၌ ယံ-ဟူသော ဧကဝုစ်ဖြင့် တစ်ခုတည်းသော ရူပါရုံ၏ ပစ္စည်းအဖြစ်ကို သိစေခြင်းငှာဟောတော်မူသည်။ 'ယံ ယံ' ဟု ဝိစ္ဆာဖြင့်ဟောတော်မူရခြင်းမှာ ရူပါရုံတို့၏အရောင် ဦးစွာရှိသော ကြောင့် နှံ့စေခြင်းငှာ ဟောတော်မူသည်ဟုမှတ်ပါ။

အကြင်ပုဂ္ဂိုလ်သည် သက်န်းတည်းဟူသော အဝါရောင်ရူပါရုံကို အာရုံပြုလိုလတ်သည်ရှိသော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ထို့နောင် ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ သက်န်းတည်း ဟူသော အဝါရောင်ရူပါရုံသည် အာရမ္မဏပစ္စည်း၊ ပဥ္စဒွါရာဝဇ္ဇန်းသည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်။ သက်န်းတည်းဟူသော အဝါရောင် ရူပါရုံသည် အာရမ္မဏပစ္စည်း၊ စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုဏာဓိဏ စေတသိက် ခုနစ်ခုသည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်။ သက်န်းတည်း ဟူသော အဝါရောင်ရူပါရုံသည် ပစ္စည်း၊ သမ္ပဋိစ္ဆိုင်းသည် ပစ္စယုပ္ပန်။ ၄င်းတို့သည် ဖြစ်စေအပ်သော စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်သည် အာရမ္မဏပစ္စည်း၏ ပစ္စနိက်မှတ်ပါ။

## သောတဝိညာဏ် ဖြစ်ခြင်း၏အကြောင်း

အသံဓာတ်ကလေး ဖြစ်ပေါ်ရခြင်းမှာ ကမ္မဇကလာပ်နှင့် စိတ္တဇ ကလာပ်တို့၏အထဲမှာပါတဲ့ ပထဝီဓာတ်တို့၏ထိခိုက်ခြင်းကြောင့် အသံ ဖြစ်ပေါ်လာရာ၏။ ထိခိုက်ခြင်းဟာလည်း အားလုံးကုန်သော ကမ္မဇကလာပ်တို့ ထိခိုက်ကြတာမဟုတ်။ ကမ္မဇကလာပ်ထဲက ကာယဒသက, ဘာဝဒသက, ဇီဝိတနဝကကလာပ်အားဖြင့် သုံးပါး၊ စိတ္တဇကလာပ်ထဲက ဝစီဝိညတ္တိဒသကကလာပ် တစ်ပါး၊ ပေါင်း လေးပါးတို့ထိခိုက်ခြင်းကြောင့် အသံ သဒ္ဒနဝကကလာပ် ဖြစ်ပေါ်လာရ တယ်လို့မှတ်လေ။

၄င်းသဒ္ဒနဝကကလာပ်သည် ဥပါဒ် ဌီ ဘင် ဖြစ်ပြီးသကာလ

ချုပ်သွားပြီးသည့်နောက် ၎င်းကလာပ်ထဲမှာပါတဲ့ တေဇောဓာတ်က အသံကလေးဖြစ်ပေါ်လာအောင် အားထုတ်လိုက်၊ တစ်ဖန် သူကပဲ ဖျက်ပစ်လိုက်။ ဤကဲ့သို့ဖြစ်ပြီးသကာလ ၎င်းစိတ်ကြောင့်ဖြစ်တဲ့ အသံကလေးသည် လည်ချောင်းဝသို့ရောက်တဲ့အခါ ချုပ်ပျောက်သွား ခဲ့၏။ မိမိတို့၏ ပါးစပ်ပေါက်သို့ရောက်တဲ့အသံမှာတော့ ဥတုကြောင့် ဖြစ်တဲ့ အသံလို့မှတ်လေ။

မိမိတို့၏နားထဲမှာ အဏုမြူပမာဏရှိတဲ့အမွေးကလေးသည် ကမ္ဘဇကလာပ်ဖြစ်သောကြောင့် **'ခဏေ ခဏေ သမုဋ္ဌာပေတိ'** အရ ခဏတိုင်းခဏတိုင်း ဖြစ်ပြီးနေတယ်။ ဤကဲ့သို့ ဖြစ်နေတဲ့အခါမှာ တခြားသောသူများက ပြောလိုက်သည်ရှိသော် မိမိကပဲ နားထောင်နေလို့ ကြားတာလား၊ သို့တည်းမဟုတ်ပါဘဲ သူတစ်ပါးကပဲ ပြောလို့ကြားရ တာလားလို့ဆိုတော့ သူတစ်ပါးကပြောလို့ ကြားရတာမှတ်။ ဘာ့ကြောင့် ဆိုလျှင် မိမိတို့၏နားမှာရှိတဲ့ သောတပသာဒကလေးမှာ အမြဲနားထောင်နေ သော်လည်း သူတစ်ပါးကမပြောလျှင် ဘယ်တော့မှ မကြားပါဘူးလို့ဟူ၍ မှတ်ပါ။

သောတဝိညာဏ် ဖြစ်ပေါ်ရခြင်း၏အကြောင်းမှာ - သဒ္ဒါရုံ၊ သောတပသာဒ၊ အာကာသ၊ မနသိကာရအားဖြင့် လေးပါးမှတ်ပါ။ ကျေးဇူးပြုခြင်းကို နောက်တုန်းကကဲ့သို့ သူ့သတ္တိနှင့်သူ ကျေးဇူးပြုကြ၏ လို့မှတ်။

၎င်းသောတပသာဒ၏ ဝီထိမှာ -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ သော၊ သံ၊ ဏ၊ ဝု၊ ဒေါသဇော (၇)

ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ သဒ္ဒါရုံသည် အာရမ္မဏပစ္စည်း၊ သောတဝိညာဏ်, သမ္ပဋိစ္ဆသာဓာရဏ စေတသိက် ခုနစ်လုံးသည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်၊ စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်သည် ပစ္စနိက်။ သဒ္ဒါရုံမှာတော့ ပစ္စည်းလည်းထိုက်၏။ ပစ္စနိက်လည်းထိုက်၏။

## ဃာနဝိညာဏ် ဖြစ်ခြင်း၏အကြောင်း

ဃာနဝိညာဏ် ဖြစ်ပေါ်ခြင်း၏အကြောင်းမှာ- ဂန္ဓာရုံ၊ ဃာနပသာဒ၊ ဝါယောဓာတ် (ဝါတ)၊ မနသိကာရအားဖြင့် လေးပါး မှတ်ပါ။ ကျေးဇူးပြုပုံမှာ ရှေးကအတိုင်းပင်မှတ်။

အကြင်ပုဂ္ဂိုလ်သည် မိမိတို့၏ချွေးနံ့ကိုအာရုံပြု၍ ဝီထိဖြစ်လို လတ်သော်-

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ဃာ၊ သံ၊ ဏ၊ ဝု၊ ဇေါသဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ဂန္ဓာရုံသည် ပစ္စည်း၊ ဃာနဝိညာဏ်သည် ပစ္စယုပ္ပန်၊ စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်သည် ပစ္စနိက်။ ဂန္ဓာရုံသည် ပစ္စည်းလည်းထိုက်၏၊ ပစ္စနိက်လည်းထိုက်၏။ ပဋ္ဌာန်းဒါရာဝန္ဓန်းအစ တဒါရုံအဆုံးတိုင်အောင် ပစ္စည်းတပ်ပါလေ၊ လွယ်ပါ၏။

မိမိတို့၏သန္တာန်၌ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ပထဝီ တေဇော အာပေါ ဝါယောဟူ၍ ဓာတ်ကြီးရှစ်ပါးရှိရာတွင် ဗဟိဒ္ဓကဂန္ဓာရုံနှင့် လာပြီးထိခိုက်တဲ့အခါမှာ ၄င်းဓာတ်ရှစ်ပါးလုံးကိုပင်ထိခိုက်သလား၊ သို့တည်းမဟုတ်ဘဲ ဓာတ်တစ်ခုတည်းကိုပင်ထိခိုက်ပါသလားဟူ၍

မေးခဲ့ပြီးအံ့- ၄င်းခေတ်ရှစ်ပါးလုံးကိုပင်ထိခိုက်တယ်လို့မှတ်။ ဤကဲ့သို့ ထိခိုက်ခဲ့လို့ရှိပါလျှင် ဝဏ္ဏ, ရသစသည်တို့မှာတော့ ပေါ်မလာဘဲ ချွေးနံ့တည်းဟူသော ဂန္ဓာရုံတစ်ခုတည်းသာ ဘာ့ကြောင့်ပေါ်ရပါ သနည်း။ မိမိတို့၏သန္တာန်မှာရှိတဲ့ ဝဏ္ဏစသည်တို့မှာတော့ သိစေတတ် သောဝိညာဏ် မဖြစ်ပေါ်ဘဲ ဂန္ဓာရုံမှာသာဖြစ်ပေါ်ရကား ဂန္ဓာရုံ၏ ထိခိုက်ခြင်းသည်သာလျှင် ထင်ရှား၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ``ဂန္ဓာယတနံ ဃာနဝိညာဏဿ'' လို့သာဟောတော်မူတယ်လို့ မှတ်လေ။

မူလက စပြီးဖြစ်တဲ့ ဂန္ဓာရုံ၏အနံ့သည် ဖြစ်ပြီးချုပ်သွားရကား ရှေးဖြစ်တဲ့ ဂန္ဓာရုံ၏အနံ့သည် ဘုတ်အဆက်ဆက်အားဖြင့်ကျေးဇူးပြု သောကြောင့် ရှေးဖြစ်သောဂန္ဓာရုံသည် ပုရေဇာတလို့မှတ်။ အနားမှာ ကပ်ပြီးဖြစ်တဲ့ အနံ့ကိုတော့ ပုရေဇာတ၏အဖြစ်ဖြင့် မယူရ။ သို့ဖြစ်ပါ၍ ရှေးဦးအစဖြစ်တဲ့ ဂန္ဓာရုံ၏အနံ့သည် မွှေးခဲ့လို့ရှိလျှင် နောက်ဖြစ်တဲ့ ဂန္ဓာရုံ၏အနံ့မှာလည်း အမွှေးနံ့ပင်ဖြစ်ရကား ရှေးဆုံးဖြစ်တဲ့ ဂန္ဓာရုံ၏ အနံ့နှင့် မကင်းသောကြောင့် အဝိဂတမှတ်ပါလေ။

မိမိတို့သည် နှင်းဆီပွင့်တစ်ပွင့်ကို ကိုင်ပြီးနမ်းတဲ့အခါမှာ အကောင်းဆုံးဖြစ်တဲ့ အနံ့၊ အလယ်အလတ်ဖြစ်တဲ့ အနံ့၊ အယုတ်ဖြစ်တဲ့ အနံ့ဟူ၍ သုံးမျိုးသုံးစားရှိရာတွင် အကောင်းဆုံးဖြစ်တဲ့အနံ့က ထိခိုက်လို့ ရှိလျှင် ၄င်းအကောင်းဆုံးဖြစ်တဲ့အနံ့သည်သာလျှင် အာရမ္မဏပစ္စည်း၊ ကြွင်းနှစ်ပါးသည် ပစ္စနိက် ဖြစ်၏။ ထို့ကြောင့် 'ယံ ယံ'လို့ ဝိစ္ဆာနှင့် မြတ်စွာဘုရားဟောတော်မူတယ်လို့မှတ်။

## ဇိဝှါဝိညာဏ် ဖြစ်ခြင်း၏အကြောင်း

ဇိဝှါဝိညာဏ် ဖြစ်ခြင်း၏အကြောင်းမှာကား - ရသာရုံ၊ ဇိဝှါပသာဒ၊ အာပေါဓာတ် (အာပ)၊ မနသိကာရအားဖြင့် လေးပါးတည်း။

အကြင်ပုဂ္ဂိုလ်သည် သံပုရာသီးစားလိုလတ်သည်ရှိသော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ဇိ၊ သံ၊ ဏ၊ ဝု၊ ဒေါသဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ သံပုရာသီးကိုမြင်တဲ့အခါ မစားမီကပင် ချဉ်မှန်းကို သိတာလား၊ စားပြီးမှ သိတာလားဆိုလျှင် စားပြီးမှ သိတယ်လို့မှတ်ရမယ်။ မစားမီကသိတယ်ဆိုတာမှာ သူများပြောသံကို ကြားလို့သာ ၎င်းသံပုရာသီးဟာ ချဉ်တာပဲလို့သိရ၏။ စင်စစ်မှာတော့ ဇိဝှါပသာဒသို့ရောက်မှ သိရတယ်မှတ်။ ဤနေရာမှာ ရသာရုံသည် ပစ္စည်း၊ ဇိဝှါဝိညာဏ်သည် ပစ္စယုပ္ပန်၊ ကျန်တရားများမှာ ပစ္စနိက် မှတ်ပါလေ။

## ကာယဝိညာဏ် ဖြစ်ခြင်း၏အကြောင်း

ကာယဝိညာဏ် ဖြစ်ခြင်း၏အကြောင်းမှာ - ဖောဋ္ဌဗ္ဗာရုံ၊ ကာယပသာဒ၊ ပထဝီဓာတ် (ထဒ္ဓ)၊ မနသိကာရအားဖြင့် လေးပါး တည်း။

အကြင်ပုဂ္ဂိုလ်သည် ကြမ်းပေါ်မှာထိုင်လိုလတ်သည်ရှိသော်-

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ မဟာကုသိုလ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဇောမှာ လောဘဇော၊ ဒေါသဇောလည်း ဖြစ်နိုင်သေး၏။ ဖောဋ္ဌဗ္ဗာရုံ၌ မဟာဘုတ်သုံးခုတို့တွင် တစ်ခုခုသည်သာလျှင် အာရမ္မဏပစ္စည်း၊ ကျန်နှစ်ပါးမှာ ပစ္စနိက် မှတ်လေ။

ဖောဋ္ဌဗ္ဗာရုံသုံးခုတို့တွင် ပထဝီသည် ပစ္စည်း၊ မဟာကုသိုလ် ပထမဇောနာမက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ၎င်းသည် ဖြစ်စေအပ်သော စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်သည် ပစ္စနိက်မှတ်။ ပထဝီမှတစ်ပါး သော ကျန်သောရုပ်ခုနစ်ခုသည် ပစ္စနိကမှတ်။ ၎င်းဖောဋ္ဌဗ္ဗာရုံ၏ ဖြစ်ပေါ်ရခြင်းမှာ အာရမ္မဏသတ္တိ၊ ပုရေဇာတသတ္တိ၊ အနန္တရသတ္တိ စသော သုံးပစ္စယသတ္တိဖြင့်ကျေးဇူးပြုမှ ဖြစ်ပေါ်လာရသည်။

မိမိတို့သည် ဓားကြီးကိုမြင်တဲ့အခါမှာ လန့်လိုက်တာ၊ လှံကြီးကို မြင်တဲ့အခါ လန့်လိုက်တာဟူ၍ဆိုသည်မှာ တလက်လက်နေသော ရူပါရုံတွေက မိမိတို့အား ထိခိုက်သောကြောင့် ဤကဲ့သို့ဖြစ်ရတယ်မှတ်။

အမေကို အမေမှတ်၍ ထမင်းကျွေးလိုလတ်သည်ရှိသော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ဉာဏဝိပ္ပယုတ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ အမိတည်းဟူသော ပညတ်ဓမ္မာရုံသည် ပစ္စည်း၊ ဉာဏဝိပ္ပယုတ်ဇောတို့သည် ပစ္စယုပ္ပန်မှတ်၊ စိတ္တဇရုပ် (လ) ပဝတ္တိ ကမ္မဇရုပ်သည် ပစ္စနိကမှတ်။

ဤဝီထိမှာ မိမိတို့အား မိဘတို့၏ကျွေးမွေးပြုစုခဲ့သော ဂုဏ်ကျေးဇူးတွေကိုမအောက်မေ့ဘဲ အမိအဖမဟုတ်သော ပညတ်တည်း ဟူသောအာရုံကို အာရုံပြုနေရကား ဉာဏသမ္ပယုတ်ဇော မဇောနိုင်ဘဲ ဉာဏဝိပ္ပယုတ်ဇောသာ ဇောရတယ်လို့မှတ်လေ။

ယခုလောကမှာရှိကြတဲ့လူတို့သည် မင်္ဂလာတရားတော် လာတဲ့အတိုင်း မိဘများကို ကျွေးမွေးပြုစုရတယ်။ အမိအဖများကို မပြစ်မှားကောင်းဘူး။ မိဘများကို ပြစ်မှားခဲ့လို့ရှိလျှင် ပဉ္စာနန္တရိယကံ

ထိုက်တယ်စသည်ဖြင့် ဒီလောက်သာသိကြတဲ့ လူကများနေကြပေ၏။ အမိဆိုသည်ကား ပညတ်တည်းဟူသော ဂုဏ်ပါတကား၊ အဖဆိုသည်ကား ပညတ်တည်းဟူသော ဂုဏ်ပါတကား။ ငါတို့သည် ၄င်းပညတ်တည်းဟူသောအာရုံတွေကို အာရုံမပြုဘဲ အမိအဖတို့သည် မိမိတို့အား ငယ်စဉ်တောင်ကျေးကလေးသူငယ်တုန်းက စောင့်ရှောက်ခဲ့သော "ငါ့သားကလေးသည် ဝဝဖြိုးဖြိုးရှိပါစေ၊ ငါ့သားကလေးအား ခြင်မကိုက်ပါစေနဲ့၊ ငါ့သားကလေးသည် ကျန်းကျန်းမာမာရှိရအောင် မတည့်သော အစားအစာတွေ ငါမစားဘူး၊ ငါရှောင်ကြဉ်ရမယ်"စသည်ဖြင့် အမိအဖတို့သည် မိမိတို့အား ပြုစုစောင့်ရှောက်လာခဲ့တဲ့ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဟုဆိုအပ်သော နာမ်ဓမ္မတွေကိုသာ အာရုံပြုမယ်။ ဤကဲ့သို့ ပညတ်၊ ပရမတ်ဂုဏ်တွေကို ပိုင်းခြားဝေဖန်ပြီးသကာလ သိပြီး ကျွေးမွေးပြုစုမှ ဉာဏသမ္ပယုတ်ဇော စောရမည်။

အကြင်ပုဂ္ဂိုလ်သည် ငါပြုသောအမှုသည် မှားပြီဟုတစ်ဖန် ဆင်ခြင်တွေးလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မဟာကုသိုလ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ရှေး၌ပြုအပ်သောအမှု၏ မှားသော ဒေါသဇောသည် အာရမ္မဏပစ္စည်း၊ မိမိပြုမိသောအမှု၏ မှားသည်၏ အဖြစ်ကို နောက်မှတစ်ဖန်သတိရ၍ ငါပြုသောအမှုသည် မှားလေပြီဟု တစ်ဖန်ပြန်၍ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ပထမဇော နာမက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ၄င်းနာမက္ခန္ဓာတို့သည် ဖြစ်စေအပ်သော စိတ္တဇရုပ် (လ) ပဝတ္တိ ကမ္မဇရုပ်တို့သည် ပစ္စနိက်ဟူ၍မှတ်။

အကြင်ပုဂ္ဂိုလ်သည် မိမိလှူပြီးသော အလှူ၏စေတနာကို ဆင်ခြင်လိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ဉာဏသမ္ပယုတ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ အတိတ်ကပြုခဲ့သော စေတနာသည် အာရမ္မဏပစ္စည်း၊ ယခုမှတစ်ဖန်ဖြစ်ပေါ်လာသော ဉာဏသမ္ပယုက်ဇော နာမက္ခန္ဓာတို့သည် ပစ္စယုပ္ပန်၊ ၎င်းတို့သည် ဖြစ်စေအပ်သော စိတ္တဇရုပ် (လ) ပဝတ္တိ ကမ္မဇရုပ်သည် ပစ္စနိက်မှတ်။

အကြင်ပုဂ္ဂိုလ်သည် တေဘူမကသင်္ခါရကို အနိစ္စ ဒုက္ခ အနတ္တ ဟုစီးဖြန်း၍ သောတာပတ္တိမဂ်ကျလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ကံ၊ ဥ၊ နု၊ ဂေါ၊ သောတာပတ္တိမဂ် တစ်ကြိမ်၊ ဖိုလ် နှစ်ကြိမ်, သုံးကြိမ်၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံဟူသော ဉာဏသမ္ပယုတ်ဇော တို့သည် တေဘူမကသင်္ခါရကို အာရုံပြု၏။ ဂေါတြဘူ, သောတာပတ္တိ မဂ်, ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြု၏။ တေဘူမကသင်္ခါရသည် အာရမ္မဏပစ္စည်း၊ မနောဒွါရာဝဇ္ဇန်းအစ အနုလုံအဆုံးတို့သည် ပစ္စယုပ္ပန်။ နိဗ္ဗာန်သည် ပစ္စည်း၊ ဂေါတြဘူ, မဂ်, ဖိုလ်တို့သည် ပစ္စယုပ္ပန်။ ဉာဏသမ္ပယုတ်ဇောတို့သည် လောကုတ္တရာကို အာရုံပြုနိုင်၏ဟု ဆိုငြားသော်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့၏သန္တာန်မှာဖြစ်တဲ့ ကာမာဝစရ ဉာဏသမ္ပယုတ်ဇောသည် လောကုတ္တရာကို အာရုံမပြုနိုင်ဘူးလို့ မှတ်ရမည်။ ဥပမာအားဖြင့်ဆိုသော် မီးရဲရဲကြီးဖြင့် တစ်နေ့ပတ်လုံး ဖုတ်ပြီးထားတဲ့သံတုံးကြီးကို တစ်ခုသောယင်ကောင်ငယ်သည် နားခြင်းငှာ မစွမ်းနိုင်သကဲ့သို့မှတ်ရမည်။

အဘိညာဉ်ခုနစ်ပါးတို့တွင် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၊ အနာဂတံသအဘိညာဉ်သည်သာ နိဗ္ဗာန်ကိုအာရုံပြုနိုင်၏။

သို့သော်လည်း ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်၏ဟု အဋ္ဌကထာဆရာဆိုတော်မူ၏။

မူလဋီကာဆရာကတော့ ၄င်းပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဟာ နိဗ္ဗာန်ကို အာရုံမပြုနိုင်ဘူးလို့ဆိုတော်မူ၏။ အဘယ့်ကြောင့်ဆိုသော် ၄င်းပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်သည် နိဗ္ဗာန်ကို အာရုံပြုရာ၌ ရှေး၌နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အာရုံပြုရမည်ဖြစ်ပါသောကြောင့် နိဗ္ဗာန်သည် ရှေး၌နေခဲ့ဖူးသောသူမည်သည် မရှိရကား ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်သည် နိဗ္ဗာန်ကို အာရုံမပြုနိုင်ဟုမှတ်လေ။

တစ်နည်းအားဖြင့်လည်း မြတ်စွာဘုရားကိုယ်တော်မြတ်သည် "အဗျာကတာ ခန္ဓာ"ဟူ၍ ပဋ္ဌာန်းပါဠိတော်မှာ ဟောထားရကား ၄င်းပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်သည် ဥပါဒ် ဌီ ဘင်ဟုဆိုအပ်သော ဇာတိ ဇရာ မရဏရှိတဲ့တရားမျိုးထဲက ဖြစ်နေရကား နိဗ္ဗာန်မှာတော့ ၄င်းတရားမျိုးမှ လွတ်ကင်းနေတဲ့တရား ဖြစ်ပြန်ရကား နိဗ္ဗာန်ကို အာရုံမပြုနိုင်ဟုမှတ်လေ။ (ဤကား ဋီကာဆရာအလိုတည်း။)

အဋ္ဌကထာဆရာအလိုကတော့ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ ဘုရားထံမှာ ဗျာဒိတ်တော်ရတဲ့အခါ သုမိတ္တာသူဌေးသမီးကလေးသည် မြတ်စွာဘုရားနှင့် သုမေဓာရသေ့ကလေးအား ကြာပန်းများ ခွဲဝေပြီး လှူတဲ့အခါမှာ ရသေ့ဘက်ကိုသာ ကြာပန်းတွေ များများသွားပေး၏။ ဒါဘာ့ကြောင့်ဆိုလျှင် ဘဝါဘဝကဆည်းပူးပြီးလာခဲ့တဲ့ ပါရမီ အဆောက်အဦတွေက များသောကြောင့်လို့မှတ်ရမယ်။

ငှင်းရသေ့ကလေးအား ဒီပင်္ကရာမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက အသင်သည် မချွတ်ကေန်ဘုရားဖြစ်လတ္တံ့လို့ ဗျာဒိတ်တော်ပေးပြီးနောက် ဤရသေ့ကလည်း ဈာန်ရပြီးသားပုဂ္ဂိုလ်ဖြစ်လေတော့ 'ငါတစ်ယောက်တည်း နိဗ္ဗာန်ကိုသွားပါက အဘယ်အကျိုးရှိတော့အံ့နည်း' လို့ စိတ်တော်၌ကြံပြီးလျှင် မိမိလက်သို့ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကြီးကို မယူသေးပါဘဲစွန့်လွှတ်သွားရကား ပုထုဇဉ်လည်းနိဗ္ဗာန်ကိုအာရုံပြုနိုင်၏။

ဒီပင်္ကရာမြတ်စွာဘုရားကလည်း အသင်သည် ဤဘဝ၌ပင်လျှင်နိဗ္ဗာန်ကို ရနိုင်တယ်လို့ ဗျာဒိတ်စကား မိန့်ကြားသွားသော်လည်း မယူသေးဘဲ စွန့်ပစ်၍သွား၏။ ငှင်းသုမေဓာရသေ့ကလေးသည် သူဌေးသားဘဝတုန်းက ဆင်ခြင်သည်မှာ ငါ၏မိဘများသည်ကား လို့ဆိုရင် စည်းစိမ်ဥစ္စာ ရတနာတွေကို စွန့်လွှတ်ပြီး သွားပေ၏။ ငါသည်ကား ငှင်းစည်းစိမ်ဥစ္စာတွေကို မပါ,ပါအောင်ယူမယ်။ ငါ၏ခန္ဓာကိုယ်ကြီးဟာလည်း အစဉ်မပြတ် ဖြစ်လိုက်ချုပ်လိုက်နဲ့နေလာခဲ့တယ်။ ဆင်းရဲခြင်းဟုဆိုအပ်သော ဝဋ္ဋဒုက္ခမှ ဘယ်တော့မှလွတ်နိုင်မှာမဟုတ်ဘူး။ ဟယ်··· အပူတည်းဟူသော တရားရှိပါက အအေးတည်းဟူသော တရားဟာ ကေန်မုချရှိမှာပဲလို့ အနုမာနမှန်းဆပြီးသကာလ မိမိ၏ခန္ဓာအစဉ်နှင့်စပ်ပြီးသကာလ နိဗ္ဗာန်ကိုအာရုံပြုတယ်လို့မှတ်။ ဤကိုရည်၍ အဋ္ဌကထာဆရာ ဆိုသည်မှတ်ပါ။ (ဤနေရာ၌ သိမ်မွေ့နက်နဲသည်၊ ဆင်ခြင်ကြပါလေ။)

မြတ်စွာဘုရားသည် အရှင်မဟာကဿပအား သင်္ကန်းကိုပေး၏။ ဤကဲ့သို့ပေးသည်ရှိသော် ကုသိုလ်စေတနာသည် ဖြစ်၏။

ကုသိုလ်စေတနာဟာ ကံပါပဲ။ ၎င်းကံရော အကျိုးကိုပေးပါသလားလို့ ဆိုတော့ အကျိုးကိုမပေးဘူးတဲ့။ ဘာ့ကြောင့် အကျိုးကိုမပေးပါသလဲ ဆိုလျှင် ကုသိုလ်သည် အကျိုးပေးတဲ့ကုသိုလ်၊ အကျိုးမပေးတဲ့ကုသိုလ် ဟူ၍ နှစ်မျိုးနှစ်စားရှိရာတွင် ဘုရားရဟန္တာများပြုလုပ်သော ကုသိုလ်သည် အကျိုးမပေးဘူးလို့မှတ်ရမည်။ ဘာ့ကြောင့်ပါလဲဆိုရင် **"ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ တဏှာ သ္နေဟော"** ဆိုသည့်အတိုင်း ကံသည် လယ်မြေနှင့်တူ၏။ ဝိညာဏ်သည် မျိုးစေ့နှင့်တူ၏။ တဏှာဆိုတဲ့ တရားသည် အစေးတည်းသော ရေနှင့်တူ၏။ ၎င်းအကြောင်းသုံးပါးနှင့် ပြည့်စုံမှသာလျှင် အကျိုးကိုပေးနိုင်သည်။

ဘုရားရဟန္တာများပြုလုပ်တဲ့ ကုသိုလ်များမှာတော့ ကုသိုလ်တော့ ဖြစ်ပါ၏။ တဏှာတည်းဟူသောရေသည် မရှိသောကြောင့် 'ကရဏံ ကိရိယာ' ဟူသည်နှင့်အညီ ပြုကာမျှမတ္တ အကျိုးကိုတော့မပေးဘူးဟူ၍ မှတ်ပါ။ ဤကဲ့သို့ ဘုရားရဟန္တာသန္တာန်၌ဖြစ်တဲ့ ကုသိုလ်ကတော့ အကျိုးမပေးဘူး၊ ပုထုဇဉ်သန္တာန်မှာရှိတဲ့ကုသိုလ်ကသာ အကျိုးကို ပေးတယ်လို့ဆိုပါက ပရမတ်တရားတွေသည် ဖောက်ပြန်ရာရောက်ကုန် ရာသည်မဟုတ်တုံလော့ဟု မေးခဲ့ငြားအံ့- မဖောက်ပြန်ပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် ကုသိုလ်ကတော့ဖြစ်ပါ၏။ တဏှာတည်းဟူသော ရေသောက်မြစ် မရှိသောကြောင့် (ဝါ) ရေမရှိသောကြောင့် အကျိုးကို မပေးနိုင်ဘူးလို့မှတ်ရမယ်။

ပုထုဇဉ်ပုဂ္ဂိုလ်တို့၏သန္တာန်မှာဖြစ်တဲ့ ကုသိုလ်ကတော့ 'ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ တဏှာ သ္နေဟော' ဆိုတဲ့ အကြောင်းသုံးပါးနှင့် ပြည့်စုံညီညွတ်သောကြောင့် (ဝါ) အကြောင်းသုံးပါးရှိသောကြောင့်

အကျိုးကိုပေးတယ်လို့မှတ်။ ဒီလိုဆိုခဲ့ပါရင် မြတ်စွာဘုရားသည် ဘာကို မျှော်ကိုးပြီး အရှင်မဟာကဿပကြီးအား သင်္ကန်းကို ပေးလှူပါသလဲ ဆိုရင် ၎င်းအရှင်မဟာကဿပကြီးသည်ကားလို့ဆိုရင် နောင်ငါမရှိ ပြီးတဲ့နောက် သာသနာတော်ကြီး၌ အကြီးအကဲဖြစ်လိမ့်မည်ဆိုတဲ့ ပဝတ္တိအကျိုးကိုမျှော်ကိုး၍ ပေးတော်မူတယ်မှတ်ပါ။ မြတ်စွာဘုရားသည် အနာဂတ်အကျိုးကိုမျှော်ကိုးပြီး ပေးသည်မဟုတ်ပေ။

## ပစ္စည်းပြိုင်ဆိုသည်မှာ

ပစ္စည်းပြိုင်ဆိုသည်မှာ - လှေနှစ်စင်း လှည်းနှစ်စင်း ပြိုင်သလို ဒြပ်ပြားပြီး ပြိုင်တာလည်းမဟုတ်။ လူနှစ်ယောက် အပြေးပြိုင်သလို သူကသာအောင်၊ ငါကသာအောင် ပြိုင်သလိုပြိုင်သည်လည်း မဟုတ်ဘဲ၊ သတ္တိတူ, ကာလတူ, တစ်ပြိုင်နက်တစ်ချက်တည်းသောခဏမှာ သတ္တိတွေစုပုံပြီးဖြစ်နိုင်သည်ကိုပင် ပစ္စည်းပြိုင်လို့မှတ်ရမယ်။

အကြင်ပုဂ္ဂိုလ်သည် 'အာကာသံ အနန္တံ'ဟု စီးဖြန်းလိုလတ်သော်-

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ကံ၊ ဥ၊ နု၊ ဘူ၊ ဈာန် (၂) ကြိမ်, (၃) ကြိမ်၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ကောင်းကင်ပညတ်သည် ပစ္စည်း၊ အာကာသာနဉ္စာယတနဈာန်သည် ပစ္စယုပ္ပန်၊ ကြိယာ၏ရှေ့မှာ ရှိတဲ့ အာဝဇ္ဇန်းသည် ကြိယာ၏ရှေ့မှာနေရသောကြောင့် အာရုံပြုတဲ့ နေရာမှာ ၎င်းကြိယာနှင့် တန်းတူလိုက်နိုင်တယ်လို့မှတ်ပါ။

မဂ္ဂဝီထိ၌ ကံ၊ ဥ၊ နုတို့သည် ကာမကိုအာရုံပြု၏။ မဂ်၏ရှေ့၌ ဖြစ်သော မနောဒွါရာဝဇ္ဇန်းသည် နိဗ္ဗာန်ကိုအာရုံပြုသည်မှတ်။

မဂ်စိတ်ကလေးသည် နိဗ္ဗာန်ကို အာရုံပြုရာ၌ နိဗ္ဗာန်၏ သန္တိသဘောက ဒီမဂ်စိတ်ကလေးအား အာရုံမပြုချင်ပြုချင်အောင် ကျေးဇူးပြုရကား အာရမ္မဏာသတ္တိ။ မဂ်စိတ်ကလေးကို မိမိမှတစ်ပါး တခြားသော အာရုံဓမ္မတွေဆီသို့ မသွားနိုင်အောင် လွှမ်းမိုးအုပ်ချုပ်ပြီး ကျေးဇူးပြုရကား အာရမ္မဏာဓိပတိသတ္တိ။ ၎င်းနိဗ္ဗာန်၏သန္တိသဘောမှာ အလွန်တရာအားကောင်းသောသတ္တိ ဖြစ်ပြီး ကျေးဇူးပြုရကား ဥပနိဿယသတ္တိလို့မှတ်။ သို့ဖြစ်ပါ၍ ဝီထိ၌ သုံးပစ္စည်းပြိုင်တယ်လို့ မှတ်ရမည်။

"**အနုတ္တံ သဗ္ဗတောပဘံ**"ဟူသည်နှင့်အညီ နိဗ္ဗာန်သည်ကားလို့ ဆိုပါရင် အထက်၊ အောက်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟု ဆိုအပ်တဲ့ အရပ်ဆယ်မျက်နှာတို့တွင် အဘယ်အရပ်မှာပဲဖြစ်ဖြစ် ရှိတယ်လို့မှတ်။ ဘာ့ကြောင့်ဆိုသော် အကြင်အခါ၌ မိမိတို့သည် အထက်သို့ မော်ကြည့်ပြီးလျှင် သမထဝိပဿနာအလုပ်ကို အားထုတ်သည်ဖြစ်၍ မိမိတို့၏သန္တာန်၌ ကိလေသာမီးဆယ်ဖြာသည် ငြိမ်းခဲ့အံ့- (ဝါ) ကုန်အံ့- ထိုအခါ၌ ၎င်းနိဗ္ဗာန်ကို အထက်မှာပင်တွေ့ရမည်လို့မှတ်ပါ။ အောက်စသည်တို့ကိုလည်း ၎င်းနည်းအတူယူပါလေ။

၎င်းနိဗ္ဗာန်တည်းဟူသောဓမ္မကြီး၏ ထင်ရှားရှိသည့်အဖြစ်ကို ဘာကိုထောက်ဆပြီးသိရမလဲလို့ဆိုရင် မြတ်စွာဘုရားသည် ပဋ္ဌာန်း ဒေသနာတော် အတ္ထိပစ္စည်း၌ ဟောတော်မမူသည်ကို ထောက်ပြီး သိရမယ်။ ဘာ့ကြောင့် ၎င်းအတ္ထိပစ္စည်းမှာ ဟောတော်မမူပါသလဲဆိုရင် နိဗ္ဗာန်သည် ဧကန်မုချကြီးရှိနေတဲ့တရားဖြစ်ပါသောကြောင့် လျှို့ဝှက်ဖွယ် မရှိရကား ဟောတော်မမူဘူးလို့မှတ်ရမယ်။

ဥပမာအားဖြင့် ထင်ရှားစွာသိရမည်မှာ - မိမိတို့သည် လူတို့နေထိုင်သောအရပ်မှ အနောက်စူးစူးသို့ ဆုံးအောင်သွားခဲ့လို့ရှိရင် ဘာကိုတွေ့မလဲဆိုပါရင် မြေကြီးသည် ကုန်ဆုံးသွားပြီဖြစ်ပါ၍ မဟာသမုဒ္ဒရာကြီးကိုပဲ တွေ့ရမှာပဲတဲ့။ ထိုနည်းတူမခြား အလားတူစွာ အရှေ့အရပ်ကိုသွားခဲ့လို့ရှိရင်လည်း မဟာသမုဒ္ဒရာကြီးပဲ တွေ့ရမှာပါပဲ။ သို့ဖြစ်ပါ၍ဘယ်ကိုပဲသွားသွား အဆုံးကိုသွားခဲ့လို့ရှိပါရင် ၎င်းမဟာသမုဒ္ဒရာကဘယ်တော့မှမလွတ်နိုင်ပါဘူးတဲ့။ ထိုဥပမာနှင့်တူစွာ သံသရာတည်းဟူသော လမ်းဆုံးတရားကို ရှာ၍တွေ့ခဲ့ပါလျှင် သံသရာ၏လမ်းဆုံးရာနိဗ္ဗာန်ကို ဧကန်မုချကြီးရောက်မှာပါပဲတဲ့။ သို့ဖြစ်ပါသောကြောင့်နိဗ္ဗာန်ဟာ ထင်ထင်ရှားရှားကြီးရှိတယ်လို့မှတ်ပါ။

ဈာန်ရသောပုဂ္ဂိုလ်တို့၏ ကောင်းကင်ပျံမြေလျှိုးပြီးသကာလသွားလာနိုင်ခြင်းမှာ ၎င်းပုဂ္ဂိုလ်တို့သည် ပထမဈာန်ကိုအားထုတ်သည်ရှိသော် 'အာကာသံ အနန္တံ၊ အာကာသံ အနန္တံ' စသည်ဖြင့် စီးဖြန်းဖန်များသည်ဖြစ်၍ ကိလေသာတွေကို ဝိက္ခမ္ဘနပ္ပဟာန်အားဖြင့် ပယ်အပ်ပြီးသောကြောင့် ၎င်းပုဂ္ဂိုလ်တို့၏ခန္ဓာကိုယ်ကြီးမှာ ကိလေသာတွေမရှိရကား ပေါ့ပါးပြီးလာတယ်တဲ့။ ဤကဲ့သို့ ပေါ့ပါးပြီးလာသောကြောင့်ကောင်းကင်ပျံမြေလျှိုးပြီးသကာလ အမျိုးမျိုးသောခရီးဖြင့် သွားနိုင်တယ်လို့မှတ်ရမယ်။

ဤကဲ့သို့ ကိလေသာကုန်ခန်း၍ ပေါ့ပါးလာသည်၏အဖြစ်ကို၎င်းဥပမာဖြင့်သိရမည်မှာ- ရှေးအခါက လုလင်တစ်ယောက်သည်ခရီးသွားသောအခါ ခရီးအကြား၌ ခြေထောက်နာ၍လမ်းမသွားနိုင်သောရဟန်းတစ်ပါးကိုတွေ့လေ၏။ ထိုအခါ၌ ၎င်းရဟန်းက 'အချင်း

ဒကာ… ငါသည် ခြေထောက်နာ၍ လမ်းမသွားနိုင်သောကြောင့် အကျွန်ုပ်အား သယ်ပိုးပြီးသွားစမ်းပါ'လို့ပြောတဲ့အခါ ၎င်းဒကာသည် ထိုရဟန်းအား ကျောကုန်းဖြင့်ပိုးပြီးယူလာတဲ့အခါမှာ ယူဆဲခဏ၌ ၎င်းရဟန်း၏ကိုယ်ခန္ဓာသည် အလွန်ပဲလေး၏။ ၎င်းနောက် ထိုရဟန်း သည် မိမိ၏ခန္ဓာကိုယ်ကို အနိစ္စ ဒုက္ခ အနတ္တစသည်ဖြင့် စီးဖြန်း သည်ရှိသော် ကိလေသာကုန်ခန်းပြီးသကာလ ရဟန္တာကြီး ဖြစ်သွားတဲ့ အခါ ၎င်းရဟန်း၏ ခန္ဓာကိုယ်ကြီးမှာ ဖက်ရွက်ကဲ့သို့ ပေါ့ပါးပြီး သွားတယ်တဲ့။

ဤသို့ ပေါ့ပါးပြီးသွားတဲ့အခါ ဆောင်ကြဉ်းလာသော ဒကာက 'အရှင်ဘုရား… အရှင်ဘုရားသည်ကားလို့ဆိုရင် သယ်ယူလာစ အခါကာလနှင့်မတူပါဘဲ ယခုအခါမှာ အရှင်ဘုရား၏ကိုယ်သည် ပေါ့သွားပါတယ်ဘုရား'လို့လျှောက်တဲ့အခါ ၎င်းရဟန်းသည် ဝိနည်းသိက္ခာပုဒ်နှင့်လွတ်စေရန်လည်းကောင်း၊ မိမိ၏ဂုဏ်ပကာသနကို မပေါ်လွင်မထင်ရှားစေခြင်းငှာလည်းကောင်း၊ စဉ်းစားဆင်ခြင် ပြီးသကာလ 'ဒကာရယ်… အရင်က ဒကာသယ်ယူလာတဲ့ရဟန်း မဟုတ်လို့'ဟုမိန့်ပေ၏။ ၎င်းစကားရပ်အဓိပ္ပာယ်ကို ထောက်ဆ၍ သိရ၏။

နိဗ္ဗာန်နှင့်ပညတ်ကို ပစ္စနိက်၌ ဘာ့ကြောင့်မထုတ်ပါသလဲလို့ ဆိုရင် ရုပ်နှင့်နာမ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် သုံးပါးစလုံး၌ ပါဝင်၍ နိဗ္ဗာန်နှင့်ပညတ်တို့မှာ ပစ္စည်းဘက် နိစ္စဖြစ်နေသောကြောင့် ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် တွေဝေစရာမရှိရကား ပစ္စနိက်ထဲသို့မသွင်းရပါ။ မြတ်စွာဘုရားသည် သံသယကုက္ကုစ္စရှိတဲ့နေရာမှာသာ ခွဲခြား၍

ဟောတော်မူသည်မှတ်။ ဤနေရာ၌ သံသယကုက္ကုစ္စမရှိသောကြောင့် ခွဲခြား၍ဟောတော်မမူဘူးလို့မှတ်လေ။


အကြင်ပုဂ္ဂိုလ်သည် ပထမစျာန်တရားကို အလိုရှိသည်ဖြစ်၍ 'အာကာသံ အနန္တံ' စသည်ဖြင့် စီးဖြန်းတဲ့အခါ ကောင်းကင်ပညတ်ကို အာရုံပြုပြီး စီးဖြန်းရကား ၎င်းကောင်းကင်ပညတ်တည်းဟူသော အာရုံသည် ပထမစျာန်ကိုဖြစ်စေသောကြောင့် ဇနကသတ္တိ၊ ၎င်း ပထမစျာန်သည် ဒုတိယစိတ်ဖြစ်ခြင်း၏ အထောက်အပံ့ကိုပေးသော ကြောင့် ဥပတ္ထမ္ဘကသတ္တိလို့မှတ်။

ထို့ကြောင့် အာရမ္မဏမျိုး ရှစ်မျိုးပင်ဖြစ်သော်လည်း ဓမ္မသဘာဝ ဖြစ်စဉ်သို့လိုက်၍ ပစ္စည်းများကိုပြိုင်ပါလေ။ ဤကဲ့သို့ပင်ဖြစ်နေငြား သော်လည်း အများနှင့်မရောမယှက် သက်သက်၏အဖြစ်ကို သိစေခြင်း ငှာ အများနှင့်ရောထွေးပြီးနေပါသော်လည်း အာရမ္မဏသတ္တိဟု ဆိုအပ်သော မိမိသတ္တိ၏ လွန်ကဲသည်၏အဖြစ်ကို သိစေခြင်းငှာ ကရိဏ်းပါဌ်ကို ထည့်လိုက်ရသည်မှတ်။

အကာလိကဂုဏ်နှင့်ပြည့်စုံ၍ အခါမလင့် အကျိုးကိုပေးတတ်တဲ့ တရားကား လောကုတ္တရာတရားလို့မှတ်။ ဘာ့ကြောင့်ဆိုသော် မဂ်စိတ်များချုပ်သွားတဲ့အခါ ချက်ချင်းလက်ငင်း ဖိုလ်ကိုဖြစ်စေသော ကြောင့် အခါမလင့် အကျိုးကိုပေးရကား ပူဇော်ထိုက်တယ်လို့ မှတ်ရမယ်။ အာရမ္မဏာဓိပတိ အဓိပ္ပာယ်တည်း။ ဆရာတော် ဦးဝိမလ၏ အာရမ္မဏပစ္စည်းချုပ်ပို့စဉ် ပြီး၏။

*အာရမ္မဏပစ္စည်း ပြီးပါပြီ။*

# အဓိပတိပစ္စယော




၃။ စကြဝတေးမင်းသည် ပြိုင်သူကင်း၍ အုပ်စိုးသကဲ့သို့သော အဓိပတိပစ္စည်းတရား။

# အဓိပတိပစ္စည်း

## ဖြစ်ရာကာလ၊ ဘုံဌာန

- ပဝတ္တိကာလ၌သာ ဖြစ်နိုင်ပါသည်။
- စိတ်, စေတသိက်, ရုပ်တို့၏အစွမ်းအားဖြင့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ(၃) ပါး စလုံး၌ ဖြစ်နိုင်ပါသည်။
- နိဗ္ဗာန်, ပညတ်တို့၏အစွမ်းအားဖြင့် ကာလ (၃) ပါးစလုံးမှ လွတ်ပါသည်။
- (၃၁) ဘုံစလုံး၌ ဖြစ်နိုင်ပါသည်။

## ၃။ အဓိပတိပစ္စည်းအဓိပ္ပာယ်

အာရမ္မဏပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အဓိပတိပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'အဓိပတိ ပစ္စယော' ဟူသည်တည်း။

**အဓိပတိပစ္စယော** - အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) စကြဝတေးမင်းသည် တစ်ပါးသောသူ၏ ကြီးသော သတ္တိကို မြစ်(တား)၍ တိုင်းနိုင်ငံသားတို့ကို အစိုးရသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ တစ်ပါးသောတရားတို့၏ အကြီးအကဲအဖြစ်ကို မြစ်၍ အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### အဓိပတိပစ္စည်း သုံးချက်စု

**အဓိပတိပစ္စယော** - ဟူသော ပစ္စယုဒ္ဒေသ၌ အဓိပတိပစ္စည်း သည် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိအားဖြင့် နှစ်ပါးအပြား ရှိကုန်၏။

ထိုတွင် **အာရမ္မဏာဓိပတိ** ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် အလေးအမြတ် ပြုအပ်သော ပစ္စုပ္ပန် အတိတ် အနာဂတ် ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ် ကာယဝိညာဏ်

ကြဉ်သော စိတ်(၈၄)ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် သတ္တစတ္တာလီသ၊ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ(၆)ပါး။ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း တပ်သောတရားတို့မည်ကုန်၏။

အလေးအမြတ်ပြုတတ်သောလောဘမူစိတ်(၈)ခု၊ မဟာကုသိုလ် စိတ် (၈)ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် (၄)ခု၊ လောကုတ္တရာ စိတ် (၈)ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာကြဉ်သော စေတသိက် ပဉ္စစတ္တာလီသ။ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

အလေးအမြတ် မပြုတတ်ခိုက်, မပြုတတ်နေ၊ လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်။ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

**သဟဇာတာဓိပတိ** ဌသရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် အဓိပတိ တပ်ခိုက် တပ်နေ၊ မောဟမူဒွေး, ဟသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇော (၅၂)ခု နာမက္ခန္ဓာ ၌ရှိသော ဆန္ဒ၊ ဝီရိယ၊ ဝီမံသ၊ သာဓိပတိဇော (၅၂) ခုဟုဆိုအပ်သော စိတ်။ ဤသို့အားဖြင့် အဓိပတိတရားကိုယ် (၃) ပါး, (၄) ပါးတို့တွင် တစ်ပါးပါး။ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း တပ်သော တရားတို့မည်ကုန်၏။

အဓိပတိပစ္စည်းကို ရခိုက်, ရနေ၊ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော (၅၂) ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၈၅ပညာသ၊ သာဓိပတိစိတ္တဇရုပ်။ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

အဓိပတိပစ္စည်းကို မရခိုက်, မရနေ၊ ကာမစိတ် စတုပညာသ၊ မဟဂ္ဂုတ်ဝိပါက် စိတ် (၉) ခု၊ စေတသိက် ဒွေပညာသ၊ အဓိပတိ တပ်ခိုက်, တပ်နေ အဓိပတိတရားကိုယ် သုံးပါး, လေးပါးတို့တွင် တစ်ပါးပါး၊ နိရာဓိပတိ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရား မည်ကုန်၏။

## အဓိပတိပစ္စည်း ချဲ့ပုံစဉ်

အဓိပတိပစ္စည်းဆိုတာ တစ်ပါးသောတရား ကြား၌မဝင်မူ၍ အစိုးရတာကို အဓိပတိပစ္စည်းဟုမှတ်။ မိမိနှင့်စပ်တဲ့တရားတို့အပေါ်မှာ အကြီးအမှူးဖြစ်တာ အဓိပတိ။ မိမိနှင့်စပ်တဲ့တရားတို့ကို မိမိအလို နိုင်ငံသို့လိုက်အောင် ဆွဲနိုင်သောသဘောသတ္တိသည် အဓိပတိဟုမှတ်။ မိမိနှင့်စပ်၍ဖြစ်ခြင်းရှိသော တရားတို့ကို စောင့်ရှောက်တတ်တဲ့သဘော သတ္တိသည် အဓိပတိဟုမှတ်။

**အတ္တာဓီနပဝတ္တဓမ္မေ ပါတိ ရက္ခတီတိ ပတိ။** - ဟူ၏။ အတ္တာဓီနပဝတ္တဓမ္မေ၊ မိမိနှင့်စပ်၍ ဖြစ်ခြင်းရှိသော တရားတို့ကို။ ပါတိ ရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပတိ၊ မည်၏။

အဓိနံ ပတိ အဓိပတိ။ - ဟူ၏။

အဓိနံ၊ မိမိနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သော တရားတို့၏၊ ဝါ- တို့ကို။ ပတိ၊ အကြီးအမှူး ဦးစီးနာယက အစိုးရသော အရှင်သခင်တည်း။ အဓိပတိ၊ သခင်။

'အဓိပတိ စ သော ပစ္စယော စာတိ အဓိပတိပစ္စယော' ဟု ဝိဂြိုဟ် ထုတ်လေ။

'အတ္တနော ဝသံ အနုဝတ္တမာနေ သံဝတ္တေန္တီတိ ပတိ'၊ မိမိနှင့်စပ်တဲ့တရားအပေါ်၌ မိမိ၏အလိုနိုင်ငံသို့လိုက်စေတဲ့တရားသည် အဓိပတိပစ္စည်းလို့မှတ်။

ဤအဓိပတိပစ္စည်း၏ အဓိပ္ပာယ်ကို ပဋ္ဌာစာရီဝတ္ထုကို ထောက်ဆ၍သိရမည်မှာ - ပဋ္ဌာစာရီတည်းဟူသော သူဌေးသမီး ကလေးသည် မိမိ၏လင်ဖြစ်သော ကျွန်ယောကျ်ားအပေါ်မှာ ချစ်ခင် စုံမက်တဲ့သဘောနဲ့ မိမိ၏မိဘများအပေါ်၌ ချစ်ခင်စုံမက်တဲ့သဘောမှာ မည်သူ့အပေါ်မှာ ချစ်ခင်စုံမက်တာက လွန်ကဲနေပါသလဲဆိုရင် 'ဒါသ' အပေါ်မှာ ချစ်ခင်စုံမက်တာက လွန်ကဲရကား အဓိပတိပစ္စည်း တပ်တယ်မှတ်ပါ။

၄င်းပဋ္ဌာစာရီနှင့် ဒါသတို့၏ဝတ္ထုမှာ ဒါသတည်းဟူသော ရူပါရုံသည် ပဋ္ဌာစာရီတည်းဟူသော သူဌေးသမီးကလေး၏ အလွန် နှစ်သက်ရာဖြစ်သောကြောင့် အာရမ္မဏာဓိပတိပစ္စည်း၊ ပဋ္ဌာစာရီ၏ သန္တာန်မှာရှိသော လောဘဓောကလေးသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။ ဘာ့ကြောင့် ဤကဲ့သို့ပစ္စည်းတပ်ရပါသလဲဆိုရင် ဒါသ

တည်းဟူသော ကျွန်ယောကျ်ားမှာ ပဋ္ဌာစာရီ၏နှစ်သက်စရာ အဓိပတိ သတ္တိကလေးရှိနေသောကြောင့် ပဋ္ဌာစာရီသည် သူဌေးသမီးပင် ဖြစ်ပါ သော်လည်း ဒါသ၏အလိုနိုင်ငံသို့လိုက်ရတယ်မှတ်။ ထို့ကြောင့် အဓိပတိ ပစ္စည်းတပ်ရသည်မှတ်ပါလေ။ ထို့ကြောင့် ဤအဓိပတိပစ္စည်းတပ်ရာမှာ သဘာဝဣဋ္ဌပဲဖြစ်ဖြစ်၊ ပရိကပ္ပဣဋ္ဌပဲဖြစ်ဖြစ် အဓိပတိပစ္စည်း တပ်ရ မည်မှတ်။

ဘာကို ထောက်ဆ၍ သိရမလဲဆိုရင် ပဋ္ဌာစာရီဝတ္ထုနှင့် စူဠပဒုမဇာတ်တို့ကို ထောက်ရမည်။ ဘာ့ကြောင့်ဆိုသော် ပဋ္ဌာစာရီဝတ္ထုမှ ပဋ္ဌာစာရီ၏လင်ယောကျ်ား ဒါသ၊ စူဠပဒုမဇာတ်ဝတ္ထုမှ မိစ္ဆာပေါင်တို တို့ကို မိမိတို့မှတစ်ပါးသော မိန်းမများမှာ မိမိတို့ကဲ့သို့ မနှစ်သက်သော် လည်း မိမိတို့မှာကား အလွန်တရာနှစ်သက်နေရ၏။ ပရိကပ္ပဣဋ္ဌပင် ဖြစ်ပါသော်လည်း ဤနေရာ၌ အဓိပတိပစ္စည်း ထိုက်နေသည်ကို ထောက်ဆ၍ သိရမည်မှတ်။ သို့ဖြစ်၍ အာရုံ, အာရမ္မဏိကဖြစ်တဲ့ တရားများသည် သဘာဝဣဋ္ဌ၊ ပရိကပ္ပဣဋ္ဌတို့၏ အလိုဆန္ဒသို့ လိုက်တတ်သောကြောင့် အာရမ္မဏာဓိပတိပစ္စည်းထိုက်ကုန်၏။

တစ်နည်းအားဖြင့် ငဆွံ့နှင့်မိဖုရားဝတ္ထုမှာ - မိဖုရားသည် မိမိမှာ ကျောက်ထီးတန္တု အလေးအမြတ်ပြုအပ်သော ငဆွံ့တည်းဟူသော အာရုံကိုယူထားသောကြောင့် မိမိကို ထမင်းပို့နောက်ကျ၍ ပါးနားတွေ ကိုပင်ရိုက်နှက်ပါသော်လည်း ၎င်းအနူငဆွံ့တည်းဟူသော အာရုံကို မစွန့်နိုင်ဘဲ သူ၏အလိုသို့လိုက်ရ၏။ သို့ဖြစ်ပါ၍ ငဆွံ့သည် မိမိနှင့် စပ်သော မိဖုရားအပေါ်၌ 'ပတိ'ဖြစ်၏ဟုမှတ်။ တစ်ပါးသော မိမိနှင့်မစပ်သော မိန်းမများအပေါ်မှာ 'ပတိ'မဖြစ်ဟုမှတ်။ မိမိနှင့်

တန်းတူဖြစ်တဲ့ အဓိပတိသတ္တိကိုနှိမ်နင်း၍ မင်းတို့သည်ကား ငါ့အလိုသို့ လိုက်ရမည်ဆိုပြီး မိမိအလိုသို့ လိုက်စေသည်။ ဤကဲ့သို့ နှစ်သတ္တိ အဖြစ်ဖြင့် ကျေးဇူးပြုတဲ့တရားသည် အဓိပတိ။

၎င်း၏အဓိပ္ပာယ်ကို ဤဥပမာဖြင့် သိပါလေ။ အလွန်ချော အလွန်လှတဲ့ မာတုဂါမအပျိုကလေးတစ်ယောက်သည် မိမိကို ခေါ်လိုက်တဲ့အခါ မိမိမှာ ၎င်းမာတုဂါမကလေး၏အသံကိုသာ နှစ်သက် နေရကား အလွန်ချောတဲ့ရူပါရုံကို မနှစ်သက်ဘဲ၊ သဒ္ဒါရုံ, ရူပါရုံတည်း ဟူသော တန်းတူအာရုံနှစ်မျိုးရှိရာတွင် သဒ္ဒါရုံက ရူပါရုံတည်းဟူသော အာရုံကိုနှိမ်နင်း၍ မိမိတည်းဟူသော သဒ္ဒါရုံဓမ္မ၏အလိုသို့ လိုက်စေသော အားဖြင့် ကျေးဇူးပြုနေသည်ကို ထောက်၍သိရမည်။

အဓိပတိပစ္စည်းတပ်ရခြင်း၏အင်္ဂါမှာ အကြောင်းဖြစ်သော တရားသည် အကျိုးဖြစ်သောတရားနှင့် စပ်သည်လည်းဖြစ်စေ၊ ၎င်းဓမ္မများအပေါ်၌ စပ်သည့်အလျောက် ဩဇာတိက္ကမ ပေးခြင်းငှာ စွမ်းနိုင်သည်လည်းဖြစ်စေ၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံလျှင် အာရမ္မဏာ ဓိပတိပစ္စည်း, သဟဇာတာဓိပတိပစ္စည်း တပ်ရမည်မှတ်။

စပ်တယ်လို့ ဆိုတာမှာလည်း အာရုံစပ်၊ တကွဖြစ်သော သဟဇာတအားဖြင့် စပ်ဟူ၍ နှစ်မျိုးနှစ်စားရှိ၏။

မဟာဘုတ်လေးပါးတို့မှာ မိမိတို့သည် အဋ္ဌကလာပ်ရုပ်၏ အဖြစ်ဖြင့် စပ်နေပါသော်ငြားလည်း ၎င်းမဟာဘုတ်ထဲမှာပါတဲ့ ပထဝီက တေဇော,ဝါယောတို့… မင်းတို့သည် ငါမာသလို မာကြရမယ်လို့ ဩဇာပေးသော်လည်း ၎င်းတေဇော, ဝါယောစသည်များမှာ သူမာသလို လိုက်ပြီး မမာသောကြောင့် မိမိနှင့် အတူတကွပင် ဖြစ်သော်လည်း

သြဇာပေးလို့မရပါသောကြောင့် ဤလိုတရားမျိုးကို အဓိပတိပစ္စည်း မတပ်ပါ။

အာရုံနှင့်အာရမ္မဏိကတရားတို့၏ ဖြစ်ပေါ်မှုကလေးသည် 'အဓိန' အနက်မှတ်။ ၎င်းအာရုံဓမ္မအပေါ်၌ မခွဲနိုင်မခွါရက်ဖြစ်ရခြင်း သည် 'ပတိ' မှတ်။ ၎င်းအာရုံဓမ္မအပေါ်မှာ ဣဋ္ဌမဖြစ်ဘဲ အနိဋ္ဌဖြစ်ခဲ့လို့ ရှိရင် 'အဓိန' သာဖြစ်သောကြောင့် အာရမ္မဏပစ္စည်းသာယူရမည်။ ၎င်းအာရုံဓမ္မအပေါ်မှာ ဣဋ္ဌဖြစ်၍ မခွဲနိုင်မခွါရက်ဖြစ်ခဲ့လို့ရှိရင် အာရမ္မဏာဓိပတိပစ္စည်းယူရမည်။ ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ဣဋ္ဌဖြစ်သော နိဗ္ဗာန္နရုပ်အဋ္ဌာရသလို့ ဝိသေသန မ,ပြီး ဟောတော်မူသည်မှတ်ပါလေ။

## အာရမ္မဏ နှင့် အာရမ္မဏာဓိပတိ အထူး

အာရမ္မဏပစ္စည်းနှင့် အာရမ္မဏာဓိပတိပစ္စည်းတို့၏ အထူးမှာ- အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် ငရုတ်သီးကို အလွန်တရာနှစ်သက်သည်ဖြစ်၍ စား၏။ ထိုအခါ၌ ဇိဝှါပသာဒမှာ စပ်ပင်စပ်ပါသော်ငြားလည်း မိမိက ၎င်းငရုတ်သီးမပါရင် ဆွမ်းစား၍မကောင်းသည်ဖြစ်၍ စားရကား ဇိဝှါပသာဒမှာတော့ ဣဋ္ဌဖြစ်နေရကား အာရမ္မဏာဓိပတိပစ္စည်းမှတ်။ ၎င်းနောက် ငရုတ်သီးကိုစားပြီး၍ ဝမ်းထဲကနာလာတဲ့အခါ ဖြစ်စေ၊ ဝမ်းပူလာတဲ့အခါဖြစ်စေ၊ ၎င်းငရုတ်သီးသည် ကာယဒွါရသို့ ရောက်သောအခါ အနိဋ္ဌဖြစ်သောကြောင့် အာရမ္မဏပစ္စည်းသာတပ်သည် မှတ်။ ဇိဝှါဒွါရမှာ ဣဋ္ဌဖြစ်သောကြောင့် အာရမ္မဏာဓိပတိပစ္စည်း ထိုက်၏။ ဤကား ကာယဒွါရနှင့်ဇိဝှါဒွါရ ပြောင်းလွဲသွားတဲ့အခါမှာ

အာရမ္မဏနှင့် အာရမ္မဏာဓိပတိ နှစ်မျိုးကွဲ၍ရပုံဥပမာမှတ်လေ။

အာရုံအကြောင်းငါးပါးကြောင့် အာရမ္မဏိကအကျိုးငါးပါး ဖြစ်ပေါ်ရ၏။

(၁) လောဘမူစိတ် ရှစ်ခု တစ်ပုံ၊
(၂) မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခု တစ်ပုံ၊
(၃) မဟာကုသိုလ်ဉာဏဝိပ္ပယုတ်လေးခု တစ်ပုံ၊
(၄) မဟာကြိယာဉာဏသမ္ပယုတ်လေးခု တစ်ပုံ၊
(၅) လောကုတ္တရာစိတ်ရှစ်ခု တစ်ပုံ၊
ငှင်းငါးပုံသည် အာရမ္မဏိကတရားပင်တည်း။

(၁) မဟာကြိယာစိတ်ရှစ်ခု တစ်ပုံ၊
(၂) လောဘချင်းချင်း တစ်ပုံ၊
(၃) နိပ္ဖန္နရုပ် (၁၈) တစ်ပုံ
(၄) မဟာဝိပါက်စိတ်ရှစ်ခု တစ်ပုံ၊
(၅) မဟာကုသိုလ်စိတ်ရှစ်ခု တစ်ပုံ၊
ငှင်းငါးပုံသည် အာရုံအကြောင်းငါးပါးပင်တည်း။

## အာရမ္မဏာဓိပတိ အဓိပ္ပာယ်

ဦးပဥ္စင်းတစ်ပါးသည် ဘုံလောင်းလောင်းသောနေရာတစ်ခုမှ ဆွမ်းကိုခံလာပြီးလျှင် မိမိအား ဤမည်သောအရပ်မှာ ဘုံလောင်းတစ်ခု ဖြင့်ရှိလေရဲ့လို့ မိမိအားပြောကြားသည်ဖြစ်၍ မိမိမှာလည်း ငှင်း ဦးပဥ္စင်း၏သန္တာန်၌ရှိသော လောဘဇောကိုအာရုံပြု၍ ဆွမ်းခံ သွားလိုလတ်သည်ရှိသော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊

ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ သူတစ်ပါးသန္တာန်၌ဖြစ်သော လောဘဇောသည် အာရမ္မဏာဓိပတိပစ္စည်း၊ ယခုမှ မိမိသန္တာန်၌ ဖြစ်ပေါ်လာသော လောဘဇောသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။ ဤဝီထိကား 'ပရေသံ ဝါ'အရ သူတစ်ပါး၏သန္တာန်၌ ဖြစ်သော လောဘကိုအာရုံပြု၍ မိမိသန္တာန်၌ လောဘဖြစ်ပေါ်ရပုံကို မှတ်လေ။

အကြင်ပုဂ္ဂိုလ်သည် နာလန်ထခါစက ဆွမ်းစားရတာ အလွန်ကောင်းသည်ဖြစ်၍ နေလို့အတော်ကလေးကောင်းလာပြီးတဲ့အခါ နာလန်ထတုန်းကကဲ့သို့ စား၍မကောင်းရကား နာလန်ထတုန်းက စားကောင်းတာတွေကိုတွေးပြီး ယခုတစ်ဖန် စားကောင်းချင်ခြင်းတည်း ဟူသော လောဘဇောဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ နာလန်ထတုန်းကဖြစ်တဲ့ လောဘဇောသည် အာရမ္မဏာဓိပတိပစ္စည်း၊ မိမိသန္တာန်မှာ တစ်ဖန်ဖြစ်ပြန်သော လောဘဇောသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။ ဤဝီထိ၌ မိမိသန္တာန်မှာဖြစ်တဲ့ လောဘကိုအာရုံပြုရကား 'အတ္တနော ဝါ'အရ ဟူ၍မှတ်ရမည်။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ပဋ္ဌာန်းကျမ်းကြီးကို ဟောတော်မူရခြင်းမှာလည်း ဤတရားများကား အကြောင်းတရားတွေပဲ၊ ဤတရားများကား အကျိုးတရားများပဲလို့ ဝိစိကိစ္ဆာတွေပပျောက်ပြီး အဓိမောက္ခ၏ဆုံးဖြတ်ချက်ကို ချခြင်းအကျိုးငှာ ဟောတော်မူတယ်လို့ မှတ်။

ယခုလောကမှာရှိတဲ့ လူများသည် ငါတို့များ အလှူလုပ်ရင်ဟော့… ဝိဝဋ္ဋနိဿိတဒါနဖြစ်အောင် လှူမယ်ကွ၊ ဝဋ္ဋနိဿိတ ဝဋ္ဋ်၌ ကျင်လည်ရတဲ့ဒါနမျိုးကို မလှူဘူးစသည်ဖြင့် ပါးစပ်ကတော့ပြောကြပါ၏။ သို့သော်လည်း မိမိတို့လှူသောအလှူများမှာ ဝိဝဋ္ဋနိဿိတဒါနနှင့် ဝေးတန်ပေ၏။ ဘာ့ကြောင့်ဆိုသော် မိမိတို့သည် အလှူပေးပြီး၍ ရေစက်များချတဲ့အခါ နောင်ဖြစ်လေရာဘဝများစွာမှာ ပစ္စည်းဥစ္စာပေါများပါစေ၊ အခြံအရံ များပါစေ၊ ဂုဏ်သတင်း ကြီးပါစေစသည်ဖြင့် သံသရာဝဋ္ဋ်မှာကျင်လည်ရမည့် စည်းစိမ်ဥစ္စာတွေကိုသာယာပြီး သကာလ ဆုတောင်းနေသည်ဖြစ်ပါသောကြောင့် ဝိဝဋ္ဋနိဿိတဒါနနှင့် ဝေးတယ်လို့ မှတ်ရမည်။

ဒါ့ကြောင့် အကြင်ပုဂ္ဂိုလ်သည် ပန်းကိုလှူ၍ လူ့စည်းစိမ်, နတ်စည်းစိမ်စသည်ကို ရလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ၀၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ လှူဆဲခဏဖြစ်သော ဒါနကုသိုလ်စေတနာသည် အာရမ္မဏာဓိပတိပစ္စည်း၊ လှူပြီးသည့်နောက်၌ဖြစ်သော လောဘဇောသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။ ဤနေရာ၌ ကုသိုလ်ကိုအာရုံပြု၍ လောဘဇောဖြစ်ပုံမှတ်ပါ။ သို့ဖြစ်၍ လောဘသည် တေဘူမကကုသိုလ်ကိုအာရုံပြု၍ ဖြစ်ပေါ်ပုံတည်း။

**"ဘဝဂ်ါဒယော ဒုဝိညေယျာ"** ဟုဆိုရကား အကြင်ပုဂ္ဂိုလ်သည် ကောင်းသောဖြစ်ခြင်းရှိသော ရူပါရုံကိုမြင်၍ ကုသလဝိပါက် ဝီထိစိတ် ဖြစ်လိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ၀၊ ရူပါရုံကို နှစ်သက်သော

လောဘဇော (၇) ကြိမ်၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ကုသလဝိပါက် စက္ခုဝိညာဏ်သည် ပစ္စည်း၊ လောဘဇောနာမက္ခန္ဓာတို့သည် ပစ္စယုပ္ပန်။

အကြင်ပုဂ္ဂိုလ်သည် ခွေးရူးတည်းဟူသော အနိဋ္ဌာရုံကိုမြင်၍ အကုသလဝိပါက် စက္ခုဝိညာဏ်စိတ် ဖြစ်လိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဒေါသဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ အကုသလဝိပါက် စက္ခုဝိညာဏ်သည် အာရမ္မဏပစ္စည်း၊ ဒေါသဇောသည် ခွေးရူးတည်း ဟူသော အနိဋ္ဌာရုံ၌ ဂရုကာတဗ္ဗမဖြစ်၍ အလေးအမြတ်မပြုရကား အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်သာဖြစ်ရသည်မှတ်ပါလေ။

အကြင်ပုဂ္ဂိုလ်သည် အိပ်ရာကနိုး၍ ရွှင်ရွှင်လန်းလန်းအားခွန်ဗလ တိုးလာပြီး အိပ်ရာကထလာပြီးတဲ့အခါမှာ ဒီနေ့အိပ်ရတာ တယ်ပြီး စည်းစိမ်ရှိပါကလားဆိုပြီး အိပ်ခြင်းတည်းဟူသော ဝိပါက်နာမက္ခန္ဓာကို အာရုံပြု၍ လောဘဇောဝီထိ ဖြစ်လိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘဇော (၇) ကြိမ်၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ အတိတ်ဖြစ်သော ဝိပါက်စိတ်သည် အာရမ္မဏာ ဓိပတိပစ္စည်း၊ လောဘဇောနာမက္ခန္ဓာသည် ပစ္စယုပ္ပန်။ ဤဝီထိကား ဝိပါက်စိတ်ကိုအာရုံပြု၍ လောဘဖြစ်ပုံမှတ်ပါ။

အကြင်ပုဂ္ဂိုလ်သည် စာတည်းဟူသော ဓမ္မာရုံပေါ်၌ ဝမ်းသာလို လတ်သည်ရှိသော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မဟာကုသိုလ် သောမနဿဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။

အာဂငါပဲဟု မိမိသည် ခက်ခဲသောစာကိုတွေးလို့ရသည်ဖြစ်၍ မိမိကိုယ်ကို ချီးမွမ်းလိုလတ်သည်ရှိသော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘမူ သောမနဿဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ အတိတ်ဖြစ်သော တဒါရုံသည် အာရမ္မဏာဓိပတိပစ္စည်း၊ လောဘဇောနာမက္ခန္ဓာသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။ ရှေးဝီထိများနှင့်တူ၏။

ဤဝီထိမှာ အာရမ္မဏသတ္တိ၊ ဥပနိဿယသတ္တိ၊ အဓိပတိသတ္တိ ဟူ၍ သုံးမျိုးသုံးစားရှိရာတွင် အာရမ္မဏသတ္တိမှာတော့ 'အာရုံ အာရမ္မဏိက အချင်းချင်းဖြစ်၍' ဟုပါရသည်။ ဥပနိဿယသတ္တိ မှာတော့ 'အားကြီးသောအကြောင်း ဖြစ်သောကြောင့်' ဟုပါရသည်။ အဓိပတိသတ္တိမှာတော့ 'အကြီးအမှူးဦးစီးနာယက ဖြစ်သောကြောင့်' ဟုပါရသည်မှတ်။

ဤကဲ့သို့ပင် သတ္တိတွေ သုံးမျိုးသုံးစား စုပုံပြီးဖြစ်ပါသော်လည်း အကုန်လုံးကိုမယူပါဘဲ အာရမ္မဏာဓိပတိကိုသာယူရမည်။ ဘာ့ကြောင့် ဆိုသော် တစ်ခုတည်းသောဆေးသည် အနာရောဂါ၏ပျောက်ကင်းမှု၊ အသက်၏ရှည်မှု၊ ဆွမ်းကို စား၍ကောင်းမှုဟုဆိုအပ်သော သတ္တိတွေ များစွာပင်ရှိပါသော်လည်း ဆေးကတော့ တစ်ခုတည်းပါပဲ။ ဤဥပမာ ကဲ့သို့ အာရမ္မဏာဓိပတိသတ္တိကိုယူပါလေ။

အာရမ္မဏိကဖြစ်သော လောဘဖြစ်ခြင်း၏အကြောင်းကား -

(၁) ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈
(၂) တေဘူမကကုသိုလ်
(၃) မဟာဝိပါက် ၈

(၄) မဟာကြိယာ ၈

(၅) လောဘအချင်းချင်း

ဤအကြောင်းငါးပါးကြောင့် လောဘဖြစ်ရ၏။

အကြင်ပုဂ္ဂိုလ်သည် ရှေးက အတူနေခဲ့ဖူးသောသူကို နောင်တွေ့တဲ့အခါ မြင်မြင်ချင်းသိလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ လောဘမူ သောမနဿဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။

ဤဝီထိ၌ အကြင်ပုဂ္ဂိုလ်သည် မိမိ၏ မှတ်မိသောစိတ္တုပ္ပါဒ်ကို အာရုံပြု၍ ဝီထိစိတ်ဖြစ်လိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘမူသောမနဿဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ အတိတ်ဖြစ်သော မှတ်မိသော မနောဒွါရာဝဇ္ဇန်းသည် အာရမ္မဏာဓိပတိပစ္စည်း၊ ပစ္စုပ္ပန်ဖြစ်သော လောဘမူသောမနဿဇောသည် ပစ္စယုပ္ပန်။

အကြင်ပုဂ္ဂိုလ်သည် ဘုရားကိုရှေ့ချလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ မဟာကုသိုလ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။

အကြင်ပုဂ္ဂိုလ်သည် အာဂငါပဲဟဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကို ရှေ့သက်နှ်းလှူခဲ့သောကြောင့် ဧကန်မုချ လူ့စည်းစိမ်နတ်စည်းစိမ်ကို ခံစားရတော့မှာပဲဟု မိမိကိုယ်ကိုနှစ်သက်လိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်၊ (လ) ချုပ်၏။ ဤဝီထိ၌ အတိတ်ဖြစ်သော မဟာကုသိုလ်

ပထမဇောသည် အာရမ္မဏာဓိပတိပစ္စည်း၊ ပစ္စုပ္ပန်ဖြစ်သော လောဘမူ သောမနဿဇောသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။

အကြင်ပုဂ္ဂိုလ်သည် ငါ၏ပဋိသန္ဓေစိတ်ဟာ အလွန်ကောင်းတဲ့ ပဋိသန္ဓေစိတ်ပဲ။ နောင်ဘဝကျရင်လည်း ဤကဲ့သို့ကောင်းမြတ်တဲ့ ပဋိသန္ဓေစိတ်မျိုးနဲ့ ပဋိသန္ဓေနေရပါလို၏ဟူ၍ မိမိပဋိသန္ဓေစိတ်ကို မိမိ သာယာလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။

အကြင်ပုဂ္ဂိုလ်သည် မိမိ၏စုတိစိတ်ကို သာယာလိုလတ်သော်-

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ အတိတ်ဖြစ်သော စုတိစိတ်သည် အာရမ္မဏာဓိပတိပစ္စည်း။ ယခုမှဖြစ်တဲ့ လောဘဇောသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်မှတ်ပါ။

အကြင်ပုဂ္ဂိုလ်သည် မိမိ ရဟန္တာဖြစ်သောအခါ ပြုလတ္တံ့သော ဟသိတုပ္ပါဒ်စိတ်ကို သာယာလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘမူသောမနဿဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ အနာဂတ်ဖြစ်သော ဟသိတုပ္ပါဒ်သည် အာရမ္မဏာဓိပတိပစ္စည်း၊ လောဘဇောနာမက္ခန္ဓာ သည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်မှတ်လေ။

'ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ၊ အဇ္ဈတ္တာရမ္မဏာ ဓမ္မာ' လို့လည်း ပဋ္ဌာန်း ပါဠိတော်မှာ ဘုရားဟောတော်မမူသောကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏

သန္တာန်၌ ကြိယာဇောသည် မဖြစ်ရကား မိမိသန္တာန်မှာဖြစ်တဲ့ ကြိယာကို လောဘက အာရုံပြုဖို့ရန် အလွန်တရာခဲယဉ်းသည် မဟုတ်ပါလောဟု မေးခဲ့အံ့၊ မခဲယဉ်းပါဘူးတဲ့။ ဘာကြောင့်ဆိုသော် **"နေဝဝိပါက-နဝိပါကဓမ္မဓမ္မာ"** ဟူ၍ ဓမ္မသင်္ဂဏီပါဠိတော်၌ သန္တာန်တူကြိယာကို ဟောထားတာရှိသောကြောင့် အာရုံပြုနိုင်တယ်လို့မှတ်ရမည်။

အဘယ်ဥပမာကို ထောက်၍သိရပါမလဲလို့ဆိုရင် ဘုရားလောင်းတော်သည် သုမေဓာဘဝက ဘုရားဖြစ်လိမ့်မည်ဟုဆိုတဲ့ ဗျာဒိတ်တော်ကို ရပြီးသားဖြစ်ပါသောကြောင့် ငါသည် ဧကန်စင်စစ်ဘုရားဖြစ်လိမ့်မယ်၊ ဘုရားဖြစ်လိမ့်မယ်လို့ ခဏခဏဖြစ်ပေါ်လာသော စိတ်တွေသည်၊ မာန်တက်နေသော လောဘဇောစိတ်တွေသည်၊ နောင်ဘုရားဖြစ်တဲ့အခါ ဧကန်ရမည်ဖြစ်သော အနာဂတ်ကြိယာကို အာရုံပြုတယ်မှတ်ပါ။ ထို့ကြောင့် ၄င်းဥပမာကို ထောက်ဆ၍သိရမည်မှတ်ပါ။ သို့ဖြစ်ပါ၍ အနာဂတ်ကာလ၌ လောဘသည် ကြိယာ ဝီသကို အကုန်အာရုံပြုနိုင်၏။

မနောဒွါရာဝဇ္ဇန်းသည် ပစ္စုပ္ပန်ကာလ၌ မိမိတို့သန္တာန်မှာဖြစ်သောကြောင့် မနောဒွါရာဝဇ္ဇန်းကိုယူရမည်။ ဤမျှတွင်မကသေးဘဲ ဝုဋ္ဌောသည်လည်း ပစ္စုပ္ပန်ကာလမှာ ဖြစ်နိုင်သေးသောကြောင့် ပစ္စုပ္ပန်ကာလမှာ လောဘသည် ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်းဟုဆိုအပ်တဲ့ ကြိယာနှစ်ပါးကို အာရုံပြုနိုင်တယ်ဟူ၍မှတ်။

'ငါဟာ စာကို တစ်ခါကျက်ပြီးရင် ဘယ်တော့မှမမေ့ဘူးဟေ့' ဟု မိမိသန္တာန်၌ဖြစ်သော ဝုဋ္ဌောကိုသာယာလိုလတ်သည်ရှိသော်-

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘဇော (၇) ကြိမ်၊ ဘဝင် (လ)

ချုပ်၏။ ဤဝီထိ၌ အတိတ်ဖြစ်သော ဝဏ္ဏသည် အာရမ္မဏာဓိပတိပစ္စည်း၊ ယခုဖြစ်ပေါ်လာသော လောဘဇောသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။

အကြင်ပုဂ္ဂိုလ်သည် မိမိရပြီးသော မနောဒွါရာဝဇ္ဇန်းကို ဆင်ခြင်လိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော (၇)ကြိမ်၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ အတိတ်ဖြစ်သော မနောဒွါရာဝဇ္ဇန်းသည် အာရမ္မဏာဓိပတိပစ္စည်း၊ မဟာကုသိုလ်ပထမဇောနာမက္ခန္ဓာသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်၊ ၄င်းဝီထိများကို ထောက်ဆ၍ အတိတ်ကာလ၌ လောဘသည် ကြိယာနှစ်ပါးကို အာရုံပြုနိုင်၏ဟုမှတ်ပါ။

အကြင်ပုဂ္ဂိုလ်သည် မိမိ၏အမိအဖများအား ဒါဟာငါ့အမေပဲ၊ ဒါဟာငါ့အဖေပဲစသည်ဖြင့် ပညတ်တည်းဟူသောအာရုံကို ပြုလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်ဇော (၇) ကြိမ်၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ အမိအဖတည်းဟူသော ပညတ်အာရုံသည် အာရမ္မဏပစ္စည်း၊ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်ဇောသည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်။ ဤဝီထိ၌ အမိအဖများ၏ ပရမတ်ဂုဏ်သို့ရောက်အောင်မအောက်မေ့ဘဲ ပညတ်အာရုံကိုသာ အောက်မေ့နေပါသောကြောင့် ဂရုကာတဗ္ဗမဖြစ်ရကား အာရမ္မဏာဓိပတိပစ္စည်း မတပ်နိုင်ဘူးဟူ၍ မှတ်ရမည်။

ဤကဲ့သို့မဟုတ်ပါဘဲ အမိအဖများ၏ဂုဏ်တွေကိုအောက်မေ့တဲ့အခါမှာ မိမိငယ်ရွယ်စဉ်တုန်းက မိမိအား ဝဝဖြိုးဖြိုးရှိပါစေ၊ ခြင်မကိုက်ပါစေနဲ့၊ နေမပူပါစေနဲ့စသည်ဖြင့် မိမိအား ငယ်ရွယ်စဉ်က စောင့်ရှောက်ကြည့်ရှုလာသော မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတည်းဟူသော ပရမတ်အာရုံတွေကိုအာရုံပြုမှ ဂရုကာတဗ္ဗဖြစ်မည်။ ဤကဲ့သို့ ဂရုကာတဗ္ဗဖြစ်မှ အာရမ္မဏာဓိပတိပစ္စည်း တပ်မည်ဟု မှတ်ပါလေ။

ပထမလက်ထပ်တဲ့ပုဂ္ဂိုလ်သည် ဥဒုမ္ဗရဒေဝီတည်းဟူသော ရူပါရုံကို အာရုံပြုလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ဥဒုမ္ဗရဒေဝီတည်းဟူသော ရူပါရုံသည် အာရမ္မဏပစ္စည်း၊ လောဘဇောနာမက္ခန္ဓာသည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်။

နောက်လက်ထပ်သော ရှင်ဘုရင်သည် ဥဒုမ္ဗရဒေဝီတည်းဟူသော ရူပါရုံကိုအာရုံပြု၍ ဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝုဋ္ဌော၊ လောဘဇော (၇) ကြိမ်၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ဥဒုမ္ဗရဒေဝီတည်းဟူသော ရူပါရုံသည် အာရမ္မဏာဓိပတိပစ္စည်း၊ လောဘဇောနာမက္ခန္ဓာသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။ ဤဝီထိများမှာ အနိဋ္ဌနှင့် ဣဋ္ဌ ကွာခြားသည်ကိုထောက်ဆ၍ ဤကဲ့သို့ အာရမ္မဏနှင့် အာရမ္မဏာဓိပတိတို့ ထူးလာရပုံကိုသိပါလေ။

အကြင်ပုဂ္ဂိုလ်သည် သူတောင်းစားအား ဆွမ်းစသည်ကို မရှိမသေပေးလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝ၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။

အကြင်ပုဂ္ဂိုလ်သည် သူတောင်းစားအား ပေးခြင်းကို ဝမ်းမြောက် လိုလတ်သည်ရှိသော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ အတိတ်ဖြစ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ်ဇောသည် အာရမ္မဏာဓိပတိပစ္စည်း၊ ပစ္စုပ္ပန်ဖြစ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇော နာမက္ခန္ဓာသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။ ဉာဏသမ္ပယုတ် ကုသိုလ်ကို လည်း ဤနည်းကိုမှီ၍ သိပါလေကုန်။

မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု ဖြစ်ခြင်း၏အကြောင်း ကား သုံးပါးသောအကြောင်းကြောင့် ဖြစ်၏။ ထိုသုံးပါးကား -

(၁) တေဘူမကကုသိုလ်

(၂) လောကုတ္တရာ အောက်အဆင့် စိတ် (၆) ခု

(၃) နိဗ္ဗာန် - ဤသုံးပါးသောအကြောင်းကြောင့် ဖြစ်၏။

မိမိတို့သည် ကုသိုလ်ပြုကြ၏။ ပြုတဲ့အခါမှာ နိဗ္ဗာန်ကို ရပါလို၏ဟူ၍ ဆုတောင်းပြီးပြုကြ၏။ ပထမပြုဆဲခဏ၌ဖြစ်သော မဟာကုသိုလ် ပထမဇောသည် ပစ္စည်း၊ နောက်မှဖြစ်ပေါ်လာသော မဟာကုသိုလ် ဉာဏသမ္ပယုတ် ပထမဇောနာမက္ခန္ဓာသည် ပစ္စယုပ္ပန်။

အကြင်ပုဂ္ဂိုလ်သည် မိမိအိပ်တန်းကဖြစ်နေသော ဘဝင်စိတ်တွေကို ဝိပဿနာရှုလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ အတိတ်ဖြစ်သော ဘဝင်စိတ်များသည် အာရမ္မဏာဓိပတိပစ္စည်း၊ ပစ္စုပ္ပန်ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောနာမက္ခန္ဓာသည် ပစ္စယုပ္ပန်မှတ်လေ။

အကြင်ပုဂ္ဂိုလ်သည် မိမိရပြီးသော မနောဒွါရာဝဇ္ဇန်းကို ဆင်ခြင်တဲ့အခါမှာ အတိတ်ဖြစ်သော မနောဒွါရာဝဇ္ဇန်းသည် ပစ္စည်း၊ ပစ္စုပ္ပန်ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောသည် ပစ္စယုပ္ပန် မှတ်လေ။

ဤနေရာ၌ မဟာဝိပါက်နှင့်ပညတ်များကို မထည့်ရခြင်းမှာ မဟာဝိပါက်သည် အကျိုးတရားဖြစ်နေသောကြောင့်လည်းကောင်း၊ သူတစ်ပါးကိုဖြစ်စေတတ်သောသတ္တိ ကင်းသောကြောင့်လည်းကောင်း၊ ဉာဏ်ဦးစီးခြင်း၏ ကင်းမဲ့နေသောကြောင့်လည်းကောင်း မထည့်သည်ဟု မှတ်ပါ။

မဟာကြိယာကို မထည့်ရခြင်းမှာ ပစ္စဝေက္ခဏာဝီထိကို မဖြစ်စေနိုင်သောကြောင့် ကြိယာကိုမထည့်ဟုမှတ်လေ။

ပညတ်မှာတော့ ဂရုကာတဗ္ဗဖြစ်ရအောင်ဟာလည်း ပါရမီဆယ်ပါးတို့ဖြင့် မရ၊ရအောင် အားထုတ်ရတဲ့တရားလည်း မဟုတ်သောကြောင့်လည်းကောင်း၊ ဖြစ်ခြင်းပျက်ခြင်းဟုဆိုအပ်သော သဘောလက္ခဏာလည်းမရှိရကား ပစ္စဝေက္ခဏာဖြင့်လည်း ဆင်ခြင်၍မရ

သောကြောင့်လည်းကောင်း၊ မထည့်သည်ဟုမှတ်။

**“ဂရုကာတဗ္ဗမ္ဟိ အာရမ္မဏံ”** ဟူသည်နှင့်အညီ အဿာဒ သဘောနှင့် အလေးအမြတ်ပြုအပ်သည်လည်းဖြစ်စေ၊ ပစ္စဝေက္ခဏာ သဘောနှင့် ဆင်ခြင်သည်လည်းဖြစ်စေ၊ မဂ်ဖိုလ်တည်းဟူသော ထူးသောဉာဏ်ဖြင့် ဆင်ခြင်သည်လည်းဖြစ်စေ၊ ၄င်းအင်္ဂါသုံးပါးနှင့် ပြည့်စုံမှ အာရမ္မဏာဓိပတိပစ္စည်း တပ်နိုင်မည်ဟုမှတ်ပါ။

ယခုလောကမှာ လူအများပြောပြောနေကြတာ ကုသိုလ်ဖြစ်ချင် ရင် အလှယ်ကလေးပါကွာ၊ ပန်းလေးတစ်ပွင့်လောက် လှူလိုက်ရင် ရတာပဲ။ ကိုယ့်ဟာကိုယ် မဖြစ်စေချင်ရင်လည်းရတာပဲ စသည်ဖြင့် အတ္တနိယသဘောတွေ ဖြစ်ပေါ်လာမည်စိုး၍ အာရမ္မဏိက အကြောင်း သုံးပါးကြောင့်သာ ဖြစ်ပေါ်လာရတယ်လို့သိစေခြင်းငှာ ဤသုံးပါးသော အကြောင်းကို ပြရသည်မှတ်။

သောတာပန်သန္တာန်၌ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် သည် သောတာပန်သန္တာန်မှာဖြစ်သော မဂ်ကိုအာရုံပြုနိုင်၏။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ ဖိုလ်၊ အနာဂါမိမဂ်၊ ဖိုလ်များကို လည်း ရှေးနည်းအတိုင်းမှတ်လေ။ ထို့ကြောင့် မဟာကုသိုလ် ဉာဏသမ္ပယုတ်သည် လောကုတ္တရာအောက်အဆင့်စိတ် (၆)ခုကိုအာရုံပြု သည်ဟုဆိုရသည်။

အကြင်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ဆင်ခြင်လိုလတ်သော်-

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ပစ္စဝေက္ခဏာ ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။

ဤဝီထိ၌ သောတာပတ္တိမဂ်သည် ပစ္စည်း၊ ဉာဏသမ္ပယုတ်ဇောသည် ပစ္စယုပ္ပန် မှတ်လေ။

ဤဝီထိ၌ မနောဒွါရာဝဇ္ဇန်းသည် မဂ်တည်းဟူသောအာရုံကို ဂရုကာတဗ္ဗမဖြစ်ရကား ပစ္စည်းထဲသို့မထည့်။ ဤကဲ့သို့မထည့်ရလျှင် အဘယ့်ကြောင့် ဤဝီထိမှာပါရပါသလဲဟုမေးခဲ့ငြားအံ့- ၎င်း မနောဒွါရာဝဇ္ဇန်းသည် စိတ္တနိယာမအားဖြင့် မကင်းသောကြောင့် ဤဝီထိမှာ ဖြစ်ရတယ်လို့ယူပါလေ။ ဂရုကာတဗ္ဗတော့ မဖြစ်နိုင်ဘူးလို့ မှတ်ပါ။

ဤနေရာ၌ သတ္တဝါတို့၏သန္တာန်မှာ မဂ်စိတ်သည် တစ်ကြိမ်သာ ဖြစ်သော်လည်း ၎င်းမဂ်တည်းဟူသောအာရုံမှာ တစ်ထောင့်ငါးရာ ကိလေသာတို့ကို ဖယ်ဖြတ်နိုင်သောကြောင့် ကြီးကျယ်သောအာရုံဓမ္မ ဖြစ်ရကား အာရုံပြုနိုင်၏လို့မှတ်။ ထို့ကြောင့် **"သေက္ခာ မဂ္ဂါ ဝုဋ္ဌ ဟိတ္တွာ မဂ္ဂံ ဂရုံ ကတွာ"** ဟူ၍ဟောတော်မူသည်ဟုမှတ်။

နိဗ္ဗာန်သည် ဇာတိ ဇရာ ဗျာဓိ မရဏစသော မီးတစ်ဆယ့် တစ်ပါးတို့၏ ငြိမ်းအေးရာဖြစ်သောကြောင့် အလွန်တရာအေးမြချမ်းသာ၏။ ရာဂ ဒေါသ မောဟစသော မီးတို့၏မရှိသောကြောင့် နိဗ္ဗာန်သည် သန္တိသဘောရှိတယ်။ ၎င်းသန္တိသဘောရှိတဲ့နိဗ္ဗာန်ကို တွေ့ဖူးခံစားဖူးပါ သလားလို့မေးခဲ့ပါရင်၊ မတွေ့ဖူးဘူး။ မခံစားဖူးဘူးလို့ အဖြေပေးရမှာပဲ။ ဤကဲ့သို့ ဘဝများစွာသံသရာက မျှော်လင့်တောင့်တလာခဲ့သော အာရုံဓမ္မကြီးကို အကယ်၍ရခဲ့ပါလျှင် မိမိတို့မှာ ၎င်းအာရုံကြီးကို စွန့်နိုင်ပါ့မလားလို့ဆိုတော့ မစွန့်နိုင်ပါဘူးလို့မှတ်ရမယ်။

ထို့ကြောင့် **"အလဒ္ဓံ လဒ္ဓဗ္ဗံ၊ လဒ္ဓံ အဝိဇဟိတဗ္ဗံ"** လို့မိန့်ဆို၏။ သို့ဖြစ်ပါ၍ နိဗ္ဗာန်ကိုအာရုံပြုတဲ့နေရာမှာ အာရမ္မဏာဓိပတိပစ္စည်း တပ်တယ်လို့မှတ်ရမယ်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်မှာတော့ ပစ္စယုပ္ပန်မှတ်ရမယ်။

အာရမ္မဏိကဖြစ်သော မဟာကြိယာ ဉာဏသမ္ပယုတ် ဖြစ်ခြင်း၏အကြောင်းကား -

(၁) အရဟတ္တမဂ်

(၂) အရဟတ္တဖိုလ်

(၃) နိဗ္ဗာန် - ဤသုံးပါးသောအကြောင်းကြောင့် ဖြစ်၏။

မဟာကြိယာ ဉာဏသမ္ပယုတ်သည် အောက်မဂ်၊ အောက်ဖိုလ် များကို ဂရုကာတဗ္ဗအားဖြင့် အာရုံမပြုရခြင်းမှာ ၄င်းတရားတွေမှာ ကိလေသာကို ကုန်ခန်းအောင်မဖြတ်ရသေးရကား ငါဟာ ဒီတရားတွေနဲ့ ဝေးလေကောင်းလေပဲဆိုတဲ့ စိတ်တွေသာဖြစ်ပေါ်နေသောကြောင့် ဂရုကာတဗ္ဗအားဖြင့် အာရုံမပြုဘူးလို့မှတ်။ သို့ဖြစ်ပါ၍ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုသာ အာရုံပြုသည်။ ဤသို့ ဂရုကာတဗ္ဗအားဖြင့် အာရုံမပြုငြားသော်လည်း သာမညအားဖြင့်တော့ အာရုံပြုတယ်လို့ မှတ်ရမယ်။ သာမညအားဖြင့် ဘယ်လိုအာရုံပြုပါသလဲဆိုရင် မိမိသည် ပယ်အပ်ပြီးသော ဒိဋ္ဌိ ဝိစိကိစ္ဆာတရားတွေကို ပြန်ပြီးဆင်ခြင်တဲ့အခါ အာရုံပြုသကဲ့သို့ ရအပ်ခဲ့ပြီးသောတရားများကို ဆင်ခြင်သုံးသပ်တဲ့ အခါမှာ သာမညအားဖြင့် အာရုံပြုတယ်လို့မှတ်ရမယ်။

မဟာကုသိုလ် ဉာဏသမ္ပယုတ်သည် နိဗ္ဗာန်ကိုအာရုံပြုရခြင်းမှာ နိဗ္ဗာန်သည် မိမိမှာ ရာဂမီး၊ ဒေါသမီးတွေသည်မရှိရကား ငြိမ်းအေးခြင်း

သဘောရှိသည်ဖြစ်ပါ၍ မိမိကို အာရုံပြုတဲ့ပုဂ္ဂိုလ်များကိုလည်း မိမိ၏ ငြိမ်းအေးခြင်းသဘောကိုလည်း ဖြစ်စေသောကြောင့် အာရမ္မဏာဓိပတိ ပစ္စည်းတပ်ရကား နိဗ္ဗာန်ကို အာရုံပြုသည်မှတ်လေ။

အာရမ္မဏိကဖြစ်သော မဂ်စိတ်လေးခုတို့၏ ဖြစ်ခြင်း၏ အကြောင်းကား -

(၁) နိဗ္ဗာန်အားဖြင့် တစ်ပါးသာတည်း။

နိဗ္ဗာန်သည် မိမိမှာ ငြိမ်းအေးခြင်းတည်းဟူသော သန္တိသဘောတွေ အများကြီးရှိပါသော်ငြားလည်း မိမိကိုအာရုံပြုသော သောတာပတ္တိမဂ် အား မိမိမှာရှိတဲ့သန္တိသဘောတွေကို အကုန်လုံးပေးပါသလားဆိုတော့ မပေးပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် ၎င်းသောတာပတ္တိမဂ်မှာ ကိလေသာ တွေနှင့်ရှုပ်ထွေးနေရကား ၎င်းမဂ်ကလည်း နိဗ္ဗာန်၏ငြိမ်းအေးခြင်းကို အကုန်မယူနိုင်ဘဲ မိမိနှင့်ထိုက်တန်သလောက်ကလေးနှင့် တင်းတိမ်ပြီး နေတယ်ဟူ၍မှတ်ရမည်။ နိဗ္ဗာန်သည် အာရမ္မဏာဓိပတိပစ္စည်း၊ မဂ်လေးခုသည် ပစ္စယုပ္ပန်။

ဖိုလ်စိတ်လေးခုကိုလည်း ဤနည်းအတိုင်းယူပါလေကုန်။

နိဗ္ဗာန်နှင့် မဂ်လေးခုတို့၏အဓိပ္ပါယ်ကို ဇောတိကနှင့် ဗိမ္ဗိသာရ မင်းကြီး၏ဥပမာကို ထောက်ဆ၍သိရမည်။ အဘယ်ကဲ့သို့ ထောက်ဆ ပြီးသိရမလဲဆိုရင် ဇောတိကသည် ဗိမ္ဗိသာရမင်းကြီးအားပင့်ဖိတ်၍ ထမင်းကျွေးရာ၌ ဇောတိက၏မယား မြောက်ကျွန်းသူချက်သော ထမင်းမှာ အလွန်တရာကောင်းသောကြောင့် ဗိမ္ဗိသာရမင်းကြီးမှာ ထမင်းကို စားလို့မတင်းတိမ်နိုင်ဘဲရှိသောအခါ ဇောတိကသည်

ဗိမ္ဗိသာရမင်းကြီး၏ ဘေးအန္တရာယ်ဖြစ်မည်ကိုစိုးရိမ်သဖြင့် ပွဲတော်အုပ်ကို ရုပ်သိမ်းပြီး အတော်ခိုင်းယူရ၏။ ဤကဲ့သို့ ဇောတိကသည် ဗိမ္ဗိသာရ မင်းကြီးအားအတော်ခိုင်းရခြင်းမှာ ထမင်းကုန်မှာစိုးလို့လား၊ မကျွေးနိုင် လို့လားဆိုတော့ မဟုတ်ပါဘူးတဲ့။ ဗိမ္ဗိသာရမင်းကြီး၏ ဘေးဖြစ်မည်ကို စိုးရိမ်သောကြောင့် အတော်ခိုင်းရခြင်းဖြစ်ပါတယ်တဲ့။ ၎င်းဥပမာကဲ့သို့ အကြောင်းနှင့်အကျိုး စပ်ဟပ်၍သိပါလေ။

လောဘ၏အာရုံဖြစ်သော နိပ္ဖန္နရုပ် (၁၈)ခုတို့မှာ ဣဋ္ဌဖြစ်တဲ့အခါ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် (၁၈)ခုသည် အာရမ္မဏာဓိပတိပစ္စည်းမှတ်၊ အနိဋ္ဌဖြစ်တဲ့အခါ အနိဋ္ဌဖြစ်သော နိပ္ဖန္နရုပ် (၁၈)ခုတို့သည် အာရမ္မဏာဓိပတိ မတပ်ဟူ၍မှတ်ပါလေ။

ဒေါသမူဒွေးသည် အနိဋ္ဌဖြစ်တဲ့ အာရုံကိုသာအလိုရှိရကား ဂရုကာတဗ္ဗမဖြစ်ရသောကြောင့် အာရမ္မဏာဓိပတိပစ္စည်းမှကြဉ်ရသည် မှတ်လေ။

မောဟမူဒွေးသည် ရဟန္တာပုဂ္ဂိုလ်တို့၏ ပယ်ကြဉ်စွန့်ပစ်အပ် သောတရားဖြစ်သောကြောင့်လည်းကောင်း၊ မူလတစ်ပါးမှကင်းသော ကြောင့်လည်းကောင်း၊ အာရုံတစ်ခုကို ဂရုကာတဗ္ဗအားဖြင့် အာရုံမပြုနိုင် သောကြောင့်လည်းကောင်း၊ ကြဉ်ရသည်မှတ်လေ။

ဒုက္ခသဟဂုတ်ကာယဝိညာဏ်မှာ ထိမိ၊ ခိုက်မိ၊ ခုတ်မိ၊ ရှမိတဲ့ အခါကျမှ ဖြစ်ပေါ်လာတဲ့တရားများဖြစ်ရကား ၎င်းတရားများသည် ကာယပသာဒမှာ လာပြီးထိခိုက်လိုက်တဲ့အခါမှာ အလွန်တရာပြင်းထန် သည်ဖြစ်၍ နာကျင်ရကား အနိဋ္ဌဖြစ်နေသောကြောင့် အာရမ္မဏာဓိပတိ ပစ္စည်း မတပ်သည်ဖြစ်၍ ကြဉ်ရသည်မှတ်လေ။

'အလေးအမြတ် ပြုတတ်သော'ဟူသော ဝိသေသနသည် လောဘမူ ရှစ်ခု၊ မဟာကုသိုလ် ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ် လေးခုသို့ကျအောင် လိုက်သည်ဟူ၍မှတ်ရမည်။ နိဗ္ဗာန်မှာတော့ အလေးအမြတ်ပြုတတ်သော ဂရုကာတဗ္ဗသဘောသည် အမြဲရှိနေသော ကြောင့် ဝိသေသန မ,စရာမလိုရကား 'အလေးအမြတ် ပြုအပ်သော' ဟူသောစကားကို မထည့်ဘူးလို့မှတ်ရမည်။

'အလေးအမြတ် မပြုတတ်ခိုက်' ဟူ၍ ဝိသေသန မ,ရခြင်းမှာ လောဘမူစိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု။ ၎င်းဓမ္မများမှာ ကေန်မဟုတ်၊ အနေကန် တရားတွေဖြစ်နေသောကြောင့် ဤကဲ့သို့ ဝိသေသန မ,ရသည် မှတ်ပါလေ။

'အလေးအမြတ် မပြုတတ်နေ'ဟူသော ဝိသေသနကိုမ,၍ ဟောတော်မူရခြင်းမှာ ဒေါသမူ, မောဟမူ, ဒုက္ခသဟဂုတ် ကာယ ဝိညာဏ်ဟုဆိုအပ်တဲ့ နာမ်ဓမ္မကိုရည်၍ ဝိသေသနမ,ရသည်မှတ်။

စိတ္တဇရုပ်ကိုလည်း 'မပြုတတ်ခိုက်၊ မပြုတတ်နေ'ဟုဆိုအပ်တဲ့ ဝိသေသနနှစ်ပါးစုံ ပြသည်ဟူ၍မှတ်ရမည်။

ပါဠိတော်၌ 'ယံ ယံ'ဟူသောပုဒ်ကို ထည့်စွက်၍ဟောတော်မူ ခြင်းမှာ အာရုံတရားများ၏ များသည်၏အဖြစ်ကိုပြပါ၏။ 'ယံ' ဟူသော ဧကဝုစ်ဖြင့် အာရုံဓမ္မဟာ ဘယ်လိုပင်များနေပါသော်လည်း တစ်ခုသော အာရုံကိုသာ ကျေးဇူးပြုသည်၏အဖြစ်ကိုပြသည်။

'ယေ ယေ ဓမ္မာ'ဟု ဗဟုဝုစ်ဖြင့်ထားခြင်းသည် အာရုံ

အများကြီး ယူသည်၏အဖြစ်ကိုပြသည်။

'ယေ ယေ ဓမ္မာ ဥပ္ပန္နန္တိ စိတ္တစေတသိကာ ဓမ္မာ' ဟူသော ဝိစ္ဆာဖြင့် အာရမ္မဏိကတရားတွေသည် အာရုံဓမ္မအပေါ်၌ အများကြီး စုပုံပြီး အာရုံပြုကြသည်။ ဤကဲ့သို့ အာရုံပြုတဲ့နေရာမှာ များသည့် အလျောက် တစ်ပြိုင်နက်တစ်ချက်တည်း အာရုံဓမ္မကို ယူသည်၏ အဖြစ်ကိုပြသည်မှတ်။

'ယေ ယေ' ၌ပါသော ဗဟုဝုစ်ဝိဘတ်ဖြင့် အာရုံဓမ္မတွေက ရူပါရုံကိုအာရုံပြုခဲ့လို့ရှိရင် ၄င်းရူပါရုံကိုသာ မိမိတို့သဘောတူ အာရုံပြုသည့်အဖြစ်ကိုပြသည်မှတ်ပါ။ အာရမ္မဏာဓိပတိပစ္စည်း ပြီးပါပြီ။

## သဟဇာတာဓိပတိ အစီပွားယ်

အာရမ္မဏာဓိပတိမှာ ဇမ္ဗူသပြေသီးသည် ဇမ္ဗူဒိပ်ကျွန်းမှာဖြစ်၍ အလွန်တရာဝေးကွာပါသော်လည်း စားချင်ခြင်းတည်းဟူသော လောဘ သည် ဖြစ်နိုင်ရကား ဇမ္ဗူသပြေသီးသည် အာရမ္မဏာဓိပတိပစ္စည်း၊ လောဘသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။ ဤကဲ့သို့ အာရုံနှင့် အာရမ္မဏိကတရားသည် ဘယ်လိုပင် ဝေးကွာငြားသော်လည်း အာရမ္မဏာဓိပတိပစ္စည်း တပ်ရခြင်းကိုပြပြီး၍ ယခုအခါ၌ တကွစပ်၍ ဖြစ်မှသာလျှင် အာရုံပြုနိုင်သောအဖြစ်ကိုပြလိုရကား သဟဇာတာဓိပတိ ကို ဟောရပြန်သည်မှတ်လေ။

အကြင်ပုဂ္ဂိုလ်သည် စာကိုလိုချင်၍ ကျက်လိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ မဟာကုသိုလ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤနေရာ၌ စာကိုလိုချင်ခြင်း

သည် ဆန္ဒ၏သဘောဖြစ်ရကား ဆန္ဒသည် သဟဇာတာဓိပတိပစ္စည်း၊ မဟာကုသိုလ်ပထမဇောနှင့် နှုတ်ခမ်းလှုပ်မှုတည်းဟူသော သာဓိပတိ စိတ္တဇရုပ်သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။

ငှင်းနေရာမှာ ဖဿသည် စာတည်းဟူသောဓမ္မကို တွေ့ထိ၏၊ ဝေဒနာသည် စာတည်းဟူသောအရသာကို ခံစား၏၊ သညာသည် စာတည်းဟူသောဓမ္မကို မှတ်၏၊ ဝိညာဏ်သည် စာတည်းဟူသော ဓမ္မကို သိ၏။ သို့ဖြစ်ပါသောကြောင့် ဖဿ ဝေဒနာ သညာ ဝိညာဏ် တို့မှာ မိမိတို့၏ သဘောလက္ခဏာအသီးအသီးကို မစွန့်ဘဲဖြစ်နေပါ သောကြောင့် ဆန္ဒသည် ၄င်းတရားတွေအပေါ်မှာ အဘယ်ကဲ့သို့ အစိုးရပါသလဲဟုမေးခဲ့အံ့- ဤကဲ့သို့ ၄င်းတရားတွေသည် မိမိတို့၏ သဘောလက္ခဏာကို မစွန့်ဘဲဖြစ်နေပါသော်လည်း ဆန္ဒသည် သူညွှန်ပြသော စာတည်းဟူသောဓမ္မကိုသာ တွေ့ထိမှု၊ ခံစားမှု၊ မှတ်သားမှု၊ သိမှုဖြစ်ရ၏။ တစ်ပါးသောဓမ္မများအပေါ်သို့ ပြောင်းလွှဲပြီး မဖြစ်သောကြောင့် ဆန္ဒသည် ၄င်းဓမ္မများအပေါ်၌ အစိုးရတယ်လို့ မှတ်ပါလေ။

၄င်းဆန္ဒ၏ အစိုးရပုံကို ဤဥပမာဖြင့်သိပါလေ။ လက်သမား ဆရာတစ်ယောက်သည် မိမိ၏ငယ်သားများနှင့် အိမ်တစ်လုံးကို ဆောက်လုပ်ရာ ၄င်းငယ်သားများမှာ ဆရာ၏လက်နက်ကိရိယာများကို ကိုင်ပြီး ဆောက်လုပ်ပါသလားဆိုတော့ မဟုတ်ပါဘူးတဲ့။ သူတို့၏ ကိုယ်ပိုင်လက်နက်များဖြင့်သာ ဆောက်လုပ်၏။ ဤကဲ့သို့ ကိုယ်ပိုင် လက်နက်ကိုကိုင်ပြီး ဆောက်လုပ်ပါသော်လည်း ၄င်းဆရာဆောက်လုပ် ခိုင်းသောအိမ်မှ တခြားသောအိမ်သို့သွားပြီး ဆောက်လုပ်ပါသလား

ဆိုတော့ မဆောက်လုပ်ပါဘူးတဲ့။ ဆရာ၏စေခိုင်းရာ၊ ဆရာ၏ ဩဇာအတိုင်း၊ ဆရာအဆောက်ခိုင်းသောအိမ်ကိုသာ ဆောက်လုပ်ရကား လက်နက်ပင်ကွဲပြားပါသော်လည်း အလုပ်တည်ရာတူပြီးလျှင် ဆရာက ပြဋ္ဌာန်းကြီးမှူးနေတယ်မှတ်။

ထိုဥပမာကဲ့သို့ ဆန္ဒအကြီးအမှူး၊ ဆန္ဒကခိုင်းစေသမျှ သူ့သတ္တိနှင့်သူလာပြီး ကူညီကြရတယ်။ ဆန္ဒသည် စာကိုလိုချင်လျှင် ဖဿ, ဝေဒနာစသည်တို့မှာ စာကိုပင် တွေ့ထိချင်တဲ့သဘော၊ ခံစားချင်တဲ့သဘော၊ မှတ်သားချင်တဲ့သဘော၊ သိတတ်တဲ့သဘောတို့သည် သူ့သတ္တိနှင့်သူ လိုက်ကြရ၏။ သို့ဖြစ်ပါ၍ ဆန္ဒက အစိုးရတယ်ဟု မှတ်ရမည်။ ဆန္ဒသည် 'ဆန္ဒနံ ဆန္ဒော' ဟူသည်နှင့်အညီ မိမိနဲ့ သဟဇာတဖြစ်တဲ့တရားတွေကို ဟော့… ဖဿ, ဝေဒနာ, သညာ, ဝိညာဏ်တို့… မင်းတို့၏ တွေ့ထိမှုစသော သဘာဝဓမ္မတွေကို စွန့်ပြီးသကာလ ငါတည်းဟူသောဆန္ဒ၏ လိုချင်ခြင်းကိုယူပြီးလျှင် သမ္ပယုတ္တဓမ္မတွေအပေါ်မှာ ကိုင်းကြ, ရှိုင်းကြ, ညွတ်ကြဟော့လို့ဆိုတဲ့ သဘောမျိုးနဲ့တော့ အစိုးမရဘူးဟူ၍မှတ်။

အကြင်ပုဂ္ဂိုလ်သည် ဘုံလောင်းကိုတိုးလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ ဇီရိယ ပြဋ္ဌာန်းသော လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤကဲ့သို့ ဘုံလောင်းကိုတိုးနေတဲ့အခါမှာ ဖဿလည်းပါ၊ ဝေဒနာလည်းပါ၊ သညာလည်းပါ၊ ဝိညာဏ်လည်းပါ၊ တိုးတဲ့ရုပ်ကလာပ်တွေလည်း ပါနေ၏။ သို့သော်လည်း ဘုံလောင်းလောင်းတဲ့နေရာကို မရောက်, ရောက်အောင်တိုးမယ်ဟဲ့လို့ဆိုတဲ့ ဇီရိယကပြဋ္ဌာန်းပြီး တိုးနေရကား

ဖဿကရော ငါဖြင့် ဝီရိယတိုးနေတဲ့ဘုံလောင်းကိုဖြင့် မတွေ့ထိချင်ပါဘူး၊ ဝေဒနာကလည်း ငါမခံစားချင်ပါဘူး၊ သညာကလည်း ငါမမှတ်ချင်ပါဘူး၊ ဝိညာဏ်ကလည်း ငါမသိချင်ပါဘူးဆိုပြီး နောက်များဆုတ်သွားပါသလားဆိုတော့ မဆုတ်ပါဘူးတဲ့။

ကျန်တဲ့စိတ္တဇရုပ်တွေကရော ငါ့မှာ သူတို့ခိုင်းလို့သာ တိုးနေရတယ်။ ငါ့မှာ ဘာမှန်းမှမသိပါဘူးလို့ဆိုပြီး နောက်များဆုတ်သွားပါသလားဆိုတော့ နောက်မဆုတ်ပါဘူးတဲ့။ ဤကဲ့သို့ နောက်မဆုတ်တဲ့သဘောဟာ ဘယ်သူ့ကြောင့်ပါသလဲဆိုတော့ ဝီရိယကြောင့်ဟုမှတ်ရမည်။ သို့ဖြစ်၍ ပထမဇော၌ရှိတဲ့ ဝီရိယသည် သဟဇာတာဓိပတိပစ္စည်း၊ ပထမဇောနာမက္ခန္ဓာ, ရှေ့တိုးသောရုပ်, ခြေကိုချသောရုပ်တည်းဟူသော သာဓိပတိစိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ ဒီလိုဘုံလောင်းတိုးပြီး နေတဲ့အခါမှာ ငါတိုးတယ်, သူတိုးတယ်လို့ဖြစ်နေကြ၏။ စင်စစ်မှာ ဆန္ဒတိုး, ဝီရိယတိုးဟုမှတ်ပါ။ ဤကဲ့သို့ ဆန္ဒတိုး, ဝီရိယတိုးကို ငါတိုး, သူတိုးလို့ထင်နေကြ၏။ ဤကဲ့သို့ဆိုပါက သက္ကာယဒိဋ္ဌိ ဖြစ်နေလိမ့်မည်မှတ်လေ။

အကြင်ပုဂ္ဂိုလ်သည် ဆွမ်းကို မစားရ,မနေလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ဆွမ်းကို အလွန်တရာစားချင်တဲ့ စိတ်တွေပေါ်လာရခြင်းမှာ စိတ်ကြောင့်ဟုမှတ်။ ၄င်းဆွမ်းတွေကို အလွန့်အလွန်တွေ့ထိချင်တာက ဖဿကြောင့်၊ ဆွမ်းတွေကို အလွန့်အလွန် ခံစားချင်တာက ဝေဒနာကြောင့်၊ ဆွမ်းကို အလွန့်အလွန်မှတ်ချင်တာက သညာကြောင့်၊ ဆွမ်းကို အလွန့်အလွန်သိချင်တာက ဝိညာဏ်ကြောင့်ဟု

မှတ်ပါ။ ဤကဲ့သို့ဖြစ်ရခြင်းမှာ ဆန္ဒက ဟော့··· ဖဿ, ဝေဒနာ, သညာ, ဝိညာဏ်တို့ မင်းတို့ ရိုးရိုးမနေကြနဲ့ဟော့။ တွေ့ထိလို့ရှိရင်လည်း အလွန့်အလွန်တွေ့ထိကြကွ၊ (လ) အလွန့်အလွန်သိကြကွလို့ မပြော သော်လည်း ပြောသကဲ့သို့။ အထူးသဖြင့်ပြုပြင်ပြီးလျှင် အားကြီးသော အကြောင်းကိုပေးနေသောကြောင့် ပထမဈောဦရှိသော ဆန္ဒသည် သဟဇာတာဓိပတိပစ္စည်း၊ ဆန္ဒမှတစ်ပါးသော ပထမဈောနာမက္ခန္ဓာ, စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။

ငှင်းဝီထိ၌ စက္ခုပသာဒသည် ကံကြောင့်ဖြစ်တဲ့ ရုပ်ကလာပ်တွေ ဖြစ်နေရကား မိမိသည် ဆွမ်းကိုစားနေတဲ့အခါမှာ သူကလည်း ဆွမ်းတွေကိုမြင်တာပါပဲ။ မိမိက ဆွမ်းမှတစ်ပါးသောဝတ္ထုများကို ကြည့်တဲ့အခါမှာလည်း သူကလည်းကြည့်နေတာပါပဲ။ သို့ပါသော်လည်း သူ့မှာ ကံကြောင့်ဖြစ်တဲ့ရုပ်တရားများ ဖြစ်ပါသောကြောင့် ခဏတိုင်း, ခဏတိုင်းဖြစ်ပေါ်နေရတဲ့ တရားမျိုးဖြစ်ရကား ဆန္ဒက မပြုဋ္ဌာန်း သောကြောင့် ဦးစီးနာယကလည်းမဖြစ်၊ တကွလည်းမဖြစ်ရကား သဟဇာတာဓိပတိပစ္စည်းမတပ်ဟုမှတ်။ ငှင်းစက္ခုပသာဒမှာ သူ့ဖြစ်စဉ် စိတ္တနိယာမအားဖြင့်သာ ပေါ်ရတယ်ဟူ၍မှတ်ပါလေ။

**"ဆန္ဒဝတော ကိံ နာမ န သိဇ္ဈတိ"** ဟူ၍မူလဋီကာဆရာ ဆိုသည်နှင့်အညီ ဘုရားလောင်း ထင်းခွေသမားဝါနလုလင်သည် ထင်းခွေသွားတဲ့အခါ ကျားကြီးကိုမြင်၍ မိမိသည် သဗ္ဗညုတဉာဏ်ကို လိုချင်သောကြောင့် ကျား၏အစာ ကျွေးလိုက်လိုလတ်သည်ရှိသော်-

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။

ဤဝီထိ၌ ပထမဇော၌ရှိတဲ့ဆန္ဒသည် ပစ္စည်း၊ ပထမဇောနာမက္ခန္ဓာ၊ ပစ်ချတဲ့ ရုပ်သည် ပစ္စယုပ္ပန်။

ဤဝီထိအခိုက်အတန့်မှာ ပညာသည် ၄င်းသဗ္ဗညုတဉာဏ်သည်ကားလို့ဆိုရင် အလွန်တရာထူးမြတ်တဲ့ တရားပဲလို့ဆိုတာကိုသိ၏။ ၄င်းသဗ္ဗညုတဉာဏ်ကို သူက ယူချင်တာလားလို့ဆိုတော့ မဟုတ်ပါဘူးတဲ့။ ဆန္ဒက လိုချင်သည်ဖြစ်ပါသောကြောင့် ပညာကို သဟဇာတပစ္စည်းမတပ်ပါဘဲ ဆန္ဒကိုသာ ပစ္စည်းတပ်တယ်လို့မှတ်လေ။ ဒီလိုဆိုရင် ပညာကလည်း သဗ္ဗညုတဉာဏ်ကို အာရုံပြုတာပါပဲ။ ဆန္ဒကလည်း သဗ္ဗညုတဉာဏ်ကို အာရုံပြုတာပါပဲတဲ့။ ဤကဲ့သို့ အာရုံပြုတာချင်းတူပါလျက်ကယ်နှင့် ပညာကိုတော့ အဓိပတိပစ္စည်းမတပ်ပါ၊ ဆန္ဒကိုသာ အဘယ့်ကြောင့် ပစ္စည်းတပ်ရပါသလဲဆိုရင် အဓိပတိပစ္စည်းတို့မည်သည်မှာ တစ်ခုတည်းသောမွေ၌ နှစ်ပါးစုံမဖြစ်ကောင်းသောကြောင့် ၄င်းနေရာ၌ ဆန္ဒကပြဋ္ဌာန်းနေသောကြောင့် ၄င်းဆန္ဒကိုသာ သဟဇာတာဓိပတိပစ္စည်း တပ်လိုက်သည်မှတ်လေ။

ဝေဒနာစသောတရားတွေ နှံ့မှု၊ ထက်မှုတွေကို ဆန္ဒ၊ ဝီရိယစသည်တို့က ကျေးဇူးပြုတယ်မှတ်ရမယ်။ ဟော့… ဝေဒနာ၊ သညာ၊ ဖဿ၊ ဝိညာဏ်တို့ မင်းတို့သည် တို့ထက်လျှင် ထက်ရမည်၊ တို့နှံ့လျှင် နှံ့ရမယ်လို့ မပြောသော်လည်း ပြောဘိသကဲ့သို့ ကြီးမှူးအုပ်ချုပ် အစိုးတရဖြစ်သောကြောင့် အဓိပတိသတ္တိလို့မှတ်ရမည်။

စိတ္တာဓိပတိ၌ အကြင်ပုဂ္ဂိုလ်သည် သူတစ်ပါးအား ဒေါသဖြစ်လိုလတ်သည်ရှိသော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ ဒေါသဇော (၇)

ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ပထမဇောသည် စိတ္တာဓိပတိပစ္စည်း၊ ကျန်သော နာမက္ခန္ဓာ၊ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ ဤဝီထိ၌ စိတ်ဆိုတဲ့တရားတွေသည် ဒေါသအဖြစ်ပေါ်လာတဲ့အခါ တစ်ပါးသော သူများက ဆွဲမရ, ပြုမရဖြစ်ရခြင်း၊ မိမိတို့၏မျက်နှာတွေ နီမြန်းလာရခြင်း၊ လက်သီးလက်မောင်းတွေ တန်းပြီးဖြစ်ရခြင်း၊ ငါဟာဟော့... မဟုတ်ရင် ဘယ်တော့မှမခံဘူးကွစသည်ဖြင့် ဤကဲ့သို့ဖြစ်ရခြင်းသည် ဒေါသ၏တန်ခိုးသတ္တိကြောင့်မှတ်။ ဒေါသသည် ယခုအခါ၌ အနိဋ္ဌာရုံကို ခံစား၏။ ဝေဒနာ, သညာ, ဖဿ, ဝိညာဏ်တို့ကလည်း ၎င်းဒေါသ၏ အနိဋ္ဌာရုံကို ခံစား, မှတ်သား, တွေ့ထိ, သိ၏။ သို့ဖြစ်၍ ဒေါသ တရား၏နောက်လိုက်။ ဒေါသတည်းဟူသော စိတ္တာဓိပတိက ပြဋ္ဌာန်း တယ်ဟူ၍မှတ်ပါ။

၎င်းဝီထိမှာ ဒေါသဇောကတော့ မဟုတ်လို့မခံချင်ဘူး၊ ဝေဒနာကလည်း မဟုတ်လို့မခံစားချင်ဘူး၊ သညာကလည်း မဟုတ်လို့ မမှတ်ချင်ဘူး၊ ဝိညာဏ်ကလည်း မဟုတ်လို့မသိချင်ဘူး၊ ဖဿကလည်း မဟုတ်လို့မတွေ့ထိချင်ဘူး။ ဤကဲ့သို့ဖြစ်ရခြင်းမှာ ဘယ်သူ၏တန်ခိုး သတ္တိကြောင့်လဲဆိုရင် ဒေါသတရားတည်းဟူသော စိတ္တာဓိပတိကြောင့် လို့မှတ်ရမယ်။ ဤကဲ့သို့ ဒေါသဖြစ်ရခြင်းမှာ မိမိတို့က ဖြစ်ချင်လွန်းလို့ ဖြစ်ရတာလားလို့ဆိုတော့ မဟုတ်ဘူးဟူ၍မှတ်။ ပရမတ္ထသဘာဝ အားဖြင့်သာ ဖြစ်ပေါ်လာရတယ်ဟူ၍မှတ်ပါ။

တစ်နည်းအားဖြင့် ၎င်းဝီထိအခိုက်အတန့်မှာ သူ့ရုပ်ကြီးကိုမြင် သောကြောင့် မိမိမှာစိတ်ဆိုးရ၏။ သူ့အသံကိုကြားသောကြောင့် မိမိမှာ စိတ်ဆိုးရ၏။ သူ့အနံ့ကိုနံသောကြောင့် မိမိမှာစိတ်ဆိုးရသည်ဖြစ်ပါ၍

ငှင်းကမ္မဇရုပ်များကိုရော အဘယ့်ကြောင့် စိတ္တာဓိပတိထဲသို့ မထည့်ပါ သနည်းဟုမေးငြားအံ့- ငှင်းကမ္မဇရုပ်များမှာ စိတ်နှင့်မစပ်ပါဘဲ အတိတ်ကပြုခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံများနှင့်သာ စပ်သော ကြောင့် စိတ္တာဓိပတိပစ္စည်းမတပ်ဘဲ ပစ္စနိက်ရေးရသည်။ ဤကဲ့သို့ ဖြစ်ခဲ့ပါလျှင် အဘယ့်ကြောင့် ငှင်းဝီထိထဲမှာ ပါဝင်ရပါသလဲလို့ဆိုရင် သူတို့၏ စိတ္တနိယာမဖြစ်စဉ်အားဖြင့် မလွန်ဆန်နိုင်သောကြောင့် ဖြစ်ပေါ်ရသည်ဟုမှတ်ပါ။

ငှင်း ဆန္ဒ၊ ဝီရိယ၊ စိတ္တတို့ကိုကား ဒီအခါမှာ မိမိတို့၏သန္တာန်၌ ဆန္ဒပဲပြဋ္ဌာန်းတယ်၊ ဝီရိယကပဲပြဋ္ဌာန်းတယ်၊ စိတ္တကပဲပြဋ္ဌာန်းတယ် ဆိုတာကို သတိဉာဏ်ယှဉ်၍သိကြပါလေကုန်။

## ဝီမံသာဓိပတိ အဓိပ္ပာယ်

အကြင်ပုဂ္ဂိုလ်သည် သံသရာ၌ကျင်လည်နေရတာ အလွန်တရာ မုန်းသည်ဖြစ်၍ သံသရာမှလွတ်မြောက်ရန် မြတ်စွာဘုရားကို ရှိခိုးလို လတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်(လ) ချုပ်၏။ ဤဝီထိ အခိုက်အတန့်၌ သံသရာ၏ဆင်းရဲမှု၊ ပျက်စီးမှုတွေကို မိမိတို့သည် မြင်သောအခါ ငှင်းသံသရာကြီးကို အလွန်တရာစက်ဆုပ်ရွံရှာသည်ဖြစ်၍ သံသရာကိုမုန်း၏။ ဒီအခါ၌ ဝေဒနာသည် သံသရာကို အလွန်တရာ မုန်းသည်ဖြစ်၍ ဘုရားတည်းဟူသောအာရုံကို ခံစား၏၊ သညာကလည်း မှတ်၏၊ ဖဿကလည်း တွေ့ထိ၏၊ ဝိညာဏ်ကလည်း သိ၏။ ဤကဲ့သို့

ဖြစ်ရခြင်းမှာ ပညာတည်းဟူသော ဝီမံသကဦးစီးနေလို့ ဤကဲ့သို့ ပညာဝီမံသတို့၏အလိုသို့လိုက်ပြီး ဖြစ်ကြရသောကြောင့် ပထမဇောအခိုက်အတန့်၌ သံသရာကိုမုန်းသော၊ ငြီးငွေ့သော ပညာသည် ဝီမံသာဓိပတိပစ္စည်း၊ ပထမဇောနာမက္ခန္ဓာ၊ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ သတ္တမဇောအခိုက်အတန့်၌ရှိသော ပညာသည် သဟဇာတာဓိပတိပစ္စည်း၊ သတ္တမဇောနာမက္ခန္ဓာ၊ စိတ္တဇရုပ်သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။

## သဟဇာတ နှင့် အဓိပတိ အထူး

အလေးအမြတ် ဂရုကာတဗ္ဗမပြုဘဲ သွားရိုးသွားစဉ်သွား၊ လာရိုးလာစဉ်လာ၊ စားရိုးစားစဉ် စားခဲ့လို့ရှိရင် သဟဇာတဟုမှတ်။ ဤကဲ့သို့မဟုတ်ပါဘဲ သွားတဲ့အခါမှာလည်း လေးလေးမြတ်မြတ် ဂရုကာတဗ္ဗပြုပြီးသွား၊ လာတဲ့အခါမှာလည်း လေးလေးမြတ်မြတ် ဂရုကာတဗ္ဗပြုပြီးလာ၊ စားတဲ့အခါမှာလည်း လေးလေးမြတ်မြတ် ဂရုကာတဗ္ဗပြုပြီး စားခဲ့လို့ရှိရင် အဓိပတိဟူ၍မှတ်ရမည်။ ဤကဲ့သို့ အဓိပတိသတ္တိမဖြစ်ဘဲ သဟဇာတသတ္တိတွေ ဖြစ်နေတဲ့အခါမှာ အဓိပတိသတ္တိတွေ မဝင်နိုင်ဘူးလို့မှတ်ရမည်။

အဓိပတိသတ္တိများဖြစ်နေတဲ့အခါမှာတော့ သဟဇာတသတ္တိမှာ အလွယ်တကူနှင့် ဝင်နိုင်တယ်ဟူ၍မှတ်ရမည်။ ဘာ့ကြောင့်ဆိုသော် ၄င်းသဟဇာတမှာ အတူတကွဖြစ်ရုံမျှသာဖြစ်သောကြောင့် ဝင်နိုင်တယ်ဟူ၍မှတ်ရမည်။ ထို့ကြောင့် ပစ္စည်းပြိုင်တဲ့အခါမှာ သဟဇာတထဲသို့ အဓိပတိမထည့်ရဘဲ၊ အဓိပတိထဲသို့သာ သဟဇာတထည့်ရသည်ဟု မှတ်ပါ။

အပ္ပနာဇောထိုက်တဲ့တရားများမှာ အဓိပတိသတ္တိကို ကေန်ရတဲ့ တရားများဖြစ်သောကြောင့် အဓိပတိသတ္တိနဲ့ကင်းပြီးတော့ ဘယ်တော့မှ မဖြစ်ဘူးဟူ၍မှတ်ရမည်။

အကြင်ပုဂ္ဂိုလ်သည် ဈာန်ကိုဝင်စားလိုလတ်သည်ရှိသော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ကံ၊ ဥ၊ နု၊ ဂူ၊ အပ္ပနာဈာန်ဇော တစ်ကြိမ်။ ၎င်းဝီထိအခိုက်အတန့်မှာ အပ္ပနာဇောတွေကတော့ အဓိပတိပစ္စည်းထိုက်နေရကား လျှဉ်းပါးစရာမလို။ ပရိကံစသည်တို့မှာ တော့ အဓိပတိ ထိုက်လေသလော၊ မထိုက်လေသလော့ဟု လျှဉ်းပါးစရာ ရှိနေရကား ၎င်းပရိကံစသည်တို့မှာလည်း ကသိုဏ်းပညတ်တည်း ဟူသောအာရုံကို မရ,ရအောင်၊ မထင်,ထင်အောင် အားထုတ်ဆည်းပူး နေရကား ပရိကံမှာပါသောဆန္ဒသည် အဓိပတိပစ္စည်း၊ ကျန်နာမက္ခန္ဓာ, စိတ္တဇရုပ်သည် ပစ္စယုပ္ပန်မှတ်လေ။ ဥပစာစသည်ကိုလည်း ၎င်းနည်းကို မှီ၍ ပစ္စည်းတပ်ပါလေ။

အရှင်အာနန္ဒာကြီးသည် အထက်မဂ်, အထက်ဖိုလ်ကို ရလို လတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ဝိပဿနာဇော (၇) ကြိမ်၊ ဘဝင် (လ) ချုပ်၏။ ၎င်းဝီထိမှာပါသော ပထမဇော၌ရှိသော ဆန္ဒသည် အဓိပတိပစ္စည်း၊ ကျန်နာမက္ခန္ဓာ, စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ ဤဝီထိ အခိုက်အတန့်မှာ မူလဋီကာဆရာသည် အဓိပတိပါမှ အပ္ပနာဈာန်ကို ရတယ်ဟူ၍ ဆိုထားရကား အရှင်အာနန္ဒာကြီးမှာတော့ ဆန္ဒတည်း ဟူသောအဓိပတိ လွန်ကဲနေရကား သမာဓိမတည်သောကြောင့် အထက်မဂ်, အထက်ဖိုလ်ကိုမရသည်မှာ အလွန်တရာထင်ရှားနေရကား

မူလဋီကာဆရာဆိုသောစကားနှင့် ဆန့်ကျင်နေသည်မဟုတ်ပါလောဟု မေးငြားအံ့၊ မဆန့်ကျင်ဘူးဟုမှတ်ရမည်။ ဘာ့ကြောင့်ဆိုသော် ၄င်းနောက် အရှင်အာနန္ဒာကြီးမှာ ငါတော့ဖြင့် မဂ်ဖိုလ်ကို ရတော့မှာမဟုတ်ပါဘူးလို့ အောက်မေ့ပြီးသကာလ ဝီရိယကိုလျှော့လိုက်တော့မှ ၄င်းဝီရိယနှင့် သမာဓိ တန်းတူဖြစ်ပြီးသကာလမှ အထက်မဂ်, အထက်ဖိုလ်ကို ရတော်မူတယ်။

သို့ဖြစ်ပါ၍ ဝီရိယနှင့်မျှသော ပညာသည် ပါနေရကား တစ်ပါးသောအဓိပတိများကို အဝင်မခံပါဘဲ ဤနေရာ၌ ဟီနအဓိပတိ အဖြစ်နဲ့ သူသည် ဝင်နေသောကြောင့် သူသည် နောက်လိုက်ပင်ဖြစ်ပါ သော်လည်း သူနဲ့ကင်းပြီးမဖြစ်ရကား ဝီရိယသည် အဓိပတိပစ္စည်း ထိုက်နေသောကြောင့် အဓိပတိကြောင့်သာ ရတယ်ဟူ၍မှတ်ယူပါလေ။ ၄င်းနေရာ၌ ပရိကံမှစ၍ ဝီရိယနှင့်သမာဓိတို့သည် မျှတယ်ဟုမှတ်ပါ။

အကြင်ပုဂ္ဂိုလ်သည် ငါ၏သေခြင်းသည်ကားလို့ဆိုရင် ကောင်းသောသေခြင်းပါတကားဟု မိမိ၏သေရခြင်းကို ဝမ်းမြောက် ပြီး စုတေလိုလတ်သည်ရှိသော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မရဏာသန္နဇော ငါးကြိမ်၊ ရုံ၊ ရုံ၊ စုတိ၏။ ဤဝီထိ၌ ပထမဇော၌ပါသော ဆန္ဒသည် သဟဇာတာဓိပတိ ပစ္စည်း၊ ပထမဇောနာမက္ခန္ဓာ, စိတ္တဇရုပ်သည် သဟဇာတာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန်။

၄င်းဝီထိအခိုက်အတန့်သည် ရှေးအခါက ညီအစ်ကိုနှစ်ယောက် ရှိရာတွင် အမိအဖများထားခဲ့သော ပစ္စည်းဥစ္စာများကျန်ခဲ့ရာ အစ်ကို ဖြစ်သူမှာ ရဟန်းပြုနေတဲ့အတွက် ၄င်းပစ္စည်းများကို မသုံးစွဲပါဘဲ၊

ညီဖြစ်သူနှင့်ခယ်မတို့သာ သုံးစွဲပြီးနေခဲ့ရာ တစ်နေ့သောအခါ ခယ်မဖြစ်သူက အကြံပေါက်သည်မှာ ငါတို့၏ခဲအိုမှာ ဒီအဝတ်နဲ့မြရင်တော့ ကောင်းရဲ့၊ အကယ်၍ လူဝတ်များလဲလာခဲ့ရင် ငါတို့၏ပစ္စည်းဥစ္စာတွေဟာ ဧကန်မုချ ခွဲပြီးပေးရမှာပဲ။ ဒီရဟန်း လူမထွက်ခင် သူ့ကို သတ်ပစ်မှပဲဟုအကြံပေါက်ပြီးလျှင် ခိုးသားများအား ပစ္စည်းဥစ္စာ ပေးပြီးလျှင် အသတ်ခိုင်းလေ၏။

ထိုအခါ ရဟန်းက ၄င်းခိုးသားများအား သင်တို့ ဘယ်လိုကိစ္စကြောင့် ငါ၏အထံသို့လာကြပါသလဲဟုမေးသောအခါ ခယ်မဖြစ်သူက အသတ်ခိုင်းကြောင်းကိုလျှောက်လေ၏။ ထိုအခါ ရဟန်းသည် ငါသည် ဤကဲ့သို့ ပုထုဇဉ်အဖြစ်နဲ့သေပါက အဘယ်အကျိုးရှိအံ့နည်းဟု အောက်မေ့ပြီးလျှင် ခိုးသားများအား ယုံကြည်လောက်အောင် မိမိကို ခြေထောက်ကျိုးအောင်အရိုက်ခိုင်းပြီးလျှင် မိမိကိုယ်ကိုမိမိ အနိစ္စ ဒုက္ခ အနတ္တဝိပဿနာတင်ပြီးရှုသောအခါ ကိလေသာအာသဝေါ ကုန်ခန်းပြီး သကာလ ရဟန္တာအဖြစ်သို့ရောက်သွားသောအခါ ငါ၏သေရခြင်းသည် ကားလို့ဆိုရင် ယခုအခါ၌ ကောင်းသောသေခြင်းပေတည်းဟု ဝမ်းမြောက်ပေ၏။

သို့ဖြစ်၍ ဤဝတ္ထုကိုထောက်ပြီးလျှင် သေတဲ့အခါမှာလည်း ပထမဇော၌ပါသော ဆန္ဒသည် သဟဇာတာဓိပတိပစ္စည်း တပ်နိုင်တယ်ဟူ၍မှတ်ပါ။ ဤဝီထိမှာ စုတိစိတ်သည် ဝိပါက်ဖြစ်နေသောကြောင့် ဉာဏ်ကင်းရကား အဓိပတိပစ္စည်း မတပ်နိုင်ဘူးလို့မှတ်လေ။

အကြင်ပုဂ္ဂိုလ်သည် ခရီးသွားသောအခါ ခရီးအကြား၌ အကြောင်းညီညွတ်၍ သူတောင်းစားနှင့်တွေ့သောအခါ ဒါနပြုလို

လတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ မဟာကုသိုလ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ပထမဇော၌ပါသော ဆန္ဒသည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စနိက်။ ပထမဇောနာမက္ခန္ဓာ, စိတ္တဇရုပ်သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စနိက်ပင်မှတ်။ ၎င်းဝီထိ အခိုက်အတန့်မှာ မိမိသည် သူတောင်းစားကို ပေးရင်လည်း ဖြစ်နိုင်၏။ အကယ်၍ မပေးဘဲနေပါကလည်း ဖြစ်နိုင်သောကြောင့် ဤနေရာ၌ ဆန္ဒသည်မပြဌာန်းဘဲ မျှပြီးနေရကား အဓိပတိပစ္စည်းမတပ်ဘဲ ပစ္စနိက်ထဲသို့သွင်းရသည်မှတ်ပါလေ။ ၎င်းဝီထိကို 'မတပ်ခိုက် မရခိုက်' နှင့် စပ်ဟပ်ပါလေ။

အကြင်ပုဂ္ဂိုလ်သည် မိန်းမတွေ၏လှေပွဲကို သွားကြည့်လို လတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏၊ ဤဝီထိ၌ ပထမဇော၌ပါသော ဆန္ဒသည် သဟဇာတာဓိပတိပစ္စည်း၊ ပထမဇောနာမက္ခန္ဓာ စိတ္တဇရုပ် သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။ ၎င်းဝီထိမှာတော့ မိမိတို့သည် မကြည့်ရရင်မနေနိုင်ဘဲ မိမိတို့မှာ ကြည့်ချင်ခြင်းတည်း ဟူသော ဆန္ဒကပြဌာန်းနေသောကြောင့် အဓိပတိပစ္စည်းတပ်သည်ဟု မှတ်ရမည်။ ၎င်းဝီထိကို ပထမအပုံက 'တပ်ခိုက် ရခိုက်' နှင့် စပ်ဟပ်၍ ယူပါလေ။

လောဘမူစိတ် ၈-ခု
ဒေါသမူစိတ် ၂-ခု

မဟာကုသိုလ်စိတ် ၈-ခု
မဟာကြိယာစိတ် ၈-ခု - ပထမ တစ်ပုံ။

မောဟမူစိတ် ၂-ခု
အဟိတ်စိတ် ၁၈-ခု
မဟာဝိပါက်စိတ် ၈-ခု
မဟဂ္ဂုတ်ဝိပါက် ၉-ခု - ဒုတိယ တစ်ပုံ။

အပ္ပနာဇော ၂၆-ခု - တတိယ တစ်ပုံ။

ပထမအပုံ၌ရှိသော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတို့တွင် တစ်ပါးပါးသည် အဓိပတိပစ္စည်းကို တပ်ခိုက်၊ ပစ္စည်းဟုမှတ်။ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်တို့သည် အဓိပတိပစ္စည်းကို ရခိုက်၊ ပစ္စယုပ္ပန် ဟုမှတ်လေ။

ပထမအပုံ၌ရှိသော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတို့တွင် တစ်ပါးပါးသည် အဓိပတိပစ္စည်းကို မတပ်ခိုက်၊ ပစ္စနိက်။ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်တို့သည် အဓိပတိပစ္စည်းကို မရခိုက်၊ ပစ္စနိက် ဟုမှတ်။ (အနေကန်။)

ဒုတိယအပုံ၌ရှိသော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတို့တွင် တစ်ပါးပါးသည် အဓိပတိပစ္စည်းကို မရခိုက်၊ ပစ္စနိက်။ (ဧကန်။) သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်တို့သည် အဓိပတိပစ္စည်းကို မရနေ၊ ပစ္စနိက်။

ပဥ္စဒွါရာဝဇ္ဇန်းစိတ်သည် အဟိတ်တရားဖြစ်နေရကား ရေသောက်မြစ်မရှိသောသစ်ပင်ကဲ့သို့ မြဲမြဲခိုင်ခံ့တည်တံ့နိုင်တဲ့ သဘော တရားမရှိရကား စိတ္တအဖြစ်နှင့်ပင် ဝင်အမှုထမ်းနိုင်သော်လည်း

ငှင်းပဋ္ဌာန်ဒွါရာဝဇ္ဇန်းစိတ်သည် သူတစ်ပါးနဲ့မတူအောင် အားထုတ်ချင်ပါသော်လည်း သူ့မှာ အဓိပတိသတ္တိကိုဖြစ်စေတဲ့အင်္ဂါများ မပါ ,မရှိသောကြောင့် မိမိသည် အနန္တရသတ္တိဖြင့်ကျေးဇူးပြုအပ်သော စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏတို့မှာလည်း အဓိပတိသတ္တိမပါဘူးဟုမှတ်။ ဤကဲ့သို့ အဓိပတိသတ္တိမပါပါဘဲလျက် အဘယ့်ကြောင့် ဤဝီထိ၌ ဖြစ်နေပါသလဲဟုမေးခဲ့အံ့- သူတို့မှာ စိတ္တနိယာမဖြစ်စဉ်ကို မလွန်နိုင်သောကြောင့် ဖြစ်ရတယ်ဟူ၍မှတ်ပါ။

ဇောစိတ်များမှာလည်း အထူးသဖြင့်အားထုတ်အပ်တဲ့အခါမှာ အဓိပတိပစ္စည်းတပ်တယ်ဟုမှတ်။ အနိဋ္ဌဖြစ်၍ အားမထုတ်အပ်တဲ့အခါ အဓိပတိပစ္စည်းမတပ်ဟုမှတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဇောတို့မည်သည်မှာ နိယာမအားဖြင့် မယူရသောကြောင့်မှတ်ပါလေကုန်။

စိတ်တို့မည်သည်မှာ ပဏ္ဍရသဘော ဖွေးဖွေးဖြူပြီးသကာလ အစဉ်မပြတ်ဖြစ်နေပေ၏။ ဤကဲ့သို့ပင် သန့်ရှင်းစင်ကြယ်စွာဖြစ်နေပါသော်လည်း **'မာယူပမဉ္စ ဝိညာဏံ'** ဟူသည်နှင့်အညီ နောက်ကျိတွေဝေခြင်းကို ဖြစ်စေတတ်သော တစ်ပါးသော စေတသိက်တို့နှင့်ပေါင်းဖော်မိသောကြောင့် မိမိတို့၏ ဖြူဖွေးသော ပဏ္ဍရသဘောကြီးကို စွန့်ပြီးသကာလ ဤကဲ့သို့မကြည်လင်နိုင်ဘဲ စေတသိက်သဘောများ၏ အလိုသို့ လိုက်ပြီးသကာလ စေတသိက်တရားက မကြည်လင်ခဲ့လို့ရှိရင် မိမိတို့မှာ မကြည်လင်ဘဲဖြစ်လာရ၏။ စေတသိက်တရားများက ကြည်လင်မှသာလျှင် မိမိမှာကြည်ကြည်လင်လင်ဖြစ်ရတယ်ဟူ၍ မှတ်ပါလေ။

မောဟမှုဒွေးသည် ဆန္ဒတည်းဟူသောတရားကိုယ်ခမ္မတွေ သူ့မှာ ပါပါသော်လည်း အားကြီးတဲ့တရားများမှာသာလျှင် အဓိပတိတပ်ရကား မောဟမူဒွေးမှာ ပျံ့လွင့်တွေဝေတတ်သော ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့နှင့် ပေါင်းမိနေသောကြောင့် မိမိမှာဖြူဖွေးသောသဘာဝတွေ ကွယ်ပျောက်ပြီး သကာလ တွေဝေမိန်းမောပြီးနေရကား အလုပ်တစ်ခုကိုလုပ်တဲ့အခါမှာ ဆုံးဖြတ်ခြင်းငှာမစွမ်းနိုင်ပါသောကြောင့် သူ့အထဲမှာပါသောဆန္ဒကလေးမှာ အသုံးမကျပါဘဲ ၎င်းမောဟနှင့် ဧကုပ္ပါဒ, ဧကနိရောဓအဖြစ်ဖြင့်သာ လာပြီးယှဉ်နေရတယ်။ အဓိပတိပစ္စည်း မတပ်ဘူးဟူ၍ မှတ်ပါလေ။


အပ္ပနာဇော ဆဗ္ဗိသဥ္ဇရှိသော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတို့တွင် တစ်ပါးပါးသည် အဓိပတိပစ္စည်းကို ရခိုက်, တပ်ခိုက်၊ ပစ္စည်း, ပစ္စယုပ္ပန် မှတ်လေ။

ကံသည် ကောင်းသောအကျိုးကို ပြုခဲ့လို့ရှိရင် ဝိပါက်မှာ ကောင်းသောအကျိုးကို ပေးရမြဲဖြစ်ရကား ကံက အဓိပတိပစ္စည်း ထိုက်ခဲ့လို့ရှိရင် ၎င်းလောကီဝိပါက်များမှာလည်း အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်ထိုက်သည်မဟုတ်ပါလောဟုမေးခဲ့ငြားအံ့- ၎င်းလောကီ ဝိပါက်များမှာ အတိတ်ကပစ်ချလိုက်သောကံနှင့်သာစပ်၍ အာရုံအားဖြင့် လည်းကောင်း၊ သဟဇာတအားဖြင့်လည်းကောင်း၊ မစပ်သောကြောင့် ပစ္စယုပ္ပန်မရေးဘဲ ပစ္စနိက်ရေးရသည်မှတ်ပါ။ ဆရာတော် ဦးဝိမလ၏ အဓိပတိပစ္စည်းချုပ်စဉ် ပြီး၏။

*အဓိပတိပစ္စည်း ပြီးပါပြီ။*

# အနန္တရပဉ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။



စိစဉ်သူ - မရွှေပသိဂိ (I.T.B.M.U) Tel: 0973087091

၄။ စကြာဝတေးမင်း နတ်ရွာလားသော် သားကြီးရတနာ ဘုရင်ဖြစ်လာသကဲ့သို့သော အာရုံတူ

စိတ်, စေတသိက်တို့၏ အစဉ်မပြတ် ဖြစ်ပေါ်သော အနန္တရပစ္စည်းတရား။

# အနန္တရပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- အတိတ်ကာလ၌သာ ဖြစ်ပါသည်။
- အသညသတ်ကြဉ်သော ဘုံ (၃၀)၌ ဖြစ်နိုင်ပါသည်။

## ၄။ အနန္တရပစ္စည်းအခ်ဳပ္မွာယ်

အဓိပတိပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ အနန္တရ ပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'အနန္တရပစ္စယော' ဟူသည်တည်း။

**အနန္တရပစ္စယော** -အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရား တည်း။

(ဝါ) စကြဝတေးမင်း၏ နတ်ရွာလားခြင်းသည် သားကြီး ရတနာအား အဘိသိက်ခံခြင်းငှာ ကျေးဇူးပြုသကဲ့သို့ အခြားမဲ့သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

စကြဝတေးမင်း၏ နတ်ရွာလားခြင်းသည် သားကြီးရတနာအား အဘိသိက်ခံခြင်းငှာ အမွေဆက်ခံစေ၏။ ထို့အတူ ရှေး စိတ် စေတသိက် တို့ ချုပ်ခြင်းသည် စိတ်အစဉ် မပြတ်စေခြင်းငှာ မိမိနှင့်အာရုံတူ စိတ် စေတသိက်တို့ ဖြစ်ပေါ်စေခြင်းငှာ ကျေးဇူးပြု၏။

### အနန္တရပစ္စည်း သုံးချက်စု

**အနန္တရပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ။ ဤတရားတို့သည် အနန္တရပစ္စည်း တပ်သော တရားမည်ကုန်၏။

ရဟန္တာတို့၏ စုတိစိတ်နှင့်တကွသော နောက်နောက်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာ။ ဤတရားတို့သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် အနန္တရပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

## အနန္တရပစ္စည်း ချုပ်ပို့စဉ်

နတ္ထိပစ္စည်းသည် မိမိတို့၏အမိအဖများသည် သေခါနီးသော အခါ၌ မိမိတို့အား ငါတို့သေခဲ့လျှင် ကျန်သောပစ္စည်းဥစ္စာများကို ငါ့သား ငါ့သမီးများ ယူရစ်ကြပေတော့ဟု သြကာသဒါနကြီး ထားပြီး ပေး သွားသကဲ့သို့ ငါတည်းဟူသော ပဋ္ဌဒွါရာဝဇ္ဇန်း ချုပ်သွားခဲ့လို့ရှိရင် မင်းတည်း ဟူသော စက္ခုဝိညာဏ်တို့ဖြစ်ကြပေဟ့လို့ မပြောသော်လည်း ပြောသကဲ့သို့ အခွင့်အခါဟုဆိုအပ်သော သြကာသသတ္တိကို ပေး၍ ကျေးဇူးပြု၏။

ဝိဂတပစ္စည်းများမှာ မိမိတို့၏မိဘများသည် သေခါနီးသော အခါ၌ မိမိတို့အား ငါတို့မရှိပြီးသည့်နောက် မင်းတို့သည် ငါတို့၏ ပစ္စည်းဥစ္စာများကို ယူရစ်ကြတော့ဟုဆိုအပ်တဲ့ သြကာသဒါနကိုလည်း မပေးခဲ့ပါဘဲ ၎င်းမိဘများမရှိသည့်နောက် မိမိတို့မှာ သားသမီးများ၏ အမွေအနှစ်ဖြစ်ပါ၍ ဆိုင်သောကြောင့်သာ ရသကဲ့သို့ ပဋ္ဌဒွါရာဝဇ္ဇန်း ကလေးချုပ်ပျောက်သွားပြီးနောက် ငါမရှိသည့်နောက် မင်းတည်းဟူ သောစက္ခုဝိညာဏ်တို့ ဖြစ်ကြပေဟ့လို့ဆိုတဲ့ သြကာသဒါနကိုလည်း

မပေးခဲ့ပါဘဲ သူတည်းဟူသော စက္ခုဝိညာဏ်ကလေးမှာ ၎င်း ပဉ္စဒွါရာဝဇ္ဇန်းကလေးချုပ်သွားပြီးသည့်နောက် မိမိမှာဖြစ်ခြင်းငှာ သက်ဆိုင်နေသောကြောင့် ဖြစ်ရပြီးလျှင် ကျေးဇူးပြုသွား၏။

**"အန္တရယတီတိ အန္တရံ၊ ဗျဝဓာယကန္တိ အတ္ထော၊ နာဿ အန္တရံ ဝိဇ္ဇတီတိ အနန္တရော၊ သောယေဝ ပစ္စယောတိ အနန္တရပစ္စယော၊ အနန္တရဘာဝေန ဥပကာရကော ဓမ္မောတိ အဓိပ္ပာယော"** - ဟုမိန့်၏။ ခြားတတ်သောတရား မရှိသောကြောင့် အနန္တရမည်၏။

ဥပမာအားဖြင့် မိမိတို့သည် ဆွမ်းခံသွားတဲ့အခါမှာ စီတန်းပြီး သကာလ သွားရကား ရှေ့ကခေါင်းဆောင်လုပ်တဲ့ ပုဂ္ဂိုလ်ကြီးက ၎င်းစီတန်းသွားနေတဲ့ မိမိတို့ကျောင်းကသံဃာတွေကြားထဲကို တခြား သောသူစိမ်းပုဂ္ဂိုလ်ကို အဝင်မခံရကား မိမိတို့မှာလည်း ငါတို့ကြားထဲမှာ တော့ ဘယ်သူမျှ ဝင်နိုင်မှာမဟုတ်ဘူးဟဲ့လို့ဆိုတဲ့အနေမျိုးနဲ့ မိမိတို့ စိတ်ချလက်ချသွားရပါတယ်။ ဤကဲ့သို့ မိမိတို့မှာ စိတ်ချလက်ချ သွားရခြင်းသည် ရှေ့ဆောင်ပုဂ္ဂိုလ်၏ ဩဇာတိက္ကမကြီးသော သတ္တိကြောင့်၊ တခြားသောပုဂ္ဂိုလ်များကို အဝင်မခံသောကြောင့်၊ ဤကဲ့သို့ သွားရတယ်မှတ်ပါ။

၎င်းဥပမာကဲ့သို့ အနန္တရသတ္တိများမှာလည်း -

**ပုရိမပစ္ဆိမာနံ နိရောဓုပ္ပါဒန္တရာဘာဝတော နိရန္တရုပ္ပါဒန- သမတ္ထတာ အနန္တရပစ္စယဘာဝေါ** - ဟုမိန့်သည်နှင့်အညီ မိမိချုပ်သည်၏အခြားမဲ့၌ သဘောမတူသော တစ်ပါးသောတရားများကို ဝင်ခွင့်မပြုဘဲကျေးဇူးပြုပြီး ချုပ်ပျောက်သွားတဲ့သတ္တိကလေးဟာ အနန္တရသတ္တိဟူ၍မှတ်ပါ။

တစ်နည်းအားဖြင့် ရှေ့စိတ်၏ဘင်နှင့် နောက်စိတ်၏ဥပါဒ် အကြားမှာ မိမိနှင့်သဘောမတူတဲ့တရားများကို ဟော့…မင်းတို့ ငါနဲ့ သဘောမတူဘူး မဝင်ကြနဲ့လို့ မပြောသော်လည်း ပြောသကဲ့သို့ ကြားမဝင်ရအောင် ချုပ်သွားခြင်းကို အနန္တရသတ္တိပဲလို့မှတ်ပါ။

စိတ်တို့၏ မြဲသည်၏အဖြစ်ဟုဆိုအပ်သော နိယာမသဘော ကလေးကို သိစေလိုသောကြောင့် အနန္တရပစ္စည်းကိုဟောတော်မူရ တယ်လို့မှတ်ပါလေ။ ၎င်းအနန္တရသတ္တိက ကျေးဇူးပြုနေလို့သာ ဘဝင်တို့၊ စုတိတို့၊ အစဉ်မပြတ်ဖြစ်ပေါ်နေရတယ်။ ၎င်းအနန္တရသတ္တိဟာ မရှိခဲ့လို့ရှိပါရင် မိမိတို့သည် ပုတီးများစိပ်တဲ့အခါမှာ လက်ဦးအစ ပုတီးတစ်လုံးကို လက်နဲ့ဆွဲချပြီး စိပ်ပြီးနောက် နောက်ထပ်တစ်ဖန် ပုတီးတစ်လုံးကိုမစိပ်နိုင်တော့ဘဲ ရုပ်သေးကြိုးပြတ်ကျသကဲ့သို့ ဖြစ်သွားမှာပဲမှတ်လေ။

တစ်နည်းအားဖြင့် အကြားမရှိဖြစ်စေခြင်း၌ စွမ်းနိုင်သော သတ္တိကလေးဟာ ရှေ့စိတ်၏ဘင်စွန်းမှာ ရှိပါတယ်။ ဒီကြားထဲမှာ မဆိုင်တဲ့ဓမ္မတွေ ကြားဝင်ပြီးမရှုပ်နဲ့လို့ဆိုဘိသကဲ့သို့ ရှေ့စိတ်၏ ဘင်ကလေးက ကျေးဇူးပြု၏။ ၎င်းနောက် ဆိုင်တဲ့ဓမ္မဖြစ်ခဲ့လို့ရှိရင် ဝင်ခဲ့လို့ဆိုတာကိုလည်း ရှေ့စိတ်၏ဘင်ကပဲ ကျေးဇူးပြုပါတယ်မှတ်။ ဤကဲ့သို့ အနန္တရသတ္တိသာ မဝင်လာခဲ့လို့ရှိပါရင် ပဋိသန္ဓေ၏အခြားမဲ့၌ စုတိစိတ်တွေဝင်လာပြီးလျှင် မိမိတို့၏မှန်းခြေကို မပေါက်တော့ပါဘဲနဲ့ ပဋိသန္ဓေနေသည်နှင့်တစ်ပြိုင်နက် သေရရုံသာရှိပေတော့၏။ ထိုကဲ့သို့ မဖြစ်ရအောင်၊ ကုသိုလ်ကောင်းမှုပြုနိုင်အောင်၊ သမထဘာဝနာ စီးဖြန်း အားထုတ်နိုင်အောင်ကို ၎င်းအနန္တရသတ္တိက ကျေးဇူးပြုထားတယ်လို့

မှတ်ပါလေ။

ပစ္စုပ္ပန်ရူပါရုံကိုအာရုံပြု၍ ဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော်-

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ **"စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ"** လို့ဟောတော်မူပြီး၊ ပဋ္ဌာန်းပါဠိတော်ကလေးမှာ ဇကန်အနန္တရပစ္စည်းဖြစ်ပါလျက် အဘယ့်ကြောင့် 'မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ စက္ခုဝိညာဏ ဓာတုယာ' လို့ ဟောတော်မမူရပါသလဲလို့မေးခဲ့ပါရင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ နှလုံးသွင်းအာဘော်ရှိပါတယ်တဲ့။ ဤကဲ့သို့ နှလုံးသွင်းအာဘော်ရှိသောကြောင့်သာ ဤကဲ့သို့ဟောတော်မမူတာဟူ၍ မှတ်ရမည်။

ဘယ်လိုနှလုံးသွင်းအာဘော် ရှိပါသလဲဆိုပါရင် ပဋ္ဌာန်းပါဠိတော်တည်းဟူသော မနောဓာတ်သည် ဘဝင်္ဂုပစ္ဆေဒတည်းဟူသော မနောဝိညာဏဓာတ်အား ကျေးဇူးပြုနေပေ၏။ ထို့နောင် စက္ခုဝိညာဏဓာတ်သည် ပဋ္ဌာန်းပါဠိတော်တည်းဟူသော မနောဓာတ်အား ကျေးဇူးပြုနေပြန်၏။ ထို့နောင် စက္ခုဝိညာဏဓာတ်အား သန္တီရဏတည်းဟူသော မနောဝိညာဏဓာတ်က ကျေးဇူးပြုနေပြန်၏။ ထို့ကြောင့် စိတ်တို့၏ ဖြစ်စဉ်သည် မမြဲပါဘဲ ဖောက်လွဲဖောက်ပြန် ဖြစ်နေပါသောကြောင့် ဤကဲ့သို့ မြတ်စွာဘုရား ဟောတော်မမူဘူးလို့မှတ်ရမည်။

ဤအနန္တရပစ္စည်းကို ဘုရားဟောတော်မူရခြင်းမှာ တရားတို့၏ မရောယှက် မလုံးထွေးစေခြင်းငှာလည်းကောင်း၊ စိတ္တနိယာမဖြစ်စဉ်တို့၏ မြဲသည်၏အဖြစ်ကို သိစေခြင်းငှာလည်းကောင်း၊ ဟောတော်မူရ

တယ်မှတ်ပါလေ။

ငှင်းရှေ့စိတ်ကလေးချုပ်သွားသော်လည်း ဤနေရာမှာ မည်သူတစ်ဦးတစ်ယောက်မျှ မဝင်ရဘူးလို့ဆိုတဲ့သဘောကလေးကို ထားခဲ့ပြီး ချုပ်သွားရကား ငှင်းဘင်ကလေးမှာ စွမ်းပကားသတ္တိမရှိတဲ့ ဘင်မဟုတ်။ မိမိတို့နှင့်သဘောမတူတဲ့ တရားဓမ္မတွေကို ဝင်ခွင့်မပြုဘူး ဆိုပြီး ချုပ်ငြိမ်းရုပ်သိမ်းတတ်တဲ့ ဘင်ကလေးပါပဲလို့သိစေ၏။

**အတ္တနော အတ္တနော အနန္တရံ အနုရူပစိတ္တုပ္ပါဒဇနန-သမတ္ထော ပုရိမပုရိမနိရုဒ္ဓေါ ဓမ္မော အနန္တရပစ္စယော, သမနန္တရပစ္စယောတိ စ ဝုစ္စတိ။** -ဟုဋီကာကျော်မိန့်၏။

အတ္တနော အတ္တနော၊ မိမိ၏။ အနန္တရံ၊ အခြားမဲ့၌။ အနုရူပစိတ္တုပ္ပါဒ-ဇနနသမတ္ထော၊ လျော်လျောက်ပတ်သော နောက်စိတ္တုပ္ပါဒ်တို့ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော။ ပုရိမပုရိမနိရုဒ္ဓေါ၊ ရှေးရှေး၌ ဖြစ်၍ ချုပ်လေပြီးသော။ ဓမ္မော၊ ဘင်စိတ်ကလေးကို။ အနန္တရပစ္စယောတိ စ၊ လည်းကောင်း။ သမနန္တရပစ္စယောတိ စ၊ လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။

စိတ်သည် ဥပါဒ်အခိုက်အတန့်၌ စိတ္တဇရုပ်ကိုဖြစ်စေတယ်။ ရှေ့စိတ်သည် လျော်သောစိတ္တဇရုပ်အား နင်ဖြစ်ဟဲ့လို့ဆိုပြီး ချုပ်ငြိမ်း သွားရကား ငှင်းအနန္တရသည် ဇနကသတ္တိရှိတယ်လို့မှတ်ရမည်။

(တစ်နည်းအားဖြင့်) အနန္တရပစ္စည်းကိုဟောတော်မူရခြင်းမှာ မလျော်တဲ့တရား၏ဖြစ်ခြင်းကို ကန့်ကွက်ပြီးလျှင် လျော်တဲ့တရား၏ ဖြစ်ခြင်းကို ခွင့်ပြုပြီး ချုပ်သွားတယ်လို့မှတ်ပါလေ။

အကြင်ပုဂ္ဂိုလ်သည် ဆွမ်းစားခြင်းကိစ္စပြုလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။

ဆွမ်းကိုကိုင်ပြီးနောက် ဆွမ်းဟင်းခပ်လို၍ ဇွန်းကို ကိုင်လို လတ်သော်-

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ပထမဇွန်းပေါ်၌ လက်ချလိုက်တဲ့အခါ မြဲမြဲမြဲမြဲမရှိဘူး။ သတ္တမဇောကျမှ မြဲမြဲမြဲမြဲ ကိုင်နိုင်၏။ သို့ဖြစ်၍ ပထမဇောနာမက္ခန္ဓာသည် ပစ္စည်း၊ ဒုတိယဇော နာမက္ခန္ဓာသည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်၊ (လ) သတ္တမဇောသည် အနန္တရပစ္စည်း၊ ပထမတဒါရုံသည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်။ ရှေ့ကိုလျှောက်၍ ပစ္စည်း၊ ပစ္စယုပ္ပန်တပ်လေ။

မိမိတို့မှာ သံသရာစက် မပြတ်သ၍ကာလပတ်လုံး စိတ်အစဉ် ဘယ်တော့မှမပြတ်ဘူးမှတ်။ ဇွန်းကိုကိုင်တော့မယ်ဆိုတဲ့ ဇောကလေး ဖြစ်ပေါ်လာရအောင် ဝုဋ္ဌောကကျေးဇူးပြုပေးမှ ဇောကလေးပေါ်လာ သောကြောင့် ဇွန်းကိုကိုင်နိုင်တယ်။ ၎င်းဝုဋ္ဌောက ကျေးဇူးမပြုခဲ့လို့ရှိရင် ဇွန်းကို မကိုင်နိုင်ဘူးလို့မှတ်ရမည်။

မိမိတို့၏ခန္ဓာအိမ်ကြီးဟာ ဤကဲ့သို့ဖြစ်နေရတာ ဘယ်သူ့ ကြောင့်ပါလဲဆိုရင် (၂၄)ပါးသော အကြောင်းတွေကြောင့် ခန္ဓာအိမ်ကြီး ဖြစ်ရတယ်မှတ်။ ထာဝရဘုရားက ဖန်ဆင်းလို့၊ နတ်များက ဖန်ဆင်းလို့ လူဖြစ်ရတယ်၊ မိန်းမ, ယောက်ျား ဖြစ်ရတယ်လို့ဆိုသော စကားသည် ‘အဟေတုကဒိဋ္ဌိ’ အကြောင်းမရှိသော အယူဝါဒဟူ၍မှတ်ရမယ်။

## အနန္တရ နှင့် သမနန္တရ အထူး

အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့ကို ဋီကာကျော်ဆရာက မထူးဘူး။ မူလဋီကာဆရာအလိုက တူတယ်။ ရှေးဆရာများအလို ကလည်း တူတယ်ဟူ၍လာ၏။ ထိုဆရာသုံးဦးတို့တွင် ဋီကာကျော်ဆရာ အလိုအားဖြင့် -

**ဗျဥ္ဇနမတ္တေနေဝ ဟိ နေသံ ဝိသေသော။ အတ္ထတော ပန ဥဘယမ္ပိ သမနန္တရနိရုဒ္ဓသဿေဝါဓိဝစနံ။ န ဟိ တေသံ အတ္ထတော ဘေဒေါ ဥပလဗ္ဘတိ။**

ဟိ- တဒေဝ ယုတ္တံ၊ ထို ငါဆိုသောစကားသည် သင့်၏။ ဗျဥ္ဇနမတ္တေနေဝ၊ သဒ္ဒါမျှသည်သာလျှင်။ နေသံ၊ ထိုပစ္စည်းနှစ်ပါးတို့၏။ ဝိသေသော၊ အထူးတည်း။ အတ္ထတော ပန၊ သဘာဝတ္ထအားဖြင့်ကား။ ဧတံ ဥဘယမ္ပိ၊ ထိုပစ္စည်းနှစ်ပါးတို့၏ အပေါင်းသည်လည်း။ သမနန္တရနိရုဒ္ဓဿေဝ၊ ကောင်းစွာ အခြားမဲ့၌ချုပ်ပြီးသော တရား၏ သာလျှင်။ အဓိဝစနံ၊ အမည်တည်း။ နေသံ၊ တို့၏။ အတ္ထတော၊ သဘာဝတ္ထအားဖြင့်။ ဘေဒေါ၊ အထူးအပြားကို။ န ဥပလဗ္ဘတိ ဟိ- န ဥပလဗ္ဘတိ ဧဝ၊ မရအပ်သည်သာလျှင်တည်း။

**ဋီကာကျော်ဆရာ** အလိုအားဖြင့် မထူးဘူး၊ သဒ္ဒါမျှသာထူးတယ်။ သဘာဝတ္ထအားဖြင့် ၄င်းပစ္စည်းနှစ်ပါးမှာ မိမိတို့၏ ချုပ်သွားပြီး သည့်နောက် (ဝါ) ချုပ်သွားပြီးသည်၏အခြားမဲ့၌ လျော်သောတရား ဖြစ်ခဲ့လို့ရှိရင် ဖြစ်ပေတော့လို့ဆိုတဲ့ သတ္တိပေးပြီးချုပ်သွားသော တရားမျိုးချင်းတူသောကြောင့် သဘာဝတ္ထအားဖြင့် မပြားဘူးဟု မှတ်ရမည်။

**မူလဋီကာဆရာ** အလိုအားဖြင့် ၄င်းပစ္စည်းနှစ်ပါးတို့သည် တူတယ်လို့မှတ်ရမည်။

ပုဂ္ဂလဇ္ဈာသယအလို့ငှာ အနန္တရ, သမနန္တရပစ္စည်းနှစ်ပါးကို ဟောရ၏။ အနန္တရပစ္စည်းကိုနာဖူးတဲ့ပုဂ္ဂိုလ်က သမနန္တရပစ္စည်းကို ဟောခဲ့လို့ရှိရင် မိမိတို့သည် ပရိစယ လေ့ကျက်ခဲ့တဲ့တရားမဟုတ်တဲ့ အတွက် မိမိတို့၏ဉာဏ်မှာမထင်ရကား ကျွတ်တန်းမဝင်မည်စိုး၍ ပုဂ္ဂိုလ်၏ အဇ္ဈာသယကိုကြည့်တော်မူပြီးလျှင် အနန္တရပစ္စည်းကို နာဖူး၊ အားထုတ်ခဲ့ဖူးသောပုဂ္ဂိုလ်အား အနန္တရပစ္စည်းကိုဟောရသည်။ သမနန္တရ ပစ္စည်းကို နာဖူးတဲ့ပုဂ္ဂိုလ်အား သမနန္တရပစ္စည်းကိုဟောတော်မူရတယ်လို့ မှတ်။ တရားထူး၍ ဟောတော်မူသည်မဟုတ်။

တစ်နည်းအားဖြင့် သမနန္တရကိုဟောမှ ဒေသနာတော်တင့်တယ် ရကား ဒေသနာတော်ကို တန်ဆာဆင်သောအားဖြင့် ဒေသနာဝိလာသ အားဖြင့် ဟောတော်မူတယ်လို့ အချို့သောဆရာများကယူပေ၏။

(တစ်နည်းအားဖြင့်) သမနန္တရပစ္စည်းကို သံ-သဒ္ဒါကလေးနဲ့ အထူးပြုပြီး ဟောတော်မူရခြင်းမှာ ပထမစိတ် ချုပ်ပျောက်သွားလို့ရှိရင် နောက်စိတ်များ ဖြစ်ပေါ်ရ၏။ ဤကဲ့သို့ပင် ဖြစ်ပါငြားသော်လည်း ထက်အောက် ဝန်းကျင်ပတ်လည်တို့၌ စောင့်ဆိုင်းနေခြင်းမရှိပါဘဲ အကြောင်းတိုက်ဆိုင်ခဲ့ရင် ဖြစ်ရမယ်။ အကြောင်းမတိုက်ဆိုင်ခဲ့သော် ပျက်ရမည်လို့ဆိုတဲ့ သတ္တိသဘာဝကို သိစေခြင်းအကျိုးငှာ ဟောတော်မူ တယ်မှတ်။

ဥပမာအားဖြင့် ထင်ရှားအောင် ပြဦးအံ့- **"ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ"** ဟူသည်နှင့်အညီ ထက်ကောင်းကင်မှာ

လျှပ်စစ်တို့သည် အကြောင်းတိုက်ဆိုင်တဲ့အခါမှာ ဝင်းခနဲဝင်းခနဲ ပေါ်လာရ၏။ အကြောင်းမတိုက်ဆိုင်တဲ့အခါမှာ မပေါ်ဘဲနေကြကုန် သကဲ့သို့မှတ်ရမယ်။ ပဌမဓောကြောင့် နောက်ဒုတိယဓောကလေး ဖြစ်ပေါ်လာရ၏။ ပဌမဓောသည် ဇာတိစသောတရားတို့က နှိပ်စက် ခြင်းကြောင့် ပျက်စီးရ၏။ ဒါ့ကြောင့် **"ဟုတွာ အဘာဝတ္ထေန အနိစ္စာ"** လို့မိန့်ထားရကား ဤကဲ့သို့ပျက်စီးသွားရတာကလေးသည် အနန္တရသတ္တိ မှတ်ပါ။

**အာစရိယဝါဒ** အားဖြင့် ၄င်းနှစ်ပစ္စည်းကို ဘုရားဟောတော်မူ ရခြင်းမှာ ထူးလို့သာဟောတယ်။ မထူးပါက 'မောဃံ ကာလံ နခီယေယျ' ဟူသည်နှင့်အညီ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ကြီးမှာ အသက်တော်ကခပ်တိုတို၊ ရန်သူတွေကလည်း အလွန်တရာမှ များနေသောကြောင့် အချိန်ကာလကိုဖြုန်းပြီး တရားမထူးပါက ဟောတော်မမူဘူးလို့မှတ်။

၄င်းနှစ်ပါးတို့၏ထူးပုံမှာ ရှေ့ချုပ်သွားတဲ့တရားကလေးမှာ မပြတ်ဖြစ်စေတဲ့ အနုပစ္ဆေဒကသတ္တိကလေး ရှိ၏။ ဤကဲ့သို့ အနုပစ္ဆေဒကသတ္တိရှိငြားသော်လည်း ငါသည် အာရုံကြောင့်ဖြစ်ရ၏။ သို့အတွက် ငါတို့ကဲ့သို့ အာရုံကြောင့်ဖြစ်ပေါ်တဲ့တရားမှ ဖြစ်လို့ဆိုတဲ့ အနုပစ္ဆေဒကသတ္တိရှိတယ်၊ ထားခဲ့တယ်လို့မှတ်။ ငါကဲ့သို့ သာဒနသဘော ရှိတဲ့တရားမှ ဖြစ်ရမယ်။ သာဒနသဘောမရှိတဲ့တရား မဖြစ်ရဘူး။ သာဒနသဘောပင် ရှိငြားသော်လည်း ကိစ္စ,ဌာနမှာလည်း သင့်လျော် လျောက်ပတ်တဲ့ ကိစ္စ,ဌာနမှသာလျှင် ဖြစ်ရမယ်ဆိုတဲ့ သတ္တိသည် သမနန္တရမှတ်ပါ။

အနန္တရကတော့ ဘယ်ကိစ္စ, ဘယ်ဌာနပဲဖြစ်ဖြစ် ကိစ္စ,ဌာနကို မမှတ်ဘူး။ ဒါကြောင့် လျော့လျောက်ပတ်တဲ့ ကိစ္စ,ဌာနသေချာစေခြင်းငှာ သမနန္တရကိုဟောရ၏။ အနန္တရမှာတော့ ကိစ္စ,ဌာနမပြဋ္ဌာန်းဘူးမှတ်ပါ။

(တစ်နည်းအားဖြင့်) သမနန္တရမှာ ကိစ္စ,ဌာနကိုသေချာ၍ မြဲသည်၏အဖြစ်ကိုသိစေခြင်းငှာ ဟောတော်မူသည်။ ကိစ္စ,ဌာနမှာ ယုံမှားသံသယဆိုတဲ့ ဝိစိကိစ္ဆာကိုပယ်ပျောက်စေခြင်းငှာ သမနန္တရကို ဟောရတယ်မှတ်ပါ။

နာမ်တရားတို့သည် ရုပ်တရားများကဲ့သို့ သဏ္ဍာန်အားဖြင့် မရှိသည်၏အဖြစ်ကို သိစေလိုသောကြောင့် သမနန္တရကို သံ-သဒ္ဒါဖြင့် ထပ်ဟောရ၏။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကလေး ပေါ်လာ၏။ ပေါ်ပြီးသည့်နောက် ငါသည် ချုပ်ငြိမ်းရုပ်သိမ်းရတော့မယ်။ ချုပ်ရငြားသော်လည်း ငါ့မှာ အလုပ်ဝတ္တရားကလေးရှိ၏။ ဘာအလုပ်လဲဆိုရင် စိတ်အစဉ်မပြတ်မှု ကလေး အားထုတ်ဖို့ရာရှိသေးတာကြောင့် ချုပ်ငြိမ်းရုပ်သိမ်းတဲ့ သတ္တိကလေးသည် အနန္တရသတ္တိမှတ်ပါ။

သမနန္တရကတော့ ငါသည် ချုပ်ငြိမ်းရုပ်သိမ်းရတော့မယ်။ ချုပ်ငြိမ်းရုပ်သိမ်းရငြားသော်လည်း ကိစ္စဌာနအားဖြင့် လျော့လျောက်ပတ်တဲ့တရားကလေးသာ လာရမယ်ဆိုပြီး ချုပ်ငြိမ်းရုပ်သိမ်းသွားတယ်။ ၄င်းချုပ်ငြိမ်းရုပ်သိမ်းသွားတဲ့တရားကလေးသည် သမနန္တရမှတ်။

ပဉ္စဒွါရာဝဇ္ဇန်းပြီးလျှင် ဒဿနကိစ္စတပ်တဲ့ စက္ခုဝိညာဏ်မှသာ လျှင်ဝင်ရမယ်။ ဒဿနကိစ္စမတပ်ရင် မဝင်ရဘူးဆိုပြီး ချုပ်ငြိမ်းရုပ်သိမ်း သွားတဲ့သတ္တိကလေးသည် သမနန္တရသတ္တိကလေးမှတ်လေ။

အနန္တရမှာတော့ ရှေ့စိတ်ချုပ်သွားရင် ဘယ်လိုစိတ်တွေပေါ်ပေါ် အစဉ်မပြတ်ဖြစ်ရင်ပြီးရောလို့ဆိုတဲ့ သတ္တိသာရှိ၏။ ကိစ္စဌာနပဟာ အရေးမကြီးဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ငါနဲ့အာရုံတူလျှင်ပြီးရောဆိုပြီး ချုပ်သွားရကား အနန္တရနှင့်သမနန္တရတို့မှာ ကိစ္စဌာနမှတ်တာနှင့် အာရုံမှတ်တာမှာသာ ကွဲပြားပါသော်လည်း ၄င်းနှစ်ပါးတို့မှာ တူတယ်လို့ မှတ်ပါ။ နိယာမအားဖြင့်သိစေလိုသောကြောင့် ခတ်နှင့်အထူးပြုပြီး ဟောရတယ်လို့မှတ်။

အကြင်ပုဂ္ဂိုလ်သည် ပုဘီးစိပ်လိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ပထမဇောသည် အနန္တရပစ္စည်း၊ ဒုတိယဇောသည် ပစ္စယုပ္ပန်။

ဤဝီထိ၌ စဉ်းစားပြီးကြည့်လိုက်တဲ့အခါ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်ဆိုရင်- ကာမကုသိုလ်ကသာ ရူပ,အရူပ,လောကုတ္တရာ တို့ကို ကျေးဇူးပြုနိုင်၏။ ရူပ,အရူပကုသိုလ်,လောကုတ္တရာတို့က ကာမကုသိုလ်, အကုသိုလ်တရားများကို ကျေးဇူးမပြုနိုင်။ သို့အတွက် 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ (လ) ကုသလာနံ ဓမ္မာနံ' လို့ ဟောထား ခြင်းသည် လုံးထွေးကြီးဖြစ်နေသည် မဟုတ်လော့ဟု မေးခဲ့ငြားအံ့- မလုံးထွေးဘူးလို့မှတ်ရမယ်။ ရှေးကုသိုလ်, နောက်ကုသိုလ်တို့သည် လျော်လျောက်ပတ်တဲ့တရားမှသာ ကျေးဇူးပြု၏။ "**သဒိသကုသလာနံ အနရူပကုသလာနန္တိ ဝါ အတ္ထော**" မူလဋီကာကို ထောက်၍ လျော်လျောက်ပတ်တဲ့တရားကိုသာယူပါ။ မလျော် မလျောက်ပတ်တဲ့ တရားကို မယူပါနဲ့။ လျော်လျောက်ပတ်တဲ့ တရားမှသာလျှင်

ကျေးဇူးပြု၏။

မူလဋီကာဆရာက ရှေးကုသိုလ်, နောက်ကုသိုလ်တို့သည် ဝေဒနာအားဖြင့်လည်းကောင်း၊ ဟိတ်အားဖြင့်လည်းကောင်း တူမှသာ လျှင် (ဝါ) တူသည်ဖြစ်၍ ကျေးဇူးပြု၏လို့ဖွင့်ထား၏။ မဟာကုသိုလ် ဉာဏသမ္ပယုတ်နှင့် သောတာပတ္တိမဂ်တို့မှာ ဝေဒနာအားဖြင့်လည်း ကောင်း၊ ဟိတ်အားဖြင့်လည်းကောင်း၊ တူနေရကား သောတာပတ္တိမဂ်နှင့် ကာမကုသိုလ်တို့သည် အချင်းချင်းကျေးဇူးပြုပါသလားဆိုရင် ကျေးဇူး မပြုဟုမှတ်။ ဘာ့ကြောင့်ဆိုသော် မလျော်မလျောက်ပတ်သောကြောင့် ကျေးဇူးမပြုဟုမှတ်ပါလေ။ စိတ္တနိယာမကိုသိစေခြင်းငှာ 'ဓာတု' သဒ္ဒါနဲ့ ဟောရ၏။

ငင်းအနန္တရ, သမနန္တရပစ္စည်းများမှာ ဤစိတ်ချုပ်သွားက ဤစိတ်သည် ဖြစ်ပေတော့လို့ဆိုတဲ့ အခွင့်ပေးတဲ့သတ္တိလည်း မရှိဘူး။ ငါချုပ်သွားရင် မင်းတည်းဟူသော ပဋ္ဌာဒါရာဝဇ္ဇန်းဖြစ်ပေတော့လို့ ဩဇာတိက္ကမလည်း မပေးဘူး။ ဤစိတ်ချုပ်သွားက နောက်၌ လျော်လျောက်ပတ်တဲ့ စိတ္တုပ္ပါဒ်တွေ စိတ္တနိယာမဖြစ်စဉ်ကို မလွန်ဆန် နိုင်ဘဲဖြစ်ရတယ်လို့ သိစေခြင်းငှာ အနန္တရ, သမနန္တရကိုဟောရတယ် မှတ်ပါ။

**အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ ဒဿနံ။**
**ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။**

ဟုဟောတော်မူသည်နှင့်အညီ မည်သူကဖြစ်စေတယ်၊ မည်သူကဖြစ်ရ တယ်ဆိုတဲ့ အတ္တနိယာမ မရှိဘူး။ ပဌမဇောက ငါကဖြစ်စေလို့ ဒုတိယဇောဖြစ်ရတယ်လို့ သည်လိုအတ္တနိယာမ မရှိဘူးမှတ်ပါလေ။

'စက္ခုဝိညာဏာတေ တံသမ္ပယုတ္တကာ စ ဓမ္မာ' စသော ပါဠိတော်ကို ထောက်သောအားဖြင့် နိယာမသဘောကိုသာ သိစေလိုသောကြောင့် အနန္တရ၊ သမနန္တရပစ္စည်းနှစ်ပါးကို ဟောတော်မူရတယ်မှတ်။ ဒီလိုဆိုရင် 'ပစ္စယေန' ဆိုတဲ့ သတ္တိကလေးတွေမှာ ဘာမှ အသုံးမကျတော့ဘူးလို့ဆိုတဲ့ အဓိပ္ပာယ်ရောက်ရာ၏။ ဤကဲ့သို့ ရောက်သွားပြန်ကလည်း ဘုရားဟောထားတော်မူသည်မှာ အကျိုးမရှိဘဲ အချည်းနှီးဖြစ်ရာ၏။ ဘုရားရှင်တို့မည်သည်မှာ အကျိုးမရှိပါက ဟောတော်မမူဘူးလို့မှတ်ရမည်။ အကျိုးရှိပုံမှာ -

ဥပမာ- မိုးဃ်းအားကြီးတဲ့နှစ်မှာ နှင်းများအားကြီး၏။ သို့အတွက် အချမ်းအားကြီး၏။ သို့သော် မိုးဃ်းဥတုပြီးက ဆောင်းဥတုပေါ်လာရ၏။ ဤကဲ့သို့ ဖြစ်ပေါ်လာရခြင်းမှာ မည်သူက လာခိုင်းပါသလဲလို့ဆိုရင် မည်သူကမှ မခိုင်းပါဘူးဟုမှတ်။ သူ့နိယာမ အစဉ်အလာအားဖြင့်သာ ဖြစ်ပေါ်လာတယ်မှတ်။ ဤကဲ့သို့လာတဲ့အခါမှာ ဆောင်းဥတုမလာဘဲနဲ့ နွေဥတုလာရမယ်လို့ ကန့်ကွက်သေးသလားလို့ဆိုရင် သူ့ဥတုနိယာမ ဖြစ်စဉ်မို့ ကန့်ကွက်လို့မရဘူးလို့မှတ်။

ဤကဲ့သို့ မိုးဃ်းအားကြီးတဲ့နှစ်မှာ နှင်းများအလွန်များသည့် အတွက် အအေးဓာတ်ပိုလာပြီးလျှင် မိမိအားထိခိုက်ရာ၌ အလွန်နာကျင်၏။ ဤကဲ့သို့ အအေးဓာတ်ပိုလာပြီးလျှင် ထိခိုက်ချက် နာရသည်မှာလည်း ဘယ်သူ့ကြောင့်လဲဆိုရင် မိုးဃ်းဥတုကြောင့်လို့မှတ်။ အအေးဓာတ်ကလေးပေါ်လာရခြင်းကတော့ သူ့ဥတုနိယာမသဘောကြောင့်လို့မှတ်။

ထို့အတူ စက္ခုဝိညာဏ်ချုပ်သွားတဲ့အခါ သမ္ပဋိစ္ဆိုင်းကလေး ပေါ်လာရ၏။ ဤကဲ့သို့ စိတ္တနိယာမအားဖြင့် ပေါ်လာရငြားသော်လည်း

မိမိတည်းဟူသော စက္ခုဝိညာဏ်ချုပ်သွားတဲ့အခါ တစ်ပါးသော ဝုဋ္ဌော စသည်တို့ကိုဝင်ခွင့်မပြုတဲ့ သတ္တိကလေးသည် ရှေ့ချုပ်သွားတဲ့ စက္ခုဝိညာဏ်၏ သတ္တိပဲလို့မှတ်လေ။ စောင့်ဆိုင်း၍မနေရဘဲ မြန်မြန် ပေးတဲ့သတ္တိသည် ရှေးစိတ်၏သတ္တိမှတ်ပါ။ တစ်ပါးသောတရား ခြားမဝင်စေဘဲ နောက်စိတ်မြန်မြန်ဖြစ်ရမှုသည် ရှေးစိတ်၏သတ္တိပဲမှတ်။ ထို့ကြောင့် 'ပစ္စယေန' သဒ္ဒါကလေးကိုထည့်ရပြန်သည်။

နဂိုရ်အစက နိယာမပင်ဖြစ်လင့်ကစား အချိန်မှန်မှန်ဖြစ်ရ၏ (ဝါ) ဖြစ်ရခြင်းသည် ရှေးစိတ်၏သတ္တိမှတ်။ စက္ခုဝိညာဏ်က ဟေ့··· ငါ ချုပ်ပြီးရင် မင်း··· သမ္ပဋိစ္ဆိုင်း ဖြစ်ဆိုတာ ရှေးစိတ်၏သတ္တိပဲမှတ်။

ရှေ့ပစ္စည်းသည် သုံးသတ္တိရှိ၏။ နိယာမအားဖြင့်လည်း ဖြစ်ခြင်း တစ်ပါး၊ အကြား၌ တစ်ပါးသောတရားတို့ကို ဝင်ခွင့်မပြုခြင်း တစ်ပါး၊ အချိန်မှန်မှန်ဖြင့် လျော်လျောက်ပတ်တဲ့စိတ္တုပ္ပါဒ်မှဖြစ်ခြင်း တစ်ပါးဆိုတဲ့ သုံးသတ္တိရ၏။

အကြင်ပုဂ္ဂိုလ်သည် စုတိလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မရဏာသန္နဇော (၅) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်၊ စုတိ၊ ပဋိသန္ဓေ၊ ဘဝင် (၁၅), (၁၆) ကြိမ်၊ မ၊ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်၊ ဘဝင် (လ) ချုပ်၏။

ဤဝီထိ၌ စုတိသည် အနန္တရပစ္စည်း၊ ပဋိသန္ဓေသည် အနန္တရ ပစ္စည်း၏ ပစ္စယုပ္ပန်။ သို့ဖြစ်ပါသောကြောင့် ၄င်းအနန္တရပစ္စည်းကြီးမှာ မိမိတို့အား သံသရာဝဋ်ဆင်းရဲ၌ ကျင်လည်မှုကိုပေးနေတယ်မှတ်။ ဤကဲ့သို့ မိမိတို့မှာ စုတိပြီး ပဋိသန္ဓေဖြစ်နေပါရင် မိမိတို့မှာ သံသရာ ဝဋ်မှ ထွက်မြောက်လိုပါတယ်လို့ပြောနေငြားသော်လည်း သံသရာကြီးကို

အရှည်လိုက်ပြေးတာမဟုတ်ဘဲ အဝိုင်းလိုက်ကြီး ပြေးနေတာဖြစ်၍ ထွက်ပေါက်ကို မမြင်ပါဘဲ တဝဲလည်လည်နဲ့ ဖြစ်နေရတယ်မှတ်။

ရဟန္တာပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန်ပြုလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မရဏာသန္နဇော (၅) ကြိမ်၊ ပရိနိဗ္ဗာနစုတိ။ ဤဝီထိ၌ ပဌမဇောသည် အနန္တရပစ္စည်း၊ စုတိသည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်။ ၄င်းဝီထိအခိုက်မှာ ကုသိုလ်တည်းဟူသော ဇောများက ဝိပါက်, အဗျာကတတည်းဟူသော စုတိစိတ်များကို ကျေးဇူးပြုရာမှာ စေတသိက်ယှဉ်ခြင်းပင်မတူသော်လည်း သူနဲ့လျော်နေရကား ကျေးဇူးပြုတယ်မှတ်လေ။

စက္ခုဝိညာဏ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုရာမှာ စက္ခုဝိညာဏ်၌ စေတသိက် ခုနစ်လုံးသာယှဉ်၏။ ထိုခုနစ်လုံးတို့တွင် ဝေဒနာက သမ္ပဋိစ္ဆိုင်းမှာယှဉ်တဲ့ ဝေဒနာကို၊ သညာက သညာကို၊ ဤကဲ့သို့ အသီးအသီး လိုက်ပြီးယှဉ်လိုက်ပါက သမ္ပဋိစ္ဆိုင်းဘက်က စေတသိက် သုံးလုံးပိုနေ၏။ ဒီလိုအသီးအသီးကျေးဇူးပြုပါက ပိုနေသောစေတသိက် သုံးလုံးမှာ မည်သူက ကျေးဇူးပြုပါသလဲလို့ မေးစရာရှိနေပေ၏။ သို့သော်လည်း ရှေ့စိတ်က လျော်တဲ့စိတ္တုပ္ပါဒ်ကို ဖြစ်ခွင့်ပေးလို့ဖြစ်ရ၏။ နောက်စိတ်မှာ ရှေ့စိတ်က ဖြစ်ခွင့်ပေးလို့ဖြစ်ရ၏။ ဒါ့ကြောင့် ရှေ့စိတ်က အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေးလို့ နောက်စိတ္တုပ္ပါဒ်မှာ ဖြစ်ရကား ရှေ့စိတ်နှင့်မတူသော်လည်း လျော်သည်ဖြစ်သောကြောင့် အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။ စိတ်ယှဉ်, စေတသိက်ယှဉ် မတူသော်လည်း လျော်တာကိုသာကျေးဇူးပြု၏။

'ယေသံ ယေသံ ဓမ္မာနံ'စသော တရားများကို တစ်ဖန်

ဟောတော်မူရခြင်းမှာ နောက်ကဟောခဲ့တာတွင် စိတ်တရား, စေတသိက်တရားတွေဟာ ကုန်ပါလျက်နှင့် ဘာ့ကြောင့် 'ယေသံ ယေသံ ဓမ္မာနံ အနန္တရာ'စသည်ဖြင့် ထပ်ဟောရပါသလဲလို့ဆိုရင် မင်းတို့၏ ခန္ဓာကိုယ်ဖြစ်စဉ်ကြီးမှာ ဘယ်လိုပဲဖြစ်နေနေ ရှေ့စိတ်သည် အနန္တရ, သမနန္တရပစ္စည်းပဲလို့မှတ်၊ နောက်စိတ်သည် ပစ္စယုပ္ပန်ပဲလို့ ဉာဏ်ထက်သောပုဂ္ဂိုလ်အား သိစေခြင်းအကျိုးငှာ သင်္ခေပအကျဉ်းအားဖြင့် ဟောရတယ်မှတ်။

တချို့သောသတ္တဝါများက အကျယ်ကို ဝေဖန်ပြီးဟောမှ အကျွတ်တရားရ၏။ တချို့က အကျဉ်းအားဖြင့်ဟောမှ အကျွတ်တရားရ၏။ အရှင်သာရိပုတ္တရာသည် "**ယေ ဓမ္မာ ဟေတုပ္ပဘဝါ**"လို့ ဟောရုံမျှဖြင့် အကျွတ်တရားရ၏။ ဤကဲ့သို့ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်အတွက် ထပ်မံပြီး အကျဉ်းဟောတော်မူရပြန်တယ်မှတ်လေ။ ဆရာတော် ဦးဝိမလ၏ အနန္တရပစ္စည်းချုပ်စဉ် ပြီး၏။

*အနန္တရပစ္စည်း ပြီးပါပြီ။*

# သမန္တရပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။



စီစဥ်သူ - မရူပသိင်္ဂီ (I.T.B.M.U) Tel: 0973087091

၅။ စကြဝတေးမင်း တောထွက် ရဟန်းပြုသော် သားကြီးရတနာ ဘုရင်ဖြစ်လာသကဲ့သို့သော ကိစ္စဌာန
လျော်လျောက်ပတ်သော စိတ်, စေတသိက်တို့၏ ကောင်းစွာအစဥ်မပြတ် ဖြစ်ပေါ်သော သမနန္တရပစ္စည်းတရား။

# သမနန္တရပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- အတိတ်ကာလ၌သာ ဖြစ်ပါသည်။
- အသညသတ်ကြဉ်သော ဘုံ (၃၀)၌ ဖြစ်နိုင်ပါသည်။

## ၅။ သမနန္တရပစ္စည်းအစိပ္ပာယ်

အနန္တရပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ သမနန္တရပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'သမနန္တရပစ္စယော' ဟူသည်တည်း။

**သမနန္တရပစ္စယော** - ကောင်းစွာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) စကြဝတေးမင်း၏ ရဟန်းပြုခြင်းသည် သားကြီးရတနာအား အဘိသိက်ခံခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကောင်းစွာ အခြားမဲ့သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

ရှေးစိတ်, စေတသိက်တို့ ချုပ်ခြင်းသည် မိမိနှင့် ကိစ္စဌာန လျော်လျောက်ပတ်သော တရားကိုသာ ဖြစ်ပေါ်စေ၏။ ဥပမာ- မြင်ခြင်းနှင့် ဆိုင်ရာ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ချုပ်သွားလျှင် စက္ခုဝိညာဏ်စိတ်ကိုသာ ဖြစ်ပေါ်လာစေခြင်းငှာ ကျေးဇူးပြု၏။

### သမနန္တရပစ္စည်း သုံးချက်စု

**သမနန္တရပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် ရဟန္တာတို့၏စုတိကြဉ်သော ရှေးရှေးသော စိတ်တစ်ခုယုတ်ကိုးဆယ်၊

စေတသိက် ဒွေပညာသ။ ဤတရားတို့သည် သမနန္တရပစ္စည်း တပ်သော တရားမည်ကုန်၏။

ရဟန္တာတို့၏ စုတိစိတ်နှင့်တကွသော နောက်နောက်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာ။ ဤတရားတို့သည် သမနန္တရပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် သမနန္တရပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

သမနန္တရသည် အနန္တရနှင့်တူကုန်၏။ ဆရာတော် ဦးဝိမလ၏ သမနန္တရပစ္စည်းချုပ်စဉ် ပြီး၏။

*အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း ပြီးပါပြီ။*

# သဟာဇာတပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။



စီစဥ်သူ - မရူပသိဂီ (I.T.B.M.U) Tel: 0973087091

၆။ ဆီမီးတောက်နှင့် အလင်းသည် အတူတကွ ဖြစ်သကဲ့သို့သော သဟဇာတပစ္စည်းတရား ခြောက်ပါး။

# သဟာဇာတပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- (၃၁) ဘုံစလုံး၌ ဖြစ်နိုင်ပါသည်။

## ၆။ သဟဇာတပစ္စည်းအစီပွာယ်

သမနန္တရပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ သဟဇာတပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'သဟဇာတပစ္စယော' ဟူသည်တည်း။

**သဟဇာတပစ္စယော**-တကွဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) ဆီမီးသည် တကွအလင်းကို ဖြစ်စေလျက် ကျေးဇူးပြုသကဲ့သို့ တကွဖြစ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### သဟဇာတပစ္စည်း သုံးချက်စု

**သဟဇာတပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုတွင် အချင်းချင်းအားလည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း တပ်သော အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။

အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း တပ်သော စိတ္တဇ, ပဋိသန္ဓေကမ္မဇ, ဗာဟိရ, အာဟာရဇ, ဥတုဇ,

အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇအားဖြင့် အလုံးစုံသောမဟာဘုတ် လေးပါး။

ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာအားတပ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတပစ္စည်း တပ်သောတရားမည်ကုန်၏။

အချင်းချင်းမှထောက်အပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ၅၂ပညာသ၊ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး။

နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်။

အချင်းချင်းမှထောက်အပ်သော ဥပါဒါရုပ်နှင့်တကွသော အလုံးစုံသောမဟာဘုတ် လေးပါး။

ပဉ္စဝေါကာရပဋိသန္ဓေမှထောက်အပ်သော ဟဒယဝတ္ထု၊ ဟဒယဝတ္ထုမှထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ။ ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရား မည်ကုန်၏။

ပစ္စနိက် မရှိ။

## သဟဇာတပစ္စည်း ချပို့စဉ်

ဝီထိစိတ်အစဉ်မှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပြီးသည့်နောက် စက္ခုဝိညာဏ်စိတ် ပေါ်လာရ၏။ ပဉ္စဒွါရာဝဇ္ဇန်းပေါ်လာမှ ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော စေတသိက် ဆယ်ပါးပါလာ၏။ ၎င်းစေတသိက်တို့ သည် မိမိနှင့်အတူတကွဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းဖြစ်ရင် ဖြစ်မယ်။

ချုပ်ရင် ချုပ်မယ်။ မည်သူကပဲကန့်ကွက်သော်လည်း ငါတို့ မနေခဲ့ဘူးလို့ ဆိုတဲ့သဘောမျိုးနဲ့ တစ်စုတစ်ရုံးတည်း ဖြစ်လာတယ်။

ဤကဲ့သို့ဖြစ်ရာမှာ မိမိတို့သည် ဟင်းချိုဟင်းကိုချက်ပြီး၍ မြည်းကြည့်လိုက်တဲ့အခါ - ဟာ… ဒီဟင်းက တယ်ပြီးချိုပါလားလို့ သိရတာမှာ ဘယ်သူကပြောလို့ သိရပါသလဲဆိုရင် ဝေဒနာကပြောလို့ သိရတယ်မှတ်။ ဘာ့ကြောင့်ဆိုသော် ၎င်းဟင်း၏ချိုသောအရသာကို သညာစသည်တို့ကရော မမှတ်ဘူးလားဆိုရင် မှတ်တယ်တဲ့။ ဤကဲ့သို့ မှတ်ကြငြားသော်လည်း ဒီနေရာ၌ ဝေဒနာက ဦးစီးနေသောကြောင့် သညာ, သင်္ခါရစသည်တို့၏ သတ္တိသဘောလက္ခဏာတွေမှာ မထင်ရှားဘဲ ငုပ်လျှိုးပြီးနေရ၏။ သို့ဖြစ်ပါ၍ ပြဋ္ဌာန်းသောဓမ္မသာ ထင်ရှား၍ မပြဋ္ဌာန်းသော ဓမ္မတွေလည်း ပါသေးသည်၏အဖြစ်ကို သိစေခြင်းအကျိုးငှာ သဟဇာတပစ္စည်းကိုဟောရတယ်မှတ်။

မိမိတို့သည် ခလုတ်တိုက်မိတဲ့အခါမှာ စေတနာက ဟာ … ဒီခလုတ်တိုက်မိတာဟာ ငါ့မှာကံမကောင်းလို့ တိုက်မိတာပဲလို့ဆိုခဲ့ရင် ဝေဒနာက ဟေ့… စေတနာ မင်းကံမကောင်းလို့တိုက်မိတာကို ငါ မခံစားချင်ဘူးလို့ဆိုပြီး နောက်ဆုတ်တဲ့သဘောကလေးများ ရှိသေးပါ သလားဆိုရင် မရှိပါဘူးတဲ့။ ၎င်းစေတနာ၏ ကံမကောင်းလို့တိုက်မိတာ ကိုပင် သူသည်ခံစားတာပါပဲလို့မှတ်။

ဤနေရာမှာ ဇနကသတ္တိနဲ့ ဥပတ္ထမ္ဘကသတ္တိကို ရွေးချယ်၍ သိရမည်မှာ ၎င်းစေတနာဖြစ်လို့ရှိရင် မိမိတည်းဟူသော ဝေဒနာ စသည်တို့မှာ တစ်ပြိုင်နက်တစ်ချက်တည်း ဖြစ်ပေါ်ရခြင်းသည်

ဇနကသတ္တိလို့မှတ်။ ၎င်းစေတနာနဲ့အလားတူ စေတနာကကောင်းရင် မိမိတို့မှာကောင်းရခြင်း၊ ၎င်းစေတနာကမကောင်းခဲ့လို့ရှိရင် မိမိတို့မှာ မကောင်းရခြင်းသည် မိမိတို့က အကူအညီအထောက်အပံ့ပေး သောကြောင့် ဥပတ္ထမ္ဘကသတ္တိလို့မှတ်ပါ။

'ပစ္စယုပ္ပန္နေဟိ သဟ ဇာယတီတိ သဟဇာတော' ဟူသည်နှင့် အညီ ပစ္စယုပ္ပန္နေဟိ၊ ပစ္စယုပ္ပန်တို့နှင့်။ သဟ၊ တကွ။ ဇာယတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သဟဇာတော၊ သဟဇာတမည်၏။

မီးခြစ်ကို ခြစ်တဲ့အခါမှာကြည့်ပါက တကွအလင်းရောင်ကို ဖြစ်စေ၏။ မီးသည်တေဇော။ အလင်းရောင်သည်ဝဏ္ဏ၊ တေဇောမဟုတ်။ အလင်းရောင်သည် ဥပါဒါရုပ်။ ၎င်းဥပါဒါရုပ်သည် မဟာဘုတ်ကိုမှီ၍ ဖြစ်ရ၏။ ဒါ့ကြောင့် မဟာဘုတ်၌ရှိသောတေဇောသည် ပြဋ္ဌာန်း၏။ ထို့အတူ ပရမတ္ထဓမ္မတွေ၌ တစ်ခုသောတရားတို့ ပြဋ္ဌာန်း၍ဖြစ်ပါက မပြဋ္ဌာန်းတဲ့ဓမ္မတွေလည်း ပါတယ်ဆိုတာကိုသိပါလေ။

အကြင်ပုဂ္ဂိုလ်သည် ဆွမ်းစားလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ဇိ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ပထမဇောမှာပါသော ဝေဒနာသည် ပစ္စည်း၊ ကျန်နာမက္ခန္ဓာ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ ၎င်းဝီထိမှာ သညာ, သင်္ခါရ, ဝိညာဏ်တို့သည် ဆွမ်းစားတဲ့အခါမှာ ဝေဒနာက ကောင်းတယ်လို့ဆိုရင် မိမိတို့မှာ လိုက်ပြီးကောင်းရကား ၎င်းတို့မှာလည်း ပစ္စယုပ္ပန်ထိုက်တယ်မှတ်။

ဆွမ်းကို ဝါးလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ဆွမ်းကိုစားတဲ့ အခါမှာလည်း ခံတွင်းဝသို့ ထမင်းလုတ်ရောက်တဲ့အခါ ၄င်းထမင်း လုတ်ကို စားလိုသောစိတ်တွေသည် သဟဇာတပစ္စည်း၊ ၄င်းထမင်းလုတ် ကို ဝါးနေတဲ့ရုပ်ကလာပ်တွေသည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်။

**ဥပ္ပဇ္ဇမာနော၀ သဟ ဥပ္ပဇ္ဇမာနဘာဝေန ဥပကာရကော ဓမ္မော သဟဇာတပစ္စယော။** - ဟုမိန့်၏။

ဥပ္ပဇ္ဇမာနော၀၊ ဖြစ်ဆဲဖြစ်လတ်သော်။ ဥပ္ပဇ္ဇမာနဘာဝေန၊ ဖြစ်ဆဲဖြစ်သော တရားနှင့်။ သဟ၊ တကွ။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ဓမ္မော၊ တရားသည်။ သဟဇာတပစ္စယော၊ မည်၏။

ငါးတည်းဟူသောအကြောင်းတရား ဖြစ်ဆဲဖြစ်ခဲ့သည်ရှိသော် မင်းတည်းဟူသောအကျိုးတရားသည် ဖြစ်ဆဲဖြစ်ရမည်။ ငါးတည်းဟူ သောအကြောင်းတရားသည် တည်ဆဲဖြစ်ခဲ့သည်ရှိသော် မင်းတည်းဟူ သောအကျိုးတရားသည်လည်း တည်ဆဲဖြစ်ရမည်။ ဤကဲ့သို့ ကျေးဇူး ပြုတဲ့တရားသည် သဟဇာတပစ္စည်းလို့မှတ်ပါ။

တောသားကို နန်းတော်ထဲသို့ခေါ်သွားတဲ့အခါမှာ တောသားသည် နန်းတော်ကို မမြင်ဖူး၊ မကြားဖူး၊ မရောက်ဖူးဘူးဖြစ်ရကား နန်းတွင်းသူ တို့၏ အရိပ်အကဲကိုကြည့်ပြီးလျှင် နန်းတွင်းသူတို့က ထိုင်ဆိုရင် မိမိမှာ ထိုင်ရခြင်း၊ ရပ်ဆိုရင် ရပ်ရခြင်း၊ ရှိခိုးဆိုရင် ရှိခိုးရခြင်းပြုရ၏။

ဤနည်းတူ ဝေဒနာ, သညာစသည်တို့ကို စပ်ဟပ်ပါလေ။

နံနက်အခါ မိမိတို့သည် ကော်ဖီသောက်တဲ့အခါမှာ မချိုဘူးလား ဆိုရင် ချိုပါတယ်။ ဤကဲ့သို့ချိုတာကို ဘယ်သူကပြောပါသလဲဆိုရင် ဝေဒနာကပြော၏။ ဒီကော်ဖီဟာ သကြားကချိုတာပဲ၊ ကိုကိုးမှုန့်က မွှေးတာပဲလို့ သညာကပြော၏။ ဤကဲ့သို့ချိုတာ၊ မွှေးတာကို ဖဿက တွေ့ထိ၏။ ဒီကော်ဖီဟာ သကြားများလို့ချိုတာပဲ၊ ကော်ဖီများလို့ မွှေးတာပဲလို့ ဝိညာဏ်က အထူးသဖြင့်သိတယ်လို့မှတ်လေ။

ဤနေရာ၌ ဝေဒနာက ချိုတာကိုခံစားဆဲ၊ သညာက မှတ်ဆဲ၊ ဖဿက တွေ့ဆဲ၊ ဝိညာဏ်က သိဆဲ။ ဤသို့ ဆဲလေးဆဲတူနေ သော်လည်း လက္ခဏာအားဖြင့်တော့ မတူဘူးလို့မှတ်။ ထိုကဲ့သို့ မတူပါ သော်လည်း တစ်ခုတည်းသောဝေဒနာက ဦးစီးပြီး ဩဇာပေးနေသော ကြောင့် ပရမတ္ထဓမ္မတွေသည် သတ္တိပင်ဘယ်လိုပြားသော်လည်း တစ်ခု တည်းသောဓမ္မ၏အလိုသို့ လိုက်ရသည်၏အဖြစ်တည်းဟူသော သတ္တိကို ပြလို၍ သဟဇာတပစ္စည်းကို ဟောတော်မူတယ်လို့မှတ်လေ။

အကြင်ပုဂ္ဂိုလ်သည် အကောင်းအဆိုးရွေးလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤနေရာ၌ သညာက အကောင်း အဆိုးကိုမှတ်တတ်လို့ ရွေးတတ်၏။ သညာသည် ဦးစီးပြီးနေသော ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းအခိုက်အတန့်၌ သညာသည် သဟဇာတပစ္စည်း၊ ကျန်နာမက္ခန္ဓာသည် ပစ္စယုပ္ပန်မှတ်လေ။

ဟင်းချိုသောက်တဲ့အခါ ပူတယ်လို့ဆိုတာ လျှာမှာထိမိလို့မှတ်။ အကြင်ပုဂ္ဂိုလ်သည် ဟင်းချိုသောက်၍ ပူနွေးလိုလတ်သည်ရှိသော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ဖဿသည် ပစ္စည်း၊ ကျန်နာမက္ခန္ဓာသည် ပစ္စယုပ္ပန်။ ဋ္ဌီအခိုက်အတန့်၌ ပူနွေးတဲ့အခါ ဖဿသည် ပစ္စည်း၊ ကျန်နာမက္ခန္ဓာ, စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။

အကြင်ပုဂ္ဂိုလ်သည် အလိုမကျလိုလတ်သည်ရှိသော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ဒေါသဇော (၇)ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ စိတ်ဆိုးသောအခါ မျက်နှာတွေနီမြန်းလာအောင် ဒေါသကပြုသောကြောင့် ဒေါသဇောအခိုက်အတန့်၌ ဝိညာဏ်သည် ပစ္စည်း၊ ကျန်နာမက္ခန္ဓာ, နီမြန်းသောရုပ်ကလေးသည် ပစ္စယုပ္ပန်။

ငှင်းဝီထိမှာ နီမြန်းသောရုပ်ကလေးကိုဖြစ်စေတဲ့ နာမ်ဓမ္မတွေ ချုပ်သွားခဲ့လို့ရှိရင် ငှင်းရုပ်မှာ ချုပ်သွားပါသလားဆိုရင် မချုပ်ဟုမှတ်။ ငှင်းနီမြန်းသောရုပ်မှာ စိတ္တက္ခဏ (၁၇)ချက်ပြည့်မှ ချုပ်ရ၏။ ဝိညာဏ် တည်းဟူသောနာမ်ဓမ္မမှာတော့ ခဏငယ်သုံးချက်ပြည့်၍ ချုပ်သွားရ၏။ သို့ဖြစ်ပါ၍ ငှင်းရုပ်တရားကိုငဲ့သောအားဖြင့် 'အညမည' သဒ္ဒါကလေးကို ထည့်ဟောရတယ်မှတ်။

ငှင်းသဟဇာတပစ္စည်းကို ဋ္ဌီကာလ၌ရနိုင်ကြောင်းကို ဋီကာ ဆရာဆိုထားပါသဖြင့် ဥပါဒ်အခိုက်အတန့်၊ ဋ္ဌီအခိုက်အတန့်၌ သဟဇာတပစ္စည်း တပ်နိုင်သည်ဟုမှတ်။

အလိုမကျလို့ ဒေါသဖြစ်ပေါ်လာတဲ့အခါမှာ ဝေဒနာစသည်တို့မှာလည်း တစ်ပြိုင်နက်တစ်ချက်တည်း ဖြစ်ပေါ်လာရ၏။ ၎င်းဒေါသမဖြစ်နိုင်လျှင် သူတို့လည်းမဖြစ်နိုင်။ ဒေါသဖြစ်ပြီးသည့်နောက်မှာလည်း သူတို့မဖြစ်ရ။ ဒေါသဖြစ်မှသာ သူတို့ဖြစ်ရကား ဒေါသသည် ဇနကသတ္တိမှတ်။

၎င်းနောက် ဒေါသက မိမိအလိုမကျတဲ့ပုဂ္ဂိုလ်ကို မြင်တဲ့အခါ ဒေါသစိတ်တွေဖြစ်လာရတယ်။ ကျန်တဲ့ သညာစသည်တို့က ခင်ဗျားပြုတဲ့အာရုံကိုတော့ မပယ်ပါဘူး။ ကျုပ်တို့လက်ခံပါမယ်။ သို့သော်လည်း ခင်ဗျား ဒေါသဖြစ်သလို ဝေဒနာတည်းဟူသော ဒေါသ၊ သညာတည်းဟူသော ဒေါသ၊ ဝိညာဏ်တည်းဟူသော ဒေါသကတော့ ကျုပ်တို့လိုက်ပြီးမဖြစ်နိုင်ဘူးဆိုပြီးလျှင် မိမိတို့၏သတ္တိကိုမစွန့်ဘဲ အကူအညီအထောက်အပံ့ပေးသောအားဖြင့် ကျေးဇူးပြုသောကြောင့် ဥပတ္ထမ္ဘကသတ္တိလို့မှတ်လေ။

စာဆိုတဲ့အခါမှာ စာဆိုလိုတဲ့စိတ်နဲ့ အသံဓာတ်ကလေးတို့မှာ မည်သူကရှေးဖြစ်၍ မည်သူကနောက်ဖြစ်ပါသလဲဆိုရင် မည်သူကမှ ရှေးမဖြစ်ပါဘဲ တစ်ပြိုင်နက်တစ်ချက်တည်း ပေါ်လာတယ်မှတ်။

အကြင်ပုဂ္ဂိုလ် စာဆိုလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ ကာမဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ၎င်းဝီထိဦ ကမ္မဇကလာပ်နှင့် စိတ္တဇကလာပ်တို့ ထိခိုက်ခြင်းကြောင့် အသံဖြစ်ပေါ်လာရ၏။ သို့သော် အသံသည် အပြင်သို့မထွက်ခင် ချုပ်၏။ အပြင်သို့ထွက်လာတဲ့ အသံသည်

စိတ္တဇပစ္စယ ဥတုဇ အသံဖြစ်သည်။ ၄င်းအသံကို ပစ္စယုပ္ပန် မတပ်ကောင်းဟုမှတ်။

ပထမဓာနာမက္ခန္ဓာသည် ပစ္စည်း၊ သဒ္ဒနဝကကလာပ်သည် ပစ္စယုပ္ပန်။ ဒါ့ကြောင့် တပည့်တော်တို့ ကိုယ်တော်တို့သန္တာန်၌ သဟဇာတနှင့်ကင်းပြီး ဘာမျှမလုပ်နိုင်။ သဟဇာတနဲ့ ဘယ်တော့မှ မကင်းဘူးလို့မှတ်။ ၄င်းသဟဇာတပစ္စည်းရုပ်သိမ်းခဲ့သော် ကျန်ပစ္စည်းများလည်း ကျေးဇူးမပြုဟုမှတ်။

တစ်ဖန် ပါဠိတော်၌ ကြည့်လိုက်ခဲ့သော် 'အညမညံ' လို့ရှိ၏။ ၄င်း'အညမည' သဒ္ဒါမရှိခဲ့ပါရင် ပြီးကောင်းပါလျက်သားနှင့် ဘာ့ကြောင့် 'အညမည' သဒ္ဒါကို ထည့်စွက်၍ ဘုရားဟောတော်မူရပါသလဲလို့ဆိုရင် တူသောကာလ, တူသောအချိန် ရှိသည်၏အဖြစ်ကို သိစေခြင်းအကျိုးငှာ 'အညမည' သဒ္ဒါကိုထည့်ပါသည်။ (ဝါ) ခဏမပြား, ကာလမပြားသည်၏အဖြစ်ကို သိစေခြင်းအကျိုးငှာ 'အညမည' သဒ္ဒါပို, သဒ္ဒါလွန်ကလေးကို ထည့်စွက်၍ဟောရ၏။

ပစ္စည်းက ဥပါဒ်ဆိုရင် ပစ္စယုပ္ပန်ကလည်းဥပါဒ်။ ပစ္စည်းကဋ္ဌီဆိုရင် ပစ္စယုပ္ပန်ကလည်းဋ္ဌီ။ ပစ္စည်းက ဘင်ဆိုရင် ပစ္စယုပ္ပန်ကလည်းဘင်။ ဤကဲ့သို့ ခဏမပြား, ကာလမပြားသည်ကို သိစေခြင်းအကျိုးငှာ 'အညမည' သဒ္ဒါထည့်စွက်၍ ဟောတော်မူသည်မှတ်။

အကြင်ပုဂ္ဂိုလ်သည် ပန်းကန်ပြားပုံထဲက ပန်းကန်ပြားအနီကို ရွေးလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ကာမဇော (၇) ကြိမ်၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ပထမဇောအခိုက်အတန့်၌ သညာသည် သဟဇာတပစ္စည်း၊ ဌီအခိုက်အတန့်၌ ကျန်နာမက္ခန္ဓာ၊ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။

မိမိအနားမှာရှိတဲ့တိုင်ကြီးမှာ အဋ္ဌကလာပ်ရုပ်ရှစ်ခုရှိရာတွင် တိုင်ကြီးကဲ့သို့ မားမားမတ်မတ်ကြီးနေနိုင်တာ ဘယ်သူ့ကြောင့်လဲဆိုပါရင် ဝါယောဓာတ်ကတွန်းကန်ထားလို့မှတ်။ အကယ်၍ ဝါယောဓာတ်ကသာ လျှော့ပေးခဲ့လို့ရှိရင် ၄င်းတိုင်ကြီးမှာ ပုံပြီးကျရာ၏။ ဒါ့ကြောင့် ဝါယော ဓာတ်သည် ပစ္စည်း၊ ကျန်ဘုတ်သုံးပါးသည် ပစ္စယုပ္ပန်။

ဤကဲ့သို့ မာမာကြီး ဖြစ်နေတာကတော့ ပထဝီဓာတ်က သဟဇာတသတ္တိဖြင့် ကျေးဇူးပြုထားလို့ဟုမှတ်။ ဒါ့ကြောင့် ပထဝီဓာတ် သည် ပစ္စည်း၊ ကျန်ဘုတ်သုံးပါးသည် ပစ္စယုပ္ပန်။ ၄င်းတိုင်ကြီးကို မာသထက်မာအောင်၊ အရောင်အဆင်းတွေ ထွက်ပေါ်လာအောင် တေဇောဓာတ်က သဟဇာတသတ္တိဖြင့် ကျေးဇူးပြုထားလို့ဟုမှတ်။ ဒါ့ကြောင့် တေဇောဓာတ်သည် ပစ္စည်း၊ ကျန်ဘုတ်သုံးပါးသည် ပစ္စယုပ္ပန်။ ၄င်းတိုင်ကြီးအား ဖရိုဖရဲ တစ်ခုစီကြဲမသွားရအောင် အာပေါဓာတ်က ဖွဲ့စည်းပြီးလျှင် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုထားရကား အာပေါဓာတ် သည် ပစ္စည်း၊ ကျန်ဘုတ်သုံးပါးသည် ပစ္စယုပ္ပန်။

ဦးဓောတိကရေ… နာရီမှာ ချိန်သီးလှုပ်နေတာမြင်ရဲ့လား၊ ဒါဟာ ဘာ့ကြောင့်လှုပ်ရပါသလဲဆိုရင် ဝါယောဓာတ်ကြောင့် ဝဏ္ဏာစသော ရုပ်ကလာပ်တွေ လှုပ်နေရတယ်မှတ်။ ဒါ့ကြောင့် ဝါယောဓာတ်သည်

ပစ္စည်း၊ ကျန်ရုပ်ခုနစ်ပါးသည် ပစ္စယုပ္ပန်။

ကိုယ်တော်တို့ တပည့်တော်တို့မှာ ကံကပစ်ချလိုက်လို့ ပဋိသန္ဓေနှင့်တကွ ကလာပ်သုံးစည်း တစ်ပြိုင်နက်ဖြစ်ပေါ်လာရ၏။ ဤကဲ့သို့ ပေါ်လာငြားသော်လည်း ဟဒယဝတ္ထုသာ သဟဇာတဒ္ဓပါ၍ ကျန်ကလာပ်နှစ်စည်းမှာ ဘာ့ကြောင့်မပါပါသလဲဆိုရင် ဟဒယဝတ္ထုသာ ပဋိသန္ဓေနာမက္ခန္ဓာတို့နဲ့ အတူတကွဖြစ်တဲ့နေရာ၌ မြဲသောကြောင့် ပါတယ်လို့မှတ်။

ကာယ, ဘာဝတို့ကမမြဲဘူး။ ရူပဘုံမှာ ကာယ, ဘာဝတို့မရဘူး။ ပဏ္ဍုက်, ဥဘတောဗျည်းတို့မှာ ဘာဝရုပ်မမြဲဘူး။ သို့အတွက် ကာယ, ဘာဝတို့ကို ဟဒယဝတ္ထုနဲ့ ထည့်မဟောဘူးလို့မှတ်ရမည်။

ဟဒယဝတ္ထုမှာတော့ ပဋိသန္ဓေဖြစ်ရင် သူဖြစ်ရ၏။ ဟဒယဝတ္ထုကလည်း ငါဖြစ်ရင် သင်ပဋိသန္ဓေနာမက္ခန္ဓာ ဖြစ်ရ၏။ သို့အတွက်ကြောင့် သူတို့နှစ်ပါးမှာတော့ ဖြစ်တာမြဲသည်ဖြစ်၍ ဟောတော်မူသည် မှတ်ပါလေ။

ပဋိသန္ဓေနာမက္ခန္ဓာကလည်း ဟဒယဝတ္ထုဖြစ်ခြင်းကို ကျေးဇူးပြု၏။ ဟဒယဝတ္ထုကလည်း ပဋိသန္ဓေနာမက္ခန္ဓာကို အတူတကွဖြစ်ခြင်းငှာ ကျေးဇူးပြုတယ်။ ကာယ, ဘာဝတို့မှာတော့ ပဋိသန္ဓေနှင့်အတူတကွ ဖြစ်ပါသော်လည်း သူတို့ဟာသူတို့ တသီးတခြားဖြစ်နိုင်သောကြောင့် သူတို့က ငါတို့ဖြင့် မင်းတည်းဟူသောပဋိသန္ဓေနဲ့ အတူတကွမဖြစ်ချင်ဘူး ဟော့စသည်ဖြင့် ငြင်းလုံးများထုတ်ခဲ့ပါရင် ရပေ၏။ ထို့ကြောင့် ၎င်း ကာယ, ဘာဝတို့၏မမြဲသောအဖြစ်ကို သိစေလိုသောကြောင့်

'ဩကာသနိကန္တိကာ'စသည်ဖြင့် ဟောတော်မူရတယ်မှတ်လေ။

'အညမည'သတ္တိထည့်ရခြင်းမှာတော့ ခဏတူသည်၏အဖြစ်ကို သိစေခြင်းငှာ ထည့်ရသည်မှတ်။ ထို့ကြောင့် ဟဒယဝတ္ထုသည် ပစ္စည်း၊ ပဋိသန္ဓေနာမက္ခန္ဓာသည် ပစ္စယုပ္ပန်။ ပဋိသန္ဓေသည် ပစ္စည်း၊ ဟဒယ ဝတ္ထုသည် ပစ္စယုပ္ပန်။ တစ်ပါးသောပဋိသန္ဓေသည် ပစ္စည်း၊ သုံးပါးသော ပဋိသန္ဓေနာမက္ခန္ဓာ, ကဋတ္တာရုပ်သည် ပစ္စယုပ္ပန်။ လေးပါးသော ပဋိသန္ဓေနာမက္ခန္ဓာသည် ပစ္စည်း၊ ကဋတ္တာရုပ်သည် ပစ္စယုပ္ပန်ဖြစ်၏။

'အညမည'သတ္တိထည့်ရခြင်းသည် ခဏတူ၊ ကာလတူသည်ကို သိစေခြင်းငှာ ထည့်ရသည်။ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုလို့ ထည့်ရသည်မဟုတ်။ အကြောင်းတရားကငြိမ်ဆိုရင် အကျိုးတရား ကလည်းငြိမ်ပါပဲ။ အကြောင်းတရားကဥပါဒ်ဆိုရင် အကျိုးတရားကလည်း ဥပါဒ်ပဲဖြစ်ရမည်မှတ်လေ။

'စတ္တာရော မဟာဘူတာ'လို့ဆိုခဲ့ရင် တောတောင်တို့မှာ သဟဇာတသတ္တိရ၏။

ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာသည် ပစ္စည်း၊ ဟဒယဝတ္ထု သည် ပစ္စယုပ္ပန်။ ရုပ်တရားများမှာ ငြိမ်အခါ၌အားရှိရခြင်းသည် ပစ္ဆာဇာတသတ္တိရလို့ဟုမှတ်။ နာမ်တရားမှာ ဥပါဒ်ခဏ၌အားရှိရခြင်း သည် အနန္တရသတ္တိရလို့ဟုမှတ်ပါ။

'မဟာဘူတာ ဥပါဒါရူပါနံ'၌ အညမညသတ္တိ ထည့်မယ်ဆိုရင် မဟာဘုတ်သည် အလုံးစုံသောဥပါဒါရုပ်ကို ကျေးဇူးပြုရာရောက်လိမ့် မည်။ မဟာဘုတ်သည် သူနဲ့တိုက်ဆိုင်တဲ့ဥပါဒါရုပ်ကိုသာ ထိုက်သည့်

အားလျော်စွာ ကျေးဇူးပြု၏။ မဟာဘုတ်သည် လေးပါးသောဥပါဒါရုပ်၊ ခြောက်ပါးသောဥပါဒါရုပ်၊ ရှစ်ပါးသောဥပါဒါရုပ်တို့ကို ထိုက်သည့် အားလျော်စွာ ကျေးဇူးပြု၏။

'အညမည' သဒ္ဒါကလေးထည့်လိုက်က အလုံးစုံနှံ့သောအဖြစ်သို့ ရောက်သွားလိမ့်မည်။ ဒါ့ကြောင့် အလုံးစုံမနှံ့သည်၏အဖြစ်ကို သိစေခြင်းငှာ 'အညမည'မထည့်ဘဲ ဟောတော်မူသည်မှတ်။

## သဟဇာတ၌ ပစ္စနိက် မထုတ်ရခြင်း

သဟဇာတ၌ ပစ္စနိက်ကို တစ်ပါးသောပစ္စည်းတို့ကဲ့သို့ ထုတ်သင့်လျက် အဘယ့်ကြောင့် မထုတ်သနည်းဟူမူ ဤပစ္စည်း၌ ပစ္စနိက်တရား ယုတ်လျော့သောကြောင့်၊ ဝါ-မရှိသောကြောင့် မထုတ်ရ ဟူပေ။

အဘယ့်ကြောင့် ပစ္စနိက်တရားမရှိသနည်း။ ပညတ်နှင့်နိဗ္ဗာန် ကြွင်းသည်မဟုတ်လောဟူမူ ပညတ်နှင့်နိဗ္ဗာန်ကို ပစ္စနိက်ထုတ်၍ မည်သည့်ပစ္စည်းကိုမျှ မဟောသောကြောင့်လည်းကောင်း၊ ထိုနှစ်ပါးတို့ နှင့် အတူတကွဖြစ်သောတရား မရှိသောကြောင့်လည်းကောင်း၊ ဥပါဒ်ဌီဘင် ခဏတ္တယမရှိသောကြောင့် တကွဖြစ်၏ဟုမဆိုထိုက်သော ကြောင့်လည်းကောင်း၊ တရားကြွင်းသော်လည်း ပစ္စနိက်မထုတ်ရဟူလို။ ဆရာတော် ဦးဝိမလ၏ သဟဇာတပစ္စည်းချုပ်စဉ် ပြီး၏။

*သဟဇာတပစ္စည်း ပြီးပါပြီ။*

# အညာမညာပစ္စယော




၇။ သစ်သား သုံးခွထောက်သည် အချင်းချင်း ထောက်ကန်ထား သကဲ့သို့သော
အညာမညာပစ္စည်းတရား သုံးပါး။

# အညမညပစ္စည်း

## ဖြစ်ရာကာလ၊ ဘုံဌာန

အညမညပစ္စည်းတွင် အပိုင်းသုံးပိုင်းရှိရာ၌

- ပထမပိုင်းနှင့် ဒုတိယပိုင်းသည်
  ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌
  ဖြစ်နိုင်ပါသည်။
- တတိယပိုင်းသည်
  ပဋိသန္ဓေကာလ၌သာ ဖြစ်နိုင်ပါသည်။
- ပဉ္စဝေါကာရဘုံ၌သာ ဖြစ်ပါသည်။
- (၃၁) ဘုံစလုံး၌ ဖြစ်နိုင်ပါသည်။

## ၇။ အညမညပစ္စည်းအခိပ္ပာယ်

သဟဇာတပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ အညမညပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'အညမည ပစ္စယော' ဟူသည်တည်း။

**အညမညပစ္စယော** - အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) သစ်သားသုံးခွ တိဒဏ္ဍသည် အချင်းချင်း တစ်ချောင်းသည် တစ်ချောင်းအား မယိမ်းမယိုင် ထောက်ပံ့ခိုင်စေသောအားဖြင့် ကျေးဇူးပြု သကဲ့သို့ အချင်းချင်း တစ်ပါးသည် တစ်ပါးအား ကျေးဇူးပြုတတ်သော တရား။

### အညမညပစ္စည်း သုံးချက်စု

**အညမညပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် အချင်းချင်းအားတပ်သော အလုံးစုံသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊ အချင်းချင်းအားတပ်သော စိတ္တဇ, ပဋိသန္ဓေကမ္မဇ, ဗာဟိရ, အာဟာရဇ, ဥတုဇ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇအားဖြင့်

အလုံးစုံသော မဟာဘုတ်လေးပါး၊ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ အားတပ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် အညမညပစ္စည်း တပ်သောတရားတို့ မည်ကုန်၏။

အချင်းချင်းမှထောက်အပ်သော အလုံးစုံသော စိတ် တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ၅၂ ပညာသ၊ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး။ အချင်းချင်းမှထောက်အပ်သော အလုံးစုံသောမဟာဘုတ် လေးပါး၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ ဟဒယဝတ္ထုမှထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ။ ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည် ကုန်၏။

နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှ တစ်ပါးသော ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇ, ပဋိသန္ဓေကမ္မဇ, ဗာဟိရ, အာဟာရဇ, ဥတုဇ, အသညသတ် ကမ္မဇ, ပဝတ္တိကမ္မဇဖြစ်သော ဥပါဒါရုပ်။ ဤတရားတို့သည် အညမည ပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

## အညမညပစ္စည်း ချုပ်နည်း

အညမညပစ္စည်းသည် ဖြစ်စေခြင်း၊ ထောက်ပံ့စေခြင်းငှာ ကျေးဇူးပြုတဲ့ ပစ္စည်းလို့မှတ်ပါ။

**"အတ္တနော ဥပကာရကဿ ဥပကာရကတာ အညမည-**

**ပစ္စယတာ"** ဟုမူလဋီကာဆရာဆိုမိန့်သောကြောင့် အညမညပစ္စည်း သည် အကျိုးတရားကိုလည်း မိမိသတ္တိထူးကိုပေးသည်။ အကျိုး တရားမှာရှိတဲ့ သတ္တိထူးကိုလည်း မိမိကယူသည်မှတ်ပါ။

ဥပမာအားဖြင့် တုံးတစ်ခုကို မိမိတို့ မ,သောအခါမှာ တစ်ယောက်သောသူ၏အားသည် တစ်ယောက်သောသူအား ကူညီသော ကြောင့် ၄င်းတုံးကြီးမှာ အောက်သို့မကျဘဲ မ,၍ရသည်။ အကယ်၍ တစ်ယောက်၏ အထောက်အပံ့ကို တစ်ယောက်က မရခဲ့လို့ရှိရင် တစ်ယောက်သောသူ၏ခြေပေါ်သို့ ဧကန်မုချကျမှာပါပဲတဲ့။ ထို့ကြောင့် တစ်ယောက်သောသူ၏အားအစွမ်းသည် တစ်ယောက်သော သူအား အကူအညီအထောက်အပံ့ကိုရသောကြောင့် ဤကဲ့သို့ မိမိလိုရာ အရပ်သို့ ရောက်အောင်ပို့နိုင်တယ်မှတ်ပါ။

တစ်ပါးသောပစ္စည်းသည် မိမိကသာ သူတစ်ပါးအားကျေးဇူး ပြုနိုင်၏။ အကျိုးတရားက တစ်ဖန်တုံ့ပြန်၍ ကျေးဇူးပြုခြင်းကို မခံနိုင်ဘူး။ အညမညပစ္စည်းမှာတော့ ဤကဲ့သို့မဟုတ်ဘဲ အကျိုးတရား ကိုလည်း မိမိကကျေးဇူးပြုနိုင်၏။ အကျိုးတရား၏ကျေးဇူးပြုခြင်း ကိုလည်း ခံယူနိုင်၏လို့မှတ်။

အကြင်ပုဂ္ဂိုလ်သည် နာကျင်လိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၊ သံ၊ ဏ၊ ဝု၊ ဒေါသဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ)ချုပ်၏။ ဤဝီထိ၌ ဝေဒနာက နာကျင်တဲ့ဒုက္ခဝေဒနာကိုပဲခံစား၏။ သညာကလည်း ငါဖြင့်

ဒုက္ခဝေဒနာမို့ မမှတ်ချင်ဘူးလို့များငြင်းသေးသလားဆိုရင် မငြင်းပါဘူး။ ဝေဒနာခံစားနေတဲ့ဒုက္ခဝေဒနာကိုပဲ မှတ်၏။ ဖဿကလည်း ငါဖြင့် ဒုက္ခဝေဒနာမို့ မတွေ့ထိချင်ပါဘူးလို့မငြင်းဘဲ ၄င်းဒုက္ခဝေဒနာကိုပဲ တွေ့ထိ၏။ ဝိညာဏ်ကလည်း ဒုက္ခဝေဒနာမို့ ငါတော့ အဖက်မလုပ်ချင်ပါဘူးဟုမငြင်းဘဲ (ဝါ) မရှောင်မတိမ်းပါဘဲ ဒုက္ခဝေဒနာကိုပင် သိတာပါပဲတဲ့။

ဝေဒနာသည် ဒုက္ခဝေဒနာကိုခံစားခဲ့လို့ရှိရင် သညာ၊ ဖဿ၊ ဝိညာဏ်တို့အား ဒုက္ခဝေဒနာကိုပဲပေးသောကြောင့် ဇနကသတ္တိ။ ဝေဒနာသည် ဒုက္ခဝေဒနာတည်းဟူသော နာကျင်ခြင်းကိုခံစားခဲ့လို့ရှိရင် သညာ၊ ဖဿ၊ ဝိညာဏ်တို့ကလည်း ၄င်းဝေဒနာကိုပင် သူ့သတ္တိနဲ့သူ လိုက်ပြီးလျှင် မှတ်ရ၊ တွေ့ထိရ၊ သိရသောကြောင့် ဥပတ္ထမ္ဘကသတ္တိ လို့မှတ်။

သဟဇာတကတော့ သူတစ်ပါးကိုသာ သတ္တိထူးပေးမှုကလေး ရှိသည်မှတ်ပါ။ အညမညကတော့ အကျိုးတရားကိုလည်း သတ္တိပေးမှု၊ အကျိုးတရား၏သတ္တိကိုလည်း ယူမှု၊ နှစ်ကိစ္စရှိ၏မှတ်ပါလေ။

သူတစ်ပါးကိုလည်း ဤခဏ၊ ဤကာလမှာပင် သတ္တိထူးကို ပေးတယ်။ သူတစ်ပါး၏သတ္တိထူးကိုလည်း ဤခဏ၊ ဤကာလမှာပင် ယူတယ်။ ဒါ့ကြောင့် အညမညပစ္စည်းမှတ်။ မိမိက သူတစ်ပါးကို သတ္တိပေးသောကြောင့်- အည၊ တစ်ပါးသောသူ၏သတ္တိကိုလည်း ယူသောကြောင့်- အည။ ဒါ့ကြောင့် 'အညမည' မည်၏ဟူ၍မှတ်ပါ။

ယခုတိုင်ကြီးကိုကြည့်ပါ။ ၄င်းတိုင်ကြီးကို မကွဲအောင်၊ ဖွာဖွာ မကြဲရအောင် ဖွဲ့စည်းထားမှုသည် အာပေါသတ္တိ၊ ယခုလိုတိုင်ကြီး၏ မားမားမတ်မတ်ကြီးဖြစ်နေတာက မားမတ်မှုဟုဆိုအပ်သော တေဇော သတ္တိ၊ ၄င်းတိုင်ကြီး၏မာမှုကလေးသည် ပထဝီသတ္တိ၊ ၄င်းတိုင်ကြီးကို တည့်တည့်မတ်မတ်ကြီး မလဲမပြိုနိုင်အောင် တွန်းကန်လှုပ်ရှားမှုသည် ဝါယောသတ္တိ။

ဒီအထဲမှာ ပထဝီက ကြွားလုံးထုတ်လိမ့်မယ် ဟော့ကောင်တွေ… ယခုတိုင်ကြီးဖြစ်နေတာ မင်းတို့က ဘယ်သူ့ကြောင့် ထင်သလဲ။ ငါ့ကြောင့်ကွလို့ ကြွားလုံး‚ဝါလုံးထုတ်က အာပေါကခံနိုင်ပါဦးမလား ဆိုရင် မခံနိုင်ပါဘူး။ အာပေါကလည်း ငါ့ကြောင့် ယခုလိုတိုင်ကြီးဟာ မကွဲမပြား တစ်လုံးတစ်စည်းတည်းနေနိုင်တာလို့ ကြွားလာပြန်ရင် တေဇောကလည်း ဟော့ကောင်တွေ… မင်းတို့သည်ကားလို့ဆိုရင် ငါ့ကြောင့်၊ ငါမရှိရင် မင်းတို့တွေ ပျော့ခွေပျောက်သွားမှာပဲလို့ ကြွားလုံး ထုတ်ပြန်၏။ ဝါယောကလည်း သူတို့ကြွားနေတာကို မခံနိုင်တာနဲ့ ဟော့ဆရာတို့… မင်းတို့က ဘယ်လိုကြွားကြွား ငါကတွန်းကန်ထားလို့ မင်းတို့ မားမားမတ်မတ်ကြီးထောင်နိုင်တာ။ ငါသာမရှိရင် မင်းတို့ ကြာလှုပြိုလဲပြိုပျက်စီးကုန်မှာလို့ ကြွားလုံးထုတ်ပြန်၏။ ဒါပေမယ့် ဘုတ်လေးပါးတို့သည် တစ်ယောက်ကိုတစ်ယောက် ငဲ့ပြီးသကာလ အညမညသတ္တိနဲ့ကျေးဇူးပြုထားလို့ ယခုလိုတိုင်ကြီး ဖြစ်နေတာမှတ်ပါ။

အရှင်ဘုရားတို့ ထိုင်ပြီး တရားနာနေတာကို ကြည့်ပါ။ ဘုတ်လေးပါးတို့က တစ်ဦးကိုတစ်ဦး ပြန်လှန်ပြီးကျေးဇူးပြုထားလို့

နာနေနိုင်တာ။ ကျေးဇူးများမပြုရင် နာနိုင်မှာမဟုတ်ဘူးလို့မှတ်ပါ။

ယခု အရှင်ဘုရားတို့ရှေ့က တိုင်ကြီးကိုကြည့်ပါ။ ထိုတိုင်ကြီးသည် လျောက်ကိုလည်း ထိန်းထားရသေး၏။ ဟိုဘက်ကတိုင်ကိုလည်း မယိမ်းမယိုင်ရအောင် ဆွဲထားရသည်။ ဒါ့ကြောင့် ၄င်းတိုင်ကြီးမှာ အလုပ်တွေရှုပ်ပြီး နှစ်ကိစ္စရသလို။ ထို့အတူ မိမိကလည်း တစ်ပါးသော ဘုတ်သုံးပါးအားကျေးဇူးပြု၏။ ဘုတ်သုံးပါး၏အထောက်အပံ့ကိုလည်း ယူတတ်သောကြောင့် အညမညသတ္တိမှတ်ပါ။

## အညမညသတ္တိ နှင့် သဟဇာတသတ္တိ အထူး

အညမညပစ္စည်းသည် ကျေးဇူးပြုတော့မယ်လို့ဆိုရင် ဘယ်လို တရားမျိုးကိုကျေးဇူးပြုပါသလဲဆိုရင် ဥပမာ- သူတောင်းစားများကို ရထားပေါ်မှာတွေ့တဲ့အခါမှာ မိမိအနားမှာ တစ်ဆူဆူလာတောင်း နေတာနဲ့ နားငြီးလို့ ထွက်သွားအောင် ပေးတာကတစ်မျိုး၊ ငါဖြင့်လေ သွားရင်း လာရင်းဆိုတာလို ဒါနတည်းဟူသောကုသိုလ်ကောင်းမှုကြီးဖြင့် ယူဦးမှ ပါပဲလို့ နိဗ္ဗာန်မဂ်ဖိုလ်အကျိုးကိုရည်မှန်းပြီး ပေးတာကတစ်မျိုးဟူ၍ နှစ်မျိုးနှစ်စားရှိ၏။

(တစ်နည်းအားဖြင့်) စဉ်းစားတွက်ချက်ခြင်းဖြင့် အကျိုးကို မျှော်ပြီး ပေးတာကတစ်မျိုး၊ မစဉ်းစားမတွက်ချက်ဘဲ၊ အကျိုးကို မမျှော်လင့်ဘဲ ပေးတာကတစ်မျိုးဟူ၍ နှစ်မျိုးနှစ်စားရှိရာတွင် ပေးတာချင်းကတော့ တူကြပါ၏။ စဉ်းစားတွက်ချက်မှု နှလုံးသွင်းခြင်းကတော့ ကွဲနေ၏။

ထို့အတူ အညမညပစ္စည်းမှာတော့ စဉ်းစားတွက်ချက်၍ အကျိုးကို မျှော်လင့်တောင့်တပြီးပေးတာနဲ့တူရကား သူ့ကိုတစ်ဖန်ပြန်ပြီး ကျေးဇူး ပြုနိုင်တဲ့တရားကိုမှ ကျေးဇူးပြု၏မှတ်ပါ။

သဟဇာတပစ္စည်းမှာတော့ မစဉ်းစားမတွက်ချက်ဘဲ၊ အကျိုးကို မမျှော်လင့်ဘဲပေးတာနဲ့တူရကား သူ့ကိုပြန်ပြီး ကျေးဇူးမပြုနိုင်သော်လည်း သူကတော့ ကျေးဇူးပြုတယ်မှတ်ပါ။

အကြင်ပုဂ္ဂိုလ်သည် ပွဲကြည့်လိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ပွဲကြည့်တဲ့အခါမှာ ကောင်းတာ မကောင်းတာကို သိခြင်းသည် ဝေဒနာကသိသည်။ ဒါ့ကြောင့် မိမိတို့ ပွဲကြည့်တဲ့အခါမှာ တစ်ယောက်သောသူက ဟေ့… ပွဲဟာ တော်တော် ကောင်းရဲ့လားကွလို့မေးတဲ့အခါမှာ၊ ဟာ… ကြည့်လို့သိပ်ကောင်းတာပဲ ဟေ့လို့ပြောလိမ့်မယ်၊ ကောင်းတာသည် ဝေဒနာ။ ပွဲကြည့်တဲ့အခါမှာ မင်းသမီးက ဘယ်လိုဆိုတယ်၊ မင်းသားက ဘယ်လိုက,တယ်၊ ဒီညသူတို့ ဘယ်ဇာတ်ထုပ်ကိုခင်းတာပဲစသည်ဖြင့် မှတ်ပြီးကြည့်တာက သညာ။ မိမိတို့ပွဲကြည့်တဲ့အခါမှာ မင်းသမီးတည်းဟူသော အာရုံ, မင်းသားတည်းဟူသော အာရုံတွေကို ဖဿကတွေ့ထိလို့ ခံစားနိုင်၏၊ မှတ်နိုင်၏။ ပွဲကြည့်ပြီးပြန်လာ၍ အိမ်ရောက်တဲ့အခါမှာ ၎င်းအာရုံတွေကို ပြန်ပြီးတွေးလိုက်တဲ့အခါမှာ ပြန်ပြီးသိတာက ဝိညာဏ်ဟုမှတ်။

သို့သော်လည်း ဤနေရာ၌ ဝေဒနာ၏ခံစားတာကိုပင် သညာက မှတ်၏၊ ဖဿက တွေ့ထိ၏၊ ဝိညာဏ်က သိ၏။ ဒါ့ကြောင့် ပထမဇော

အခိုက်အတန့်၌ ဝေဒနာသည် ပစ္စည်း၊ ကျန်သုံးပါးသည် ပစ္စယုပ္ပန်။

အညမညသတ္တိဖြင့်ကျေးဇူးပြုတာမှာ သူတစ်ပါးကိုကျေးဇူးပြုတာလည်း ဒီအချိန်၊ သူတစ်ပါးကကျေးဇူးပြုတာကိုယူတာလည်း ဒီအချိန်၊ သူတစ်ပါးအား အထောက်အပံ့ပေးတာလည်း ဒီအချိန်၊ သူတစ်ပါးက အထောက်အပံ့ပေးတာကိုယူတာလည်း ဒီအချိန်ဟူ၍ တစ်ချိန်တည်း ကျေးဇူးပြုသည်မှတ်ပါ။

သဟဇာတကတော့ အကျိုးဖြစ်သောတရားတို့ကို အကြောင်းဖြစ်သောတရားတို့က မဖြစ်ဖြစ်အောင်ကျေးဇူးပြုတဲ့ သတ္တိသာရှိ၏ မှတ်ပါလေ။ ဒါ့ကြောင့် အညမညမှာ ဖြစ်စေခြင်းငှာကျေးဇူးပြုငြား သော်လည်း မိမိကိုငဲ့သောတရားများကိုသာ ကျေးဇူးပြု၏။ ဤကဲ့သို့ ကျေးဇူးပြုသောပစ္စည်းသည် အညမညပစ္စည်းမှတ်ပါ။

ပါဠိတော်မှာကြည့်ပါ၊ နာမ်တရားက နာမ်တရားချင်းသာ၊ ရုပ်တရားမပါဘူး။ ရုပ်တရားသည် အကြောင်းဖြစ်တဲ့နာမ်တရားကို ပြန်ပြီးတော့ ကျေးဇူးမပြုနိုင်လို့ ရုပ်တရားမပါဘူးဟူ၍ မှတ်ပါ။ ရုပ်တရားက ရုပ်တရားချင်းသာ ကျေးဇူးပြုသောကြောင့် ရုပ်တရားနဲ့ ကျေးဇူးပြုတဲ့နေရာမှာ နာမ်တရားကို မထည့်ဘူးဟူ၍ မှတ်ပါ။

ပဋိသန္ဓေနာမက္ခန္ဓာနဲ့ ဟဒယဝတ္ထုတို့မှာ- ပဋိသန္ဓေကလည်းငှဲ၊ ဟဒယဝတ္ထုကလည်းငှဲ၊ ပဋိသန္ဓေနာမက္ခန္ဓာကိုလည်းငှဲ။ ပဋိသန္ဓေ နာမက္ခန္ဓာကလည်း သူဖြစ်မှ အသင်ဟဒယဝတ္ထု ဖြစ်ရမယ်။ ဟဒယဝတ္ထုကလည်း ငါဖြစ်မှ အသင်ပဋိသန္ဓေနာမက္ခန္ဓာ ဖြစ်ရမယ်

ဆိုတဲ့ ငဲ့လုံးကလေးပါ၏။ သို့အတွက်ကြောင့် 'ဩက္ကန္တိက္ခဏေ' လို့ ဟောတော်မူ၏။

အညမညပစ္စည်း၌ ခြောက်ပစ္စည်းပြိုင်၏။ ခြောက်ပစ္စယသတ္တိ တွေ စုပုံပြီးနေ၏။ ဤကဲ့သို့ပင်နေငြားသော်လည်း အညမညသတ္တိ လွှန်ကဲသည်၏အဖြစ်ကို သိစေလိုသောကြောင့် 'အညမညပစ္စယေန' လို့ ကရိဏ်းပါ၌ ထည့်ရ၏မှတ်ပါလေ။

ဤနေရာ၌ လျဉ်းပါးစရာရှိ၏။ သဟဇာတ, အညမညတို့မှာ ကျတော့ ပစ္စည်းပြိုင်မှာ ဟေတု, အဓိပတိတို့မပါဘူး။ ဟေတု, အဓိပတိ တို့လည်း သဟဇာတမျိုးထဲကဖြစ်ပါ၍ ဟေတု, အဓိပတိတို့မှာ ကျတော့ သဟဇာတ, အညမညတို့ပါ၏။ သို့ဖြစ်ပါသောကြောင့် ဒီနေရာမှာ လျဉ်းပါးစရာဖြစ်နေ၏။

သဟဇာတ, အညမညတို့မှာ အပေါင်းအားဖြင့်ကျေးဇူးပြုကြ၏။ ဟေတု, အဓိပတိတို့မှာတော့ အစိတ်အားဖြင့်ကျေးဇူးပြု၏။ ဒါ့ကြောင့် သဟဇာတ, အညမညတို့ပြိုင်ရာမှာ ဟေတု, အဓိပတိမဝင်နိုင်ဘူးမှတ်။ ဟေတု, အဓိပတိတို့ပြိုင်ရာမှာတော့ သဟဇာတ, အညမညတို့ဝင်နိုင်၏ မှတ်ပါလေ။ ဆရာတော် ဦးဝိမလ၏ အညမညပစ္စည်းချဲ့ပို့စဉ် ပြီး၏။

*အညမညပစ္စည်း ပြီးပါပြီ။*

# နိဿယပစ္စယော




၈။ မြေကြီးသည် သစ်ပင် စသည်တို့အား တည်ရာမှီရာ ဖြစ်သကဲ့သို့သော နိဿယပစ္စည်းတရား။

# နိယာမပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- (၃၁) ဘုံစလုံး၌ ဖြစ်နိုင်ပါသည်။

ဝတ္ထုပုရေဇာတနိယာမပစ္စည်းသည်

- ပဝတ္တိကာလ၌သာ ဖြစ်နိုင်ပါသည်။
  ပဋိသန္ဓေကာလ၌ လုံးဝမဖြစ်ပါ။

## ၈။ နိဿယပစ္စည်းအခ်ဳပ္ဖွင့်

အညမညပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ နိဿယပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'နိဿယ ပစ္စယော' ဟူသည်တည်း။

**နိဿယပစ္စယော** - မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရား တည်း။

(ဝါ) မြေကြီးသည် သစ်ပင် အစရှိသည်တို့အား တည်ရာအဖြစ် ဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ အဝတ်ပုဆိုး အစရှိသည်တို့သည် ပန်းချီ ဆေးရေး အစရှိသည်တို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ လည်းကောင်း၊ တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### နိဿယပစ္စည်း သုံးချက်စု

**နိဿယပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ နိဿယပစ္စည်း သည် သဟဇာတနိဿယ၊ ပုရေဇာတနိဿယအားဖြင့် နှစ်ပါးအပြား ရှိကုန်၏။

ထိုတွင် **သဟဇာတနိဿယ**သည် သဟဇာတနှင့်တူ၏။

**ပုရေဇာတနိဿယ**သည် **ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ** အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုတွင် **ဝတ္ထုပုရေဇာတနိဿယ**၌သရုပ်တို့သည် ပစ္စည်း,

ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် ပဝတ္တိအခါ ဆဝတ္ထု။ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း တပ်သောတရားတို့မည်ကုန်၏။

(တစ်နည်းကား) မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက အားဖြင့် သုံးပါးသော စက္ခုဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ ရှေးဦးအစ အတီတဘဝင်တစ်ချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု၊ (လ) မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုကအားဖြင့် သုံးပါးသော ကာယ ဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ ရှေးဦးအစ အတီတဘဝင် တစ်ချက်လွန် နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထု၊

ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှထသောအခါ ရှေးစိတ္တက္ခဏ တစ်ချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိ စိတ်မှပြန်၍ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း တပ်သောတရားမည်ကုန်၏။

ပဝတ္တိအခါ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်၊ စေတသိက် ၄၄ပညာသ။ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

စတုဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ လောဘမူစိတ် ရှစ်ခု၊ မောဟမူ၄ွေး၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာ စိတ် (၈)ခု၊ အရူပ စိတ် (၁၂)ခု၊ သောတာပတ္တိမဂ်ကြဉ်သော

လောကုတ္တရာစိတ် (၇)ခု၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ အပ္ပမညာကြဉ်သော စေတသိက် ဆဲစတ္တာလီသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ပဉ္စဝေါကာရပဋိသန္ဓေ ပန္နရသ၊ စေတသိက် ပဉ္စတိံသ။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

**ဝတ္ထာရမ္မဏပုရေဇာတနိဿယ**၌သရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်အားဖြင့် သုံးပါးအပြား ရှိကုန်၏။ ထိုတွင် မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း တပ်သောတရားတို့မည်ကုန်၏။

မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တစ်ခုယုတ် သုံးဆယ်၊ တဒါရုံ ကောဒသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိရတီ၊ အပ္ပမညာကြဉ်သော စေတသိက် စတုစတ္တာလီသ။ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းကို မရခိုက်၊ မရနေ စိတ် တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေဇာတ-နိဿယပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

## နိဿယပစ္စည်း ချုပ်နည်း

'နိဿိတကေဟိ နိဿီယတီတိ နိဿယော'ဟူသည်နှင့်အညီ မှီတတ်တဲ့တရားတို့၏ မှီရာဖြစ်သောကြောင့် နိဿယမည်၏၊ ဝါ- နိဿယဟုမှတ်။

မှီတတ်တဲ့တရားတို့၏ အမှီခံအပ်တဲ့တရားသည် နိဿယဟုမှတ်။ အချို့အမှီမခံနိုင်တဲ့တရား ရှိသေး၏။ အမှီခံနိုင်တဲ့ တရား၊ အမှီမခံနိုင်တဲ့ တရားဟူ၍ နှစ်မျိုးနှစ်စားရှိ၏။

နိဿယပစ္စည်းသည် အင်္ဂါနှစ်ပါးရှိ၏။ အမှီခံမယ့်တရားသည် ပင်ကိုယ်က အမှီခံသည်လည်းဖြစ်စေ၊ မှီတတ်တဲ့တရားတို့က လာမှီတဲ့အခါ အမှီခံနိုင်သည်လည်းဖြစ်စေ၊ ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံမှ နိဿယပစ္စည်း တပ်သည်မှတ်ပါလေ။

ဟေတုစသောပစ္စည်းများမှာ မိမိက တစ်ပါးသောသတ္တိတွေကို ဖြစ်နိုင်သော်လည်း မိမိနှင့်အတူတကွဖြစ်တဲ့ တရားများ၏အမှီကို ခံနိုင်ပါ့မလားဆိုရင် အမှီမခံနိုင်ပါဘူး။ ဘာ့ကြောင့်ဆိုသော် ၎င်းပစ္စည်းများမှာ သူ့ပင်ကိုယ်ရင်းက အမှီခံနိုင်တဲ့သတ္တိမရှိပါဘူး။ ဒါ့ကြောင့် ၎င်းပစ္စည်းမှာတော့ နိဿယဟူသောအမည်ကို မရဘူးလို့မှတ်လေ။

ညောင်ပင်ကြီးသည် မြေကြီးပေါ်၌ ငါသည် အသင်မြေကြီးပေါ်မှာ စည်ပင်ပြန့်ပွားအောင် ပေါက်ပါရစေလို့ဆိုရင် ၎င်းမြေကြီးကရော ဟာ... ငါ့အပေါ်မှာမပေါက်နဲ့လို့များ ငြင်းနေသေးသလားဆိုရင် မငြင်းပါဘူး။ မှီရာအဖြစ်နဲ့ ကျေးဇူးပြုတာပါပဲဟုမှတ်။ ဒါ့ကြောင့် နိဿယပစ္စည်း တပ်တယ်မှတ်ပါ။

ဥပမာ- မီးခတ်သံတုံးကလေးနဲ့ ကျောက်ကလေးတို့ ထိခိုက် လိုက်တဲ့အခါမှာ မီးပွင့်ကလေးပွင့်လာ၏။ ၎င်းမီးပွင့်ကလေးသည် ကျောက်ပေါ်မှာတည်၏။ ထို့ကြောင့် ကျောက်ကလေးသည် မီးပွင့် ကလေး၏ဖြစ်မှု၊ မီးပွင့်၏တည်မှုတည်းဟူသော အလုပ်နှစ်ခုကို လုပ်နိုင် ၏။ သံတုံးကတော့ ကျောက်နဲ့ထိခိုက်ရုံမျှသာ လုပ်နိုင်၏။

၎င်းဥပမာကဲ့သို့ စက္ခုပသာဒနဲ့ရူပါရုံ ပေါင်းဆုံမိတဲ့အခါ မြင်မှုဟု ဆိုအပ်တဲ့ စက္ခုဝိညာဏ် အပွင့်ဓာတ်ကလေးပေါ်လာ၏။ ပေါ်လာတဲ့အခါ မည်သူ၏အပေါ်မှာမှီပြီး ပေါ်လာပါသလဲဆိုရင် အကြည်ဓာတ်ဟုဆိုအပ် တဲ့ စက္ခုပသာဒအပေါ်မှာမှီပြီးပေါ်လာ၏။ သို့အတွက် ဥပါဒ်ဌီဘင်ဟု ဆိုအပ်တဲ့ ခဏငယ်သုံးချက်ကြာအောင် တည်နေနိုင်တယ်။ အမှီမရှိက မနေနိုင်ဘူးလို့မှတ်ပါ။

စက္ခုပသာဒသည် ကျောက်နှင့်တူ၏။ ရူပါရုံသည် ခတ်တဲ့သံတုံး နှင့်တူ၏။ မီးပွင့်ကလေးသည် စက္ခုဝိညာဏ်နှင့်တူ၏။ ကျောက်နှင့်တူတဲ့ စက္ခုပသာဒနှင့် သံနှင့်တူတဲ့ ရူပါရုံတို့ ထိခိုက်လိုက်တဲ့အခါမှာ မီးပွင့်နှင့် တူတဲ့ စက္ခုဝိညာဏ်အပွင့်ဓာတ်ကလေးသည် ကျောက်နှင့်တူတဲ့ အကြည်ဓာတ်တည်းဟူသော စက္ခုပသာဒပေါ်မှာမှီပြီး ပေါ်လာရ၏။

မီးပွင့်ကလေးသည် ကျောက်ပေါ်မှာမှီပြီး တည်ရသလို စက္ခုဝိညာဏ်သည်လည်း စက္ခုပသာဒအပေါ်မှာမှီပြီး ပေါ်လာရ၏။ သို့အတွက် ဥပါဒ်ဌီဘင်ဆိုတဲ့ ခဏငယ်သုံးချက်တည်နေနိုင်၏။

(တစ်နည်း) ကြက်မကြီး၏ဥပမာကဲ့သို့ ကြက်မကြီးသည် ဥတို့ကိုဥရခြင်း၊ ၎င်းဥတို့ကို မပုပ်မသိုးရအောင် ကောင်းကောင်းမွန်မွန် ပေါက်ဖွားနိုင်အောင် စောင့်ရှောက်ရခြင်း၊ ဥတို့သည် ၎င်းကြက်မကြီးကို

မှီရလို့ မပုပ်မသိုးဘဲပေါက်ဖွားရ၏။ ထို့အတူ အကြောင်းအကျိုး စပ်ဟပ်၍ယူပါလေ။

**နိဿယန္တိ ဧတ္ထာတိ နိဿယော** - ဟုဋီကာမိန့်ဆို၏။

သဟဇာတနိဿယသည် သဟဇာတနှင့်တူတယ်ဆိုငြားသော်လည်း အားလုံးမတူဘဲ သဟဇာတမှာ အတူတကွဖြစ်ရုံမျှသာသတ္တိရှိ၏။ သဟဇာတနိဿယမှာ ဖြစ်လည်းဖြစ်စေ၊ မှီလည်းမှီစေ၊ နှစ်သတ္တိဖြင့် ကျေးဇူးပြု၏။

မဟာဘုတ်လေးပါးမှာကြည့်ပါ။ တစ်ပါးသောမဟာဘုတ်သည် ကျန်သုံးပါးသောမဟာဘုတ်တွေကို မှီပြီးမှ မိမိ၏အစွမ်းရှိသလောက် အလုပ်ကိုလုပ်နိုင်၏။ ထို့ကြောင့် တေဇောဓာတ်သည် မီးခြစ်တဲ့အခါ ပထဝီတည်းဟူသော မီးချက်ကိုမှီရမှ မီးတောက်ခြင်းတည်းဟူသော တေဇောပေါ်လာရသည်။

မီးလောင်တယ်၊ မီးလောင်တယ်ဆိုတာ အိမ်တို့, တောတို့စသည်များကိုလောင်၏။ ၎င်းအိမ်စသည်များမှာပထဝီရှိလို့ မီးလောင်တယ်မှတ်။ ဝါယောမှာလည်း ထောက်ကန်တယ်လို့ပင်ဆိုငြားသော်လည်း ထောက်ကန်စရာပထဝီဓာတ်ရှိမှ အားရှိသည်ဖြစ်ပါ၍ ထောက်ကန်နိုင်၏။ အာပေါဖွဲ့စည်းတယ်လို့ဆိုရာမှာလည်း ပထဝီဓာတ်တည်းဟူသော အမှီသဟဲရမှသာလျှင် ဖွဲ့စည်းနိုင်တယ်မှတ်ပါ။ ရေနက်တယ်၊ ရေနက်တယ်ဆိုရာမှာလည်း အောက်ကမြေကြီးကိုမြင်ရမှ ရေနက်မှန်းကို သိရ၏မှတ်လေ။

ထို့ကြောင့် သဗ္ဗညုတဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သဗ္ဗညုတဉာဏ်တော်တည်းဟူသော မှန်ပြောင်းကြီးနဲ့ကြည့်တော်မူတဲ့

အခါ သတ္တဝါတို့၏သန္တာန်မှာ ပထဝီဓာတ်တည်းဟူသော တည်ရာမှီရာ ရှိမှသာလျှင် တေဇော၊ အာပေါ၊ ဝါယောတို့သည် သူတို့သတ္တိ ရှိသလောက် အလုပ်ကိုလုပ်နိုင်သည်၏အဖြစ်ကို မြင်တော်မူသောကြောင့် နိဿယပစ္စည်းကို ဟောတော်မူသည်မှတ်လေ။

**"ဣစ္စေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ"** ဟူ၍ သင်္ဂြိုဟ် ဆရာဆိုတော်မူသည်နှင့်အညီ မိမိတို့သန္တာန်မှာ ပဋိသန္ဓေစိတ်၏ဥပါဒ်က ဖြစ်ပေါ်လာတဲ့ ကမ္မဇရုပ်တွေဟာ ဥပါဒ်တိုင်းဌီတိုင်းဘင်တိုင်းတို့၌ ဖြစ်ပြီးနေသောကြောင့် ခြောက်ပါးသောဝတ္ထုရုပ်တွေမှာ ပုရွက်ဆိတ် ကြောင်းကြီးကဲ့သို့ အစဉ်မပြတ် ရှေ့သို့ရောက်တဲ့ရုပ်ကရောက်၊ နောက်ကလိုက်ပြီး ဖြစ်နေတဲ့ရုပ်ကဖြစ်ပြီးလျှင် သန္တတိလို့ဆိုတဲ့ဆက်စပ်မှု ရုပ်တွေက အမြဲမပြတ် ဆက်စပ်ပြီးပေးနေသောကြောင့် မိမိတို့မှာ ၎င်းဆက်စပ်မှုသန္တတိကို မထင်မမြင်ရကား မနေ့တုန်းကလမ်းလျှောက် တာလည်း ဒီရုပ်ပဲ၊ ဒီနေ့လမ်းလျှောက်တာလည်း ဒီရုပ်တွေပဲဟု အောက်မေ့မှတ်ထင်နေကြ၏။

ဘာနဲ့အလားသဏ္ဍာန်တူနေပါသလဲဆိုရင် ကုလားကွမ်းယာဆိုင် များမှာ အမြဲမပြတ်မီးရှို့ပြီးထားတဲ့ အုန်းဆံကြိုးကြီးနှင့်တူနေပေ၏။ ၎င်းကုလားဆိုင်ကအုန်းဆံကြိုးကြီးမှာ အမြဲမပြတ်မီးရှို့ထားသည်ဖြစ်၍ ကုန်ကုန်သွားပါသော်လည်း ကုန်တယ်လို့မထင်ရဘဲ၊ ဒီနေ့ မီးရှို့လို့ ကုန်သွားရင် ကုလားက၎င်းကြိုးကြီးကို ဖြေလျှော့၍ပေးလိုက်၏။ ဤကဲ့သို့ အမြဲမပြတ် ကုန်ရင်းလျှော့ရင်း၊ ကုန်ရင်းလျှော့ရင်း ဖြစ်နေ၏။ မိမိတို့မှာ မီးလောင်၍ကုန်တယ်ဟူ၍ပင် မထင်ရဘဲဖြစ်နေပေ၏။ ထိုဥပမာကဲ့သို့ မိမိတို့၏သန္တာန်မှာဖြစ်တဲ့ ရုပ်နာမ်ဓမ္မတွေဟာလည်း တစ်နေ့တစ်နေ့ကို

မရေမတွက်နိုင်အောင် ဖြစ်လိုက်ပျက်လိုက်ဖြစ်ပြီး နေပါငြားသော်လည်း ကုလားနဲ့တူတဲ့ သန္တတိဆက်စပ်မှုကလေးက အမြဲမပြတ်ဆက်ဆက်ပြီး အုန်းဆံကြိုးကြီးကိုဖြေလျှော့ပေးသကဲ့သို့ ဆက်စပ်ပေးနေသောကြောင့် ဘင်လို့ဆိုတဲ့ပျက်စီးမှုကြီးကို မမြင်နိုင်ဘဲ ရှိနေရသည်ဟုမှတ်ကြပါလေ။

၄င်းပဋိသန္ဓေစိတ် ဥပါဒ်လိုက်သည်နှင့် တစ်ပြိုင်နက် ကာယ, ဘာဝ, ဝတ္ထုဟုဆိုအပ်တဲ့ ကလာပ်သုံးစည်းတို့သည် တစ်ပြိုင်နက် တစ်ချက်တည်း ပေါ်လာပါလျက် အဘယ့်ကြောင့် ဟဒယဝတ္ထုကိုသာ ဝတ္ထုပုရေဇာတပစ္စည်းတပ်၍ ကာယနှင့်ဘာဝကိုတော့ အဘယ့်ကြောင့် ဝတ္ထုပုရေဇာတပစ္စည်း မတပ်ပါသလဲလို့ဆိုရင် ကာယမှာတော့ ကာယဝိညာဏ်၏ 'ပုရေ'တော့မည်ပါ၏။ သို့သော်လည်း သူ့မှာ ပထဝီထဒ္ဓလက္ခဏာ, အာဝဇ္ဇန်းတည်းဟူသော ဝိညာဏ်ရှိမှသာလျှင် ကာယဝိညာဏ်ဖြစ်ရကား သူ့မှာဖြစ်စဖြစ်၍ အာဝဇ္ဇန်းတည်းဟူသော ဝိညာဏ်မဖြစ်သေးရကား ၄င်းကာယကို ဝတ္ထုပုရေဇာတပစ္စည်း မတပ်ဘူးလို့မှတ်လေ။

ဘာဝရုပ်မှာတော့ လျဉ်းပါးစရာမရှိ။ သူများကိုသာ သူတို့က မှီနိုင်သည်၊ ဝါ- သူတစ်ပါးကိုမှီပြီးမှ သူ့မှာဖြစ်ရသည်။ ဒါ့ကြောင့် ဝတ္ထုပုရေဇာတပစ္စည်း မတပ်ဘူးဟုမှတ်ပါ။ ပဋိသန္ဓေနာမက္ခန္ဓာကလေးမှာလည်း သူနဲ့အတူတကွဖြစ်တဲ့ ဟဒယဝတ္ထုကိုမှီပါသလား ဆိုရင် မမှီပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် ၄င်းဟဒယဝတ္ထုကလေးမှာ ဖြစ်ခါစဖြစ်၍ အာဂန္တုကဧည့်သည်သဖွယ် ဖြစ်နေသောကြောင့်လည်း ကောင်း၊ ပဌာဇာတသတ္တိကို မရသေးသောကြောင့်လည်းကောင်း၊ ပုရေဇာတနိဿယပစ္စည်း မတပ်ဟုမှတ်လေ။

ငှင်းပဋိသန္ဓေစိတ်ကလေးမှာ ဇာတိစသည်တို့နှိပ်စက်တဲ့အတွက် သူ့မှာ ပျက်စီးသွားရငြားသော်လည်း လျော့လျောက်ပတ်တဲ့ ဘဝင်စိတ်ကလေးကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုပြီး ချုပ်သွားသောကြောင့် ဘဝင်ကလေးသည် ဖြစ်ပေါ်ပြီး လာရပေ၏။

အကြင်ပုဂ္ဂိုလ်သည် ကာမဘုံမှ စုတေ၍ ကာမဘုံ၌ပဋိသန္ဓေ နေလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မရဏာသန္နဇော ငါးကြိမ်၊ ရုံ၊ ရုံ၊ စုတိ၊ ပဋိသန္ဓေ၊ ဘဝင် (၁၅)၊ (၁၆) ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်၊ ဘဝင် (လ) ချုပ်၏။

ပုရေဇာတနိဿယသည် အင်္ဂါအားဖြင့် နှစ်ပါးရှိ၏။ မှီရာအဖြစ်နဲ့ အမှုထမ်းနိုင်သည်လည်းဖြစ်စေ၊ မှီရာအဖြစ်နဲ့ အမှုထမ်းနိုင်ငြားသော်လည်း မှီတတ်တဲ့တရားများထက် ရှေ့မှာ ခဏငယ်အားဖြင့် ပိုလွန်၍ ဖြစ်နှင့်သည်လည်းဖြစ်စေ၊ ဤကဲ့သို့ အင်္ဂါနှစ်ချက်နှင့် ပြည့်စုံရ၏။ ဤပဋိသန္ဓေဝီထိ၌ ပဋိသန္ဓေသည် ဖြစ်စအာဂန္တုကဖြစ်၍ မမှီနိုင်သောကြောင့် ပုရေဇာတနိဿယပစ္စည်း၏ ပစ္စနိက်မှတ်။

ပဋိသန္ဓေနောင်ပထမဘဝင်ကလေးသည် မည်သူ့ကိုမှီပါသလဲ ဆိုရင် ရှေ့ပဋိသန္ဓေမှာ ဥပါဒ်သည်နှင့်တစ်ပြိုင်နက် ကမ္မဇရုပ်တို့သည် တဘွားဘွား ဖြစ်ပေါ်လာ၏ဆိုသဖြင့် ပဋိသန္ဓေစိတ်၏ဥပါဒ်မှာလည်း ဟဒယဝတ္ထု၊ ဌီမှာလည်း ဟဒယဝတ္ထု၊ ဘင်မှာလည်း ဟဒယဝတ္ထုဟု ဆိုအပ်တဲ့ ရုပ်တို့သည် ပဋိသန္ဓေစိတ်ကလေးချုပ်ငြားသော်လည်း ရုပ်တို့ကမချုပ်ဘဲ ပထမဘဝင်စိတ်မှာ ဌီရုပ်သုံးရုပ်အဖြစ်နဲ့ နေကြ၏။

ပထမဘဝင်မှာလည်း ဟဒယဝတ္ထုရုပ်ကလေးသုံးရုပ် ပေါ်လာပြန်၏။ ထိုဘဝင်မှာဖြစ်လာတဲ့ ဟဒယဝတ္ထုရုပ်ကိုတော့ ဖြစ်စအာဂန္တုကမို့လို့ ထိုဘဝင်ကမမှီနိုင်ဘူးဆိုတာတော့ ရှိပါစေတော့။ ဉပါဒ်ရုပ်ကိုလည်း မမှီဘူး။ ဌီရုပ်မှာသာလျှင်အားရှိသည်ဖြစ်၍ မှီတယ်ဆိုသဖြင့် ပထမဘဝင်ကျပြီးနောက် ပေါ်စဖြစ်တဲ့ ဟဒယဝတ္ထုကို ထိုဘဝင်က မမှီဘူးဆိုတာက ဆိုတန်စေ။

ပဋိသန္ဓေကဖြစ်ပေါ်လာခဲ့တဲ့ ဌီရုပ်သုံးရုပ်ရှိတယ်။ ၄င်းသုံးရုပ်တို့တွင် ဘယ်ဌီရုပ်ကလေးကို ထိုပထမဘဝင်က မှီပါသလဲဆိုရင် ပဋိသန္ဓေစိတ်၏ဉပါဒ်ကဖြစ်ခဲ့တဲ့ ဟဒယဝတ္ထုရုပ်ကိုသာ ပထမဘဝင်က မှီတယ်မှတ်။ ဘာ့ကြောင့်လဲဆိုရင် ပထမဌီ၊ ဒုတိယဌီ၊ တတိယဌီရုပ်ဟူ၍ သုံးမျိုးရှိရာတွင် ပထမဌီသည် အသက်အရှည်ဆုံး၊ ဒုတိယဌီသည် အသက်အလယ်အလတ်၊ တတိယဌီသည် အသက်အနုဆုံး။ သို့အတွက် ပထမဌီရုပ်သည်သာလျှင် နောက်ကပထမဘဝင်ကလေးက ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုခြင်းကိုရ၍ အလွန်အားရှိ၏။ ဒါ့ကြောင့် ပဋိသန္ဓေ၏ဉပါဒ်ကဖြစ်ခဲ့တဲ့ဟဒယဝတ္ထုကိုသာ မှီနိုင်၏။ ပဋိသန္ဓေစိတ်၏ဉပါဒ်ကဖြစ်ခဲ့တဲ့ ဟဒယဝတ္ထုသည် ပစ္စည်း၊ ပထမဘဝင်နာမက္ခန္ဓာသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်မှတ်ပါ။

ပထမဌီဟဒယဝတ္ထုသည် မှီဖို့ရာကိုရှာတာကြာပြီ၊ ဒုတိယဌီသည် ရှာဆဲ၊ တတိယဌီသည် ရှာဖို့ရာဟန်ပြင်နေတုန်း။ ဒါ့ကြောင့် အရှာကြာတဲ့ ပထမဌီဟဒယဝတ္ထုသည် ရှိနေတာလည်းကြာနေသောကြောင့် အားရှိ၍ ပထမဘဝင်နာမက္ခန္ဓာသည် မှီ၏ဟုမှတ်လေ။

ပဋိသန္ဓေစိတ်၏ဉပါဒ်ကဖြစ်ခဲ့တဲ့ ဌီဟဒယဝတ္ထုရုပ်ကလေးသည်

မှီတတ်တဲ့ပထမဘဝင်ထက် ခဏငယ်အားဖြင့် နှစ်ချက်အသက်ရှည်၏။ ဒါ့ကြောင့် ဟဒယဝတ္ထုသည် 'ပုရေ' လည်းမည်တယ်၊ 'ဝတ္ထု' လည်းမည်တယ်ဟုမှတ်ပါ။ ထို့ကြောင့် ဟဒယဝတ္ထုသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၊ ပထမဘဝင်နာမက္ခန္ဓာသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်။ ရှေ့လျှောက်တပ်ပါလေ။

## စက္ခုပသာဒ မှတ်သားရန်

အကြင်ပုဂ္ဂိုလ်သည် ဘုရားတည်းဟူသောရူပါရုံကို အာရုံပြု၍ စက္ခုဒွါရဝီထိကျလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ မဟာကုသိုလ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိ၌ ဘုရားတည်းဟူသော ရူပါရုံသည် သန်းဦးခေါင်းပမာဏရှိတဲ့ စက္ခုပသာဒနှင့် ရှေးရှူပြီး အတီတဘဝင်ပြိုင်လာကြ၏။ ဤကဲ့သို့ပြိုင်လာငြားသော်လည်း ဟဒယဝတ္ထုနှင့်သာထိခိုက်လာ၏။ သို့အတွက် မနောဒွါရဝီထိများ ပေါ်လာရ၏။ ထို့ကြောင့် ရူပါရုံနှင့်စက္ခုပသာဒတို့ မထိခိုက်မိလွန်သော ကြောင့် အတီတဘဝင်ယူ။ ၎င်းနောက် အတီတဘဝင်ဆိုတဲ့ စိတ်ကလေးသည် ဇာတိ, ဇရာ, မရဏဟုဆိုအပ်တဲ့တရားတွေက နှိပ်စက်သောကြောင့် ချုပ်သွားရ၏။ ဤကဲ့သို့ ချုပ်သွားငြားသော်လည်း ရူပါရုံက မချုပ်သေး။ စိတ္တက္ခဏ (၁၇)ချက်ပြည့်မှချုပ်ရ၏။

ဒါ့ကြောင့် ၎င်းရူပါရုံကမချုပ်သေး၍ တစ်ဖန် ဟဒယဝတ္ထု အကြည်ဓာတ်နဲ့ တိုက်ပြန်၏။ သို့အတွက် ဘဝင်္ဂစလနဆိုတဲ့ စိတ်ဖြစ်ပြန်၏။ ၎င်းစိတ်ကလေးချုပ်သွားပြီးနောက် ရူပါရုံကလေးမှာ မချုပ်သေးပါပဲ ဟဒယဝတ္ထုနဲ့တိုက်ပြန်၏။ ထိုသို့တိုက်လိုက်တဲ့အခါမှာ

ဘဝင်ပြတ်ခါနီးဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒကလေးပေါ်လာရ၏။ ၎င်းဘဝင်္ဂုပစ္ဆေဒကလေးလည်း ချုပ်သွားပြန်၏။ ချုပ်ပြီးနောက် ရူပါရုံကလေးမှာ မချုပ်သေးဘဲ ဟာဒယဝတ္ထုနှင့်တိုက်ပြန်၏။ စက္ခုဝိညာဏ် ပေါ်ပြီလားဆိုတော့ မပေါ်သေးပါဘူးတဲ့။ ၎င်းအာရုံကို ဆင်ခြင်တတ်တဲ့ ပဉ္စဒွါရာဝဇ္ဇန်းကလေးပေါ်လာရ၏။ ၎င်းနောက် ရူပါရုံကလေးသည် မချုပ်သေးဘဲ စက္ခုပသာဒနှင့်တိုက်ပြန်၏။

ထိုသို့တိုက်လိုက်တဲ့အခါမှာ ရူပါရုံက အတီတဘဝင်ကစပြီး ဖြစ်လာတဲ့ဥရုပ်၊ စက္ခုပသာဒကလည်း အတီတဘဝင်ကစပြီး ဖြစ်လာတဲ့ ဥရုပ်ဖြစ်၍ ဥရုပ်အချင်းချင်း သွားထိခိုက်လိုက်တဲ့အခါ အလွန်အားရှိသည် ဖြစ်၍ ထိခိုက်ချက်နာသောကြောင့် စက္ခုဝိညာဏ်ဆိုတဲ့ အပွင့်ခတ် ကလေး ပေါ်လာရ၏။ ၎င်းအပွင့်ခတ်ကလေးသည် ဘယ်သူ့ကိုမှီပြီး ပေါ်လာပါသလဲလို့ဆိုရင် စက္ခုပသာဒကလေးကိုမှီပြီး ပေါ်လာရ၏။ ဒါ့ကြောင့် စက္ခုပသာဒသည် ဝတ္ထုပုရေဇာတပစ္စည်း၊ စက္ခုဝိညာဏ် ကလေးသည် ပစ္စယုပ္ပန်မှတ်လေ။

ကျေးဇူးပြုတဲ့နေရာမှာ ရူပါရုံကလည်းဥ၊ စက္ခုပသာဒကလည်း ဥ။ ဤကဲ့သို့ ဥအချင်းချင်းဖြစ်မှ ကျေးဇူးပြု၏မှတ်ပါ။

ဥပမာအားဖြင့် ကျောက်နဲ့သံတုံးတို့ ထိခိုက်လိုက်တဲ့အခါ မီးပွင့် ကလေး ဘွားခနဲပွင့်လာ၏။ ၎င်းမီးပွင့်ကလေးဟာ မည်သူ့ကြောင့် ပေါ်လာပါသလဲဆိုရင် သံနဲ့ကျောက်တို့ ထိခိုက်လို့ပေါ်လာတယ်မှတ်ပါ။ ဤကဲ့သို့ပေါ်လာတဲ့အခါမှာ ၎င်းမီးပွင့်ကလေးသည် မည်သူ့အပေါ်မှာ တည်ပါသလဲဆိုရင် ခဏတ္တယအားဖြင့် ကျောက်ပေါ်မှာတည်နေ၏။ သို့ဖြစ်ပါ၍ ဝါဂွမ်းကိုမီးစွဲတာဟုမှတ်။ သံတုံးပေါ်မှာ အကယ်၍

သွားပြီးတည်နေခဲ့ပါရင် မီးစွဲလိမ့်မည်မဟုတ်ပေ။ ထို့အတူ ရူပါရုံနှင့် စက္ခုပသာဒတို့ သွားပြီးထိခိုက်လိုက်တဲ့အခါမှာ စက္ခုဝိညာဏ်ဆိုတဲ့ အပွင့်ဓာတ်ကလေးသည် စက္ခုပသာဒပေါ်မှာတည်ပြီး ခဏငယ်အားဖြင့် သုံးချက် အသက်ပြည့်အောင်နေနိုင်၏။ စက္ခုပသာဒကိုမှီရလို့သာ ဥပါဒ်ဌီဘင်ထိအောင် နေနိုင်၏။ မမှီက နေနိုင်မည်မဟုတ်ပေ။

စက္ခုပသာဒသည် ကျောက်နှင့်တူ၏။ ရူပါရုံသည် ခတ်တဲ့ သံတုံးနှင့်တူ၏။ စက္ခုဝိညာဏ်ဆိုတဲ့အပွင့်ဓာတ်ကလေးသည် မီးပွင့်နှင့် တူ၏။ ကျောက်နှင့်တူတဲ့ စက္ခုပသာဒနှင့် သံနှင့်တူတဲ့ ရူပါရုံတို့ သွားပြီး ထိခိုက်လိုက်တဲ့အခါမှာ မီးပွင့်နဲ့တူတဲ့ စက္ခုဝိညာဏ်စိတ်ကလေး ပေါ်လာရ၏။ ပေါ်လာရငြားသော်လည်း စက္ခုပသာဒကိုမှီပြီးမှ ပေါ်လာရ၏။ သို့အတွက် ရူပါရုံကိုမြင်နိုင်၏။ ဒါ့ကြောင့် ဒဿနကိစ္စ တပ်နိုင်၏။ မီးပွင့်ကလေးသည် ကျောက်မှာမှီပြီး ဝါဂွမ်းကိုစွဲသလို စက္ခုဝိညာဏ်ကလေးလည်း စက္ခုပသာဒကိုမှီရလို့ ဒဿနကိစ္စ တပ်နိုင်၏။ ၄င်းပစ္စည်းသည် ဇနကောပတ္ထမ္ဘကပစ္စည်းမှတ်ပါ။

စက္ခုပသာဒကလေးသည် စက္ခုဝိညာဏ်စိတ်ဖြစ်အောင် ကျေးဇူး ပြုရကား 'ဇနက' မှတ်ပါလေ။ စက္ခုပသာဒကလေး ကြည်လင်မှ စက္ခု ဝိညာဏ်လည်း ကြည်ကြည်လင်လင်မြင်ရ၏။ စက္ခုပသာဒ မကြည်က စက္ခုဝိညာဏ်လည်း မကြည်လင်။ သို့ဖြစ်၍ ၄င်း စက္ခုဝိညာဏ်အား စက္ခုပသာဒသည် အကူအညီအထောက်အပံ့ ပေးသောကြောင့် 'ဥပတ္ထမ္ဘက' မှတ်ပါလေ။

စက္ခုပသာဒကလေးသည် စက္ခုဝိညာဏ်မဖြစ်ခင် အတီတာဘဝင် ကစ၍ဖြစ်ရကား 'ပုရေဇာတ'။ ၄င်းစက္ခုဝိညာဏ်၏အမှီကိုလည်း

ခံနိုင်သောကြောင့် 'ဝတ္ထုပုရေဇာတနိဿယ'ဟုမှတ်လေ။

အတီတဘဝင်က စက္ခုပသာဒနှင့် ရူပါရုံတို့ ဥပါဒ်ပြိုင်လာတဲ့ စက္ခုပသာဒသည် ဝတ္ထုပုရေဇာတပစ္စည်း၊ စက္ခုဝိညာဏ်သည် ဝတ္ထုပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်မှတ်ပါ။

ဤကဲ့သို့ပစ္စည်းတပ်ရာမှာ အလွန်တရာဝေးမနေဘူးလား။ အမှီခံအပ်တဲ့တရားက အတီတဘဝင်၏ဥပါဒ်က ဖြစ်ခဲ့တဲ့တရား၊ မှီတတ်တဲ့တရားက စက္ခုဝိညာဏ်ဆိုတော့ ဝေးမနေဘူးလားလို့ဆိုရင် ဤနေရာ၌ ဥပမာဘာနဲ့တူနေပါသလဲဆိုရင် မမှီတဲ့ပန်းကို တုံးခုပြီးလှမ်းဆိုတာနဲ့တူမနေဘူးလားဆိုရင် မတူပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် မှန်ပြောင်းဥပမာလိုပါပဲတဲ့။ မှန်ပြောင်းများကို ကြည့်တဲ့အခါမှာ ကပ်ပြီး ကြည့်မှမြင်နိုင်သလို ထို့အတူ ကပ်ပြီးနေတဲ့တရားပါပဲတဲ့။ ကပ်နေလို့သာ မှီနိုင်ပါတယ်လို့မှတ်။

၄င်းစက္ခုပသာဒကလေးသည် ရူပါရုံနဲ့ ရှေးရှုပေါင်းဆုံပြီး လာလိုက်တာဟာ အတီတဘဝင်၏ဥပါဒ်ကပါပဲတဲ့။ သို့သော်လည်း အတီတဘဝင်ဆိုတဲ့ စိတ်တရားကတော့ ဥပါဒ်ဌီဘင်ဆိုတဲ့ ခဏတ္တယ ပြည့်သွားက ချုပ်သွား၏။ ထိုသို့ပင်ချုပ်သွားသော်လည်း စက္ခုပသာဒနဲ့ ရူပါရုံကတော့ ရုပ်တရားဖြစ်သည့်အတွက် မချုပ်သေးပါဘဲ ဌီရုပ်အဖြစ်နဲ့ ဘဝင်္ဂစလနထိတိုင်အောင်ပါနေ၏။ ၄င်းဘဝင်္ဂစလနမှာလည်း ကမ္မဇရုပ်တွေ အသစ်တစ်ဖန်ပေါ်ပေါက်ပြီး ၄င်းတရားတွေက မချုပ်ပါဘဲ စိတ်တရားတွေက ချုပ်လိုက်သော်လည်း ရုပ်တရားတွေမှာ မချုပ်သေးဘဲ ဘဝင်္ဂုပစ္ဆေဒမှာ အသစ်တစ်ဖန်ပေါ်ပြန်၏။ ၄င်းဘဝင်္ဂုပစ္ဆေဒချုပ်ပြန်သော် ၄င်းရုပ်တရားများမှာ ဥပါဒ်ရုပ်အဖြစ်၊ ဌီရုပ်အဖြစ်နှင့်တည်ပြန်၏။

ထို့နောက် ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်ကလေးပေါ်ပြီး ချုပ်သွားပြန်၏။ ထိုသို့ပင် ချုပ်ပျောက်သွားငြားသော်လည်း ၄င်းရုပ်တရားများမှာ စိတ္တက္ခဏ (၁၇)ချက်မပြည့်သေးရကား မချုပ်ပါဘဲ စက္ခုဝိညာဏ်၏ ဥပါဒ်မှာ တစ်ခါပေါ်ပြန်၏။ ထိုရုပ်သည် စက္ခုဝိညာဏ်၏ဌီမှာ ဌီရုပ်အဖြစ်နဲ့ တည်ပြန်၏။ ဤကဲ့သို့ အတီတဘဝင်ကဖြစ်ခဲ့တဲ့ စက္ခုပသာဒ၏ဌီရုပ်၊ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဋ္ဌဒွါရာဝဇ္ဇန်းက ဖြစ်ခဲ့တဲ့ ဌီရုပ်၊ စက္ခုဝိညာဏ်၏ ဥပါဒ်မှာဖြစ်ခဲ့တဲ့ ဥပါဒ်ရုပ်အားဖြင့် စက္ခုပသာဒတွေ တစ်ပြုံတစ်ခေါင်းကြီး ဖြစ်နေကြ၏။

ဒါ့ကြောင့်စက္ခုဝိညာဏ်သည် အတီတဘဝင်က ရူပါရုံနဲ့ ပြိုင်ဆိုင်လာတဲ့ စက္ခုပသာဒကလေးကိုသာ မှီ၏။ ကျန်တဲ့စက္ခုပသာဒရုပ်တို့ကို မမှီပါဘူး။ ကျန်တဲ့စက္ခုပသာဒတွေကို ပစ္စနိက်ထဲသွင်းပါလေ။ ထို့ကြောင့် ကပ်ပြီးမှီတာ၊ ရှိပြီးကျေးဇူးပြုတာသည် ပုရေဇာတတ္ထိပစ္စည်းပဲ လို့လည်းမှတ်ပါဦး။

ဝိထိစဉ်၌ တီ၊ န၊ ဒ၊ ပ တုန်းက စက္ခုပသာဒသည် 'ပုရေဇာတ' သာရ၏။ စက္ခုဝိညာဏ်ကျမှ 'ဝတ္ထုပုရေဇာတနိဿယပစ္စည်း' လို့ မှတ်ပါလေ။

အတီတဘဝင်၏ဥပါဒ်ကဖြစ်ခဲ့တဲ့ ရူပါရုံနဲ့ အသက်တူတဲ့ စက္ခုပသာဒကိုသာ မှီ၏။ ကျန်သော စက္ခုပသာဒများမှာ အသက်ချင်း မတူသောကြောင့်မမှီရကား ပစ္စနိက်ထုတ်ပါ။ ဒါ့ကြောင့် "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ" လို့ဟောတော်မူ တယ်မှတ်ပါ။

ပဋ္ဌဒွါရာဝဇ္ဇန်း၏ ဥပါဒ်ကစပြီးဖြစ်ခဲ့တဲ့ စက္ခုပသာဒကလေးမှာ

စက္ခုဝိညာဏ်၏ငြီသို့ရောက်သောအခါ ၎င်းစက္ခုပသာဒကလေးအား ပဉ္စာဇာတသတ္တိဖြင့်ကျေးဇူးပြုတဲ့အခါမှာ ၎င်းစက္ခုပသာဒကလေးမှာ အားရှိရကား ၎င်းစက္ခုဝိညာဏ်ကလေး၏အမှီကို ခံနိုင်သည်မဟုတ်ပါလော။ အဘယ့်ကြောင့် အတီတဘဝင်၏ ဉပါဒ်ကစပြီးဖြစ်ခဲ့သော စက္ခုပသာဒကိုသာ မှီပါသနည်းဟုမေးခဲ့ကြားအံ့- ပဉ္စဒွါရာဝဇ္ဇန်းနှင့်အတူ ဉပါဒ်သော စက္ခုပသာဒကလေးသည် အတီတဘဝင်နှင့်အတူဉပါဒ်သော ရူပါရုံချုပ်ပြီးနောက်မှချုပ်ရကား ရူပါရုံနှင့်ပြိုင်မချုပ်သော အမန္တာယုက စက္ခုပသာဒဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ်ကလေးသည် ပဉ္စဒွါရာဝဇ္ဇန်း၏ဉပါဒ်ကဖြစ်ခဲ့သော စက္ခုပသာဒကို မမှီဘူးလို့မှတ်ပါ။

ဉပမာအားဖြင့် မျိုးစေ့တည်းဟူသောအကြောင်းကြောင့် အင်ကြင်းပင်များပေါက်လာတယ်။ ၎င်းအင်ကြင်းပင်များမှာ မြေတို့ရေတို့ အပြည့်အစုံဖြစ်ပြီးသားဖြစ်ပါ၍ နောက်ထပ်တစ်ဖန် ရေသွင်းလောင်းပါက ၎င်းသစ်ပင်မှာ ကြီးပွားစရာအကြောင်းမရှိပါဘဲ သေဆုံးရာသာ ရှေးရှုတော့၏။

ထို့အတူ ပဉ္စဒွါရာဝဇ္ဇန်းကလေးမှာလည်း အစပထမဖြစ်စကတည်းက စက္ခုပသာဒကလေးအား ပဉ္စာဇာတသတ္တိဖြင့် ကျေးဇူးပြုပြီးသားဖြစ်သောကြောင့်၊ နောက်ထပ် ကျေးဇူးပြုပြန်ကလည်း အားမရှိပါဘဲ ပျက်စီးဖို့ရာသာ ရှိသောကြောင့်၊ ပဉ္စာဇာတသတ္တိဖြင့် စက္ခုဝိညာဏ်၏ကျေးဇူးပြုခြင်းကို မခံနိုင်သောကြောင့်၊ စက္ခုဝိညာဏ်က မမှီဘူးမှတ်။

တစ်နည်းအားဖြင့် ရူပါရုံကိုအာရုံပြု၍ စက္ခုဒွါရဝီထိဖြစ်လိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ လောဘဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ နာမ်ဓမ္မတို့မည်သည်မှာ အာရုံ, ဒွါရကြောင့် ပေါ်တာချည်းပဲမှတ်ပါ။ အာရုံနှင့်ကင်းပြီးသကာလ ဘယ်တော့မှမဖြစ်နိုင်ပါဘူးတဲ့။ ၎င်းအာရုံ, ဒွါရတည်းဟူသော အကြောင်းနှစ်ကြောင်းကြောင့်သာ ပေါ်လာတယ်ဟုမှတ်ပါ။

အာဝါသိကဘဝင်စိတ်က အာဂန္တုကဝီထိစိတ်မှာ ဘယ်တော့မှ မဖြစ်ဘူးလို့မှတ်။ အာဝါသိကဘဝင်စိတ်မဖြစ်မှ အာဂန္တုကဝီထိစိတ် ဖြစ်တယ်လို့မှတ်ရမယ်။ ကုဋ္ဌေတစ်သိန်းမက ဖြစ်တယ်ချုပ်တယ် ဆိုတာမှာ ဘဝင်စိတ်တွေကိုရည်မှန်းပြီး ဆိုတယ်မှတ်လေ။

ယခုလို ရူပါရုံကိုမြင်တဲ့အခါမှာ အရိပ်ထင်ရာမှာပေါ်ရလိမ့်မယ်။ မိမိတို့သည် မှန်ကိုထောင်ထားတဲ့အခါမှာ မှန်ရှေ့ကိုဖြတ်သွားတဲ့အခါ ၎င်းမှန်မှာ အရိပ်များပေါ်လာပါလိမ့်မယ်။ ဒါ့ကြောင့်ပထမ ဟဒယဝတ္ထုနဲ့ တိုက်နေ၏။ သို့အတွက် စက္ခုဝိညာဏ်သို့ မထိခိုက်သေးဘဲ မနောဒွါရမှာ ရှေးဦးစွာထိခိုက်နေတယ်။ တစ်ခဏချင်း စက္ခုဝိညာဏ်သို့မရောက် သေးဘဲ ဘဝင်တွေဖြစ်ပြီးနေတယ်မှတ်။ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဆိုတဲ့ ဘဝင်တွေဖြစ်ပြီးနေတယ်။ ၎င်းအတီတဘဝင်တွေ သည် ချုပ်ချုပ်ပြီးသွားပါသော်လည်း ရူပါရုံတွေမှာမချုပ်သေးပါဘဲ တစ်ဖန်ဟဒယဝတ္ထုနဲ့ တိုက်ပြန်သောကြောင့် (လ) ပဉ္စဒွါရာဝဇ္ဇန်းကလေး ပေါ်လာရပြန်၏။

၎င်းပဉ္စဒွါရာဝဇ္ဇန်းကလေးသည် ဥပါဒ်ဌီဘင်ဖြစ်ပြီး ချုပ်သွား ရပြန်၏။ ထိုသို့ပင်ချုပ်ပါသော်လည်း ရူပါရုံကလေးမှာမချုပ်သေးပါဘဲ တစ်ဖန်စက္ခုပသာဒနဲ့ တိုက်ပြန်၏။ ဤကဲ့သို့တိုက်လိုက်တဲ့အခါ

ရူပါရုံကလည်း ဋီသို့ရောက်နေသည်ဖြစ်၍ အလွန်တရာအားရှိ၏။ စက္ခုပသာဒတည်းဟူသော အခံဓာတ်ကလေးကလည်း ဋီသို့ရောက်နေသည်ဖြစ်၍ အားရှိနေတုန်းဖြစ်ရကား ၎င်းနှစ်ပါးတို့တိုက်လိုက်တဲ့အခါမှာ အလွန်တရာ ပြင်းထန်သည်ဖြစ်ပါသောကြောင့် စက္ခုဝိညာဏ်လို့ဆိုတဲ့ အပွင့်ဓာတ်ကလေး ပေါ်လာတယ်လို့မှတ်ပါလေ။

ဒါ့ကြောင့် စက္ခုပသာဒ တိုက်ဖို့ရန်၊ စက္ခုဝိညာဏ်စိတ်ကလေး ဖြစ်ဖို့ရန်၊ နှစ်ဝီထိကျမှပေါ်လာနိုင်၏။ ၎င်းစက္ခုပသာဒကလေး ဘယ်တုန်းကဖြစ်တာလဲဆိုရင် အတီတဘဝင်၏ဥပါဒ်ကဖြစ်ခဲ့တဲ့ ဋီရုပ်ကလေးဟုမှတ်ပါ။

အမြင်အားဖြင့် စက္ခုဝိညာဏ်ကလေး၏ဥပါဒ်အခိုက်မှာ စက္ခုပသာဒပေါင်း (၁၃)ခုရှိ၏။ ၎င်းစက္ခုဝိညာဏ်၏ဥပါဒ်မှာ စက္ခုပသာဒဋီ (၁၂)ခု၊ စက္ခုပသာဒဥပါဒ် တစ်ခုအားဖြင့်ပေါင်း (၁၃)ခုရှိ၏။ ၎င်းစက္ခုပသာဒ (၁၃)ခုတို့တွင် ဘယ်စက္ခုပသာဒနဲ့ ရူပါရုံတို့ တိုက်ပါသလဲဆိုရင် အတီတဘဝင်၏ ဥပါဒ်ကဖြစ်ခဲ့တဲ့ စက္ခုပသာဒကလေးနဲ့တိုက်၏မှတ်။ သို့အတွက် အတီတဘဝင်၏ဥပါဒ်ကဖြစ်ခဲ့တဲ့ဋီရုပ် စက္ခုပသာဒကလေးသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၊ စက္ခုဝိညာဏ် စေတသိက်ခုနစ်လုံးသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်။

ဤနေရာ၌ စက္ခုပသာဒကလေးသည် အတီတဘဝင်၏ ဥပါဒ်ကစ၍ ပဉ္စဒွါရာဝဇ္ဇန်းတိုင်အောင်သောကာလမှ ပုရေ-ဟူသော အမည်ကိုရတယ်မှတ်။ စက္ခုဝိညာဏ်သို့ရောက်မှ ဝတ္ထုနိဿယ-ဟူသော အမည်ကိုရသည်မှတ်။ ရူပါရုံရယ်, စက္ခုပသာဒရယ်, စက္ခုဝိညာဏ်ရယ်

သုံးခုပြိုင်၏။ ဒါ့ကြောင့် မဏိမဉ္ဇူသာဆရာက မန္ဒ၊အမန္ဒ၊မဇ္ဈိမ ရွေး၏ဟုမှတ်။

(မဏိမဉ္ဇူသာဆရာအလိုအားဖြင့်) အတီတဘဝင်၏ဥပါဒ်က ဖြစ်ခဲ့တဲ့ စက္ခုပသာဒကိုသာမှီရမယ်။ ဘာ့ကြောင့်လဲဆိုရင် အတီတဘဝင်၏ဥပါဒ်က ရူပါရုံနှင့် စက္ခုပသာဒတို့ ပြိုင်လာတာ၊ အသက်မှာလည်း ဒုတိယတဒါရုံ၏ဘင်မှာ ချုပ်တာချင်းတူ၏။ သို့ဖြစ်၍ အသက်လည်းတူ၊ ပြိုင်လာတာလည်းတူသောကြောင့် အတီတဘဝင်၏ဥပါဒ်ကဖြစ်ခဲ့တဲ့ စက္ခုပသာဒကိုသာမှီရမယ်လို့ မဏိမဉ္ဇူသာဆရာက ဆိုတော်မူ၏မှတ်ပါ။

(တစ်နည်းအားဖြင့်) ပဉ္စဒွါရာဝဇ္ဇန်း၏ ဥပါဒ်ဌီဘင်တို့မှာလည်း စက္ခုပသာဒတွေရှိ၏။ ၎င်းစက္ခုပသာဒတို့သည် နောက်၌ဖြစ်သော စက္ခုဝိညာဏ်က ပစ္ဆာဇာတသတ္တိဖြင့်ကျေးဇူးပြုထားသောကြောင့် အလွန်အားရှိ၏။ စက္ခုဝိညာဏ်ကလေးမှာလည်း ဌီရုပ်အဖြစ်နဲ့ တည်သည်ဖြစ်၍ အားရှိရကား ပဉ္စဒွါရာဝဇ္ဇန်း၏ဥပါဒ်ကဖြစ်ခဲ့တဲ့ စက္ခုပသာဒကလေးသည်သာလျှင် စက္ခုဝိညာဏ်သို့ရောက်တဲ့အခါ ရူပါရုံနဲ့တိုက်သည်ဖြစ်၍ အပွင့်ခတ်တည်းဟူသော စက္ခုဝိညာဏ် အပွင့်ခတ်ကလေး ပေါ်လာရတယ်မှတ်။ ဒါ့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်း၏ ဥပါဒ်ကဖြစ်ခဲ့တဲ့ စက္ခုပသာဒသည် ပစ္စည်း၊ စက္ခုဝိညာဏ်, စေတသိက် ခုနစ်လုံးသည် ပစ္စယုပ္ပန်။ (ဤကား အာစရိယဝါဒတည်း။)

၎င်းနှစ်နည်းကို ကြိုက်ရာယူပါလေ။ ဘာ့ကြောင့်လဲဆိုရင် စက္ခုပသာဒတို့သည် မျက်စိထဲမှာဆိုရင် ကြည့်လိုက်တဲ့အခါ စက္ခုပသာဒ ပေါင်း ထောင်သောင်းမက ချုပ်နိုင်သည်ဖြစ်၍ များ၏။ သို့အတွက်

ပဋ္ဌဒွါရာဝဇ္ဇန်းက စက္ခုပသာဒ၊ အတီတဘဝင်က စက္ခုပသာဒအားဖြင့် နှစ်ချက်ကို ကြိုက်ရာမှီပါလေ။ ရူပါရုံသည် စက္ခုဒွါရဟုဆိုအပ်သော သန်းဦးခေါင်းပမာဏရှိသော စက္ခုပသာဒဟုဆိုအပ်သော ရုပ်ကလေး ပေါ်မှာ ဘုတ်အဆက်ဆက်အားဖြင့် စက္ခုပသာဒမှာ ထိခိုက် ပြီးလျှင် မနောဒွါရမှာလာပြီးထင်ရတယ်။ ဤကဲ့သို့ စက္ခုဒွါရကို ထိခိုက်လိုက်တဲ့အခါ ၎င်းစက္ခုဒွါရမှာမှီနေသော မဟာဘုတ်တွေလည်း တုန်လှုပ်ချောက်ချားသွားရကား ဘဝင်္ဂစလနကလေး ပေါ်လာရတယ်။

ဤနေရာမှာ ဘဝင်၏လှုပ်ခြင်းကြောင့်သာ ထိခိုက်ရသည်။ စက္ခုဝိညာဏ်ဖြစ်ပေါ်ရန်အကြောင်းတော့ မဟုတ်သေးပေ။ ရူပါရုံနဲ့ စက္ခုပသာဒထိခိုက်သောကြောင့် မနောဒွါရမှာ ပေါ်ရုံသာဖြစ်သည်မှတ်။ ၎င်းအဓိပ္ပာယ်ကို ဤဥပမာဖြင့်သိပါလေ။ ငှက်တစ်ကောင်သည် သစ်ကိုင်းပေါ်မှာနားတဲ့အခါ ၎င်းငှက်နားသည်နှင့်တစ်ပြိုင်နက် သစ်ပင်အောက်မှာ အရိပ်လာပြီးပေါ်လာရပေ၏။ ၎င်းငှက်နားတဲ့အခါမှာ သစ်ကိုင်းသည် ငှက်နားခြင်းကြောင့် အကိုင်းတွေ လှုပ်သွား၏။ ဤဥပမာကဲ့သို့ ရူပါရုံနှင့် စက္ခုပသာဒထိခိုက်ခြင်းကြောင့် ဘဝင်တွေ လှုပ်သွားပြီးလျှင် သစ်ပင်အောက်မှာ အရိပ်လာပြီးပေါ်လာသကဲ့သို့ မနောဒွါရဆိုတဲ့အကြည်ဓာတ်ကလေး၌လည်း အရိပ်သဖွယ်လာပြီး ထင်ရတယ်ဟူ၍မှတ်ပါ။

ဤကဲ့သို့ပင် မနောဒွါရမှာလာပြီးထင်သော်လည်း ၎င်း အတီတဘဝင်ဟုဆိုအပ်သော မနောဒွါရမှာ အာဝဇ္ဇန်းမရှိသောကြောင့် စက္ခုဝိညာဏ်မပေါ်ဘူးလို့မှတ်ရမည်။ ပဋ္ဌဒွါရာဝဇ္ဇန်းနှင့်အတူဥပါဒ်သော စက္ခုပသာဒအား စက္ခုဝိညာဏ်က ပစ္ဆာဇာတသတ္တိ၊ စက္ခုဝိညာဏ်အား

ငှင်းအာဝဇ္ဇန်းကလည်း အနန္တရသတ္တိဖြင့်ကျေးဇူးပြု၏။ စက္ခုပသာဒက လည်း ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် အလွန်အားရှိရကား စက္ခုပသာဒကလေးနဲ့ထိခိုက်လိုက်တဲ့အခါ ထိချက်နာသောကြောင့် အပွင့် ဓာတ်ဟုဆိုအပ်သော စက္ခုဝိညာဏ်ကလေး ပေါ်လာ၏။ ထို့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်း၏ဥပါဒ်ကဖြစ်သော စက္ခုပသာဒသည် ပစ္စည်း၊ စက္ခု ဝိညာဏ်, စေတသိက် ခုနစ်လုံးသည် ပစ္စယုပ္ပန်။

## သောတပသာဒ မှတ်သားရန်

ဥပမာ- ကြေးစည်ကို တစ်ချက်ရိုက်လိုက်တဲ့အခါမှာ ဘယ် လောက်မြည်ပါသလဲလို့ဆိုရင် ၄င်းတစ်ချက်ရိုက်လိုက်တဲ့ ဒဏ်ချက်က ပြင်းသောကြောင့် ဥတုဇရုပ်ကလာပ်တွေမှာ ဘုတ်အဆက်ဆက်အားဖြင့် အသံတွေ အများကြီးဖြစ်လာ၏။

ယခု အဘိဓမ္မာဒေသနာတွေကိုကြားရတာ ဘယ်ဒွါရမှာလာပြီး ထင်လို့ ကြားရပါသလဲဆိုရင် သောတဒွါရမှာလာပြီးထင်လို့ ကြားရ တယ်မှတ်။ သို့သော်လည်း ၄င်းအသံကလေးသည် သူသွားချင် တာကတော့ သောတဒွါရကိုပဲ သွားချင်၏။ သို့ပါသော်လည်း သူတည်း ဟူသော သွားရာလမ်းမှလွဲဖယ်ပြီး သွားစရာလမ်းမရှိသောကြောင့်သာ သွားရ၏။ သို့သော်လည်း ထင်တော့ မနောဒွါရမှာသာထင်တယ်မှတ်။ ထို့နောင်မှ ဘုတ်အဆက်ဆက်အားဖြင့် သောတပသာဒမှာလာပြီး တိုက်ပြန်သောကြောင့် သောတဝိညာဏ်ကလေး ထင်ပေါ်လာတယ် မှတ်လေ။ ဒါ့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းဥပါဒ်ကဖြစ်ခဲ့သော သောတပသာဒ ကလေးသည် ပစ္စည်း၊ သောတဝိညာဏ်, စေတသိက် ခုနစ်လုံးသည် ပစ္စယုပ္ပန်မှတ်ပါလေ။

(သို့ဖြစ်ပါသောကြောင့် ပဋ္ဌဒွါရာဝဇ္ဇန်းကဥပါဒ်ခဲ့သော သောတပသာဒကိုယူတာက သာလွန်၍ကောင်းသည်ဟု ဆရာတော်ဦးဝိမလအမိန့်ရှိသည်မှတ်ပါလေ။)

မဏိမဥ္ဇူသာဆရာတော်က မနှစ်သက်ပေ။ ကံတစ်ခုက ကလာပ်တစ်ခုကိုသာ ဖြစ်စေတယ်ဆိုလို့ရှိရင် ကာယပသာဒကလာပ်မှာတစ်ကိုယ်လုံးနှံ့ပြီးတည်ဖို့ရာ အလွန်ခဲယဉ်း၏။ သို့ဖြစ်ပါ၍ ကံတစ်ခုကသဘောတူသော များစွာသောကလာပ်တွေကို ဖြစ်နိုင်တယ်လို့မှတ်ပါလေ။ ဘာကိုထောက်ပြီးသိရမလဲဆိုရင် မိမိတို့သည် ကော်ဇောပေါ်သို့လှဲအိပ်လိုက်တဲ့အခါမှာ ၎င်းကော်ဇောကအမွေးတွေ စူးတိုင်းစူးတိုင်းကာယဝိညာဏ်တွေ မိမိတို့၏သန္တာန်မှာ ဖြစ်ပေါ်လာသည်ကိုသိရသည်မှတ်လေ။

## ဃာနပသာဒ မှတ်သားရန်

မိမိတို့သည် လေတည့်တည့်ကညှော်ကြော်တဲ့အခါမှာ လေအောက်ကနေသောသူသည် ညှော်စော်နံ၏။ ဤကဲ့သို့ညှော်စော်နံရခြင်းမှာ ဘယ်ဒွါရမှာလာပြီးထင်လို့ နံရပါသလဲဆိုရင် ဃာနဒွါရမှာလာပြီးထင်လို့ နံတယ်မှတ်။ သို့သော်လည်း ထိခိုက်တာက မနောဒွါရကိုအရင်လာပြီးထိခိုက်တယ်မှတ်ပါ။ ဒါ့ကြောင့်သာ ၎င်းညှော်နံသောကြောင့်အနာရှိတဲ့ပုဂ္ဂိုလ်မှာ တစ်ကိုယ်လုံး အနာတွေပွပြီးထလာတယ်ဟုမှတ်ပါ။

## ဇိဝှါပသာဒ မှတ်သားရန်

ကိုယ်တော်တို့ တပည့်တော်တို့ ချဉ်သီးစားတဲ့အခါမှာ ကြက်သီးမွေးညင်းတွေထပြီးလာရခြင်းသည် ဇိဝှါပသာဒကအစဉ်လျှောက်ပြီး

ဘုတ်အဆက်ဆက်လာလို့မှတ်။ ထိခိုက်တာကတော့ မနောဒွါရမှာ လာပြီးထိခိုက်၏။ ဘာ့ကြောင့်လဲဆိုရင် ၎င်းချဉ်သီးကိုစားမိလို့ မိမိတို့မှာ ခေါင်းကိုက်ရခြင်း၊ ဖျားရခြင်း ဖြစ်ရသည်ကိုထောက်ဆ၍ သိရသည် မှတ်ပါလေ။

## ကာယပသာဒ မှတ်သားရန်

ခြင်ကိုက်တဲ့အခါ ကိုက်တဲ့နေရာကပဲ နာသလား၊ သို့မဟုတ် တစ်ကိုယ်လုံးပဲ နာသလားဆိုရင် တစ်ကိုယ်လုံးကနာတယ်မှတ်။ တစ်ကိုယ်လုံးနာလို့သာ လက်နဲ့ရိုက်တယ်မှတ်။ ဤကဲ့သို့ဆိုပါက လက်နဲ့ ရိုက်တော့ ကိုက်တဲ့နေရာကိုရိုက်တယ်၊ နာတာကတော့ တစ်ကိုယ်လုံး နာတယ်လို့ဆိုရင် ဒီနေရာမှာ ပြောတာကတခြား၊ လုပ်တာကတခြား၊ ဖြစ်မနေပေဘူးလားလို့ဆိုရင် မဖြစ်ဘူးဟူ၍မှတ်။ ဘာ့ကြောင့်လဲဆိုရင် ၎င်းခြင်ကိုက်ခြင်းတည်းဟူသော ကာယပသာဒကလေးသည် ဘုတ်ဆက် ပြီးလျှင် မနောဒွါရမှာ လာပြီး ထင်သောကြောင့် ဒေါသဇောတွေ ဖြစ်ပေါ်လာပြီးလျှင် တစ်ကိုယ်လုံးနှံ့၍ လက်ဖျားနဲ့ ပုတ်ခတ်ရသည် ဟုမှတ်လေ။

အကြင်ပုဂ္ဂိုလ်သည် ခြင်ကိုက်လတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ ဒေါသဇော (၇)ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိအခိုက်အတန့်၌ ပထမခြင်ကိုက်ခြင်းသည် မနောဒွါရမှာ လာပြီးထင်၏။ ထိုသို့ မနောဒွါရမှာ ထိခိုက်ချက်ကနာသောကြေ+ာင့် ဘဝင်္ဂစလနနဲ့တူတဲ့ လက်ကလေးတွေလှုပ်လာရ၏။ ထို့နောင်မှ ခြင်ကိုက်ခြင်းကို ဆင်ခြင် တတ်တဲ့ ပဉ္စဒွါရာဝဇ္ဇန်းကလေးပေါ်လာရ၏။ ထို့နောင်မှ ၎င်းခြင်ကိုက်

ခြင်းတည်းဟူသော ဖောဋ္ဌဗ္ဗာရုံကလေးသည် ကာယပသာဒမှာလာပြီး ထိခိုက်လိုက်တဲ့အခါမှာ ထိခိုက်ချက်နှာသောကြောင့် ကာယဝိညာဏ် ဟုဆိုအပ်တဲ့ အပွင့်ဓာတ်ကလေးပေါ်လာရ၏ဟုမှတ်လေ။ ဒါ့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းက ဥပါဒ်ခဲ့သော ကာယပသာဒသည် ပစ္စည်း၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၊ စေတသိက် ခုနစ်လုံးသည် ပစ္စယုပ္ပန် မှတ်ပါလေ။

မီးခြစ်ကိုခြစ်လိုက်တဲ့အခါမှာလည်း လက်ညှိုးနဲ့လက်မကို မီးလောင်သွား၏။ ဤကဲ့သို့မီးလောင်တဲ့အခါမှာ ဒေါသဓောတွေ ဖြစ်ပေါ်လာ၏။ ကာယပသာဒမှာထိခိုက်ခြင်းသည် ထိခိုက်ကာမျှမတ္တ သာ။ မနောဒွါရမှာထင်တာက အလွန်နာသောကြောင့် မျက်နှာတွေ နီမြန်းလာပြီး ဒေါသတွေထွက်လာရတယ်မှတ်လေ။

နံနက်အခါ၌ အေးတယ်အေးတယ်လို့ဆိုရာမှာ အေးတာကတော့ တစ်ကိုယ်လုံးအေး၏။ သို့သော်လည်း မိမိတို့မှာ လေသလပ်သော ပခုံးစွန်းမှာ သာ၍အေး၏။ အကြင်ပုဂ္ဂိုလ်သည် ညာဘက်ပခုံးစွန်းက အေးတာကို သိလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ ကာမဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ၏။ ဤဝီထိ၌ ပထမဆုံးဖြစ်တဲ့ သီတတေဇော တည်းဟူသော ဖောဋ္ဌဗ္ဗာရုံတို့သည် ကာယပသာဒနှင့် အတီတဘဝင်၏ ဥပါဒ်ကစပြီးပြိုင်၏။ သို့သော်လည်း ကာယပသာဒနဲ့ မတိုက်သေးပါဘဲ မနောအကြည်ဓာတ်နဲ့သာတိုက်သောကြောင့် အတီတဘဝင်ဖြစ်၏။ ၎င်းနောက် ဖောဋ္ဌဗ္ဗာရုံသည် မချုပ်သေးပါဘဲ တစ်ဖန် ဘဝင်္ဂစလန မှာရှိတဲ့ ဟဒယဝတ္ထုနဲ့တိုက်ပြန်၏။ ၎င်းနောက် ဘဝင်္ဂုပစ္ဆေဒမှာရှိတဲ့

ဟဒယဝတ္ထုနဲ့တိုက်ပြန်၏။ ၄င်းနောက် ပဋ္ဌဒွါရာဝဇ္ဇန်းမှာရှိတဲ့ ဟဒယဝတ္ထုနဲ့တိုက်ပြန်၏။ ၄င်းနောက်မှ ကာယပသာဒနဲ့တိုက်၏။ ထို့ကြောင့် ကာယဝိညာဏ်ကလေးပေါ်လာ၏။ သို့ဖြစ်ပါ၍ ပခုံး၌ရှိသော ကာယပသာဒကလေးသည် ပစ္စည်း၊ ကာယဝိညာဏ်, စေတသိက် ခုနစ်လုံးသည် ပစ္စယုပ္ပန်မှတ်ပါ။

ဘယ်အပေါ်မှာ ကျေးဇူးပြုပါသလဲဆိုရင် ကာယပသာဒပေါ်မှာ ကျေးဇူးပြု၏။ ဘာ့ကြောင့်လဲဆိုရင် အေးတယ်အေးတယ်ဆိုတာ ဘယ်အနားကပိုပြီးအေးပါသလဲဆိုရင် သက်န်းမရှိတဲ့ပခုံးစွန်းက ပိုပြီး အေးတယ်။ ဒါ့ကြောင့် ကာယဝိညာဏ်သည် ကာယပသာဒကိုမှီပြီး ပေါ်လာရတယ်မှတ်ပါလေ။ ဤနေရာမှာ ဘယ်အနားကအေးသလဲလို့ မေးတဲ့အခါမှာ ဒီအနားကအေးတယ်လို့ဆိုပြီး ပခုံးစွန်းတည်းဟူသော ကာယပသာဒကလေးကို လက်နဲ့ထောက်ပြ၏။ ပြောလိုတာကတော့ အာရမ္မဏဓမ္မကိုပြောလိုက်တာပဲ။ ထောက်နေတာကတော့ အနာရမ္မဏ ဓမ္မရုပ်ကြီးကို ထောက်နေရကား သာရမ္မဏတရားနှင့် အာရမ္မဏတရား (ဝါ) အနာရမ္မဏတရားတို့သည် မကွဲကြဘဲ စပ်နေတယ်ဟူ၍ မှတ်ပါလေ။

ထို့ကြောင့် ပခုံးစွန်းမှာရှိတဲ့ ကာယပသာဒသည် ဝတ္ထုပုရေဇာတ-နိဿယပစ္စည်း၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်, စေတသိက် ခုနစ်လုံး သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်မှတ်ပါ။

ရှေ့ပါဠိတော်၌ **"ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ (လ) နိဿယပစ္စယေန ပစ္စယော"** ဟူသောပါဠ်သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၊ ဝတ္ထာရမ္မဏနိဿယ

ပစ္စည်း၊ ဤနှစ်ပစ္စည်းကိုပြသည်။ ပစ္စယနိဒ္ဒေသဖြစ်သောကြောင့် မကျဉ်းမကျယ် ဟောထားရသည်ဖြစ်ပါသောကြောင့် နှစ်ပစ္စည်းစလုံး ပါသည်ဟုယူပါလေ။

ငင်းပစ္စည်းများမှာ မြန်မာလိုတော့ စောင့်ဆိုင်းပြီးကျေးဇူးပြု၏။ မာဂဓလိုတော့ ဝတ္ထုပုရေဇာတနိဿယပစ္စည်းလို့ခေါ်သည်။

အကြင်ပုဂ္ဂိုလ်သည် နိရောဓသမာပတ်ကိုဝင်စားလိုလတ်သော်-

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ကံ၊ ဥ၊ နု၊ ဘူ၊ နေဝသညာ-နာသညာယတန ကုသိုလ်၊ ကြိယာဇော (၂) ကြိမ်၊ ထို့နောင် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့သည် ခုနစ်ရက်ချုပ်၏။ ထို့နောင် အနာဂါမ် ဖြစ်အံ့- အနာဂါမိဖိုလ်ဇောတစ်ကြိမ်၊ ရဟန္တာဖြစ်အံ့- အရဟတ္တဖိုလ်ဇော တစ်ကြိမ်၊ ဘဝင် (လ) ချုပ်၏။

ဤဝီထိ၌ စိတ်၊ စေတသိက်၊ စိတ္တဇရုပ် ချုပ်ငြားသော်လည်း ကမ္မဇရုပ်တို့ကမချုပ်သေး၍ ကမ္မဇရုပ်တို့သည် ခုနစ်ရက်အတွင်း၌ တဘွားဘွားဖြစ်ပေါ်နေ၏။ ထို့ကြောင့် ဖိုလ်သည် ခုနစ်ရက်အတွင်း၌ နောက်ဆုံးဖြစ်သော စိတ္တက္ခဏတစ်ချက်ခန့်ကာလ၌ဖြစ်သော ဟဒယ ဝတ္ထုကိုမှီ၏။ သို့ဖြစ်ပါ၍ စိတ္တက္ခဏတစ်ချက်ခန့်ကာလ၌ ဖြစ်သော ဟဒယဝတ္ထုသည် ပစ္စည်း၊ အနာဂါမ်ဖြစ်အံ့- အနာဂါမိဖိုလ် ဇော၊ ရဟန္တာဖြစ်အံ့- အရဟတ္တဖိုလ်ဇောသည် ပစ္စယုပ္ပန်မှတ်ပါလေ။

အကြင်ပုဂ္ဂိုလ်သည် သေခါနီးကာလ၌ အလွန်နှစ်သက်သော ဝတ္ထုတစ်ခုကို အာရုံပြု၍သေလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ မရဏာသန္နလောဘဇော (၅) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်၊ စုတိ (လ) ချုပ်၏။ ဤဝီထိ၌ စုတိစိတ်

ကလေးသည် အတီတဘဝင်ကဥပါဒ်ခဲ့သော ဟဒယဝတ္ထုကိုသာမှီ၏။ ဒီနေရာ၌ စုတိစိတ်မှပြန်၍ရေသော် (၁၇)ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်လာခဲ့တဲ့ ဟဒယဝတ္ထုကလေးမှာ သူသည် စုတိစိတ်၏ဘင်သို့ ရောက်တဲ့အခါ ချုပ်ရတော့မည်ဖြစ်ရကား အလွန်အားနည်းနေ၏။ သို့ဖြစ်ပါ၍ စုတိစိတ်ကလေးမှာ မှီရန် အမှီခက်မနေပေဘူးလားလို့ဆိုရင် မခက်ပါဘူးလို့မှတ်ပါ။ အဘယ့်ကြောင့်ဆိုသော် စိတ်ဆိုတဲ့နာမ်ဓမ္မတို့ မည်သည်မှာ အာရုံတရားနှင့်ကင်းပြီး မဖြစ်နိုင်ရကား ဤနေရာ၌ နုတယ်၊ ရင့်တယ်၊ အားနည်းတယ်စသည်ဖြင့် ရွေးမနေနိုင်တော့ဘဲ ရှိတာကိုပဲမှီမယ်ဆိုပြီး အတီတဘဝင်ကဥပါဒ်ခဲ့တဲ့ ဟဒယဝတ္ထုကိုပဲ မှီ၏။ ထို့ကြောင့် ဟဒယဝတ္ထုသည် ပစ္စည်း၊ စုတိစိတ်ကလေးသည် ပစ္စယုပ္ပန်မှတ်ပါ။ ၄င်းစုတိစိတ်ကလေးသည် သေခါနီးကာလဖြစ်ပါ၍ အလွန်အားနည်း၏လို့မှတ်ပါ။

## ဝတ္ထာရမ္မဏပုရေဇာတနိဿယ မှတ်သားရန်

ဝတ္ထာရမ္မဏပုရေဇာတ၌ အင်္ဂါသုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် မှီရာဆိုတဲ့ ဝတ္ထုသဘောလည်းဖြစ်ရမည်။ အာရုံဓမ္မအပေါ်၌ ညွတ်မှု၊ ကိုင်းမှုလည်းရှိစေရမည်။ ပစ္စယုပ္ပန်တရားမဖြစ်မီ ရှေးအဖို့၌ဖြစ်နိုင်သည်လည်း ဖြစ်စေရမည်။

(တစ်နည်းကား) ဝတ္ထုလည်းဖြစ်၊ အာရုံလည်းဖြစ်၊ ပုရေလည်း ဖြစ်ဟူ၍ အင်္ဂါသုံးပါးရှိစေရမည်။

သင်္ဂြိုဟ်ဋီကာကျော်တို့က မရဏာသန္နအခါ ဆဋ္ဌါရ၌ မရဏာသန္နဇောကျပြီး သေကောင်းတယ်ဟုဖွင့်ထား၏။ ဒါ့ကြောင့် အာရုံကို ဆဋ္ဌါရိက ယူတော့ယူနိုင်၏။ ဘာ့ကြောင့်လဲဆိုရင် စက္ခု

ပသာဒကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာရှုပြီးစုတိလိုလတ်သော်-

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မရဏာသန္နဇော (၅) ကြိမ်၊ ဘဝင်၊ စုတိ။ ဤဝီထိ၌ အတီတဘဝင်ကစက္ခုပသာဒကိုလည်း ရှုနိုင်၏။ ဒါ့ကြောင့် မတွေဝေတဲ့သူ အတီတဘဝင်ကစက္ခုပသာဒကို သာယာမယ်ဆိုက သာယာနိုင်၏။ ၎င်းစက္ခုပသာဒကလေးကို မနောဒွါရာဝဇ္ဇန်းစသည်တို့က မှီမယ်ဆိုကလည်း မှီနိုင်၏။ သို့ဖြစ်ပါ၍ စက္ခုပသာဒကလေးသည် အာရုံလည်းဖြစ်၊ ပုရေလည်းဖြစ်၏။ ထို့ကြောင့် စက္ခုပသာဒသည် ပစ္စည်း၊ မနောဒွါရာဝဇ္ဇန်းသည် ပစ္စယုပ္ပန်ဆိုမယ်ဆိုက ရနိုင်သည်မဟုတ်ပါလော။ ထိုသို့ပင်ရသော်လည်း မနောဒွါရာဝဇ္ဇန်းစသည်တို့မှာ ပဉ္စဒွါရကိုမမှီ။ ဒါ့ကြောင့် ပဉ္စဒွါရနှင့် သေကောင်းပင်သေကောင်းငြားသော်လည်း ဝတ္ထာရမ္မဏပစ္စည်းမှာဖြင့် ပဉ္စဒွါရဝီထိ မဖြစ်ကောင်းဘူးဟူ၍မှတ်ပါ။

ဝတ္ထာရမ္မဏက မနောဒွါရဝီထိကျ၏။ ပဉ္စဒွါရက ဝတ္ထုတော့ဖြစ်၏၊ မနောဒွါရတို့၏ အာရုံမဟုတ်။ သို့အတွက် ပဉ္စဒွါရမမှတ်နှင့်။ ဝတ္ထာရမ္မဏသည် မနောဒွါရမှာသာရ၏။ မရဏာသန္နအခါ၌သာ ဝတ္ထာရမ္မဏနိဿယပစ္စည်းရ၏၊ အခြားပစ္စည်းမရအပ်။ ပဝတ္တိအခါ၌ ဝတ္ထာရမ္မဏနိဿယပစ္စည်းကိုမရအပ်။

အကြင်သေက္ခ၊ ပုထုဇဉ်ပုဂ္ဂိုလ်သည် ဟဒယဝတ္ထုကိုအာရုံပြု၍ စုတိစိတ်ကျလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မရဏာသန္နဇော (၅) ကြိမ်၊ ရုံ၊ ရုံ၊ စုတိ၊ ပဋိသန္ဓေဟူ၍ ဤမှာတွင်ထားလိုက်ပါ။ စုတိစိတ်မှပြန်၍ရေသော် (၁၇)ချက်မြောက်ကဖြစ်ခဲ့တဲ့ ဟဒယဝတ္ထုသည် ဝတ္ထာရမ္မဏနိဿယ

ပစ္စည်း၊ မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံတို့သည် ပစ္စယုပ္ပန်မှတ်ပါ။ (ဤကား မဏိမဉ္ဇူသာဆရာတော်၏အလိုတည်း။)

ပဋ္ဌာနသာရဆရာ၏အလိုအားဖြင့် ပဝတ္တိအခါမှာလည်း ဝတ္ထာရမ္မဏနိဿယဖြစ်ထိုက်၏။ ဘာ့ကြောင့်လဲဆိုရင် မိမိ၏ ဟဒယဝတ္ထုရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တစသည်ရှုက မဖြစ်ဘူးလားဆိုရင် ဖြစ်၏။ ထို့ကြောင့် အကြင်ပုဂ္ဂိုလ်သည် ဟဒယဝတ္ထုကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာရှုလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ဝိပဿနာဇော (၇)ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ)၏။ ဤဝီထိ၌ အတီတဘဝင်၏ဥပါဒ်ကဖြစ်ခဲ့တဲ့ ဟဒယဝတ္ထုသည် အာရုံလည်းဖြစ်၊ မှီရာလည်းဖြစ်၏။ ဒီလိုဆိုပါက မှားမကုန်ဘူးလား။ နောက်ကပြခဲ့တာက ရှေ့စိတ္တက္ခဏတစ်ချက်ခန့် ကာလ၌ဖြစ်တဲ့ ဟဒယဝတ္ထုကိုမှီတယ်။ နောက်ကရေးခဲ့တာက မရဏာသန္နအခါ။ ယခုပဋ္ဌာနသာရဆရာအလိုအားဖြင့် ပဝတ္တိအခါ ဟဒယဝတ္ထုကိုမှီတယ်လို့လာ၏။ ထို့ကြောင့် ဟဒယဝတ္ထုသည် ဝတ္ထာရမ္မဏနိဿယပစ္စည်း၊ မနောဒွါရာဝဇ္ဇန်းသည် ပစ္စယုပ္ပန်မှတ်လေ။

သင်္ဂဟဆရာတော်၏အလိုအားဖြင့်ကား ပဝတ္တိအခါ၌ ဟဒယဝတ္ထုရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် မပြတ်အာစိဏ္ဏကံ ပြုလုပ်ပြီးနေမယ်၊ သေခါနီးအခါ၌လည်း ပဝတ္တိအခါကဟဒယဝတ္ထု ရုပ်ကို လာပြီးထင်တယ်၊ သို့သော် ပဝတ္တိအခါက ဟဒယဝတ္ထုသည် အာရုံတော့ဖြစ်၏၊ မှီတာကတော့ မရဏာသန္နအခါ အတီတဘဝင်က ဥပါဒ်ခဲ့တဲ့ ဟဒယဝတ္ထုရုပ်ကိုမှီ၏။ နာမည်ကတော့ ဟဒယဝတ္ထုရုပ်ချင်း တူပါ၏။ ထိုသို့ပင်တူသော်လည်း အာရုံကတခြား၊ မှီရာကတခြား

ပြားနေကြ၏။ နာမည်ကျတော့ မပြားဘူးလို့မှတ်။

ဆရာတစ်နည်းအလိုအားဖြင့် ဥပမာ- ရှေ့ကတိုင်ကြီးကို ကြည့်လိုက်တဲ့အခါ ချုပ်တာကိုမြင်သလား၊ ဖြစ်တာကိုမြင်သလားဆိုရင်၊ မည်သူမှ မသိနိုင်ဘူး မှတ်ပါ။ ဘာ့ကြောင့်ဆိုသော် ရုပ်တွေက တစ်ပုံတစ်ခေါင်းကြီး ဖြစ်တာကဖြစ်၊ ချုပ်တာကချုပ်၊ တည်တာက တည်။ ဖြစ်စ အာရုံကိုမြင်က အာရမ္မဏ။ တော်တော်ကြာမှ အာရုံကို မြင်က အာရမ္မဏပုရေဇာတ။ ဒါ့ကြောင့် မည်သူမျှ မပြောနိုင်ဘူး။ ထို့အတူ အတီတဘဝင်မှာဆိုရင် ဟဒယဝတ္ထုတွေက တစ်ပုံကြီး။ ဖြစ်စတွင် မနောဒွါရနဲ့တိုက်မိက အာရမ္မဏ။ တော်တော်ကြာကြာမှ ဟဒယဝတ္ထုနဲ့တိုက်မိက အာရမ္မဏပုရေဇာတနိဿယပစ္စည်းမှတ်ပါ။

(တစ်နည်းအားဖြင့်) မရဏာသန္နအခါမှာ ဟဒယဝတ္ထုသည် အာရုံလည်းဖြစ်၊ ဝတ္ထုလည်းဖြစ်၊ ပုရေလည်းဖြစ်၏။

အကြင်ပုဂ္ဂိုလ်သည် ဟဒယဝတ္ထုကမ္မနိမိတ်ကိုအာရုံပြု၍ မရဏာသန္နဇော စောလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မရဏာသန္နဇော (၅)ကြိမ်၊ ရုံ၊ ရုံ၊ စုတိ။ ထုံးစံအတိုင်း မနောဒွါရအကြည်ဓာတ်ကို သွားထိခိုက်လို့ ဘဝင်တွေပေါ်လာရ၏။ အတီတဘဝင်မှာသာလျှင် ဟဒယဝတ္ထုတွေ ဖြစ်၏။ နောက်မဖြစ်တော့ဘူးမှတ်ပါ။ ထို့ကြောင့် ဟဒယဝတ္ထုသည် ပစ္စည်း၊ မနောဒွါရာဝဇ္ဇန်းသည် ပစ္စယုပ္ပန်။ နောက် မနောဒွါရာဝဇ္ဇန်း ကလေးချုပ်သွားပါသော်လည်း ဟဒယဝတ္ထုကလေးမှာ မချုပ်သေးပါဘဲ ပထမဇောဖြစ်ရ၏။ ဟဒယဝတ္ထုသည် ပစ္စည်း၊ ပထမဇောသည် ပစ္စယုပ္ပန်၊ (လ) ဟဒယဝတ္ထုသည် ဝတ္ထာရမ္မဏပုရေဇာတနိဿယ

ပစ္စည်း၊ တဒါရုံတို့သည် ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်။ ဤကား မဏိမဉ္ဇူသာဆရာ၏အလိုတည်း။ မရဏာသန္န အခါလို့ သုံးချက်စုဆရာဆိုသောစကားနဲ့ ညီတယ်လို့မှတ်ပါ။

ပဝတ္တိအခါ မိမိ၏ဟဒယဝတ္ထုကိုအာရုံပြု၍ ဝိပဿနာရှုလို လတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ဝိပဿနာဇော (၇)ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်၊ (လ)ချုပ်၏။ အတီတဘဝင်ချုပ်၊ ဘဝင်္ဂစလနချုပ်၊ ဘဝင်္ဂုပစ္ဆေဒ ချုပ်။ ထို့နောင် မနောဒွါရာဝဇ္ဇန်း ပေါ်ပြန်၏။ ၎င်း မနောဒွါရာဝဇ္ဇန်းသည် အတီတဘဝင်ကဖြစ်သော ဟဒယဝတ္ထုရုပ်ကို အာရုံလည်းပြု၊ မှီလည်း မှီ၏။ ထို့ကြောင့် အတီတဘဝင်ကဖြစ်ခဲ့တဲ့ ဟဒယဝတ္ထုရုပ်သည် ပစ္စည်း၊ မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံတို့သည် ပစ္စယုပ္ပန်မှတ်။ ပဝတ္တိအခါ၌ ဆိုလို၏။ (ဤကား ပဋ္ဌာနသာရဆရာ၏အလိုပင်တည်း)

ပဝတ္တိအခါ၌ ဟဒယဝတ္ထုကို အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် ဝိပဿနာရှုလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ဝိပဿနာဇော (၇)ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ)ချုပ်၏။ ဤဝီထိ၌ အတီတဘဝင်ကဥပါဒ်ခဲ့တဲ့ အာရုံကို မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံစသည်တို့သည် အာရုံပြုနိုင်ပါသလား ဆိုရင် ၎င်းအတီတဘဝင်က ဥပါဒ်ခဲ့တဲ့ ဟဒယဝတ္ထုသည် သန္တတိ လက္ခဏာအားဖြင့် ဆက်ဆက်ပြီးလာရကား ဤဟဒယဝတ္ထုမှာ မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံတို့၏ အာရုံလည်းဖြစ်၊ မှီရာလည်း ဖြစ်ပါသောကြောင့် အတီတဘဝင်က ဥပါဒ်ခဲ့သော ဟဒယဝတ္ထုသည် ပစ္စည်း၊ မနောဒွါရာဝဇ္ဇန်းသည် ပစ္စယုပ္ပန်မှတ်ပါ။ (ဤကား

ဆရာတစ်ပါး၏အလိုပေတည်း။)

ယခုဆရာများအလိုအားဖြင့် ပဝတ္တိအခါ၊ မရဏာသန္နအခါ၊ နှစ်ပါးစုံ၌ရသည်ဟု မှတ်ပါ။ ဤကဲ့သို့ပင် နောက်က (၄)နည်း ပြပါသော်လည်း မနောဒွါရချည်းသာမှတ်ပါ။

အတီတဘဝင်ကစပြီးဖြစ်လာတဲ့ ဟဒယဝတ္ထုတွေ တစ်ပုံကြီး တစ်ခေါင်းကြီးရှိ၏။ ဘယ်ဟဒယဝတ္ထုနဲ့ တိုက်တယ်ဆိုတာကိုတော့ မသိရဘူး။ တစ်ခုခုသော ဟဒယဝတ္ထုနဲ့တော့တိုက်မှာပဲ။ ဤကဲ့သို့ တိုက်သောကြောင့်သာ မနောဒွါရာဝဇ္ဇန်းဆိုတဲ့ အပွင့်ဓာတ်ကလေး ပေါ်လာရသည်မှတ်ပါ။ သို့သော် ဟဒယဝတ္ထုမှာလည်း ဖြစ်စ ဟဒယဝတ္ထု၊ ဖြစ်ပြီးဟဒယဝတ္ထုအားဖြင့် ဟဒယဝတ္ထုတွေက တစ်ပုံတစ်ခေါင်းကြီး ဖြစ်ပေါ်နေကြ၏။ ထိုသို့ပင် ဖြစ်ပေါ်နေပါသော်လည်း တစ်ခုသောဟဒယဝတ္ထုကိုတော့ တိုက်ရမှာပဲ။ တိုက်ရငြားသော်လည်း ဖြစ်စကိုတိုက်ရင် အာရမ္မဏ။ ဖြစ်ပြီးကိုတိုက်ရင် ဝတ္ထာရမ္မဏပုရေဇာတ။ အတီတဘဝင်က ဟဒယဝတ္ထု၊ ဘဝင်စလနက ဟဒယဝတ္ထု၊ ဘဝင်ုပစ္ဆေဒက ဟဒယဝတ္ထုတို့ကိုတိုက်ပါက အာရမ္မဏ ပုရေဇာတသာရ၏။

ဒွိသို့ရောက်ပြီး အမှီခံနိုင်တဲ့ ဟဒယဝတ္ထုကိုတိုက်က ဝတ္ထာရမ္မဏပုရေဇာတနိဿယ။ ဖြစ်ဆဲဟဒယဝတ္ထုနဲ့တိုက်က အာရမ္မဏ မှတ်။ ဤကဲ့သို့ဖြစ်ပါရင် မရဏာသန္နအခါမှာ ဝတ္ထုကတော့သေချာ၏။ အာရုံမှာတော့ မသေချာဘူးဟုမှတ်ပါ။ ဤကဲ့သို့ယူပါက မရဏာသန္န အခါမှာ ခြောက်ဒွါရဖြင့် သေကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဋီကာ ကျော်မှာတိုက်ရိုက်ပါ၏။

ဘာ့ကြောင့်လဲဆိုရင် အရှင်သောဏမထေရ်၏ ခမည်းတော်ဖြစ်သော တောမုဆိုးကြီးမှတစ်ဖြစ်လဲ ရဟန်းကြီးကို ကြည့်ပါ။ ၎င်းမုဆိုးကြီးသည် ရဟန်းဖြစ်လာပြီးနောက် သေခါနီးအခါ၌ မကောင်းတဲ့ ဂတိနိမိတ်တွေ လာပြီးထင်လာတယ်။ ဤကဲ့သို့ ထင်လာတဲ့အခါ သားရဟန်းကသိတော့- ဖခင်… ဘုရားသခင်ကို ပန်းများ မလှူချင်ဘူးလားလို့ မေးတဲ့အခါ လှူချင်ပါတယ်ဘုရားလို့ ပြန်လျှောက် လေတော့ သားရဟန်းက သာမဏေငယ်များအား ပန်းများကို ကပ္ပိစေပြီးလျှင် ဖခင်ထံသို့ ဆောင်စေခဲ့၍ သူရှေ့နားမှာ ထားပြီးလျှင် ကဲဖခင်ကြီး… မြတ်စွာဘုရားကိုအာရုံပြုပြီး ပန်းများလှူပေတော့လို့ ပြောလိုက်တဲ့အခါမှာ ဘုရားရှင်ကို အာရုံပြုပြီး ပန်းများကိုလှူသည်နှင့် တစ်ပြိုင်နက် ကောင်းတဲ့ နိမိတ်တွေ ထင်ပြီးသကာလ သုဂတိဘုံသို့ ရောက်ရတယ်။ ပန်းကို အာရုံပြုသဖြင့် ရူပါရုံကို အာရုံပြုသေးတယ် မှတ်ပါ။ ထို့အတူ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့မှာ နည်းတူမှတ်ပါလေ။

ဒါဟာ ကမ္မနိမိတ်ကို ပြောင်းနိုင်တယ်ဆိုရာမှာလည်း အာဝဇ္ဇန်း၏ ယူပြီးသား အာရုံကိုသာ ဇောသည်ယူရမည်ဖြစ်ရကား ဇောမှာတော့ မနောဒွါရာဝဇ္ဇန်းယူပြီးသား အာရုံကို မပြောင်းနိုင်ဟုမှတ်ပါလေ။

အာသန္နဝီထိမှာသာ ကမ္မနိမိတ်ကိုပြောင်းနိုင်ပြီးလျှင် စက္ခုဒွါရဝီထိကျတယ်လို့မှတ်လေ။ ထို့ကြောင့် မရဏာသန္နအခါကျတော့ ၎င်းပြောင်းပြီးသားအာရုံကိုအာရုံပြုပြီး မနောဒွါရဝီထိကျပြီး သေတယ်လို့ ယူပါလေ။ ဤကဲ့သို့ယူပါက အလုံးစုံသောကျမ်းများနဲ့ညီညွတ်ပြီးလျှင် ဝတ္ထာရမ္မဏာပုရေဇာတနိဿယပစ္စည်းတပ်တယ်လို့ မဏိမဉ္ဇူသာဆရာဆိုတဲ့စကားနဲ့လည်းညီမည်။

ဖားနတ်သားဝတ္ထုကိုထောက်ကြည့်ပါ။ နွားကျောင်းသားက တုတ်နဲ့ထောက်ထားတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ တရားတော်ကိုနာနေတဲ့အခါမှာ နွားကျောင်းသားတုတ်နဲ့ ထောက်မိလို့ ငါအော်လိုက်ခဲ့ပါရင် တရားပွဲကြီးဟာပျက်တော့မှာပဲလို့ အောက်မေ့ပြီး သကာလ တရားတော်ကို အာရမ္မဏာဓိပတိပစ္စည်းတပ်ပြီးသကာလ နာနေတယ်တဲ့။ ဤကဲ့သို့ တုတ်ထောက်တဲ့ဒဏ်ချက်ကြောင့် စုတိတဲ့ အခါမှာ နတ်ပြည်သို့သွားပြီး ဖားနတ်သားရယ်လို့ဖြစ်ရတယ်။ ဤဝတ္ထုသက်သေတွေကိုထောက်ဆပြီးသကာလ ခြောက်ဒွါရကျပြီး သေကောင်းတယ်လို့ဆိုသော ဋီကာကျော်တို့စကားကို ငြင်းဖို့ရာ ရှိသေးသလားဆိုရပါရင်၊ ငြင်းဖို့မလိုပါဘူးတဲ့။

ဉာဏဝိဘင်းပါဠိတော်၌ - **"ပဉ္စန္နံ ဝိညာဏာနံ သမနန္တရာပိ န စဝတိ န ဥပ္ပဇ္ဇတိ"** ဟုဟောတော်မူ၏။ ပဉ္စဒွါရဝီထိ၏အခြားမဲ့၌ မစုတိနိုင်၊ ပဋိသန္ဓေလည်းမနေနိုင်။ မနောဒွါရနဲ့သာ စုတိရမယ်၊ ပဋိသန္ဓေနေရမယ်လို့မိန့်တော်မူ၏။

ဤကဲ့သို့ဆိုရင် ပဉ္စဒွါရနဲ့ မသေနဲ့၊ ပဋိသန္ဓေလည်းမနေနဲ့လို့ အဓိပ္ပာယ်ရောက်၏။ ပဉ္စဒွါရနှင့် အိပ်မက်တောင်မမက်ကောင်းဘူးလို့ ဆို၏။ ဒီလိုဆိုတော့ သင်္ဂြိုဟ်ဋီကာကျော်တို့၏စကားသည် အသုံးမဝင်ဘဲ ဖြစ်သွားခဲ့ပေ၏။ ဤကဲ့သို့ဆိုလိုက်တဲ့အခါ မဏိမဉ္ဇူသာဆရာကြီး ဆိုတဲ့စကားဟာ ယုတ္တိယုတ္တာရှိနေပေ၏။

ဒီလိုဆိုတော်မူတဲ့စကားများကို ညှိလိုက်တဲ့အခါမှာ နောက်က အရှင်သောဏ၏ဖခင် ရဟန်းကြီးဝတ္ထုမှာ ပြောင်းရတယ်ဆိုတာ မရဏာသန္နအခါမဟုတ်လို့ ပြောင်းလို့ရတာ။ မရဏာသန္နအခါမှာသာ

ရင် စုတိနှင့်နီးပြီးနေရကား ဇော၏အာရုံကို မည်သူမျှမပြောင်းလဲနိုင်။ အတွက် မရဏာသန္နအခါမှာ ဘယ်တော့မှ ပြောင်းလို့မရဟု ်ပါလေ။ ပြောင်းလို့ရတာက မရဏာသန္နအခါမဟုတ်၊ အာသန္နအခါ ်ရမည်မှတ်။ ဒါ့ကြောင့် ဝဋ္ဋာရမ္မဏကြီးဟာ ပဝတ္တိအခါပဲဖြစ်ဖြစ်၊ ဏာသန္နအခါပဲဖြစ်ဖြစ် မနောဒွါရချည်းပဲဟုမှတ်ရမည်။

ဟသိတုပ္ပါဒ်သည် ပစ္စယုပ္ပန်ဘက်ကပါ၏။ ဟသိတုပ္ပါဒ်ဆိုတာ န္တာများသာ ပြုံးရွှင်တဲ့စိတ်ဖြစ်ရကား ပဝတ္တိအခါသာရ၏ဟုမှတ်။ ာသန္နအခါ ဘယ်လိုရမလဲဆိုရင် တပည့်တော်တို့ ကိုယ်တော်တို့မှာ တဂ္ဂသံသရာကစပြီး သေလာကြတယ်။ ဘယ်အခါကာလမှ မြောက်ပြီးသေရတယ်လို့ မရှိသေးဘူး။ ဝမ်းနည်းပြီးသေရတာက ယ်။ ဘာ့ကြောင့်ဆိုသော် သားတွဲလဲ၊ သမီးတွဲလဲနဲ့မို့ ဘယ်အခါမှ မြာက်ဝမ်းသာသေရတယ်လို့ မရှိဘူးမှတ်ပါလေ။

ရဟန္တာအရှင်မြတ်ကြီးများမှာတော့ ငါတို့မှာ ခန္ဓာဝန်ကြီးတွေ ရှိလို့၊ ခန္ဓာဝန်ကြီးတွေ ထမ်းဆောင်နေရလို့၊ ဘယ်တော့များမှ ဤခန္ဓာဝန်ကြီးကိုချရပါ့မလဲဆိုပြီး အမြဲတမ်း ခန္ဓာဝန်ကြီးကိုစက်ဆုပ်ပြီး နေတယ်။ ဒါ့ကြောင့် ရဟန္တာများပရိနိဗ္ဗာန်ပြုရတော့မယ်လို့ကြံတဲ့အခါ ဝမ်းနည်းမလား, ဝမ်းသာမလားဆိုရင်၊ ဝမ်းသာပါတယ်။ ခန္ဓာဝန်ကြီး၏ ကျွန်ကို ဘယ်တော့မှ ငါဖြင့်မလုပ်ရတော့ဘူးဆိုပြီး ဝမ်းသာလုံးကြီးနှင့် ပရိနိဗ္ဗာန်ပြုတယ်။ ဒါ့ကြောင့် ဘုရားရဟန္တာတို့သည် ဝမ်းသာပြီး ပရိနိဗ္ဗာန်ပြု၏။ ဝမ်းသာတဲ့မရဏာသန္နဇော စောသေး၏။ ဒါ့ကြောင့် ဝဋ္ဋာရမ္မဏမှာ ဟသိတုပ္ပါဒ်ရတယ်လို့မှတ်ပါလေ။

ဟသိတုပ္ပါဒ်မရဏာသန္နဇောနှင့် ရဟန္တာပုဂ္ဂိုလ်တို့ စုတိ၏။ ရဟန္တာတို့ ပရိနိဗ္ဗာန်ပြုလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ဟသိတုပ္ပါဒ် မရဏာသန္နဇော (၅) ကြိမ်၊ ရုံ၊ ရုံ၊ ပရိနိဗ္ဗာနစုတိ။ ဤဝီထိ၌ အတီတဘဝင်နှင့်အတူဥပါဒ်တဲ့ ဟဒယဝတ္ထုသည် ဝတ္ထာရမ္မဏာပုရေဇာတနိဿယပစ္စည်း၊ ဟသိတုပ္ပါဒ် သည် ပစ္စယုပ္ပန်မှတ်ပါ။

အဘိညာဉ်ဒွေးသည် ပစ္စယုပ္ပန်ဘက်ကပါသင့်၏။ သုံးချက်စု၌ မပါ။ ၄င်းအဘိညာဉ်ဒွေးပါသင့်ကြောင်းကို ဋီကာ၊ အဋ္ဌကထာ စသည်တို့၌လာ၏။ သဲအင်းဆရာတော်က မနှစ်သက်၍ မရေးဘဲ ထားသည်ဟုမှတ်။

ပါသင့်ပုံမှာ ကောင်းကင်သို့တက်ပြီးပရိနိဗ္ဗာန်ပြုတဲ့ အရှင်အာနန္ဒာ၊ သန္တတိအမတ်ကြီးများကို ထောက်ဆ၍သိရမည်မှတ်ပါ။ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီးမှာ ပရိနိဗ္ဗာန်ပြုခါနီးအခါ၌ မြစ်၏ ဟိုမှာဘက် ဒီမှာဘက်၌ လူအများရှိရာတွင် မိမိ၏ဓာတ်တော်များကို မလုမယက် ကြစေခြင်းအကျိုးငှာ ကောင်းကင်သို့တက်ပြီးလျှင် ငါ၏ဓာတ်တော် များသည် ကိုးကွယ်ဆည်းကပ်မည့်လူများ၏လက်ဝယ်သို့ ရောက်ရှိ ကြပါစေသတည်းဆိုပြီးလျှင် အဓိဋ္ဌာန်၍ ဓာတ်တော်များကို ဝေပေး တော်မူ၏။ ဤကဲ့သို့ ကောင်းကင်သို့တက်ပြီး ပရိနိဗ္ဗာန်ပြုတဲ့အခါမှာ လည်း ဈာန်တရားများကိုအားထုတ်ရ၏။ အားထုတ်ပြီးမှ အဘိညာဉ် ဝင်စားပြီးအဓိဋ္ဌာန်၍ ဓာတ်တော်တို့ကို အလိုရှိတဲ့ပုဂ္ဂိုလ်များ ရစေသတည်းဆိုပြီး ဟိုဘက်ဒီဘက် နှစ်ဖြာကွဲ၍ တေဇောဓာတ် လောင်တော်မူ၏။ ဒါ့ကြောင့် အဘိညာဉ်ဒွေးပါသင့်သည်ဟုမှတ်ပါ။

အဓိဋ္ဌာန်ခြင်းလည်းနောက်ဆုံးရှိသောကြောင့် အဓိဋ္ဌာနိဒ္ဓိ။ ဒါ့ကြောင့် အဘိညာဉ်ဒွေးနဲ့သေသည်၊ အဘိညာဉ်ပါသင့်သည်ဟုမှတ်ပါလေ။

ပရိနိဗ္ဗာနဝီထိမှာလည်း ဈာနသမနန္တရပရိနိဗ္ဗာန၊ ဈာနင်္ဂသမနန္တရ ပစ္စဝေက္ခဏာပရိနိဗ္ဗာနဟူ၍ နှစ်မျိုးရှိရာတွင် ဤနေရာ၌ ဈာနသမနန္တရ ပရိနိဗ္ဗာနကိုယူပါလေ။ ဈာနင်္ဂသမနန္တရပစ္စဝေက္ခဏာ ပရိနိဗ္ဗာနမှာ အဓိဋ္ဌာန်ပြီးလျှင် ၎င်းဈာန်အင်္ဂါတွေကို ဆင်ခြင်သော ကာမဇောတွေ ဝင်လာလိမ့်မည်။ ဤကဲ့သို့ ကာမဇောတွေဝင်လာက အဓိဋ္ဌာန်တဲ့အတိုင်း မဖြစ်ပါဘဲ ဖြစ်ချင်သလိုဖြစ်သွားမည်စိုးပါ၍ ၎င်းကို မယူရဘူးမှတ်။ အရှင်အာနန္ဒာကိုယ်တော်မြတ် ပရိနိဗ္ဗာန်ပြုလိုလတ်သော်-

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ကံ၊ ဥ၊ နု၊ ဘူ၊ ဣဒ္ဓိဝိဓအဘိညာဉ်ဇော တစ်ကြိမ်၊ ထို့နောင် ပရိနိဗ္ဗာနစုတိ။ ဤဝီထိ၌ ဟဒယဝတ္ထုသည် ပစ္ဆည်း၊ အဘိညာဉ်ဇောသည် ပစ္ဆယုပ္ပန်မှတ်။

နာမ်ရုပ်အဆုံးရှိသောအာရုံကို အာရုံပြုပြီးလျှင် စုတိအဆုံးရှိသော တရားများနှင့် စုတိစိတ်ကျသွားရကား သေခါနီး၌ နာမ်ရုပ်ကိုအာရုံပြုပြီး သေရတာထင်ရှားနေ၏။ တစ်နည်းအားဖြင့် 'သတံ ဟောမိ၊ သဟဿံ ဟောမိ'လို့ အဓိဋ္ဌာန်တဲ့နေရာမှာ ရုပ်တွေအများကြီး ဖြစ်စေသတည်း စသည်ဖြင့် အဓိဋ္ဌာန်သောကြောင့် ရုပ်ကိုပင်အာရုံပြု၏။ ဣဒ္ဓိဝိဓ အဘိညာဉ်နဲ့ သေတဲ့အကြောင်းကိုလည်း ဈာနသမနန္တရပရိနိဗ္ဗာနကို ထောက်သောအားဖြင့်လည်းကောင်း၊ နာမ်ရုပ်တို့ကိုအာရုံပြုပြီး သေတာကို ဋီကာကျော်ဆရာက ဖွင့်ထားသောကြောင့်လည်းကောင်း၊ အဓိဋ္ဌာနိဒ္ဓိ အဘိညာဉ်ဖြင့် အဓိဋ္ဌာန်တဲ့အခါမှာလည်း ရုပ်ကိုပင် အာရုံပြုသော ကြောင့်လည်းကောင်း၊ အဘိညာဉ်ဒွေး ပါထိုက်သည်ဟုမှတ်ယူပါလေ။

ဈာနသမန္တရပရိနိဗ္ဗာန်ဆိုတာ ဈာန်၏အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုတာ ဈာနသမန္တရပရိနိဗ္ဗာန်မှတ်ပါ။ ဈာနင်္ဂပစ္စဝေက္ခဏာသမန္တရပရိနိဗ္ဗာန် ဆိုတာ ရှေးဦးစွာဈာန်ဝင်စား၊ ဈာန်ဝင်စားပြီးသည်နောက် ၎င်းဈာန်ကို ဆင်ခြင်ပြီးလျှင် ပရိနိဗ္ဗာန်ပြုတာ ဈာနင်္ဂပစ္စဝေက္ခဏာသမန္တရပရိနိဗ္ဗာန် မှတ်ပါ။

ရှေးဘုရားသခင်ကိုယ်တော်မြတ်များမှာ ပရိနိဗ္ဗာန်ပြုတဲ့အခါ ယခုလို ဓာတ်တော်တွေကို အစိတ်စိတ်ပြိုကွဲစေ၍ ဗရပွကြဲပြီး မထားခဲ့ဘဲ ရွှေတုံးကြီးကဲ့သို့ တစ်စုတစ်လုံးတည်းထားခဲ့၏မှတ်။ ယခု ဂေါတမရှင်တော်ဘုရားလက်ထက်မှာ ဓာတ်တော်တွေကို အစိတ်စိတ် ပြိုကွဲစေပြီးထားခဲ့သည်မှာ ရှေးကဘုရားများကဲ့သို့ အသက်တမ်းက မရှည်ပါဘဲ၊ အသက်တမ်းတိုသည်ဖြစ်ပါသောကြောင့် ဤကဲ့သို့ တစ်လုံး တစ်စည်းတည်းထားခဲ့ပါလျှင် ဖူးတွေ့ရတဲ့သူက ဖူးတွေ့ရပြီး၊ မဖူးတွေ့ရ တဲ့ပုဂ္ဂိုလ်တွေက မဖူးတွေ့ရပါဘဲ အချည်းနှီးဖြစ်ပြီး သေသွားမည် စိုးရိမ်ပါ၍ ဝေနေယျသတ္တဝါတွေကို ငဲ့ညှာသနားပြီးသကာလ ဤကဲ့သို့ အစိတ်စိတ်ပြိုကွဲစေပြီး ထားခဲ့တယ်လို့မှတ်ပါ။

ဒိဗ္ဗစက္ခုအဘိညာဉ်လည်း ရနိုင်တယ်ဆိုတာ မှတ်ရမည်။ ဘာ့ကြောင့်ဆိုသော် ဘယ်လိုပဲဖုံးကွယ်နေတဲ့အရာကိုပဲဖြစ်ဖြစ် မြင်နိုင်တာ ဒိဗ္ဗစက္ခုအဘိညာဉ် မှတ်ပါ။ ဒီလိုဆိုရင် အတွင်းဟဒယဝတ္ထုကိုလည်း မြင်နိုင်တယ်ဆိုတာမှတ်။ ဟဒယဝတ္ထုရုပ်သည် သွေးနောက်ကျိက ရှုံးတယ်၊ သွေးကြည်လင်က ကောင်းတယ်။ ဒီလိုဆိုရင် ဟဒယဝတ္ထုကို ဈာနသမန္တရအဘိညာဉ်ဝင်စားပြီးကြည့်မယ်ဆိုက မြင်နိုင်လိမ့်မယ်။ မြင်ပါက ဒိဗ္ဗစက္ခုအဘိညာဉ်ကိုအာရုံပြုပြီး သေမယ်ဆိုကသေနိုင်၏။

ဒီလိုဆိုရင် ဒိဗ္ဗစက္ခုသည် ရူပါရုံကိုသာအာရုံပြု၏။ ဟဒယဝတ္ထုကို အာရုံပြုနိုင်ပါ့မလားဆိုရင် မမြင်နိုင်ဘူးလို့မှတ်။ ဂဏ္ဌိအစရှိတဲ့ ဆရာတို့က ဒိဗ္ဗစက္ခုသည် ဟဒယဝတ္ထုကိုအာရုံပြု၏ဟု ရေး၏။ ပါဠိတော်နှင့် တိုက်ကြည့်ပါကလည်း မကိုက်ဘူးလို့မှတ်။ **"ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ"**ဆိုတဲ့ ပါဠိတော်ကိုထောက်ကြည့်ကလည်း ဒိဗ္ဗစက္ခုဆိုတာ ဟဒယဝတ္ထုထဲမှာရှိတဲ့ ဝဏ္ဏတည်းဟူသောရူပါရုံကိုသာ အာရုံပြုနိုင်၏။ ဒိဗ္ဗစက္ခုသည် ဟဒယဝတ္ထုသို့ရောက်အောင် အာရုံမပြုနိုင်ဘူးလို့မှတ်ရမည်။ ဟဒယဝတ္ထုနဲ့ ရူပါရုံဆိုတာ တခြားစီ။ ဒါ့ကြောင့် ဟဒယဝတ္ထုကို အာရုံမပြုနိုင်ဘူးဆိုတာကိုသိရမည်။

ရှေးဆရာတော်များသည် ဟဒယဝတ္ထုနှလုံးသွေးကိုအာရုံပြုပြီး သေတယ်လို့ရေးကြ၏။ သို့ဖြစ်ပါ၍ ကိုယ်တော်တို့ တပည့်တော်တို့ ဆင်ခြင်ကြပါကုန်။

ဒိဗ္ဗစက္ခုသည် ရူပါရုံကိုသာအာရုံပြုပြီးနေသဖြင့် ဟဒယဝတ္ထု အခန်းမှာယူဖို့ရာ အလွန်တရာခဲယဉ်းနေတယ်ဆိုတာမှတ်ကြပါကုန်။

တစ်နည်းဆရာတို့က ကရဇကာယကို အာရုံပြုပြီးသေတယ်လို့ ဆိုပြန်၏။ ကရဇကာယဆိုတာမှာလည်း ထိုအပေါင်းစတုသမုဋ္ဌာနိကရုပ်ကို ကရဇကာယလို့ခေါ်ထားရကား ၎င်းကရဇကာယကို အာရုံပြုတဲ့ အဘိညာဉ်ကို လိုက်ပြီးရှာခဲ့လို့ရှိရင် ယထာကမ္မူပဂဉာဏ်... 

ထို့ကြောင့် ၎င်းဣဒ္ဓိဝိဓအဘိညာဉ်သည် ကရဇကာယထဲမှာပါတဲ့ ဟဒယဝတ္ထုရုပ်ကို အာရုံပြုပြီးသေက ရကောင်းသောကြောင့် ဟဒယဝတ္ထုသည် ပစ္စည်း၊ ဣဒ္ဓိဝိဓအဘိညာဉ်သည် ပစ္စယုပ္ပန် မှတ်ပါလေ။

ငှင်းဝတ္ထာရမ္မဏပစ္စည်းသည် ဝတ္ထုလည်းဖြစ်၊ အာရုံလည်းဖြစ်၊ ဇနကောပတ္ထမ္ဘကလည်းဖြစ်၏။ ဟဒယဝတ္ထုတည်းဟူသော အခံဓာတ်သည်ကားလို့ဆိုရင် အတိုက်ဓာတ်တွေနဲ့တိုက်မှ မနောဒွါရာဝဇ္ဇန်းစတဲ့ ပစ္စယုပ္ပန်တရားတွေပေါ်လာတယ်လို့မှတ်။ မတိုက်ပါက မပေါ်သောကြောင့် ဟဒယဝတ္ထုသည် ဇနကသတ္တိမှတ်လေ။

ဥပမာ - မျက်စိသိပ်ပြီးမကြည်တဲ့ သူကို မျက်မှန်ကောင်းကောင်းတပ်မှ မျက်စိကြည်လင်၍သွားသလို ထို့အတူ ဟဒယဝတ္ထုသည် မနောဒွါရာဝဇ္ဇန်းစသည်တို့ကို ကြည်လင်အောင်လုပ်ပေးနိုင်၏။ ဟဒယဝတ္ထုကြည်က မနောဒွါရာဝဇ္ဇန်းစသည်တို့သည် ကြည်လင်နိုင်၏။ ဟဒယဝတ္ထု နောက်ကျိပါက မနောဒွါရာဝဇ္ဇန်း စသည်တို့မှာလည်း နောက်ကျိရ၏။ ထို့ကြောင့် ဟဒယဝတ္ထုသည် မနောဒွါရာဝဇ္ဇန်းစသည်တို့ကို ထောက်ပံ့ကူညီတတ်သောကြောင့် ဥပတ္ထမ္ဘကသတ္တိရှိတယ်လို့မှတ်လေ။ ဆရာတော် ဦးဝိမလ၏ နိဿယပစ္စည်းချုပ်စဉ် ပြီး၏။

*နိဿယပစ္စည်း ပြီးပါပြီ။*

## ဥပနိဿယပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။




၉။ ရွာသော မိုးကြီးသည် သစ်ပင်, သတ္တဝါစသည်တို့အား အားကြီးသောမှီရာ
ဖြစ်သကဲ့သို့သော ဥပနိဿယပစ္စည်းတရား။

# ဥပနိဿယပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- စိတ်, စေတသိက်, ရုပ်တို့၏အစွမ်းအားဖြင့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ (၃) ပါး စလုံး၌ ဖြစ်ပါသည်။
- နိဗ္ဗာန်, ပညတ်တို့၏အစွမ်းအားဖြင့် ကာလ (၃) ပါးစလုံးမှ လွတ်ပါသည်။
- (၃၁) ဘုံစလုံး၌ ဖြစ်နိုင်ပါသည်။

## ၉။ ဥပနိဿယပစ္စည်းအခ်ဳပ္ပါယ်

နိဿယပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ဥပနိဿယပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'ဥပနိဿယပစ္စယော' ဟူသည်တည်း။

**ဥပနိဿယပစ္စယော** - အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(၀၁) မိုးတွင်းလေးလပတ်လုံး ရွာသောမိုးကြီးသည် မိုးကို မှီသော သစ်ပင်, သတ္တဝါ အစရှိသောသူတို့အား အားရှိသော အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အားရှိသောအကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### ဥပနိဿယပစ္စည်း သုံးချက်စု

**ဥပနိဿယပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ ဥပနိဿယ ပစ္စည်းသည် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ အားဖြင့် သုံးပါးအပြားရှိကုန်၏။

ထိုတွင် **အာရမ္မဏူပနိဿယ**သည် အာရမ္မဏာဓိပတိနှင့်တူ၏။

**အနန္တရူပနိဿယ**သည် အနန္တရနှင့်တူ၏။

**ပကတူပနိဿယ**၌သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် ဗလဝဖြစ်သော ရှေးရှေးသော

စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဌဝီသ၊ ပစ္စည်းထိုက်သော အချို့သောပညတ်။ ဤတရားတို့သည် ပကတူပနိဿယပစ္စည်း တပ်သောတရားမည်ကုန်၏။

နောက်နောက်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ။ ဤတရားတို့သည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ပကတူပနိဿယပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

## ဥပနိဿယပစ္စည်း ချုပ်နည်း

ဥပနိဿယဆိုတာ အားကြီးသောအကြောင်းပဲဖြစ်ဖြစ်၊ ဘယ် အကြောင်းပဲဖြစ်ဖြစ် အလုပ်ကို တွင်ကျယ်အောင်လုပ်နိုင်တာ ဥပနိဿယ မှတ်ပါ။ ထို့ကြောင့် ဥပနိဿယနဲ့ ဘယ်တော့မှမကင်းနိုင်ဘူးမှတ်ပါ။ ဥပနိဿယသည် တစ်ပါးသောပစ္စည်းတို့ကို အားရှိအောင်လုပ်ပေးမှု သည် ဥပနိဿယ။ ဒါ့ကြောင့် (၂၄)ပါးသောပစ္စည်းတို့နှင့် ဆက်ဆံတယ် ဆိုတာကိုလည်းမှတ်ပါလေ။

ဟေတုဌ် ပင်ကိုယ်ရင်းက တစ်ပဲဖိုးလောက်ရှိ၍ တစ်ပဲဖိုး လောက်ပဲအားထုတ်နိုင်၏။ တစ်ပဲဖိုးမကအားထုတ်နိုင်ခြင်းသည် ဥပနိဿယတန်ခိုးသတ္တိပဲမှတ်။

ဘယ်အလုပ်မျိုးမဆို အားရှိအောင်အားပေးမှုသည် ဥပနိဿယ မှတ်။ 'အားကြီး' ဆိုတာ ဘယ်လိုဘယ်ပုံပါလဲဆိုရင် ဆွမ်းချက်ကြတဲ့

အခါ မီးကြောင့်လည်းကောင်း, စားဖိုသည်ကြောင့်လည်းကောင်း ကျက်ရတယ်၊ ရေ, မြေ, မျိုးစေ့တို့ကလည်း သူတို့ရှိလို့ ကျက်ရတယ် ဟူ၍ နှစ်မျိုးရှိကြ၏။ လိုက်တွေးလိုက်တဲ့အခါ ပင်ကိုယ်က မျိုးစေ့, ရေ, မြေတို့မပါက ဘယ်လိုလုပ်ချက်မလဲ။ ထို့ကြောင့် မီး, စားဖိုသည်တို့သည် အားနည်းသောအကြောင်း၊ ရေ,မြေ,မျိုးစေ့တို့သည် အားကြီးသော အကြောင်းဟူ၍မှတ်။

ဟေတုပစ္စည်းသည် မူလဋ္ဌသတ္တိဖြင့် ကျေးဇူးပြု၏။ ဤကဲ့သို့ မူလဋ္ဌသတ္တိဖြင့်ကျေးဇူးပြုငြားသော်လည်း မြဲမြဲခိုင်ခံ့အောင်အားထုတ်မှုသည် ဥပနိဿယမှတ်ပါ။ ဥပနိဿယဆိုတာ ဓမ္မတစ်ခုအားထုတ်ထားတဲ့အပေါ်မှာ အားရှိသည်ထက် အားရှိအောင် ထပ်မံပြီးသကာလ အားထုတ်မှုကလေးသည် ဥပနိဿယမှတ်လေ။ သူတစ်ပါးအားထုတ်ထားတဲ့ အကျိုးပေါ်၌ ၄င်းအကျိုးထက် ပိုမိုပြီးအားထုတ်ခြင်းသည် ဥပနိဿယမှတ်။

ဘာကို ထောက်ဆ၍ သိရမလဲဆိုရင် ပန်းကလေးတစ်ပွင့်ကို လှူမိတာနဲ့ (၉၁)ကမ္ဘာပတ်လုံး အပါယ်ဆိုတဲ့စကားကို တစ်ခါဖူးမျှ မကြားခဲ့ရဘူးတဲ့။ လှူတဲ့ဝတ္ထုကလေးကတော့ နည်းနည်းကလေးပါပဲတဲ့။ ဤကဲ့သို့ပင်နည်းငြားသော်လည်း စေတနာကို ဗလဝကာရဏပြုပြီး လှူခဲ့သောကြောင့် (၉၁)ကမ္ဘာ အပါယ်မလားရဘူးလို့ မှတ်ရမယ်။ ဤကဲ့သို့ ခံစားသုံးဆောင်ရခြင်းသည် ဥပနိဿယကြောင့်မှတ်ပါလေ။ ထို့ကြောင့် ဋီကာကျော်၌ -

**ဗလဝဘာဝေန နိဿယော ပစ္စယော ဥပနိဿယပစ္စယော**

- ဟုမိန့်၏။ ဗလဝဘာဝေန၊ အားကြီးသော အကြောင်း၏အဖြစ်ဖြင့်။

နိဿယော၊ မှီရာဖြစ်သော။ ပစ္စယော၊ အကြောင်းသည်။ ဉပနိဿယ ပစ္စယော၊ မည်၏။

အကြောင်းတရားက အကျိုးတရားကို သာမညလောက် အားထုတ်၏။ ဉပနိဿယက အကျိုးတရားကို စည်ပင်ပြန့်ပွားလာအောင် အားထုတ်၏။ ဉပနိဿယသည် စည်ပင်ပြန့်ပွားလာအောင် ကျေးဇူးပြု ၏မှတ်။

ဉပနိဿယမှာလည်း အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယအားဖြင့် သုံးမျိုးရှိ၏။

## အာရမ္မဏူပနိဿယ မှတ်သားရန်

ထိုသုံးပါးတို့တွင် အာရမ္မဏူပနိဿယဆိုတာ အာရမ္မဏာဓိပတိနဲ့ တူတယ်ဟုဆိုငြားသော်လည်း အလုံးစုံမတူဘဲ ထူးသေးတယ်လို့ မှတ်ရမည်။

ဉပမာ - အလွန်လှပတဲ့ရုပ်ရုံကို မြင်လိုက်တဲ့အခါ ကြည့်လို့မဝ လောက်အောင်ဖြစ်ပြီးနေတယ်။ ဘယ်ကပဲလှည့်ကြည့်ကြည့် မဝဘူး။ ဤကဲ့သို့ဖြစ်ရခြင်းသည် အာရမ္မဏာဓိပတိလို့မှတ်ပါ။

နောက်တော့ ၎င်းအလွန်လှ၊ အလွန်ချော၊ အလွန်စိတ်သဘော ကောင်း၊ စကားအပြောအဆိုမှာ ပျော့ဖယောင်းကဲ့သို့ရှိတဲ့ ကောင်မလေး က အရှင်ဘုရားကိုပဲ အားကိုးပါတယ်။ အရှင်ဘုရားမှတစ်ပါး တပည့် တော်တို့မှာ အားကိုးအားထားစရာ မရှိပါဘူး စသည်ဖြင့် ပြောဆို လျှောက်ထားလာတဲ့အခါမှာ မိမိကလည်း အရင်က အလေးအမြတ် ပြုတာနဲ့ မတူတော့ပါဘဲ၊ ယခုအခါ၌ အထူးသဖြင့်အလေးအမြတ်ပြု၏။

သို့ဖြစ်ပါ၍ ယခုအခါ၌ အရင်ကနဲ့မတူပါဘဲ ဂရုကာတဗ္ဗပြုခြင်းမှ ဗလဝကာရဏဖြစ်လာသောကြောင့် အာရမ္မဏူပနိဿယလို့မှတ်ပါလေ။

(တစ်နည်း) သမီးကလေးတစ်ယောက် မွေးဖွားလာတဲ့အခါမှာ ငယ်ငယ်တုန်းကတော့ မိမိသမီးကလေးကို စောင့်ရှောက်ရသည်မှာ ဂရုကာတဗ္ဗမျှသာ စောင့်ရှောက်ရသောကြောင့် အာရမ္မဏာဓိပတိမှတ်။ နောက် အပျိုအရွယ်ကလေးဖြစ်လာတဲ့အခါကျပြန်တော့ ငယ်ငယ်တုန်းက စောင့်ရှောက်ရတာနဲ့မတူတော့ပါဘဲ အထူးသဖြင့်စောင့်ရှောက်ရသောကြောင့် ဗလဝကာရဏဖြစ်လာရကား အာရမ္မဏူပနိဿယမှတ်ပါ။

ဤကဲ့သို့ဖြစ်ရာမှာ ငယ်ငယ်တုန်းကလည်း ဒီရုပါရုံပဲ၊ ကြီးတော့လည်း ဒီရုပါရုံပဲ။ ဘာထူးသလဲဆိုပါရင် ငယ်ငယ်တုန်းကရုပါရုံကတော့ ယောကျ်ားပျိုကလေးများ၏စိတ်နှလုံးကို မရွှင်ပြုံးစေနိုင်သေးရကား စောင့်ရှောက်ရသော်လည်း သာမညသာဖြစ်သောကြောင့် အာရမ္မဏာ-ဓိပတိမျှသာ။ နောက် အပျိုအရွယ်ကလေးဖြစ်လာတဲ့အခါကျတော့ ယောကျ်ားပျိုကလေးများ၏စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေသောကြောင့် အထူးသဖြင့်စောင့်ရှောက်ရကား အာရမ္မဏူပနိဿယမှတ်ပါ။ ဒါ့ကြောင့် အာရမ္မဏာဓိပတိနဲ့တူငြားသော်လည်း သတ္တိကလေးကတော့ ထူးတယ်လို့ မှတ်ပါ။ ထို့ကြောင့် ပဋ္ဌာန်းအဋ္ဌကထာမှာ -

> **ဣတိ ဂရုကာတဗ္ဗမတ္တဋ္ဌေန အာရမ္မဏာဓိပတိ၊ ဗလဝ-ကာရဏဋ္ဌေန အာရမ္မဏူပနိဿယောတိ ဧဝမေတေသံ နာနတ္တံ ဝေဒိတဗ္ဗံ။** - ဟုမိန့်၏။

အရင်ကနိဿယနဲ့ ယခုဥပနိဿယမှာ တူပါသလားဆိုရင်

မတူပါဘူးတဲ့။ အရင်က နိဿယ-သဒ္ဒါက မိုရာအဖြစ် သာမညသာ ဟော၏။ ဥပနိဿယက ဥပ-ရှေ့ရှိသော နိဿယ။ ဥပ-သဒ္ဒါသည် 'အတိသယ' ဟူသောအနက်၊ 'ဥပါယာသ' အနက်၊ 'ဘုသတ္ထ' အနက်ကို ဟော၏။ သို့ဖြစ်ပါ၍ မတူဘူးလို့မှတ်ပါလေ။

အရင်ကနိဿယက အကုန်မမှီဘူး။ အကုန်လည်း အမှီမခံနိုင်ဘူး လို့မှတ်။ အမှီခံရာတရားတို့က အမှီခံနိုင်ငြားသော်လည်း မှီတတ်တဲ့ တရားက လာပြီးမှီမှသာ အမှီခံရ၏။ လာပြီးမမှီက အမှီမခံနိုင်ဘူး။ ဒါဟာ ဗလဝကာရဏမဖြစ်လို့မှတ်ပါလေ။

ဗလဝကာရဏရှိသည်၏အဖြစ်ကို အဋ္ဌကထာတို့ကဖွင့်၏။ နိဿယတုန်းက မှီတတ်တဲ့တရားတို့ကလာပြီးမှီတဲ့အခါ ပစ္စည်းအဖြစ်ဖြင့် အမှုထမ်းနိုင်၏။ လာပြီးမမှီက အမှုမထမ်းနိုင်ဘူးမှတ်။ ဥပနိဿယက အကျိုးဖြစ်တဲ့တရားက လာပြီးမှီလို့ရှိရင် အကြောင်းဖြစ်တဲ့တရားက အမှီခံရမှ ကျေးဇူးပြုသည်။ နိဿယမှာ အကျိုးဖြစ်တဲ့တရားက လာမှီငြားသော်လည်း သဟဇာတစပ်၊ အာရုံစပ် စပ်မှအမှီခံနိုင်၏။ ဥပနိဿယမှာ ဤကဲ့သို့မဟုတ်ပါဘဲ လာပြီးမှီပါက အမှီခံလိုက်တာ ပါပဲတဲ့။

ယခု အနောက်နိုင်ငံမှာ စစ်ဖြစ်တယ်၊ မြန်မာပြည်မှာ ကုန်ဈေး တက်တယ်။ မှီရာပင်မဟုတ်ပါသော်လည်း အကျိုးကစပ်နေလို့ တက်ရတယ်မှတ်ပါ။

ဥပနိဿယဆိုတာ မယ်တစ်ရွာ၊ မောင်တစ်မြို့ပင်ဖြစ်လင့်ကစား အလွန်တရာ ထိခိုက်ချက်ကနာသောကြောင့် ကျေးဇူးပြုနိုင်တယ်လို့ မှတ်ပါ။

မိဘများသည် ဘယ်လိုပင် ရပ်ရွာဒေသဝေးကွာငြားသော်လည်း မိမိတို့၏သားမှာ အသည်းအသန်မမာဘူးလို့ကြားလိုက်တဲ့အခါမှာ ဒီမှာ မစားနိုင်, မသောက်နိုင်ဘဲ အလွန်တရာပူပင်သောကရောက်ရခြင်းမှာ ဘယ်သူ့သတ္တိကြောင့်ပါလဲ၊ အလွန်စပ်နေသော ဥပနိဿယကြောင့်လို့ မှတ်ရမယ်။

အထူးမှတ်ရန်မှာ သူနဲ့ကင်း၍ မဖြစ်နိုင်တဲ့ နိဿယသည် ဥပနိဿယမှတ်။ သူနဲ့ကင်း၍လည်း ဖြစ်ခြင်း၊ မကင်းဘဲနဲ့လည်း ဖြစ်ရခြင်းသည် နိဿယလို့မှတ်။

**"ဗလဝကာရဏဘာဝေန ဥပကာရကော ဓမ္မော ဥပနိဿယ-ပစ္စယော"** ဟုမိန့်၏။ ဗလဝကာရဏဆိုတာ အလွန်တရာအရေးကြီးပါတယ်။ အရပ်ကစာလာတာနဲ့၊ သံကြိုးလာတာဟာ စာချင်းကပင်တူငြားသော်လည်း သံကြိုးစာကအရေးကြီးသည်မှာ ဗလဝကာရဏသတ္တိကြောင့်မှတ်ရမယ်။

အာရမ္မဏူပနိဿယကို မြတ်စွာဘုရားသည် ထူးလို့သာဟော၏။ မထူးပါက မဟောဘူးလို့မှတ်ပါ။ မြတ်စွာဘုရားပြုးတော်မူခြင်းမှာ အကြောင်းရှိလို့သာပြုံး၏၊ အကြောင်းမရှိပါကမပြုံး။ ထို့အတူ အာရမ္မဏူပနိဿယကို ထူးလို့သာဟောတယ်လို့မှတ်ပါ။

ယခု ဘုရားရှိခိုးတာနဲ့ နက်ဖြန်ခါသေရတော့မယ်လို့သိသည် ဖြစ်၍ ဘုရားရှိခိုးကြတာမှာ မတူပါဘဲ၊ အထူးသဖြင့် ပိုမိုပြီးလာတယ်။ ဘုရားကို အာရုံပြုတာချင်း တူငြားသော်လည်း ပထမတုန်းကတော့

ဂရုကာတဗ္ဗမျှသာ မိမိကိုယ်ကို သေမယ်လို့ သိတဲ့အခါကျတော့ ဗလဝကာရဏာဖြစ်ပြီးလာ၏။

အရှင်ဥပက ရဟန်းကြီးကို ကြည့်ပါ။ လက်ဦးအစ ဘုရားနဲ့ တွေ့တုန်းကတော့ ရှင်ကြီးဂေါတမ တယ်ပြီး တော်ပါပေတယ်၊ သိပါပေတယ်ဆိုပြီး သူ့ခေါင်းကို ညိတ်ရုံသာညိတ်သွားသောကြောင့် ဂရုကာတဗ္ဗမျှသာမှတ်။ နောက်များမကြာမီ ဆာဝါနဲ့ရပြီး ဆာဝါက နှင်ထုတ်လိုက်တဲ့အခါကျတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို မရ,မက အတင်းလိုက်ရာပြီးလျှင် အရင်က တွေ့တုန်းကနဲ့မတူတော့ပါဘဲ၊ အထူးသဖြင့် သက္ကစ္စဂရုဂါရဝ အရိုအသေပြုလာသောကြောင့် ဗလဝကာရဏာ ဖြစ်လာတယ်မှတ်ပါ။

မြတ်စွာဘုရားသန္တာန်မှာ ကရုဏာတရားသည်ရှိ၏။ ၄င်းကရုဏာသည် အလုံးစုံသောသတ္တဝါတွေအပေါ်မှာထား၏။ သို့သော် ဂရုကာတဗ္ဗမတ္တ၊ ဗလဝကာရဏာဟုနှစ်မျိုးရှိရာတွင် အကျွတ်တရားမရမည့်ပုဂ္ဂိုလ်၏အပေါ်မှာ ဂရုကာတဗ္ဗ မတ္တမျှသာ၊ အကျွတ်တရားရမည့်ပုဂ္ဂိုလ်၏အပေါ်၌ ဗလဝကာရဏာမှတ်ပါ။

သဗ္ဗညုတဉာဏ်တော်မှာလည်း အကျွတ်တရား ရမည့်ပုဂ္ဂိုလ်၏အပေါ်၌ ဗလဝကာရဏာ၊ အကျွတ်တရား မရမည့်ပုဂ္ဂိုလ်အပေါ်မှာတော့ ဂရုကာတဗ္ဗမျှသာမှတ်။

## အနန္တရူပနိဿယ မှတ်သားရန်

အနန္တရနဲ့ အနန္တရူပနိဿယတို့မှာလည်း မထူးဘူးပင်ဆိုငြားသော်လည်း သတ္တိကတော့ ထူးတယ်လို့မှတ်ပါ။ ထူးပုံမှာ အင်ဂျင်စက်

မောင်းတဲ့အခါကြည့်ပါ၊ ပထမမောင်းခါစအခါကျတော့ သိပ်မလင်းသေးဘူးမှတ်။ နောက်ဆက်ဆက်ပြီးမောင်းလာတဲ့အခါ အားကြီးလာတော့ မောင်းခါစနဲ့ မတူပါဘဲ သိပ်ပြီးလင်းလာပေ၏။ ထို့အတူပါပဲ ရှေးစိတ်နောက်စိတ် အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြားသော်လည်း သတ္တိကတော့ ကွာခြားတယ်၊ ထူးတယ်ဆိုတာမှတ်ပါ။ ဒါ့ကြောင့်-

**ဣတိ အတ္တနော အတ္တနော အနန္တရံ အနုရူပစိတ္တုပ္ပါဒ-ဝသေန အနန္တရပစ္စယော၊ ဗလဝကာရဏဝသေန အနန္တ-ရူပနိဿယောတိ ဝေမေတောသံ နာနတ္တံ ဝေဒိတဗ္ဗံ။**

ဟုအဋ္ဌကထာမိန့်သည်။ အနန္တရမှာ အားကြီးသောအကြောင်းမပါဘူး။ အနန္တရူပနိဿယက အားကြီးသောအကြောင်းပါတယ်မှတ်ပါ။

ပဋ္ဌာဒါရာဝဇ္ဇန်း၏အခြားမဲ့၌ ပဉ္စဝိညာဏ်မှတစ်ပါး တခြားသောတရား မပါရဘူး။ ဘာ့ကြောင့်ဆိုသော် နိယာမသဘောမို့ မပါရဘူး။ အနန္တရ၊ သမနန္တရတုန်းကတော့ ဓာတ်နဲ့အထူးပြုပြီးဟောရတယ်။ နိယာမသဘောကို သိစေလိုသောကြောင့် ဗလဝကာရဏ မပါဘူးမှတ်။ သို့သော် အနန္တရတုန်းကလည်း ဗလဝကာရဏရှိပါတယ်။ ရှိငြားသော်လည်း တစ်ခုသောပစ္စည်း၌ ခြောက်ပစ္စယသတ္တိတွေ စုပုံပြီးနေသည်၏ အဖြစ်ကို သိစေလိုသောကြောင့် အနန္တရူပနိဿယရယ်လို့ တစ်မျိုးဟောရတယ်မှတ်ပါ။

ဥပမာ- မြွေပွေးကလေး ငယ်ပါသော်လည်း တစ်ယောက်သောသူကိုကိုက်လိုက်တဲ့အခါ ကမ္မဇရုပ်၊ စိတ္တဇရုပ်တို့ကိုလည်း ချုပ်ငြိမ်းစေတယ်၊ နာမ်ခမ္မတွေကိုလည်း ချုပ်ငြိမ်းစေတယ်။ မြွေပွေးကလေး၏

အဆိပ်ကတော့ တစ်ခုတည်းပါပဲတဲ့။ သို့သော်လည်း ဗလဝကာရဏာ သတ္တိရှိလို့မှတ်ပါ။

အနန္တရတုန်းကတော့ ပင်ကိုယ်က အားရှိတယ်။ ရှိပုံမှာ ပဥ္စဝိညာဏ်ဖြစ်ပြီး သမ္ပဋိစ္ဆိုင်းမဖြစ်ဘဲမနေရဘူး။ အသင်သမ္ပဋိစ္ဆိုင်း မဖြစ်နဲ့လို့ တားဆီး၍မရဘူး။ ဤကဲ့သို့မရခြင်းသည် ရှေးဓမ္မက ဗလဝသဘောရှိလို့မှတ်ပါ။

အလွန်တန်ခိုးကြီးတဲ့ဘုရားရဟန္တာတို့ကို အရှင်ဘုရားတို့အား တပည့်တော်တို့ အမျိုးမျိုးလျှုဒါန်းပါမယ် အရှင်ဘုရားတို့၏တန်ခိုးတော်နဲ့ တားဆီးပေးပါ။ တပည့်တော် မဖြစ်ပါရစေနဲ့ဆိုပြီး တားဆီးလို့ကော ရပ့ါမလားဆိုရင် မရဘူးလို့မှတ်။ ဒါဟာ ဘယ်သူ့သတ္တိကြောင့်လဲဆိုရင် ရှေ့စိတ်၏သတ္တိမှတ်၊ ရှေ့စိတ်မှာ ဗလဝကာရဏာရှိလို့မှတ်ပါ။ ထို့ကြောင့် လျော်လျောက်ပတ်တာကို ဖြစ်စေခြင်းသည် အနန္တရမှတ်။

လျော်တာတွင် မကသေးဘဲ ဗလဝကာရဏာဖြင့်ကျေးဇူးပြုခြင်း သည် အနန္တရူပနိဿယမှတ်။ ၎င်းဗလဝကာရဏာကိုသိစေခြင်းငှာ အနန္တရူပနိဿယကိုဟောရ၏။ ၎င်းစိတ်ကလေးသည် ပင်ကိုယ်တုန်း ကတည်းက ဗလဝကာရဏာရှိ၏။ ထိုသို့ပင်ရှိငြားသော်လည်း ယခုမှပဲ ဘုရားဟောတော်မူတယ်မှတ်ပါ။

ပစ္စည်းတွေထဲမှာ ဟေတုသတ္တိဟာ အလွန်တရာကျယ်ဝန်း၏။ ထိုသို့ပင်ကျယ်ဝန်းပါသော်လည်း သူ့သတ္တိတွေနဲ့ကင်းပြီး ဖြစ်နိုင်တဲ့ ဓမ္မတွေဟာ အများကြီးရှိနေပေ၏။ ဤကဲ့သို့ အနန္တရမှာ ရှေ့စိတ်သည် နောက်စိတ်ကို မဖြစ်စေတဲ့တရားကို လိုက်ပြီးရှာတဲ့အခါမှာ ဘယ်မှာမှ

မတွေ့ဘူးမှတ်။ ထို့ကြောင့် ငှင်းပစ္စည်းသည် ချွင်းချက်မရှိကျေးဇူးပြုတဲ့ ပစ္စည်းပဲ၊ ဗလဝကာရဏဖြစ်တဲ့ပစ္စည်းပဲလို့သိစေခြင်းငှာ ဟောတော်မူတယ်မှတ်။ ဒါ့ကြောင့် အနန္တရမှာ ဗလဝကာရဏရှိတဲ့ ပစ္စည်းပဲမှတ်။ ဘယ်ပုဂ္ဂိုလ်မဆို အနန္တရူပနဲ့ကင်းပြီး မည်သူမျှ မရှိဘူးလို့မှတ်။ ဘာကြောင့်လဲဆိုရင် ဗလဝကာရဏသတ္တိရှိလို့မှတ်။ ထို့ကြောင့် အနန္တရူပနဲ့ အနန္တရတို့ ထူးတယ်ဆိုတာကိုသိရမယ်။ နောက်တုန်းက နိယာမအားဖြင့် သိစေလိုသောကြောင့် သာမညဟောခဲ့၏။ ယခုမှပဲ ဥပသဒ္ဒါနဲ့ပိုပြီး ဟောရတယ်လို့မှတ်။

ငှင်းစိတ်၌ အနန္တရလည်းရှိ၊ သမနန္တရလည်းရှိ၊ အနန္တရူပလည်းရှိတယ်လို့မှတ်။ ဥပမာကတော့ မြွေပွေးဥပမာနဲ့ဟပ်၍ယူပါလေတော့။

## ပကတူပနိဿယ မှတ်သားရန်

'သုဋ္ဌု ကရီယတိ နိပ္ဖာဒီယတိ သေဝီယတီတိ ပကတော' ဟူသည်နှင့်အညီ ကောင်းစွာ ပြုအပ်၊ ပြီးစေအပ်၊ မှီဝဲအပ်သောဓမ္မသည် ပကတူပ (ဝါ) ပကတူပသတ္တိဟုမှတ်။ ဒါ့ကြောင့် ပကတူပနဲ့ မည်သူမျှ မကင်းဘူး။ တစ်ခုသောတရားကို ပြုတဲ့အခါမှာ များစွာသောအကျိုးတရားတွေကိုရတယ်။ အကျိုးတရားတွေကို များစွာခံစားရတယ်။ ဒါလည်း ပကတူပနိဿယ၏သဘောမှတ်။

ခင်ပုပ်ငှက်ကလေးသည် မြတ်စွာဘုရားအား တစ်ကြိမ်တစ်ခါမျှသာ ရှိခိုးပူဇော်မိတာနဲ့ အပါယ်သို့မလားရဘူးလို့ဆိုတာ ပကတူပသဘောမျိုးလို့မှတ်။

ပကတူပဆိုတာ ဘယ်ပစ္စည်းနဲ့မှမတူဘူး။ ဒါ့ကြောင့် ငှင်း

ပကတူပပစ္စည်းကို မဟာပဒေသပစ္စည်းလို့မှတ်ပါလေ။ မြတ်စွာဘုရား သခင်ကိုယ်တော်အရှင်မြတ်ကြီးသည် ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီး ငါးပါးအစရှိသည်တို့ကို ဖြည့်ကျင့်တော်မူရ၏။ ဤကဲ့သို့ဖြည့်ကျင့် ရခြင်းမှာ ဘယ်လိုအကျိုးထူးများကို လိုချင်လို့ပါလဲဆိုပြီး လိုက်ရှာ လိုက်တော့ သဗ္ဗညုတဉာဏ်တော်ကို တွေ့ခဲ့၏။ မိမိကိုယ်ကိုစွန့်၊ ပစ္စည်းဥစ္စာကိုစွန့်၊ မယားကို စွန့်ခြင်းတည်းဟူသော စေတနာကြောင့် သဗ္ဗညုတဉာဏ်တော်ကို ရတယ်။ မိမိပြုခဲ့တဲ့ပါရမီမှာတော့ သဗ္ဗညုတ ဉာဏ် မဟုတ်သေးပါဘူးတဲ့။ သဗ္ဗညုတဉာဏ်တော်ကိုရခြင်း၏ အဆောက်အဦတွေပါပဲတဲ့။

၄င်းပါရမီတွေကိုအားထုတ်နေတုန်းကရော သဗ္ဗညုတဉာဏ်တော်နဲ့ အလားတူတဲ့ဉာဏ်တော်တွေများ ပေါ်ပါသေးသလားဆိုရင် မပေါ်သေး ပါဘူး။ ထိုသို့ပင်မပေါ်သေးပါသော်လည်း အကျိုးတရားနဲ့ အကြောင်း တရားဆက်စပ်ပြီးနေလို့သာ ရတယ်မှတ်။ ဓမ္မအားဖြင့်တော့ ကွာခြား နေ၏။ ထိုသို့ပင် ကွာခြားနေငြားသော်လည်း လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ဖြည့်ကျင့်ခဲ့တဲ့ပါရမီတွေကြောင့် ၄င်းသဗ္ဗညုတဉာဏ်တော် ရသည်ကို ထောက်ပါသဖြင့် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု သောကြောင့်သာ ရတယ်လို့မှတ်ပါ။

ဥပနိဿယပစ္စည်းမှာ ပင်ကိုယ်ကပစ္စည်း၊ တစ်ပါးသောအကူ အညီကင်းတဲ့ ပစ္စည်း။ စင်စစ်မှာ သူ့သဘောသတ္တိ တစ်ခုတည်းပဲ ဆိုတာမှတ်ပါလေ။

ဒီလိုဆိုရင် တစ်ပါးသောပစ္စည်းများမှာ တစ်ပါးသောပစ္စည်းတို့၏

အကူအညီရမှသာ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ကျေးဇူးပြုနိုင်တယ်မှတ်။ သူ့မှာတော့ သူတစ်ပါးတို့၏အကူအညီမယူပါဘဲ တစ်ပါးသောပစ္စည်းများ ထက် ဗလဝကာရဏဖြစ်ပြီး ဆတက်ထမ်းပိုးတိုးပြီး ကြီးကျယ်အောင် ကျေးဇူးပြုနိုင်သောကြောင့် ပကတူပနိဿယသတ္တိမှတ်ပါလေ။

ကိုယ်တော်တို့ တပည့်တော်တို့မှာ ယခုလို မျက်နှာ, နှာခေါင်းတို့ ရတာ၊ ချမ်းချမ်းသာသာနေရတာက ပကတူပကခြယ်လှယ်နေတာ၊ ပကတူပတန်ခိုးသတ္တိတွေပါပဲ။ ဤကဲ့သို့ ပဗ္ဗဇိတဘာဝဒုလ္လဘကြီး ရကြတာဟာလည်း ပကတူပသတ္တိတန်ခိုးပါပဲမှတ်ပါ။ ဆွမ်းကိုလှူလို့ စကြဝတေးမင်း, နတ်မင်းတို့၏စည်းစိမ်ကိုရတာဟာလည်း ပကတူပ သတ္တိတန်ခိုးပါပဲတဲ့။

အနန္တရူပ၊ အာရမ္မဏူပတို့နှင့် ပကတူပတို့မှာ တူပါသလားဆိုရင် မတူဘူးမှတ်။ 'ဥပ'ဆိုတဲ့ သဒ္ဒါသာတူတယ်။ အကျိုးပေးရာကျတော့ မတူဘူးလို့မှတ်ပါလေ။ ပကတူပဆိုတာ မိမိတည်းဟူသော နိပ္ဖါဒိတ အကြောင်း၊ သေဝိတအကြောင်းကို ပြီးစေနိုင်တာ 'ပကတ'ကပြတယ် မှတ်။ ဤကဲ့သို့ပင်ပြီးစေနိုင်သော်လည်း သူများနှင့်မတူဘူး။ ကြီးကြီး ကျယ်ကျယ် အကျိုးတရားကိုပြီးစေနိုင်ပါတယ်လို့ သိစေခြင်းငှာ ဥပနိဿယ သဒ္ဒါကိုထည့်ရသည်မှတ်လေ။

၄င်းပကတူပပစ္စည်းမျိုးကို နောက်တုန်းကတွေ့ခဲ့ပါသလားဆိုရင် မတွေ့ခဲ့ဖူးပါဘူးတဲ့။ နောင်တော့ တွေ့ဦးမလားဆိုရင် မတွေ့တော့ဘူး မှတ်ပါ။ ဘာ့ကြောင့်ဆိုသော် သူ့လိုအားထုတ်တဲ့အခါ ကြီးကြီး ကျယ်ကျယ်ရှိတဲ့ပစ္စည်းမျိုး မရှိဘူး။ သို့အတွက် သူ့လောက်သတ္တိရှိတဲ့

ပစ္စည်း မရှိဘူးမှတ်ပါ။

မိမိသန္တာန်မှာလည်း ရာဂ, သဒ္ဓါအစရှိသည်တို့သည် နိဿယ်ပဥ္စဒိတ အကြောင်းမှတ်ပါလေ။ သူတစ်ပါးသန္တာန်မှာလည်း ရာဂ, သဒ္ဓါအစရှိ သည်တို့ကိုအမှီပြု၍ နိဿယ်ပဥ္စဒိတအကြောင်းရ၏လို့ ဋီကာဆရာများ ဆိုတော်မူ၏။ မိမိတို့သည် နောက်နောက်သောဘဝကလှူခဲ့လို့ ပစ္စည်းဥစ္စာပေါများခြင်း၊ အခြွေအရံများခြင်း၊ မနုဿတ္တဒုလ္လဘကိုရခြင်း။ ဤသို့လှူဒါန်းခဲ့လို့ ငါ့မှာ ဤကဲ့သို့အကျိုးတရားတွေကို ခံစားစံစားရ တယ်။ ယခုဘဝမှာလည်း နောင်ဤလို ခံစားစံစားရအောင် ငါ အားထုတ်မှပဲဆိုပြီး အားထုတ်၏။ ထို့ကြောင့် နောက်တုန်းကသဒ္ဓါ သည် ပစ္စည်း၊ ယခုသဒ္ဓါသည် ပစ္စယုပ္ပန်မှတ်လေ။ ဤကား မိမိသန္တာန် မှာ နိဿယ်ပဥ္စဒိတအကြောင်းဖြစ်ပုံမှတ်ပါ။

သူတစ်ပါးသန္တာန်ကိုအမှီပြု၍ နိဿယ်ပဥ္စဒိတအကြောင်းဖြစ်ပုံကား- တန်ဆောင်မုန်းလကျတဲ့အခါ သူတစ်ပါးတွေ ပုံသကူပစ်တာကိုမြင်တော့ မိမိစိတ်ထဲမှာလည်း ဒီလိုပုံသကူပစ်ချင်တဲ့စိတ်တွေ ပေါ်ပေါက်လာ ပါတယ်တဲ့။ ဒါ့ကြောင့် သူတစ်ပါးသန္တာန်မှာဖြစ်တဲ့ စေတနာ, သဒ္ဓါတရား တွေကိုအကြောင်းပြု၍ မိမိသန္တာန်မှာ စေတနာ, သဒ္ဓါတရားတွေ ဖြစ်ပေါ် လာရ၏။ ထို့ကြောင့် သူတစ်ပါးသန္တာန်ကသဒ္ဓါသည် ပကတူပနိဿယ ပစ္စည်း၊ မိမိသန္တာန်ကသဒ္ဓါသည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန် မှတ်ပါလေ။

သူတစ်ပါးသန္တာန်မှာရှိတဲ့ ရာဂကို အကြောင်းပြု၍ မိမိမှာ ရာဂဖြစ်၏။ သူတစ်ပါးတို့သည် မိန်းမချောချောကလေးတစ်ယောက်နဲ့

မြှူနေတာကို မိမိက ရုတ်ခနဲမြင်လိုက်ရတဲ့အခါမှာ မိမိသန္တာန်မှာ ရာဂစိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒါ့ကြောင့် သူတစ်ပါးသန္တာန်မှာရှိတဲ့ ရာဂသည် ပစ္စည်း၊ မိမိသန္တာန်မှာဖြစ်ပေါ်လာရတဲ့ ရာဂသည် ပစ္စယုပ္ပန် မှတ်ပါလေ။

ဥပသေဝိတဆိုတာကတော့ ယခုကျောင်းကြီးပေါ်မှာ တံခါး ကလေးဖွင့်ပြီးသကာလ လေညင်းခံနေတဲ့အခါမှာ ကိုယ်တော်မှာ အိုက်ခြင်းတည်းဟူသော ကာယိကဒုက္ခတွေ ပျောက်ပြီးသကာလ အေးချမ်းသာယာခြင်းတည်းဟူသော ကာယိကသုခတွေ ပေါ်ပေါက်လာ ပါတယ်။ ဤကဲ့သို့နေရသဖြင့် ကိုယ်တော်မှာ ဥတုသပ္ပါယမျှတ၏။ သို့အတွက် ကာယသုခ, စိတ္တသုခရှိ၏။ ထို့ကြောင့် ဥတုသည် ပစ္စည်း၊ ကာယသုခ, စိတ္တသုခသည် ပစ္စယုပ္ပန်မှတ်ပါ။

ပကတူပဆိုတာ သဟဇာတအကြောင်းအားဖြင့်လည်း ကျေးဇူး မပြုဘူး။ အာရုံ, အာရမ္မဏကအကြောင်းအားဖြင့်လည်း ကျေးဇူးမပြုဘူး။ မှီရာ, မှီတတ်တဲ့တရားအားဖြင့်လည်း ကျေးဇူးမပြုဘူး။ အကြောင်း, အကျိုးအားဖြင့် ကျေးဇူးပြုခြင်းသည် ပကတူပမှတ်။

'အဇ္ဈတ္တသန္တာန်မှာ ပြီးစေသည်၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်း' သည် နိပ္ဖါဒိတအကြောင်းမှတ်ပါ။ 'ဗဟိဒ္ဓသန္တာန်မှာ မှီဝဲအပ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်း'သည် သေဝိတအကြောင်း မှတ်ပါ။ နိပ္ဖါဒိတအကြောင်း၊ သေဝိတအကြောင်း၊ ဤနှစ်ကြောင်းဖြင့် ကျေးဇူး ပြုတာသည် ပကတူပမှတ်ပါ။

**"သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ"** ဟူ၍ ဟောတော်မူသည်နှင့်

အညီ ယနေ့အဖို့မှာ စာဆိုမယ်လို့ကြွလာကြတဲ့ ကိုယ်တော်များကို မကြည်ညိုဘူးလားဆိုတော့ ကြည်ညိုပါတယ်။ ဒါဖြင့်ကိုယ်တော် နက်ဖြန်ကျရင် ကိုယ်တော်တွေစာတက်မည့်နေရာကို တံမြက်စည်းများ မလှည်းချင်ဘူးလားလို့ဆိုရင် လှည်းချင်ပါတယ်။ ဤကဲ့သို့ လှည်းချင်တဲ့ သဒ္ဓါတရားသည် နိပ္ပါဒိတအကြောင်းမှတ်။ ဤဟာသည်ပင် ပကတ ပါပဲတဲ့။ ပကတဆိုတာ 'အထူးသဖြင့် ပြီးစေတာ' ကို ပကတ မှတ်ပါ။ ဒါဖြင့် ကိုယ်တော်မှာ အထူးသဖြင့် ပြီးစေနိုင်တဲ့စွမ်းပကား သတ္တိရှိခြား သော်လည်း အကျိုးတရားကို မဖြစ်စေဘဲ နေလိုက်မယ်လို့ ဆိုပါက ပြီးစေပါဦးမလားဆိုတော့ မပြီးစေတော့ပါဘူးတဲ့။ ဤကဲ့သို့ ပြီးစေသည့် အဖြစ်ကို သိစေရခြင်းအကျိုးငှာ နောက်နားက ဉပနိဿယ သဒ္ဓါကို ထည့်လိုက်ရပေ၏။

ဉပသေဝိတ အကြောင်းတဲ့။ ဉပသေဝိတအကြောင်းဆိုတာ ကိုယ်တော် အလွန်တရာ ပူနေတဲ့အခါမှာ ကိုယ်တော်မှာ အေးအေး ချမ်းချမ်းနေချင်တဲ့စိတ်တွေ မပေါ်ဘူးလားဆိုရင် ပေါ်လာပါတယ်တဲ့။ ဤကဲ့သို့ အေးချမ်းချင်တဲ့စိတ်တွေပေါ်လာတဲ့အခါမှာ အေးတဲ့နေရာကို ကိုယ်တော်ရှာ၏။ ဒါဖြင့် အပူဥတုက ကျေးဇူးပြုလို့ အေးအောင် လိုက်ရှာ၏။ ရှာလို့ အေးတဲ့နေရာကိုရတဲ့အခါမှာ ကိုယ်တော်မှာ ကာယသုခ, စိတ္တသုခမရှိဘူးလားဆိုတော့၊ ရှိပါ၏။ ထို့ကြောင့် ဉတုသည် ပစ္စည်း၊ ကာယသုခ, စိတ္တသုခသည် ပစ္စယုပ္ပန်မှတ်ပါ။

ဒါဖြင့် ပကတူပသည် အားကြီးသောအကြောင်းလို့ပြောခဲ့၏။ အားကြီးသောအကြောင်းကတော့ဟုတ်ပေပြီ။ ကမ္မာအသင်္ချေကပြုခဲ့တဲ့

ကုသိုလ်ကို ပကတူပအကြောင်းရပါ့မလားလို့ဆိုရင် ရပါတယ်မှတ်။ ဘာ့ကြောင့်လဲဆိုရင် နောက်ကိုးဆယ့်တစ်ကမ္ဘာထက်က ဝိပဿီမြတ်စွာ ဘုရားပွင့်တော်မူတယ်။ အဲ့ဒီမြတ်စွာဘုရားလက်ထက်တုန်းက ဗကူလပေါသထဘိက္ခုနီမလောင်းလျာသည် တစ်ကြိမ်တစ်ခါမျှသာ ဆောက်တည်ခဲ့တဲ့ သီလကုသိုလ်စေတနာကြောင့် ကိုးဆယ့်တစ်ကမ္ဘာ အပါယ်သို့မလားရဘဲ အပါယ်ဆိုတဲ့စကားကို တစ်ခါမျှမကြားဖူးပါဘူး တဲ့။ ဒီကြားထဲမှာ ကမ္ဘာပေါင်း ကိုးဆယ့်တစ်ကမ္ဘာခြားနေ၏။ ယခု ဂေါတမရှင်တော်ဘုရားလက်ထက်ကျတော့ မကြာမီ ဗကူလပေါသထ ဘိက္ခုနီမကလေးဖြစ်ပြီး ရဟန္တာမ အဖြစ်သို့ ရောက်သွားပါတယ်တဲ့။ ဒါသည် နောက်က ဗလဝကာရဏအကြောင်းပဲမဟုတ်လား။ ထို့ကြောင့် ၄င်းဝတ္ထုကိုထောက်ပါသဖြင့် ပကတူပသတ္တိများဟာ တယ်ပြီးကြီးကျယ် ခမ်းနားပါတယ်လို့ဆိုတာကို သိရ၏။ ဤကဲ့သို့ ကမ္ဘာတွေအဝေးကြီး တောင် လှမ်းပြီးကျေးဇူးပြုပါသဖြင့် နီးလျှင် သာပြီးကျေးဇူးပြုလိမ့်ဦး မည်ဆိုတာကိုမှတ်ပါလေ။

ပကတူပကို အကြောင်းဝေး အကျိုးဝေးလို့ ပြောကြ၏။ အနီးကိုလည်း ကျေးဇူးပြုပါသေးတယ်။ ဘယ်လောက်များနီးပါသလဲ ဆိုရင် အားလုံးသောသတ္တဝါတို့သည် ကမ္ဘာပျက်တော့မယ်လို့ဆိုတော့ လောကဗျူဟာနတ်သားကလာပြီး အသင်သတ္တဝါအများတို့ ကမ္ဘာကြီး ပျက်စီးတော့မယ်၊ ကမ္ဘာကြီးသည် ပျက်စီးတော့မယ်၊ သို့အတွက် ကုသိုလ်ကောင်းမှုများပြုကြ၊ မကောင်းတဲ့ အကုသိုလ်ဒုစရိုက်တွေကို ပယ်ကြ၊ ကောင်းသောတရားများကိုသာ အားထုတ်ကြပါလို့ လောက ဗျူဟာနတ်သားက ကြွေးကြော်တော့ သတ္တဝါတွေဟာ ဒါန, သီလ,

ဘာဝနာတရားများကို အားထုတ်ကြတယ်။ ဗြဟ္မဝိဟာရတရားများကို အားထုတ်ကြတယ်။ ထိုအခါ သတ္တဝါတွေသည် ဗြဟ္မာပြည်သို့ အကုန်လုံးရောက်ကြရတယ်။ ဒါဖြင့် ၄င်းသတ္တဝါတွေမှာ စီးဖြန်းခြင်း ဆိုတဲ့ ပရိကံနဲ့မကင်းဘူး။ စီးဖြန်းခြင်းပရိကံကိုပြုလို့သာ ဈာန်ရပြီးလျှင် ဗြဟ္မာပြည်သို့ရောက်ကြရတယ်မှတ်ပါ။ ဒါ့ကြောင့် စီးဖြန်းခြင်း ပရိကံသည် ပစ္စည်း၊ ပထမဈာန်သည် ပစ္စယုပ္ပန်။ ထို့ကြောင့် ဒါထက်နီး တာမရှိတော့ဘူးမှတ်။

(တစ်နည်းအားဖြင့်) **"ပဌမဿ ဈာနဿ ပရိကမ္မံ၊ ပဌမဿ ဈာနဿ"**ကိုထောက်၍ သိပါဦးတော့။ စီးဖြန်းသော ကာမာဝစရ ပရိကံ, ဥပစာ စသည်သည် ပစ္စည်း၊ ပထမဈာန်သည် ပကတူပနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်မှတ်ပါ။ ဒါဖြင့်ရင် ၄င်းပကတူပနိဿယပစ္စည်း သည် အနီးကိုလည်းကျေးဇူးပြုတယ်၊ အဝေးကိုလည်းကျေးဇူးပြုတယ် ဆိုတာဟာ အလွန်ထင်ရှားနေ၏။ အနီးဆုံးကျေးဇူးပြုတာမှာ ဘဝင်ခြားတာ၊ အဝေးဆုံးကျေးဇူးပြုတာမှာ ကမ္ဘာခြားတာဟုမှတ်ပါ။

ပစ္စယုပ္ပန်ထဲမှာ ရုပ်ကိုမထည့်ရခြင်းမှာ ရုပ်တရားသည် စေတနာ လည်းမရှိဘူး။ ပကတက ဘယ်လိုပင်ပေးငြားသော်လည်း မယူနိုင်ဘူး။ သို့အတွက် ရုပ်တရားကိုမထည့်ဘူးမှတ်လေ။

ဥပမာ - တပည့်တော်က ဘယ်လိုပင်ပေးငြားသော်လည်း ကိုယ်တော့်မှာလက်မရှိပါက ယူနိုင်ပါ့မလားဆိုရင် မယူနိုင်ပါဘူးတဲ့။ ထို့အတူ ပေးတတ်တဲ့သတ္တိရှိငြားသော်လည်း ယူနိုင်တဲ့သတ္တိမရှိသော ကြောင့် ရုပ်တရားကို ပစ္စယုပ္ပန်ဘက်က မထည့်ဘူးလို့မှတ်ပါလေ။

နိဗ္ဗာန်ကို ပစ္စည်းဘက်မထည့်ရခြင်းမှာ နိဗ္ဗာန်သည် ဒီသတ္တဝါတွေကိုသနားပါတယ်၊ ငါဖြင့် အေးရာအေးကြောင်းကိုခေါ်ဦးမှပဲဆိုပြီး ဆွဲခေါ်နိုင်သလားဆိုရင် မခေါ်နိုင်ပါဘူးတဲ့။ အပါယ်သို့သွားစေ၊ သုဂတိသို့သွားစေဆိုပြီး ပကတသဘောများရော ရှိပါသလားဆိုရင် မရှိပါဘူးတဲ့။ ယခုကိုယ်တော်တို့ မှီဝဲလို့ရသလား၊ မရဘူး။ ဒီလိုဆိုရင် သူ့အတွက် သေဝိတအကြောင်းလည်းမဟုတ်သောကြောင့် သူ့ဆီကို သွား၍ရောက်မှသာလျှင် သူကကျေးဇူးပြုပါတယ်တဲ့။

နိပ္ဖါဒိတအကြောင်း ( ပြီးစီးစေသောသတ္တိ)၊ ဥပသေဝိတအကြောင်း (မှီဝဲအပ်သောသတ္တိ)ဟုဆိုအပ်သော ဤနှစ်ချက်သောသတ္တိတို့ဖြင့် အကြောင်းတရားကို ကျေးဇူးပြုတဲ့သတ္တိသည် ပကတူပသတ္တိပဲမှတ်။

ဘာကိုထောက်ဆ၍သိရမလဲဆိုရင် ဇောတိကသည် ရှေးဘုရားသခင်လက်ထက်တုန်းက ပတ္တမြားတုံးကြီးတွေ၊ စိန်တုံးကြီးတွေလှူခဲ့ဖူးတဲ့ သဒ္ဓါအစရှိသော အကြောင်းကြောင့် ယခုဂေါတမမြတ်စွာဘုရားလက်ထက်တော်မှာ ရွှေငွေရတနာစသော ပစ္စည်းဥစ္စာတွေပေါများရခြင်း၊ မြောက်ကျွန်းသူတည်းဟူသော မယားကိုရခြင်း၊ သူ၏ပစ္စည်းကို သူ့လက်နှင့်ကိုင်ပြီးမပေးပါက မည်သူတစ်ဦးတစ်ယောက်မျှ ယူဆောင်၍မရခြင်း။ ဤကဲ့သို့ဖြစ်ရခြင်းမှာ ရှေးဘဝက ဆုတောင်းခဲ့လို့လားဆိုတော့ မဟုတ်ပါဘူးတဲ့။ ရှေးဘဝတုန်းကပြုခဲ့တဲ့ သဒ္ဓါအစရှိသော နိပ္ဖါဒိတအကြောင်းက ပြီးစေသောကြောင့်မှတ်ပါ။

နိပ္ဖါဒိတအကြောင်းမှာလည်း ဇာတ်တူတာကိုပြီးစေတဲ့ နိပ္ဖါဒိတ

အကြောင်းကတစ်မျိုး၊ ဇာတ်မတူတာကိုပြီးစေတဲ့ နိပ္ဖါဒိတအကြောင်းက တစ်မျိုးအားဖြင့် နှစ်မျိုးနှစ်စား ရှိ၏။ ၎င်းနှစ်မျိုးစလုံးကိုပင် ပကတူပသတ္တိက ကျေးဇူးပြုတယ်မှတ်ပါ။

ထိုနှစ်မျိုးတို့တွင် ဇာတ်တူတာကိုပြီးစေသော နိပ္ဖါဒိတအကြောင်းမှာ မြတ်စွာဘုရား၏ ဒါနပါရမီခန်းမှာ ဗဟိဒ္ဓဖြစ်သော ရွှေငွေရတနာ ဆင်မြင်းကျွဲနွားအစရှိသော ဒါနပါရမီတွေကိုလှူခြင်းကြောင့် တဖြည်းဖြည်းပညီနွေ့ရင့်လာပြီးလျှင် နောက်ဘဝတွေမှာ တစ်ဖန် ခြေ လက် နား နှာခေါင်း အစရှိသော အင်္ဂါကြီးငယ်တို့ကို လှူနိုင်၏၊ သားသမီး, မယားတို့ကိုလှူနိုင်၏။

ဤနေရာမှာ ရှေးကလှူခဲ့တဲ့ သဒ္ဓါ, စေတနာနဲ့ ယခုဘဝမှာ လှူသော သဒ္ဓါ, စေတနာတို့မှာ ဇာတ်အားဖြင့်တူသည်ဖြစ်၍ ပြီးစေ တယ်လို့မှတ်ပါ။ သို့သော်လည်း ရှေးဘဝတုန်းကပြုခဲ့တဲ့ သဒ္ဓါ, စေတနာသည် ပုထုဇဉ်ဖြစ်၍ ရွေ့ရှားနိုင်သောကြောင့် စလနသဒ္ဓါမှတ်ပါ။ ယခုဘုရားဖြစ်မည့်ဘဝမှာပြုတဲ့ သဒ္ဓါ, စေတနာတို့မှာတော့ မရွေ့ရှား နိုင်တော့သောကြောင့် အစလနသဒ္ဓါလို့မှတ်။ ထို့ကြောင့် သတ္တိအားဖြင့် တော့ကွဲတယ်မှတ်။ တစ်နည်းအားဖြင့် ရှေးကပြုခဲ့တဲ့ဒါနနှင့် ယခုဘဝမှာ ပြုသောဒါနတို့မှာ အမည်ပညတ်ချင်းအားဖြင့်လည်း ကွဲလွဲတယ်လို့ မှတ်ပါလေ။

ဇာတ်မတူတာကိုပြီးစေသော နိပ္ဖါဒိတအကြောင်းမှာ မြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဒါနပါရမီ, ဒါနဥပပါရမီ, ဒါနပရမတ္ထပါရမီတို့ကို ဖြည့်ကျင့်ခြင်းတည်းဟူသောအကြောင်းကြောင့်

သဗ္ဗညုတဉာဏ်တော်ကြီးကိုရတော်မူ၏။ ဤနေရာမှာ ဒါနပါရမီတွေကို ဖြည့်ကျင့်တာက သဒ္ဓါ၊ စေတနာ၊ သဗ္ဗညုတဉာဏ်တော်က ပညာဖြစ်သောကြောင့် ဓာတ်အားဖြင့်မတူပါသော်လည်း ပြီးစေတယ်လို့မှတ်ပါ။ ဒါ့ကြောင့် ရှေးဘဝကပြုခဲ့တဲ့ သဒ္ဓါ၊ စေတနာသည် ပကတူပနိဿယပစ္စည်း၊ ယခုဘဝမှာရသော သဗ္ဗညုတဉာဏ်သည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်။

သို့ဖြစ်၍ ပကတူပနိဿယသတ္တိသည် ဓာတ်တူတာကိုလည်း ကျေးဇူးပြုတယ်၊ ဓာတ်မတူတာကိုလည်း ကျေးဇူးပြုတယ်လို့မှတ်ရမယ်။

**"သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ"** ၌ သဒ္ဓါတရားကိုအမှီပြုပြီး မာနဖြစ်ရ၏။ ဒီအရာမှာလည်း သဒ္ဓါတရားနဲ့ မာနတို့မှာ တခြားစီဖြစ်ပါသော်လည်း ကျေးဇူးပြုသောကြောင့် ဓာတ်မတူတဲ့ နိဒ္ဒါဒိတအကြောင်းမှတ်ပါ။

ကိုယ်တော်တို့ တပည့်တော်တို့မှာ ယခုဘဝမှာ သမ္မာဒိဋ္ဌိအယူရှိပါသော်လည်း နောင်ဘဝမှာ မဟာမေဒင်စသော မိစ္ဆာဒိဋ္ဌိအယူဝါဒများကို မယူတော့ပါဘူးလားလို့ဆိုရင် ယူနိုင်၏။ ဒါဘာ့ကြောင့်လဲ ဒီဘဝမှာ တုန်းက မိမိတို့မှာ ဒိဋ္ဌိကို မစွန့်သေးသောကြောင့်လို့မှတ်ပါ။ ထို့ကြောင့် ပကတူပနိဿယမှာ ကောင်းတဲ့အကျိုးကိုပဲ ပေးလေရော့သလား၊ မကောင်းတဲ့အကျိုးပဲ ပေးလေရော့သလားလို့ ယုံမှားစရာမရှိပါဘူးတဲ့။ ကောင်းတဲ့အကျိုးကို ပေးလို့ရှိရင်လည်း များများစားစား ပေးတာပဲလို့ မှတ်ပါ။

တစ်ပါးသောပစ္စည်းတွေက ကျုပ်ကူညီပါရစေဦး၊ သူ့ကူညီပါရ

စေဦးလို့ပင်ဆိုပါငြားသော်လည်း သူတစ်ပါးတို့၏ အကူအညီ အထောက်အပံ့ကို မယူပါဘဲ၊ သူတစ်ပါးနဲ့ မရောမယှက်သက်သက် မိမိ၏အစွမ်းသတ္တိဖြင့် အကျိုးတရားတို့ကို ပြီးစေသောသတ္တိသည် ပကတူပ မှတ်လေ။

ပ-သဒ္ဒါကလေးသည် 'နိပ္ဖါဒိတ' အနက်၊ 'ဥပသေဝိတ' အနက် ကိုညွှန်ပြ၏။ ထိုသို့ပင်ညွှန်ပြသော်လည်း သူသည် သူ့သတ္တိရှိသလောက် အလုပ်ကိုလုပ်ပါသလားဟု လျှဉ်းပါးစရာရှိသောကြောင့် သူ့သတ္တိ ရှိသလောက်ပဲ အစွမ်းကုန်လုပ်ပါတယ်လို့ သိစေခြင်းငှာ ကတ-ဟု နောက်ထပ် သဒ္ဒါကလေးကိုထည့်ရသည်မှတ်ပါ။

"**အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသလာ**"ဟုမိန့်ငြားသော် လည်း ရဟန္တာအရှင်မြတ်များပြုတဲ့ ကုသိုလ်ကောင်းမှုများသည် အနဝဇ္ဇသာဖြစ်ငြားသော်လည်း သုခဝိပါကလက္ခဏာတည်းဟူသော နိပ္ဖါဒိတအကြောင်းကို မပေးနိုင်ဘူး မှတ်ပါလေ။ ဒါ့ကြောင့် ၎င်းတရား များကဲ့သို့ မဟုတ်ပါဘဲ သူ့သတ္တိ ရှိသလောက် အလုပ်ကို လုပ်နိုင်တဲ့ တရားပါလို့ ဆိုတာကို သိစေခြင်းငှာ 'ကတ' လို့ထည့်ရသည်။

ပကတူပပစ္စည်းသည် '**ပညတ်တူ သတ္တိပြား**' တဲ့နေရာမှာလည်း ကျေးဇူးပြုပါတယ်။ ကျေးဇူးပြုပုံမှာ - ဘုရားအလောင်းတော်များသည် နုစဉ်တုန်းကတော့ ကိုယ်တော်တို့ တပည့်တော်တို့ပို့တဲ့မေတ္တာမျိုးကိုပဲ ပို့တာပါပဲတဲ့။ နောက် တဖြည်းဖြည်းရင့်လာပြီးလျှင် အလုံးစုံသော ဝေနေယျသတ္တဝါတွေအပေါ်မှာ မေတ္တာတရားဟာ အထူးသဖြင့် နှံ့ပြီးလာပါတယ်။ ဒါ့ကြောင့် ရှေးနုစဉ်တုန်းက ပို့ခဲ့တဲ့မေတ္တာနဲ့

ယခုဘုရားဖြစ်မှ ပို့သောမေတ္တာမှာ အမည်ပညတ်ချင်းတော့တူပေ၏။ နံ့မှု၊ ထက်မှုဟုဆိုအပ်တဲ့သတ္တိကတော့ မတူဘူးလို့မှတ်။

ဒုတိယ- **'ပညတ်ကွဲ သတ္တိတူ'** တဲ့နေရာမှာကျေးဇူးပြုပုံကတော့- အမိကိုသတ်တဲ့ကံနှင့် အဖကိုသတ်တဲ့ကံတို့မှာ အမိ၊အဖတည်းဟူသော အမည်ပညတ်ကတော့ကွဲ၏။ သို့သော်လည်း အမိကိုသတ်တဲ့ ဒေါသစေတသိက်တည်းဟူသောသတ္တိ၊ အဝီစိငရဲသို့ ရောက်ရခြင်းတည်းဟူသောသတ္တိချင်းကတော့ တူတယ်လို့မှတ်ရမည်။

တတိယ- **'ပညတ်တူ သတ္တိတူ'** တဲ့နေရာမှာကျေးဇူးပြုပုံ ကတော့- မြတ်စွာဘုရားသခင်သည် အဘိဓမ္မာတရားကိုဟောတာလည်း သဗ္ဗညုတဉာဏ်ပါပဲ၊ သုတ္တန်တရားကိုဟောတာလည်း သဗ္ဗညုတဉာဏ်ပါပဲ။ ဒါ့ကြောင့် တရားတည်းဟူသော အမည်ပညတ်အားဖြင့်လည်းတူ၏။ ပညာတည်းဟူသော သတ္တိချင်းကလည်းတူတယ်လို့ မှတ်ပါလေ။

စတုတ္ထ- **'ပညတ်ကွဲ သတ္တိကွဲ'** အားဖြင့်ကျေးဇူးပြုတဲ့နေရာမှာ ဒါနပါရမီဟာလည်း သဗ္ဗညုတဉာဏ် ရခြင်း၏ အကြောင်းပါပဲတဲ့။ သီလပါရမီဟာလည်း သဗ္ဗညုတဉာဏ် ရခြင်း၏ အကြောင်းပဲ။ သို့ပါသော်လည်း ဒါနတည်းဟူသော အမည်ပညတ်နဲ့ သီလတည်းဟူသောအမည်ပညတ်တို့မှာ ကွဲနေ၏။ သတ္တိကွဲပုံမှာ ဒါနသည် သဒ္ဓါ၊ စေတနာကိုရ၏။ သီလသည် ဝိရတီကိုသာရသောကြောင့် သတ္တိချင်းအားဖြင့်လည်း ကွဲလွဲနေ၏။

ကိုယ်တော်တို့သည် ကျောင်းကြီးပေါ်မှာ စာလာအံရတာနဲ့၊ ဒီတိုက်ကြီးပေါ်မှာစာလာအံရတာနဲ့၊ ဘယ်မှာအံရတာက စိတ်ချမ်းသာ

ပါသလဲဆိုရင် ဒီတိုက်ကြီးပေါ်မှာ အံ့ရတာက အေးသည်ဖြစ်၍ စိတ်ချမ်းသာရကား၊ ဥတုသည် သုခဝေဒနာကို ဖြစ်စေသောကြောင့် ဥတုသည် ပစ္စည်း၊ သုခဝေဒနာသည် ပစ္စယုပ္ပန်။ ဤနေရာ၌ မိမိက ဒီတိုက်ကြီးပေါ်ကို ရောက်လာသည်ဖြစ်၍ အေးချမ်းသာယာခြင်း ရှိသောကြောင့် စိတ်ချမ်းသာရကား ဒီကျောင်းကို မှီဝဲရလို့ ဖြစ်တယ်ဟု မှတ်ပါ။


ကိုယ်တော်တို့သည် ဒီကျောင်းကြီးပေါ်သို့ လာတဲ့အခါမှာ နေရာထိုင်ခင်းများ သန့်သန့်ပြန့်ပြန့်နေရတော့ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု ရှိသောကြောင့် သေနာသနံကလည်း သုခဝေဒနာကို ဖြစ်စေရကား သေနာသနံသည် ပကတူပနိဿယပစ္စည်း၊ သုခဝေဒနာသည် ပစ္စယုပ္ပန် မှတ်ပါ။

ကိုယ်တော် ရေဆာတဲ့အခါမှာ ဒီတိုက်ကြီးပေါ်မှာလည်း ရေအိုးကမရှိလေတော့ ဒုက္ခဝေဒနာဖြစ်၏။ ဒါ့ကြောင့် ရေတည်းဟူသော ဘောဇဉ်သည် ပစ္စည်း၊ ဒုက္ခဝေဒနာသည် ပစ္စယုပ္ပန်။ သို့ဖြစ်၍ ဤကဲ့သို့ ဖြစ်ခြင်းတွေဟာ ဥပသေဝိတအကြောင်းတွေပဲမှတ်။ ဘာ့ကြောင့်လဲ ဆိုသော် ဥပမာအားဖြင့် ဒီကျောင်းမှာ ကျောင်းထိုင်တဲ့ဘုန်းကြီး လူထွက်သွားရင် ဒီကျောင်းကခိုက်လို့၊ ဒီကျောင်းရဲ့လက်ချက်ပါတယ်လို့ ပြောဆိုသည်ကို ထောက်ပါသဖြင့် ဤကျောင်းကိုမှီဝဲခြင်းကြောင့် သုခလည်းဖြစ်နိုင်၏၊ ဒုက္ခဝေဒနာလည်းဖြစ်နိုင်တယ် ဆိုတာထင်ရှားပါပြီ။ ဆရာတော် ဦးဝိမလ၏ ဥပနိဿယပစ္စည်းချုပ်စဉ် ပြီး၏။

*ဥပနိဿယပစ္စည်း ပြီးပါပြီ။*

# ပုရေဓာတပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။




၁၀။ ကမ္ဘာဦး၌နေ,လတို့သည် ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့သော ပုရေဇာတပစ္စည်းတရား။

# ပုရေဇာတပစ္စည်း

## ဖြစ်ရာကာလ၊ ဘုံဌာန

- ပဝတ္တိကာလ၌သာ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၌ ဖြစ်နိုင်ပါသည်။
  စတုဝေါကာရ (၄) ဘုံနှင့် ဧကဝေါကာရဘုံ တို့၌ မဖြစ်နိုင်ပါ။

## ၁၀။ ပုရေဇာတပစ္စည်းအစီပွားယ်

ဥပနိဿယပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ပုရေဇာတပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား– 'ပုရေဇာတ ပစ္စယော' ဟူသည်တည်း။

**ပုရေဇာတပစ္စယော** –ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) ကမ္ဘာဦး၌ဖြစ်သော နေ,လတို့သည် မိမိတို့၏ ထင်ရှားရှိသော အခိုက်၌ အလင်းကိုမှီသော သတ္တဝါတို့အား ကျေးဇူးပြုသကဲ့သို့ ရှေး၌ဖြစ်၍ ဖြစ်ဆဲ, တည်ဆဲ, ရှိဆဲအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

### ပုရေဇာတပစ္စည်း သုံးချက်စု

**ပုရေဇာတပစ္စယော** - ဟူသော ပစ္စယုဒ္ဒေသ၌ ပုရေဇာတပစ္စည်းသည် ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတအားဖြင့် နှစ်ပါးရှိကုန်၏။

ထိုတွင် **ဝတ္ထုပုရေဇာတပစ္စည်း**သည် ဝတ္ထုပုရေဇာတနိဿယနှင့် တူ၏။

**အာရမ္မဏပုရေဇာတ**၌သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ်

အဋ္ဌာရသ။ ဤတရားတို့သည် အာရမ္မဏပုရေဇာတပစ္စည်း တပ်သော တရားမည်ကုန်၏။

ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ ကာမစိတ် စတုပညာသ၊ အဘိညာဉ် ဒွေး၊ အပ္ပမညာကြဉ်သော စေတသိက် ပညာသ။ ဤတရားတို့သည် အာရမ္မဏပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

အာရမ္မဏပုရေဇာတပစ္စည်းကို မရခိုက်,မရနေ ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် သုံးခုကြဉ်သော စိတ် (၇၆)၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် အာရမ္မဏပုရေဇာတပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

## ပုရေဇာတပစ္စည်း ချုပ်စဉ်

ပုရေဇာတကို ပုရေ-တစ်ပုဒ်၊ ဇာတ-တစ်ပုဒ်ဟူ၍ ပုဒ်ဖြတ်ပြီး လျှင် ဇာတဆိုတာ ဘာကိုဇာတလို့ ဆိုတာလဲဆိုရင် 'ဖြစ်တာ'ကို 'ဇာတ'လို့မှတ်။ ဖြစ်တာဟာ ဇာတဖြစ်ခဲ့လို့ရှိရင် လောကမှာ ဖြစ်တာတွေ အမျိုးမျိုးရှိကြ၏။ အကြောင်းတရားသည် အကျိုးတရားအား မလျော်အောင်ဖြစ်တာက တစ်မျိုး၊ အကြောင်းတရားသာ ဖြစ်လိုက်ရ၍ အကျိုးတရားကို မဖြစ်စေတာက တစ်မျိုး၊ အကြောင်းတရားသည် အကျိုးတရားအား လျော်အောင်ဖြစ်တာက တစ်မျိုးအားဖြင့် သုံးမျိုး သုံးစားရှိရာတွင် 'အတ္တနော ပစ္စယုပ္ပန္နာနုရူပံ ဇာယတီတိ ဇာတော' ဟူသည်နှင့်အညီ ပုရေဇာတပစ္စည်းသည် အကြောင်းတရားက အကျိုး တရားကို လျော်သောအားဖြင့်ဖြစ်စေသည်၊ ကျေးဇူးပြုသည် မှတ်ပါလေ။

သမင် ဒရယ် ဂျီငယ် စိုင် ဆတ်အစရှိသော သတ္တဝါများမှာ စိန်ကျောက်ပတ္တမြား အစရှိသော ပစ္စည်းဥစ္စာတွေရှိရာမှာ အကျိုးက ပေးပြားသော်လည်း မိမိတို့မှာ ၎င်းပစ္စည်းဥစ္စာတွေကို မသုံးမစွဲနိုင်သောကြောင့် အကျိုးတရား ဖြစ်ခြင်းသည် အကြောင်းတရားနှင့် မလျော်ဘူးမှတ်။

ပုရေဇာတပစ္စည်းမှာ ဤကဲ့သို့မဟုတ်ပါဘဲ အကြောင်းတရားက အကျိုးတရားအား လျော်အောင်ကျေးဇူးပြုပါတယ်။ ကျေးဇူးပြုပုံမှာ မိမိတို့သည် ငယ်ငယ်တုန်းကတော့ အမိများက ထမင်းခွံ့တဲ့အခါမှာ ထမင်းလုတ်ကလေးငယ်ငယ်ကို ခွံ့၏။ ဘာ့ကြောင့်လဲဆိုရင် ခံတွင်းပေါက်ကလေးကလည်း ငယ်ငယ်၊ ခန္ဓာကိုယ်ကလေးကလည်း ငယ်ငယ်ဖြစ်ပါသောကြောင့် ထမင်းလုတ်ငယ်ငယ်ကို ခွံ့ရ၏။ ဤကဲ့သို့ အကြောင်းတည်းဟူသော ထမင်းလုတ်သည် အကျိုးတည်းဟူသော ခံတွင်းပေါက် ခန္ဓာကိုယ်အား လျော်အောင် အမိက ကျေးဇူးပြုခွံ့ခြင်းသည်ပင် ဇာတပဲလို့မှတ်ပါ။

သက်န်းသည် ဦးပဏ္ဍိအား မလျော်ဘူးလားဆိုရင် လျော်လျောက်ပတ်လို့ ဇာတဖြစ်ပါတယ်တဲ့။ ၎င်းဇာတဖြစ်တဲ့သင်္ကန်းနဲ့ ဦးပဏ္ဍိသည် တစ်ခါတည်း မွေးဖွားလာပါသလားဆိုရင် မမွေးဖွားပါဘူး။ သင်္ကန်းမှာ ကိုယ်တော်မမွေးခင်ကပင် မြတ်စွာဘုရားပညတ်ထားသောသင်္ကန်းဖြစ်၏။ ၎င်းသင်္ကန်းကို ကိုယ်တော်ဝတ်ရုံလိုက်တဲ့အခါမှာ ကိုယ်တော်နဲ့ လျော်သောကြောင့် 'ဇာတ'ဖြစ်၏။ ကိုယ်တော်မမွေးခင် ရှေးကတည်းက ပညတ်ထားတဲ့သင်္ကန်း ဖြစ်သောကြောင့် 'ပုရေ'မှတ်ပါ။ နှစ်ခုပေါင်းလိုက်တဲ့အခါကျတော့ 'ပုရေဇာတ'မှတ်။ ကိုယ်တော်၏ခန္ဓာကိုယ်ကြီး

မှာတော့ သက်န်းဖြစ်ပြီးမှဖြစ်သောကြောင့် ပစ္ဆာဇာတမှတ်။

ကိုယ်တော်တို့သည် သက်န်းကိုမဝတ်ပါဘဲ အရပ်ထဲကို လျှောက်သွားခဲ့လို့ရှိရင် ဒကာ၊ဒကာမများကရော ရှိခိုးပါ့မလားလို့ဆိုရင် ရှိမခိုးပါဘူးတဲ့။ သက်န်းကိုဝတ်ရုံသွားမှသာလျှင် ရှိခိုးကြ၏။ ဒါ့ကြောင့် သက်န်းတည်းဟူသောပုရေဇာတသတ္တိက ကျေးဇူးမပြုခဲ့လို့ရှိရင် ကိုယ်တော်တို့ တပည့်တော်တို့ဟာ နေလို့မဖြစ်ဘူးလို့မှတ်ပါ။

ယခု ကိုယ်တော်တို့ ကျောင်းကြီးပေါ်သို့ကြွလာကြတာလည်း စာတည်းဟူသော ဓမ္မာရုံကြောင့်မဟုတ်လား။ ၄င်းစာတည်းဟူသော ဓမ္မကိုအာရုံမပြုပါက မကြွလာနိုင်ပါဘူးတဲ့။ ယခုကိုယ်တော်တို့ထိုင်နေ တာရော စာတည်းဟူသော ဓမ္မကြောင့်မဟုတ်ပါလားဆိုရင် ဟုတ်ပါ၏။ ဒါ့ကြောင့် ပုရေဇာတသည် အလွန်တရာအရေးကြီး၏။ ပုရေဇာတနှင့် ဘယ်သောကာလမှမကင်းနိုင်ဘူးမှတ်ပါ။ ယခုကိုယ်တော်တို့ တပည့်တော်တို့ နေထိုင်ကြတဲ့ တိုက်ကြီးလိုပါပဲတဲ့၊ အုတ်ကြောင့်လည်း တိုက်ဖြစ်ရ၏။ မြေကြီးကြောင့်လည်း တိုက်ဖြစ်ရ၏။ ထို့အတူပါပဲ ဦးဇောတိကရဲ့ခန္ဓာအိမ်ကြီးမှာလည်း (၂၄)ပစ္စည်းကြောင့် ခန္ဓာအိမ်ကြီး ဖြစ်ရပါ၏။

'ပုရေ ကာလေ ဇာတော ပုရေဇာတော' ဟူသည်နှင့်အညီ လျော်သော ပစ္စယုပ္ပန်တရားမဖြစ်မီ ဖြစ်နှင့်သောတရားသည် ပုရေဇာတ ပါပဲဟုမှတ်ပါ။

ဦးပဏ္ဍိရေ… ကိုယ်တော်မွေးတဲ့နေ့ကရော လူတွေ ဘယ်လောက် များ မွေးပါသလဲဆိုရင် မရေမတွက်နိုင်ပါဘူးတဲ့။ ၄င်းပုဂ္ဂိုလ်တွေကရော ကိုယ်တော့်အား အကူအညီရပါ့မလားဆိုရင် မရပါဘူး။ ကိုယ်တော်မွေးတဲ့

နေ့က မွေးတဲ့လူပဲဟာလည်း မရေမတွက်နိုင်၊ အလွန်ပဲများပါ၏။ ၎င်း ပုဂ္ဂိုလ်တွေကလည်း အကူအညီမရပါဘူးတဲ့။ ဘာ့ကြောင့်လဲဆိုရင် မိမိကလည်းမွေးခါစ၊ သူတို့ကလည်းမွေးခါစ ဖြစ်လေတော့ အလွန်တရာ နုနယ်နေသောကြောင့်လို့မှတ်ပါ။ ထို့ကြောင့် မအိုမပျို အလယ်အလတ် ဖြစ်တဲ့သူသည် မိမိအားအကူအညီရ၏။ ဤဥပမာကဲ့သို့ ဥပါဒ်ခဏသည် မွေးခါစကလေးနဲ့တူ၏။ ဘင်ခဏသည် သူအိုကြီးနဲ့တူ၏။ ဌီခဏမှာတော့ မပျိုမအိုသေးတဲ့ လူနဲ့တူ၏။

ဒီနေရာမှာ မအိုမပျိုသေးတဲ့လူနဲ့တူတဲ့ ဌီကာလကိုသာယူတာ ဖြစ်ပါသဖြင့် ပစ္စုပ္ပန်ဌီကာလ၌ကြံဆဲဓမ္မသည် ပုရေဇာတလို့မှတ်ပါလေ။

ကိုယ်တော်တို့ ဘုရားကြီးကိုကြည့်ညိုလိုက်တဲ့အခါမှာ ဘာကို မြင်သလဲ၊ ပရမတ္ထအားဖြင့် အဆင်းဝဏ္ဏရုပ်ကိုသာမြင်ရတယ်။ ဤကဲ့သို့ ကြည့်တဲ့နေရာမှာ ဝဏ္ဏကလည်းဖြစ်၊ ကိုယ်တော်ကလည်းကြည့်ဆိုရင် မြင်ပါ့မလား၊ မမြင်ပါဘူး။ ဟိုကဝဏ္ဏရုပ်ကလည်းပျက်ဆဲ၊ ကိုယ်တော် ကလည်း ကြည့်ဆဲဆိုရင်လည်း မမြင်နိုင်ပါဘူးလို့ မှတ်ပါလေ။

နောက်ကပြောခဲ့တဲ့အတိုင်း ရုပ်က ဌီခဏမှာအားရှိတယ်။ နာမ်က ဥပါဒ်ခဏမှာအားရှိတယ်လို့ ပြောခဲ့တဲ့အတိုင်းပင်မှတ်ပါ။ ထို့ကြောင့် နာမ်ဓမ္မမှာ ဥပါဒ်သို့ရောက်တဲ့အခါမှာ ဝဏ္ဏတည်းဟူသောရူပါရုံကို မြင်၏။ ဝဏ္ဏတည်းဟူသောရုပ်ဓမ္မကလည်း ဌီကာလသို့ရောက်နေ သည်ဖြစ်၍ နောက်က ပစ္ဆာဇာတသတ္တိကိုရသောကြောင့် အားရှိသည် ဖြစ်၍ နာမ်ဓမ္မ၏အကြည့်ကို ခံနိုင်၏မှတ်ပါလေ။

သို့ဖြစ်၍ နာမ်ဓမ္မကဥပါဒ်၊ ရုပ်ဓမ္မကဌီအခါမှာဆိုတော့ နာမ် ဓမ္မထက် ရုပ်ဓမ္မသည် နာမ်မဖြစ်မီဥပါဒ်ကိုလွန်ပြီး ဌီကာလကျမှ

ကျေးဇူးပြုသောကြောင့် ရုပ်ဓမ္မက ပုရေဇာတဖြစ်၏၊ နာမ်ဓမ္မက ပစ္ဆာဇာတဖြစ်၏ (ဝါ)နောက်ကျ၏။ အဆုံးကိုဆိုရင် ဠီရုပ်(၄၉)ချက်သည် ပုရေဇာတ ပစ္စည်း၊ ကိုယ်တော်၏ လျော်သောစိတ္တုပ္ပါဒ်သည် ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန် မှတ်ပါ။

နိပ္ဖန္နရုပ် (၁၈)ခုရှိရာတွင် ဥပါဒ်ရုပ်, ဘင်ရုပ်ကိုရှောင်၊ တစ်ခု တစ်ခုသော ဠီရုပ်(၄၉)ချက်သည် ပုရေဇာတပစ္စည်း၊ ကိုယ်တော်တို့အား လျော်သောစိတ္တုပ္ပါဒ်သည် ပစ္စယုပ္ပန်မှတ်ပါ။

**"ပဌမတရံ ဥပ္ပန္နိတ္တွာ ဝတ္တမာနဘာဝေန ဥပကာရကော ဓမ္မော ပုရေဇာတပစ္စယော"** ဟူသည်နှင့်အညီ အကျိုးတရားမဖြစ်မီ ရှေးအဖို့ကာလကဖြစ်နှင့်သောအကြောင်းမျိုးကို ပုရေဇာတမှတ်ပါ။ မိမိတို့သည် ကံပစ်ချလိုက်သောစက္ခုပသာဒပင် ရှိငြားသော်လည်း နေတည်းဟူသော အလင်းရောင်ကိုမှီရမှ မြင်နိုင်၏။ ညအခါ အလုပ်လုပ် တဲ့အခါမှာလည်း လတည်းဟူသော အလင်းရောင်ကိုမှီရမှ လုပ်နိုင်၏။ သို့ဖြစ်ပါ၍ နေ,လ,နက္ခတ်တို့သည် မိမိတို့အားကျေးဇူးပြု၏။

ဒီနေရာမှာ နေ,လ,နက္ခတ်တို့သည် ထွက်စဥ္ဆ ကျေးဇူးမပြု၊ အလယ်အလတ် ထန်းတစ်ဖျားလောက်ကျမှကျေးဇူးပြု၏။ နေ,လ, နက္ခတ်တို့သည် မိမိတို့မမွေးခင်ကဖြစ်နှင့်နေသောကြောင့် ပုရေဇာတ မှတ်ပါ။

ထို့အတူ အာရုံဓမ္မတွေဟာ ရှေးကပင်ဖြစ်နှင့်ငြားသော်လည်း သတ္တဝါတို့သည်ကားလို့ဆိုရင် အာရုံပြုပါစေလို့ဆိုပြီး ကျေးဇူးပြုတဲ့ တရားသည် ပုရေဇာတမှတ်လေ။ ၄င်းပုရေဓမ္မတွေဟာ အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယတုန်းကတော့ ဝတ္ထုပုရေဓမ္မပါပဲတဲ့။

သို့သော်လည်း ဘုရားသခင်က မဟောသေးသောကြောင့် ပုရေအသံတော့ မထွက်သေးပါဘူးတဲ့။ ဒါ့ကြောင့် ဓမ္မသဘောကပင်ဟုတ်ပါငြားသော်လည်း ဘုရားသခင်က ဟောတော်မမူသေးပါက သတ္တဝါတွေ၏ ယုံမှားသံသယဖြစ်နေမည်စိုးပါ၍ ပုရေဇာတပစ္စည်းကိုဟောတော်မူရသည်မှတ်ပါ။

(တစ်နည်းအားဖြင့်) နိဿယ၊ အာရမ္မဏစသော အခြားတရားတို့မှထူးသောကြောင့် ပုရေဇာတပစ္စည်းကိုဟောတော်မူတယ်။ နိဿယ၊ အာရမ္မဏတို့ထက် ထူးပုံမှာ နိဿယသည် နိဿိတကို ကျေးဇူးပြုတဲ့ တရားဖြစ်၏။ အာရမ္မဏမှာတော့ အာရုံ, အာရမ္မဏိကတရားကိုသာ ကျေးဇူးပြု၏။ ပုရေဇာတတို့မှာတော့ ဒီလိုမဟုတ်ပါဘဲ မိမိတို့သည် အသက်ကြီးရင့်တဲ့အခါ ရှေးလူကြီးဖြစ်ပြီး မိမိတို့၏မြေးမြစ်များအား ရှေးဟောင်းစကားများကို ပြောကြား သိစေသကဲ့သို့ ရှေးကျတဲ့သတ္တိကလေးကို သိစေခြင်းအကျိုးငှာ ပုရေဇာတပစ္စည်းကို ဟောတော်မူရတယ်မှတ်။ (မူလဋီကာ)

ရူပါရုံရယ်၊ စက္ခုပသာဒရယ်၊ ဘဝင်ရယ်၊ သုံးခုပြိုင်ဆိုင်ကြတဲ့ နေရာမှာ စက္ခုပသာဒသည် ရူပါရုံကိုမြင်ပါသလားဆိုရင် မမြင်သေးပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် စက္ခုဝိညာဏ်ကဥပါဒ်မှာ ရူပါရုံကလည်း ဥပါဒ်အခိုက်အတန့်ကြုံနေရကား ရူပါရုံသည် အလွန်နုသေးသောကြောင့် စက္ခုဝိညာဏ်၏အကြည့်ကို မခံနိုင်သေးရကား မမြင်ဘူးလို့မှတ်ပါ။ ဥပါဒ်တုန်းကတော့ နေထွက်စနဲ့ တူနေရကား တစ်ခုခုသောအလုပ်ကို မလုပ်နိုင်ဘူးမှတ်။ ဥပါဒ်ကစ၍ (၁၃)ချက်မြောက်သော ဌီကျမှမြင်သောကြောင့် ၄င်း(၁၃)ချက်မြောက်သော ဌီရပ်ကလေးသာ ပုရေဇာတပစ္စည်း

မှတ်။ ကြားထဲကဖြစ်နေသော ဌီရုပ် (၁၂)ခုသည် ပုရေဇာတပစ္စည်း၏ ပစ္စနိက်မှတ်လေ။

ဒါ့ကြောင့် (၁၃)ချက်မြောက်သော ဌီအခိုက်၌ ကြုံသော ရူပါရုံသည် ပုရေဇာတပစ္စည်းမှတ်၊ စက္ခုဝိညာဏ်သည် ပစ္စယုပ္ပန်မှတ်။ အာရုံခြောက်ပါးစလုံး တူ၏မှတ်ပါ။

မနောဒွါရမှာတော့ အတီတဘဝင်နှင့်အတူဥပါဒ်သော ရူပါရုံသည် အတီတဘဝင်၏ ဌီအခိုက်အတန့်မှာကြုံသောကြောင့် ပစ္စည်း၊ ပထမဇောနာမက္ခန္ဓာသည် ပစ္စယုပ္ပန်မှတ်ပါ။ အတီတဘဝင်နဲ့အတူ ဥပါဒ်သော ကုတ္တိဘာဝရုပ်သည် အတီတဘဝင်၏ ဌီအခိုက်၌ကြုံသော ကြောင့် ပစ္စည်း၊ ပထမဇောနာမက္ခန္ဓာသည် ပစ္စယုပ္ပန်။ အာဟာရလည်း ၄င်းနှင့်တူ၏။ ပထမဇောနာမက္ခန္ဓာတို့မှာ ဆင်ခြင်သုံးသပ်တဲ့အခါမှာ အာရုံပြုနိုင်သောကြောင့် ပစ္စယုပ္ပန်ရ၏မှတ်ပါ။

မိမိတို့အား သူရဲများခြောက်ရာ၌ ပုရေဇာတပစ္စည်းတပ်ပုံမှာ- (၁၃)ချက်မြောက်သော ဌီအခိုက်အတန့်ကြုံသော ရူပါရုံသည် အာရမ္မဏ ပစ္စည်း၊ ဒေါသဇောနာမက္ခန္ဓာသည် ပစ္စယုပ္ပန်မှတ်ပါ။

၄င်းပုရေဇာတပစ္စည်းမှာ နိပ္ဖန္နရုပ် (၁၈)ခုသာပါ၍၊ အနိပ္ဖန္နရုပ် (၁၀)ခုမပါရခြင်းမှာ အခိုက်အတန့်သာကွာ၍ တစ်ခုသောနိပ္ဖန္နရုပ်ကိုသာ ဆိုထားသောကြောင့် အထည်ဒြပ် အထူးမရှိရကား အသီးအခြား မဟောဘူးလို့ မှတ်ပါ။

(တစ်နည်း) ဤကဲ့သို့ နိပ္ဖန္နရုပ်ကိုဆိုလိုက်သဖြင့် အနိပ္ဖန္နရုပ် လည်း အတွင်းဝင်သောကြောင့် အသီးအခြားမဟောဘူးလို့မှတ်ပါလေ။

"စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ" ဟူ၍ဟောတော်မူထားသည်ကို ထောက်ပါသဖြင့် ဧကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိရှိတယ်ဆိုတာ ထင်ရှား

နေရကား ဇနကသတ္တိမှာတော့ ရူပါရုံနှင့်စက္ခုပသာဒတို့၏ တိုက်မှုကလေးသည် ဇနကသတ္တိပဲမှတ်ပါ။ ဥပတ္ထမ္ဘကသတ္တိမှာတော့ မိမိတို့အားသူရဲသည် နေ့လည်အခါမှာခြောက်လိုက်တဲ့အခါ ထိခိုက်ချက်က အလွန်ပြင်းထန်သောကြောင့် နှလုံးတွေတုန်သွားခဲ့၏။ ဒါ့ကြောင့် ရူပါရုံသည်စက္ခုပသာဒနဲ့ထိခိုက်တဲ့နေရာမှာ ဝိညာဏ်ပေါ်ရုံမျှကိုလည်း အကူအညီပေး၏။ ထိုသို့မဟုတ်သေးပါဘဲ နှလုံးသွေးတွေတုန်လှုပ်သွားအောင်ကိုလည်း အကူအညီအထောက်အပံ့ပေးသောကြောင့် ဥပတ္ထမ္ဘကဟုမှတ်ပါ။ ဆရာတော် ဦးဝိမလ၏ ပုရေဇာတပစ္စည်းချုပ်စဉ် ပြီး၏။

## ပုရေဇာတပစ္စည်း၌ မှတ်ရန်

'အတ္တနော ပစ္စယုပ္ပန္နာနုရူပံ ဝတ္တမာနဘာဝေန ဇာယတီတိ ဇာတော၊ ပုရေ ကာလေ ဇာတော ပုရေဇာတော'ဟူသည်နှင့်အညီ မိမိပစ္စယုပ္ပန်တရားအားလျော်စွာဖြစ်တတ်သော ရှေးကာလ၌ဖြစ်သော တရားသည် ပုရေဇာတမည်၏။ အရကား ဝတ္ထုပုရေဇာတဖြစ်အံ့- ဝတ္ထုပုရေဇာတနိဿယနှင့်တူ၏။ အာရမ္မဏပုရေဇာတဖြစ်အံ့- နိပ္ဖန္နရုပ် အဋ္ဌာရသရ၏။

**ပစ္စယုပ္ပန်**ကိုဆိုရာ၌ ပဋ္ဌာဝါကာရဘုံ၌ 'ဖြစ်ခိုက် ဖြစ်နေ' ဆိုသောစကားကို 'ဖြစ်ခိုက်၊ မဖြစ်ခိုက်၊ ဖြစ်နေ၊ မဖြစ်နေ'ဟု လေးပုံခွဲပါ။

> 'ဖြစ်နေ'ကား လောဘမူစိတ် ရှစ်ခု၊ မောဟမူနှစ်ခု၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ရှစ်ခု၊ မဟာကြိယာ ရှစ်ခုကို- 'ဖြစ်နေ' ဟူ၍ယူပါ။
>
> 'မဖြစ်နေ'ကားမရှိ။

**ပစ္စနိက်**ကိုဆိုရာ၌ 'မရခိုက် မရနေ'ဆိုသောစကားကို 'မရခိုက်, ရခိုက်, မရနေ, ရနေ'ဟုလေးပုံခွဲပါ။

ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် သုံးခုကြဉ်သော ကာမစိတ် (၄၁)၊ အဘိညာဉ်ဒွေးကို 'မရခိုက်'- ပစ္စနိက်၊ 'ရခိုက်'- ပစ္စယုပ္ပန်ယူရမည်။

'မရနေ'ကို အဘိညာဉ်ဒွေးကြဉ်သော မဟဂ္ဂုတ်, လောကုတ္တရာ (၃၅)ကိုယူရမည်။

'ရနေ'ကို ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် သုံးခု ယူရမည်။

သုံးချက်စု၌ ပုရေဇာတနှစ်ပါးပြားသော်လည်း ဝတ္ထာရမ္မဏ-ပုရေဇာတသည် အာရမ္မဏပုရေဇာတ၌ အတွင်းဝင်၍ပါသောကြောင့် သုံးပါးဟူ၍မှတ်ယူရမည်။

## ဦးဉက္ကံသ၏အာဘော် (ပုရေဇာတပစ္စည်း)

အာရမ္မဏပုရေဇာတ၌ ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသသည် ကာမစိတ် စတုပညာသ၊ အဘိညာဉ်ဒွေးတို့၏ရှေး၌ ဖြစ်နှင့်၏။

အဘိညာဉ်ဆိုရာ၌ ဒိဗ္ဗစက္ခုနှင့် ဒိဗ္ဗသောတကိုယူပါ။ (ပါဠိတော် အလိုတည်း။)

(ဋီကာအလို) ဣဒ္ဓိဝိဓကိုလည်းယူရမည်။ နိပ္ဖန္နရုပ် အဋ္ဌာရသတို့သည် ဣဒ္ဓိဝိဓအဘိညာဉ်၏ ရှေး၌လည်းဖြစ်၏၊ အာရုံလည်းဖြစ်၏။

(အနုဋီကာအလို) စုတူပပါတဉာဏ်ကိုလည်း ယူသင့်၏။ စုတူပပါတနှင့်ဒိဗ္ဗစက္ခုကား အတူတူပင် ဟုဋီကာမိန့်၏။

ပစ္စုပ္ပန်ရူပါရုံသည် ပစ္စည်း၊ စက္ခုဒွါရ၌ဖြစ်သော (၄၆)ပါးသော စိတ်သည် ပစ္စယုပ္ပန်။ ရူပါရုံသည် စက္ခုဒွါရ၌သာထင်သည်မဟုတ်သေး၊ မနောဒွါရ၌လည်းထင်သေး၏။ မနောဒွါရ၌ကား တစ်ပြိုင်နက်ထင်၏။

**'မနာနံ ဒွါရံ မနောဒွါရံ'** ဟူသောဝစနတ္ထအခိုက် ပဉ္စဒွါရာဝဇ္ဇန်းစသော စိတ်တို့ရ၏။ 'မနောဝ မနောဒွါရံ' ဟူသောဝစနတ္ထအခိုက်သာ ပဉ္စဒွါရာဝဇ္ဇန်းစသော စိတ်တို့ကိုမရ။

ရူပါရုံသည် စက္ခုဒွါရ၌လည်းထင်၏၊ ဘဝင်္ဂစနဟုဆိုအပ်သော မနောဒွါရ၌လည်းထင်၏။ စက္ခုစသောပသာဒရုပ်တို့သည် မိမိမှီရာမဟာဘုတ်ကို ကြည်စေသည်။ ထိုသို့ပင်ကြည်စေသော်လည်း ပသာဒစက္ခုဖြင့်ကြည့်၍ မမြင်နိုင်။ ပညာစက္ခုဖြင့်ကြည့်မှ မြင်နိုင်သည်။

ပထဝီစသောဓာတ်ကြီးလေးပါးတို့သည် ဝါဂွမ်းဆိုင်နှင့်တူ၏။ စက္ခု, သောတစသောအကြည်ရုပ်တို့သည် အကြိမ်တစ်ရာချက်သော ဆီနှင့်တူ၏။

စိတ်သည် ဟဒယဝတ္ထု၌ရှိ၏။ ၎င်းကို မနောအကြည်ခေါ်၏။ ရုပ်အကြည်နှင့် မနောအကြည်တွင် မနောက သာလွန်၍ကြည်၏။

ပစ္စုပ္ပန်ရူပါရုံသည် စက္ခုဒွါရ၌ဖြစ်သော (၄၆)ပါးသော နာမက္ခန္ဓာအား၊ (လ) ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံသည် ကာယဒွါရ၌ဖြစ်သော (၄၆)ပါးသော နာမက္ခန္ဓာအား၊ ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသသည် မနောဒွါရာဝဇ္ဇန်း, ကာမဇော (၂၉), တဒါရုံ ကောဒသအား၊ ကျေးဇူးပြု၏။ ဒူရ,ပဋိစ္ဆန္န,သဏှ,သုခုမ ဖြစ်သောရူပါရုံသည် ဒိဗ္ဗစက္ခုအဘိညာဉ်အား၊ ဒူရ,ပဋိစ္ဆန္န,သဏှ,သုခုမ ဖြစ်သောသဒ္ဒါရုံသည် ဒိဗ္ဗသောတအဘိညာဉ်အား၊ သတသဟဿစသောနိမ္မိတရုပ်သည် ဣဒ္ဓိဝိဓအဘိညာဉ်အား၊

အာရမ္မဏပုရေဇာတသတ္တိဖြင့်ကျေးဇူးပြုပေ၏။ ၎င်းဆိုခဲ့ပြီးသော အာရုံတို့သည် ရှေး၌လည်းဖြစ်၊ အာရုံလည်းဖြစ်သောကြောင့် အာရမ္မဏ ပုရေဇာတပစ္စည်းမည်၏။ ဆရာတော် ဦးဥက္ကံသ၏အာဘော် ပြီးပြီ။

## ဦးဝိမလ၏အာဘော် (ပုရေဇာတပစ္စည်း)

ဝတ္ထုပုရေဇာတ၌ ဘုရားကိုအာရုံပြုပြီးဝီထိကျရာ တစ်ခုသော ဘုရားတည်းဟူသောရူပါရုံသည် စက္ခုဒွါရ၌လည်း ထိခိုက်၏။ ဟဒယဝတ္ထုကို ထိခိုက်သည့်အခါ မနောဒွါရဖြစ်၏။ ထို့ကြောင့် ရူပါရုံသည် ဒွါရနှစ်ပါး၌ဖြစ်၏။ သောတစသည်တို့လည်း နည်းတူမှတ်။

စက္ခုဝိညာဏ်သည် အတီတဘဝင်နှင့်အတူဥပါဒ်သော ၁၂- နှစ် မြောက်သော (ဝါ) ၁၂-ချက်ရှိသော စက္ခုဝတ္ထုကိုသာ မှီ၏။ ပဉ္စဒွါရာဝဇ္ဇန်း၏ ဥပါဒ်မှာပေါ်သော သုံးနှစ်မြောက်သော ဋီရုပ်စက္ခုဝတ္ထု ကိုမမှီဘူးလောဟုစောဒနာမူ အတီတဘဝင်၏ဋီကစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ ဘင်တိုင်အောင်ပေါ်သော စက္ခုဒသကကလာပ်တို့သည် ရူပါရုံနှင့် မထိခိုက်သောကြောင့် ဝတ္ထုပုရေဇာတမဖြစ်။ ၎င်းတို့ကိုမှီပြီး ရူပါရုံကို မမြင်နိုင်။ ထို့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်း၏ ဥပါဒ်မှာ ပေါ်သော သုံးနှစ် မြောက်သော ဋီရုပ်ကိုလည်းမမှီ။ အတီတဘဝင်နှင့်အတူဥပါဒ်သော စက္ခုဝတ္ထုသာ ရူပါရုံနှင့်ထိခိုက်၍ တုန်လှုပ်မှု၊ ပြတ်မှု၊ ဆင်ခြင်မှုတို့သည် အတီတဘဝင်နှင့်အတူဥပါဒ်သော စက္ခုဝတ္ထုကြောင့်သာဖြစ်၏။ ၎င်း စက္ခုဝတ္ထုသာ ရူပါရုံနှင့် မထိခိုက်ပါက ဘဝင်္ဂစလန တုန်လှုပ်မှု၊ ဘဝင်္ဂုပစ္ဆေဒ ပြတ်မှု၊ ပဉ္စဒွါရာဝဇ္ဇန်း ဆင်ခြင်မှုတို့မပေါ်နိုင်။ ထို့ကြောင့် အတီတဘဝင်နှင့်အတူဥပါဒ်သော စက္ခုဝတ္ထုကိုသာမှီပြီး ရူပါရုံကို မြင်နိုင်၏။

ပုရေဇာတပစ္စည်း၌ ရှေးကရှိနှင့်သော နေ,လတို့သည် မိမိတို့ကို တောင့်တသောလူတို့အား ရှိနှင့်ပြီးကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ မှန်သည် ရှေးကရှိနှင့်ပြီး အလိုရှိသောသူတို့အား ကျေးဇူးပြုသကဲ့သို့ လည်းကောင်း၊ ထို့အတူ ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု သည်လည်း ပထမဘဝင်အား ရှေးကဖြစ်နှင့်ပြီးကျေးဇူးပြုသည်။

အဘယ်သို့ ရှေးကဖြစ်နှင့်ပြီး ကျေးဇူးပြုသနည်းဟူမူ ပဋိသန္ဓေ နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ပဋိသန္ဓေကဥပါဒ်, ဟဒယဝတ္ထု ကဥပါဒ်၊ ပဋိသန္ဓေကဋ္ဌီ, ဟဒယဝတ္ထုကလည်းဋ္ဌီ၊ ပဋိသန္ဓေကဘင်, ဟဒယဝတ္ထုကဋ္ဌီ၊ ပထမဘဝင်ကဥပါဒ်, ဟဒယဝတ္ထုကဋ္ဌီ။ ထို ပထမ ဘဝင်သည် ဖြစ်ဆဲခဏကိုလွန်သော မချုပ်သေးသော ဋ္ဌီသို့ရောက်သော ဋ္ဌီခဏသုံးနှစ်မြောက်သော ဟဒယဝတ္ထုကို မှီ၏။ ဋ္ဌီသုံးနှစ်ဆိုသည်ကား ပဋိသန္ဓေ၏ဋ္ဌီ၌ရှိသော ဋ္ဌီ၊ ပဋိသန္ဓေ၏ ဘင်၌ရှိသော ဋ္ဌီ၊ ပထမဘဝင်၏ ဥပါဒ်၌ ရှိသော ဋ္ဌီ။ ပေါင်းသော် ဋ္ဌီသုံးနှစ်တည်း။

ပဋိသန္ဓေက ဥပါဒ်သော ဟဒယဝတ္ထုသည် ရှေးကဖြစ်နှင့်၏။ ပထမဘဝင်သည် မိမိ၏ ဥပါဒ်ခဏ၌သာ ဟဒယဝတ္ထုကို မှီ၏။ ပစ္စည်းတရားသည် ဋ္ဌီခဏ၊ ပစ္စယုပ္ပန်သည် ဥပါဒ်ခဏ။ ဟဒယဝတ္ထု သည် ရှေးကဖြစ်နှင့်သောကြောင့် 'ပုရေ ကာလေ ဇာတော ပုရေဇာတော' ဟုဆိုသည်။ ဤ၌ မြတ်စွာဘုရားသည် ကာလအားဖြင့် မတူသော်လည်း ကျေးဇူးပြုသည်ကိုပြလို၍ ပုရေဇာတကိုဟောသည်။

ပဋိသန္ဓေ၏ ဋ္ဌီခဏသို့ ရောက်သော ဟဒယဝတ္ထုသည် အကျိုးပစ္စယုပ္ပန် မပေါ်သေး၍ 'ပုရေ'သာ ဖြစ်သည်။ ပုရေဇာတ, နိဿယ, အတ္ထိ, အဝိဂတ မဖြစ်သေး။ ဘင်ခဏ၌လည်း 'ပုရေ'သာ

ဖြစ်သေး၏။ ထို့ကြောင့် ၎င်းဌီရုပ်တို့ကို မယူရ။ ပထမဘဝင်၏ ဥပါဒ်ခဏသို့ရောက်သော ဌီရုပ်ဖြစ်သော ဟဒယဝတ္ထုကိုသာယူရမည်။ ၎င်းဟဒယဝတ္ထုကိုသာအမှီရပြီး ပထမဘဝင်သည် အာရုံကိုယူနိုင်သည်။ အမှီရှိမှ အာရုံကိုယူနိုင်သည်မှတ်လေ။ သုံးခုမြောက်သော ဟဒယဝတ္ထု သာ ပုရေဇာတလည်းဖြစ်၊ နိဿယလည်းဖြစ်၊ အတ္ထိလည်းဖြစ်၊ အဝိဂတ လည်းဖြစ်၍ ၎င်းဟဒယဝတ္ထုကိုသာယူရမည်။

(တစ်နည်းအားဖြင့်) ပစ္ဆာဇာတပစ္စည်းနှင့်ထောက်လျှင် သုံးခု မြောက်သော ဌီခဏသို့ရောက်သော ရှေး၌ဖြစ်နှင့်သော ဟဒယဝတ္ထုအား ပထမဘဝင်သည် နောက်မှဖြစ်ပြီးကျေးဇူးပြု၏။

ပဋိသန္ဓေနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ပထမဘဝင်သို့ ရောက်သည့်အခါ ဌီသုံးနှစ်မြောက် (ဝါ) သုံးခဏမြောက်ရင့်ပြီးဖြစ်၍ ပထမဘဝင်ကမှီသကဲ့သို့၊ ပထမဘဝင်၏ဥပါဒ်ကဖြစ်သော ဟဒယ ဝတ္ထုသည် ဒုတိယဘဝင်၏ဥပါဒ်သို့ရောက်သည့်အခါ ဌီသုံးနှစ်မြောက် ရင့်ပြီးဖြစ်သောကြောင့် ၎င်းဟဒယဝတ္ထုကို ဒုတိယဘဝင်က မှီ၏။ နောက်နောက်စိတ်လည်း နည်းတူမှတ်ပါလေ။

ဤ၌ ပန်းခူးသူဥပမာကိုပြသော် ပထမဘဝင်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် လှေကားခုံစသည်တို့နှင့်တူ၏။ ဒုတိယဘဝင်သည် ပန်းခူးသောယောက်ျားနှင့်တူ၏။ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်ဟူသော အာရုံသည် ပန်းပွင့်နှင့်တူ၏။ တတိယဘဝင်စသည်တို့လည်း နည်းမှီလေ။

အကြောင်းတရားသည် ရှေးကဖြစ်နှင့်ပြီး အကျိုးတရားပေါ်မှာ ကျေးဇူးပြုသည်ကို ပုရေဇာတခေါ်သည်။ ပုရေဇာတတ္ထိ၊ ပုရေဇာတ အဝိဂတတို့ကိုလည်း ပုရေဇာတပြန်၍ညွှန်းခြင်းကြောင့် ရှေးကဖြစ်ရုံနှင့်

ပုရေဇာတမဖြစ်။ ရှေးကလည်းဖြစ်နှင့်မှ၊ အကျိုးတရား၏ မှီရာလည်း ဖြစ်မှ၊ အကြောင်းတရားသည် ထင်ရှားရှိပြီးကျေးဇူးလည်းပြုမှ၊ အကြောင်း တရားသည် မကင်းသည်ဖြစ်၍ အကျိုးတရားအားကျေးဇူးပြုမှ ပုရေဇာတ ခေါ်သည်။

အကြောင်းတရားသည် 'ပုရေ'၊ အကျိုးတရားသည် 'ပစ္ဆာ' မှတ်လေ။ အတ္ထိ၊ အဝိဂတသဘောနှင့်လည်း ပြော၍ရ၏။ ပစ္ဆာဇာတ သဘောနှင့်လည်း ပြော၍ရ၏။ ဆရာတော် ဦးဝိမလ၏ ဝတ္ထုပုရေဇာတ အဓိပ္ပာယ် ပြီးပြီ။

## ဦးဝိမလ၏အာဘော် (အာရမ္မဏပုရေဇာတ)

အာရမ္မဏပုရေဇာတ၌ ပစ္စည်းသည် 'ပုရေ'၊ ပစ္စယုပ္ပန်သည် 'ပစ္ဆာ'။

ဘုရားကိုဖူးမြင်လိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇော (၇)ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ ရုပ်တရားသည် နောက်က ပစ္ဆာဇာတအထောက်အပံ့ကိုရ၍ ဋီအခါကျမှကျေးဇူးပြု၏။ ဋီရုပ် (၄၉)ခု ရှိရာတွင် အတီတဘဝင်နှင့်အတူဥပါဒ်သော ဘုရားတည်းဟူသော ရူပါရုံသည် စက္ခုဝိညာဏ်၏ဥပါဒ်မှာ (၁၂)နှစ်ရှိ၏။ ၄င်းရူပါရုံသည် စက္ခုဝိညာဏ်ထက် (၁၂)နှစ်ရှေးကျ၏။ (၁၂)နှစ်မြောက်သော ရူပါရုံသည် အာရမ္မဏပုရေဇာတပစ္စည်း၊ စက္ခုဝိညာဏ်သည် ပစ္စယုပ္ပန်၊ ရှေးရှေး၌ဖြစ်၍ ချုပ်ပျောက်သွားသောရူပါရုံ၊ နောင်ဖြစ်လတ္တံ့ရူပါရုံ၊ အကြွင်းရူပါရုံတို့သည် ပစ္စနိက်။

အတီတဘဝင်နှင့်အတူဥပါဒ်သော ရူပါရုံသည် ဌီ (၉)နှစ် မြောက်သည့်အခါ ပဉ္စဒွါရာဝဇ္ဇန်းအားကျေးဇူးပြုသည်။ ၎င်းကိုးနှစ် မြောက်သော ဌီရုပ်သာ 'ပုရေ'လည်းဖြစ်၊ 'ပစ္စယော'လည်းဖြစ်၏။ သုံးနှစ်မြောက်သောဌီရုပ်, ခြောက်နှစ်မြောက်သော ဌီရုပ်တို့သည် 'ပုရေ'သာဖြစ်သည်၊ 'ပစ္စယော'မဖြစ်။

အတီတဘဝင်၏ဌီကစ၍ဖြစ်သော ဌီရုပ်၊ ဘဝင်္ဂစလနနှင့်အတူ ဥပါဒ်သော ဌီရုပ်၊ ဘဝင်္ဂုပစ္ဆေဒနှင့်အတူဥပါဒ်သော ဌီရုပ်တို့သည် ပဉ္စဒွါရာဝဇ္ဇန်းကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်၍ 'ပုရေ'သာဖြစ်သည်။ ကိုးနှစ်မြောက်သော (ဝါ) ကိုးခဏမြောက်သော ဌီရုပ်တစ်ခုတည်းသာ အာရမ္မဏလည်းဖြစ်၊ ပုရေလည်းဖြစ်၊ အတ္ထိလည်းဖြစ်၊ အဝိဂတလည်း ဖြစ်၊ ပစ္စယောလည်းဖြစ်သည်။ ကိုးနှစ်မြောက်သောဌီရုပ်သည် ပစ္စည်း၊ ပဉ္စဒွါရာဝဇ္ဇန်းနာမက္ခန္ဓာသည် ပစ္စယုပ္ပန်။

ပစ္စယနိဒ္ဒေသပါဠိတော်၌ **"ရူပါယတနံ (လ) မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော"** ဟုဟော တော်မူသည်။ ၎င်းရူပါရုံကို မချုပ်သေးသည်ဖြစ်၍ ပစ္စယုပ္ပန်ဆိုရမည်။ မချုပ်သေးသ၍ကာလပတ်လုံး ပစ္စယုပ္ပန်ဟူ၍မှတ်ရမည်။ အတီတဘဝင် နှင့်အတူဥပါဒ်သောရူပါရုံကိုသာ အဘိမုခီဘူတဃဋ္ဋနဖြစ်၍ အာရမ္မဏ ပုရေဇာတပစ္စည်း ယူရမည်။ ကြွင်းသောရုပ်များကို မယူရ။ '**ကေကံ အာရမ္မဏံ ဌိသု ဌိသု ဒွါရေသု**'ဟုဆိုခြင်းကြောင့် ရူပါရုံသည် စက္ခုဒွါရနှင့်မနောဒွါရ၌ ဖြစ်၏။ သောတစသည်လည်း နည်းတူ။

အတီတဘဝင်နှင့်အတူဥပါဒ်သော ရူပါရုံတည်းဟူသောဌီရုပ် တစ်ခုသာလျှင် အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒတို့၏

ပျက်စီးမှု, တုန်လှုပ်မှု, ပြတ်မှု၊ ပဋ္ဌဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော အာရမ္မဏစိတ်တို့ဖြစ်ပေါ်မှုကို စွမ်းနိုင်သောကြောင့် 'အာရမ္မဏပုရေ' လည်းဖြစ်၏။ ပဋ္ဌဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသောစိတ်တို့ကို ကျေးဇူးပြုသောကြောင့် 'ပစ္စယော' လည်းဖြစ်၏။

အတီတဘဝင်၏ဌီကစ၍ ဘဝင်္ဂုပစ္ဆေဒ၏ဘင်တိုင်အောင် ခဏတိုင်းခဏတိုင်းဖြစ်သော ဌီရုပ်တွေသည် အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒတို့၏ ပျက်စီးမှု, တုန်လှုပ်မှု, ပြတ်မှုတို့ကို မစွမ်းနိုင်သောကြောင့် 'အာရမ္မဏပုရေ'သာဖြစ်၏။ ပဋ္ဌဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသောတရားတို့ကို ကျေးဇူးမပြုနိုင်သောကြောင့် 'ပစ္စယော' မဖြစ်။ အတီတဘဝင်၏ဌီက စ၍ တဒါရုံတိုင်အောင် ခဏတိုင်း ခဏတိုင်းဖြစ်သောရုပ်တို့သည် ပစ္စနိက်ထဲသို့ဝင်ကုန်၏။ ဆရာတော် ဦးဝိမလ၏ အာရမ္မဏပုရေဇာတအဓိပ္ပာယ်တည်း။

*ပုရေဇာတပစ္စည်း ပြီးပါပြီ။*

# ပဏ္ဍာဇာတပစ္စယော




၁၁။ လင်းတငယ်တို့၏ ခန္ဓာကိုယ်အား အာသာဆန္ဒဖြင့် အသက်ရှင်နိုင်ရန် နောက်မှဖြစ်ခြင်းက ကျေးဇူးပြုသကဲ့သို့သော ပဏ္ဍာဇာတပစ္စည်းတရား။

# ပစ္ဆာဇာတပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဝတ္တိကာလ၌သာ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၌သာ ဖြစ်နိုင်ပါသည်။
  စတုဝေါကာရ (၄) ဘုံနှင့် ဧကဝေါဟာရဘုံ
  တို့၌ မဖြစ်နိုင်ပါ။

## ၁၁။ ပစ္ဆာဇာတပစ္စည်းအစီပွာယ်

ပုရေဇာတပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ပစ္ဆာဇာတပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'ပစ္ဆာဇာတပစ္စယော' ဟူသည်တည်း။

**ပစ္ဆာဇာတပစ္စယော** - နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) လင်းတငယ်တို့၏ အာဟာရဍ္ဍိဖြစ်သော 'ချင်ခြင်း' စေတနာသည် နောက်မှဖြစ်၍၊ ထင်ရှားရှိသောကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### ပစ္ဆာဇာတပစ္စည်း သုံးချက်စု

**ပစ္ဆာဇာတပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် ပဋိစ္စဝါကာရဘုံ၌ ဖြစ်ခိုက်,ဖြစ်နေ အရူပဝိပါက်လေးခု ကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်သော စိတ် (၈၅) ခု၊ စေတသိက် ဒွေပညာသ။ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း တပ်သောတရား မည်ကုန်၏။

ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ,

စတုဇကာယ။ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

(တစ်နည်း) ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကသမုဋ္ဌာနိကကာယ, ဒွိသမုဋ္ဌာနိကကာယ, တိသမုဋ္ဌာနိကကာယ, စတုသမုဋ္ဌာနိကကာယ။ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပဉ္စာသ၊ နောက်နောက်သောစိတ်နှင့်အတူဥပါဒ်သော စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

(တစ်နည်း) အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပဉ္စာသ၊ ဗာဟိရရုပ်၊ အသညသတ်ကမ္မဇရုပ်၊ နိရောဓသမာပတ် ဝီထိ၌ နေဝသညာနာသညာယတန အဆုံးဓောနှင့်အတူဥပါဒ်သော စိတ္တဇရုပ်။ ထိုခဏမှစ၍ နောက်နောက်ခဏတို့၌ဖြစ်သော အနာဂါမိဖိုလ် (အရဟတ္တဖိုလ်)မဖြစ်မီ ချုပ်နှင့်ကြသောအာဟာရဇရုပ်၊ ဥတုဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်။ စုတိစိတ်နှင့်အတူ ဥပါဒ်သော အာဟာရဇရုပ်, ဥတုဇရုပ်။ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရားမည်ကုန် ၏။ (နောက်နည်းကား မိုင်းခိုင်းဆရာတော်၏ဝါဒတည်း)

## ပစ္ဆာဇာတပစ္စည်း ချုပ်ပို့စဉ်

**"ဥပမာယ မိဓေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ"** ဟူသည်နှင့် အညီ ဥပမာ၊ ဥပမေယျစပ်ဟပ်၍ ထင်စွာပြပေအံ့ -

မန်ကျည်းပင်အောက်မှာ မန်ကျည်းစေ့ကလေးတွေကြွေကျနေတာ မမြင်ဘူးလား၊ မြင်ပါ၏။ ၄င်းမန်ကျည်းစေ့ကလေးတွေသည်ကား လို့ဆိုရင် မိုးဦးကျတဲ့အခါမှာ အညှောက်ကလေးတွေသည် ပေါက်လာရ၏။ ၄င်းအညှောက်ကလေးတွေမှာ ဤကဲ့သို့ပင်ပေါက်နေပါသော်လည်း စည်ပင်ပြန့်ပွားကြီးပွားမှုကိုတော့ ရေရှိမှသာလျှင် ဖြစ်မည်ဖြစ်သောကြောင့် မျိုးစေ့နှင့်မြေတို့မှာတော့ သစ်ပင်ဖြစ်ရုံမျှသာမှတ်ပါ။ စည်ပင်ပြန့်ပွားကြီးပွားမှုကိုတော့ ရေကဖြစ်စေတယ်လို့မှတ်ပါ။

တပည့်တော်တို့ ကိုယ်တော်တို့သည် တံဆိပ်တုံးကြီးနဲ့တူတယ်။ ရှေးကပစ်ချလိုက်သောကံကြောင့် အမိဝမ်းခေါင်းမှာ ကာယ, ဘာဝ, ဝတ္ထုနှင့် ပဋိသန္ဓေနာမက္ခန္ဓာတို့သည် တစ်ပြိုင်နက်တစ်ချက်တည်း ပေါ်လာရ၏။ ၄င်းတို့သည် မိမိတို့၏ခန္ဓာကိုယ်ကြီးဖြစ်မှုအတွက် မျိုးစေ့အညှောက်တွေကဲ့သို့ဖြစ်တယ်။ ၄င်းတို့၏ကြီးပွားမှုအတွက် ရေလိုနေတယ်လို့မှတ်ရမယ်။ ဒီအခါမှာ သစ်ပင်ကလေးတွေက ဖြစ်စပေါက်ခါစဖြစ်တော့ ရေတွေအများကြီးလောင်းခဲ့လျှင်လည်း အားမရှိဘဲ သေဖွယ်ရာသာရှိ၏။ တစ်နည်းအားဖြင့် ၄င်းသစ်ပင်ကလေးတွေကို ရေလောင်းရမည့်အချိန်အခါမဟုတ်သေးပါဘဲ ရေသွားလောင်းကလည်း သေဖွယ်ရာသာရှိရာ၏။

ထိုဥပမာကဲ့သို့ ကလာပ်သုံးစည်းနှင့်တကွသော ပဋိသန္ဓေနာမက္ခန္ဓာကလေးတို့မှာ ဖြစ်ခါစဖြစ်ပါ၍ အမှီသဟဲမရှိသေးပါဘဲ သမ္ပယုတ္တဓမ္မတွေက အကုန်လုံးပြုပြီးကျေးဇူးအပြုကို မခံနိုင်သေးရကားသူတို့သည် တစ်စုံတစ်ခုသောအထောက်အပံ့ကို မယူသေးပါသဖြင့် ၄င်းအခိုက်အတန့်မှာ ပစ္စနိက်ဟုမှတ်ပါလေ။

ထို့နောက် ပဋိသန္ဓေနာမက္ခန္ဓာကလေးက ဌီသို့ရောက်တဲ့အခါ ၄င်းကလာပ်သုံးစည်းဟာလည်း ဌီရုပ်တွေပါပဲတဲ့။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ကဖြစ်လာတဲ့ ကမ္မဇရုပ်ထဲမှာပါတဲ့တေဇောသည် ဌီသို့ရောက်တဲ့အခါမှာ သူသည်အားရှိပြီး ဥတုဇကလာပ်သုံးစည်းကို တစ်ဖန်ဖြစ်စေ၏။ သို့ဖြစ်ပါ၍ ဥပါဒ်တုန်းကဖြစ်ခဲ့တဲ့ ကမ္မဇကလာပ်သုံးစည်း၊ ယခု ဥတုဇကလာပ်သုံးစည်း၊ ဌီကလာပ်သုံးစည်းအားဖြင့်ပေါင်းသော် ကလာပ်ကိုးစည်းပြိုင်ဆိုင်ပါ၏။

၄င်းနောက် ပဋိသန္ဓေစိတ်၏ဘင်သို့ရောက်တဲ့အခါ ကမ္မဇကလာပ် (၉)စည်းဖြစ်လာ၍၊ ဌီကလာပ် (၃)စည်း၊ ဥတုဇကလာပ် (၃)စည်းအားဖြင့်ပေါင်းသော် ကလာပ် (၁၅)စည်းပေါင်းဆုံမိပြန်၏။ ၄င်းကမ္မဇကလာပ်၊ ဥတုဇကလာပ်၊ ပဋိသန္ဓေနာမက္ခန္ဓာတို့မှာ အချင်းချင်း တစ်ဦးကိုတစ်ဦး အားပြုပြီးနေလာခဲ့ရာ ဖြန်းခနဲဆို ပဋိသန္ဓေနာမက္ခန္ဓာကလေးက ဥပါဒ်ဌီဘင်ပြည့်ပြီး ချုပ်ပျောက်သွားတဲ့အခါမှာ ကျန်တဲ့ ကမ္မဇကလာပ်နဲ့ ဥတုဇကလာပ်တို့မှာ အမှီတစ်ခုပြုတ်သွားသောကြောင့် အားမရှိရကား အမှီများကိုရှာဖွေနေတုန်း ဖြန်းခနဲဆို ပဋိသန္ဓေနာမက္ခန္ဓာကလေးနဲ့အလားတူ ပထမဘဝင်နာမက္ခန္ဓာကလေး ပေါ်လာတဲ့အခါမှာ ကျန်တဲ့ကမ္မဇကလာပ်နဲ့ ဥတုဇကလာပ်တို့မှာ ပထမဘဝင်နာမက္ခန္ဓာနဲ့ တွေ့လိုက်ရတော့ သူတို့မှာ အလွန်တရာ အားရှိလာပါတယ်တဲ့။ အလွန်တရာအားကိုးရာမဲ့နေသောသူသည် မိမိ၏အားကိုးအားထားပုဂ္ဂိုလ်တစ်ယောက်လောက်များ ပေါ်ပေါက်လာတဲ့အခါမှာ ပျော်၍မဆုံး နှလုံးရွှင်မြူး အထူးအားရ နှစ်သက်သကဲ့သို့မှတ်ပါလေ။

ဒါ့ကြောင့် အလားတူ ပထမဘဝင်နာမက္ခန္ဓာကလေးသည်

ပစ္ဆာဇာတပစ္စည်း၊ ကျန်တဲ့ အားကိုးရာမဲ့နေသောကမ္မဇကလာပ်, ဥတုဇကလာပ်သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်မှတ်ပါလေ။ ထို့ကြောင့် အညွန့်အညှောက်သည် ကမ္မဇကလာပ်, ဥတုဇကလာပ်နဲ့တူ၏။ ရေသည် ပထမဘဝင် နာမက္ခန္ဓာနှင့်တူ၏။ ၄င်းပထမဘဝင် နာမက္ခန္ဓာမရှိပါက အညွန့်အညှောက်နဲ့တူတဲ့ ကမ္မဇကလာပ်, ဥတုဇကလာပ်တို့မှာ မှီခိုရာမရှိသောကြောင့် အားနည်းပြီး ပျက်စီးဖွယ်ရာသာ အကြောင်းရှိ၏မှတ်ပါ။ ဒီနေရာမှာ ကမ္မဇကလာပ်, ဥတုဇကလာပ်တည်းဟူသော ဒွိဇကာယကိုသာရတယ်လို့ မှတ်ရမယ်။

၄င်းကလာပ်များ၏ပမာဏမှာ အဏုမြူမျှပမာဏရှိ၏။ ဒါဖြင့် မြင်းမိုရ်တောင်မှာရှိသော ကလာပ်တွေဟာလည်း အဘယ်မျှလောက် ပမာဏရှိပါသလဲဆိုရင် အဏုမြူမျှသာပမာဏရှိတယ်မှတ်။ ဤကဲ့သို့ ဖြစ်ခဲ့ပါရင် လူများ၏ခန္ဓာကိုယ်ပျက်စီးတာနဲ့ မြင်းမိုရ်တောင်ကြီးပျက်စီးတာ မည်သူကမြန်ပါသလဲဆိုရင် အတူတူဟုမှတ်။ ဘာ့ကြောင့်ဆိုသော် ကလာပ်ပမာဏချင်းတူသောကြောင့်ဟု မှတ်ယူကြလေကုန်။

တပည့်တော်တို့ ကိုယ်တော်တို့၏ ခန္ဓာကိုယ်ကြီးမှာလည်း နောက်ကဖြစ်နေတဲ့ စိတ်အစဉ်တွေသည် ပြတ်သွားခဲ့မယ်လို့ဆိုပါရင် သွားမှုလာမှုဟုဆိုအပ်တဲ့အမှုကိစ္စတွေဟာ ပြီးလိမ့်မည်မဟုတ်ပေ။ ခန္ဓာကိုယ်ကြီးဟာ ပျက်စီးဖို့ရာသာအကြောင်းရှိပေတော့၏။ ဤကဲ့သို့ သွားမှုလာမှုဟုဆိုအပ်တဲ့အမှုကိစ္စတွေကို ပြီးဆုံးလောက်အောင် လုပ်နိုင်တာ ပစ္ဆာဇာတသတ္တိကြောင့်လို့မှတ်။ ငါလုပ်လို့ပြီးတယ်၊ ငါ သွားလို့ပြီးတယ်ဟု မမှတ်ယူလေနှင့်။

ထို့နောက် ပထမဘဝင်နာမက္ခန္ဓာကလေးသည် ပဋိသန္ဓေ

နာမက္ခန္ဓာ၏ အနန္တရသတ္တိကိုရသောကြောင့် သူသည် အားရှိရကား စိတ္တဇရုပ်ကိုဖြစ်စေ၏။ ထိုအခါ ပဋိသန္ဓေစိတ်၏ဥပါဒ်ကဖြစ်ခဲ့သော ကမ္မဇကလာပ်၊ ဥတုဇကလာပ်၊ ပထမဘဝင်၏ဥပါဒ်မှာဖြစ်တဲ့ စိတ္တဇကလာပ်အားဖြင့် ကလာပ်သုံးစည်းဖြစ်လာပြန်၏။

၎င်းနောက် ပထမဘဝင်နာမက္ခန္ဓာကလေးသည် ဥပါဒ်ဋ္ဌီဘင် ပြည့်၍ ချုပ်သွားပြန်သော် ကျန်တဲ့ကလာပ်သုံးစည်းမှာ မှီခိုရာမရှိဘဲ အားနည်းနေပြန်သောကြောင့် မှီခိုရာရှာနေတုန်း ဖြုန်းခနဲဆို ဒုတိယ ဘဝင်ကလေးဖြစ်ပေါ်လာတဲ့အခါ ၎င်းကလာပ်သုံးစည်းမှာ ဒုတိယ ဘဝင်နဲ့တွေ့သောကြောင့် အားရှိရကား ဒုတိယဘဝင်နာမက္ခန္ဓာသည် ပစ္စည်း၊ ရှေးကဖြစ်နှင့်သော တိဇရုပ်သည် ပစ္စယုပ္ပန်မှတ်။

ဤနေရာ၌ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်တို့မှာ ဒုတိယဘဝင် ကလေးနဲ့တွေ့ပြီးမှ 'ရှိသည်ဖြစ်၍ကျေးဇူးပြုသောကြောင့်' ပစ္ဆာဇာတတ္တိ မှတ်ပါ။

ထို့နောက် တစ်သတ္တာဟ၊ နှစ်သတ္တာဟမြောက်သောအခါ အမိသည်မျိုအပ်သောဩဇာသည် ရသာကြောသို့အစဉ်လျှောက်၍ သူငယ်၏အရွတ္တသန္တာန်မှာတည်သော အာဟာရဇရုပ်နဲ့တွေ့သောအခါ အားရှိ၍ အာဟာရဇရုပ်ကိုဖြစ်စေ၏။ ထိုအခါ အာဟာရဇရုပ်နှင့် ကမ္မဇကလာပ်, ဥတုဇကလာပ်, စိတ္တဇကလာပ်အားဖြင့် ကလာပ် လေးစည်းပေါင်းဆုံမိပြန်၏။ သို့ဖြစ်ပါ၍ နောက်ဖြစ်လတ္တံ့သော နာမက္ခန္ဓာသည် ပစ္စည်း၊ ၎င်းနာမက္ခန္ဓာမဖြစ်ခင် ဖြစ်နေနှင့်သော စတုဇရုပ်သည် ပစ္စယုပ္ပန်မှတ်ပါ။

ကာမဘုံမှစုတေ၍ ကာမဘုံ၌တစ်ဖန်ပဋိသန္ဓေနေလိုလတ်သော်-

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ မရဏာသန္နဇော (၅)ကြိမ်၊ ရုံ၊ ရုံ၊ စုတိ၊ ပဋိသန္ဓေ၊ ဘဝင် (၁၅), (၁၆)ကြိမ်၊ မ၊ ဘဝနိကန္တိကလောဘဇော (၇)ကြိမ်၊ ဘဝင်။ ၎င်းဝီထိ၌ ပဋိသန္ဓေ၏ဥပါဒ်မှာ ရှေးဘဝက ပစ်ချလိုက်သောကံကြောင့်ဖြစ်သော ပဋိသန္ဓေနာမက္ခန္ဓာ၊ ကမ္မဇကလာပ်သုံးစည်းတို့ တစ်ပြိုင်နက်ဖြစ်ပေါ်လာရ၏။ သူတို့သည် ဖြစ်စဖြစ်သောကြောင့် အလွန်တရာနုနယ်ရကား ကမ်းပါးပြတ်နားမှာနေသောသူကဲ့သို့ သူတစ်ပါးကပင် အထောက်အပံ့ အကူအညီ ပေးငြားသော်လည်း မယူနိုင်သေးရကား မည်သည့်အလုပ်ကိုမှမလုပ်နိုင်ဘူးဟုမှတ်။ ဤကဲ့သို့ ပဋိသန္ဓေနာမက္ခန္ဓာကမှအားမရှိပါရင် ကျန်တဲ့ကလာပ်သုံးစည်းမှာလည်း အားမရှိဘူးလို့မှတ်ပါ။

ဘာနဲ့အလားတူပါသလဲလို့ဆိုရင် မိမိတို့သည် ခဲတစ်လုံးကို ကုဋီထဲသို့ပစ်ချလိုက်တဲ့အခါမှာ ၎င်းခဲသည် ငါဖြင့်ကုဋီထဲမှာမနေချင်ပါဘူး၊ တခြားတစ်နေရာကိုသွားပါတော့မယ်ဆိုပြီး ရွှေ့ပြောင်းပြီးသွားလို့ရပါသလားဆိုရင် မရဘူးလို့မှတ်။ ဘာ့ကြောင့်ဆိုသော် သူတို့မှာ ရွှေ့ပြောင်းနိုင်သောအစွမ်းသတ္တိ မရှိလို့ဟုမှတ်ပါလေ။ ထို့အတူ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ကလာပ်သုံးစည်းတို့မှာလည်း ငါတို့ချည်းပဲနေရတာ မနေချင်ပါဘူး။ မှီခိုရာအားထားရာကိုရှာပါဦးမယ်လို့ဆိုပြီး အလုပ်များကို လုပ်လို့ရပါသလားဆိုရင် မရပါဘူးတဲ့။ ကံကပစ်ချလိုက်တဲ့အတိုင်းပဲ နေရတာပါပဲတဲ့။

ထို့နောက် ပဋိသန္ဓေစိတ်ကလေးကဥပါဒ်ဆိုရင် ကျန်တဲ့ကလာပ်သုံးစည်းတို့ကလည်းဥပါဒ်ပါပဲတဲ့။ ဌီဆိုရင်လည်း ၎င်းကလာပ်သုံးစည်းတို့မှာဌီပါပဲတဲ့။ ဤနေရာမှာ စိတ်တို့မည်သည်မှာ ဥပါဒ်ခဏ၌ အားရှိ

တယ်လို့ဆိုထားရကား ၄င်းအခိုက်အတန့်မှာဖြစ်သော ပဋိသန္ဓေစိတ် ကလေးမှာ အားရှိသလားလို့ဆိုရင် အားမရှိသေးပါဘူး။ ဥပါဒ်ခဏ၌ အားရှိတယ်ပင်ဆိုငြားသော်လည်း နေရာတိုင်းမယူရဘူးမှတ်။ ကျန်တဲ့ ရုပ်ကလာပ်တို့သည် ဌီသို့ရောက်နေပါသော်လည်း ဒီနေရာမှာ အားမရှိ သေးဘူးလို့မှတ်ပါ။

သင်္ဂြိုဟ်, ဋီကာကျော်ဆရာတို့၏အလိုအားဖြင့် ကမ္မဇရုပ်တို့ မည်သည်မှာ **"ခဏေ ခဏေ သမုဋ္ဌာပေတိ"** ဟူသည်နှင့်အညီ ပဋိသန္ဓေ စိတ်၏ဥပါဒ်ကဖြစ်ပေါ်လာသော ကမ္မဇကလာပ်ကလေးသည် ၎င်း ပဋိသန္ဓေစိတ်၏ဌီမှာ ဌီကလာပ်သုံးစည်း အသစ်တစ်ဖန်ထပ်ပေါ်ပြန်၏။ ထိုအခါ ၎င်းကမ္မဇကလာပ်ထဲမှာပါသော တေဇောဓာတ်သည် နောက် ဖြစ်ပေါ်လတ္တံ့သော ပထမဘဝင်နာမက္ခန္ဓာ၏ ပစ္ဆာဇာတသတ္တိကို ရသောကြောင့် သူတို့သည် အားရှိရကား ဥတုဇကလာပ်ကို တစ်ဖန် ဖြစ်စေ၏။ ထိုအခါမှာ နောင်စိတ္တနိယာမအားဖြင့် ဖြစ်ပေါ်လတ္တံ့သော ပထမဘဝင်နာမက္ခန္ဓာသည် ပစ္စည်း၊ ပဋိသန္ဓေစိတ်၏ဌီအခိုက်၌ တည်သော ကမ္မဇကလာပ်သုံးစည်းတည်းဟူသော ဇေဇကာယသည် ပစ္စယုပ္ပန်မှတ်လေ။

ထို့နောင် ပဋိသန္ဓေနာမက္ခန္ဓာကလေးသည် ဥပါဒ်ဌီဘင်ပြည့်၍ သေသွားပြန်သော် ကျန်နေသော ပဋိသန္ဓေစိတ်၏ဌီမှာတည်နေသော ကမ္မဇကလာပ်သုံးစည်း, ဥတုဇကလာပ်သုံးစည်းတို့သည် တစ်ဖန် အားရှိလာရကား ပထမဘဝင်ကလေးသည် ပစ္စည်း၊ ကမ္မဇကလာပ်, ဥတုဇကလာပ်တည်းဟူသော ဒွိဇရုပ်သည် ပစ္စယုပ္ပန်မှတ်ပါ။

ထိုအခါ ပထမဘဝင်နာမက္ခန္ဓာကလေးသည် အနန္တရသတ္တိရလို့

စိတ္တဇရုပ်ကို တစ်ဖန်ဖြစ်စေပြန်၏။ သို့ဖြစ်၍ ပဌမဘဝင်၏ဥပါဒ်မှာ ကမ္မဇရုပ်, ဥတုဇရုပ်ကလာပ်နှစ်စည်းကလည်း အသစ်တစ်ဖန်ဖြစ်ပေါ်ပြန်ရကား ကလာပ်သုံးစည်းပေါင်းဆုံမိပြန်၏။ ထိုအခါ စိတ္တနိယာမအားဖြင့် နောင်ဖြစ်ပေါ်လတ္တံ့သော ဒုတိယဘဝင်ကလေးသည် ပစ္စည်း၊ ကမ္မဇ, ဥတုဇ, စိတ္တဇတည်းဟူသော တိဇကာယသည် ပစ္စယုပ္ပန် မှတ်ပါလေ။

ဒုတိယဘဝင်ကလေးသည် ချုပ်သွားပြန်၏။ ဤကဲ့သို့ဖြစ်နေပြီးနောက် တစ်သတ္တာဟ၊ နှစ်သတ္တာဟမြောက်သောအခါ အမိသည် မျိုအပ်သောအစာသည် ရသာကြောသို့အစဉ်လျှောက်၍ သူငယ်၏ အစ္စျတ္တသြဇာနဲ့တွေ့တဲ့အခါမှာ အားရှိပြီးလျှင် အာဟာရဇရုပ်ကိုဖြစ်စေပြန်ရကား ကျန်သောကမ္မဇ, ဥတုဇ, စိတ္တဇကလာပ်အားဖြင့် ကလာပ်လေးစည်း ပေါင်းဆုံမိပြန်သောကြောင့် နောင် ဖြစ်ပေါ်လတ္တံ့သော နာမက္ခန္ဓာသည် ပစ္စည်း၊ ကမ္မဇ,ဥတုဇ,စိတ္တဇ,အာဟာရဇတည်းဟူသော စတုဇရုပ်သည် ပစ္စယုပ္ပန်မှတ်။ ဤကဲ့သို့ယူလိုက်ပါက ငှိုကာကျော်ဆရာတော်နှင့် သုံးချက်စုအကောက်ဆရာတော်တို့၏ အယူဝါဒမှာ မပြားကြပါဘဲ တစ်သားတည်းဖြစ်သွားသည်။

ပါဠိတော်ကိုထောက်ဆ၍ယူခဲ့ပါရင် ပဋိသန္ဓေစိတ်၏ဌီအခါမှာ ဖြစ်နေတဲ့ ကမ္မဇကလာပ်ကလေးမှာ ငှိုကာကျော်ဆရာက အားရှိတယ်လို့ ပင်ဆိုပါငြားသော်လည်း နောက်ကပဋ္ဌာဇာတသတ္တိကိုပေးတတ်တဲ့ ပဌမဘဝင်ကလေးမှာ မပေါ်သေးပါဘဲ ဘယ်လိုလုပ်ပြီးအားရှိပါမည်နည်း၊ သူတစ်ပါးတို့ ယုံမှားစရာအကြောင်းတစ်ရပ် ဖြစ်ပေါ်လာ၏။

တစ်နည်းအားဖြင့် "ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တိဏ်"ဟု

သင်္ချာဝါရမှာမိန့်ထားသည်ကိုထောက်၍ ပဋ္ဌာဇာတတို့မည်သည်မှာ 'ရှိသည်ဖြစ်၍သာ ကျေးဇူးပြုသောကြောင့်'ဟု ဋီကာဆရာဆိုထား သောကြောင့် ဧကဇကာယကလေးမှာ ပျက်ဖို့ရာသာအကြောင်း ရှိတော့၏။ သို့ဖြစ်ပါ၍ ပါဠိတော်အလိုအားဖြင့် ဒွိဇ၊တိဇ၊စတုဇတို့က သာ ပဋ္ဌာဇာတသတ္တိဖြင့်ကျေးဇူးပြုနိုင်တယ်လို့မှတ်ပါ။

ဤကဲ့သို့ယူလိုက်ခဲ့သည်ရှိသော် ဋီကာကျော်ဆိုသောစကားသည် အသုံးမကျဘဲဖြစ်နေတော့ ဒီလိုလည်းမယူကြပါနဲ့။ ဘာ့ကြောင့်ဆိုသော် တပည့်တော်တို့သာသနာတော်ကြီးမှာ ဋီကာကျော်ကျမ်းဆရာသည်ကား လို့ဆိုရင် နေလို၊လလို အလွန်တရာမှထင်ရှားနေတဲ့ ဆရာကြီးတစ်ပါး ဖြစ်နေပါတယ်။ ဒါ့ကြောင့် ဋီကာကျော်ဆရာ၏ဆိုလိုရင်းအဓိပ္ပာယ်ကို သိဖို့ရာလိုပါတယ်။ ဒါကြောင့် ဋီကာကျော်ဆရာ၏ရည်ရွယ်ချက်ကို လိုက်ပြီးရှာကြဦးစို့ ဦးဇောတိကရဲ့၊

'ပစ္ဆာယုပ္ပန္နတော ပဋ္ဌာ ဟုတွာ ဇာတော ပဋ္ဌာဇာတပစ္စယော' ဟူသည်နှင့်အညီ ပစ္စည်းတရားသည် ဘယ်အခါမှာပဲဖြစ်ဖြစ် နောက်မှ ဖြစ်၍၊ ပစ္စယုပ္ပန်တရား၏ဖြစ်နှင့်နေတာကို ပဋ္ဌာဇာတလို့ခေါ်ထားရ ကား သဒ္ဒါနည်းအားဖြင့်စစ်ကြည့်လျှင် ဋီကာကျော်ဆရာဆိုထားသော စကားသည် မှန်ပြန်၏မှတ်ပါ။

အကယ်၍ ပစ္စယုပ္ပန်တရားသည် ရှေးကမဖြစ်နှင့်ဘဲနေခဲ့ပါရင် နောင်ဖြစ်လတ္တံ့သော ပထမဘဝင်စသည်တို့မှာ ပဋ္ဌာဇာတပစ္စည်း တပ်ဖို့ရာ အကြောင်းမရှိဘူးလို့မှတ်ရမယ်။

တစ်နည်းအားဖြင့် ပဋ္ဌာဇာတပစ္စည်းဟူသည် ပစ္စည်း၏အမည် လား၊ ပစ္စယုပ္ပန်တရား၏အမည်လားလို့ဆိုပါရင် ပစ္စယုပ္ပန်၏နောက်မှ

ဖြစ်သော ပစ္စည်း၏အမည်ကိုသာ ပစ္ဆာဇာတလို့ခေါ်ထား၏။ သို့ဖြစ်ပါသောကြောင့် ပဋိသန္ဓေစိတ်၏ဌီမှာရှိသော ကမ္မဇကလာပ်တို့သည် သူတို့က ရှေ့မှာဖြစ်နှင့်လို့ရှိပါရင် နောက်မှချ ပထမဘဝင်စသည်တို့မှာ ဖြစ်မည်ဖြစ်ပါသောကြောင့် စိတ္တနိယာမကိုထောက်၍ ပထမဘဝင်၏ အထောက်အပံ့ကို မရသေးပါသော်လည်း နောင်ဖြစ်မည်ကိုရည်မှန်း၍ အားရှိနေရကား ကမ္မဇကလာပ်သုံးစည်းတည်းဟူသော ကေဇကာယ သည်လည်း ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်တပ်နိုင်တယ်လို့မှတ်ပါလေ။

ဥပမာအားဖြင့် ထင်ရှားစွာပြဦးအံ့- ကောဏ္ဍည၊ ဝပ္ပစသော ပုဏ္ဏားများသည် ဘုရားလောင်း၏ လက္ခဏာကြီးငယ်ကိုကြည့်၍ ဤပုဂ္ဂိုလ်သည် နောက်မှချ ဘုရားဖြစ်လိမ့်မည်လို့ဆိုတာကိုသိသော ကြောင့် တောထွက်ပြီးရဟန်းပြုကြကုန်၏။ သူတို့တောထွက်ပြီး ရဟန်း ပြုကြတော့ ဘုရားလောင်းသည် ဘုရားဖြစ်ပြီလားလို့ဆိုရင် မဖြစ်သေးပါ ဘူးတဲ့။ ဤကဲ့သို့ပင်မဖြစ်သေးပါသော်လည်း သိဒ္ဓတ္ထမင်းသား၏ နောက်မှချဘုရားဖြစ်မည်ကို သိပါသောကြောင့် ၎င်းပုဂ္ဂိုလ်များမှာ အားရှိပြီးသကာလ တောထွက်၍ရဟန်းပြုကြကုန်၏။

တစ်နည်းအားဖြင့် ထမင်းမစားရ၊ ရေမသောက်ရသောကြောင့် လဲနေသောလူတစ်ယောက်ကို အသင်သည် ရှေ့ကတောအုပ်ကလေးသို့ ရောက်အောင်သွားခဲ့လို့ရှိရင် ၎င်းနေရာမှာရေရှိတယ်၊ သို့ဖြစ်ပါ၍ အသင် သွားပြီးသောက်ပါလေဟု တစ်စုံတစ်ယောက်သောသူ၏ တိုက်တွန်းချက် ကြောင့် ၎င်းလဲနေသောသူသည် ထပြီးသွား၏။ ဒီနေရာမှာ ၎င်းပုဂ္ဂိုလ် သည် အားရှိလာပြီး ထသွားနိုင်ရခြင်းမှာ သူသည် ရေကိုသောက်ရ၍ အားရှိပြီး ထသွားနိုင်တာလားလို့ဆိုရင် မဟုတ်ပါဘူးတဲ့။ ရှေ့က

တောအုပ်သို့ရောက်ခဲ့ပါရင် ရေကို ဧကန်မုချသောက်ရလိမ့်မယ်ဟု သိသောကြောင့် အားရှိလာပြီးထသွားနိုင်တယ်လို့မှတ်လေ။

တစ်နည်းအားဖြင့် သုမေဓာ ဘုရားလောင်းရသေ့ကလေးသည် ငါသည် ဒီဘဝကနေပြီးလျှင် နိဗ္ဗာန်ကိုရအောင်ယူမည်လို့ဆိုပြီးကျင့်ကြံအားထုတ်နေခဲ့ရာ ဒီပင်္ကရာဘုရားသခင်နဲ့တွေ့တဲ့အခါမှာ အသင်သည် ဧကန်မုချဘုရားဖြစ်လိမ့်မယ်လို့ ဗျာဒိတ်စကားကိုကြားသိသည်နှင့် တစ်ပြိုင်နက် မိမိလက်သို့ရောက်လုနီးသော နိဗ္ဗာန်ချမ်းသာကိုစွန့်ပြီးသွား၏။ ဤကဲ့သို့ ၄င်းရသေ့ကလေးသည် နိဗ္ဗာန်ချမ်းသာကိုစွန့်သွားရခြင်းမှာ ငါသည် ဧကန်မုချသဗ္ဗညုတဉာဏ်တော်ကြီးကို ရမှာပဲလို့ဆိုတာကို သိသောကြောင့် ၄င်းနိဗ္ဗာန်ချမ်းသာကို စွန့်သည်မှတ်ပါ။ သဗ္ဗညုတဉာဏ်ကိုရပြီလားလို့ဆိုရင် မရသေးပါဘူးတဲ့။ ဤကဲ့သို့ပင်မရသေးပါသော်လည်း နောင်ရလတ္တံ့သောသဗ္ဗညုတဉာဏ်တော်က ကျေးဇူးပြုသောကြောင့်သာ နိဗ္ဗာန်ချမ်းသာကြီးကိုစွန့်တယ်လို့မှတ်ပါ။

ထို့ကြောင့် ပစ္ဆာဇာတသည် ပါဠိတော်အလိုအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ကျေးဇူးပြုတာက ပစ္ဆာဇာတတ္ထိမှတ်ပါ။ ထင်ရှားမရှိသော်လည်း စိတ္တနိယာမအားဖြင့်ကျေးဇူးပြုတာလည်း ပစ္ဆာဇာတတ္ထိပါပဲတဲ့။ ဤကား ဋီကာကျော်ဆရာအလိုမှတ်ပါ။ ဋီကာကျော်ဆရာ၏အလိုအားဖြင့် နောက်နောက်သောစိတ်နှင့်အတူဥပါဒ်သော ဥပါဒ်ရုပ်ဟူသမျှသည် ပစ္ဆနိက်၊ ဋီရုပ်ဟူသမျှသည် ပစ္ဆယုပ္ပန်မှတ်ပါ။

ပါဠိတော် သင်္ဂဝါရအလိုအားဖြင့် ဘင်အခိုက်အတန့်၌တည်သော ဋီရုပ်ဟူသမျှသည် ပစ္စယုပ္ပန်မှတ်ပါ။ ဥပါဒ်, ဋီအခိုက်အတန့်မှာတည်သော ရုပ်ဟူသမျှသည် ပစ္စနိက်ဟုမှတ်ပါ။

ပစ္ဆာဇာတသည် ဘယ်အခါပဲဖြစ်ဖြစ် ပစ္စယုပ္ပန်ဖြစ်ပြီးမှ ပစ္စည်းဖြစ်ရမည်မှတ်လေ။

မျိုးစေ့ကြောင့်ဖြစ်နေတဲ့ အင်ကြင်းပင်လေးမှာ စည်ပင်မှုကြီးပွားမှုကတော့ ရေတည်းဟူသော အာပေါဓာတ်ပါပဲတဲ့။ ဒါဖြင့် သစ်ပင်လေးသည် ရှေ့ကျ၏၊ ရေသည် နောက်ကျ၏။ ဤနေရာမှာ ရေဓာတ်သည် ဖြစ်စေတာလား၊ ကူညီတာလားလို့ဆိုပါရင် ကူညီတာဟုမှတ်ပါ။

ထို့အတူ မိမိတို့၏အဇ္ဈတ္တသန္တာန်မှာ ကံစိတ်ဥတုအာဟာရတည်းဟူသော အညွန့်အညှောက်ကလေးတွေသည် ရှိ၏။ ၎င်းရုပ်ဓမ္မကလေးတို့၏ သန်ထွားမှု၊ ကြီးပွားမှုကတော့ နာမက္ခန္ဓာတည်းဟူသော နာမ်ဓမ္မကလေးတွေပါပဲတဲ့။ သူတို့က ထောက်ပံ့ကူညီလို့သာ ၎င်းရုပ်ဓမ္မကလေးတွေမှာ သူတို့သတ္တိရှိသလောက် အလုပ်ကိုလုပ်နိုင်တယ်ဟုမှတ်။ ထို့ကြောင့် ၎င်းနာမ်ဓမ္မကလေးတွေဟာ အလွန်တန်ခိုးသတ္တိရှိတဲ့ နာမ်ဓမ္မတွေပဲဟု မှတ်ယူကြပါလေကုန်။

အကယ်၍ ၎င်းနာမ်ဓမ္မကလေးတွေသာမရှိခဲ့ပါရင် ၎င်းရုပ်ဓမ္မတွေမှာ မိမိတို့၏သတ္တိရှိသလောက် အလုပ်ကိုလည်းမလုပ်နိုင်ဘူး။ ဒီတွင်မကသေးဘဲ မိမိတို့၏ခန္ဓာကိုယ်ကြီးဟာလည်း ၎င်းနာမ်ဓမ္မတည်းဟူသော စိတ်အစဉ်ပြတ်၍ ပုပ်သိုးပျက်စီးခြင်းသို့ရောက်မည်မှာ ဧကန်မုချပါပဲတဲ့။ ဒါ့ကြောင့် မျိုးစေ့အညွန့်အညှောက်နှင့်တူတဲ့ ကံစိတ်ဥတုအာဟာရတည်းဟူသော ရုပ်ဓမ္မကလေးတွေ၏ ကြီးပွားမှု၊ မိမိတို့၏ ခန္ဓာကိုယ်ရုပ်ကလာပ်ကြီး၏မပုပ်မသိုးမှုကို ၎င်းနာမ်ဓမ္မကလေးတွေက ထောက်ပံ့ထားရကား နာမ်ဓမ္မများ၏တန်ခိုးသတ္တိများဟာ ဘယ်လောက်ခရီးရောက်တယ်ဆိုတာကို သိနိုင်ပေ၏။

တစ်နည်းအားဖြင့် ကိုယ်တော်တို့ စစ်ကိုင်းတံတားကြီးပေါ်ကို ရောက်သွားတဲ့အခါမှာ ဟိုဘက်ဒီဘက် ကူးပြီးဆွဲထားတဲ့ခုံးကြီးတွေ ရှိ၏။ ကိုယ်တော်တို့သည် တံတားပေါ်ကိုလျှောက်သွားတဲ့အခါမှာ ပထမခုံးကိုလွန်ပြီးမှ ဒုတိယ, တတိယခုံးများကိုရောက်အောင် သွားနိုင်မှု သည် နောက်၌ဖြစ်စေသော ခုံးများ၏ ဆက်ပေးမှုကြောင့်သာ သွားနိုင်၏။ အကယ်၍သာ ပထမ, ဒုတိယခုံးကိုလွန်ပြီး တတိယခုံးကိုရောက်သွားတဲ့ အခါ ၎င်းတတိယခုံးကြီးသည် ဆက်မနေဘဲ ပြတ်သွားခဲ့ပါရင် ကိုယ်တော်တို့မှာ ရေထဲသို့ကျပြီး သေဖို့ရာသာအကြောင်းရှိ၏လို့ မှတ်လေ။

ဤနေရာမှာ ကိုယ်တော်တို့သည် ရုပ်ဓမ္မနဲ့တူ၏၊ တံတားကြီး၏ ခုံးဆက်ပေးမှုသည် နာမ်ဓမ္မနဲ့တူ၏။ ခုံးနှင့်တူတဲ့နာမ်ဓမ္မက အစဉ်မပြတ် ဆက်ဆက်ပြီးထောက်ပံ့မှုကြောင့်သာ ကိုယ်တော်တို့နဲ့တူတဲ့ ရုပ်ဓမ္မများမှာ လမ်းလျှောက်ခြင်းကို ပြီးစေတာနဲ့တူသော ကမ္မဇရုပ်ထဲမှာပါတဲ့တေဇော သည် အားရှိပြီးလျှင် အသစ်တစ်ဖန် ရုပ်ကိုဖြစ်စေ၏လို့မှတ်ပါ။

ထို့ကြောင့် ပစ္ဆာဇာတတ္တိသည် သူနဲ့စပ်တဲ့စိတ္တဇရုပ်ကိုသာ ဖြစ်စေသည်မဟုတ်သေး၊ သူနဲ့မစပ်သော ကမ္မဇ,ဉတုဇ,အာဟာရဇရုပ် ကလာပ်များကိုလည်း ထောက်ပံ့ပါသေးသည်ဟု သတ္တဝါများ၏ယုံမှား သင်္ကာကိုပယ်ပျောက်စေခြင်းငှာ ပစ္ဆာဇာတပစ္စည်းကို မြတ်စွာဘုရား ဟောတော်မူတယ်လို့မှတ်ပါလေ။

၎င်းနာမ်ဓမ္မ၏တန်ခိုးကြီးပုံကို အကိုးအကားအားဖြင့် ထင်စွာ ပြဦးအံ့- အဋ္ဌသာလိနီအဋ္ဌကထာ၌ဆိုထားသည်မှာ ဒေါသကြီးသော သူသည် ဆံဖြူလွယ်ခြင်း၊ သွားကျိုးလွယ်ခြင်း၊ မျက်စိမှုန်ခြင်း၊ အရေ အသား တွန့်လိမ်လွယ်ခြင်းတည်းဟူသော ခန္ဓာကိုယ်ကြီး၏အိုလွယ်

ခြင်းကို ဖြစ်စေတယ်ဟု ဆိုထားသည်ကိုထောက်ပါသဖြင့် ဒေါသတည်း ဟူသော စိတ်ကလေးတစ်ခုတည်းကပင် ဘယ်လောက်တန်ခိုးကြီးတယ် ဆိုတာဟာ အလွန်တရာထင်ရှား၏မှတ်ပါ။ ဤကား ဟာယနအားဖြင့် ကျေးဇူးပြုပုံမှတ်ပါ။

၄င်းပဋ္ဌာဇာတသတ္တိသည် ကမ္မဇရုပ်၊စိတ္တဇရုပ်၊ဥတုဇရုပ်၊ အာဟာရဇရုပ်များကို ဇနကသတ္တိအားဖြင့်ကျေးဇူးပြုသည်မဟုတ်သေး၊ ဥပတ္ထမ္ဘကသတ္တိအားဖြင့်လည်း ထောက်ပံ့သေးတယ်လို့မှတ်ပါ။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် **"ပဋ္ဌာဇာတာ (လ) ဣမဿ ကာယဿ"**ဟုဟောတော်မူထားရာမှာ ပဋ္ဌာဇာတသတ္တိ သည် ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယများကို ကျေးဇူးပြုရာမှာ အဘယ်ကဲ့သို့ကျေးဇူးပြုပါသလဲလို့ဆိုရင် နောက်၌ ဖြစ်သော စိတ်စေတသိက်ဓမ္မများသည် ၄င်းရုပ်များအား ဝမိုပတ္တသဘော ဖြစ်သော ပွားများကြီးပြင်းအောင်လည်းကျေးဇူးပြု၏။ ဟာယနသဘော ဖြစ်သော ဆုတ်ယုတ်အောင်လည်းကျေးဇူးပြု၏။

ဒါ့ကြောင့် ပဋ္ဌာဇာတသတ္တိမှာ ဝမိုပတ္တသဘောအားဖြင့်လည်း ကျေးဇူးပြု၏။ ဟာယနသဘောအားဖြင့်လည်း ကျေးဇူးပြု၏လို့မှတ်ပါ။ သို့ဖြစ်ပါ၍ ပျိုပျိုရွယ်ရွယ်အခါမှာဖြစ်သောနာမ်ဓမ္မသည် ပျိုနေသော ရုပ်ဓမ္မကိုထောက်ပံ့တာပဲမှတ်။ သူအိုကြီးအရွယ်မှာဖြစ်တဲ့နာမ်ဓမ္မက လည်း အိုနေသောရုပ်ဓမ္မတွေကို အချိန်အခါမဟုတ်သေးပါဘဲ မပုပ်မသိုး ရအောင် ကျေးဇူးပြုတာပဲလို့မှတ်ပါကုန်။

**"ဇရာဓမ္မောမှိ၊ ဇရံ အနတီတောတိ (လ)။ ဗျာဓိဓမ္မောမှိ၊ ဗျာဓိ အနတီတောတိ"**ဟု ဟောတော်မူသည်နှင့်အညီ ပဋ္ဌာဇာတသတ္တိသည်

ရုပ်ဓမ္မတွေကို သန့်စွမ်းကြီးမားလာအောင်သာ ထောက်ပံ့တယ်လို့မယူရ၊ ဆုတ်ယုတ်အောင်လည်း ကျေးဇူးပြုတယ်လို့ယူပါလေကုန်။ ထို့ကြောင့် ပစ္ဆာဇာတသတ္တိကို ထောက်ပံ့ကာမျှမတ္တကိုသာယူပါလေကုန်၊ ၎င်းအပြင် သတ္တိထူးမရဘူးလို့ မှတ်ပါလေကုန်။

လင်းတငယ်ကလေးတို့၏ မိခင်များသည် အစာများကို ချီပြီး ယူလာပါသလားလို့ဆိုရင် မယူလာပါဘူး။ ဒီနေရာမှာ ၎င်း လင်းတငယ် ကလေးများ၏ အစာအာဟာရကို စားချင်တယ်လို့ ဆိုရာမှာ ဘာကစား ချင်တာလဲလို့ဆိုရင် ဝေဒနာကစားချင်၏။ ၎င်းဝေဒနာက စားချင်တာ ကိုသာ နက်ဖြန်ခါကျရင်ဖြင့် စားရလိမ့်မယ်လို့ဆိုတဲ့ စေတနာက ကူညီထောက်ပံ့ထားသောကြောင့်သာ ၎င်း ဝေဒနာကလေးမှာ သက်သာ ပြီးသွားရ၏။ ၎င်းဝေဒနာနဲ့ စေတနာကလေးတို့မှာလည်း ဝေဒနာကလည်း စိတ်တစ်ခုယုတ်ကိုးဆယ်နှင့် အကုန်ယှဉ်၏။ စေတနာကလည်း ၎င်း နည်းပင်ယှဉ်ရကား ၎င်းတို့မှာ အတူတကွဖြစ်တဲ့တရားမျိုး ဖြစ်ပါသော ကြောင့် နာမ်ဓမ္မအချင်းချင်း ထောက်ပံ့ခဲ့ပါရင် သဟဇာတသာရ၏။ ဤနေရာမှာ ပစ္ဆာဇာတမဖြစ်ဘူးမှတ်။ (ဤကား မူလဋီကာအလို)

မွေးခါစကလေးငယ်ကလေးသည် သူ့မှာ ပထမတုန်းကတော့ ငိုခြင်းတည်းဟူသော ဒေါသစိတ်သာရှိသေး၏။ စားလိုသောစေတနာဟာ မရှိသေးပါဘူးတဲ့။ နောက်မှ စားလိုသောစိတ်ကလေးပေါ်လာတယ်။ ထို့ကြောင့် ၎င်းကလေးငယ်ကလေးမှာ ခန္ဓာကိုယ်ကအရင်ဖြစ်နှင့်ပြီးလျှင် စားလိုတဲ့စေတနာက နောက်မှဖြစ်ပါသောကြောင့် စေတနာသည် ပစ္စည်း၊ ခန္ဓာကိုယ်သည် ပစ္စယုပ္ပန်မှတ်ပါ။

လင်းတငယ်ကိုလည်း ငှင်းဥပမာကဲ့သို့ ခန္ဓာကိုယ်က အရင်ဖြစ်နှင့်ပြီး စားလိုတဲ့စေတနာက နောက်မှဖြစ်သောကြောင့် ပစ္ဆာဇာတသတ္တိရ၏။

ဤသို့အားဖြင့် စက္ခုဒွါရဝီထိ၌ သမ္ပဋိစ္ဆိုင်းသည် ပစ္ဆာဇာတပစ္စည်း၊ စက္ခုဝိညာဏ်နှင့်အတူဥပါဒ်သော ရုပ်၏ဌီသို့ရောက်သော စတုဇရုပ်သည် ပစ္စယုပ္ပန်။ ဤကဲ့သို့ ပစ္စည်း,ပစ္စယုပ္ပန်တပ်ခြင်းကို မနှစ်သက်၍ စက္ခုဝိညာဏ်နှင့်အတူဥပါဒ်သော တိဇရုပ်ဟုဆိုကြကုန်သေး၏လို့မှတ်ပါ။ ဒွေးပဉ္စဝိညာဏ် (၁၀)သည် စိတ္တဇရုပ်မဖြစ်စေနိုင်။

ရုပ်သည် ဌီအခါ၌ နောက်က ပစ္ဆာဇာတသတ္တိ ရလို့အားရှိ၏။ နာမ်ဓမ္မသည် ဥပါဒ်အခါ၌ အနန္တရသတ္တိရလို့အားရှိ၏ဟုရှေးက အစဉ်အတိုင်းပြောလာခဲ့ပေ၏။

မိမိတို့သည် ဒီဘဝမှာ စုတိစိတ်နောင် ဝီထိစိတ်များဖြစ်ပါသေးသလားလို့ဆိုရင် မဖြစ်ဘူးလို့မှတ်။ ဤကဲ့သို့ပင် စုတိစိတ်နောင် ဝီထိစိတ်မဖြစ်ပါသောကြောင့် ငှင်းစုတိစိတ်ကလေးမှာ စိတ္တဇရုပ်ကိုရော ဖြစ်စေသေးသလားလို့ဆိုရင် (ဋီကာကျော်အလို) ဖြစ်စေတယ်လို့မှတ်။ ဤအခိုက်အတန့်မှာ နောက်စိတ်မဖြစ်၍ ပစ္ဆာဇာတသတ္တိကိုပင်မရပါသော်လည်း စုတိစိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်သောကြောင့် 'ရုပ်သည် ဌီအခါမှာ ပစ္ဆာဇာတသတ္တိကို နောက်ကရလို့အားရှိပြီး တစ်ဖန်ရုပ်ကိုဖြစ်စေတယ်'လို့ဆိုသောစကားကို ယထာရုတစကားဟူ၍ မှတ်တော်မူကြပါကုန်။

(မူလဋီကာအလို) စုတိအခါ စုတိစိတ်ကလေးမှာ အလွန်အားနည်းနေသဖြင့် စိတ္တဇရုပ်ကိုမဖြစ်စေနိုင်ဟုမိန့်၏။

အကြင်ပုဂ္ဂိုလ်သည် တစ်ကျောင်းမှတစ်ကျောင်းသို့ ရွှေ့ပြောင်းလို လတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ ကာမဇော (၇)ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်၊ (လ) ချုပ်၏။ ဤဝီထိအခိုက်အတန့်မှာ ခြေကြွရာ၌ ရှေးဦးစွာ အနည်းငယ်လှုပ်အောင်ကျေးဇူးပြုသော ပထမဇောနာမက္ခန္ဓာ သည် ပစ္စည်း၊ ပထမဇော၌အခိုက်မှာတည်သော စတုဇရုပ်သည် ပစ္စယုပ္ပန်မှတ်။ ပိုတိုး၍လှုပ်လာအောင်ကျေးဇူးပြုသော ဒုတိယဇော နာမက္ခန္ဓာသည် ပစ္ဆာဇာတပစ္စည်း၊ ဒုတိယဇော၌အခိုက်မှာတည်သော စတုဇရုပ်သည် ပစ္စယုပ္ပန်မှတ်ပါ။

ဤကဲ့သို့ ခြေကြွရာမှာ နောက် ပထမဇောနာမက္ခန္ဓာကသာ ကျေးဇူးမပြုခဲ့ပါလျှင် မိမိတို့၏ခန္ဓာကိုယ်ကြီးမှာ ပုပ်သိုးပျက်စီးခြင်းသို့ ရောက်မည်ဆိုတာကိုသိပါလေ။ ၎င်းပထမဇောစသည်များက နောက်က ပစ္ဆာဇာတသတ္တိဖြင့်ကျေးဇူးပြုသောကြောင့်သာ ခြေလှမ်းသည် တစ်လှမ်း ထက်တစ်လှမ်း တိုးပြီးသွားနိုင်ခြင်း၊ ခန္ဓာကိုယ်ကြီး၏ မပုပ်မသိုးခြင်းကို ဖြစ်ရတယ်ဟုမှတ်ပါလေ။

မရဏာသန္နဝီထိမှာ စုတိစိတ်ဖြစ်ပြီးသည့်နောက် ကမ္မဇရုပ်တွေ ချုပ်သွားငြားသော်လည်း စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်အားဖြင့် ရုပ်သုံးပါးကျန်နေရကား စုတိစိတ်နောက်မှဖြစ်သော ပဋိသန္ဓေနာမက္ခန္ဓာ ကလေးကရော ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသေးသလားလို့ဆိုရင် မပြုနိုင်ပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် "**ကမ္မဝေဂက္ခိတ္တတာယ စေဝ (လ) ဒုဗ္ဗလတ္တာ**" ဟူသည်နှင့်အညီ ကံ၏အဟုန်သည် ပစ်ချအပ် သည်၏အဖြစ်ကြောင့် ဖြစ်စဖြစ်၍ အားနည်းသောကြောင့်လည်းကောင်း၊

အာဂန္တုဧည့်သည်ဖြစ်၍ တစ်စုံတစ်ရာသောအမှုကိစ္စကို မပြုနိုင်သေးသောကြောင့်လည်းကောင်း၊ ပဋိသန္ဓေစိတ်သည် သူတစ်ပါးအား ကျေးဇူးမပြုနိုင်သောကြောင့် စုတိစိတ်နှင့်အတူ ဥပါဒ်သော စိတ္တဇ၊ဥတုဇ၊ အာဟာရဇသည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စနိက်ဟုမှတ်ပါ။

နာမ်ဓမ္မသက်သက်များကို ပစ္ဆာဇာတပစ္စည်းမတပ်ရခြင်းမှာ-

**ဟုတွာ အဘာဝတ္တေန အနိစ္စာ**- ဟူသည်နှင့်အညီ

နာမ်ဓမ္မတို့မည်သည်မှာ ဥပါဒ်ဋ္ဌီဘင်ဖြစ်ပြီးချုပ်သွားရကား ရှေ့မှာဖြစ်နေနှင့်သောဓမ္မ၏ မရှိခြင်းကြောင့်လည်းကောင်း၊ နောက်ကဓမ္မများကပင် ကျေးဇူးပြုငြားသော်လည်း ၎င်းဓမ္မ၏ကျေးဇူးပြုခြင်းကို မယူနိုင်ရကား ပစ္ဆာဇာတသတ္တိမရဘူးလို့မှတ်ပါ။

ခဏငယ် (၅၁)ချက်ပြည့်နေသော ဘင်ရုပ်များမှာ နောက်က ဘဝင်စိတ်များကပင် ကျေးဇူးပြုပါသော်လည်း သူတို့မှာ ရှေ့ကိုဖြစ်ဖို့ရာ အကြောင်းမရှိသည်ဖြစ်၍ ပစ္ဆာဇာတပစ္စည်း၏ ပစ္စနိက်မှတ်ပါလေ။ ဆရာတော် ဦးဝိမလ၏ ပစ္ဆာဇာတပစ္စည်းချုပ်ဖွင့် ပြီး၏။

## ပစ္ဆာဇာတပစ္စည်း၌ မှတ်ရန်

"ဇာယတီတိ ဇာတော၊ ပစ္ဆာ ဇာတော ပစ္ဆာဇာတော"ဟူ၍လည်းကောင်း၊ "ပစ္စယုပ္ပန္နတော ပစ္ဆာ ဟုတွာ ဇာတော ပစ္ဆာဇာတော" ဟူ၍လည်းကောင်းပြုလေ။ ပစ္စယုပ္ပန်တရားဖြစ်ပြီးနောက်မှဖြစ်၍ ဖြစ်တတ်သောတရားကို ပစ္ဆာဇာတဆိုရသည်။ အရကား- အရူပဝိပါက် လေးခုကြဉ်သော စိတ် (၈၅), စေတသိက် (၅၂)သည် ပစ္ဆာဇာတပစ္စည်း တရားရ၏။

**ပစ္စည်း** ကိုဆိုရာ၌ ပဋ္ဌာဝေါကာရဘုံ၌ 'ဖြစ်ခိုက် ဖြစ်နေ' ဆိုသော စကားကို 'ဖြစ်ခိုက်၊ မဖြစ်ခိုက်၊ ဖြစ်နေ၊ မဖြစ်နေ' ဟုလေးပုံခွဲ-

စိတ် ဒွေစတ္တာလီသကို 'ဖြစ်ခိုက် မဖြစ်ခိုက်' ယူရမည်။

စိတ် တေစတ္တာလီသကို 'ဖြစ်နေ' ယူရမည်။

အရူပဝိပါက်လေးခုကို 'မဖြစ်နေ' ယူရမည်။

**ပစ္စယုပ္ပန်** ကိုဆိုရာ၌ ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယဆိုသည်ကား -

ကံကြောင့်ဖြစ်သော ရုပ်သည် ဧကဇကာယ၊

ကံ, ဥတုကြောင့်ဖြစ်သော ရုပ်သည် ဒွိဇကာယ၊

ကံ, ဥတု, စိတ်ကြောင့်ဖြစ်သော ရုပ်သည် တိဇကာယ၊

ကံ, ဥတု, စိတ်, အာဟာရကြောင့်ဖြစ်သော ရုပ်သည် စတုဇကာယယူရမည်။

ယူပုံကား- ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ကမ္မဇရုပ်ကို ဧကဇကာယယူရမည်။ ၄င်းစိတ်၏ဌီသို့ရောက်သောအခါ ပဌမဘဝင်စိတ်သည် ဧကဇကာယအားကျေးဇူးပြု၏။

ပဋိသန္ဓေစိတ်၏ဌီသို့ရောက်၍ ဗဟိဒ္ဓဖြစ်သော အချမ်း,အပူဥတုနှင့်တွေ့ခဲ့လျှင် ကမ္မဇတေဇောသည် ဥတုဇရုပ်ကိုဖြစ်စေ၏။ ၄င်းအခါ ဒွိဇကာယယူရမည်။

ပဋိသန္ဓေစိတ်၏ဌီသို့ရောက်သောအခါ ဥပါဒ်ခဏ,ဌီခဏ၌ ဖြစ်သော ကမ္မဇ,ဥတုဇရုပ်သည် ရုပ်၏ဌီသို့ပင် ရောက်ဆဲဖြစ်၍ ထိုဒွိဇကာယအား ပဌမဘဝင်စိတ်သည် ကျေးဇူးပြုပြန်၏။ ပဌမဘဝင်စိတ် ဖြစ်ပေါ်လာသောအခါ စိတ္တဇရုပ်ဖြစ်လာ၏။ ကမ္မဇ,

ဥတုဇ,စိတ္တဇ ပေါင်းမိသောကြောင့် တိဇကာယဖြစ်၍ ၄င်းအခါ တိဇကာယယူရမည်။

ဒုတိယဘဝင်စိတ်သည် ပထမဘဝင်၏ငြီသို့ရောက်သော တိဇကာယအားကျေးဇူးပြု၏။ တစ်သတ္တာဟ, နှစ်သတ္တာဟကိုလွန်သော အခါ ကြံ့ရာစိတ်သည် ရုပ်၏ငြီသို့ရောက်သော အာဟာရဇဟုဆိုအပ် သောရုပ်နှင့် ရှေး၌ဖြစ်နှင့်ပြီးသောတိဇကာယတို့ ပေါင်း၍ စတုဇကာယ အားကျေးဇူးပြုပေ၏။

ဤအရာ၌ အာဟာရဇရုပ်ဖြစ်ဟန်ကိုဆိုဦးအံ့- ပဋိသန္ဓေ လေးပါးတို့တွင် သံသေဒဇ, ဥပပါတ်တို့ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့ အား ချွဲ,သလိပ်,တံတွေး, ဘောဇဉ်ခဲဖွယ်တို့ကို မျိုသောကာလမှစ၍ အာဟာရဇရုပ်ဖြစ်သတည်း။ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား တစ်သတ္တာဟ, နှစ်သတ္တာဟကိုလွန်သောအခါ အမိသည်မျိုအပ်သောအစာသစ်အိမ်မှ ဆက်သွယ်လျက်ရှိသော ကြာရိုးကဲ့သို့သော သူငယ်၏ချက်ကြိုးဖြင့် စီးဝင်၍လာသောအာဟာရဓာတ် ကဆီသည် အာဟာရဇရုပ်ကိုဖြစ်စေ၏။ ထိုအခါ အာဟာရဇရုပ်ဖြစ်၏ဟုမှတ်ယူရမည်။ ထို့ကြောင့် သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ၌-

> **တေန သော တတ္ထ ယာပေတီတိ တဿ ဟိ နာဘိတော ဥဋ္ဌိတော နာဠော မာတု ဥဒရပဋလေန ဧကာဗဒ္ဓေါ ဟောတိ၊ သော ဥပ္ပလဒဏ္ဍကော ဝိယ ဆိဒ္ဒေါ၊ တေန အာဟာရရသော သံသရိတွာ အာဟာရသမုဋ္ဌာနရူပံ သမုဋ္ဌာပေတိ။ ဧဝံ သော ဒသ မာသေ ယာပေတိ။** -
> ဟုမိန့်၏။

တေန သော တတ္ထ ယာပေတီတိ၊ ကား။ ဟိ၊ ထင်ရှားစွာပြဦးအံ့။ တဿ၊ ထိုဂဗ္ဘသေယျက သတ္တဝါ၏။ နာဘိတော၊ ချက်မှ။ ဥဋ္ဌိတော၊ ပေါက်သော။ နာဠော၊ ချက်ကြိုးသည်။ မာတု ဥဒရပဋလေန၊ အမိ၏ ဝမ်းအပြင် အစာသစ်အိမ်နှင့်။ ဧကာဗဒ္ဓေါ၊ တစ်စပ်တည်းဖွဲ့သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုချက်ကြိုးသည်။ ဥပ္ပလဒဏ္ဍကော ဝိယ၊ ကြာရိုးကဲ့သို့။ ဆိဒ္ဒေါ၊ အပေါက်သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို ကြာရိုးနှင့်တူသော အပေါက်ရှိသော ကြိုးဖြင့်။ အာဟာရရသော၊ အာဟာရဓာတ် ကစီရည်သည်။ သံသရိတွာ၊ စီးဝင်၍။ အာဟာရ သမုဋ္ဌာနရူပံ၊ ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ ဧဝံ၊ သို့။ သော၊ ထိုသူငယ်သည်။ ဒသမာသေ၊ ဆယ်လတို့ပတ်လုံး။ ယာပေတိ၊ မျှတ စေ၏။

## ဦးဥက္ကံသ၏အာဘော် (ပဋ္ဌာဇာတပစ္စည်း)

ပစ္ဆာဇာတ၌ အကျိုးကားရှေ့၊ အကြောင်းကိုနောက်ထားခြင်းသည် ဥပတ္ထမ္ဘကသတ္တိဝိသေသကို ပြလိုသောကြောင့်တည်း။ ဤပစ္ဆာဇာတ၌

ဧကဇရုပ်ဆိုသည်ကား ကမ္မဇ၊

ဒွိဇကား- ကမ္မဇ, ဥတုဇ၊

တိဇကား- ကမ္မဇ, ဥတုဇ, စိတ္တဇ၊

စတုဇကား- ကံ, စိတ်, ဥတု, အာဟာရတည်း။ ပဋိသန္ဓေ စိတ်၏ဥပါဒ်စသည် မလို။

ဤ၌ ပဋိသန္ဓေနှင့်စပ်လျဉ်း၍ ပဋိသန္ဓေနေခြင်း၏ အင်္ဂါကို ပြဦးအံ့- သံဝါသပြုသည်လည်း ဖြစ်စေ၊ သားအိမ်စင်ကြယ်သည်လည်း

ဖြစ်စေ၊ ဥတုလာပြီးစလည်း ဖြစ်စေ၊ သတ္တဝါစုတိဆဲလည်း ဖြစ်စေ၊ ဤအင်္ဂါနှင့်ပြည့်စုံမှ ပဋိသန္ဓေနေနိုင်သည်။ အမိပဋိသန္ဓေယူရာ၌ လခွဲခုနစ်ရက် ဆိုင်းငံ့ရာခေတ်တည်း။

ပဋိသန္ဓေစိတ်၏ဥပါဒ်၌ ကမ္မဇကလာပ်သုံးစည်းဖြစ်၍ ပဋိသန္ဓေ၏ဌီသို့ရောက်သောအခါ ၎င်းဥပါဒ်ကဖြစ်သော ကမ္မဇကလာပ်သုံးစည်း၌ပါသော အဇ္ဈတ္တတေဇောဓာတ်နှင့် ဗဟိဒ္ဓတေဇောတို့ ထိခိုက်ခြင်းကြောင့် ဥတုဇကလာပ်အသစ်ပေါ်လာ၏။ ၎င်းဒွိဇရုပ်သည် ပထမဘဝင်၏ဥပါဒ်သို့ရောက်သောအခါ ပထမဘဝင်သည် ထင်ရှားရှိပြီး ဒွိဇကာယအားကျေးဇူးပြုသည်။ ပထမဘဝင်သည် ပစ္စည်း၊ ဒွိဇကာယသည် ပစ္စယုပ္ပန်။

ပထမဘဝင်၏ဥပါဒ်မှာ စိတ္တဇရုပ်ဖြစ်၏။ အမိမျိုသောအာဟာရသည် တစ်သတ္တာဟ, နှစ်သတ္တာဟလွန်သည့်အခါ အာဟာရဇရုပ်ကိုဖြစ်စေ၏။ ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော စတုဇကာယအားနောက်နောက်သောနာမက္ခန္ဓာသည် ကျေးဇူးပြု၏။ နောက်နောက်သောနာမက္ခန္ဓာသည် ပစ္စည်း၊ ရှေးရှေးစိတ်နှင့်အတူဥပါဒ်သော ရုပ်၏ဌီသို့ရောက်သော စတုဇကာယသည် ပစ္စယုပ္ပန်။

ဩပပါတိကပုဂ္ဂိုလ်မှာ စားသောက်၍မျိုသည့်အခါ အာဟာရဇရုပ်ဖြစ်၏။ လူသူမနီးတောမြိုင်ကြီး၌ဖြစ်ခဲ့ပါလျှင် မိမိတံတွေးကိုလျှာနှင့်လိမ်းမျိုသည့်အခါ အာဟာရဇရုပ်ဖြစ်၏။

တိဇရုပ်ကို ရူပါဝစရဗြဟ္မာဘုံကိုရည်ရွယ်၍ဟော၏ဟုဆိုသောအဋ္ဌကထာစကားကို အဋ္ဌကထာဖြစ်၍မပယ်ကောင်း၊ နယဒဿနမျှသာ

ဖြစ်၏။ ၄င်းတိဇရုပ်သည် ဗြဟ္မာဘုံ၌သာဖြစ်သည်မဟုတ်သေး၊ ကာမဘုံ၌လည်းဖြစ်သေး၏။

ကာမဘုံ၌ တိဇရုပ်ဖြစ်ပုံကား- စက္ခုဒွါရဝီထိ၌ ဘဝင်္ဂစလနသည် ပစ္ဆာဇာတပစ္စည်း၊ အတီတဘဝင်နှင့်အတူ ဥပါဒ်သော စတုဇကာယသည် ပစ္စယုပ္ပန်။ စက္ခုဝိညာဏ်သည် ပစ္စည်း၊ ပဉ္စဒွါရာဝဇ္ဇန်းနှင့်အတူ ဥပါဒ်သော ရုပ်၏ဌီသို့ရောက်သော စတုဇကာယသည် ပစ္စယုပ္ပန်။ သမ္ပဋိစ္ဆိုင်းသည် ပစ္စည်း၊ စက္ခုဝိညာဏ်နှင့်အတူဥပါဒ်သော ရုပ်၏ဌီသို့ ရောက်သော တိဇကာယသည် ပစ္စယုပ္ပန်။ ဤ၌ စိတ္တဇရုပ် မဖြစ်၊ အဘယ့်ကြောင့်နည်း ဒွေပဉ္စဝိညာဏ်တစ်ဆယ်သည် စိတ္တဇရုပ်ကို မဖြစ်စေသောကြောင့်တည်း။ သောတဒွါရစသည်၌လည်း နည်းတူ။

ရူပါဝစရဗြဟ္မာဘုံ၌လည်း ဗြဟ္မာများ ဘုရားဖူးရာ, တရားနာရာ စသည်တို့၌ စက္ခုဒွါရစသောဝီထိစိတ်ဖြစ်၏။ စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဏ်သည် ပစ္ဆာဇာတပစ္စည်း၊ ပဉ္စဒွါရာဝဇ္ဇန်းနှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇကာယသည် ပစ္စယုပ္ပန်။ သမ္ပဋိစ္ဆိုင်းသည် ပစ္စည်း၊ စက္ခုဝိညာဏ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ဒွိဇကာယသည် ပစ္စယုပ္ပန်။ ဤ၌ ကမ္မဇ,ဥတုဇသာရှိ၏။ သောတလည်း ၄င်းနည်းတူ။

ကာမဘုံ၌ နိရောဓသမာပတ်ဝင်စားသော အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်တို့၌ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်တို့သည် ပစ္ဆာဇာတပစ္စည်း၊ ကမ္မဇ, ဥတုဇ, အာဟာရဇ ရုပ်တို့သည် ပစ္စယုပ္ပန်။

ရူပဘုံ၌ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်,

အရဟတ္တဖိုလ်စိတ်တို့သည် ပဋ္ဌာဇာတပစ္စည်း၊ ကမ္မဇရုပ်၊ ဥတုဇရုပ်သည် ပစ္စယုပ္ပန်။ ဤကား ကာမဘုံ၊ ရူပဘုံ၌ တိဇရုပ်ယူပုံအဆုံးအဖြတ်တည်း။

ဧကဇရုပ်သည် အတ္ထိ၊ အဝိဂတသဘောလိုက်၍ယူလို့မရ။ ကတ်ကတ်သတ်သတ်ယူလျှင်ရ၏။ ရပုံကား- ပဋိသန္ဓေစိတ်၏ ဥပါဒ်ကဖြစ်သောကမ္မဇရုပ်သည် ပထမဘဝင်၏ဥပါဒ်သို့ရောက်သည့် အခါ ရုပ်၏ဌီခဏတ္တယစေ့၍ ပထမဘဝင်သည် ဌီခဏသုံးချက်နှင့် ပြည့်စုံသော ဧကဇကာယအားကျေးဇူးပြု၏။ ပဋိသန္ဓေစိတ်ဌီ၌ဖြစ်သော ရုပ်သည် ပဋိသန္ဓေစိတ်၏ဘင်မှာလည်း ခဏတ္တယမပြည့်သေး၊ ပထမ ဘဝင်၏ဥပါဒ်မှာလည်း ဌီရုပ်ပင်ဖြစ်လင့်ကစား ခဏတ္တယမပြည့်သေး၍ ပထမဘဝင်က ကျေးဇူးမပြု။ ဧကဇကာယသာ ဌီခဏသုံးချက်နှင့်ပြည့်စုံ ၍ ပထမဘဝင်က ကျေးဇူးပြုသည်။ ရုပ်၏ဌီခဏတစ်ချက် နှစ်ချက်နှင့် သာပြည့်စုံ၍ ရုပ်၏ဌီခဏသုံးချက် မစေ့သေးသော ဒွိဇကာယအား ကျေးဇူးမပြုသေး။ ဤကား ဧကဇရုပ် ကတ်ကတ်သတ်သတ်ယူပုံ အဆုံးအဖြတ်တည်း။ သုံးချက်စု၌ ပဋိသန္ဓေကမ္မဇရုပ်ကို ပစ္စနိက် ထုတ်ခြင်းသည် ပဝတ္တိအခါကိုရည်သည်။ ဆရာတော် ဦးဥက္ကံသ၏ အာဘော် ပြီးပြီ။

## ဦးဝိမလ၏အာဘော် (ပဋ္ဌာဇာတပစ္စည်း)

ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်က သုမေဓာရသေ့သည် ခန္ဓာကိုယ်ကိုအလျားမှောက်ပြီး တံတားခင်းရာ ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားဖြစ်လတ္တံ့ဟုဗျာဒိတ်ပေးသည့်အခါ သုမေဓာရသေ့ ကလေးက ဗျာဒိတ်သံကိုကြားရသဖြင့် ခန္ဓာကိုယ်၏ကြည်ရွှင်မှုသည်

ဖြစ်၏။ နောက်မှကြားရသောဗျာဒိတ်သံသည် အကြောင်း၊ ရှေ့ကဖြစ်နှင့်သော သုမေဓာရသေ့ကလေး၏ခန္ဓာကိုယ်ကြည်ရွှင်မှုသည် အကျိုး။ ရှေ့အကျိုး၊ နောက်အကြောင်းတွေကိုရည်၍ ပစ္စုပ္ပန္နဇာတပစ္စည်းကို ဟောတော်မူသည်။

ပဋိသန္ဓေအခါမှာ ကံ၏အဟုန်သည်ပစ်ချအပ်သော ပဋိသန္ဓေစိတ်ကလေးနှင့် ကာယ, ဘာဝ, ဝတ္ထုဒသကကလာပ်သုံးစည်းသည် ပဋိသန္ဓေအခါမှာ အလွန်အားနည်းနေ၏။ အားနည်းနေသည့်အခါမှာပင် ပဋိသန္ဓေစိတ်ကလေးက ချုပ်ပျောက်သွားပြန်၏။ ၎င်းကမ္မဇကလာပ်သုံးစည်းသည် ပထမဘဝင်သာမပေါ်ခဲ့ပါလျှင် ပုပ်သိုးပျက်စီးသွားရာ၏။ နောက်ပထမဘဝင်ကလေးပေါ်သည့်အခါ ကမ္မဇကလာပ်သုံးစည်းသည် လေးနှစ်မြောက်၏။ ၎င်းရုပ်ကလေးသည် ပထမဘဝင်နှင့်တွေ့သည့်အခါ အားရှိလာ၏။ ပထမဘဝင်သည် သူ့ကိုမဖြစ်စေနိုင်သော်လည်း ဥပတ္ထမ္ဘကသတ္တိဖြင့်ကျေးဇူးပြု၏။ ကမ္မဇကလာပ်သုံးစည်း၌ပါသော တေဇောသည် ပဋိသန္ဓေစိတ်၏ဌီအခါမှာ ပစ္ဆာဇာတအထောက်အပံ့ကို ရပြီး ဥတုဇရုပ်ကိုဖြစ်စေ၏။ ပစ္ဆာဇာတသတ္တိကို ပဋိသန္ဓေ၏ဌီအခါက စ၍ရ၏။

ဋ္ဌီကာကျော်၏အာဘော် ကမ္မဇကလာပ်သုံးစည်းသည် ပဋိသန္ဓေ၏ဌီအခိုက်မှာ ဌီရုပ်ဖြစ်၏။ ၎င်းကမ္မဇကလာပ်၌ပါသောတေဇောသည် ဖြစ်စေအပ်သော ဥတုဇရုပ်သည် ဥပါဒ်ရုပ်ဖြစ်နေ၏။ ရုပ်သည် ဌီအခါ အားရှိသည်ဖြစ်၍ ကမ္မဇကလာပ်သုံးစည်း၌ပါသော တေဇောသည် နောက်ပေါ်လတ္တံ့သော ပထမဘဝင်၏အထောက်အပံ့ကိုရပြီး ဥတုဇရုပ်ကိုဖြစ်စေ၏။ ပထမဘဝင်သည် ပစ္စည်း၊ ဌီသို့ရောက်သောကမ္မဇကလာပ်

သုံးစည်းသည် ပစ္စယုပ္ပန်။ ဥတုဇရုပ်သည် ပထမဘဝင်ကအားပေး သော်လည်း ဥပါဒ်ရုပ်ဖြစ်နေသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်။

ပထမဘဝင်၏ဥပါဒ်သို့ရောက်သည့်အခါ ကမ္မဇကလာပ် သုံးစည်း၌ပါသော တေဇောကလည်း ဥတုဇရုပ်ကိုဖြစ်စေ၏။ ပဋိသန္ဓေ စိတ်၏ဋ္ဌီကဖြစ်သော ဥတုဇရုပ်ကလာပ်ကလည်း ပထမဘဝင်၏ ဥပါဒ်သို့ရောက်သည့်အခါ ဥတုဇရုပ်ဖြစ်စေပြန်၏။ ပထမဘဝင်၏ ဥပါဒ်ကဖြစ်သော စိတ္တဇရုပ်သည် ဋ္ဌီသို့ရောက်သည့်အခါ ဥတုဇရုပ်ကို ဖြစ်စေပြန်၏။ ကမ္မဇရုပ်သည်ဖြစ်စေအပ်သော ဥတုဇရုပ်ကို 'ကမ္မပစ္စယ ဥတုဇရုပ်' ဟုခေါ်သည်။ ဥတုဇရုပ်သည်ဖြစ်စေအပ်သော ရုပ်ကို 'ဥတုပစ္စယ ဥတုဇရုပ်' ဟုခေါ်သည်။ စိတ္တဇရုပ်သည်ဖြစ်စေအပ်သော ဥတုဇရုပ်ကို 'စိတ္တပစ္စယ ဥတုဇရုပ်' ဟုခေါ်သည်။

ပထမဘဝင်သည် ပဋ္ဌာဓာတပစ္စည်း၊ ဧကဇကာယသည် ပစ္စယုပ္ပန်။ ဒုတိယဘဝင်သည် ပစ္စည်း၊ ဒွိဇကာယ ပစ္စယုပ္ပန်။ တတိယဘဝင် ပစ္စည်း၊ တိဇကာယ ပစ္စယုပ္ပန်။ နောက်နောက်သော ဘဝင်နာမက္ခန္ဓာ ပစ္စည်း၊ စတုဇကာယ ပစ္စယုပ္ပန်။

ဋ္ဌီကာကျော်အလို ပဋိသန္ဓေအခါ ပထမဘဝင်မပေါ်သေးဘဲနှင့် ကျေးဇူးပြု၍ နတ္ထိသဘောဖြစ်နေ၏။

ရှင်ဗာကုလသည် ငါးဝမ်းထဲရောက်လျက်နှင့်မသေခြင်း၊ သံကိစ္စ သာမဏေကလေး၏မယ်တော်ကို မီးသင်္ဂြိုဟ်လျက်နှင့် သံကိစ္စသာမဏေ ကလေးမသေခြင်းသည် ပစ္ဆိမဘဝိကဖြစ်သောကြောင့်တည်း။ နောင်ရ လတ္တံ့ဖြစ်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သည် ပဋ္ဌာဓာတပစ္စည်း၊ သူငယ်များ၏စတုဇကာယသည် ပဋ္ဌာဓာတပစ္စည်း၏ ပစ္စယုပ္ပန်။

မူလဋီကာအလို စုတိစိတ်သည် ရုပ်ကိုဖြစ်စေနိုင်သည်မဟုတ်။ ဋီကာကျော်အလို ပုထုဇဉ်၊သေက္ခတို့၏ စုတိစိတ်သည် ရုပ်ကို ဖြစ်စေနိုင်၏။

ဥပမာ- ဓောနောင်စုတိကျသောဝီထိမှာ ပဉ္စမဇော၏ဥပါဒ်က ဖြစ်သောရုပ်သည် ပဉ္စမဇော၏ဋီသို့ရောက်သည့်အခါ ဋီရုပ်ဖြစ်ပြီး စုတိ၏ ထောက်အပံ့ရ၏။ နောက်ဘင်ရောက်သည့်အခါမှ စုတိကျသည်။ နောက် ဖြစ်သောရုပ်အဆက်ဆက်သည် ပဋိသန္ဓေ၏အထောက်အပံ့ကိုမရ။

ပဋိသန္ဓေ၏အထောက်အပံ့ကိုရခဲ့ပါလျှင် - ဥပမာ ခုတင်ပေါ်၌ သေသောသူသေကောင်သည် ဒီနေရာ၌မနေချင်သေးပါဘူး၊ ဟိုနေရာ၌ နေချင်ပါသည်ဟုရွှေ့ပြောင်းရာ၏။ ဤကဲ့သို့ပဋိသန္ဓေ၏အထောက် အပံ့ကိုရပါလျှင် ရွှေ့ပြောင်းနိုင်ရာ၏၊ ထိုသို့မရသောကြောင့် သေစဉ်က ဂုန်နီအိတ်ပေါ်၌သေလျှင် ဂုန်နီအိတ်ပေါ်၊ ခုတင်ပေါ်သေလျှင် ခုတင် ပေါ်က ဘယ်မှမရွှေ့ပြောင်းနိုင်။

သူသေကောင်ထဲ၌ဝါယောဓာတ်ရှိသော်လည်း လှုပ်ရှားမှုမပြုနိုင်။ ဗဟိဒ္ဓဝါယောကြောင့်သာလျှင် လှုပ်ရှားရာ၏။ အသညသတ်ဗြဟ္မာတို့ လည်း ပဋ္ဌာဇာတသတ္တိကိုမရသောကြောင့်သာ ထိုင်လျက်ဖြစ်သော ရုပ်သည် ထိုင်လျက်ပင်၊ ထသောဣရိယာပုထ်ကိုမပြောင်းနိုင်။ ထလျက်ဖြစ်သောဣရိယာပုထ်လည်း မထိုင်နိုင်။

ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်၊ မူလဋီကာ၊ အနုဋီကာတို့၌ ကေဇ၊ ဒွိဇ၊ တိဇ၊ စတုဇရှိ၏ဟု ယူကြ၏။ သူတို့အကိုးသာကေနှင့်သူတို့ လုံလောက်ပါပေ၏။

ပဋိသန္ဓေအခါနာမ်ရုပ်နှစ်ပါးသည် ဤ၀မ်းတွင်း၌ဤအခါသာ။ ရှေးက တစ်ခါမျှမဖြစ်ဖူးကြ၍ အလွန်အားနည်းပြီး အားကိုးရာမဲ့နေ၏။ ပဋိသန္ဓေ၏ဌီအခါရောက်တော့အားရှိ၏။ အဘယ့်ကြောင့်ဆိုသော် ဥပမာအားဖြင့် လေးနှင့် တစ်ထွာတစ်မိုက်လောက်ကွာသော ငှက်စသည်တို့ကိုပစ်ရာ၌ နီးလွန်းအားကြီး၍ အပစ်ခံရသောငှက်သည်မသေ။ အဝေးကြီးလှမ်းပစ်လျှင်လည်း ဝေးလွန်းအားကြီး၍ အားကုန်သောကြောင့် အပစ်ခံရသောငှက်မသေနိုင်။ မနီးလွန်းမဝေးလွန်း ဝါးတစ်ပြန်နှစ်ပြန် လောက်ပစ်မှ သေနိုင်သကဲ့သို့ ထို့အတူ ကံသည်ဖြစ်စေအပ်သော နာမ်ရုပ်နှစ်ပါးသည် ပဋိသန္ဓေ၏ဥပါဒ်မှာ အလွန်နီးလွန်း၍ ရုပ်ကိုမဖြစ်စေနိုင်။ ဌီအခါကျမှ မနီးမဝေးဖြစ်၍အားရှိပြီး ဥတုဇရုပ်ကိုဖြစ်စေ၏။

ပဋိသန္ဓေစိတ်၏ဥပါဒ်အခိုက်မှာ ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စနိက်၊ ငှင်းဌီအခိုက် ပစ္စယုပ္ပန်။ နောက်စိတ်တို့နှင့် အတူဥပါဒ်သော စိတ္တဇရုပ်၊ ပဝတ္တိကမ္မဇရုပ်တို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စနိက်။ ဆရာတော် ဦးဝိမလ၏အာဘော် ပြီး၏။

*ပစ္ဆာဇာတပစ္စည်း ပြီးပါပြီ။*

# အာသေဝနပစ္စယော




၁၂။ ထပ်ခါထပ်ခါ သင်အပ်သော ကျမ်းဂန်အား လေ့ကျက်ခြင်းဌာ အားရှိသကဲ့သို့သော

အာသေဝနပစ္စည်းတရား။

# အာသေဝနပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်နိုင်ပါသည်။
- အတိတ်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၊ စတုဝေါကာရ (၄) ဘုံ
  အားဖြင့် ဘုံ (၃၀)၌ ဖြစ်နိုင်ပါသည်။
  ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

## ၁၂။ အာသေဝနပစ္စည်းအခ်ဳပ္ပာယ်

ပစ္ဆာဇာတပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ အာသေဝနပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'အာသေဝနပစ္စယော' ဟူသည်တည်း။

**အာသေဝနပစ္စယော** - အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား (ဝါ) အဖန်တလဲလဲ မှီဝဲထုံတတ်သည် ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) ရှေးရှေး၌ထုံအပ်သော နံ့သာသည် နောက်နောက် ထုံအပ်သောနံ့သာအား အဆင်းအနံ့ လွန်စွာဖြစ်ခြင်းငှာ ကျေးဇူးပြု သကဲ့သို့လည်းကောင်း၊ ရှေးရှေး၌ သင်အပ်သော ကျမ်းဂန်သည် နောက်နောက်သင်သော ကျမ်းဂန်အား လေ့ကျက်ခြင်းငှာ အားရှိ၍ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ အဖန်တလဲလဲမှီဝဲထုံအပ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### အာသေဝနပစ္စည်း သုံးချက်စု

**အာသေဝနပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်အားဖြင့် သုံးပါးအပြား ရှိကုန်၏။ ထိုတွင် ဇာတ်တူအဆုံး ဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ စေတသိက် ဒွေပညာသ။ ဤတရားတို့သည် အာသေဝနပစ္စည်း တပ်သောတရား မည်ကုန်၏။

ပထမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သောဇော ဧကပညာသ၊ စေတသိက် ဒွေပညာသ။ ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

ကာမဇော တစ်ခုယုတ်သုံးဆယ်တို့၏ ပထမဇော၊ အာဝဇ္ဇန်း ဒွေး၊ ဝိပါက် ဆတ္တိံသ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

## အာသေဝနပစ္စည်း ချုပ်နည်း

ကိုယ်တော်တို့ တပည့်တော်တို့သန္တာန်၌ စိတ်ဓမ္မတွေသည် ပကတိအခါ ခုနစ်ကြိမ်၊ မရဏာသန္နအခါ ငါးကြိမ်၊ ဖလသမာပတ်ဝင်စားသောအခါ၌ အကြိမ်များစွာဖြစ်၏။ တစ်ခုသောဓမ္မသည်ပင်လျှင် ဤနေရာ၌ အကြိမ်များစွာ ဖြစ်ခြင်းကိုပင် အာသေဝနသတ္တိပဲလို့ မှတ်ပါလေ။

တစ်ခုသောလောဘဇောကလေးသည် အာရုံဓမ္မတွေနဲ့တိုက်တိုင်း တိုက်တိုင်း အပွင့်ခတ်တည်းဟူသော လောဘဇောကလေးသည် ဤနေရာ၌ပင် အကြိမ်ကြိမ်ဖြစ်မှုကလေးကိုပင် အာသေဝနသတ္တိပဲလို့ မှတ်ပါလေကုန်။ မိမိတို့သည် ဝဋ္ဋုပစ္စည်းတစ်ခုကို အလွန်တရာ နှစ်သက်သည်ဖြစ်၍ အဖန်တလဲလဲအာရုံပြုသော အခါတိုင်းအခါတိုင်း လောဘဇောကလေးတစ်ခုတည်းပင် ခုနစ်ကြိမ်ပေါ်မှုကိုပင် အာသေဝန ပါပဲတဲ့။

**အာသေဝနဋ္ဌေန အနန္တရာနံ ပဂုဏဗလဝဘာဝါယ ဥပကာရကော ဓမ္မော အာသေဝနပစ္စယော။**

ဟုအဋ္ဌကထာမိန့်သည်နှင့်အညီ တစ်ခုသော ပထမအသေ်္ချါရိက သည်ပင်လျှင် ပထမဇော၊ (လ) ပထမအသင်္ခါရိကသည်ပင်လျှင် သတ္တမဇောဖြစ်ပါသောကြောင့် နောက်ဖြစ်တဲ့ဓမ္မကို အားရှိအောင် ကျေးဇူးပြုတဲ့ဓမ္မသည် အာသေဝနဟုမှတ်။ ဤကား နောက်ဖြစ်တဲ့ ပစ္စယုပ္ပန်ဓမ္မ၏ အားရှိအောင်ဖြစ်စေခြင်းကိုထောက်၍ အာသေဝနသတ္တိ ယူပုံတည်း။

ကိုယ်တော်တို့သည် ငယ်ငယ်တုန်းက ဒူးလေးကိုမကိုင်ဖူးဘူး လားလို့ဆိုရင်၊ ကိုင်ဖူး၏။ ၄င်းဒူးလေးကလေးကိုပစ်တဲ့အခါမှာ ကိုင်းတံမှာတပ်ထားသော ကြိုးကိုဆွဲတင်ထားပြီးလျှင် မြားကလေးကို တစ်ချက်ရိုက်ပစ်လိုက်ရုံနှင့် ခြေလှမ်းခုနစ်လှမ်းလောက်ကိုရောက်အောင် သွားနိုင်၏။ ထို့အတူ မြားကလေးကိုတစ်ချက်ရိုက်ရုံနဲ့ ခုနစ်လှမ်း ရောက်အောင် ပြေးသွားနိုင်သကဲ့သို့ တစ်ခုတည်းသောပထမဇော ကလေးသည် တစ်ကြိမ်ဖြစ်ရုံနဲ့ ခုနစ်ကြိမ်သောဇောတွေကို တစ်ကြိမ် ထက်တစ်ကြိမ် တိုးတိုးပြီးအားရှိလာအောင် ကျေးဇူးပြုခြင်းသည် အာသေဝနမှတ်ပါ။ ဤကဲ့သို့ မြားတံကလေးနဲ့ ဥပမာပေးတဲ့နေရာမှာ မြားတံကလေးမှာတော့ တစ်စုံတစ်ခုသောဝတ္ထုကို ပစ်လိုက်တဲ့အခါမှာ အရှိန်ကုန်မှစူးဝင်ခဲ့လို့ရှိရင် ၄င်းမြား၏စူးချက်သည် မနာဘူးလို့မှတ်။ အရှိန်မကုန်ခင် အလယ်လောက်မှာစူးခဲ့လို့ရှိရင် ၄င်းမြား၏စူးဝင်ချက် သည် နာသည်လို့မှတ်။ ပထမဇောကလေးမှာတော့ ဒီလိုမဟုတ်ပါဘူးတဲ့။ တစ်ကြိမ်ထက်တစ်ကြိမ်အားရှိပြီး တစ်ကြိမ်ထက်တစ်ကြိမ် အာရုံကို တိုက်တဲ့နေရာမှာ ပြင်းထန်တယ်လို့မှတ်ပါလေ။

တစ်နည်းအားဖြင့် ပထမဇောကလေးသည် သူ့မှာ ပင်ကိုယ့်ကိုက ငါဟာ … ခုနစ်ကြိမ်တိုင်အောင်ဖြစ်စေနိုင်တဲ့ သတ္တိရှိတဲ့တရားပါပဲလို့ ဆိုပြီး သူသည် တစ်ကြိမ်ဖြစ်ပြလိုက်၏။ ၄င်းနောက် သူ့မှာ တစ်ကြိမ် ဖြစ်ပြီးနောက် ကျင်လည်ပြီးလာရကား နောက်ဖြစ်တဲ့အကြိမ်များ ကျတော့ တိုးတိုးပြီး ဖြစ်လာ၏။ ဒါ့ကြောင့် ပထမအကြိမ်၌ပင် များများကြီး အားရှိသည်၏အဖြစ်ကို သိစေခြင်းငှာ အာသေဝနကို ဟောရ၏။ ဒါ့ကြောင့် ဇောထိုက်တဲ့တရားတို့မည်သည်မှာ ဇောဖြစ်နေတဲ့အခါ ဖြစ်ဖြစ်၊ ဇောကိစ္စမတပ်တဲ့အခါပဲဖြစ်ဖြစ် သူသည် ပင်ကိုယ်ရင်းကပင် ခုနစ်ကြိမ်ဖြစ်နိုင်တဲ့သတ္တိဟာ ရှိတယ်လို့မှတ်ပါလေ။

**"အာ ပုနပ္ပုနံ သေဝတိ ပဝတ္တတိတိ အာသေဝနံ"** ဟူသည်နှင့် အညီ ဓမ္မတစ်ခု သတ္တိတစ်ခုတည်းထဲ၌ ထပ်ပြန်တလဲလဲဖြစ်တတ်တဲ့ သတ္တိရှိသောတရားမျိုးကို အာသေဝနလို့မှတ်။ တစ်နည်းအားဖြင့် တစ်ပါးသောတရား အကြားမှာမရှိဘဲ သူချည်းသက်သက် ထပ်တလဲလဲ ဖြစ်မှုဟာလည်း အာသေဝနပါပဲတဲ့။

တပည့်တော်တို့ ကိုယ်တော်တို့သည် အလုပ်တစ်ခုကိုလုပ်ကိုင်တဲ့ အခါမှာ ပထမဇောက လက်ကလေးကိုလှုပ်လာအောင် ကျေးဇူးပြု၏။ ဒုတိယဇောကလေးကလည်း လက်ကလေးကို အနည်းငယ်ပိုလှုပ်လာ အောင် ကျေးဇူးပြု၏။ တတိယဇောက တိုးပြီးလှုပ်လာအောင် ကျေးဇူး ပြု၏(လ) သတ္တမဇောကလေးမှာတော့ မိမိတို့လုပ်မည့်အလုပ်သို့ လက် ကလေးရောက်အောင် ကျေးဇူးပြု၏။ ဤကဲ့သို့ ပြုခြင်းကို အာသေဝန လို့မှတ်ပါလေ။ လမ်းသွားတဲ့ နေရာမှာလည်း ဤအတူ မှတ်ပါလေ။

ဋီကာကျော်၌ **"ပုရိမပုရိမပရိစိတာဂန္ထေ"** ဟူ၍ဖွင့်ထားရာမှာလည်း ပထမ ကျမ်းကိုသုံးသပ်တာနဲ့ ဒုတိယ ကျမ်းကိုသုံးသပ်ခြင်းမှာ အမည်ပညတ်သာကွဲ၍ သဒ္ဒါချင်းမှာတူသောကြောင့် ဇာတ်တူရကား ရှေးကသဒ္ဒါနှင့် နောက်ကသဒ္ဒါတို့မှာလည်း အာသေဝနသတ္တိဖြင့် ကျေးဇူးပြုတယ်လို့မှတ်ပါလေ။

ဥပမာ - ကြက်မကြီးသည် ဥကလေးတွေကို ဥထားပြီး ကြက်မကြီး၏အငွေ့ တေဇောဓာတ်ကိုမပေးပါက ၎င်းဥကလေးတွေမှာ ကြက်ကလေးတွေမပေါက်တော့ပါဘဲ ပုပ်သွားခြင်းသို့ရောက်ရပေ၏။ ဤကဲ့သို့ ဥကလေးတွေကို မပုပ်မသိုးရအောင်၊ ကြက်ကလေးတွေ ပေါက်လာရအောင်၊ ကြက်မကြီးတို့၏ အပူငွေ့၊ ကြက်တို့၏ အနံ့ကို ပေးသောကြောင့်သာ ကြက်ကလေးတွေ ပေါက်လာရတယ်တဲ့။ ဒီနေရာမှာ ဇာတ်တူတဲ့ကြက်၏ အငွေ့ဓာတ်ကို ကြက်မကြီးပေးသောကြောင့်သာ ကြက်ကလေးတွေပေါက်လာရတယ်မှတ်။

အကယ်၍ ကြက်မကြီး၏ဝမ်းဗိုက်အောက်ကို ဘဲဥကလေးတွေ ထားခဲ့ပါရင် ကြက်ကလေးတွေပေါက်ပါ့မလားဆိုရင် မပေါက်ပါဘူးတဲ့။ ဝမ်းဘဲကလေးတွေပဲ ပေါက်လာပေ၏။ ဘာ့ကြောင့်လဲလို့ဆိုရင် ၎င်းကြက်မကြီးက ကြက်၏အငွေ့၊ ကြက်၏အနံ့ကိုပင်ပေးပါသော်လည်း ဥကလေးတွေမှာ ၎င်းသတ္တိတွေကို ဇာတ်မတူသောကြောင့် မယူနိုင်ပါဘဲ ဘဲကလေးတွေသာပေါက်ရတယ်လို့မှတ်ပါလေ။ ထိုဥပမာကဲ့သို့ ကုသိုလ်ဓမ္မက ဝိပါက်, ကြိယာတို့ကို ပေးငြားသော်လည်း ဇာတ်ချင်းမတူ၊ သတ္တိချင်းမတူသောကြောင့် ဝိပါက်, ကြိယာတို့မှာ

မယူနိုင်ပါဘူး။ ဒါ့ကြောင့် ဤနေရာမှာ အာသေဝနပစ္စည်းမတပ်ဘူး။

သို့ဖြစ်ပါ၍ ပရမတ္ထတရားတွေထဲမှာ လိုက်ရှာလိုက်လို့ရှိရင် အဖန်တလဲလဲမှီဝဲထုံတတ်တဲ့တရားမှာ ကုသိုလ်, အကုသိုလ်ကိုသာ တွေ့ခဲ့၏။ ၎င်းတရားနှစ်ပါးတို့မှာလည်း ကုသိုလ်ကပေးတဲ့သတ္တိကို ကုသိုလ်အချင်းချင်းမှသာယူနိုင်၏။ အကုသိုလ်က အကုသိုလ်အချင်းချင်း သတ္တိကိုပေးမှ ယူနိုင်ပေ၏။ ဒါ့ကြောင့် ပေးလည်းပေးတတ်, ယူလည်း ယူတတ်တဲ့တရား၊ ပေးသာပေးတတ်၍ မယူတတ်တဲ့တရားဟူ၍ နှစ်မျိုးနှစ်စားရှိရာတွင် ကုသိုလ်အချင်းချင်းမှာ ပေးလည်းပေးတတ်, ယူလည်းယူတတ်သောကြောင့် ပစ္စည်း, ပစ္စယုပ္ပန်ရတယ်ဟုမှတ်ပါ။

ကုသိုလ်ဇမ္မသည် အကုသိုလ်, ဝိပါက်, ကြိယာဇမ္မတို့အား သတ္တိကိုပေးငြားသော်လည်း ၎င်းတို့မှာ မယူနိုင်ရကား ပစ္စယုပ္ပန် မထိုက်ဘူးလို့မှတ်ပါ။

အကြင်ပုဂ္ဂိုလ်သည် စာတက်ရန်ပြန်လာလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ မဟာကုသိုလ်ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် (လ) ချုပ်၏။ ဤဝီထိအခိုက်အတန့်၌ ပထမအကြိမ် ခြေမြှောက်လိုက်တဲ့အခါမှာ မဟာကုသိုလ်ဇောခုနစ်ကြိမ် ဇော၏၊ ဒုတိယအကြိမ် ခြေမြှောက်လိုက်တဲ့အခါမှာလည်း ခုနစ်ကြိမ် ဇော၏၊ (လ) သတ္တမခြေလှမ်းလိုက်တဲ့အခါမှာလည်း ခုနစ်ကြိမ်ပင် ဇော၏ဟုမှတ်။ ဤကဲ့သို့ ကုသိုလ်ဇမ္မများကိုအာရုံပြုပြီးသွားတဲ့ အခါတိုင်းမှာဖြစ်ပါသောကြောင့် ခြေတစ်လှမ်းကို တစ်သန်းမက တန်သည်ဟုဆိုရပေ၏။

မဟာကုသိုလ် ပထမအသင်္ခါရိကဇောသည် ဟဒယဝတ္ထု ပေါ်ကနေပြီးလျှင် စိတ္တဇဝါယောဓာတ်ကိုလှုပ်လာအောင် ကျေးဇူးပြု၏၊ ဒုတိယဇောသည် ဟဒယဝတ္ထုပေါ်က နေပြီးလျှင် ခြေကို အနည်းငယ် တိုးလှုပ်လာအောင် ကျေးဇူးပြု၏၊ (လ) သတ္တမဇောသည် ဟဒယဝတ္ထု ပေါ်ကနေပြီးလျှင် လမ်းကိုလျှောက်ပြီး သွားနိုင်အောင် ကျေးဇူးပြု၏။ ထို့ကြောင့် ပထမဇောသည် မိမိတို့၏ခန္ဓာကိုယ်ထဲမှာ တစ်ကြိမ်မှုလက ဖြစ်လိုက်ရလို့ရှိရင် (ဝါ) တစ်ကြိမ် သူ့သတ္တိကိုပြလိုက်ရလို့ရှိရင် သူသည် ခြောက်ကြိမ်တိုင်တိုင်ဖြစ်နိုင်တဲ့သတ္တိကို အာသေဝနပဲလို့မှတ်လေ။

သို့ဖြစ်ပါ၍ ပထမအသင်္ခါရိကစိတ်ကလေးသည် ဒုတိယဇော ထဲမှာပါတာလည်း ငါတည်းဟူသော ပထမအသင်္ခါရိကစိတ်ပဲဟေ့ (လ)သတ္တမဇောထဲမှာပါတာလည်း ငါတည်းဟူသော ပထမအသင်္ခါရိက စိတ်ပါပဲလို့ပြောပါသောကြောင့် ပထမဇောထဲမှာပါသော အသင်္ခါရိက စိတ်သည်ပင် အာသေဝနလို့မှတ်ပါ။

မဟာကုသိုလ် ပထမအသင်္ခါရိကစိတ်သည် စိတ္တဇဝါယောကို လှုပ်အောင် ကျေးဇူးပြုပြီးလျှင် ၎င်းပထမအသင်္ခါရိကစိတ်ကလေးသည် ဥပါဒ် ဌီ ဘင်ဖြစ်ပြီးချုပ်သွား၏။ ၎င်းစိတ်ကလေးချုပ်သွားသော်လည်း ဒုတိယဇောမှာရှိသောစိတ္တဇဝါယောဓာတ်ကို ကြွလာအောင် ကျေးဇူး ပြု၏။ ၎င်းဒုတိယဇောကလေးမှာ ပင်ကိုယ်ကလည်း သူ့မှာ သတ္တိရှိပြီး သားဖြစ်ပါသောကြောင့် ပထမဇောကပေးတဲ့သတ္တိနဲ့ပေါင်းဆုံမိပါသဖြင့် ခြေ၏ကြွလာခြင်းကို ကျေးဇူးပြုနိုင်၏၊ (လ) ဆဋ္ဌဇောသည် ပထမ ဒုတိယ တတိယ စတုတ္ထ ပဉ္စမဇောတို့က မိမိသို့ကျအောင် လိုက်လာ ရကား မိမိမှာ စိတ္တဇဝါယောဓာတ်ကို အထူးသဖြင့်ပိုမိုပြီး ကြွလာအောင်

ကျေးဇူးပြုပြီးလျှင် ချုပ်သွားပြန်၏။ ထိုသို့ပင်ချုပ်သွား ငြားသော်လည်း ၄င်းပထမဓော (လ) ဆဋ္ဌဓောတို့က သတ္တမဓောကျ အောင်လိုက်ခြင်းကြောင့် သတ္တမဓောမှာရှိတဲ့ စိတ္တဇဝါယောဓာတ်ကို တစ်ဖန် သတ္တိပေးပြန်၏။ သတ္တမဓောမှာလည်း သူ့မှာ ပင်ကိုယ်ရင်းက စိတ္တဇဝါယောဓာတ်ကို အသစ်တစ်ဖန်ဖြစ်ပေါ်စေနိုင်တဲ့ သတ္တိရှိပြီးသား ဖြစ်ပါသောကြောင့် သူ့မှာ အလွန်အားရှိပြီးလျှင် မိမိလိုရာအရပ်သို့ ရောက်အောင် ကျေးဇူးပြုနိုင်၏မှတ်။ ဒါဟာ ဘာ့ကြောင့်လဲလို့ဆိုရင် ပထမဓော (လ) ဆဋ္ဌဓောတို့က မိမိသို့ရောက်အောင် လိုက်ခြင်းကြောင့် ဤကဲ့သို့ သတ္တိထူးကို ပေးနိုင်သည်မှတ်။

ကိုယ်တော်တို့သည် ပထမဓောကလေးနဲ့ တုံးတစ်ခုကိုမ,နေတဲ့နေရာမှာ ပထမဓောသည် ညာဘက်ကတုံးအစွန်းကို ကြွလာအောင် မ,နေရာမှာ ၄င်းပထမဓောက ဟေ့ ... ဒုတိယဓော ငါတစ်ဦးတည်း မမ,နိုင်ဘူးကွ ဝိုင်းပြီးကူပါဦးလို့ ပြောလိုက်တဲ့အခါမှာ ဒုတိယဓောကလေးသည် လက်ဦးဆုံး ပထမဓော မ,တဲ့နေရာကပင် ကြွသထက်ကြွလာအောင် ဝိုင်းကူပြီးမ,ရ၏။ ၄င်းဒုတိယဓောကလေးမှာ ငါတော့ သူများမ,ပြီးတဲ့နေရာက အပုပ်အသိုး ရုပ်မွေတွေကို မမ,ချင်ဘူးဆိုပြီး တခြားတစ်ဖက်က သွားပြီး မ,နေပါသလားလို့ဆိုရင် မမ,ပါဘူးတဲ့။ ပထမဓော၏စေခိုင်းရာ ပထမဓော၏ အာဏာတိက္ကမကို မလွန်ရဲဘဲ ပထမဓောမ,တဲ့နေရာကပဲ မ,ပါတယ်တဲ့။ ဒါ့ကြောင့် ဤအာသေဝနပစ္စည်းမှာလည်း အနန္တရစသောပစ္စည်းများကဲ့သို့ ဇနကသတ္တိ ရှိတယ်ဆိုတာကိုမှတ်ကြပါလေကုန်။

ကုသိုလ်လုပ်တဲ့အခါမှာလည်း ထို့အတူပါပဲတဲ့။ ပထမဓော

ကလေးသည် စာတည်းဟူသော ပရိယတ္တိဓမ္မကို အာရုံပြုပြီးလျှင် စာတက်မယ်လို့လာတဲ့ စိတ္တဇဝါယောဓာတ်တည်းဟူသော ခြေကလေး လှုပ်လာအောင် ကျေးဇူးပြုတဲ့အခါမှာ ဒုတိယဇောကလည်း ၄င်း ပထမဇောသည် စာတည်းဟူသော ဓမ္မကို အာရုံပြုပြီး စာတက်လာရန် လှုပ်နေတဲ့ခြေကိုသာလျှင် ပိုမိုပြီးလှုပ်လာအောင်သာ ကျေးဇူးပြု၏။ တခြားသောအာရုံဓမ္မကို အာရုံပြု၍ စိတ္တဇဝါယောဓာတ်ကြောင့် လှုပ်နေသောခြေကို တစ်ဖန်တိုးပြီး လှုပ်လာအောင် ကျေးဇူးမပြုရကား ပထမဇောသည် ဖြစ်စေတယ်လို့ဆိုတာဟာ အလွန်ထင်ရှားသောကြောင့် ဇနကသတ္တိရှိတယ်လို့မှတ်ပါ။

'အာ ပုနပ္ပုနံ သေဝတိ ပဝတ္တတီတိ အာသေဝနံ' ဟူသည်နှင့် အညီ ဓမ္မတစ်ခုတည်း၌ပင် ခုနစ်သတ္တိဖြစ်အောင်ကျေးဇူးပြုနိုင်သော သတ္တိသည် အာသေဝနလို့မှတ်ပါ။ တစ်နည်းအားဖြင့် -

**အာ ပုနပ္ပုနံ သေဝိတဗ္ဗန္တိ အာသေဝနံ** - ဟူသည်နှင့်အညီ အာ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သေဝိတဗ္ဗံ၊ နောက်ဇောသည် ရှေ့ဇော၏ သတ္တိကို မှီဝဲအပ်၏။ ဣတိ၊ ထို့ကြောင့်။ အာသေဝနံ၊ မည်၏။

ဒုတိယဇောသည် ငါတို့သည် ငါ့သဘောနဲ့ငါ လုပ်ပါသော်ကော ဆိုပြီး အလုပ်တစ်ခုကို လုပ်နိုင်ပါသလားလို့ဆိုရင် မလုပ်နိုင်ပါဘူးတဲ့။ သူတို့မှာ ပထမဇော၏သတ္တိကိုမှီရမှ အလုပ်ကိုလုပ်နိုင်၏။ ဒါဖြင့်ရင် သတ္တမဇောကလေးမှာတော့ သူ့မှာ မှီဝဲအပ်သော သတ္တိတော့ရှိပါရဲ့၊ သို့သော်လည်း သူ့နောက်မှာဖြစ်သော မှီဝဲတတ်သောတရားက မရှိပါ ဘူးလို့ မှတ်ပါလေ။

၄င်းအာသေဝနသည် အားထုတ်မှ ဖြစ်တဲ့တရားလား၊ အားမထုတ်ဘဲနဲ့ ဖြစ်ပေါ်လာတဲ့တရားလားလို့မေးခဲ့ပါရင် အားထုတ်မှဖြစ်ပေါ်လာတဲ့တရားလို့မှတ်ပါလေ။ ဘာ့ကြောင့်လဲလို့ဆိုပါရင် မိမိတို့သည် ဘုရားဖူးမယ်လို့ဆိုပြီး အားထုတ်ပြီးသွားတဲ့အခါမှာ ကုသိုလ်ဇောစိတ္တုပ္ပါဒ်တွေဖြစ်ပေါ်လာ၏။ ဒါ့ကြောင့် အားထုတ်မှ ဖြစ်သည်ဟုမှတ်ပါလေ။ အကုသိုလ်များမှာလည်း မိမိတို့သည် လုံ့လ ဝီရိယ အားထုတ်ပြီးလျှင် ပါဏာတိပါတကံကိုပြုတဲ့အခါမှာ အကုသိုလ်ဇောဝီထိစိတ္တုပ္ပါဒ်တွေဖြစ်ရကား အားထုတ်မှသာ အာသေဝန ဖြစ်၏။

**"ကရဏံ ကိရိယာ"**ဟူသည်နှင့်အညီ အနုသယမရှိတဲ့ပုဂ္ဂိုလ်များသန္တာန်မှာဖြစ်ပါသောကြောင့် ပြကာမျှမတ္တသာ။ ၄င်းကြိယာဇော၏အစွမ်းသတ္တိကြောင့် အကျိုးကိုဖြင့်ပေးလိမ့်မယ်လို့မမျှော်လင့်ရဘူးတဲ့။ သို့သော်လည်း ၄င်းတရားများသည်လည်း အားထုတ်မှပင်ပေါ်တဲ့တရားပါပဲတဲ့။ ထို့ကြောင့် အာသေဝနပစ္စည်းမှာ အားထုတ်အပ်သည်လည်းဖြစ်စေ၊ အဖန်တလဲလဲ မှီဝဲအပ်သည်လည်းဖြစ်စေ၊ ဤအင်္ဂါနှစ်ပါးဖြစ်မှသာ အာသေဝနပစ္စည်း တပ်နိုင်တယ်မှတ်။

ဝိပါက်တရားများမှာတော့ ကံ၏အစွမ်းသတ္တိကြောင့်သာဖြစ်ရ၏။ သူတို့၏အစွမ်းသတ္တိကြောင့် မဖြစ်ရကား သဘောနှစ်မျိုးတို့တွင် ကိုယ့်သဘောမပါဘဲ သူများသဘောကြောင့်သာဖြစ်ရ၏။ ဒါ့ကြောင့် သူ့မှာ အားထုတ်အပ်တဲ့တရားမဟုတ်ပါသောကြောင့် အာသေဝနပစ္စည်း မတပ်ဘူးမှတ်ပါ။

ကုသိုလ်၊ အကုသိုလ်ဓမ္မများမှာတော့ ကိုယ့်သဘောနဲ့ကိုယ် ပြုလုပ်နိုင်တဲ့တရားများဖြစ်ပါသောကြောင့် အားထုတ်အပ်တဲ့သတ္တိ ရှိရကား အာသေဝနပစ္စည်းတပ်တယ်လို့မှတ်ပါ။

ပဋိသန္ဓေစိတ်၊ ပထမဘဝင်၊ ဒုတိယဘဝင် စသည်တို့မှာ ကံက မင်းတို့ လှူပြည်သွားပြီး ဒီစိတ်နဲ့ ပဋိသန္ဓေနေကြ၊ ဒီစိတ်နဲ့ပဲအိပ်ကြ၊ ဒီစိတ်နဲ့ပဲ စုတိစိတ် ကျရမယ်ဆိုပြီး ကံကစီမံပေးလိုက်တဲ့အတိုင်း ဖြစ်ကြ ရကား ကံ၏ ကျွန်တွေချည်းပဲ ဖြစ်ကြရ၏။

ဒါ့ကြောင့် **"နိရုဿာဟံ ဒုဗ္ဗလန္တိ"** ဟူသည်နှင့်အညီ ပဋိသန္ဓေ စိတ်ကလေးက ငါ့လူပထမဘဝင်ကလေးဖြင့်ဆင်းရဲနေရှာတယ်။ သူ့ကို ငါသွားကူပါဦးမယ်ဆိုပြီး ကူပံ့နိုင်ပါသလားလို့ဆိုရင် မကူပံ့နိုင်ရှာဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် သူက ကံ၏ စေခိုင်းရာကျွန်ပင် ဖြစ်နေသောကြောင့် သူ့မှာလည်း ဆင်းရဲနေပါ၍ မကူပံ့နိုင်ရကား အားထုတ်ခြင်းမရှိတော့ဘဲ အလွန်အားနည်းရကား အာသေဝနမတပ်ပါ။

(တစ်နည်း) ၄င်းဝိပါက်စိတ်များမှာ မိမိအမည်ကို မိမိက ပေးတာ လား၊ သူတစ်ပါးကပေးလို့ ရတာလားလို့ဆိုရင် ကုသိုလ်၊ အကုသိုလ် တည်းဟူသော သူတစ်ပါးကပေးလို့ ရတဲ့အမည်လို့မှတ်ပါ။ ဒါ့ကြောင့် ၄င်းဝိပါက်များမှာ သူတစ်ပါးထားတဲ့နေရာမှာပင် သူ့နာမည်နဲ့သူ လိုက် အောင်နေရတော့ တစ်စုံတစ်ခုသောအလုပ်ကို မလုပ်နိုင်ဘူးလို့ ဆိုတာ အလွန်ထင်ရှား၏။

ဥပမာအားဖြင့် ရှေးကပစ်ချလိုက်သောအကုသိုလ်ကံ၏စီမံရာမှာ နေရသော ပြိတ္တာကောင်ကြီးများမှာ ရဟန္တာအရှင်မြတ်များက လမ်းမှာ

တွေ့၍ သနားကရုဏာဖြစ်တဲ့အခါ စေတနာနဲ့ ရေတွေကိုခံပြီး ခံတွင်းပေါက်ထဲသို့ လောင်းထည့်ကြပါသော်လည်း သူတို့ခံတွင်းပေါက်ကလေးက အပ်ပေါက်လောက်ရှိလေတော့ မဝင်ပါဘူးတဲ့။ ဒီနေရာမှာ ၎င်းပြိတ္တာကြီးတွေသည် ငါတို့၏ခံတွင်းပေါက်ကိုကျယ်လာအောင်ဖြစ်မယ် ဆိုပြီး မိမိတို့၏ ခံတွင်းပေါက်ကို ရေဝင်အောင်ဖြလို့ ကောရပါသလား လို့ဆိုရင် မရပါဘူးတဲ့။ ဒါဟာ ဘာ့ကြောင့်လဲ ကံစီမံရာမှာသာ သူတို့ဖြစ်ကြရ၏။ သူတို့မှာ ပြုပြင်အားထုတ်နိုင်တဲ့သတ္တိ မရှိသောကြောင့်လို့ မှတ်ပါလေ။

**"အာသေဝနပဝိနိမုတ္တံ ဇဝနံ နတ္ထိ"** ဟူ၍ ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာတော် မိန့်ဆိုသောစကားမှာ အာသေဝနမှလွတ်သောဇောမည်သည် မရှိဟုဆိုထား၏။ ၎င်းစကားကိုထောက်ဆပါသဖြင့် ဖိုလ်ဇောသည် အာသေဝနတပ်ကောင်းခြင်းသို့ ရောက်ရာ၏။ ၎င်းဖိုလ်ဇောသည် အာသေဝနရော တပ်နိုင်ပါသလားလို့ဆိုရင် မတပ်ဘူးဟုမှတ်လေ။ ဘာ့ကြောင့်လဲဆိုရင် ဤဝီထိကိုချုပြီးကြည့်က သိနိုင်ပေ၏။

အကြင်ပုဂ္ဂိုလ်သည် လက္ခဏာရေးသုံးပါးကိုစီးဖြန်း၍ မဂ်ကို ရလိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ကံ၊ ဥ၊ နု၊ ဘူ၊ သောတာပတ္တိမဂ် တစ်ကြိမ်၊ ဖိုလ်၊ ဖိုလ်၊ ဘဝင် (လ) ချုပ်၏။ မဂ်ဇောမှာပါတဲ့ စေတနာသည် ဖိုလ်ကို ဇနကသတ္တိဖြင့်ဖြစ်စေ၏။ ခဏခြား၍ ဘဝမခြားသောကြောင့် ကမ္မလို့ဟောခဲ့၏။

ဖိုလ်ဇောသည် အားထုတ်ရတဲ့ တရားလား၊ အားမထုတ်ရတဲ့ တရားလားလို့ဆိုရင်၊ အားမထုတ်ရတဲ့တရား မှတ်ပါ။ ဘာ့ကြောင့်ဆို

သော် ၄င်းမဂ်ထဲမှာပါသော စေတနာသည် အကာလိကဂုဏ်နှင့် ပြည့်စုံသည့်အားလျော်စွာ အခါမလင့်အကျိုးကိုပေးရသောကြောင့် မဂ်ပြီးရင် တစ်ခါတည်းဖိုလ်ပါပဲတဲ့။ မဂ်ပြီး ဖိုလ်မဖြစ်ချင်ပါဘူးလို့များ ငြင်းသေးသလားဆိုရင် မငြင်းပါဘူးတဲ့။ မဂ်ပြီး တစ်ခါတည်းဖိုလ် ဖြစ်၏။ ဒါဖြင့် အားမထုတ်ရတဲ့တရားဆိုတာ သိရမည်။ ထို့ကြောင့် ဖိုလ်သည် နိရုဿာဟဒုဗ္ဗလ အားထုတ်ခြင်းကင်း၏။ အားထုတ်ခြင်း ကင်းသဖြင့် အာသေဝနပစ္စည်းမတပ်ဘူး၊ (ဝါ) မဖြစ်ဘူးမှတ်။

ဓမ္မသင်္ဂဏီကိုထောက်၍ ဝိပါကတိက်၌ ဝိပါက်သည် ကုသိုလ်, အကုသိုလ်တို့၏ အကျိုးသက်သက်မျှသာဖြစ်ပါသောကြောင့် နိရုဿာဟ အားထုတ်ခြင်းကင်း၏။ သို့ဖြစ်ပါ၍ ဓမ္မသင်္ဂဏီကိုထောက်၍ လည်းကောင်း၊ အကာလိကဂုဏ်ကိုထောက်၍လည်းကောင်း ဖိုလ်ဇောသည် အာသေဝနမဖြစ်ဘူးမှတ်။

**"ပုရိမပုရိမပရိစိတဂန္ထော ဝိယ ဥတ္တရုတ္တရဂန္ထဿ"**ဟု ဋီကာကျော်မိန့်သဖြင့် မိမိတို့သည် သင်္ဂြိုဟ်ကျမ်းကိုသင်ယူတဲ့အခါမှာ ပညာနဲ့သင်ပါသလားဆိုရင်၊ မဟုတ်ပါဘူးတဲ့။ ဖဿသည်ကားလို့ ဆိုလျှင် ဖုသနလက္ခဏာရှိတာပဲဟု သညာနဲ့မှတ်ပြီးလျှင် သင်ယူရကား ၄င်းနောက် မိမိတို့သည် ဋီကာကျော်ကျမ်းကို သင်ယူတဲ့အခါမှာ ၄င်း ဖဿ၏သဘောလက္ခဏာကို ဖွင့်ပြသည်ရှိသော် ဒီဖဿဟာ ငါသိပြီး သားဖဿကလေးပဲလို့ မိမိတို့၏စိတ်ထဲမှာ ပေါ်လာ၏။ ဤကဲ့သို့ ပေါ်လာရခြင်းမှာ ၄င်းသင်္ဂြိုဟ်က ဖဿကလေးဟာ ဋီကာကျော်ထဲသို့ လိုက်ပြီးပေါ်ပါသလားလို့ဆိုရင် မပေါ်ပါဘူးတဲ့။ သင်္ဂြိုဟ်ထဲမှာဖြစ်တဲ့ ဖဿကလေးဟာလည်း သူသည် ချုပ်သွားပြီးပါပြီတဲ့။ ထိုသို့ပင်

ချုပ်ပျောက်ပျက်စီးသွားပါသော်လည်း ငါချုပ်ပြီးသည့်နောက် ငါကဲ့သို့ ဇာတ်တူဖသကလေးဟာ ဖြစ်ရစ်တော့ဆိုပြီး ဇနကသတ္တိကိုချန်ပြီးလျှင် ချုပ်ပျောက်ပျက်စီးသွားရကား ရှေးကသင်ယူခဲ့ပြီးသောကျမ်းဂန်သည် နောက်သင်ယူသောကျမ်းဂန်အား အာသေဝနသတ္တိဖြင့်ကျေးဇူးပြု၏ဟု ဆိုသည်။

(တစ်နည်း) ရှေးသင်္ဂြိုဟ်ကျမ်းကိုသင်ယူတုန်းက မှတ်ခဲ့သော သညာသည် သဥ္ဈာနနလက္ခဏာသဘောရှိ၏။ ၄င်းသညာချုပ်သွားပြီး နောက် ဋီကာကျော်ကျမ်းမှာ အသစ်တစ်ဖန်ဖြစ်ပြန်သောသညာမှာ ဒိဋ္ဌိသညာစသည်မဖြစ်ပါဘဲ သဥ္ဈာနနလက္ခဏာရှိသောသညာသာ ပေါ်ရခြင်းသည် ဘယ်သူ၏သတ္တိကြောင့်ပါလဲလို့ဆိုရင် အာသေဝန သတ္တိကြောင့်လို့မှတ်။

ကိုယ်တော်တို့သည် ခံတွင်းဝသို့ ဆွမ်းလုတ်ကိုကိုင်ပြီးထည့်လိုက် တဲ့အခါမှာ သုခဖြစ်ပါရဲ့လားလို့ဆိုရင်၊ ဖြစ်ပေ၏။ ဤကဲ့သို့ဖြစ်ရင် တပ်နှစ်သက်သော လောဘဇောသည် ဖြစ်ပေါ်လာရ၏။ ၄င်းလောဘ ဇောသည်ကားလို့ဆိုရင် သာဝဇ္ဇလား၊ အနဝဇ္ဇလားဆိုပါက သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာရှိ၏။ ဒါ့ကြောင့် ၄င်းလောဘတည်းဟူသော ပထမဇောကလေးမှာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာရှိ၏။ ၄င်းပထမဇော ကလေးသည် ချုပ်ပျောက်ပျက်စီးခါနီး၌ မိမိ၏ သာဝဇ္ဇဒုက္ခဝိပါက လက္ခဏာသဘောကလေးကို ချန်ပြီးသကာလ ချုပ်ပျောက်သွား၏။

ဤကဲ့သို့ ချုပ်ပျောက်ပြီးသည့်နောက် ဒုတိယဇောပေါ်လာ၏။ ဒီလိုဖြစ်ပေါ်လာတဲ့အခါမှာ ဒုတိယဇောကို ဟော့…ဒုတိယဇော ယခု ဖြစ်နေတာ မင်းသဘောနဲ့ မင်းဖြစ်တာလား၊ သို့မဟုတ် သူများက

သတ္တိကိုပေးလို့ ဖြစ်တာလားလို့ ဆိုပါရင်၊ သူများက သတ္တိပေးလို့ ဖြစ်ရတာပါလို့ ပြောလိမ့်မယ်။ ဤကဲ့သို့ဖြစ်ပါရင် သူ့မှာကော သတ္တိ မရှိဘူးလားလို့ဆိုရင် သူ့မှာလည်း အသစ်ဖြစ်ပေါ်နိုင်တဲ့သတ္တိ ရှိတာပါပဲ တဲ့။ ဤကဲ့သို့ပင်ရှိပါသော်လည်း သူဖြစ်ပေါ်သည်နှင့် တစ်ပြိုင်တည်း ပထမဇောရဲ့ သတ္တိကလေးပါ တစ်ခါတည်း ပေါ်လာပါတယ်တဲ့။ ဒါ့ကြောင့် ၄င်းဒုတိယဇောသည် သူများ၏ သတ္တိကိုလည်း ယူတယ်။ မိမိမှာလည်း သတ္တိရှိတယ်လို့သာ မှတ်ပါ။ ဤကဲ့သို့ သူသည် ပထမဇော၏သတ္တိကို မယူဘူးလို့ဆိုပါရင် သူ့ခမျာမှာ သာဝဇ္ဇဒုက္ခ သဘောမရှိဘဲ အနဝဇ္ဇသုခသဘောသာဖြစ်ရမည်။ ဤကဲ့သို့ အနဝဇ္ဇ မဖြစ်ပါဘဲ ပထမဇောကဲ့သို့ သာဝဇ္ဇဖြစ်နေရသည်ကိုထောက်၍ သူသည် ပထမဇော၏သတ္တိကိုယူပြီးမှ ဖြစ်ရသည်။ သူ၏သဘောလည်း ရှိသည် ဟုမှတ်ပါလေ။ အကြွင်းစကားရပ် တူ၏မှတ်ပါ။

(တစ်နည်း) အကျိုးအားဖြင့် ထောက်ပြီးကြည့်လိုက်ပါဦးတဲ့။ ပထမဇောမှာပါတဲ့စေတနာသည် ပစ္စယုပ္ပန်၊ ပဝတ္တိဘဝမှာသာအကျိုးကို ပေး၏။ ၄င်းပထမဇောသည် ပဝတ္တိအခါမှာ အကျိုးကိုမပေးပါက အဟောသိကံသာဖြစ်၏။ ဒုတိယဇောမှာပါသောစေတနာသည် ပဝတ္တိ ပဋိသန္ဓေအကျိုးနှစ်ပါးကိုပေး၏။ ဤကဲ့သို့ နှစ်ပါးစုံအကျိုးပေးတာကို ထောက်ပါသဖြင့် ပထမဇောပေးတဲ့သတ္တိတွင်မကသေးဘဲ သူ၏သတ္တိ ကလေးလည်း ရှိတယ်ဆိုတာကိုမှတ်ပါ။

ပထမဇော၏သတ္တိလည်း မလွတ်ရ။ သူ၏သတ္တိလည်း ပါသေး တယ်ဆိုတာကို သိရပေ၏မှတ်ပါ။ ဒါဖြင့် ဒုတိယဇောသည် ပဋိသန္ဓေ ပဝတ္တိအကျိုးနှစ်ပါးစုံကို ပေးပြီးတော့ချုပ်သွားပါရင် သူ၏သတ္တိကလေး

ထားခဲ့၏။ ထားခဲ့ပြီး ဒုတိယဇောသည်ချုပ်သွား၏။ တစ်ဖန် တတိယဇော ပေါ်လာရပြန်၏။ ဒါဖြင့် တတိယဇောသည် ပဌမဇော၊ ဒုတိယဇော တို့၏သတ္တိကိုလည်း ယူဆောင်ခဲ့တယ်။ မိမိသတ္တိလည်း ပါတယ်လို့ မှတ်ပါ (လ) နောက်ဆုံး သတ္တမဇော ပေါ်လာ၏။ ပေါ်လာတဲ့အခါမှာ နောက်ကခြောက်သတ္တိကိုလည်း ယူဆောင်၏။ သူ၏သတ္တိကိုလည်း ယူဆောင်လာရကား သူသည် အလွန်တရာ အားရှိပါသလားလို့ဆိုရင်၊ မရှိပါဘူးတဲ့။

ဘာကြောင့်ဆိုသော် သတ္တမဇောသည် ဒုတိယဘဝမှာ အကျိုးပေး တယ်လို့ဆိုငြားသော်လည်း နွားသတ်သော သတ္တမဇောစေတနာသည် ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးသည်ရှိသော် ကျန်သော ဆိတ်သတ်ခြင်းစသော သတ္တမဇောစေတနာတို့သည် အဟောသိကံသာ ဖြစ်ရပေ၏။ ဒါ့ကြောင့် သူ့မှာ အားမရှိဘူးလို့မှတ်။

အလယ်ဇောငါးချက်မှာပါသောစေတနာသည် တတိယဘဝမှ စ၍ နိဗ္ဗာန်ရသည့်တိုင်အောင် အကျိုးကိုပေးနိုင်၏။ အဟောသိကံဟူ၍ နောက်ကကံများကဲ့သို့ မရှိဘူးလို့မှတ်။

သို့ဖြစ်ပါ၍ နောက်က မြားပစ်သောဥပမာကဲ့သို့ မြားသည် အရှိန်မကုန်ခင် အလယ်လောက်မှာ သားကောင်ကိုစူးဝင်သည်ရှိသော် အလွန်တရာစူးချက်နာသကဲ့သို့ အလယ်ဇောငါးချက်၏အားရှိပုံကို မှတ်ပါလေ။ သတ္တမဇောမှာပါသောစေတနာသည် အရှိန်ကုန်ခါနီးမှာ သားကောင်ကိုစူးဝင်သောမြားကဲ့သို့ စူးချက်မနာဘဲ အားမရှိပုံကိုမှတ်ပါ။

တစ်နည်းအားဖြင့် သစ်ပင်အိုကြီးမှဖြစ်သောမျိုးစေ့သည် နောင် စိုက်တဲ့အခါမှာ သန်သန်ထွားထွားအပင်ကို မဖြစ်စေသကဲ့သို့ မိမိမှာ

ခုနစ်ကြိမ်ဖြစ်ပြီးပါက နောက်ဖြစ်ဖို့မရှိရကား ချုပ်ရတော့မည်ဖြစ်ပါ၍ သတ္တမဇောသည် အလွန်တရာမှပဲအားနည်းတယ်လို့မှတ်ပါ။

ဒါ့ကြောင့် ပထမဇောသည် ပစ္စည်းသာရ၏။ ဒုတိယဇောမှစ၍ အလယ်ဇောငါးချက်တို့သည် ကိုယ်ပိုင်သတ္တိလည်းရှိ၊ သူတစ်ပါး ကိုလည်း သတ္တိပေးနိုင်သောကြောင့် ပစ္စည်း, ပစ္စယုပ္ပန်နှစ်ပါးစုံရတယ် လို့မှတ်ပါ။ သတ္တမဇောသည် ပစ္စယုပ္ပန်သာရ၏။ အာသေဝနဆိုတာ ပြားသောဇာတ် ရှိတဲ့တရားကို မပေးဘူး။ သတ္တမဇောပြီးလျှင် တဒါရုံ ဖြစ်ရ၏။ ၎င်း တဒါရုံကို မိမိ၏ အနဝဇ္ဇသုခဝိပါကလက္ခဏာကို ပေးငြားသော်လည်း ၎င်းတဒါရုံစသည်တို့က ကျုပ်တို့မှာ အဝိပါက လက္ခဏာနဲ့နေရတာ ဖြစ်သောကြောင့် ခင်ဗျား၏သတ္တိကို ကျုပ်တို့ မယူနိုင်ဘူးလို့ပြန်ပြော လိုက်၏။

ဥပမာ - ကိုယ်တော့်ကို ဇောဓိပင်နဲ့ရွှေပလ္လင်ကိုပေးတဲ့အခါမှာ ယူနိုင်ပါရဲ့လားဆိုရင်၊ မယူနိုင်ပါဘူး။ ဘာ့ကြောင့်လဲဆိုရင် မိမိနဲ့ မထိုက် တန်လို့ မယူနိုင်ဘူးလို့မှတ်ပါ။

သတ္တမဇောလည်း ပေးခြင်းငှာ မစွမ်းနိုင်ဘူး။ ဘာ့ကြောင့်လဲ ဆိုရင် သတ္တမဇောသည် သူ့မှာ ခုနစ်ကြိမ်ထက်ပိုပြီး ဖြစ်နိုင်တဲ့သတ္တိ မရှိရကား သူသည် နိယာမသဘောကို မလွန်နိုင်သောကြောင့် တဒါရုံ တို့ကိုလည်း အာသေဝနသတ္တိကို မပေးနိုင်ဘူးလို့မှတ်ပါ။ အကယ်၍ အာသေဝနသတ္တိကို ပေးခဲ့လို့ရှိပါရင် ဝိပါက်တွေသည် ကုသိုလ်ဖြစ်ရာ၏။ ဒီလိုဆိုရင် ပရမတ္ထတရားတွေမှာ ဖောက်ပြန်ဂုန်ရာ၏။ ဖောက်လည်း မဖောက်ပြန်ကောင်းဘူးလို့မှတ်ပါ။

သို့ဖြစ်ပါသောကြောင့် သတ္တမဇောကလည်း နိယာမသဘောကို မလွန်နိုင်သောကြောင့် အာသေဝနသတ္တိကို မပေးနိုင်ဘူး။ တဒါရုံစသည်များကလည်း မယူနိုင်သောကြောင့် အာသေဝနပစ္စည်း မတပ်ဘူးမှတ်။

ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောသည် နှစ်ကြိမ်ဖြစ်ရကား သူသည် အာသေဝနပစ္စည်း တပ်ပါသလားလို့ဆိုရင် သူ့မှာ ဇော၏နေရာမှာဖြစ်ရ၍ အာသေဝနယောင်ယောင်ဖြစ်ရပါသော်လည်း 'အာ ပုနပ္ပုနံ သေဝတီတိ အာသေဝနံ' ဟူသည်နှင့်အညီ သူ့မှာ ပင်ကိုယ်ရင်းက အာသေဝနအမည်ကိုမရသောကြောင့် ဤကဲ့သို့ မမြဲသောတရားများကို အာသေဝနတရားထဲသို့ သွင်းပြီးမဟောရကား အာသေဝနယောင်ယောင်သာဖြစ်ပါသော်လည်း အာသေဝနပစ္စည်းမတပ်ဘူးလို့မှတ်ပါလေ။ ဆရာတော် ဦးဝိမလ၏ အာသေဝနပစ္စည်းချုပ်စဉ်ပြီး၏။

## အာသေဝနပစ္စည်း၌ မှတ်ရန်

'အာ ပုနပ္ပုနံ သေဝတီတိ အာသေဝနံ' ဟူ၍လည်းကောင်း၊ 'အာ ပုနပ္ပုနံ သေဝီတဗ္ဗန္တိ အာသေဝနံ' ဟူ၍လည်းကောင်း ဝစနတ္ထပြု။ အဖန်တလဲလဲ ထုံတတ်၊ အဖန်တလဲလဲ မှီဝဲအပ်သော တရားသည် အာသေဝနမည်၏။ အရကား- အဆုံးဇော, မဂ်ဇော, ဖိုလ်ဇော ကြဉ်သော လောကီဇော သတ္တစတ္တာလီသရ၏။

အာသေဝနပစ္စည်း၌ အဆုံးဇောကြဉ်ရသည်ကား အဆုံးဇောနောင် အဗျာကတသာရှိသောကြောင့် ကြဉ်ရသည်။ ပစ္စယုပ္ပန်၌ 'ပထမဇော ကြဉ်' ဆိုသောစကားသည် ကာမဇောတစ်ခုယုတ်သုံးဆယ်၏ ပထမဇော

ကိုသာ ကြည့်ရမည်။ ကာမဇောသည် မဟဂ္ဂုတ်ဇော၊ မဂ်ဇောအား ပစ္စည်းတပ်သောကြောင့် မဟဂ္ဂုတ်ပထမဇော၊ မဂ်ဇောတို့ကို ပစ္စယုပ္ပန်၌ မကြည့်ရဟုမှတ်။ ဇောတူ ကုသိုလ်အချင်းချင်း၊ အကုသိုလ်အချင်းချင်း၊ ကြိယာအဗျာကတအချင်းချင်းသာ ပစ္စည်းတပ်သည်။ ကုသိုလ်၊ အကုသိုလ်သည် အဗျာကတအားပစ္စည်းမတပ်ခြင်းကား မိမိဟု ဆိုအပ်သော ကုသိုလ်၊ အကုသိုလ်၏ အလားတူကို ယူစေခြင်းငှာ မစွမ်းနိုင်သောကြောင့် အဗျာကတအားပစ္စည်းမတပ်သတည်း။

ထို့ကြောင့် ပဋ္ဌာန်းအဋ္ဌကထာ၌ -

**နိဒ္ဒေသော န ကတောတိ၊ အတ္တနော ဂတိံ ဂါဟာပေတုံ အသမတ္ထတာယ** - ဟုမိန့်သတည်း။

အတ္တနော၊ မိမိ၏။ ဂတိံ၊ အလားတူကို။ ဂါဟာပေတုံ၊ ယူစေခြင်းငှာ။ အသမတ္ထတာယ၊ မစွမ်းနိုင်သည်၏အဖြစ်ကြောင့်။ နိဒ္ဒေသော၊ နိဒ္ဒေသကို။ န ကတော၊ မပြုအပ်။

အာသေဝန နိဒ္ဒေသပါဠိတော်၌ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ'-ဟု အစရှိသည်ဖြင့် မဟောခြင်းကြောင့် 'နိဒ္ဒေသော န ကတော'-ဟု ပါဠိသေသ ထည့်ရသတည်း။

ဖလသမာပတ်ဝင်စားရာ၌ ဖိုလ်ဇောသည် ဇောတူချင်း အာသေဝနပစ္စည်းတပ်သင့်လျက် မတပ်ခြင်းကား - ကံ၏အဟုန်သည် ပစ်လွှတ်အပ်သည်ဖြစ်၍ ကျသကဲ့သို့ဖြစ်သောကြောင့် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဝိပါက်တရား၌ အာသေဝနပစ္စည်းမတပ်နိုင် သတည်း။

ထို့ကြောင့် အဋ္ဌကထာ၌ -

**ကမ္မဝေဂက္ခိတ္တံ ပန ပတိတံ ဝိယ ဟုတွာ ဥပ္ပဇ္ဇတီတိ သမ္ပဋိထာပိ ဝိပါကေ အာသေဝနံ နတ္ထိ** - ဟု မိန့်သတည်း။

ပန၊ အကြောင်းတစ်ပါးကိုပြဦးအံ့။ ကမ္မဝေဂက္ခိတ္တံ၊ ကံ၏အဟုန်သည် ပစ်လွှတ်အပ်သည်ဖြစ်၍။ ပတိတံ ဝိယ၊ ကျသကဲ့သို့။ ဟုတွာ၊ ၍။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သမ္ပဋိထာပိ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း။ ဝိပါကေ၊ ဝိပါက်တရား၌။ အာသေဝနံ၊ သည်။ နတ္ထိ၊ မရှိ။

## ဦးဉက္ကံသ၏အာဘော် (အာသေဝနပစ္စည်း)

ဇာတ်တူအဆုံးဓောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ စေတသိက် ဒွေပညာသသည် အာသေဝနပစ္စည်း။ မဂ်ဇောသည် ပစ္စယုပ္ပန်သာထိုက်သော်လည်း ဇာတ်ပြား၍ ဖိုလ်ဇောအား ကျေးဇူးမပြုနိုင်သောကြောင့် ပစ္စည်းမထိုက်။ ထို့ကြောင့် -

> 'ဘူမိန္ဒရာ၊ ရာဇာနရီ၊ သမ္ဘိန်နယ်ချင်း၊ မျိုးတူလျှဉ်းမှ၊ ထိမ်ခြင်း မင်္ဂလာ၊ ဆက်ဆံပါ၍၊ ဇာတ်ကွာမျိုးခြား၊ ဖက်မထားသို့၊ ဇာတ်ခြားပါက၊ ဗျာကတနှင့်၊ သေဝနဂုဏ်၊ နှစ်မူစုံလျက်၊ တူလှုံမယူ၊ ဂုဏ်သိရ်ချူလို့၊ ရှိန်ဂုဏ်တူသား၊ ယူသင့်များကို၊ သန္နိဋ္ဌာန်စကား အဘယ်နည်း။'

မင်းမျိုးများသည် အမျိုးတူမှ ထိမ်းမြားသကဲ့သို့ ထို့အတူ အာသေဝန ပစ္စည်းလည်း ဇာတ်တူမှ ကျေးဇူးပြုသည်။

သတ္တမဇောသည် ပစ္စည်းမထိုက်၍ ပစ္စယုပ္ပန်သာထိုက်သော

ကြောင့် ပစ္စည်း၌ကြဉ်ရသည်။ ပဌမဇောသည် ပစ္စည်းသာထိုက်၍ ပစ္စယုပ္ပန်မထိုက်သောကြောင့် ပစ္စယုပ္ပန်၌ ကြဉ်ရသည်။ ဖိုလ်ဇောကို မဂ်ဇောက ဇာတ်ပြား၍ ကျေးဇူးမပြုသောကြောင့် ပစ္စယုပ္ပန်၌ ကြဉ်ရသည်။

'စကြြရာဓိ၊ ဂုဏ်ရှိန်တူလျှဉ်း၊ ဖိုလ်ဇောချင်းပါ၊ အခင်း
ဘယ်ကြောင့်၊ သနောင့်သနင်း၊ သေဝနကင်းသနည်း။'

ဖိုလ်ဇောသည် ဇောထိုက်လင့်ကစား အကျိုးကို ဖြစ်စေခြင်းသဘော မရှိသောကြောင့် အာသေဝနပစ္စည်းမရ။ အာသေဝနဆိုသည်ကား ပစ္စည်းနှင့်ပစ္စယုပ္ပန် နာမ်တရားလည်းမခြားမှ၊ အကျိုးကိုလည်းဖြစ်စေမှ အာသေဝနရသည်မှတ်ပါ။

ဂေါတြဘူ (မဟာကုသိုလ်)သည် ဈာန်, မဂ်အား၊ ဝေါဒါန်သည် အထက်မဂ်အား၊ ဘူမိဘေဒပင်ဖြစ်သော်လည်း ဇာတ်တူ၍ အာသေဝန ပစ္စည်းရ၏။ လောကုတ္တရာကုသိုလ်နှင့် ၄င်းဝိပါက်သည် ဇာတိဘေဒ ပင် ဖြစ်သော်လည်း ဝေါဟာရမတ္တသာ။ အဘယ့်ကြောင့်နည်းဆိုသော် မဂ်ကလည်း ဇော၊ ဖိုလ်ကလည်း ဇောထိုက်သောကြောင့်တည်း။ ဘူမိဘေဒလည်းမဆိုရ။ လောကီကုသိုလ်နှင့် ဝိပါက်ကဲ့သို့လည်း မဟုတ်။ ဆရာတော် ဦးဥက္ကံသ၏အာဘော် ပြီး၏။

## ဦးဝိမလ၏အာဘော် (အာသေဝနပစ္စည်း)

'အာ ပုနပ္ပုနံ အာရမ္မဏံ သေဝတီတိ အာသေဝနံ'ဟု ကံပုဒ် ထည့်စွက်လေ။

ကိုယ်ကိုရိုက်ပုတ်လိုက်သည့်အခါ တွေ့တော့ ဖောဋ္ဌဗ္ဗပထဝီကို

တွေ့၏။ ဓောကတော့ ငါပဲသူပဲ စသည်ဖြင့် စောသည်။ ဓော ဖောက်ပြန်၏။ ပဋ္ဌဒွါရဝီထိချုပါ။

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ ဒိဋ္ဌိဂတသမ္ပယုတ် လောဘမူဓော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်၊ (လ) ချုပ်၏။

ပဋ္ဌဒွါရာဝဇ္ဇန်းအစ ဝုဋ္ဌောအဆုံးရှိသော စိတ်တို့သည် ပဋ္ဌဒွါရာဝဇ္ဇန်းကပေးသော်လည်း ပဋ္ဌဒွါရာဝဇ္ဇန်းပေးသည့်အတိုင်း မယူ။ ပဋ္ဌဒွါရာဝဇ္ဇန်းသည် ကာယဝိညာဏ်အား ငါဆင်ခြင်သည်၊ မင်းလည်း ဆင်ခြင်ဟု သတ္တိကိုပေးသော်လည်း ကာယဝိညာဏ်က မဆင်ခြင်၊ တွေ့ထိကြည့်၏။ ကာယဝိညာဏ်သည် ပဋ္ဌဒွါရာဝဇ္ဇန်းပေးသည့်အတိုင်း မယူ။ ထို့အတူ ဝုဋ္ဌောတိုင်အောင် အာသေဝနသတ္တိမရှိကြ။

ပထမဓောသည် ဖောဋ္ဌဗ္ဗပထဝီကို ငါပဲသူပဲဟုအယူလွဲသည့် အတိုင်း ဒုတိယဓောအားပေး၏။ ဒုတိယဓောလည်း ပထမဓော ပေးသည့်အတိုင်း အမှားကိုပင်ယူ၏။ ထို့အတူ သတ္တမဓောတိုင်အောင် အမှားအတိုင်းယူခြင်းကြောင့် အာသေဝနသတ္တိရှိ၏။ ပထမတဒါရုံသည် ဓော၏အာရုံကိုယူ၏ဆိုသော်လည်း အာရုံကိုသာယူ၏၊ သတ္တိကိုမယူ။ မရှောင်သာ၍ အာရုံကိုသာယူလိုက်ရ၏။ သက္ကာယဒိဋ္ဌိနှင့်မယူ။ ဥပမာ- လှေနားကပ်သော ရေနှင့်တူ၏။ တူပုံကား လှေလှော်သွားသည့်အခါ လှေနားကပ်နေသောရေသည် လှေသွားရာနောက်သို့ တစ်တောင် နှစ်တောင်ခန့်မျှသာ ပါသွားသကဲ့သို့ အစဉ်တစိုက် ဓောနောက်သို့ မလိုက်ဟူလို။

အာသေဝနသည် ဘုံအားဖြင့်လည်းတူမှ၊ ဇာတ်အားဖြင့်လည်း

တူမှ၊ အာသေဝနပစ္စည်းဖြစ်သည်။ ပထမတဒါရုံသည် ဇော၏အာရုံကို ယူ၍ ပစ္စယုပ္ပန်ယောင်ယောင်ဖြစ်နေ၏။ အစဉ်တစိုက်လိုက်၍ မယူခြင်းကြောင့် ပစ္စနိုက်၊ ဒုတိယတဒါရုံလည်းပစ္စနိုက်။

အကြင်သူသည် ရှောက်သီးကိုစားလိုလတ်သော် ဓိဝ္ါဒွါရ ဝီထိချ။

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ဓိ၊ သံ၊ ဏ၊ ဝု၊ ဒိဋ္ဌိဂတသမ္ပယုတ် လောဘမူဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်၊ (လ) ချုပ်၏။

ပဉ္စဒွါရာဝဇ္ဇန်းသည် ချဉ်သောအရသာကို ဆင်ခြင်၏။ ဓိဝှါဝိညာဏ်သည် ပဉ္စဒွါရာဝဇ္ဇန်း၏သတ္တိကိုမယူ၊ ဓိဝှါပသာဒဖြင့်သာ တွေ့ထိ၏။ သမ္ပဋိစ္ဆိုင်းလည်း ရှေ့စိတ်၏သတ္တိကိုမယူ၊ ခံလင့်ရုံသာ ခံလင့်၏။ သန္တီရဏ, ဝုဋ္ဌောတို့လည်း ၄င်းနည်းတူ။ ရှေးရှေးစိတ်က နောက်နောက်စိတ်အား သတ္တိမပေးနိုင်၊ နောက်နောက်စိတ်ကလည်း မယူပေ။ ဇောကျတော့ ရသာရုံချဉ်သည်မဟုတ်၊ ရှောက်သီးချဉ်သည်ဟု သညာဝိပလ္လာသဖြင့်ယူ၏။ နောက်နောက်ဇောကလည်း ရှေ့ဇော၏ သတ္တိကိုယူကြ၏။ ထို့ကြောင့် ဇောခုနစ်ကြိမ်သည် အာသေဝနသတ္တိ ရကြ၏။ ပထမဇောချုပ်ပျောက်သွားသော်လည်း ရှောက်သီးချဉ်သည် ဟူသော သူ၏မှားမှုသတ္တိကိုထားခဲ့၏။ ဒုတိယဇောသည် ၄င်းမှားမှုကိုပင် ထပ်၍ယူ၏။ ပထမဇော ပစ္စည်း၊ ဒုတိယဇော ပစ္စယုပ္ပန်။ သတ္တမဇော တိုင်အောင် ၄င်းနည်းတူ။ တဒါရုံသည် သတ္တမဇော၏အာရုံသို့ အစဉ်မလိုက်၊ ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်သည့်အခါ ဇောသည် အာဏာမပေးနိုင်သောကြောင့် အာသေဝနသတ္တိမရ။

## ဇောတို့အား ဝေဖန်ခြင်း (ပထမ၊ အလယ်ငါးချက်၊ သတ္တမ)

ပထမဇောသည် အာသေဝနပစ္စည်း - ကေန်။

အလယ်ဇောငါးချက်သည် ပစ္စည်း, ပစ္စယုပ္ပန် - အနေကန်။

သတ္တမဇောသည် ပစ္စယုပ္ပန် - ကေန်။

ပထမဇောသည် သူကသာ ဒုတိယဇောကိုသတ္တိပေးနိုင်၏။ သူ့ကို အခြားသောတရားက သတ္တိမပေးနိုင်သောကြောင့် အားနည်း၍ ဒိဋ္ဌဓမ္မ ပဝတ္တိအကျိုးကိုသာပေးနိုင်၏။ ပဋိသန္ဓေအကျိုးကိုမပေးနိုင်။

အလယ်ဇောငါးချက်သည် ပထမဇောကပေးသောသတ္တိကိုလည်း ရ၏။ မိမိတို့ကလည်း သတ္တမဇောတိုင်အောင်ပေးနိုင်သောကြောင့် အလွန်အားရှိပြီး နိဗ္ဗာန်မရမချင်း ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးကို ပေးနိုင်၏။

သတ္တမဇောသည် ဆဋ္ဌဇောပေးသောသတ္တိကိုသာရ၏။ မိမိက သူတစ်ပါးအား သတ္တိကိုမပေးနိုင်သောကြောင့် ဒုတိယဘဝတွင်သာ အကျိုးပေးရ၏။

ပထမဇောသည် သူတစ်ပါးပေးသောသတ္တိကို မရ။ မိမိကသာ သူတစ်ပါးအား ပေးရခြင်းကြောင့် အားအနည်းဆုံးဖြစ်၍ မဆိုင်းငံ့နိုင်ဘဲ ယခုပစ္စက္ခဘဝတွင်သာ ပဝတ္တိအကျိုးကိုပေးနိုင်၏။

အလယ်ဇောငါးချက်သည် သူတစ်ပါးပေးသောအားကိုလည်း ရ၊ မိမိတို့ကိုယ်ပိုင်အားလည်း ရှိခြင်းကြောင့် အားအရှိဆုံးဖြစ်၍ တတိယ ဘဝမှစ၍ နိဗ္ဗာန်ရသည့်တိုင်အောင် ဆိုင်းငံ့၍အကျိုးပေးနိုင်၏။

သတ္တမဇောသည် ဆဋ္ဌဇောပေးသောသတ္တိ၊ ပထမဇောစသည်

တို့ပေးသောသတ္တိသာမက ဥပနိဿယသတ္တိပါရခြင်းကြောင့် ပထမဈောထက်အားရှိ၏။ အလယ်အလတ်ဖြစ်၏။ ကိုယ်ပိုင်အားမရှိခြင်းကြောင့် မဆိုင်းငံ့နိုင်ဘဲ ဒုတိယဘဝတွင်သာ ပဋိသန္ဓေ ပဝတ္တိအကျိုးကို ပေးနိုင်၏။

လေးဥပမာဖြင့် ထင်ရှားပြဦးအံ့- ဝါးသုံးပြန်လောက်အဝေးကို လေးဖြင့်ပစ်ရာ ပထမဝါးတစ်ပြန်သည် နီးလွန်းအားကြီး၍ အားမရှိ၊ ဒုတိယဝါးတစ်ပြန်လောက်မှာ မနီးလွန်း မဝေးလွန်းသောကြောင့် အားအရှိဆုံးဖြစ်၏။ တတိယဝါးတစ်ပြန်လောက်မှာ အားကုန်ပြီး ဝါယောသတ္တိလောက်သာရှိ၍ အလယ်တစ်ပြန်လောက်အားမရှိတတ်။

ပထမဝါးတစ်ပြန်လောက်မှာ ပထမဈောနှင့်တူ၏။
ဒုတိယဝါးတစ်ပြန်လောက်မှာ အလယ်ဈောငါးချက်နှင့်တူ၏။
တတိယဝါးတစ်ပြန်လောက်မှာ သတ္တမဈောနှင့်တူ၏။

အာသေဝနသည် ဈောထိုက်သောတရားသာရ၏။ ဝိပါက်သည် ကံနှင့်စပ်၍ အကြိမ်များစွာဖြစ်သော်လည်း အာသေဝနသတ္တိမရှိ။ ကြိယာဈောတို့တွင်လည်း အာဝဇ္ဇန်းဒွေးကို ဋ္ဌိကာကျော်တို့၌ကြည်ကြသည်။ ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောသည် သုံးကြိမ်ကျ၏။ ကျသော်လည်း ပထမဝုဋ္ဌောသည် ဒုတိယဝုဋ္ဌောအား၊ ဒုတိယဝုဋ္ဌောသည် တတိယဝုဋ္ဌောအား၊ ပွားစေ, ယုတ်စေခြင်းကိုလည်းမဖြစ်စေနိုင်။ ဒိဋ္ဌဓမ္မဝေဒနီယ, ဥပပဇ္ဇဝေဒနီယ, အပရာပရိယဝေဒနီယတို့မှ ကင်းသောကြောင့် အာသေဝနပစ္စည်းမထိုက်။ ပဉ္စဒွါရာဝဇ္ဇန်းသည် တစ်ကြိမ်သာကျသောကြောင့် အာသေဝနမရ။ ဖိုလ်ဈောသည် ဖလသမာပတ္တိဝီထိ၌ အကြိမ်များ

စွာကျသော်လည်း နိရုဿာဟသန္တဘာဝဖြစ်၍ အာသေဝနပစ္စည်းမရ။

ဇောတ်တူအဆုံးဇောကြဉ်ရာ၌ ကာမဇောချည်းဖြစ်၍ ကြဉ်ရမည်။ ကာမဇောနှင့် မဟဂ္ဂုတ်ဇော၊ ကာမဇောနှင့် လောကုတ္တရာဖြစ်လျှင် မကြဉ်ရ။

## အာသေဝန နှင့် အနန္တရ အထူး

အာသေဝနသည် အနန္တရမျိုးဖြစ်၍ ၄င်းနှစ်ပါးအထူးကား- မိမိရှိသောသတ္တိကဲ့သို့ တူအောင်ကျေးဇူးပြုခြင်းသည် အာသေဝန ပစ္စည်းတည်း။ မိမိ ပထမဇောက ဝိပလ္လာသသတ္တိရှိလျှင် ဒုတိယဇော စသည်တို့အား ဝိပလ္လာသသတ္တိကိုပင်ပေး၏။ ဒုတိယဇောစသည်တို့ ကလည်း ဝိပလ္လာသသတ္တိကိုပင် မငြင်းဆန်မူ၍ယူရ၏။ ဒုတိယ (လ) သတ္တမဇောလည်း နည်းတူ။

ရှေးစိတ်သည် နောက်စိတ်အား အစဉ်မပြတ်အောင်ကျေးဇူးပြု ခြင်းသည် အနန္တရပစ္စည်းတည်း။

(တစ်နည်း) ဝိပလ္လာသကိုမငဲ့မူ၍ နောက်စိတ်ကိုဖြစ်စေခြင်းသည် အနန္တရပစ္စည်းတည်း။ ဝိပလ္လာသကိုငဲ့၍ နောက်စိတ်ကိုလည်းဖြစ်စေလျှင် အာသေဝနပစ္စည်းတည်း။ ဤကား ပစ္စည်းနှစ်ပါးအထူးတည်း။ ဆရာတော် ဦးဝိမလ၏အာဘော် ပြီး၏။

*အာသေဝနပစ္စည်း ပြီးပါပြီ။*

# ကမ္မပစ္စယော




၁၃။ အပင်မျိုးစေ့သည် ဗီဇအမှုအရာအလိုက် ရှင်သန် ပေါက်ရောက်သကဲ့သို့သော
အကျိုးတရားတို့ကို ပြုပြင်တတ်သော ကမ္မပစ္စည်းတရား။

# ကမ္မပစ္စည်း

## ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- နာနာက္ခဏိကကမ္မသည် အတိတ်ကာလ၌သာ ဖြစ်ပါသည်။
- သဟဇာတကမ္မသည် ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၊ စတုဝေါကာရ (၄) ဘုံ အားဖြင့် ဘုံ (၃၀)၌ ဖြစ်နိုင်ပါသည်။ ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

## ၁၃။ ကမ္မပစ္စည်းအဓိပ္ပာယ်

အာသေဝနပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ကမ္မပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'ကမ္မပစ္စယော' ဟူသည်တည်း။

**ကမ္မပစ္စယော** - မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား တည်း။

(ဝါ) ကောင်းစွာလှန်း၍ ကောင်းစွာစီရင်အပ်သော မျိုးစေ့သည် အညွန့်၏ဖြစ်ခြင်း၌ အမူအရာလုံ့လ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အကျိုးတရားတို့ကို ပြုပြင်တတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

### ကမ္မပစ္စည်း သုံးချက်စု

**ကမ္မပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ ကမ္မပစ္စည်းသည် သဟဇာတကမ္မ၊ နာနာက္ခဏိကကမ္မအားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုတွင် **သဟဇာတကမ္မ**၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် စိတ်တစ်ခုယုတ် ကိုးဆယ်၌ရှိသော စေတနာတစ်ခုယုတ်ကိုးဆယ်။ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း တပ်သောတရားမည်ကုန်၏။

စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတနာကြဉ်သော စေတသိက် ဧကပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

စိတ် တစ်ခုယုတ်ကိုးဆယ်၌ရှိသော စေတနာတစ်ခုယုတ် ကိုးဆယ်၊ ဇာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း ၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

**နာနာက္ခဏိကကမ္မ၌** သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ်စေတနာ (၃၃)ခု။ ဤတရားတို့သည် နာနာက္ခဏိကကမ္မ ပစ္စည်း တပ်သောတရားမည်ကုန်၏။

ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဋိသန္ဓေကမ္မဇ ရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

ကုသိုလ်စိတ် ဧကဝီသ၊ အကုသိုလ်စိတ် ဒွါဒသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ဇာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ ဤတရားတို့သည် နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

## ကမ္မပစ္စည်း ချုပ်နည်း

'ကရောတိ အဘိသင်္ခရောတီတိ ကမ္မံ'- ဟူသည်နှင့်အညီ ပြုပြင်စီရင်တတ်သောကြောင့် ကမ္မလို့မှတ်ပါ။

**"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"**- ဟူ၍ ဘုရားဟောတော် မူထားသည်ဖြစ်၍ စေတနာကို ကံလို့မှတ်ပါ။ ၄င်းစေတနာသည် စေ့ဆော်ရုံမျှမကသေးဘဲ ပြုပြင်စီရင်တတ်သောကြောင့်လည်း ကမ္မ

လို့မှတ်ပါ။ အဘယ်ကဲ့သို့ပြုပြင်စီရင်ပါသလဲဆိုရင် **သံဝိဓာနကိစ္စ၊ ဗီဇနိဓာနကိစ္စ**အားဖြင့်လည်း ပြုပြင်တတ်သောကြောင့် ကမ္မ ဟု မှတ်ဦးတော့။

ဋီကာကျော်ဆရာသည် စိတ္တပယောဂ-အရကို 'စေတနာ' တစ်ခုတည်းကိုသာယူ၏။

'စိတ္တံ… ပဏ္ဍရံ'-ဟူ၍ ဓမ္မသင်္ဂဏီပါဠိတော်မှာ ဟောမိန့်သောကြောင့် စိတ္တပယောဂ-အရကို စိတ်နှင့်သဟဇာတ်ဖြစ်တဲ့ စေတသိက်ကို အကုန်ယူရမည်။ ဘာ့ကြောင့်ဆိုသော် စိတ်သည် သူ့ပင်ကိုယ်သဘောအားဖြင့် ဖွေးဖွေးဖြူဖြူကြည်လင်သော သဘောရှိ၏။ သို့သော်လည်း မည်းနက်သော စေတသိက်တို့နှင့် ပေါင်းဖော်မိတဲ့အခါမှာ သူသည် မည်းနက်သွားရ၏။ မိမိထက်ပိုပြီးအရောင်ထွက်တဲ့ စေတသိက်တွေနဲ့ ပေါင်းဖော်မိတဲ့အခါမှာ သူသည် ပိုမိုပြီးအရောင်အဆင်းတွေ ထွက်ပေါ်လာရ၏။

ဒါ့ကြောင့် စေတသိက်ဟူသမျှသည် စိတ္တပယောဂချည်းပဲမှတ်။ သို့ဖြစ်ပါ၍ စေတသိက်ကိုအကုန်ယူနိုင်တယ်လို့မှတ်ပါ။ သို့သော်လည်း ဒီနေရာမှာ ကမ္မအရာဖြစ်ပါသောကြောင့် စေတနာကိုသာယူပါ။

၄င်းကမ္မဖြစ်ရခြင်း ကိစ္စနှစ်ပါးတို့တွင် **သံဝိဓာနကိစ္စ**မှာ ကိုယ်တော်သည် ဘုရားကို ရှိခိုးချင်တဲ့စိတ်တွေ ပေါ်လာတဲ့အခါမှာ သူနဲ့ အတူတကွဖြစ်ပေါ်လာတဲ့ သဒ္ဓါ, သတိအစရှိသော စေတသိက်များက ခင်ဗျား ရှိခိုးနေတဲ့ဘုရားဟာ ဘုရားဟုတ်မည် မထင်ပါဘူး၊ ခင်ဗျားရှိခိုးချင်ရင် ရှိခိုး၊ ကျုပ်တို့တော့ ရှိမခိုးချင်ပါဘူးဆိုပြီး သူတို့မှာ

ယုံမှားသံသယဖြစ်ပြီး တခြားသောနေရာများကိုလှည့်သွားပါသလားလို့ ဆိုရင် မလှည့်ပါဘူးတဲ့၊ သူရှိခိုးနေတဲ့ဘုရားကိုသာ လှည့်ကြတာပါပဲတဲ့။ ဒါဟာ သံဝိဓာနကိစ္စကြောင့်ပါပဲ။

ဤကဲ့သို့ သူ့မှာ သံဝိဓာနကိစ္စရှိသောကြောင့်သာ သူကိုယ်တိုင်ကလည်း ဘုရားဘက်ကိုလှည့်တယ်၊ သူနဲ့အတူတကွဖြစ်တဲ့ဓမ္မတွေကိုလည်း သူစေခိုင်းရာ သူညွှတ်ရာဘုရားဘက်ကိုသာ လှည့်ရသောကြောင့် သူ့မှာ သံဝိဓာနကိစ္စရှိတယ်ဆိုတာကိုသိရပေ၏။

တစ်နည်းအားဖြင့် ထင်ရှားစေဦးအံ့- ကိုယ်တော်သည် ယခုဘုရားကိုရှိခိုးမယ်လို့ ဆောင့်ကြောင့်ထိုင်နေတာဟာ ကိုယ်တော့် သဘောနဲ့ ကိုယ်တော် ထိုင်တာလား၊ စေတနာကခိုင်းလို့ထိုင်တာလားလို့ ဆိုရင် စေတနာကခိုင်းလို့ထိုင်တာဟူ၍မှတ်ပါ။ ယခုကိုယ်တော် လက်အုပ်ချီနေတာလည်း စေတနာကခိုင်းလို့ မှတ်ပါလေ။ ဟော့··· လက်အုပ်ချီနေလို့ သာမညပြောသော်လည်း ပဉ္စပတိဋ္ဌိတနဲ့ညီအောင် ချီကြလို့ပြောတာကော စေတနာကပင်ခိုင်းလို့ဟုမှတ်ပါ။ ဒါ့ကြောင့် ငါထိုင်တာ မဟုတ်၊ ငါ လက်အုပ်ချီတာ မဟုတ်ဟူ၍ မိမိကိုယ်မှာစွဲတဲ့ ငါဆိုတဲ့ သက္ကာယဒိဋ္ဌိကြီးသည်လည်း ကွာသွားမည်မှတ်ပါလေ။

ဒါ့ကြောင့် စေတနာကို သကကိစ္စ, ပရကိစ္စ နှစ်ပါးရှိပါတယ်လို့ မှတ်ပါ။ အဘယ့်ကြောင့်ဆိုသော် မိမိကလည်း ဘုရားတည်းဟူသော အာရုံ၌ညွှတ်၏။ မိမိနှင့်အတူတကွဖြစ်သော ဓမ္မများကိုလည်း ဘုရားတည်းဟူသောအာရုံ၌ ညွှတ်စေ၏။ ထို့ကြောင့် သကကိစ္စ, ပရကိစ္စ နှစ်ပါးရှိတယ်လို့မှတ်ပါ။

ကိုယ်တော်တို့ဆွမ်းခံသွားတဲ့အခါမှာ လက်ဦးအစ ဘာကိုလုပ်ပါ သလဲလို့ဆိုရင် သင်္ကန်းကိုရုံရ၏၊ ၎င်းနောက် သပိတ်ကိုပိုက်ရ၏။ ဒါဟာ လည်း စေတနာပင်ခိုင်းလို့ သင်္ကန်းကိုရုံရ၊ သပိတ်ကိုပိုက်ရတယ်မှတ်။ ဤကဲ့သို့ သပိတ်ကိုပိုက်ပြီးလျှင် ဆွမ်းခံသွားခါနီးမှာ တပည့်တော် ဆွမ်းခံသွားဦးမည်ဟူ၍ နှုတ်ဆက်ပြောဆိုကြ၏။ တပည့်တော်သွားတာ မဟုတ်၊ စေတနာကခိုင်းလို့သွားရတယ်မှတ်ပါ။ ဒါ့ကြောင့် စေတနာ သည် ပစ္စည်း၊ သူနဲ့အတူတကွဖြစ်သော သမ္ပယုတ္တခမ္မ စိတ္တဇရုပ်တွေ သည် ပစ္စယုပ္ပန်ဟုမှတ်။ ဤကား သဟဇာတကမ္မကိုရည်ရွယ်၍ဆိုသော အဓိပ္ပာယ်ဟုမှတ်လေ။

**ဗီဇနိဓာနကိစ္စ**မှာ – ဒီဘဝမှာ မိမိတို့သည်ကားလို့ဆိုရင် ပစ္စည်း ဥစ္စာချို့တဲ့တယ်၊ နောင်ဘဝမှာ ပေါပေါများများရှိရအောင် သင်္ကန်း ကလေးများကိုလှူဦးမှပဲဆိုပြီး သင်္ကန်းစသောဝတ္ထုပစ္စည်းများကို စေတနာနဲ့လှူ၏။ ဤကဲ့သို့လှူပြီးသောစေတနာသည် ဥပါဒ် ဋ္ဌီ ဘင်ပြည့် ပြီး ချုပ်ပျောက်သွားသော်လည်း သူ့သတ္တိကလေးကတော့ မြေထဲမှာ မြုပ်နေတဲ့မျိုးစေ့ကဲ့သို့ ကျန်ရစ်ခဲ့သေး၏မှတ်ပါလေ။

ဤကဲ့သို့ သတ္တိကလေးကမချုပ်သောကြောင့် နောင်ဘဝမှာ သင်္ကန်းပရိက္ခရာတွေ ပေါများလာရ၏။ ဒီလိုပေါများရခြင်းဟာ ဘယ်သူ့ ကြောင့်လဲဆိုပါရင် စေတနာ၏တန်ခိုးကြောင့်မဟုတ်ပါလား၊ ဒီဘဝမှာ ဝိညာဏ်နှင့်တကွဖြစ်တဲ့ခမ္မပင် ချုပ်ပျောက်သွားသော်လည်း ဝိညာဏ် ကင်းတဲ့သတ္တိကလေးက ကျန်နေသောကြောင့် သင်္ကန်းတွေပေါများရကား မြေမြှုပ်ထားတဲ့မျိုးစေ့နဲ့တူတဲ့ ဗီဇနိဓာနကပြုပြင်သောကြောင့်ဟုမှတ်ပါ။

မိမိတို့သည် သရက်စေ့ကလေးကို မြေကြီးထဲမှာမြှုပ်ထားလိုက်

တဲ့အခါမှာ ယခုချက်ချင်းအပင်မပေါက်ဘဲ အတော်ကလေးကြာမှ အပင်ကလေးပေါက်လာ၏။ နောင်အတော်ကြာတဲ့အခါမှာ ၎င်းအပင်ကလေးသည် အကိုင်းအခက်အရွက်စသည်များမှာ စည်ကားပြီးလာပါတယ်တဲ့။ ထိုဥပမာကဲ့သို့ မိမိတို့၏ခန္ဓာကိုယ်ကြီးဟာလည်း ရှေးဘဝက မြုပ်နှံထားတဲ့စေတနာကံကြောင့် ဒီဘဝမှာ ကောင်းကောင်းမွန်မွန် တင့်တင့်တယ်တယ်ကြီးဖြစ်ရ၏။ ဒါဟာဘာ့ကြောင့်ဆိုလျှင် ဗီဇနိဓာနနဲ့ တူတဲ့ စေတနာကပြုပြင်သောကြောင့်ဟု မှတ်ပါ။

သို့ဖြစ်ပါ၍ စေတနာသည် နာနာက္ခဏိကကမ္မပစ္စည်း၊ ၎င်းနှင့် အတူတကွဖြစ်သော နာမက္ခန္ဓာ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်မှတ်ပါ။ ပြုပြင်စီရင်တတ်သောကြောင့် ကမ္မဟုဆိုရာမှာ ဘာကိုပြုပြင်စီရင်ပါသလဲလို့ဆိုရင် မိမိနှင့်အတူတကွဖြစ်တဲ့နာမ်ဓမ္မတွေ၊ ရုပ်ဓမ္မတွေကို ပြုပြင်စီရင်တတ်သောကြောင့် ကမ္မမည်တယ်ဟုမှတ်ပါ။

"**ကမ္မန္တိ စေတနာကမ္မမေဝ**"ဟူ၍ အဋ္ဌကထာဆရာဖွင့်ဆိုတော်မူသောကြောင့် 'ကမ္မ'အရကိုလိုက်ရှာတဲ့အခါ စေတနာကိုသာတွေ့ခဲ့၏။ ဘာ့ကြောင့်ဆိုသော် စေတနာသည် ကောင်းတာကိုလည်း ပြုပြင်စီရင်တတ်၏၊ မကောင်းတာကိုလည်း ပြုပြင်စီရင်တတ်၏။ ဒါ့ကြောင့် 'ကမ္မ'အရကို စေတနာယူရ၏။

"**စိတ္တပ္ပယောဂသင်္ခါတကိရိယာဘာဝေန**"ဟု ဋီကာကျော်ဆရာဖွင့်ထားသည်ကိုထောက်ဆ၍ စိတ်၏လှုံ့လပယောဂ ဗျာပါရကလေးကို ကမ္မလို့ယူ။ ၎င်းကမ္မ၏အရမှာလည်း စိတ်ကလေးကို ကြိုးဆွဲရုပ်ကဲ့သို့ သူသည် ကြိုးဆွဲနေရသောကြောင့် စေတနာသည်ပင်ကမ္မပါပဲတဲ့။

(တစ်နည်း) "**သဟဇာတာ စေတနာတိ အန္တမသော စက္ခု-**

**ဝိညာဏာဒီပဟိပိ သဟဇာတစေတနာ**”ဟု ဋီကာကျော်ဆရာမိန့်သည်နှင့်အညီ စက္ခုဝိညာဏ်နှင့်အတူတကွဖြစ်တဲ့စေတနာသည် ရူပါရုံကိုကြည့်ဖို့ရန်တိုက်တွန်း၍ ရူပါရုံကို ကြည့်နေတဲ့အခါမှာလည်း သူနဲ့အတူတကွဖြစ်တဲ့ဝေဒနာကို မင်းသည် ဒီရူပါရုံကိုပင်ခံစားလို့ စေ့ဆော်သည့်အတိုင်း ဝေဒနာကခံစားရ၏၊ (လ) ဝိညာဏ်ကိုလည်း မင်းသည် ဒီရူပါရုံကိုပဲသိရမယ်လို့ စေတနာကခိုင်းသည့်အတိုင်း ဝေဒနာ, သညာ, ဝိညာဏ်တို့မှာ ခံစားရ, မှတ်ရ, သိရသောကြောင့် ပဉ္စဝိညာဏ်မှာလည်း သံဝိဓာနကိစ္စရှိတယ်လို့မှတ်ပါ။

ကိုယ်တော်တို့ တပည့်တော်တို့သည် ဆွမ်းကို စားမယ်လို့ ဆွမ်းလုတ်ကိုလုံးတဲ့အခါမှာ ဘယ်သူကခိုင်းလို့လုံးရတာလဲလို့ဆိုရင် စေတနာကခိုင်းလို့လုံးရ၏။ ဤကဲ့သို့ စေတနာကခိုင်းလို့လုံးရတဲ့နေရာမှာ သူနဲ့အတူတကွဖြစ်တဲ့ ဝေဒနာကလေးမှာလည်း စေတနာရဲ့သြဇာကို မလွန်ဆန်ဘဲ ဆွမ်းကဘယ်လိုပင်ပူပါသော်လည်း သူက ပူတာကို ခံစားနေရ၏၊ သညာကလည်း ၄င်းဆွမ်းပူတာကိုပင် မှတ်ရ၏၊ ဝိညာဏ်ကလည်း ၄င်းဆွမ်းပူကြီးကိုပင် သိရ၏။ ဤကဲ့သို့မဟုတ်ပါဘဲ စေတနာကခိုင်းလို့လုံးနေတဲ့ဆွမ်းဟာ အင်မတန်ပူပါတယ်၊ ငါတော့ မခံစားချင်ပါဘူး၊ သညာကလည်း ငါတော့မမှတ်ချင်ပါဘူး၊ ဝိညာဏ်ကလည်း ငါဖြင့်မသိချင်ပါဘူးလို့ဆိုပြီး နောက်များဆုတ်ခွာသွားသေးသလားလို့ဆိုရင် နောက်မဆုတ်ပါဘူးတဲ့။ ဒါဟာဘယ်သူ့ကြောင့်လဲဆိုရင် သံဝိဓာနကိစ္စရှိတဲ့ စေတနာကစီမံနေသောကြောင့်ဟုမှတ်ပါ။

သံဝိဓာနကိစ္စရှိတဲ့စေတနာသည် ဤကဲ့သို့ နာမ်ဓမ္မတွေကိုသာ သူသည် စီမံနိုင်ပါသလားလို့ဆိုရင် မဟုတ်သေးပါဘူးတဲ့။ သူနဲ့အတူ

တကွဖြစ်တဲ့ ရုပ်ဓမ္မတွေကိုလည်းစီမံနိုင်ပါသေးတယ်တဲ့။ စီမံပုံမှာ ဆွမ်းကိုစားမယ်လို့ စေတနာက ဆွမ်းလုတ်ကိုအလုံးခိုင်းတာနဲ့ လုံးနေတဲ့နေရာမှာ ရုပ်တည်းဟူသောလက်ကလေးတွေကလည်း ဒီဆွမ်းဟာ အလွန်ပူတဲ့ဆွမ်းပဲ၊ ငါဖြင့်မလုံးချင်ပါဘူးလို့ဆိုပြီး အောက်ကိုများ ပစ်ချလိုက်သေးပါသလားလို့ဆိုရင် မချပါဘူးတဲ့၊ ဒါဟာသံဝိဓာနကိစ္စရှိတဲ့ စေတနာကစီမံနေလို့သာ ရုပ်ဓမ္မကလေးမှာ ပူသော်လည်း အောင့်အည်းသည်းခံပြီး လုံးနေရတယ်လို့မှတ်ပါ။

သို့သော် ယခုတပည့်တော်တို့ ကိုယ်တော်တို့မှာ သွားမှုလာမှုစားမှုအစရှိတဲ့အလုပ်တွေကို လုပ်တဲ့နေရာတို့တွင်… ဥပမာ- ဆွမ်းကိုစားမယ်လို့ ခံတွင်းထဲသို့ထည့်လိုက်တဲ့အခါမှာ စေတနာက စိတ္တဇဝါယောဓာတ်တွေကို စေ့ဆော်စီမံပေးသဖြင့် သွားက ညက်အောင်ဝါးနေရ၏။ လျှာကလေးက ညက်နေတဲ့ဆွမ်းကို ယူသွင်းပေးပြီး မညက်သေးသောဆွမ်းလုံးတွေကို လှန်လှန်ပြီးပေးနေရ၏။ ဒီနေရာမှာ ဆွမ်းကို ခံတွင်းဝသို့ရောက်၍ ဝါးတာနဲ့ လျှာက လှန်ပေးတာတို့မှာ ဘယ်သူက အရင်ကျ၍ ဘယ်သူက နောက်ကျပါသလဲလို့ဆိုရင် မရှေးမနှောင်း တစ်ပြိုင်တည်း ဖြစ်ကြ၏။

ဒါ့ကြောင့် ဒီနေရာမှာ အကြောင်းခဏနဲ့ အကျိုးခဏတို့မှာ တစ်ပြိုင်တည်းဖြစ်ပါသောကြောင့် သဟဇာတကမ္မလို့မှတ်ပါ။ သို့ဖြစ်ပါ၍ ကာယဝိညာဏ်၌ပါသော စေတနာသည် သဟဇာတကမ္မ ပစ္စည်း၊ ကာယဝိညာဏ် နာမက္ခန္ဓာသည် သဟဇာတကမ္မ၏ ပစ္စယုပ္ပန်၊ ကာယဝိညာဏ်သည် စိတ္တဇရုပ်ကိုမဖြစ်စေနိုင်။

ယခု ကိုယ်တော်တို့ လူဖြစ်လာတာဟာ ရှေးကမြှုပ်နှံခဲ့တဲ့ ကံကြောင့်ပါပဲတဲ့။ ဤကဲ့သို့လူဖြစ်လာတာနဲ့ မြှုပ်နှံထားတဲ့ကံနဲ့ အတူပဲ ဖြစ်ကြပါသလားလို့ဆိုရင် မဟုတ်ပါဘူးတဲ့။ မြှုပ်နှံထားတဲ့ကံသည် တော်တော်ကလေးဝေးမှ အကျိုးကိုပေးတယ်လို့မှတ်ပါ။

ဒါ့ကြောင့် အဋ္ဌကထာဆရာက ၄င်းကမ္မပစ္စည်းဟာ ကမ္ဘာ အသင်္ချေ ကုဋေလွန်ပါငြားသော်လည်း အကျိုးကိုပေးတယ်လို့မှတ်ပါ။ ဘာကိုထောက်ဆ၍သိရမလဲလို့ဆိုပါရင် ဘုရားအလောင်းတော်သည် ဘုရားမဖြစ်ခင် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်ကပြုခဲ့တဲ့ စေတနာတွေဟာ နောင်ဘုရားဖြစ်ခါနီး သိဒ္ဓတ္ထမင်းသားဖြစ်သည့်တိုင် အောင် ကျေးဇူးပြုရကား သတ္တိတယ်ပြီးထက်တယ်လို့မှတ်ပါ။

ဤကဲ့သို့အကျိုးပေးရခြင်းဟာလည်း သူ့မှာ ဗလဝကာရဏသတ္တိ ရှိသောကြောင့် ဤကဲ့သို့အကျိုးပေးရကား ပကတူပသတ္တိလည်းပါတယ် လို့မှတ်ပါ။ ၄င်းစေတနာကလေးကို မြေထဲမှာဘယ်လိုပင်ကြာအောင် မြှုပ်နှံပြီးထားပါသော်လည်း သူသည် မပုပ်မသိုးပါဘဲ သူ့အချိန်ကျတဲ့ အခါမှာ အကြောင်းအားလျော်စွာ ဘွားခနဲဖြစ်ပေါ်လာတာပါပဲတဲ့။ သို့ဖြစ်ပါ၍ အလွန်တရာ ထက်မြက်တဲ့သတ္တိပဲလို့မှတ်ပါ။

**“ဝိပါကက္ခဏာတော နာနာက္ခဏော”**ဟု ဋီကာကျော်ဆို၏။ အကြောင်းခဏနဲ့ အကျိုးခဏတို့သည် ဝေးကွာတယ်လို့ပင်ဆိုထား ငြားသော်လည်း နာနာ-သဒ္ဒါသည် ဝိစ္ဆာအနက်ကိုဟောထားရကား အတိတ်ကပြုခဲ့တဲ့ကံသည် နာနာက္ခဏိကကမ္မပါပဲတဲ့။ ဒါ့ကြောင့် အနီးဆုံးအားဖြင့် ရှေ့စိတ်နှင့် နောက်စိတ်။ အဝေးအားဖြင့် ကမ္ဘာ အသင်္ချေအစနှင့် ကမ္ဘာအသင်္ချေအဆုံး အကျိုးကိုပေးနိုင်သောကြောင့်

နာနာက္ခဏိကကမ္မလို့မှတ်ပါ။

မန်ကျည်းစေ့ကလေးကို မြေကြီးထဲမှာမြှုပ်ထားတဲ့အခါမှာ အပေါ်ကမြေကြီးတွေ ဘယ်လိုပင်ဖုံးအုပ်ထားပြီးနေပါပြားသော်လည်း မိုးဦးကျတဲ့အခါမှာ ရေနဲ့တွေ့သောကြောင့် မပုပ်မသိုးပါဘဲ အပင်ကလေး ဘွားခနဲပေါက်လာသကဲ့သို့ ထို့အတူ စေတနာမှာလည်း ဝိညတ်နှင့် တကွဖြစ်တဲ့စေတနာသည် ဥပါဒ်ဋ္ဌီဘင်ပြည့်၍ ချုပ်သွားပြားသော်လည်း ဝိညတ်ကင်းသောစေတနာသည် မြှုပ်နှံသောအဖြစ်နှင့်နေခဲ့ရကား မန်ကျည်းစေ့သည် မိုးရေနဲ့တွေ့တဲ့အခါမှာ ၎င်းမိုးရေ၏အထောက်အပံ့ကို ရပြီးလျှင် ပေါက်ရောက်လာသလို နောက်ကပြုခဲ့တဲ့စေတနာတွေသည် ဖြစ်ခွင့်ကြုံလာတဲ့အခါ မိုးရေနဲ့တူတဲ့မုဋ္ဌစေတနာတွေက မြေကြီးနဲ့တူတဲ့ အပရာပရိယကံတွေကိုဖွင့်ပေးလိုက်တဲ့အခါမှာ ဘွားခနဲဆို အကြောင်း အားလျော်စွာ အကျိုးကိုပေး၏။ ဒါဟာ နာနာက္ခဏိကကမ္မသတ္တိမှတ်ပါ။

သံဝိဓာနကိစ္စနှင့် ဗီဇနိဓာနကိစ္စတို့မှာ ရောသောတရား၊ မရော သောတရားဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ ကုသိုလ်နှင့် အကုသိုလ်တရားများ မှာ သံဝိဓာနကိစ္စ, ဗီဇနိဓာနကိစ္စ နှစ်ပါးရောသောတရားဟူ၍မှတ်ပါ။ ဝိပါက်နှင့် ကြိယာတို့မှာ သံဝိဓာနကိစ္စသာရှိတယ်လို့မှတ်ပါ။

## သံဝိဓာနကိစ္စ နှင့် ဗီဇနိဓာနကိစ္စတို့ ရောနှောပုံ

ဥပမာ - အရှင်ဘုရားအား ဒကာတစ်ယောက်သည် နက်ဖြန် နံနက် တပည့်တော်တို့အိမ်ကို ဆွမ်းခံကြွတော်မူပါဘုရားဟူ၍ ပင့်လျှောက် သွား၏။ အရှင်ဘုရားသည် နံနက်မိုးလင်းတဲ့အခါ ၎င်းဒကာ အိမ်သို့ ကြွသွားတဲ့အခါ ၎င်းဒကာသည် စေတနာနှင့်တကွ ကာယဝိညတ်ပါ

အားထုတ်၍ ဆွမ်းကိုလောင်း၏။ ဒီအခါမှာ သံဝိဓာန ကိစ္စသည်ဖြစ်၏။ ၄င်းဝိညတ်နှင့်တကွသော စေတနာ ချုပ်သွားတဲ့အခါမှာ ဗီဇနိဓာနကိစ္စ သည် ပေါ်ပေါက်လာ၏မှတ်ပါ။

ဒါ့ကြောင့် ကုသိုလ်နှင့် အကုသိုလ်စေတနာ ဖြစ်တဲ့အခါမှာ သံဝိဓာနကိစ္စ၊ ဗီဇနိဓာနကိစ္စ နှစ်ပါးစုံ ရောယှက်တယ်လို့မှတ်ပါ။ ဤကဲ့သို့ရောယှက်ရာမှာလည်း ကာလအားဖြင့်ပိုင်းခြား၍သိရမည်။ မုဉ္စစေတနာအခိုက်အတန့်ကို သံဝိဓာနကိစ္စလို့မှတ်။ အလှူကိုပေးလှူပြီး သည့်နောက်မှာဖြစ်ပေါ်လာသော (ဝါ) မြေမှာမြှုပ်သကဲ့သို့ကျန်ရစ်ခဲ့သော စေတနာကို ဗီဇနိဓာနကိစ္စလို့မှတ်ပါ။ အလှူကိုလှူတဲ့အခါမှာလည်း မုဉ္စစေတနာမြောက်မှသာလျှင် သံဝိဓာနကိစ္စပေါ်၏။ သံဝိဓာနကိစ္စပေါ်မှ သာလျှင် ဗီဇနိဓာနကိစ္စပေါ်ရသည်ဟုမှတ်ပါလေ။ ၄င်းဗီဇနိဓာနကိစ္စ သည်လည်း အကျိုးပေးတဲ့ ဗီဇနိဓာန၊ အကျိုးမပေးတဲ့ ဗီဇနိဓာနဟူ၍ နှစ်မျိုးနှစ်စားရှိ၏။

ဆွမ်းလောင်းတော့မယ်လို့လုပ်တဲ့အခါ စေတနာမပါဘဲလောင်းလို့ မဖြစ်ဘူးတဲ့။ စေတနာကတိုက်တွန်းသောကြောင့်သာ လက်ကိုလှုပ်ပြီး ဖွန်းကိုကိုင်မှုကလေးသည်ပေါ်လာ၏၊ သဒ္ဓါကလည်း ဤကဲ့သို့ပြုလို့ ရှိရင် ကောင်းကျိုးကိုကေန်မုချပေးမှာပဲလို့ ယုံကြည်၏၊ သတိကလည်း ကောင်းကောင်းအာရုံပြု၏၊ သမ္မာသင်္ကပ္ပကလည်း ကောင်းကောင်းပြု၏။ သို့ဖြစ်ပါ၍ စေတနာ၏စီမံချက်ကြောင့် လက်လှုပ်ခြင်းတည်းဟူသော ရုပ်ဓမ္မ၊ သဒ္ဓါယုံကြည်ခြင်းအစရှိသော နာမ်ဓမ္မများမှာ စေတနာစီမံသလို ပြုကြရကား သံဝိဓာနကိစ္စသည် လုပ်ဆဲခဏမှာဖြစ်တယ်လို့မှတ်ပါ။

စေတနာတိုက်တွန်းတာနဲ့ လက်လှုပ်ခြင်း၊ ခွန်းကိုကိုင်ခြင်း၊ သဒ္ဒါယုံကြည်ခြင်းအစရှိသည်တို့မှာ ဘယ်သူက အရင်ဖြစ်ပါသလဲလို့ဆိုရင် မရှေးမနှောင်း တစ်ပြိုင်နက်အတူတကွဖြစ်ကြ၏မှတ်လေ။ ဒါ့ကြောင့် စေတနာသည် ဤနေရာမှာပြဋ္ဌာန်းရကား သဟဇာတကမ္မပစ္စည်း၊ သူနဲ့အတူတကွဖြစ်သော သမ္ပယုတ္တက္ခန္ဓာရုပ်ဓမ္မများသည် ပစ္စယုပ္ပန်မှတ်။

ဤကဲ့သို့လှူပြီးတဲ့အခါမှာ ဝိညာဏ်နှင့်တကွသော စီမံတတ်သော စေတနာကလေးသည် ချုပ်ပျောက်သွား၏။ ဒီလိုချုပ်ပျောက်သွားသည် ရှိသော် ငါတို့၏အလုပ်ကိစ္စကြီးဟာဖြင့်ပြီးပေပြီ၊ စေတနာတောင် ချုပ်သွားပြီပဲ အကျိုးကိုတော့ပေးတော့မှာမဟုတ်ဘူးလို့ မယူလိုက်ပါနဲ့တဲ့။ ဒီလိုယူလိုက်ရင် ဉစ္ဆေဒဒိဋ္ဌိဖြစ်သွားမှာပါပဲတဲ့။

ဤနေရာမှာ ဒီလိုယူလိုက်ပါ။ ဝိညာဏ်နှင့်တကွဖြစ်တဲ့ စေတနာပင် ချုပ်သွားသော်လည်း ဝိညာဏ်ကင်းတဲ့အကျိုးကို ပေးတတ်တဲ့ သတ္တိကလေးသည် ငုပ်ပြီးနေခဲ့ပါတယ်တဲ့။ ဒီလိုယူမှသာ မိမိရည်မှန်းတောင်းတပြီးလုပ်တဲ့ အလုပ်ကြီးဟာ ပြည့်စုံပြီလို့မှတ်ပါ။ နောင်သမ္ပတ္တိစက်လေးပါးနှင့်ပြည့်စုံလာတဲ့အခါမှာ မြေ၌မြှုပ်နှံထားသောမျိုးစေ့သည် မိုးဦးကျတဲ့အခါမှာ ရေနဲ့တွေ့ပြီး အပင်ကလေး ပေါက်လာသကဲ့သို့ ဗီဇနိဓာနကိစ္စကပြုပြင်တဲ့အခါမှာ အကြောင်းအားလျော်စွာ အကျိုးကို ပေးခြင်းသည် နာနာက္ခဏိကကမ္မလို့မှတ်ပါ။

ဥပမာ - သရက်သီးကို စားပြီးတဲ့အခါမှာ သရက်စေ့ကလေးကို မြေထဲမှာမြှုပ်ထားလိုက်၏။ ၄င်းနောက် သရက်သီးတော့တုံးပြီ၊ နောင်ငါတို့ဖြင့် သရက်သီးကိုတော့ မစားရတော့ဘူးလို့ ပြောသောစကားများ

သည် ဒီနှစ်အဖို့ကိုသာ ကန့်သတ်ပြီးပြောတဲ့ စကားပဲလို့မှတ်ပါ။ ဘာ့ကြောင့်လဲဆိုသော် ဒီနှစ်စားတဲ့သရက်သီးက တုံးသွားသော်လည်း မိမိတို့ မြေကြီးထဲမှာမြှုပ်ထားသော သရက်စေ့ကလေးသည် မိုးရွာတဲ့ အခါမှာ ရေနဲ့တွေ့ပြီး အပင်ကလေးပေါက်၍ ကြီးမြင့်လာတဲ့အခါမှာ အသီးကို တစ်ဖန် စားရပြန်သောကြောင့် ဒီနှစ်အဖို့သာတုံးတယ်လို့မှတ်ပါ။ သရက်ပင်ကလေးကြီးလာတဲ့အခါမှာ စားရဦးမည်ဖြစ်ပါ၍ လုံးလုံးကြီး မတုံးသေးဘူးလို့ယူပါ။ ဤကဲ့သို့ သရက်ပင်ကလေးကြီးလာတဲ့အခါမှာ သရက်သီးကိုစားရသည်မှာလည်း အရင်က မိမိစားပြီးမြှုပ်ထားတဲ့ သရက်စေ့ကလေးနဲ့ကော ကင်းပါသလားလို့ဆိုရင် မကင်းဘူးလို့မှတ်ပါ။

ဒီနေရာမှာ ယခုနှစ်တော့ သရက်သီးတော့တုံးပြီလို့ဆိုတဲ့စကားနဲ့ သဟဇာတကမ္မနဲ့စပ်ဟပ်ပါလေ။ နောင်သရက်ပင်ကလေးကြီးလာတဲ့ အခါ စားရမည်ဖြစ်တာနဲ့ နာနာက္ခဏိကကမ္မနဲ့စပ်ဟပ်၍ယူပါလေ။ သို့ဖြစ်ပါသောကြောင့် သရက်သီးကိုစားပြီးသည့်နောက် တုံးပြီဟု ယူသကဲ့သို့ အလှူကိုပြုလုပ်ပြီးသည့်နောက် စေတနာတွေ ချုပ်ပျောက် သွားရကား အကျိုးကို မပေးတော့ဘူးလို့ယူရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်ရာ၏။ နောက်သရက်ပင်ကလေး ကြီးလာတဲ့အခါမှာ စားရဦးမည်ဖြစ်ပါသော ကြောင့် မတုံးသေးဘူးလို့ယူရင် သဿတဒိဋ္ဌိဖြစ်ရာ၏။

ဒါ့ကြောင့် ၎င်းဒိဋ္ဌိနှစ်ပါး မဖြစ်ရအောင် ရှင်းပြကြဦးစို့ရဲ့- သရက်သီးကိုစားပြီးသည့်နောက် သရက်စေ့ကလေးကို မြေထဲမှာ မမြှုပ်သကဲ့သို့ မိမိပြုသောကုသိုလ်ကောင်းမှုတည်းဟူသောစေတနာမှာ လှူပါသော်လည်း စေတနာသုံးတန်မပြတ်ဘဲချုပ်ပျောက်သွားက

ဗီဇနိဓာနမပေါ်သောကြောင့် အကျိုးကိုမပေးဘူးလို့ယူပါက ဥစ္ဆေဒဒိဋ္ဌိ မဖြစ်ဘူးလို့မှတ်ပါ။ သရက်စေ့ကိုစားပြီး မြေမှာမြှုပ်ထားသကဲ့သို့ မိမိပြုခဲ့တဲ့စေတနာတွေသည် ငုပ်နေသော်လည်း ပတိရူပဒေသဝါသစက်တည်းဟူသော ရေမြေနဲ့ကြုံလာတဲ့အခါ သပ္ပုရိသူပနိဿယစသော ကျန်စက်သုံးပါးတို့သည် ပေါင်းဆုံမိ၍ အကျိုးကိုပေးမည်ဖြစ်ပါသောကြောင့် ရှိတယ်လို့ပင်ဆိုပါသော်လည်း သဿတဒိဋ္ဌိမဖြစ်ဘူးလို့မှတ်ပါ။

ဗီဇနိဓာနတည်းဟူသောစေတနာကို ပထမဇော, အလယ်ဇောငါးချက်, သတ္တမဇောတို့တွင် ဘယ်ဇောထဲကိုသွင်းရမလဲလို့ဆိုရင် ဇောခုနစ်ကြိမ်လုံး၌ အကုန်သွင်းနိုင်သည်ဟုမှတ်ပါ။

၄င်းဗီဇနိဓာနစေတနာသည် ဂေါတမဘုရားရှင်လက်ထက်တော်၌ ကာကဝလ္လိယ (ကာဠဝဠိယသေဌေး)တို့မှာ အလှူကိုလှူပြီးသည့်နောက် ခုနစ်ရက်အတွင်းမှာ အကျိုးကိုပေးသောကြောင့် ဒိဋ္ဌဓမ္မဝေဒနီယကံထဲသို့ သွင်းနိုင်ရကား ပထမဇောစေတနာထဲသို့သွင်းသည်မည်၏။

ဆွမ်းကိုလောင်းနေတဲ့အခါမှာဖြစ်ပေါ်သော အလယ်ဇောငါးချက်သည် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်တိုင်အောင် အကျိုးကိုပေး၏။ သတ္တမဇောစေတနာသည် ဒုတိယဘဝမှာ အကျိုးကိုပေးသောကြောင့် ဗီဇနိဓာနစေတနာသည် ၄င်းနှစ်ပါးထဲသို့သွင်းရ၏။ ပထမဇောထဲမှာပါသောစေတနာသည် ခုနစ်ရက်အတွင်းမှာ အကျိုးကိုပေးခဲ့လို့ရှိပါရင် ဗီဇနိဓာနကိစ္စ မလုပ်ရသေးဘဲ မြေထဲကိုမမြှုပ်ခင် ပေါက်နေသော သရက်ပင်ကဲ့သို့ ဖြစ်မနေဘူးလားလို့မေးခဲ့ပါရင်၊ မဖြစ်ပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် အလှူဝတ္ထု၏စင်ကြယ်မှု၊ နိရောဓသမာပတ်မှထမှု၊

အလှူပေးပုဂ္ဂိုလ်၏ စေတနာသုံးတန်ပြဋ္ဌာန်းမှု၊ ဤကဲ့သို့ခြောက်ရက်မျှ ကြာအောင်မြေထဲမှာမြှုပ်ပြီးမှ အကျိုးကိုပေးတယ်လို့မှတ်ပါ။

ကိုယ်တော်တို့သည် ဒီဘဝမှာပြုတဲ့ပထမဇောစေတနာသည် ယခု ပစ္စုပ္ပန်ဘဝမှာ အကျိုးကိုမပေးပါက ၄င်းဗီဇနိဓာနစေတနာသည် ကမ္မပစ္စည်းမည်ပါ့မလားဆိုရင် - အလှူပေးတဲ့ပုဂ္ဂိုလ်သည် စေတနာ သုံးတန်ညီညွတ်အောင်လှူတယ်၊ လှူငြားသော်လည်း အလှူခံပုဂ္ဂိုလ်က မစင်ကြယ်ပါက ဒိဋ္ဌဓမ္မအကျိုးကိုမပေးရကား အလှူခံပုဂ္ဂိုလ်၏အပြစ်ပဲ လို့မှတ်ပါ။ အလှူပေးတဲ့ပုဂ္ဂိုလ်၏ ပထမဇောစေတနာကတော့ အကျိုးကို ပေးမည့်သတ္တိရှိ၏။ သို့အတွက် ကမ္မပစ္စည်းထိုက်တယ်လို့မှတ်ပါ။ အလှူခံတဲ့ပုဂ္ဂိုလ်စင်ကြယ်၍ အလှူပေးတဲ့ပုဂ္ဂိုလ်က စေတနာသုံးတန် မညီညွတ်ရင် ပထမဇောစေတနာသည် ကမ္မပစ္စည်းမထိုက်ပါ။

အလယ်ဇောငါးချက်မှာတော့ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် တိုင်အောင် အကျိုးပေး၏။ သို့ဖြစ်ပါသောကြောင့် အလယ်ဇောငါးချက် မှာ 'ပုဗ္ဗေ စ ကတပုညတာ၊ ပတိရူပဒေသဝါသ၊ သပ္ပုရိသူပနိဿယ' တို့နှင့် ကြွင်းကျန်အကျိုးကိုပေးသောကြောင့် ၄င်းဗီဇနိဓာနကိစ္စရှိတဲ့ စေတနာ ငါးချက်သည် နာနာက္ခဏိကကမ္မပစ္စည်းမည်၏။

သတ္တမဇောစေတနာသည် ဒုတိယဘဝမှာ အကျိုးကိုပေးနိုင်သော ကြောင့် သပ္ပုရိသူပနိဿယစသည်တို့နှင့်တွေ့က ကြွင်းကျန်အကျိုးကိုပေး၏။ သို့အတွက် လှူတဲ့စေတနာကတော့ ကြွင်းကျန်အကျိုးကိုပေးမှာဖြစ်ပါ၍ ဗီဇနိဓာနစေတနာသည် နာနာက္ခဏိကကမ္မပစ္စည်းမည်သည်ပင်မှတ်ပါ။

**ဝိပါကက္ခဏေ နာနာက္ခဏေ အတီတဘဝါဒီသု နိဗ္ဗတ္တာ ကုသလာကုသလစေတနာ** - ဟူ၍ ဋီကာကျော်မှာ

ဖွင့်ထား၏။

ပဌမဇောစေတနာသည် ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ်အတွင်း အကျိုးပေးရင်ပေး၊ အကျိုးမပေးရင် အဟောသိကံဖြစ်၏ဟုဆိုသည်။ ၎င်းပဌမဇောစေတနာသည် နဂိုကမှ ပဝတ္တိအကျိုးတစ်ကျိုးသာပေးရ ကား အင်္ဂါချို့တဲ့နေတဲ့အခါ အကျိုးကိုမပေးနိုင်တော့သော်လည်း နာနာက္ခဏိကကမ္မတော့ ထိုက်ပါတယ်လို့မှတ်ပါလေ။

စိဥ္စမာဏ၊ ဒေဝဒတ်တို့ကိုကြည့်ပါလား။ ပဌမဇောမှာပါတဲ့ စေတနာသည် ပစ္စုပ္ပန်ဘဝမှာပင် မြေမျိုခံရခြင်းတည်းဟူသောအကျိုးကို ပေးရကား "အတီတဘဝါဒီသု" ၌ အာဒိ-သဒ္ဒါဖြင့်ယူပါလေ။

ဥပမာ - မုဆိုးတစ်ယောက်သည် လေး မြား အစရှိသော လက်နက်ကိရိယာကိုကိုင်ပြီးလျှင် တောထဲသို့သွားတဲ့အခါ သမင် တစ်ကောင်ကိုမြင်၍ မြားနဲ့ပစ်တဲ့အခါမှာ မြားထိမှန်ပြီး သမင်၏အသား အရေတို့ကို ယခုဘဝမှာပင် ရရှိခံစားရ၏။ နောက်သမင်တစ်ကောင်ကို ပစ်လိုက်တဲ့အခါမှာ မြားမမှန်သည်ရှိသော် မမှန်တဲ့မြားကိုဂရုမစိုက်ပါဘဲ လှည့်တောင်မှမကြည့်ပါဘူးတဲ့။

ထို့အတူ မြားထိမှန်၍ သမင်အသားအရေသုံးဆောင်ခံစားရတာ သည် ပဌမဇောစေတနာ၏ ဒိဋ္ဌဓမ္မအကျိုးပေးတာနဲ့တူ၏။ မြားမမှန်၍ လှည့်မကြည့်တာသည် အဟောသိကံနဲ့တူတယ်လို့မှတ်ပါ။ ၎င်းဥပမာ အင်္ဂုတ္တိုရ်မှာပါ၏။ အလယ်ဇောငါးချက်သည် တတိယဘဝမှစ၍ နိဗ္ဗာန်ရ သည့်တိုင်အောင် အကျိုးကိုပေး၏။ နိဗ္ဗာန်ရောက်တဲ့အခါမှာသာ အဟောသိကံဖြစ်ရ၏။

ဥပမာ - မုဆိုးမှာ သမင်ဒရယ်စသော သားကောင်များကိုလိုက်ရန် ခွေးတစ်ကောင်ရှိ၏။ ၎င်းခွေးသည် သမင်ကိုမြင်တဲ့အခါလိုက်၏။ သမင်ကကွေ့ပြီးပြေးရင်လည်း ကွေ့ပြီးလိုက်၏။ မမီမချင်း နောက်ကလိုက်လာရာ မီလောက်တဲ့အခါကျမှကိုက်၏။ ထို့အတူ ခွေးနဲ့တူတဲ့ အပရာပရိယဝေဒနီယကံသည် သမင်ကိုနောက်ကလိုက်သကဲ့သို့လိုက်ပြီးလာခဲ့ရာ မီလောက်တဲ့အခါကိုက်သကဲ့သို့ အကြောင်းအားလျော်တဲ့အခါ အကျိုးကိုပေးရကား နာနာက္ခဏိကကမ္မလို့မှတ်ပါလေ။ နောက် ခွေးသည် သမင်ကိုလိုက်တဲ့အခါ အလိုက်ညံ့၍ သမင်ကိုမမီဘဲပျောက်သွားတဲ့အခါ မကိုက်ရသကဲ့သို့ အပရာပရိယဝေဒနီယကံသည် နောက်ကတကောက်ကောက်လိုက်နေပါသော်လည်း ခွေးသည် သမင်ကိုမမီဘဲပျောက်သွားသကဲ့သို့ နိဗ္ဗာန်သို့ဝင်သွားတဲ့အခါ အဟောသိကံဖြစ်ရ၏မှတ်ပါ။ သို့သော်လည်း နာနာက္ခဏိကကမ္မတော့ဖြစ်ပါတယ်ဟုမှတ်ပါလေကုန်။

သတ္တမဇောမှာပါတဲ့ စေတနာသည်လည်း ဒုတိယဘဝမှာ အကျိုးကိုပေး၏။ အကျိုးမပေးက အဟောသိကံဖြစ်၏။ သတ္တမဇော စေတနာသည် အလယ်ဇောငါးချက်ကဥပမာနှင့်တူ၏မှတ်ပါ။ သမာပတ်ရှစ်ပါးတို့တွင် တစ်ပါးသောသမာပတ်သည် အကျိုးကိုပေးသည်ရှိသော် ကျန်သောခုနစ်ပါးသည် အဟောသိကံဖြစ်၏။

အကုသိုလ် ပဋ္ဌာနန္တရိယကံငါးပါးလုံးကိုပြုမိခဲ့သောသူသည် တစ်ပါးသောပဋ္ဌာနန္တရိယကံက ဗလဝဖြစ်၍ အကျိုးကိုပေးသည်ရှိသော် ကျန်တဲ့ကံလေးခုမှာ ဒုဗ္ဗလဖြစ်၍ အဟောသိကံဖြစ်ရ၏။ ဤကဲ့သို့ပင် အကျိုးကိုမပေးလင့်ကစား သူတို့မှာ နာနာက္ခဏိကကမ္မသတ္တိတော့

မရှိဘူးလို့မမှတ်ပါနဲ့တဲ့။ ဒုဗ္ဗလဖြစ်လို့သာ အကျိုးမပေးငြားသော်လည်း ကမ္မသတ္တိတော့ရှိတယ်လို့မှတ်ပါ။

အကုသိုလ်စိတ် (၁၂)ခုတို့တွင် ဥဒ္ဓစ္စထဲမှာပါသောစေတနာသည် ပဋိသန္ဓေအကျိုးကိုမပေးဘူးလို့ သင်္ဂြိုဟ်ဆရာဆိုထားရာမှာ အဘယ့်ကြောင့် ပဋိသန္ဓေအကျိုးကိုမပေးပါသလဲလို့ဆိုလျှင် ပဋိသန္ဓေအကျိုးကိုပေးတတ်တဲ့သတ္တိမရှိသောကြောင့် ပဋိသန္ဓေအကျိုးကိုမပေးဘူးလို့မှတ်ပါ။

(တစ်နည်း) ပဋ္ဌာန်းပါဠိတော် ဒဿနေနပဟာတဗ္ဗတိက်မှာ ဘာဝနာယပဟာတဗ္ဗစေတနာသည် အကယ်၍ ပဋိသန္ဓေအကျိုးကို ပေးခဲ့ပါရင် ကမ္မပစ္စည်းအဖြစ်နဲ့ ဘုရား ဟောထားရမည်။ ၎င်း ဒဿနတိက်၌ ဘာဝနာယပဟာတဗ္ဗစေတနာထဲမှာ ဘုရားမဟောသည်ကိုထောက်ဆ၍ ပဋိသန္ဓေအကျိုးကိုမပေးဘူးမှတ်ပါ။

(တစ်နည်း) အကယ်၍ ၎င်းဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကိုပေးခဲ့ပါရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဥဒ္ဓစ္စကိုမပယ်သေးရကား အပါယ်သို့ ကျဖို့ရာသာရှိ၏။ ဒီလိုကော အပါယ်သို့ကျသေးသလားလို့ဆိုရင်၊ မကျပါဘူးတဲ့။ ဒါ့ကြောင့် ၎င်း ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကိုမပေးဘူးလို့မှတ်ပါ။

ပရိတ်ကြီးရတနသုတ်မှာလည်း သေက္ခပုဂ္ဂိုလ်တို့သည် မပယ်အပ်သေးသော စိုးစဉ်းသောဥဒ္ဓစ္စစေတနာသည် ရှိပါသေးသော်လည်း ၎င်းပုဂ္ဂိုလ်တို့မှာ လေးပါးသောအပါယ်မှလွတ်ပြီ။ ဤသို့သောအကြောင်းကြောင့် သံဃာရတနာသည်မြတ်တယ်။ ဤသို့ မှန်ကန်သောစကားကို

ဆိုရခြင်းကြောင့် သတ္တဝါတို့သည် ချမ်းသာကြပါစေသတည်းလို့ မိန့်ထားသည့်အတွက် ဝေသာလီပြည်သူပြည်သားတို့မှာ ချမ်းသာရ၏။ ဤကဲ့သို့မိန့်ဆိုထားသည်ကိုထောက်ပါသဖြင့် ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကိုမပေးဘူးလို့မှတ်ပါ။

ထိုကဲ့သို့ ပဋ္ဌာန်းပါဠိတော် ဒသသနတိက်ကိုထောက်သဖြင့်လည်း ကောင်း၊ ပရိတ်ကြီးကိုထောက်သဖြင့်လည်းကောင်း၊ ဥဒ္ဓစ္စစေတနာက ပဋိသန္ဓေအကျိုးကိုမပေးဘူးဆိုတာဟာ အလွန်တရာမှပဲပြည့်စုံနေပါတယ် တဲ့။ ဤကဲ့သို့ပင်ပြည့်စုံနေငြားသော်လည်း ဝိဘင်းပါဠိတော်၌ ဘုရား ဟောထားသည်မှာ ဥဒ္ဓစ္စစေတနာ၏အကြောင်းကို သိခြင်းသည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။ ဥဒ္ဓစ္စစေတနာ၏ အကျိုးကိုသိရခြင်းသည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်တယ်လို့ဟောထားပြန်ရကား ဥဒ္ဓစ္စစေတနာ သည် အကျိုးကိုပေးသောကြောင့် ဘုရားဟောတော်မူ၏။ အကယ်၍ အကျိုးမပေးပါက ဟောတော်မမူရကား ရှေးကစကားနှင့်ဆန့်ကျင်နေ ပါသလားလို့ မေးဖွယ်ရာရှိပြန်၏။ ရှေးကဆရာတော်စကားများနှင့် မဆန့်ကျင်ရအောင် ရှင်းလင်းကြဦးစို့။

ပဋ္ဌာန်းပါဠိတော်နှင့် ပရိတ်ကြီးတို့မှာ ဘုရားဟောထားသော ဥဒ္ဓစ္စစေတနာက ပဋိသန္ဓေအကျိုးကို မပေးဘူးဆိုသော စကားဟာ ဧကန်မုချမှန်ပေ၏။ ဘာ့ကြောင့်ဆိုသော် ဝိဘင်းပါဠိတော်မှာ ဥဒ္ဓစ္စ စေတနာ၏ အကျိုးကိုသိတာ အတ္ထပဋိသမ္ဘိဒါဉာဏ်လို့ဟောထားသည်မှာ ပဝတ္တိအကျိုးကိုသာရည်ရွယ်၍ ဟောတော်မူတယ်လို့မှတ်။ ဒါ့ကြောင့် ရှေ့စကားနှင့်နောက်စကား မဆန့်ကျင်ပါ။ ဤကဲ့သို့ ဥဒ္ဓစ္စစေတနာသည်

ပဝတ္တိအကျိုးကို ပေးလို့ရှိပါရင် ဒသကနိပါတ် ပဌာန်းပါဠိတော်မှာ ဘာ့ကြောင့် ဘုရားဟောတော်မမူပါသလဲလို့ဆိုခဲ့ပါရင် ၎င်းတိက်မှာ အကယ်၍ဟောခဲ့ငြားအံ့- ပဝတ္တိအကျိုးတစ်ကျိုးကိုသာမယူကြဘဲ ပဝတ္တိ ပဋိသန္ဓေအကျိုး နှစ်မျိုးလုံးကိုယူသွားမည်စိုး၍ ဟောတော်မမူဘူးလို့ မှတ်ပါ။

ဝိဘင်းပါဠိတော်မှာ ဘုရားဟောထားရခြင်းမှာလည်း ၎င်းဥဒ္ဓစ္စ စေတနာမှာ ပဋိသန္ဓေအကျိုးပင်မရှိပါသော်လည်း ပဝတ္တိအကျိုးတော့ဖြင့် ရှိသေးတယ်လို့ဆိုတာကိုသိစေလိုသောကြောင့် ဟောတော်မူတယ်မှတ်။

ယခုပစ္စယနိဒ္ဒေသပါဠိတော်မှာဟောထားသည်မှာ သဟဇာတ ကမ္မ၊ နာနာက္ခဏိကကမ္မအားဖြင့် နှစ်မျိုးတွဲဖက်ပြီးဟောတော်မူခဲ့ရာ ဒသကနိပါတ်၊ ဘာဝနာယပဟာတဗ္ဗအရာ၌ ကမ္မပစ္စည်းကိုဟောတော်မူ သော်လည်း သဟဇာတကမ္မကိုသာဟော၍ နာနာက္ခဏိကကမ္မကို မဟောရခြင်းမှာ ဥဒ္ဓစ္စစေတနာသည် ကမ္မဇရုပ်ကိုဖြစ်စေတတ်တဲ့သတ္တိ မရှိသောကြောင့်မဟောဘူးလို့မှတ်ပါ။

**ဣမေသု ဓမ္မေသု ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊**
**တေသံ ဝိပါကေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊**

ဟုဝိဘင်းပါဠိတော်၌ ဟောတော်မူသည်ကိုထောက်၍သိရမည်။ ၎င်း ဝိဘင်းပါဠိတော်၏အနက်ကို ပျမ်းမျှခြင်းအားဖြင့်ယူလို့ရှိရင် ပဝတ္တိ အကျိုးကိုသာ ၎င်းဥဒ္ဓစ္စစေတနာသည် ဟောတယ်လို့မှတ်။ ဤကိုရည်၍ 'တေသံ ဝိပါကေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ'ဟူ၍ ဟောထားတယ် လို့မှတ်ပါ။

သုံးချက်စုဆရာသည် "အတိတ်ဖြစ်သော ကုသိုလ်၊ အကုသိုလ် စေတနာ (၃၃)ခုသည်"ဟုဆိုထားသည်မှာ ပဝတ္တိအကျိုးကိုရည်ရွယ်၍ ဆိုထားသည်ဟုမှတ်ပါ။ အကယ်၍ ပဋိသန္ဓေအကျိုးကိုရည်ရွယ်၍ ဆိုထားခဲ့ပါရင် "အတိတ်ဖြစ်သော ကုသိုလ်၊ အကုသိုလ်စေတနာ (၃၂)ခု သည်"ဟူ၍သာ ဆိုရမည်မှတ်ပါလေ။

နံနက် ကိုယ်တော်တို့ ဆွမ်းခံသွားတဲ့အခါ ခွေးသေကောင်ပုပ် တစ်ကောင်ကိုမြင်တဲ့အခါမှာ အကုသလဝိပါက်စက္ခုဝိညာဏ်သည် ဖြစ်၏။ ဤကဲ့သို့ဖြစ်တဲ့အခါမှာ ပဝတ္တိအကျိုးကိုပေးတယ်လို့မှတ်ပါ။ ဒီလိုမြင်တာဟာ လမ်းမှားလို့ပဲမြင်တာလား၊ နာနာက္ခဏိကကမ္မကပဲ မကောင်းလို့မြင်တာလားလို့ဆိုရင်၊ နာနာက္ခဏိကကမ္မ မကောင်းလို့ မြင်တာဟူ၍မှတ်ပါ။

ယခုကာလမှာ သူရောင်ပါပါပြောနေကြသည်မှာ ကိုယ်နဲ့အတူတူ ပါလာတဲ့လူကို ကိုယ်တော်ကမကောင်းလို့၊ ကိုယ်တော်ခေါ်ရာကို တပည့်တော်လိုက်မိလို့ ဒီခွေးသေကောင်ပုပ်ကိုမြင်ရတာဟု တခြားသူများ ကို အပြစ်တင်ကြ၏။ ကိုယ့်ကိုကိုယ် အပြစ်မတင်ကြပေ။ ဤကဲ့သို့ မြင်ခြင်းမှာ မိမိကိုယ်တိုင်မကောင်းလို့ ဖြစ်တာဟုမှတ်ပါ။

အလွန်အဆင်းလှတဲ့ ရုပ်ပါရုံတစ်ခုကိုမြင်တဲ့အခါမှာ အတိတ်က ပြုခဲ့သော ကုသိုလ်ကံကြောင့်ဖြစ်ရကား ကုသလဝိပါက်စက္ခုဝိညာဏ် သည်ဖြစ်၏။ ဤကဲ့သို့မြင်တာမှာလည်း နာနာက္ခဏိကကမ္မကြောင့် မြင်တာဟူ၍မှတ်ပါ။ သို့ဖြစ်ပါ၍ ကုသလဝိပါက်စက္ခုဝိညာဏ်သည် နာနာက္ခဏိကကမ္မပစ္စည်း၊ ရုပ်ပါရုံသည် ၄င်း၏ပစ္စယုပ္ပန်ဟုမှတ်ပါ။

အနာပေါက်တဲ့အခါမှာလည်း အတိတ်ကအကုသိုလ်ကံသည် နာနာက္ခဏိကကမ္မပစ္စည်း၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်သည် ၄င်း၏ ပစ္စယုပ္ပန်မှတ်ပါ။ သုခကိုလည်း ဤကဲ့သို့ပစ္စည်းတပ်ပါလေ။ သို့ဖြစ်ပါသောကြောင့် မိမိတို့၏တစ်ကိုယ်လုံး ကျန်းမာမှု၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ ဒုက္ခဖြစ်မှု၊ မမာမကျန်းမှုကြီးဟာလည်း နာနာက္ခဏိကကမ္မကြောင့်ပဲလို့ မှတ်ပါ။

အကျိုးပေးတဲ့အခါမှာ ပယောဂဝိပတ္တိ၊ ကာလဝိပတ္တိအားဖြင့် နှစ်ပါးရှိ၏။ထိုနှစ်ပါးတို့တွင် ပလိပ်ရောဂါဖြစ်ပါလျှင် မပြေးကသေမယ်၊ ပြေးပါကမသေဘူး။ မပြေးမှုကို ပယောဂဝိပတ္တိလို့မှတ်ပါ။ ဘယ်လိုပင် ကုသိုလ်ကံပေးနေငြားသော်လည်း ပယောဂလုပ်ပေးရ၏။ မိမိကိုယ်ကို မိမိ ကျန်းမာလာအောင်ပြုမှုဟာ ပယောဂကူနေတာလို့မှတ်။ ဤကဲ့သို့ ဥပတ္ထမ္ဘကတည်းဟူသော ပယောဂကူပေးမှ ကျန်းမာ၏၊ ချမ်းသာ၏။

ဥပမာ - ကာကဝလ္လိယတို့ကို ကြည့်ပါ။ ပထမဇောမှာပါတဲ့ စေတနာသည် ဒိဋ္ဌဓမ္မအကျိုးကိုပေးငြားသော်လည်း မီးခဲများကိုပြာဖုံးနေသလို လေမှုတ်ပေးမှမီးပေါ်လာသကဲ့သို့ အပရာပရိယကံကကူသောကြောင့်သာ ဖြစ်ရ၏။ သို့သော်လည်း အမွှန်းတင်တော့ ပထမဇောကိုပင် အမွှန်းတင်ပြီး ပထမဇောက အကျိုးပေးတယ်လို့ ပြောကြ၏။ အပရာပရိယကံနှင့်ကော ကင်းပါသလားလို့ဆိုရင်၊ မကင်းပါဘူးတဲ့။

ပထမဇောမှာပါတဲ့စေတနာသည် ယခုပဲဘုရားရှိခိုးရင်း နတ်ဖြစ်မည့်စေတနာဖြစ်ပါက နတ်ပုံသဏ္ဍာန်ကြီးဖြစ်ရာ၏။ ဈာန်ဇောစောနေတဲ့ အခါမှာလည်း ၄င်းဈာန်ဇောထဲမှာပါတဲ့ ပထမဇောစေတနာသည်

ဗြဟ္မာကြီးဖြစ်လောက်တဲ့စေတနာဖြစ်ပါက ဤနေရာတွင်ပင် ဗြဟ္မာကြီး ပုံသဏ္ဌာန်ဖြစ်ရာ၏။ ဒီလိုမျိုးအကျိုးကောပေးသလားဆိုရင်၊ မပေးပါဘူး တဲ့။ ဒါ့ကြောင့် အကျိုးပေးတဲ့အခါမှာ အပရာပရိယကံက အကျိုးကိုပေး တယ်၊ မီးခဲကို ပြာဖုံးနေတဲ့အခါမှာ လေမှုတ်ပေးသကဲ့သို့ ပထမဇောက ကူညီတယ်လို့ မှတ်ပါ။ သူသာ မကူညီရင် ဘယ်တော့မှ အကျိုးကို မပေးဘူးလို့ မှတ်ပါ။

ဥပမာ - လူတစ်ယောက်သည် သလိပ်ဆို့ပြီးသေခဲ့ပါရင် ဟော့··· ဘာရောဂါနဲ့သေတာလဲလို့ မေးလိုက်လျှင် ဟာ··သလိပ်ရောဂါနဲ့ သေတာပါဟု အမှတ်တမဲ့ပြောကြ၏။ သို့သော် ကံကုန်လို့သေတာဟု မှတ်ပါ။ ကံမကုန်က ဘယ်တော့မှ မသေပါဘူးတဲ့။ သို့ဖြစ်၍ ကံသည် ပဓာနအကြောင်း၊ သလိပ်ရောဂါသည် အပဓာနအကြောင်းဟုမှတ်ပါ။ ထို့အတူပါပဲတဲ့ အပရာပရိယကံကို ပဓာနအကြောင်းဟုမှတ်၊ ပထမဇော စေတနာကို အပဓာနအကြောင်းဟုမှတ်ပါ။

'ယထာ အဘိညာစေတနာ ဟောတိ ဧဝံ ဥဒ္ဓစ္စစေတနာ န ဟောတိ'ဟူသည်နှင့်အညီ အဘိညာဉ်စေတနာသည် ပဝတ္တိအကျိုး ကိုသာပေးသကဲ့သို့ ဥဒ္ဓစ္စစေတနာသည် ပဝတ္တိအကျိုးကိုသာပေးပါ သလားလို့ဆိုရင်၊ ပဝတ္တိ ပဋိသန္ဓေအကျိုးနှစ်ပါးကို ပေးတယ်လို့မှတ်ပါ။

၄င်းအဓိပ္ပာယ်ကို ပုဂ္ဂိုလ်နှင့်ခွဲပြီးကြည့်ပါတဲ့။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်များ၏သန္တာန်မှာတော့ ဥဒ္ဓစ္စစေတနာသည် အနုသယသဘောနဲ့ရှိသောကြောင့် ပဝတ္တိအကျိုးကိုသာပေးတယ်လို့ မှတ်ပါ။

တပည့်တော်တို့ ကိုယ်တော်တို့သန္တာန်မှာရှိတဲ့ ဥဒ္ဒစ္စစေတနာကတော့ ပဋိသန္ဓေ ပဝတ္တိအကျိုး နှစ်ပါးလုံးကိုပင်ပေးတယ်မှတ်ပါ။ ဘာ့ကြောင့်ဆိုသော် တပည့်တော်တို့ ကိုယ်တော်တို့မှာတော့ ကိလေသာတွေက ဘာတစ်ခုမှမပယ်မသတ်ရသေးဘဲ အကုန်လုံးရှိသောကြောင့်ဟု မှတ်ပါ။ ဒါ့ကြောင့် အနုသယယမိုက်အကောက်မှာ ပဇဟနထဲကိုသွင်းရင်၊ ဘယ်အထဲကိုမှမဝင်ဘဲ ပုထုဇဉ်တွေကိုပဲကောက်ထားသည်ကို ထောက်၍သိပါလေ။

၄င်းဥဒ္ဒစ္စစေတနာ၏ ပဝတ္တိအကျိုးပေးပုံကို ရဟန္တာအရှင်မြတ်များတောင်မှ အရုပ်ဆိုးတဲ့ရဟန္တာကြီးတွေရှိနေရကား အပါယ်အကျိုးမပေးပါသော်လည်း ပဝတ္တိအကျိုးကိုတော့ပေးတယ်ဆိုတာ အလွန်ထင်ရှား၏။ ဤကဲ့သို့ ပုဂ္ဂိုလ်နဲ့ရွေးလိုက်တဲ့အခါမှာ အကောက်ဆရာတော်ရေးထားသော အတိတ်ဖြစ်သော ကုသိုလ်၊ အကုသိုလ်စေတနာ (၃၃)ခုဟူသော စကားလည်း ဟုတ်မှန်သည်ဟုမှတ်ပါ။

(တစ်နည်း) ပဋိစ္စသမုပ္ပါဒ်ကိုထောက်ကြည့်တဲ့အခါ သင်္ခါရကို ကြည့်ပါ၊ သင်္ခါရသည် နာနာက္ခဏိကကမ္မပစ္စည်း။ ဒီမှာလည်း လောကီကုသိုလ်၊ အကုသိုလ်စေတနာဟာ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုး နှစ်ပါးကိုပေးတယ်မှတ်ပါ။

ဤနေရာမှာ နာနာက္ခဏိကကမ္မ၊ ပကတူပနိဿယ နှစ်မျိုးရှိ၏။ ဒီအထဲမှာ အတိတ်ဖြစ်သော ကုသိုလ်၊ အကုသိုလ်စေတနာ (၃၃)ခု၊ ဝိပါက်နာမက္ခန္ဓာဆိုရင် ကမ္မ, ပကတူပနိဿယနှစ်မျိုးရ၏။ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဆိုရင် ကမ္မသာရ၏မှတ်ပါ။ သို့ဖြစ်ပါ၍ နာမ်ဓမ္မ

သက်သက်ဆိုရင် နှစ်ပစ္စည်းရတယ်မှတ်ပါ။ နာမ်ရုပ်အရောဆိုရင် ကမ္မ တစ်ပစ္စည်းသာရတယ်မှတ်။

(တစ်နည်း) ဗလဝ, ဒုဗ္ဗလအားဖြင့် နှစ်မျိုးရှိရာတွင် ဒုဗ္ဗလဆိုရင် ကမ္မတစ်ပစ္စည်းသာ၊ ဗလဝဆိုရင် နှစ်ပစ္စည်းရ၏မှတ်ပါ။

အကြင်ပုဂ္ဂိုလ်သည် ဒူရ၊ ပဋိစ္ဆန္နဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို မြင်လိုလတ်သော် -

ဘဝင်၊ (တီ)၊ န၊ ဒ၊ မ၊ ဏံ၊ ဥ၊ နှ၊ ဘူ၊ အဘိညာဉ်ဇော တစ်ကြိမ်၊ ဖိုလ်၊ ဖိုလ်၊ ဘဝင်။ ဤဝီထိအခိုက်၌ အဘိညာဉ်ဇောသည် သူတစ်ပါးအားပေးတတ်တဲ့ အာသေဝနသတ္တိမရှိသောကြောင့် ပဋိသန္ဓေ အကျိုးကိုပေးလိမ့်မည်ဟု မျှော်လင့်စရာအကြောင်းမရှိဘူးလို့မှတ်ပါ။ ဘာ့ကြောင့်ဆိုသော် ၎င်းအဘိညာဉ်ဇောသည် ပရိကံအစရှိသော ပဝတ္တိ အကျိုးများကိုသာငဲ့နေရသောကြောင့် ပဋိသန္ဓေအကျိုးကိုမပေးဘူးလို့ မှတ်ပါလေ။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးမှာလည်း အာရုံရှိမှ အာရမ္မဏိကတရားများပေါ်ရကား အကျိုးတည်းဟူသောမွှောရုံသည် ဉာဏ်တော်မှာတကယ်ထင်သည်ဖြစ်၍ ဟောထားရကား ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ ဥဒ္ဒစ္စစေတနာဟာ အကျိုးကိုပေးတယ်လို့ဟောထားသည်မှာ လည်း ယုံကြည်အားကိုးစရာ အကြောင်းတစ်ရပ်ပဲလို့မှတ်ပါ။

သင်္ဂြိုဟ်၊ ဋီကာကျော်ဆရာများ အကိုးအကားပြသော ပဋ္ဌာန်း ပါဠိတော် ဘာဝနာယပဟာတဗ္ဗတိက်၌ နာနာက္ခဏိကကမ္မမှာ ဥဒ္ဓစ္စစေတနာကို ပဋိသန္ဓေအကျိုးကိုမပေးသောကြောင့် ဒေသနာအစဉ်

ပျက်မည်စိုး၍ မဟောသည်ကိုထောက်ပါလျှင်လည်း ၄င်းဆရာများ၏ စကားသည် ယုံကြည်စရာတစ်ရပ်ဖြစ်ပေ၏။

မူလဋီကာဆရာအလိုက ဒုဗ္ဗလကမ္မပစ္စည်းထိုက်သော ဥဒ္ဓစ္စ စေတနာသည် အားနည်းသောကြောင့် ပဝတ္တိအကျိုးကိုသာ ပေးတယ် မှတ်ပါ။ ဗလဝကမ္မပစ္စည်းထိုက်တဲ့ ဥဒ္ဓစ္စစေတနာသည် အားရှိသော ကြောင့် ပဝတ္တိပဋိသန္ဓေ အကျိုးနှစ်မျိုးကိုပေးတယ်လို့ဆိုတော်မူ၏။

အရှင်ဗုဒ္ဓမိတ္တဆရာအလိုက ပုထုဇဉ်ပုဂ္ဂိုလ်များသန္တာန်မှာဖြစ်သော ဥဒ္ဓစ္စစေတနာသည် ပဝတ္တိပဋိသန္ဓေ အကျိုးနှစ်မျိုးကိုပေးတယ်လို့မှတ်ပါ။ သေက္ခပုဂ္ဂိုလ်များသန္တာန်မှာဖြစ်သော ဥဒ္ဓစ္စစေတနာသည် ပဝတ္တိအကျိုး သာပေးတယ်လို့မှတ်ပါ။

ဘာ့ကြောင့်လဲဆိုရင် ပရိတ်ကြီးပါဠိတော်မှာ **"စတူဟာပါယေဟိ စ ဝိပ္ပမုတ္တော"**လို့ ဘုရားဟောတော်မူသည်ကိုထောက်၍ သေက္ခပုဂ္ဂိုလ် ၏သန္တာန်မှာရှိသောဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကိုမပေး ဘူးဆိုတာကိုသိရပေ၏။

'ကရဏံ ကိရိယာ' လို့ ဆိုတဲ့အတိုင်း ဘုရားရဟန္တာအရှင်မြတ် များပြုတဲ့ကုသိုလ်စေတနာဟာ ပြုကာမျှမတ္တသာ၊ ပဋိသန္ဓေအကျိုးကို မပေးဘူးမှတ်၊ ဘာ့ကြောင့်တုံးလို့ဆိုရင် သန္တာန်ပြားသောကြောင့်ဟုမှတ်။

(တစ်နည်း) 'ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ တဏှာ သ္နေဟော' ဟူသည်နှင့်အညီ ကိလေသာမရှိသောပုဂ္ဂိုလ်များက ဒါနပြုနေသော ကြောင့် မျိုးစေ့၏စိုက်ပျိုးရာလယ်ယာမြေလည်းမရှိ၊ တဏှာတည်း ဟူသောရေလည်းမရှိသောကြောင့် ပဋိသန္ဓေအကျိုးကိုမပေးဘဲ ပဝတ္တိ အကျိုးသာပေးတယ်လို့မှတ်ပါ။

(တစ်နည်း)'ကုသလာကုသလံ ဇဟံ'လို့ ဆိုထားသည်ကိုလည်း ထောက်ပါ။

ယခုဘဝမှာ ပစ္စည်းဥစ္စာတွေပေါများတာကို မြင်တဲ့အခါမှာ သူတို့များ တယ်ပြီးကုသိုလ်ကောင်းပါပေတယ်။ ကြည့်စမ်းပါလား အကျိုးပေးလိုက်တာများ တစ်ချက်မှချွတ်ယွင်းခြင်းမရှိဘူး၊ ဆက်တိုက်ပဲ အကျိုးပေးပါပေတယ်ဆိုပြီး ဘယ်ပစ္စည်းကိုများ လက်ညှိုးထိုးပြီး ပြောကြပါသလဲဆိုရင် ကမ္မပစ္စည်းကိုပဲလက်ညှိုးထိုးပြီး ပြောနေကြ၏။ ဒါဖြင့် သုံးချက်စုထဲမှာကော ဒီလိုအကျိုးပေးရင် ကမ္မပစ္စည်းပဲလို့များ ပါသလားဆိုရင်၊ မပါဘူးတဲ့။ ကိုယ်တော်တို့ကရော ဒီလိုအကျိုးပေးတာ ဟာ ကမ္မပစ္စည်းပဲလို့ရောမယုံကြည်ဘူးလားဆိုရင် ယုံကြည်တာပါပဲတဲ့။

သို့ဖြစ်ပါသောကြောင့် ကမ္မပစ္စည်းသည် တပည့်တော်တို့ ကိုယ်တော်တို့၏ မျက်စိ နား နှာခေါင်းစသော အင်္ဂါကြီးငယ်တို့ကိုသာ ကောင်းကောင်းမွန်မွန် လှလှပပဖြစ်စေသလား၊ ရွှေတောင်ကြီး ငွေတောင်ကြီး စသော ပစ္စည်းဥစ္စာတွေကိုကော ဖြစ်စေသေးသလားလို့ ဆိုတာကို စစ်ကြဦးစို့ရဲ့။

ကိုယ်တော်သည် ဤကဲ့သို့ တပည့်တော်၏ရှေ့မှာဝပ်ပြီးနေရတာ တံတောင်ဆစ်တွေမနာဘူးလားဆိုရင်၊ နာပေ၏။ ဤကဲ့သို့နာက ဒေါသ ဇောတွေဖြစ်ပေါ်လာရကား အကုသလဝိပါက်ကြောင့် ဒုက္ခသဟဂုတ် ကာယဝိညာဏ်တွေပေါ်လာရ၏။ သို့သော် ကိုယ့်ဟာကိုယ်ဖိလို့ နာတာ လား၊ မဖိဘဲနဲ့နာတာလားလို့ဆိုရင်၊ ဖိလို့နာတာ။ ရုပ်ကလာပ်တို့မှာ တစ်ပေါင်းတည်းစုပုံပြီးနေကြတော့ တစ်ပုံကြီးဖြစ်ပြီးနေရကား အောက်

မှာထောက်ထားတဲ့ ရုပ်ကလာပ်ဟာ နည်းပြီးလျှင် အပေါ်ကဖိထားတဲ့ ရုပ်ကလာပ်တွေကများသောကြောင့် နာတာလို့မှတ်ပါတဲ့။ သို့ဖြစ်ပါသောကြောင့် နာနာက္ခဏိကကမ္မပစ္စည်းဖြစ်ပေါ်တဲ့နေရာမှာ ကံသည် ဗလဝအကြောင်း၊ ရုပ်ကလာပ်တွေသည် ဒုဗ္ဗလအကြောင်းလို့မှတ်ပါ။

ဘုရားကိုယ်တော်မြတ်ကြီးမှာ ဒေဝဒတ်က ကျောက်တုံးနဲ့လှိမ့်ချလိုက်တဲ့အခါမှာ သွေးစိမ်းတွေတည်လာသောကြောင့် နာတယ်လို့များ ညည်းသေးသလားလို့ဆိုရင်၊ မညည်းညူပါဘူးတဲ့။ ဤကဲ့သို့မညည်းသောကြောင့် ဒေါသဇောတွေမဖြစ်ပါဘူးတဲ့။ ပရမတ္ထဓမ္မတို့မည်သည်မှာ မျက်နှာမလိုက်ပါဘဲ ဖြစ်ပျက်ရပါသောကြောင့် ဒုက္ခသဟဂုတ်ကာယဝိညာဏ်တော့ ဖြစ်တာပါပဲတဲ့။ ဤကဲ့သို့ဖြစ်ရခြင်းမှာ ပဝတ္တိအကျိုးကိုပေးတယ်လို့မှတ်ပါ။ ၎င်းသည်ပင် နာနာက္ခဏိကကမ္မပါပဲတဲ့။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးမှာ အရောင်တော်တွေထွက်ပေါ်လာရခြင်း၊ နဂါးပြည်သွားတဲ့အခါ ရွှေဖောင်စသည်များဖြင့်ကြိုဆိုရခြင်း၊ ဤကဲ့သို့စသည်များဟာလည်း ပဝတ္တိအကျိုးပင်ဖြစ်ရကား နာနာက္ခဏိကကမ္မပါပဲတဲ့။

(တစ်နည်း) ပကတူပနိဿယနဲ့ တွဲနိုင်တဲ့ကမ္မသည် ပဝတ္တိ ပဋိသန္ဓေအကျိုးကို ပေးနိုင်တယ်လို့မှတ်။ ပကတူပနိဿယနဲ့မတွဲနိုင်တဲ့ ကမ္မသည် ပဝတ္တိအကျိုးကိုသာပေးနိုင်တယ်လို့မှတ်ပါ။

(တစ်နည်း) ပကတူပနိဿယနဲ့ပြိုင်နိုင်တဲ့ကမ္မသည် ဗလဝကမ္မဟုမှတ်ပါ။ ပကတူပနိဿယနဲ့မပြိုင်နိုင်တဲ့ကမ္မသည် ဒုဗ္ဗလကမ္မလို့မှတ်ပါ။

ဥပမာ – လူသူမနီးတဲ့တောတောင်ကြီးတွေထဲမှာ ရွှေငွေစိန်ကျောက်ပတ္တမြားစသည်တို့သည် ရှိကြ၏။ ၎င်းပစ္စည်းဝတ္ထုတွေသည် ကားလို့ဆိုရင် သတ္တဝါတွေ၏သုံးဖို့စွဲဖို့ ဖြစ်ပေါ်လာတဲ့ပစ္စည်းဝတ္ထုတွေ ပါပဲတဲ့။ ထိုသို့ပင်သတ္တဝါများသုံးဖို့စွဲဖို့ ဖြစ်ပေါ်သော်လည်း ၎င်းပစ္စည်းဝတ္ထုတွေ၏အပေါ်မှာ ဖြတ်သန်းသွားလာနေသော သမင်ဒရယ်စသော သတ္တဝါများမှာတော့ ၎င်းပစ္စည်းဝတ္ထုနားမှာပင်ရှိနေလင့်ကစား မသုံးမစွဲနိုင်ပါဘူးတဲ့။ လူများသာ သုံးစွဲနိုင်ပါတယ်တဲ့။ ဒါ့ကြောင့် ၎င်းပစ္စည်းဝတ္ထုများသည် ကမ္မပစ္စယ ဥတုကြောင့်ပင်ဖြစ်ပါသော်လည်း ဗလဝ နာနာက္ခဏိကကမ္မလို့မှတ်ပါ။ (မသေခင်ကဗိမာန်ပေါက်နေသော နန္ဒိယသူကြွယ်ဝတ္ထုကိုထောက်ဆ၍လည်း သိပါလေ။)

သဟဇာတကမ္မသည် ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိအားဖြင့် နှစ်ပါးရ၏မှတ်။ နာနာက္ခဏိကကမ္မမှာတော့ ဇနကသတ္တိသာရှိတယ်လို့ မှတ်ပါလေ။

၎င်းနှစ်ပါးတို့တွင် နာနာက္ခဏိကကမ္မပစ္စည်း၏ ဇနကသတ္တိဖြစ်ပုံမှာ မဂ္ဂဝီထိချတဲ့အခါ မဂ်ဇောတစ်ကြိမ်ကျပြီးသည့်နောက် ဖိုလ်ဖြစ်သည်ကိုထောက်၍ မဂ်ဇောထဲမှာပါတဲ့စေတနာသည် ဖိုလ်ဇောကိုဖြစ်စေသောကြောင့် နာနာက္ခဏိကကမ္မ၏ ဇနကသတ္တိရှိတယ်ဆိုတာ ထင်ရှားတယ်မှတ်။

သဟဇာတကမ္မ၏ ဇနက, ဥပတ္ထမ္ဘကဖြစ်ပုံမှာ– ကိုယ်တော်တို့သည် ဤကဲ့သို့ ဟုတ်ပါ့ဘုရား၊ မှန်ပါ့ဘုရားဟု လျှောက်နေတဲ့အခါမှာ စေတနာကလေးသည် အသံတည်းဟူသောစိတ္တဇရုပ်ကို သူကစီမံသလို ဖြစ်နေရပါသောကြောင့် ဇနကသတ္တိလို့မှတ်ပါ။ ၎င်းနောက်

အသံကလေးကို ကျယ်သထက်ကျယ်လာအောင် တစ်ဖန်ထောက်ပံ့ ကူညီသောကြောင့် ဥပတ္ထမ္ဘကသတ္တိလို့မှတ်ပါ။ ဆရာတော် ဦးဝိမလ၏ ကမ္မပစ္စည်းချပို့စဉ် ပြီး၏။

## ကမ္မပစ္စည်း၌ မှတ်ရန်

'အတ္တနော အနုရူပံ ဖလံ ကရောတိ ပဋိသခ်ရောတီတိ ကမ္မံ' ဟုဝစနတ္ထပြုပါ။ မိမိအားလျော်စွာ အကျိုးကိုပြုပြင်တတ်စီရင်တတ်သော တရားကို ကမ္မဟုခေါ်သည်။ အရကား- စေတနာပစ္စည်းတရားရ၏။

ထိုစေတနာသည် မျိုးစေ့နှင့်တူစွာ ပစ္စယုပ္ပန်တရားတို့အား တကွ ဖြစ်၍ကျေးဇူးပြုခြင်း သဟဇာတစေတနာ၊ အတိတ်ကာလ၌ အထူးထူး သောခဏ၌ဖြစ်၍ ကျေးဇူးပြုခြင်း နာနာက္ခဏိကစေတနာအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ကုသိုလ်အစရှိသော အမှတ်မရှိ တစ်ခုခုသော စေတနာသည် မိမိမှကြွင်းသော စိတ်စေတသိက် ရုပ်တရားတို့အား ကံ၏လုံ့လပယောဂဟုဆိုအပ်သော အမူအရာအဖြစ်အားဖြင့် ကျေးဇူးပြု တတ်သောကြောင့် သဟဇာတကမ္မဟုဆိုသတည်း။ ထို့ကြောင့်-

**ကုသလာဒီသု ဟိ ယာ ကာစိ သဟဇာတစေတနာ သေသမ္မောနံ စိတ္တပယောဂသင်္ခါတေန ကိရိယာဘာဝေန ဥပကာရိကာ ဟောတိ၊ တသ္မာ သဟဇာတကမ္မပစ္စယောတိ ဝုစ္စတိ** - ဟု အဋ္ဌကထာမိန့်၏။

ဟိ-သစ္စံ၊ မှန်၏။ ကုသလာဒီသု၊ ကုသိုလ် အစရှိသည်တို့တွင်။ ယာ ကာစိ၊ အမှတ်မရှိ တစ်ခုခုသော။ သဟဇာတစေတနာ၊ တကွဖြစ်သော

စေတနာသည်။ သေသဓမ္မာနံ၊ ကြွင်းကုန်သော စိတ် စေတသိက် ရုပ်တရားတို့အား။ စိတ္တပယောဂသင်္ခါတေန၊ စိတ်၏လှုံ့လပယောဂဟုဆိုအပ်သော။ ကိရိယာဘာဝေန၊ အမှုအရာ၏အဖြစ်ဖြင့်။ ဥပကာရိကာ၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ သဟဇာတကမ္မ-ပစ္စယောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ရှေးကာလ၌သင်ကြားလေ့ကျက်အပ်သော အတတ်အစရှိသော အမှုအရာသည် ချုပ်လေပြီးသော်လည်း နောက်ကာလတစ်ပါး၌ သင်ကြားလေ့ကျက်အပ်သော အတတ်အစရှိသောအမှုအရာကို လွယ်ကူစွာဖြစ်စေနိုင်သကဲ့သို့၊ ထို့အတူ အကြင်ခဏ၌ပြုအပ်သော ကံသည် ထိုသို့ပြုအပ်သောခဏမှတစ်ပါးသော မျက်မှောက်ဘဝ၌လည်းကောင်း၊ ဒုတိယဘဝ၌လည်းကောင်း၊ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်တိုင်အောင် ဘဝများစွာ၌လည်းကောင်း၊ ချုပ်ပြီး၍ ထင်ရှားမရှိသော်လည်း သက်သက်ပြုအပ်ပြီးသော ကဋတ္တာကံဖြစ်သည်၏ အဖြစ်ကြောင့် မိမိမှတစ်ပါး အဝိဇ္ဇာတဏှာတည်းဟူသောအကြောင်းနှင့် ပေါင်းဆုံမိလတ်သော် အကျိုးကိုဖြစ်စေနိုင်သောကြောင့် နာနာက္ခဏိက ကမ္မဟုဆိုအပ်သတည်း။

**ယသ္မိံ ပန ခဏေ တံ ကတံ, တတော အညသ္မိံ ခဏေ အဝိဇ္ဇမာနမ္ပိ ကေဝလံ ကဋတ္တာယေဝ ဒိဋ္ဌေဝ ဓမ္မေ ဥပပဇ္ဇေ ဝါ အပရေ ဝါ ပရိယာယေ အဝသေသပစ္စယ-သမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ၊ နိရုဒ္ဓါပိ ပုရိမ-သိပ္ပါဒိကိရိယာ ဝိယ ကာလန္တရေ ပစ္ဆိမသိပ္ပါဒိကိရိယာယ။**

**တသ္မာ နာနာက္ခဏိကကမ္မပစ္စယောတိ ဝုစ္စတိ** - ဟု ပဌာန်းအဋ္ဌကထာမိန့်၏။

နိရုဒ္ဓါပိ၊ ချုပ်ပြီးသည်လည်းဖြစ်သော။ ပုရိမသိပ္ပါဒိကိရိယာ၊ ရှေး၌သင်အပ်သော အတတ်အစရှိသော အမှုအရာသည်။ ကာလန္တရေ၊ ကာလတစ်ပါး၌။ ပစ္ဆိမသိပ္ပါဒိကိရိယာယ၊ နောက်၌ သင်အပ်သော အတတ်အစရှိသော အမှုအရာအား။ ဥပ္ပါဒေတိ ဝိယ၊ ဖြစ်စေသကဲ့သို့။ တထာ၊ ထို့အတူ။ ယသ္မိံ ခဏေ၊ အကြင်ခဏ၌။ တံ ပန၊ ထိုကံကိုကား။ ကတံ၊ ပြုအပ်၏။ တတော၊ ထိုသို့ပြုအပ်သောခဏမှ။ အညသ္မိံ ခဏေ၊ ၌။ အဝိဇ္ဇမာနမ္ပိ၊ ထင်ရှားမရှိသော်လည်း။ ကေဝလံ၊ သက်သက်။ ကဋတ္တာယေဝ၊ ပြုအပ်ပြီးသည်၏အဖြစ်ကြောင့်သာလျှင်၊ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သောဘဝ၌။ ဥပပဇ္ဇေ ဝါ၊ အခြားမဲ့သော ဒုတိယဘဝ၌လည်းကောင်း။ အပရေ ပရိယာယေ ဝါ၊ တစ်ပါးသော တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်တိုင်အောင်သော ဘဝ၌လည်းကောင်း။ အဝသေသ-ပစ္စယသမာယောဂေ၊ မိမိမှကြွင်းသော အဝိဇ္ဇာတဏှာစသော အကြောင်းနှင့်ပေါင်းဆုံခြင်းသည်။ သတိ၊ ရှိသော်။ ဖလံ၊ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးကို။ ဥပ္ပါဒေတိ၊ ဖြစ်စေနိုင်၏၊ (လ) ၏။

## ဦးဥက္ကံသ၏အာဘော် (ကမ္မပစ္စည်း)

ကမ္မပစ္စည်း၌ ကံဆိုသည်ကား ရှေးအဖို့၌စေ့ဆော်တတ်သော တရားကိုဆိုသည်။ အဘယ်သို့စေ့ဆော်သနည်း။ ငါသည် ဤမည်သော အမှုကိုပြုမည်ဟု ရှေးအဖို့၌စေ့ဆော်၏။ လိုရင်းအချုပ်မှာ ကိုယ်နှုတ် စိတ်တို့ဖြင့်ပြုစေတတ်သော စေတနာကံပင်တည်း။ ထိုကံသည်

သဟဇာတကမ္မ၊ နာနာက္ခဏိက ကမ္မအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် မိမိနှင့်တကွ ဖြစ်စေတတ်သော စေတနာသည် သဟဇာတကမ္မမည်၏။

'ဝိပါကဓမ္မဓမ္မာ'အရကို ကံဟုမဆိုရ။ စေတနာမှတစ်ပါးသော ဝိပါကဓမ္မဓမ္မာတို့သည် ကံမမည်ကုန်။ စိတ်တစ်ခုယုတ်ကိုးဆယ်၌ ရှိသော အမှတ်မရှိသော စေတနာသည် သဟဇာတကမ္မ။ စေတနာဟူသည်ကား စိတ်၏အားထုတ်ခြင်း ပယောဂဗျာပါရသတ္တိပင်တည်း၊ ဝါ-စိတ်၏အားထုတ်ခြင်း ပယောဂဗျာပါရသတ္တိကိုပင် စေတနာခေါ်သည်။

ကာယပယောဂကို ကာယဝိညတ်ခေါ်သည်၊ ဝစီပယောဂကို ဝစီဝိညတ်ခေါ်သည်၊ စိတ္တပယောဂကို စေတနာခေါ်သည်။

စက္ခုဝိညာဏ်ဒွေး၌ရှိသောစေတနာသည် သဟဇာတကမ္မပစ္စည်း၊ စက္ခုဝိညာဏ်ဒွေးနာမက္ခန္ဓာသည် သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန်။

အထူးထူးသောခဏ၌ဖြစ်သောစေတနာသည် နာနာက္ခဏိကကမ္မမည်၏။ နာနာက္ခဏိကကမ္မသည် တကွဖြစ်၍ကျေးဇူးမပြုနိုင်။ ဥပါဒ်ဌီဘင်အားဖြင့်ချုပ်ပျောက်ပြီးမှ အကျိုးကိုဖြစ်စေနိုင်သည်။ စေတနာသည် မိမိတို့အကျိုးပေးခွင့်သတ္တိကိုထားပြီး ချုပ်ပျောက်သွားခြင်းသည်ပင်လျှင် နာနာက္ခဏိကကမ္မမည်တော့၏။

အကုသိုလ်ဒွါဒသ၌ရှိသောစေတနာသည် ပဋိသန္ဓေအခါဖြစ်အံ့-အကုသိုလ်စေတနာ (၁၂)ခုသည် နာနာက္ခဏိကကမ္မပစ္စည်း၊ အဟိတ်အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏနာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်။ ပဝတ္တိအခါဖြစ်အံ့- အကုသိုလ်စေတနာ

(၁၂)ခုသည် နာနာက္ခဏိကကမ္မပစ္စည်း၊ အဟိတ်အကုသလဝိပါက်ခုနစ်ခုနာမက္ခန္ဓာ၊ ပဝတ္တိကမ္မဇရုပ်သည် ပစ္စယုပ္ပန်။

တိဟိတ်ဉက္ကဋ္ဌကုသိုလ်စေတနာသည် ပဋိသန္ဓေအခါဖြစ်အံ့-ငှင်းစေတနာသည် ပစ္စည်း၊ မဟာဝိပါက်ဉာဏသမ္ပယုတ်လေးခုနာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်။ ပဝတ္တိအခါဖြစ်အံ့-အဟိတ်ကုသလဝိပါက် (၈)ခု၊ မဟာဝိပါက် (၈)ခုနာမက္ခန္ဓာ၊ ပဝတ္တိကမ္မဇရုပ်သည် ပစ္စယုပ္ပန်။

တိဟိတ်ဩမက၊ ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ်စေတနာသည် ပဋိသန္ဓေအခါဖြစ်အံ့- ငှင်းစေတနာသည် ပစ္စည်း၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်လေးခုနာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်။ ပဝတ္တိအခါဖြစ်အံ့- အဟိတ်ကုသလဝိပါက်ရှစ်ခု၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်လေးခုနာမက္ခန္ဓာ၊ ပဝတ္တိကမ္မဇရုပ်သည် ပစ္စယုပ္ပန်။

ဒွိဟိတ်ဩမကကုသိုလ်ကံသည် ပဋိသန္ဓေအခါဖြစ်အံ့- ငှင်းစေတနာသည် ပစ္စည်း၊ အဟိတ်ကုသလဝိပါက် သန္တီရဏ(၂)ခု နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်။ ပဝတ္တိအခါဖြစ်အံ့- အဟိတ်ကုသလဝိပါက်ရှစ်ခု နာမက္ခန္ဓာ၊ ပဝတ္တိကမ္မဇရုပ်သည် ပစ္စယုပ္ပန်။

ရူပါဝစရကုသိုလ်ပဌမဈာန်စေတနာသည် ပစ္စည်း၊ ရူပဝိပါက်ပဌမဈာန်နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်သည် ပစ္စယုပ္ပန်။ စတုတ္ထဈာန်တိုင်အောင် နည်းတူကောက်လေ။

ရူပါဝစရကုသိုလ်ပဉ္စမဈာန်စေတနာသည် ပစ္စည်း၊ ပဉ္စမဈာန်ဝိပါက်နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိ

ကမ္မဇရုပ်သည် ပစ္စယုပ္ပန်။ အရူပဘုံ၌ ရုပ်မပါသည်သာထူးတော့၏။ ရူပ, အရူပတို့၌ ပဋိသန္ဓေ, ပဝတ္တိ မခွဲရတော့ပြီ။

သလိပ်နာစသည်ဖြင့်ဆိုရာ၌ သလိပ်ကိုသာထင်ရှား၍ သလိပ်နာဟုခေါ်သည်။ စင်စစ်အားဖြင့် အတိတ်ဖြစ်သောအကုသိုလ်စေတနာကြောင့်ဖြစ်သော အနာတည်း။ သလိပ်နာစသော ဒုက္ခဝေဒနာဖြစ်အံ့-အတိတ်ဖြစ်သော အကုသိုလ်စေတနာသည် နာနာက္ခဏိကကမ္မပစ္စည်း၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်နာမက္ခန္ဓာသည် ၎င်း၏ပစ္စယုပ္ပန်။

စက္ခုဒွါရဝီထိ၌ အတိဣဋ္ဌာရုံဖြစ်အံ့- အတိတ်ဖြစ်သော ကုသိုလ်စေတနာသည် ပစ္စည်း၊ ကုသလဝိပါက် စက္ခုဝိညာဏ်နာမက္ခန္ဓာသည် ပစ္စယုပ္ပန်။ အနိဋ္ဌာရုံဖြစ်အံ့- အတိတ်ဖြစ်သော အကုသိုလ်စေတနာသည် ပစ္စည်း၊ အကုသလဝိပါက် စက္ခုဝိညာဏ်နာမက္ခန္ဓာသည် ပစ္စယုပ္ပန်။ (သောတစသည် နည်းတူတပ်လေ။)

## ဥဒ္ဓစ္စစေတနာ ကောက်သင့်၊ မကောက်သင့်

ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးမပေး၍ နာနာက္ခဏိကကမ္မပစ္စည်း မကောက်သင့်ဟုဆရာတို့ဆိုကြ၏။ မြတ်စွာဘုရားသည် ဥဒ္ဓစ္စကို ဓမ္မသင်္ဂဏီကျမ်း၌ သီးခြားထုတ်၍ဟော၏။ နာနာက္ခဏိကကမ္မပစ္စည်းသည် ပဋိသန္ဓေအကျိုးကို ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ အထူးထူးသောခဏ၌ အကျိုးဖြစ်စေလျှင် နာနာက္ခဏိကကမ္မမည်တော့၏။ ဥဒ္ဓစ္စကို ပဋိသန္ဓေအခါရည်ပြီးထုတ်မဟော၊ ပဝတ္တိအကျိုးကိုသာရည်၍ ထုတ်ဟော၏ဟု ဋီကာဆရာဆို၏။

ဥဒ္ဓစ္စစေတနာသည် ဘာဝနာယပဟာတဗ္ဗအပါအဝင် ဖြစ်၏။

၄င်းဘာဝနာယပဟာတဗ္ဗစေတနာကို ပဋိသန္ဓေအကျိုး မပေး၍ သဟဇာတကမ္မပစ္စည်းသို့သွင်း၍ ကောက်၏။ ဒဿနေနပဟာတဗ္ဗတိက်ကို ကိုးကားကြ၏။ နာနာက္ခဏိကကမ္မပစ္စည်းနှင့်ကင်း၍လည်းမဖြစ်ဟု ဆိုကြ၏။

ဥပမာ - လူတစ်ဆယ့်နှစ်ယောက်သည် သူခိုးဓားပြတိုက်ခြင်း အမှုကိုပြု၏။ ၄င်းတစ်ဆယ့်နှစ်ယောက်တွင် တစ်ယောက်သောလူသည် အစွမ်းသတ္တိမရှိသော်လည်း စားရမဲ့သောက်ရမဲ့ဖြစ်၍လိုက်၏။ ဖမ်းမိသည့်အခါ ၄င်းအစွမ်းသတ္တိမရှိသည့်လူသည် သူခိုးဓားပြများထဲအပါအဝင် ဖြစ်နေသကဲ့သို့၊ ထို့အတူ ဥဒ္ဓစ္စစေတနာကိုလည်း နာနာက္ခဏိကကမ္မပစ္စည်း၌ ကောက်သင့်၏။ (ဤကား အာစရိယဝါဒ။)

အရှင်ဗုဒ္ဓမိတ္တစသောပုဂ္ဂိုလ်တို့၏အယူကား ဥဒ္ဓစ္စစေတနာသည် ဘာဝနာယပဟာတဗ္ဗဖြစ်သည့် စေတနာ၊ ဘာဝနာယပဟာတဗ္ဗမဖြစ်သည့် စေတနာဟုနှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် ဘာဝနာယပဟာတဗ္ဗဖြစ်သော စေတနာသည် သေက္ခပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်၏။ ဘာဝနာယပဟာတဗ္ဗမဖြစ်သော စေတနာသည် ပုထုဇဉ်သန္တာန်၌ဖြစ်၏။

ဘာဝနာယပဟာတဗ္ဗဖြစ်သော သေက္ခ, ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော စေတနာသည် ပဝတ္တိအကျိုးသာလျှင်ပေး၏။ ဘာဝနာယပဟာတဗ္ဗမဟုတ်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏သန္တာန်၌ဖြစ်သော ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး နှစ်ပါးစလုံးပင် ပေးနိုင်၏။ (ဤကား သုံးချက်စုနှင့်အညီတည်း။)

လိုရင်းအချက်မှာ- ပဋိသန္ဓေအကျိုး ပေးသည်ဖြစ်စေ၊ မပေး သည်ဖြစ်စေ လိုရင်းမဟုတ်။ အတိတ်ဖြစ်သောစေတနာသည် ဇနကသတ္တိရှိ၍ချုပ်သွားလျှင် နာနာက္ခဏိကကမ္မပစ္စည်း။ ပဋိသန္ဓေအကျိုး မပေး၍ ဥဒ္ဓစ္စကိုမကြဉ်ရ။ အထောက်ကား မဂ်၌ရှိသောစေတနာသည် ချုပ်ပျောက်ပြီး ဖိုလ်အားကျေးဇူးပြုသကဲ့သို့တည်း၊ (ဝါ) ကျေးဇူးပြုသည် ကို သာမကေပြုလေ။ (ဤကား စာချဦးဥက္ကံသဝါဒတည်း။)

နာနာက္ခဏိကကမ္မပစ္စည်းသည် မဂ်၌ရှိသောစေတနာသည် ဇနကသတ္တိ။ ဝိပါက် ဆတ္တိံသ, စေတသိက် အဋ္ဌတိံသအားတပ်သော စေတနာသည် ဥပတ္ထမ္ဘကသတ္တိ။ ဆရာတော် ဦးဥက္ကံသ၏အာဘော် ပြီး၏။

## ဦးဝိမလ၏အာဘော် (ကမ္မပစ္စည်း)

'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ'ဟု ဘုရားဟောတော်မူ သည့်အတိုင်း စေတနာသည် ကံမည်၏။ ထိုကံသည် ပစ္စယထိုက်သည့် ကံ၊ ပစ္စယမထိုက်သည့် ကံဟုနှစ်မျိုးနှစ်စားရှိ၏။ ထိုနှစ်မျိုးကိုသိစေလို၍ ကမ္မပစ္စည်းကိုဟောတော်မူသည်။

(တစ်နည်း) ကမ္မဝါဒီဒိဋ္ဌိတို့မှလည်းကောင်း၊ အဟေတုကဒိဋ္ဌိတို့မှ လည်းကောင်း၊ စင်စေလို၍ ကမ္မပစ္စည်းကိုဟောတော်မူသည်။

သောတာပန်တို့ပယ်သော အကုသိုလ်စေတနာသည် ကံသာ မည်၏၊ ပစ္စယမမည်။ ဒိဋ္ဌဓမ္မ, အပရာပရိယ, ဥပပဇ္ဇတို့သည် အဟောသိကံဖြစ်သည့်အခါ ကံသာမည်၏၊ ပစ္စယမမည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားသည့်အခါ အပရာပရိယကံတွေမကုန်သေး၊ ၄င်းကံတွေ

သည် အဟောသိကံဖြစ်သည့်အခါ ကံသာမည်၏၊ ပစ္စယမမည်။

တရားနာဦးမည်စသည်ဖြင့် စေ့ဆော်ပြီးနောက်မှ တရားနာ၏။ ရှေး၌တရားနာဦးမည်ဟုစေ့ဆော်သော စေတနာသည် ကမ္မပစ္စည်း၊ နောက်မှတရားနာခြင်းသည် ကမ္မပစ္စည်း၏ ပစ္စယုပ္ပန်။ စေတနာသည် သူကိုယ်တိုင် တရားနာခြင်း, ဘုရားရှိခိုးခြင်း မပြုတတ်။ ဝေဒနာ, သဒ္ဓါ စသည်တို့ကသာ တရားနာတတ်, ဘုရားရှိခိုးတတ်သည်။ စေတနာသည် စီမံရုံသာ စီမံတတ်၏။

## သဟဇာတကမ္မ နှင့် နာနာက္ခဏိကကမ္မ နှစ်ပါးအထူး

စေတနာသည် တကွဖြစ်ပြီးကျေးဇူးပြုသောကြောင့် လည်းကောင်း၊ ထင်ရှားရှိပြီးကျေးဇူးပြုသောကြောင့်လည်းကောင်း သဟဇာတကမ္မ။ စေတနာချုပ်ပျောက်သွားပြီးမှကျေးဇူးပြုလျှင် နာနာက္ခဏိကကမ္မ။ သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မတို့မှာ အခိုက်အတန့်ခဏသာ ပြားသည်။ ခဏပြားသည်ဆိုသော်လည်း အကြောင်းခဏ မပြား၊ အကျိုးခဏသာ ပြား၏။

ပဌမဇော၌ပါသော စေတနာသည် ၎င်းနှင့်တကွဖြစ်သော ဝေဒနာ, သညာတို့ကို ဘုရားရှိခိုးအောင်စေ့ဆော်ခြင်းသည် သဟဇာတကမ္မ။ ၎င်းစေတနာချုပ်ပျောက်သွားပြီးနောက်မှအကျိုးပေးလျှင် နာနာက္ခဏိကကမ္မ။ ပစ္စယုပ္ပန်အခိုက်အတန့် ပြားသောကြောင့်လည်းကောင်း၊ အကျိုးတရားနှင့်ထောက်သော် သတ္တိနှစ်ပါးပြားသောကြောင့်လည်းကောင်း၊ သဟဇာတကမ္မ, နာနာက္ခဏိကကမ္မဟု နှစ်မျိုးပြား၏။ တစ်ခုတည်းသောစေတနာသည်ပင်လျှင် ပစ္စုပ္ပန်ကျိုး, အနာဂတ်ကျိုး

အားဖြင့် အကျိုးနှစ်ပါးပြား၏ဟူလို။

ဥပမာ - တစ်ခုတည်းသော ဆွမ်းသည်ပင်လျှင် ကျန်းမာမှု၊ စာကိုအားထုတ်နိုင်မှုစသော ကိစ္စအများကိုပြီးစေသကဲ့သို့တည်း။ ဆွမ်းစားစဉ် လျှာပေါ်၌အရသာပေါ်မှုသည် သဟဇာတကမ္မနှင့်တူ၏။ အစာကြေမှု, စာကိုအားထုတ်နိုင်မှုသည် နာနာက္ခဏိကကမ္မနှင့်တူ၏။

(တစ်နည်း) အကြောင်းထင်ရှားရှိပြီး ကျေးဇူးပြုလျှင် သဟဇာတ ကမ္မ။ အကြောင်းထင်ရှား မရှိမူ၍ အကျိုးသာ ထင်ရှားရှိလျှင် နာနာက္ခဏိကကမ္မ။

ပဉ္စဒွါရာဝဇ္ဇန်းအစ ပထမဇောအဆုံးရှိသော စိတ်တို့၌ပါသော စေတနာသည် သဟဇာတကမ္မပစ္စည်းသာတပ်၍ နာနာက္ခဏိကကမ္မ ပစ္စည်းမတပ်။ ဒုတိယဇောအစ သတ္တမဇောအဆုံးရှိသော စိတ်တို့၌ပါ သောစေတနာသည် အဟောသိကံဖြစ်လျှင် သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ နှစ်ပါးလုံးရ၏။

စေတနာနှင့်တကွဖြစ်သည့် နာမက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် ယခုပစ္စုပ္ပန်ဘဝ၌ သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန်။ အနာဂတ်ကာလဖြစ်လတ္တံ့သော နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ သည် နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စယုပ္ပန်။ ပဋိသန္ဓေအခိုက်အတန့်၌ စေတနာသည် သဟဇာတကမ္မပစ္စည်း၊ ပဋိသန္ဓေနာမက္ခန္ဓာ, ကဋတ္တာရုပ် တို့သည် သဟဇာတကမ္မ၏ ပစ္စယုပ္ပန်။ ဘဝနိကန္တိကလောဘဇော၌ ရှိသောစေတနာသည် သဟဇာတကမ္မပစ္စည်း၊ စေတနာနှင့်တကွဖြစ်သော စိတ္တဇရုပ်, နာမက္ခန္ဓာတို့သည် သဟဇာတကမ္မ၏ ပစ္စယုပ္ပန်။

အမိဝမ်းတွင်း၌သေလျှင် အပါယ်သွားလိမ့်မည်။ အဘယ့်ကြောင့်နည်း၊ စေတနာသည် သဟဇာတကမ္မပစ္စည်းထိုက်သောကြောင့်တည်း။

သင်္ဂြိုဟ်၌ ဥဒ္ဓစ္စစေတနာကို ပဋိသန္ဓေအကျိုးပေးရာ၌ကြဉ်၏။ သုံးချက်စု၌ အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ်စေတနာ (၃၃)ခုဟုဆို၏။ ဥဒ္ဓစ္စစေတနာကိုမကြဉ်၊ ပဝတ္တိအကျိုးကိုရည်ပြီးဆို၏။ ပထမဇော စေတနာယူ၍ ပဋိသန္ဓေအကျိုးကိုရည်လျှင် ပထမဇော၌စေတနာကြဉ်သော အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ်ဟုဆိုရာ၏။ ပထမဇော စေတနာသည် ပဝတ္တိအကျိုးကိုပေးရာ၌ မဂ်၌ရှိသောစေတနာသည် ဖိုလ်အားကျေးဇူးပြုသည်နှင့်တူ၏။

ဥဒ္ဓစ္စစေတနာသည် ပြာပုံပေါ်ခဲကျသည်နှင့် တူ၏။ ငါ့အပေါ် ခဲကျသည်ဟုငြိမ်ငြိမ်မနေ လွင့်တက်၏။ ဥဒ္ဓစ္စစေတနာသည် ပျံ့လွင့်သည်။ သူများကိုသတ်ခြင်းလည်း မဟုတ်၊ သူများအပေါ်၌ ဣဿာ မစ္ဆရိယလည်းမရှိ။ ထို့ကြောင့် ပဋိသန္ဓေအကျိုးမပေး။

ဥပမာ - ဘိန်းစားနှင့်တူ၏။ ဘိန်းစားသည် သူတစ်ပါးကို မဖျက်ဆီးသော်လည်း သူ့ကိုယ်သူဖျက်ဆီး၍ ဖမ်းရ၏။ ဖမ်းသော်လည်း ထောင်ကျလောက်အောင်အပြစ်မရောက်သကဲ့သို့ ဥဒ္ဓစ္စသည်လည်း စိတ်ကိုမည်းညစ်ရုံသာ အပြစ်ရှိ၏။ ဝိဘင်္ဂပါဠိတော်၌ -

**ဣမေသု ဓမ္မေသု ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ တေသံ ဝိပါကေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ** - ဟုဟောမိန့်တော်မူ၏။

၄င်း၌ ဓာဒကဆရာက 'တေသံ ဝိပါကေ ဉာဏံ' ဟူသော ပါဠိကိုထောက်သဖြင့် ဥဒ္ဓစ္စသည် ပဋိသန္ဓေအကျိုးပေး၏ဟုဓာဒနာ၏။

ကျမ်းဆရာကား ဒသနေနပဟာတဗ္ဗတိက်ကိုကိုးပြီး ပဋိသန္ဓေအကျိုး မပေးဟုဆို၏။ ပဝတ္တိအကျိုးလည်း အတ္တပဋိသမ္ဘိဒါ၊ ပဋိသန္ဓေ အကျိုးလည်း အတ္တပဋိသမ္ဘိဒါဖြစ်၍ 'တေသံ ဝိပါကေ ဉာဏံ အတ္တပဋိသမ္ဘိဒါ'အရ ပဝတ္တိအကျိုးကိုရည်၍ဟောသည်ဟုယူရမည်။

အနုသယယမိုက်၌လည်း -

**ယော ကာမရာဂါနုသယံ ပဇဟတိ သော ဘဝရာဂါနုသယံ (လ) အဝိဇ္ဇာနုသယံ ပဇဟတီတိ တဒေကဋ္ဌံ ပဇဟတိ** - ဟုဟောတော်မူ၏။

သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည် အဝိဇ္ဇာနုသယကို အကုန်မပယ်သော်လည်း ပယ်တန်သရွေ့ပယ်ပြီး ပုထုဇဉ်တို့၏သန္တာန်၌ဖြစ်သောအဝိဇ္ဇာကဲ့သို့ မစုံ။ ထို့ကြောင့် ဥဒ္ဓစ္စသည် သူ့သတ္တိမစုံသောကြောင့် ပဝတ္တိအကျိုးမျှသာပေး၏ဟု မှတ်ရမည်။ သချာဝါရကိုလည်း ထောက်ပြောလေ။ဆရာတော် ဦးဝိမလ၏အာဘော် ပြီး၏။

*ကမ္မပစ္စည်း ပြီးပါပြီ။*

# ဝိပါကပစ္စယော




၁၄။ လေပြေအေးသည့် အေးငြိမ်းသော အာဝါသအောက်၌နေသူအား ငြိမ်သက်
ချမ်းငြိမ်းစေသကဲ့သို့သော ကံတို့၏ အကျိုးဖြစ်သော ဝိပါကပစ္စည်းတရား။

# ဝိပါကပစ္စည်း

## ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၊ စတုဝေါကာရ (၄) ဘုံ
  အားဖြင့် ဘုံ (၃၀)၌ ဖြစ်နိုင်ပါသည်။
  ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

## ၁၄။ ဝိပါကပစ္စည်းအခ်ိပ္ပာယ်

ကမ္မပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ဝိပါက ပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'ဝိပါကပစ္စယော' ဟူသည်တည်း။

**ဝိပါကပစ္စယော** - အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရား တည်း။

(ဝါ) ချမ်းသောလေသည် ချမ်းသောအရိပ်၌နေသော သူအား ချမ်းငြိမ်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကံတို့၏ အကျိုးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### ဝိပါကပစ္စည်း သုံးချက်စု

**ဝိပါကပစ္စယော** - ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်းတပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရား တို့သည် ဝိပါကပစ္စည်း တပ်သောတရားမည်ကုန်၏။

အချင်းချင်းမှထောက်အပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော ဝိညတ်ဒွေးကြဉ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်။

ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရား မည်ကုန်၏။

ကုသိုလ်စိတ် စေတီသ၊ အကုသိုလ်စိတ် ဒွါဒသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ နာမက္ခန္ဓာ၊ ထိုကုသိုလ်၊ အကုသိုလ်၊ ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟပြအပ်သော စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်။ ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရား မည်ကုန်၏။

## ဝိပါကပစ္စည်း ချုပ်စဉ်

### ဝိပစ္စနမတ္တာဘာဝေန ဥပကာရကော ဓမ္မော ဝိပါကပစ္စယော - ဟူသည်နှင့်အညီ

ရင့်ကျက်ရုံမျှမတ္တအဖြစ်ဖြင့် ကျေးဇူးပြုတဲ့တရားသည် ဝိပါကပါပဲတဲ့။ ကိုယ်တော်သည် ဒီအရွယ်ကစပြီး နောက်ဒီထက်တိုးပြီး အိုရဦးမယ်။ ဤကဲ့သို့တိုးပြီးအိုလာအောင်ကျေးဇူးပြုခြင်းသည် ရှေ့ဇရာကလေးက နောက်ဇရာကြီးကို ကျေးဇူးပြုတယ်လို့မှတ်ပါ။ ကိုယ်တော်သည် လက်ဦးဆုံး ဆံတစ်ပင်ဖြူလာ၏။ နောက်တစ်လလောက်ကြာတဲ့အခါ ဆံပင်တွေအများကြီးဖြူလာ၏။ ဤကဲ့သို့ဖြစ်ရခြင်းမှာလည်း ဇရာကလေးကပင် ဇရာကြီးကို ကျေးဇူးပြုတယ်လို့ ဆိုတာမှတ်ပါ။

ဤကဲ့သို့ ကျေးဇူးပြုရာမှာ ရှေ့ဇရာကလေးသည် နောက်ဇရာကြီးကို အားရှိအောင်ပြုသလား၊ အားနည်းအောင်ပြုသလားဆိုရင် အားနည်းအောင်သာကျေးဇူးပြု၏။ ဒါဖြင့် ကိုယ်တော်သည် လူ့ဘဝကို ရပြီး အိုရပါလို၏၊ နာရပါလို၏၊ သေရပါလို၏လို့များ ဆုတောင်းသေးပါ

သလားဆိုရင် ဆုမတောင်းပါဘူးတဲ့။ နိယာမသဘောအားလျော်စွာသာ ဖြစ်ရတယ်။ မိမိတို့၏အလိုကျ ဖြစ်တာမဟုတ်ပါဘူးတဲ့။ ဒါ့ကြောင့် ဤကဲ့သို့နိယာမသဘောကိုမလွန်ဆန်နိုင်တဲ့အတွက် မိမိတို့မှာ အိုမှုနာမှု သေမှုတွေ တိုးလာတယ်လို့မှတ်ပါ။

သို့ဖြစ်ပါ၍ အအိုကလေးသည် အအိုကြီးအားကျေးဇူးပြု၏။ ဤကဲ့သို့ ကျေးဇူးပြုရာမှာ အအိုကလေးသည် အားရှိသောအားဖြင့် အအိုကြီးကိုကျေးဇူးပြုသောကြောင့် အအိုကလေးကကျေးဇူးပြုလေလေ၊ အအိုကြီးမှာအားနည်းလေလေဟုမှတ်ပါ။ ထို့ကြောင့် မိမိတို့သည် အိုရပါလို၏၊ သေရပါလို၏ဟု ဆုတောင်းတဲ့အထဲမှာမပါသော်လည်း နိယာမသဘောကိုမလွန်ဆန်နိုင်သောကြောင့် အန္တောဂဓအတွင်းဝင်ပြီး သားဖြစ်ရကား မိမိတို့၏အလိုအတိုင်း တောင်းတာကိုပင်ပေးနေရကား အိုရနာရသေရတာတွေဟာ ဝမ်းနည်းစရာအကြောင်းမဟုတ်ပါဘူးတဲ့။

တပည့်တော်တို့ ကိုယ်တော်တို့သည် လူဖြစ်ရပါလို၏လို့ ဆုတောင်းတော့ စေတနာက နာနာက္ခဏိကကမ္မသတ္တိနဲ့ကျေးဇူးပြုတော့ လူရယ်လို့ဖြစ်လာရတဲ့အခါမှာ အအိုဆိုတဲ့အကျိုးတရားကလေးဟာ စလာ၏။ ၎င်းအအိုကလေးက အအိုကြီးအားဖြစ်စေရကား မိမိ ဆုတောင်းတဲ့အထဲမှာပင် မပါသော်လည်း ကမ္မအတွက်ကြောင့် ဖြစ်ရ၏။ ၎င်းကမ္မအပေါ်မှာ ဝိပါကကဆင့်လာရကား သွားတစ်ချောင်း ကျိုးက သွားတွေအများကြီးကျိုးစေခြင်းကို ဖြစ်စေ၏။ ဒါ့ကြောင့် အားမထုတ်တဲ့ တရားကပင် အားထုတ်ခြင်းမရှိတဲ့တရားကို ကျေးဇူးပြုသောကြောင့် ဝိပါကပစ္စည်းဟုမှတ်ပါ။

သို့ဖြစ်ပါ၍ 'ဝိပစ္စနမတ္တာဘာဝေန ဥပကာရကော ဓမ္မော

ဝိပါကပစ္စယော' ဟူသော ဋီကာဆရာဆိုသောစကားသည် ဟုတ်နေ၏ဟု မှတ်ပါ။ ဒါ့ကြောင့် လူဖြစ်သည်ကတခြား၊ အိုတာကတခြားဟုမှတ်ပါ။ အကျိုးပေးကာမျှမတ္တဖြစ်သော ဝိပါက်နာမက္ခန္ဓာကလေးသည် မိမိ ဘာသာလာပြီးနေတာ မဟုတ်ပါပဲ သူများကအားထုတ်လို့ ဖြစ်ပေါ်လာ တဲ့တရားဖြစ်ရကား သူ့မှာ နိရုဿာဟသဘောရှိပါတယ်တဲ့။ သို့ဖြစ်ပါ၍ သူများကပို့လို့ ဒီနေရာရောက်ရကား အားထုတ်ခြင်းမရှိပါသောကြောင့် သန္တဘာဝဆိုတဲ့သဘောလည်းရှိပါတယ်တဲ့။

ဤကဲ့သို့ ပဋိသန္ဓေအခါမှာရောက်ခါစဖြစ်၍ ဘယ်လိုနေရတယ် ဆိုတာကို မည်သည့်ပုဂ္ဂိုလ်မျိုးမှမသိပါသောကြောင့် အားထုတ်ခြင်းလည်း မရှိရကား သူ့မှာ ငြိမ်သက်တဲ့သဘောနှင့်ပင် ဖြစ်ရသောကြောင့် နိရုဿာဟသန္တဘာဝသဘောရှိတယ်ဆိုတာဟာ အလွန်တရာထင်ရှား နေ၏။ ထိုကဲ့သို့ မိမိမှာရှိတဲ့နိရုဿာဟသန္တဘာဝသဘောကို မိမိနှင့် အတူတကွဖြစ်တဲ့တရားများကိုကော မပေးနိုင်ဘူးလားဆိုရင် ပေးနိုင်ပါ တယ်တဲ့။ ဒါ့ကြောင့် သူသည် ပရမတ္ထသဘောအားဖြင့် အလုပ်လုပ်ခဲ့ လို့ရှိရင် သူ့လို နိရုဿာဟသန္တဘာဝဖြစ်တဲ့ တရားများကိုသာ ဖြစ်စေ တယ်လို့မှတ်ပါ။

ဤကဲ့သို့ ပဋိသန္ဓေအခါမှာမသိဘူးဆိုတာကိုထားလိုက်ပါဦးတဲ့၊ ပဝတ္တိအခါမှာ အိပ်ပျော်နေသောအခါ၌ သန္တဘာဝဖြစ်နေသောကြောင့် ကြမ်းပိုးကိုက်တာကိုပင်မသိပါဘူး၊ ကြမ်းပိုးက ဘယ်လိုပင်နှုတ်ဆက်ပါ သော်လည်း ဘဝင်အကြည်မပေါ်ပါက ဘယ်တော့မှမသိဘူးဆိုတာ မှတ်ပါကုန်။

အာရုံ ၊ ဒွါရကြောင့်သာ ဘဝင်အကြည်ပေါ်ရကား ကမ္မဇရုပ်နဲ့

ဖောဋ္ဌဗ္ဗာရုံတို့ထိခိုက်သော်လည်း မပေါ်ရခြင်းမှာ တိုက်ချက်က အလွန်မပြင်းထန်သောကြောင့် တပည့်တော်တို့ ကိုယ်တော်တို့မသိတာမှတ်။ ဤကဲ့သို့ အာရုံ, ဒွါရတိုက်ချက်မနာသောကြောင့် ဘဝင်တွေပေါ်နေတဲ့အခါမှာ တိဟိတ်ဘဝင်ပေါ်ဟဲ့, ဒွိဟိတ်ဘဝင်ပေါ်ဟဲ့, အဟိတ်ဘဝင်ပေါ်ဟဲ့လို့ပင်ဆိုပါသော်လည်း မပေါ်နိုင်ဘူးမှတ်ပါ။ ဘာ့ကြောင့်ဆိုသော် တိဟိတ်ပဋိသန္ဓေဆိုရင် ကံနဲ့စပ်၏။ ဒွိဟိတ်, အဟိတ်ဆိုရင်လည်း ကံနဲ့စပ်၍ ကံကြောင့်သာပေါ်ရ၏။ ပစ္စုပ္ပန်အကြောင်းကိုကြည့်ရင်လည်း အာရုံ, ဒွါရကြောင့်သာပေါ်ရ၏။ အတိတ်ဆိုရင်လည်း ကံကြောင့်သာပေါ်ရ၏။ ဒါ့ကြောင့် ၄င်းသုံးချက်ကိုကြည့်တာနဲ့ပဲ နိရဿာဟသဘောဟာ အလွန်ထင်ရှားနေ၏။

၄င်းဘဝင်တွေကိုမေးလို့ရှိရင် ဟေ့…ဘဝင်တွေ မင်းတို့ဘာဘဝင်တွေလဲလို့မေးတဲ့အခါမှာ ဟာ…ကျုပ်တို့ကိုမမေးပါနဲ့၊ ကျုပ်တို့ဟာကျုပ်တို့သဘောနဲ့ကျုပ်တို့ လာရတာမဟုတ်ပါဘူး၊ ကံကစီမံလို့ ကျုပ်တို့လာရတာပါ။ ဒါ့ကြောင့် အာရုံ, ဒွါရ, ကံတို့ကိုသာ မေးပါလို့ဆိုရာ၏။ သို့ဖြစ်ပါသောကြောင့် ဘဝင်သည် မိမိအကြောင်းမပါဘဲ အာရုံ, ဒွါရ, ကံတို့ကြောင့်သာ ဖြစ်ရတယ်မှတ်ပါ။

ကုသိုလ်စေတနာများကတော့ တစ်ရာရှိရင် ငါးဆယ်လျှအောင်စီမံတတ်၏။ ဝိပါက်တွေကတော့ နိရဿာဟသဘာဝအဖြစ်ဖြင့်ကျေးဇူးပြု၏။ ဒါဖြင့် ဓမ္မတွေဟာ သူ့သတ္တိကိုတော့ သူဆောင်တယ်လို့မှတ်။ ဇရာကလေးသည် ဇရာကြီးကိုကျေးဇူးပြုတိုင်း ဇရာကြီးမှာအားနည်းသကဲ့သို့ ထို့အတူ ပဋိသန္ဓေနာမက္ခန္ဓာမှာလည်း သူ့မှာ ဖြစ်စဖြစ်၍ မိုရာမရှိရကား အားနည်းသောကြောင့် သူနဲ့အတူတကွဖြစ်တဲ့

ဓမ္မများကိုလည်း သူ၏အားနည်းသော နိရုဿာဟသန္တဘာဝအဖြစ်မျိုး ကိုပဲ ကျေးဇူးပြု၏။ ကျန်တဲ့သုံးပါးသောဓမ္မများက ငါတို့မှာ နဂိုက အားရှိပြီးသားပဲ၊ သူကပင် နိရုဿာဟသန္တဘာဝကို ဖြစ်စေသော်လည်း ငါတို့မဖြစ်ဘူးလို့ငြင်းသေးသလားဆိုရင်၊ မငြင်းပါဘူးတဲ့။ သူပေးတဲ့ အတိုင်းပဲ နိရုဿာဟသန္တဘာဝအဖြစ်နဲ့ပဲ ဖြစ်ကြတယ်လို့မှတ်ပါ။

'ပစ္စန္တိတိ ပါကာ၊ အညမညဝိရုဒ္ဓါနံ ပါကာ ဝိပါကာ' ဟူသည် နှင့်အညီ အချင်းချင်းဆန့်ကျင်ဘက်ဖြစ်ကုန်သော တရားတို့၏အကျိုး ဖြစ်သောကြောင့် ဝိပါကမည်၏။

၄င်းကုသိုလ်နှင့် အကုသိုလ်တို့ဆန့်ကျင်ပုံမှာတော့ မီးနဲ့ရေကဲ့သို့ အလွန်တရာမှပဲထင်ရှားပေ၏မှတ်ပါ။ ဤကဲ့သို့ ကုသိုလ်, အကုသိုလ် တို့၏အကျိုးကိုဆိုသဖြင့် ကြိယာမှာ အကျိုးမရှိ၊ အကြောင်းသာရှိတယ် ဆိုတာ အဝုတ္တသိဒ္ဓိနည်းအားဖြင့် ပြီးနေတယ်လို့မှတ်ပါ။

အကုသိုလ်၏အကျိုးက အကုသလဝိပါက် ခုနစ်ခု။ ကုသိုလ်၏ အကျိုးက အဟိတ်ကုသလဝိပါက် ရှစ်ခု၊ မဟာဝိပါက် ရှစ်ခု၊ မဟဂ္ဂုတ် ဝိပါက် ကိုးခု၊ ဖိုလ် လေးခုအားဖြင့်ပေါင်း (၃၆)ခုရတယ်လို့မှတ်။

မိမိတို့၏ခန္ဓာကိုယ်ကိုကြည့်ပါ၊ မစင်ခွေးကောင်ပုပ်အနံ့ကိုနံတဲ့ အခါ အကုသလဝိပါက်ဃာနဝိညာဏ်သည် ဖြစ်၏။ ပန်းနံ့များကိုနံတဲ့ အခါ ကုသလဝိပါက်ဃာနဝိညာဏ်သည် ဖြစ်၏။ ဤကဲ့သို့ ပန်းနံ့ကို နံနေတဲ့အခါ မစင်ခွေးကောင်ပုပ်တည်းဟူသောအနံ့သည် ဝင်လာပါ သလားလို့ဆိုရင် ဒီလိုလည်းတစ်ပြိုင်တည်းမဖြစ်နိုင်ပါဘူးတဲ့။ ဘာ့ကြောင့် ဆိုသော် အချင်းချင်းဆန့်ကျင်သောကြောင့်ဟုမှတ်ပါ။

အကြောင်းကဝိရုဒ္ဓဖြစ်ရင် အကျိုးကလည်းဝိရုဒ္ဓဖြစ်ရာ၏။ ဒါဖြင့်

ကုသိုလ်မှာရှိတဲ့ဝေဒနာသည် အကုသိုလ်မှာယှဉ်တဲ့ဝေဒနာနှင့် ဝေဒနာချင်း တူသော်လည်း ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံဖြစ်၍ အချင်းချင်းဆန့်ကျင်ရကား အကြောင်းတရားကမတူလို့ဟုမှတ်ပါ။ ဒါ့ကြောင့် 'အညမညဝိရုဒ္ဓါနံ'ဟု ဆိုခြင်းသည်မှန်၏။

'ကာရဏာနုရူပံ ဝိပစ္စတီတိ ဝိပါကော'ဟူသည်နှင့်အညီ အကြောင်းအားလျော်စွာ အကျိုးကိုပေးတတ်သောကြောင့် ဝိပါက်လို့ ဆိုတာလည်းမှန်၏။

'ကုသလာကုသလေဟိ ကမ္မေဟိ ဝိပစ္စတီတိ ဝိပါကော' ဟူ၏။ အကျိုးပေးအပ်တဲ့တရားသည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကြောင့် အကျိုးကိုဖြစ်စေရကား သူသည် ဝိပါကမည်ပါတယ်။ ဒါဖြင့် သူသည် သူတစ်ပါးကိုဖြစ်စေနိုင်ပါ့မလားလို့ဆိုရင်၊ မဖြစ်စေနိုင်ပါဘူးတဲ့။ ကုသိုလ်ကံ၊ အကုသိုလ်ကံသည်ဖြစ်စေတတ်တဲ့ တရား၊ ဝိပါက်သည် ဖြစ်စေအပ်တဲ့ တရားဟုမှတ်ပါ။ ဒါဖြင့် ဝိပါကသည် သူတစ်ပါးကြောင့် ဖြစ်စေအပ်တဲ့တရားဖြစ်ပါသောကြောင့် ဝိပါကကား အလုပ်ကိုလုပ်နိုင် လိမ့်မယ်လို့ မမျှော်လင့်ပါနဲ့တော့တဲ့။ သို့ပါသော်လည်း ကမ္မပစ္စည်းကို ထောက်ရင်သာ ဝိပါက်မှာ အလုပ်ကိုလုပ်ဖို့ မရဝဘမှတ်ပါ။ ဝိပါက ပစ္စည်းကိုထောက်ရင်တော့ အလုပ်လုပ်လို့ရသေးတယ်လို့ ဆိုတာကိုမှတ်။

၎င်းဖြစ်စေတတ်တဲ့တရားသည် ဖြစ်စေအပ်တဲ့တရားနဲ့ကင်းပြီး မဖြစ်ရကား ဝိပါက်သည်ဖြစ်စေတတ်တဲ့ ကုသိုလ်၊ အကုသိုလ်က ထားတဲ့နေရာမှာပဲနေရမည်။ ဝိပါကသည် ကုသိုလ်၊ အကုသိုလ်ကြောင့် ဖြစ်ရတဲ့တရားဖြစ်၍ ဘာတစ်ခုကိုမျှ အလုပ်မလုပ်နိုင်ဘူး။ ၎င်း အကျိုးတရားဟာ ဘယ်လိုမှ ပြုပြင်လို့ရတာ မဟုတ်ပါဘူး။ ကံက

ပစ်ချလိုက်တဲ့အတိုင်း ဖြစ်ရတာပဲလို့ယူကြ၏။ ဒီလိုယူခဲ့ရင် အဟေတုက ဒိဋ္ဌိဖြစ်မည်မှတ်ပါ။

ဘာ့ကြောင့်ဆိုသော် သတ္တိဗျာပါရရှိတဲ့တရားကို သတ္တိဗျာပါရ မရှိဘူးလို့အယူရှိသောကြောင့်လို့မှတ်ပါ။ ဒါ့ကြောင့် မြတ်စွာဘုရား သခင်သည် အကျိုးပင်ဖြစ်ငြားသော်လည်း မင်းတို့ထင်သလိုတော့ မဟုတ်ဘူးလို့ဆိုတဲ့ အဟေတုကဒိဋ္ဌိကြီးကို စင်စေခြင်းအကျိုးငှာ ဝိပါက ပစ္စည်းကို ဟောရတယ်လို့မှတ်ပါ။

ဒါဖြင့် ၄င်းဝိပါကပစ္စည်း၏အားထုတ်ပုံကို အဋ္ဌကထာစကားနဲ့ လိုက်ပြီးကြည့်ကြဦးစို့။ စိတ်တစ်ခုယုတ်ကိုးဆယ်ကိုခွဲ၍ ပုံထားလိုက် ပါတဲ့။

> သဥဿာဟအသင်္ခာရဘာဝတရား တစ်ပုံ၊
> သဥဿာဟသင်္ခာရဘာဝတရား တစ်ပုံ၊
> နိရုဿာဟသင်္ခာရဘာဝတရား တစ်ပုံ၊
> နိရုဿာဟအသင်္ခာရဘာဝတရား တစ်ပုံ။

၄င်းလေးပုံရှိရာတို့တွင် **သဥဿာဟအသင်္ခာရဘာဝ**ဖြစ်တဲ့ တရားဆိုရင် မိမိတို့သန္တာန်မှာကိန်းတဲ့အခါမှာ လောဘတည်းဟူသော အကုသိုလ်ကြောင့် တစ်စုံတစ်ခုကိုလိုချင်တဲ့အခါမှာ သွားပြီးမေးမြန်း စုံစမ်းရှာဖွေရခြင်းအစရှိတဲ့ ကိစ္စတွေကိုပြုသောကြောင့် အားထုတ်ခြင်း ရှိရကား သဥဿာဟမှတ်ပါ။ သူကိန်းကတည်းက မိမိတို့မှာ စိတ် မငြိမ်သက်ခြင်းကိုဖြစ်စေသောကြောင့် အသင်္ခာရဘာဝပဲလို့မှတ်။ နောင် သူကအကျိုးပေးတဲ့အခါမှာလည်း မငြိမ်မသက်တဲ့အကျိုးကိုပေးသော ကြောင့် အသင်္ခာရဘာဝလို့မှတ်ပါလေ။

**သဥ္ဉာဏဟသန္တဘာဝ**တရားကတော့ - ကိုယ်တော်တို့ သီလ ဆောက်တည်တော့မယ်လို့ကြံလိုက်တဲ့အခါမှာ နံနက်ကျောင်းသို့ထွက်ရန် ချက်ရပြုတ်ရခြင်းတည်းဟူသော လုံ့လပယောဂတွေကိုပြုရသောကြောင့် သဥ္ဉာဏဟမှတ်။ ၎င်းနောက် သီလခံယူပြီးတဲ့အခါမှာ မိမိတို့၏ သီလကိုနှလုံးသွင်းပြီးဆင်ခြင်နေရသောကြောင့် သန္တဘာဝတရားလို့ မှတ်ပါ။ သူသည် အကျိုးကိုပေးတဲ့အခါမှာလည်း နိဗ္ဗာန်တည်းဟူသော အလွန်တရာငြိမ်သက်တဲ့အကျိုးပဲ ပေးတယ်လို့မှတ်ပါ။

**နိရုဿာဟသန္တဘာဝ** - ကိုယ်တော်တို့အိပ်တဲ့အခါမှာ ငါတို့ဖြင့် အားထုတ်ပြီးအိပ်ဦးမှပဲဆိုပြီး အားထုတ်ပြီးအိပ်လို့မရပါဘူးတဲ့။ အိပ်ခြင်းကိုကျေးဇူးပြုတဲ့စိတ်က ထိနမိဒ္ဓပါပဲတဲ့။ ၎င်းတို့သည် သသင်္ခါရိကစိတ်ငါးခုမှာယှဉ်ဖက်ဆိုတော့ အိပ်ချင်တဲ့စိတ်က လောဘမူ၊ ဒေါသမူ သသင်္ခါရိကစိတ်တွေထဲက တစ်ခုခု၊ အိပ်တဲ့စိတ်က ဝိပါက် တရားတွေဟုမှတ်ပါ။ ဒါဖြင့် အိပ်ချင်တဲ့စိတ်က အိပ်စိတ်ကိုကျေးဇူးပြု တယ်လို့မှတ်ပါ။

အိပ်ချင်တဲ့စိတ်သည် ပစ္စုပ္ပန်အာရုံကြောင့်ဖြစ်ရ၏။ အိပ်စိတ်သည် အတိတ်ကကံကြောင့်ဖြစ်ရ၏။ ဒါ့ကြောင့် ၎င်းအိပ်စိတ်မှာ ဘယ်အာရုံ ဓမ္မနဲ့မှ တွဲဖက်လို့မရသောကြောင့် နိရုဿာဟ။ သူ့အထဲမှာပါတဲ့ စေတနာဟာလည်း အကျိုးကိုပေးသလားဆိုရင် အကျိုးကိုမပေးသော ကြောင့်လည်း နိရုဿာဟပါပဲတဲ့။ အိပ်ပျော်နေတဲ့အခါမှာ ငါဟာ အိပ်လို့နေတယ်ဆိုတာကိုသိရဲ့လားဆိုရင်၊ မသိပါဘူးတဲ့။ ဤကဲ့သို့ မသိခြင်းသည် အလွန်တရာ ငြိမ်သက်နေသောကြောင့် မသိရကား သန္တဘာဝမှတ်ပါ။

ဒီလိုဆိုပါရင် နိရောဓသမာပတ်ဝင်စားတဲ့ရဟန္တာပုဂ္ဂိုလ်များသည် မီးလောင်တာတောင် မသိသည်ဖြစ်ရကား အလွန်တရာငြိမ်သက်သည် ဖြစ်ပါ၍ သန္တဘာဝဖြစ်ရကား နိရဿာဟသန္တဘာဝအဖြစ်ထဲသို့သွင်းပြီး ယူရမလားလို့ဆိုရင်၊ မယူပါနဲ့တဲ့။ ဘာ့ကြောင့်ဆိုသော် ၄င်းနိရောဓ သမာပတ်ဝင်စားသောအခါမှာ ရူပါဝစရကြိယာအဘိညာဉ်စိတ်ဖြင့်သာ ဝင်စားရကား အချင်းချင်းဆန့်ကျင်ကုန်သော ကုသိုလ်, အကုသိုလ်တို့၏ အကျိုးတရားမဟုတ်ပါသောကြောင့် ဒီနေရာမှာ သူ့ကိုမယူပါနဲ့တဲ့။

အိပ်ချင်တဲ့စိတ်ဖြစ်ပေါ်လာတဲ့အခါ ကာယကံမှု, ဝစီကံမှုကို မဖြစ်စေပါဘူးတဲ့။ သို့အတွက် အာဝဇ္ဇန်းဒွေးနှင့် ဝိပါက်တို့သည် နိရဿာဟသန္တဘာဝပါပဲတဲ့။

**နိရဿာဟအသန္တဘာဝ**မှာတော့- ကြိယာမှာပါတဲ့စေတနာသည် 'ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ တဏှာ သ္နေဟော' လို့ဆိုတဲ့တရားမရှိရကား ရေမြေမျိုးစေ့တို့မှလွတ်နေရကား ၄င်းမှာပါတဲ့စေတနာဟာ အကျိုးကို မပေးသောကြောင့် နိရဿာဟမှတ်ပါ။ သူသည် ဝိပါက်စိတ်များဖြစ် သလို ခန္ဓာကိုယ်ကြီးမှာ ငြိမ်ငြိမ်သက်သက်ဖြစ်ပါသလားဆိုရင် မငြိမ်မသက်ဖြစ်ပါတယ်။ ဘာ့ကြောင့်ဆိုသော် ဘုရားရဟန္တာများ ပြုံးရယ်တဲ့အခါမှာလည်း မငြိမ်မသက်ပြုံးရယ်ရ၏။ ရဟန္တာအရှင်မြတ် များသည် ပုတီးများကို စိပ်တဲ့အခါမှာ အားထုတ်ရသည်ဖြစ်၍ မငြိမ်မသက်ဖြစ်ရကား အသန္တဘာဝမှတ်ပါ။

ဤကဲ့သို့ခွဲလိုက်တော့ ဝိပါက်သည် အားထုတ်ခြင်းမှကင်းတဲ့ တရားဖြစ်ပါသောကြောင့် နိရဿာဟသန္တဘာဝလို့မှတ်ပါ။

ဒါ့ကြောင့် နာမ်ဓမ္မတွေသည် အာရုံဓမ္မအပေါ်မှာ ကိုင်းပုံ, ရှိုင်းပုံ,

ညွှတ်ပုံဟာ ဘယ်လိုပင်တူသော်လည်း သဥဿာဟအသန္တာဘာဝ၊ (လ) နိရုဿာဟအသန္တာဘာဝအဖြစ်ဖြင့် ထူးခြားသေးသည်၏အဖြစ်ကို သိစေခြင်းငှာ ဝိပါကပစ္စည်းကိုဟောရတယ်လို့မှတ်ပါ။

ငှင်းဝိပါက်၏ နိရုဿာဟသန္တာဘာဝဖြစ်ပုံကို လောကီဥပမာနဲ့ တင်ပြကြဦးစို့ရဲ့၊ သရက်သီးတစ်လုံးကို ကိုယ်တော်ယူလာတဲ့အခါမှာ နေအရင်ပူတဲ့နေရာက အဝါရောင်ကလေးပေါ်နေ၏။ ဒါဖြင့် အနှာရောင် ကလေးပဲလို့ဆိုရင်ကော လွဲပါ့မလားဆိုရင်၊ မလွဲပါဘူးတဲ့။ ဘာ့ကြောင့် လဲဆိုတော့ သူကလေးဟာ ပုပ်မယ်လို့စ,နေတာပါတဲ့။ ဒါ့ကြောင့် သူ့ကို အနှာရောင်လို့ဆိုရ၏။ နောက်နှစ်ရက်, သုံးရက်လောက်ကြာတဲ့ အခါ သူနဲ့တည့်တည့်နေရာက ပုပ်ပြီးလာ၏။

ဒါဖြင့် ငှင်းအနှာရောင်ကလေးဟာ အနှာကြီးကို ကျေးဇူးပြုတယ်။ ငှင်းအနှာကရော ငါ့ဟာငါနေမယ်ဆိုပြီး နေရဲ့လားဆိုရင်၊ မနေပါဘူးတဲ့။ အနှာကြီးဖြစ်လာရ၏။ လူများလိုပေါ့၊ အစက အနှာကလေးပေါက်တုန်း ကတော့ သွားနိုင်သေးရဲ့၊ နောက် အနှာကလေးက အနှာကြီးကို ကျေးဇူး ပြုလို့ အနှာကြီးဖြစ်သွားတော့ မသွားနိုင်တော့ပါဘူးတဲ့။ ထို့အတူ ပါပဲတဲ့ အနှာရောင်ကလေးက အနှာကြီးကို ကျေးဇူးပြုတော့ ဒုတ်နဲ့ မရိုက်ရ ဘဲနဲ့ သရက်သီးကလေးမှာ အောက်သို့ ကြွေကျလာရ၏။ ဤကဲ့သို့ ကြွေကျ ရခြင်းမှာ သရက်သီးသည် အားမထုတ်ဘဲနဲ့ နေတည်းဟူသော အပူဓာတ်နဲ့ ပေါင်းဆုံမိသောကြောင့်သာ အဝါရောင်ဖြစ်ရကား နိရုဿာဟ။

နောက် အဝါကြီးကိုရောက်တော့ ကြွေမည့်ဘက်ကအားကြီးလာ ၏။ ဒါဖြင့် သရက်သီး၏ အဝါရောင်ကလေးက နောက်မခိုင်သထက်

မခိုင်အောင်၊ ကြွေလွယ်ရအောင်၊ အားနည်းသွားအောင်၊ အားထုတ်၏။ တစ်စုံတစ်ယောက်သောသူသည် ဒီသရက်သီးဟာဖြင့် တိုးပြီးဝါလာတယ်ဆိုတာကိုမသိပါဘူး။ ကိုယ်တော်တို့အိပ်ပျော်နေတဲ့အခါမှာလည်း ၄င်းနည်းတူပါပဲတဲ့။ အိပ်စအခါကလေးသည် နိရုဿာဟ။ နောင်အလယ်လောက်ကျတော့ အိပ်မောကျသွားရကား ပထမအိပ်စထက်ပိုငြိမ်သက်သောကြောင့် နိရုဿာဟနဲ့မတူတော့ဘဲ သူကပိုပြီးငြိမ်သက်သောကြောင့် သန္တဘာဝမှတ်ပါ။

ရူပါရုံကိုအာရုံပြု၍ စက္ခုဒွါရဝီထိဖြစ်လိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇော ခုနစ်ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ ဤဝီထိ၌ အတီတဘဝင်မှာရှိသော တစ်ပါးတစ်ပါးသော နာမက္ခန္ဓာသည် ပစ္စည်း၊ သုံးပါးသုံးပါးသော နာမက္ခန္ဓာ, ပဝတ္တိကမ္မဇရုပ်သည် ပစ္စယုပ္ပန်။ သုံးပါးသုံးပါးသော နာမက္ခန္ဓာသည် ပစ္စည်း၊ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ, ပဝတ္တိကမ္မဇရုပ်သည် ပစ္စယုပ္ပန်။ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာသည် ပစ္စည်း၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ, ပဝတ္တိကမ္မဇရုပ်သည် ပစ္စယုပ္ပန်။

မိမိတို့၏ပဋိသန္ဓေအခိုက်မှာ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာသည် ပစ္စည်း၊ သုံးပါးသုံးပါးသော နာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်။ အကြွင်း ရှေ့နည်းကိုမှီ၍တပ်ပါလေ။

စုတိအခါမှာ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာသည် ဝိပါက ပစ္စည်း၊ သုံးပါးသုံးပါးသော နာမက္ခန္ဓာ, စိတ္တဇရုပ်သည် ပစ္စယုပ္ပန် မှတ်ပါ။

စက္ခုဝိညာဏ်ကို ပဝတ္တိကမ္မဇရုပ်၌သာရ၏။ ပဋိသန္ဓေအခါမှာ

မရသောကြောင့် ပဋိသန္ဓေအခါမှာ ဝိပါကပစ္စည်းမရဘူးမှတ်ပါ။ အကြောင်းခဏနှင့် အကျိုးခဏတူကြ၏။ အကြောင်းကဥပါဒ်ဆိုရင် အကျိုးကလည်း ဥပါဒ်ပင်၊ အကြောင်းကဌီဆိုရင် အကျိုးကလည်းဌီပဲ၊ ဘင်အခါမှာတော့ မရသောကြောင့် ဥပါဒ်နှင့် ဌီအခိုက်မှာသာ ပစ္စည်းတပ်ပါလေ။

လျှဉ်းပါးစရာအကြောင်းက ဝိညတ်ဒွေး ရှုပ်ထွေးနေ၏။ ဝိပါက်သည် စိတ္တဇရုပ်ကို ဖြစ်စေတယ်လို့ဆိုသော်လည်း ဝိညတ်ဒွေးကိုတော့ မဖြစ်စေဘူးဟုမှတ်ပါ။ ဤကဲ့သို့ဝိပါက်သည် ဝိညတ်ဒွေးကို မဖြစ်စေလို့ရှိရင် နဂိုကစိတ္တဇရုပ်မှာ (၁၇)သာ ရှိသောကြောင့် ဝိညတ်ဒွေးကြဉ်လိုက်က (၁၅)ခုသာ ကျန်တော့၏။ ၎င်း (၁၅)ခုသည် ဝိပါက်နှင့် သဟဇာတအဖြစ်ဖြင့် ဖြစ်တယ်လို့မှတ်။

ဝိပါက်သည် ဝိညတ်ဒွေးကို ဘာ့ကြောင့် မဖြစ်စေပါသလဲလို့ဆိုရင် **'ဝိညာပေတီတိ ဝိညတ္တိ'** ဟူသည်နှင့်အညီ လက်လှုပ်တဲ့အခါမှာ ပထမလှုပ်ပုံနဲ့ ဒုတိယလှုပ်ပုံဟာ တူပါသလားလို့ဆိုရင် မတူပါဘူးတဲ့။ ပထမလှုပ်တုန်းက ရိုးရိုးပဲလှုပ်၏။ ဒုတိယလှုပ်တာသည် ထိုသူဟာ ငါ့ကို ခေါ်တာပဲလို့ သိ၏။ ဤနေရာမှာ ပထမလှုပ်တာလည်း ဝါယောဓာတ်ကြောင့် လှုပ်၏။ ဒုတိယလှုပ်တာလည်း ဝါယောဓာတ်ကြောင့်ပင်လှုပ်ရကား ဒုတိယလှုပ်တာကို ခေါ်တာပဲလို့ သိရခြင်းမှာ မိမိကို သိစေတတ်သော သတ္တိအထူးကလေးဟာ ဒုတိယလှုပ်တဲ့အထဲမှာ ပါ၏။ ဒါကိုပင် ဝိညတ်လို့မှတ်ပါ။

သစ်ပင်တစ်ပင်သည် မိမိဘက်ကို ယိမ်းယိုင်ပြီး လှုပ်နေတာကို မြင်တဲ့အခါမှာကော ဒီသစ်ပင်ဟာဖြင့် ငါ့ကို ခေါ်တာပဲလို့ သိပါ့မလား

ဆိုရင်၊ မသိပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် ၄င်းသစ်ပင်မှာ မိမိကို သိစေတတ်သောသတ္တိ မရှိသောကြောင့် မသိရကား ဝိညာဏ်မဖြစ်ပါဘူးတဲ့။ လက်တစ်ခုမြှောက်တဲ့အခါမှာ ပထမဇောက သန္တမ္ဘနဝါယောကို ဖြစ်စေ၏၊ (လ) သတ္တမဇောကျမှ စလနဝါယောကိုဖြစ်စေ၏။ ဒါ့ကြောင့် လက်ကို မြှောက်နိုင်၏။ သို့ပါသော်လည်း ပထမဇောအစ ဆဋ္ဌဇောအဆုံးတို့က သန္တမ္ဘနဝါယောကို ဘုတ်အားဖြင့်ဆက်ပေးသော ကြောင့် စလနဝါယောကိုကျေးဇူးပြုပြီး စလနဝါယော ဖြစ်ပေါ်လာ၍ လက်ကို မြှောက်နိုင်၏။

ပထမဇောက ဝါယောကွဲဖို့ရန်လုပ်၏။ ဒုတိယဇောကလည်း လုပ်၏။ သို့သော် သူတို့ကအားထုတ်လို့ သတ္တမဇောကျမှလုပ်နိုင်၏။ ဤကဲ့သို့လုပ်ခြင်းသည် စိတ္တဇဝါယောကြောင့် လုပ်တာလို့ မှတ်ပါ။ ကိုယ်တော်သည် ခေါင်းညိတ်တာကို မြင်သဖြင့် ဦးပဏ္ဍိတက ဦးဓောတိကဖြင့် သဘောကျလာပြီလို့ သိရ၏။ ဦးဓောတိကကလည်း ငါဒီနေ့ဖြင့် ဦးပဏ္ဍိတို့အား အဓိပ္ပာယ်ကိုသဘောကျတဲ့အကြောင်းကို သိစေမှပဲလို့ဆိုပြီး ခေါင်းကိုညိတ်ပြသောကြောင့် သိရကား၊ သိစေသော သတ္တိတည်းဟူသောဝိညတ်သည် ဦးဓောတိက၏ခေါင်းလှုပ်လာအောင် ကျေးဇူးပြုသော ဇောနဲ့သာစပ်၍ ဘဝင်စသောဝိပါက်များနဲ့မစပ်သော ကြောင့် ဝိပါကပစ္စည်း၏ပစ္စယုပ္ပန်ဘက်က မပါဘူးလို့မှတ်။

(တစ်နည်း) ဝိညတ်သည် ကုသိုလ်၊ အကုသိုလ်နှင့်သာစပ်၍ ဝိပါက်နှင့်မစပ်၊ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်သည် 'ကောေ အာကာရော ဝိကာရော အတ္ထိ၊ အယံ ဝိကာရော နာမ ဝိညတ္တိ' ဟူ၏။ ပထမဇော၌ စိတ္တဇရုပ်တွေအများကြီးရှိရာတွင် လှုပ်ရှားတဲ့စိတ္တဇဝါယော

ဖြစ်ရင် ကျန်တဲ့ဝါယောတွေလည်း လှုပ်ရှားရ၏။

(တစ်နည်း) ပထမဇောမှာပါတဲ့စိတ္တဇဝါယောသည် ရှစ်ခုပါ၏။ ၎င်းထဲမှာ တစ်ခုသောဝါယောကလှုပ်ရှားခဲ့ရင် ကျန်တဲ့ဝါယောခုနစ်ခုလည်း လှုပ်ရ၏။ သို့သော် သူ့အထဲမှာ အာကာရအချင်းအရာအထူးကလေးက ပါလာ၏။ ဒါ့ကြောင့် ဝိညတ်ဆိုတာဟာ ဝိပါက်, ဘဝင်စသည်တို့နှင့်မစပ်၊ ဇောတွေနဲ့သာစပ်တယ်ဆိုတာကို သိရတယ်မှတ်။

ကိုယ်တော်သည် ခွေးကိုမြင်၍ စိတ္တဇဝါယော၏လှုံ့ဆော်ချက်ကြောင့် ခဲကိုကောက်လိုက်တဲ့အခါမှာ ခွေးသည်ပြေး၏။ ဤကဲ့သို့ပြေးရခြင်းမှာ ဤသူဟာ ငါ့ကိုပေါက်မှာပဲလို့ဆိုတဲ့ ရုပ်ရုံကိုမြင်သောကြောင့် ပထမရှေးဦးစွာ စက္ခုဒွါရတစ်ဝီထိကျ၏။ ခဲကိုကောက်ပြီးငါ့ကို အရင်ကဘာလုပ်ခဲ့ဖူးပါလိမ့်မလဲလို့ဆိုတဲ့ အတိတ်ကိုပြန်တွေးတဲ့ မနောဒွါရတစ်ဝီထိချ။ ၎င်းနောက် ဒီခဲကိုကောက်ပြီးလျှင် ငါ့ကိုပေါက်ဖူးတာပဲလို့ဆိုတဲ့ မနောဒွါရတစ်ဝီထိချ။ ၎င်းနောက် ဤသူဟာ ငါ့ကိုပေါက်မှာပဲဆိုတဲ့ အချင်းအရာ အာကာရကိုသိတဲ့ မနောဒွါရတစ်ဝီထိချ။ ၎င်းနောက် ငါ့ကိုဖြင့်တကယ့်ကိုပေါက်မှာပဲလို့ဆိုတာကို သိသော မနောဒွါရတစ်ဝီထိချ။ ဤကဲ့သို့ ငါးဝီထိကျပြီးနောက် ခြောက်ဝီထိမြောက်ကျမှ ခွေးသည်ပြေးတယ်လို့မှတ်ပါ။

ဒါဖြင့် ခွေးသည် တပည့်တော် ခဲကို ကောက်ပစ်တာနဲ့တစ်ပြိုင်နက် ပြေးတာပဲဆိုတဲ့ စကားဟာ လွဲနေပေ၏။ စိတ်ဓမ္မတို့၏လျင်မြန်ခြင်းကို မသိသောကြောင့်သာ ပြောကြတယ်လို့မှတ်။ ၎င်းခွေးသည် ဒီခဲကိုကောက်တာဟာ အရင်ကနဲ့ မတူပါဘူး၊ ငါ့ကိုပစ်တော့မှာပဲလို့အောက်မေ့ပြီး ဒေါသဇောကျပြီးပြေးရ၏။ ၎င်းကိုလည်း

မနောဒွါရနဲ့မှသိရကား သုခုမရုပ်ထဲကို သွင်းပါလေ။ ဒါ့ကြောင့် ဝိညာဏ်သည် ကုသိုလ်, အကုသိုလ်နဲ့သာ စပ်တယ်ဆိုတာကိုသိရသောကြောင့် ပစ္စယုပ္ပန်ထဲကို မထည့်ဘူး မှတ်ပါ။ ခဲကိုကောက်သော ဓမ္မာရုံသည် ခွေးသန္တာန်မှာ သိစေသောကြောင့် ဝိညာဏ်မှတ်ပါ။

ဝိညာဏ်သည် စိတ်ကြောင့်သာဖြစ်ငြားသော်လည်း ဇောစိတ်နှင့်သဟဇာတဖြစ်၍ ဝိပါက်နှင့်သဟဇာတမဖြစ်သောကြောင့် ပစ္စနိက်ပင် မှတ်ပါ။ ဤကဲ့သို့ ပြဆိုလိုက်ပါသဖြင့် ကာယဝိညာဏ်ကတော့ ဇောနဲ့စပ်တယ်လို့ဆိုတာဟာ ထင်ရှားသွားပါပြီ။

ဝစီဝိညာဏ်ကတော့ ဘယ်သူနဲ့များစပ်နေပါသလဲဟုမေးစရာရှိ၏။ ၎င်းဝစီဝိညာဏ်ကလည်း အများကြီးရှိပါတယ်။ သဒ္ဒဝါစာ, ဝိရတီဝါစာ, စေတနာဝါစာအားဖြင့် သုံးမျိုးသုံးစားရှိ၏။ ၎င်းသုံးမျိုးတို့တွင် ဒီနေရာမှာ သဒ္ဒဝါစာကိုသာယူပါလေ။ ၎င်းသဒ္ဒဝါစာဖြစ်ခြင်းအကြောင်းမှာ ဥပမာ- 'ဟဒယဝတ္ထု' လို့ ပြောဖို့ရန် ကြံစည်လိုက်တဲ့အခါမှာ မိမိ၏သန္တာန်မှာ ဇောစိတ္တုပ္ပါဒ်ကလေးတွေ ပေါ်လာ၏။ ဘာ့ကြောင့်လဲဆိုရင် မိမိမှာ မပြောခင်က အာရုံတစ်ခုကို မညွတ်ထားဘဲ ဘယ်တော့မှ ပြောလို့ မရပါဘူးတဲ့။ အာရုံတစ်ခုကို ညွတ်ပြီးမှသာ ပြောလို့ရ၏။

ဤသို့ အာရုံကိုညွတ်တဲ့အခါ ပထမဇောကလေးသည် စိတ္တဇရုပ်ကိုဖြစ်စေ၏၊ (လ) သတ္တမဇောကလည်း စိတ္တဇရုပ်ကိုဖြစ်စေ၏။ ဒါဖြင့် ဒီနေရာမှာ ဇောကသာ ပြဋ္ဌာန်း၏။ ၎င်းပထမဇောကလေးသည် ဟဒယဝတ္ထုပေါ်မှာ တည်ပြီးလျှင် စိတ္တဇရုပ်ကို ဖြစ်စေပြီးချုပ်သွားရ၏၊ (လ) သတ္တမဇောကလေးမှာလည်း ဟဒယဝတ္ထုပေါ်မှာပင် တည်ပြီးမှ စိတ္တဇရုပ်ကို ဖြစ်စေပြီးလျှင် ချုပ်သွားရပြန်၏။ ဤကဲ့သို့ နာမ်ဓမ္မတွေမှာ

ဥပါဒ်ဋ္ဌီဘင်ပြည့်၍ ချုပ်သွားငြားသော်လည်း ၎င်းတို့သည်ဖြစ်စေအပ်တဲ့ စိတ္တဇရုပ်များမှာတော့ သတ္တရသာယုကမပြည့်သေးပါ၍ မချုပ်သေး ပါဘူးတဲ့။

၎င်းစိတ္တဇရုပ်ထဲမှာပါတဲ့ပထဝီနဲ့၊ မိမိတို့၏ခန္ဓာကိုယ်ထဲမှာ ကာယ, ဘာဝဆိုတဲ့ ကမ္မဇကလာပ်တွေကလည်း တစ်ကိုယ်လုံးပျံ့နှံ့ပြီး တည်နေရကား ၎င်းကမ္မဇရုပ်ထဲမှာပါတဲ့ပထဝီနဲ့ ထိခိုက်လိုက်တဲ့အခါမှာ အသံကလေးဖြစ်ပေါ်လာပါတယ်တဲ့။ ၎င်းပေါ်လာတဲ့အသံကလေးဟာ ဘာသံပါလိမ့်မလဲဆိုရင် ဓောစိတ်ကလေးဟာ 'ဟဒယဝတ္ထု' လို့ပြောဟဲ့ လို့ဆိုတဲ့ လုံ့လပယောဂကြောင့် ဖြစ်ပေါ်လာရကား ၎င်းအသံကလေး သည် ဓောစိတ္တုပ္ပါဒ်ကြောင့်ပေါ်ရ၏။ ဒီလိုပေါ်လာတဲ့အခါမှာ သူတစ်ပါး အားသိစေသော သတ္တိအထူးကလေးဟာ ဓောနှင့်ကပ်ပြီး လေသွားရာသို့ ပါလာသောကြောင့် သူတစ်ပါးကို 'ဟဒယဝတ္ထု' လို့သိစေတဲ့ သတ္တိအထူး သည်ပင် ဝစီဝိညတ်ပါပဲတဲ့။

ဥပမာ - တယောထိုးနေသောသူတစ်ယောက်သည် မိမိက ၎င်းတယောအသံကို သူတစ်ပါးအား အသံခပ်ရှည်ရှည်ကလေးကြား စေချင်လို့ရှိရင် မိမိက အသံရှည်ရှည်ထွက်လာအောင် ထိုးပေးလိုက်၏။ ၎င်းနောက် အသံတိုတိုကလေးသိစေချင်ပြန်ရင်လည်း အသံတိုတို ဖြစ်ရအောင် ထိုးပေးလိုက်၏။ ဤကဲ့သို့လုပ်တာဟာ ၎င်းတယောထိုးတဲ့ ပုဂ္ဂိုလ်ရဲ့ လုံ့လပယောဂနောက်သို့လိုက်ပြီးနေတာပါပဲတဲ့။ ဒီလိုလိုက်ပြီး နေတဲ့အခါမှာ တစ်ပါးသောသုဏန္တပုဂ္ဂိုလ်က ဒီလူဟာဖြင့် ယိုးဒယား သီချင်းကို ထိုးနေတာပဲ၊ တေးထပ်ကို ထိုးနေတာပဲလို့သိတဲ့သတ္တိကလေး ရှိသကဲ့သို့ ရှေ့ကစကားကို စပ်ဟပ်၍ယူပါလေ။

ဤကဲ့သို့ ဟဒယဝတ္ထု၏အကြောင်းကိုပြောတဲ့အခါမှာ သဒ္ဒရုပ်တို့မည်သည်မှာ အာကာသအခေါင်းရှိရာမှထွက်ပေါ်ရသောကြောင့် စိတ္တဇသဒ္ဒကလေးသည် ဝမ်းထဲမှာဖြစ်ပေါ်နေရ၏။ ထို့နောက် စိတ္တဇသဒ္ဒကလေးသည် သတ္တရသာယုကပြည့်တဲ့အခါကျတော့ အပြင်ဘက်သို့ မရောက်ခင် ၎င်းရုပ်ထဲမှာပါတဲ့တေဇောတစ်ခုက ၎င်းစိတ္တဇသဒ္ဒတွေ ကုန်ဆုံးပြာကျသွားအောင် လောင်ကျွမ်းစေပြန်၏။ ဒီလိုတေဇောတစ်ခုက လောင်ကျွမ်းစေသော်လည်း နောက်တေဇောတစ်ခုက ဒီလိုစိတ္တဇသဒ္ဒကို အသစ်တစ်ဖန်ဖြစ်စေပြန်တာပဲတဲ့။ ဤကဲ့သို့ ဖြစ်လိုက်ပျက်လိုက် ဖြစ်ပြီးလျှင် လည်ချောင်းဝသို့ရောက်လာတဲ့အခါမှာ ဝမ်းတွင်းကဖြစ်တဲ့ စိတ္တဇသဒ္ဒသည် ချုပ်ခဲ့ပြီးသည့်နောက် ဘုတ်ဆက်ပေးသဖြင့် အပြင်ဘက်သို့ အသံတွေထွက်ပေါ်လာတဲ့အခါမှာ ၎င်းအသံတွေကတော့ ဥတုဇသဒ္ဒလို့မှတ်ပါ။

၎င်းသဒ္ဒကလေးသည် လေထဲသို့ပါပြီးလျှင် ကြားလိုသူ၏အထံသို့ ဟဒယဝတ္ထု၏အကြောင်းကိုသိစေသောသတ္တိကလေးဟာ ဝစီဝိညတ်လို့မှတ်ပါ။ ဒါဖြင့် ၎င်းဝစီဝိညတ်ဟာ ဝိပါက်နဲ့မစပ်ဘူး၊ ဇောနဲ့သာ စပ်တယ်လို့ဆိုတာဟာလည်း အလွန်တရာထင်ရှားနေသောကြောင့် ဝိပါကထဲသို့မထည့်ရဟုမှတ်ပါ။

ကိုယ်တော်တစ်ပါးက တရားဟောတဲ့အခါမှာ ဒီကိုယ်တော်ဟာ တယ်ပြီး အသံကောင်းပါလား၊ ရှေးက 'ပုဗ္ဗေ စ ကတပုညတာ' ကောင်းခဲ့တာကိုး၊ ဒါ့ကြောင့် ယခုဘဝမှာ အသံကောင်းတာပဲလို့ ပြောလေ့ရှိကြ၏။ ၎င်းသူများပြောတဲ့အတိုင်း ရှေးက 'ပုဗ္ဗေ စ' အရကို ရှာပြန်ရင် ကုသိုလ်တည်း ဟူသော ကံကိုသာတွေ့ခဲ့ပေ၏။ ဒီလိုဆိုပါရင်

အသံကောင်းမှု, အသံမကောင်းမှုဟာ ကံနှင့်သာစပ်တယ်လို့ယူရန် ရှိနေပြန်၏။

သင်္ဂြိုဟ်ဆရာက **"သဒ္ဒေါ စိတ္တောတုဇော"**ဟု အသံသည် စိတ်, ဥတုကြောင့်သာဖြစ်တယ်။ ကံကြောင့်ဖြစ်တယ်လို့ မဆိုရကား ဆန့်ကျင်နေပြန်၏။ ယခုကာလမှာ - အသံကောင်းအောင် ကြေးစည်, ခေါင်းလောင်း, စည်ကြီးများကို လှူဒါန်းကြပေ၏။ ၎င်းနောက် ဆုတောင်းခန်းထဲမှာ ကရဝိက်ငှက်, ကြိုးကြာငှက်များကဲ့သို့ အသံကောင်းရပါလို၏ဟုဆုတောင်းကြ၏။ **"မဓုရဿရော"**စသည်ဖြင့် ဘုရားသခင်ကိုယ်တော်မြတ်က ဟောထားတာတွေကလည်းရှိနေရကား ကုသိုလ်ပြုရင် အသံကောင်းလိမ့်မယ်ဆိုတာတွေဟာ ပါနေပြန်၏။ ဤနေရာမှာ အသံကောင်းမှု, မကောင်းမှုကိုဒီလိုယူပါတဲ့။

ဥပမာ - လူတစ်ယောက်သည် ပလွေဝါးတစ်ခုကို ကိရိယာစုံစုံလင်လင်နှင့် ပလွေပေါက်တွေဖောက်ပြီးမှုတ်တဲ့အသံနှင့် ကိရိယာတန်ဆာမစုံဘဲ ဖောက်ပြီးမှုတ်တဲ့အသံတို့မှာ အသံအချင်းချင်းက မတူပါဘူးတဲ့။ သို့သော် မှုတ်တဲ့လေချင်းကတော့ အတူတူပါပဲတဲ့။ ဒါဟာဘာ့ကြောင့် အသံမတူပါသလဲဆိုရင် ပလွေကိုမဖောက်တတ်လို့၊ ကိရိယာတန်ဆာမစုံလို့ဟုမှတ်ပါလေ။

ထိုဥပမာလိုပါပဲတဲ့ မိမိတို့၏ဝမ်းထဲမှာ အသံဖြစ်ရာဌာနက သလိပ်တွေ အားကြီးသောကြောင့် ၎င်းသလိပ်တွေကြားထဲက တိုးပြီး ထွက်လာရတဲ့အသံကလေးမှာ ဌာန်ကရိုဏ်းဖြစ်ရာနေရာကျပြန်တော့ လည်း တစ်ဖန်သလိပ်တွေနဲ့ တွေ့နေသောကြောင့်လည်းကောင်း၊ ၎င်းပုဂ္ဂိုလ်မှာ သွားတွေကျဲပြီး ၎င်းသွားကြားထဲက လေတွေထွက်နေ

သောကြောင့်လည်းကောင်း၊ အသံက အပြင်ဘက်သို့ သန့်သန့်ရှင်းရှင်း မထွက်ရသောကြောင့် အသံမကောင်းဘူးဟူ၍မှတ်ပါလေ။

အကယ်၍ သလိပ်ချွဲပန်းများမရှိဘဲသန့်ရှင်းခဲ့ပါရင် ဧကန်မုချ အသံကောင်းရမည်ဆိုတာမှတ်ပါလေ။ ဒါကြောင့် အသံကောင်းမှုမှာ ကြေးစည်၊ ခေါင်းလောင်းစသည်တို့ကိုလှူတာနဲ့ မစပ်ဘူးဟုမှတ်ပါ။ ဘာကိုထောက်ပြီးသိရမလဲဆိုရင် -

**စိတ္တသဟဘုနော ဓမ္မာ၊ စိတ္တာနုပရိဝတ္တိနော ဓမ္မာ-** ဟု ဟောထားသော ဓမ္မသင်္ဂဏီပါဠိတော်ကိုထောက်ပါ၍ အသံကောင်းမှုဟာ ကြေးစည်စသည်နှင့်မစပ်ဘူးဆိုတာ ထင်ရှားပေ၏။ ၄င်းကြေးစည်၊ ခေါင်းလောင်း၊ စည်ကြီးများကိုလှူတဲ့အကျိုးကတော့ ၄င်း၏အသံသွားလာရာလမ်းကို သလိပ်တွေမရှုပ်ရအောင်သာ ကျေးဇူးပြုတယ်လို့မှတ်။ ဒါ့ကြောင့် အသံသည် ကံနှင့်မစပ်ဘူးလို့ မှတ်ပါ။ ဤကဲ့သို့ အသံ၏ သွားလာရာလမ်းနှင့်တော့ စပ်သည်ဖြစ်ပါ၍ လှူတဲ့အကျိုးက အဟောသိကံ တော့မဖြစ်ဘူးလို့မှတ်ပါ။

၄င်း ဝိပါကပစ္စည်းသည် ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိ၊ ဇနကောပတ္ထမ္ဘကသတ္တိအားဖြင့် သုံးပါးတို့တွင် ဇနကောပတ္ထမ္ဘကသတ္တိ ရှိတယ်လို့မှတ်။

ဇနကသတ္တိဖြစ်ပုံမှာ- ငါတည်းဟူသော ဝေဒနာကဥပါဒ်ဖြစ်ရင် မင်းတို့ဥပါဒ်ဖြစ်ရမယ်လို့ဆိုပြီးကျေးဇူးပြု၏။ ကျန်နာမက္ခန္ဓာများကလည်း ဝေဒနာကဥပါဒ်ဖြစ်ပေးတာကို ငါတို့မဖြစ်ချင်ပါဘူးလို့ဆိုပြီး ရှောင်တိမ်းသွားသလားဆိုရင်၊ မရှောင်တိမ်းပါဘူးတဲ့။ ဝေဒနာကဥပါဒ်ဆိုရင် သူတို့ကလည်းဥပါဒ်ပါပဲတဲ့၊ ဝေဒနာကဌီဆိုရင် သူတို့ကလည်းဌီပါပဲတဲ့၊

ဘင်ဆိုရင်လည်း သူတို့ကလည်းဘင်ပါပဲတဲ့။ ဒါ့ကြောင့် ဇနကသတ္တိ ရှိတယ်လို့မှတ်ပါ။

ဥပတ္ထမ္ဘကသတ္တိဖြစ်ပုံကတော့- ဝေဒနာကနံ့တဲ့အခါမှာ ကျန်တဲ့ နာမက္ခန္ဓာများကလည်း နံ့နေတာပါပဲတဲ့၊ ဝေဒနာကထက်နေတဲ့အခါမှာ လည်း ကျန်နာမက္ခန္ဓာများမှာ ထက်ရတာပါပဲတဲ့။ ဒါ့ကြောင့် ဝေဒနာသည် ဖြစ်မှုကိုသာကျေးဇူးပြုသည်မဟုတ်သေး၊ နံ့မှုထက်မှုကို လည်း ထောက်ပံ့သောကြောင့် ဥပတ္ထမ္ဘကသတ္တိလည်းရှိတယ်ဆိုတာ မှတ်ပါလေကုန်။ ဆရာတော် ဦးဝိမလ၏ ဝိပါကပစ္စည်းချုပ်နှစ်ဥ ပြီး၏။

## ဝိပါကပစ္စည်း၌ မှတ်ရန်

'ကာရဏာနုရူပံ ဝိပစ္စတီတိ ဝိပါကော'ဟူ၍လည်းကောင်း၊ 'ကုသလာကုသလေဟိ ကမ္မေဟိ ဝိပစ္စတီတိ ဝိပါကော'ဟူ၍ လည်းကောင်းပြုပါ။ အကြောင်းအားလျော်စွာ ကျက်တတ်၊ ကုသိုလ်, အကုသိုလ်တည်းဟူသောကံတို့သည် ကျက်စေတတ်သော တရားကို ဝိပါကဟုခေါ်သည်။ အရကား- ဝိပါက်နာမက္ခန္ဓာ လေးပါးရ၏။

ပစ္စယုပ္ပန်၌ စိတ္တဇရုပ်ကိုကောက်ရာ ဝိညတ်ဒွေးကိုကြဉ်သည် ကား ဝိညတ်ဒွေးကိုဖြစ်စေတတ်သောစိတ်သည် ဝိပါက်၌မပါသော ကြောင့် ကြဉ်ရသည်မှတ်လေ။ ဝိပါက်တရားသည် အကျိုးအချင်းချင်း ကျေးဇူးပြု၍ အေးချမ်းလှသည့်နန်းပြာသာဒ်လေသာဆောင်မဥ္ဇ နှင်းလေ ခ,သကဲ့သို့ဖြစ်လေသည်။ အားထုတ်ခြင်းမရှိဘဲလျက် ငြိမ်သက်စွာ ဖြစ်သောအားဖြင့် အားထုတ်ခြင်းမရှိ ငြိမ်သက်စွာကျေးဇူးပြုသောတရား သည် ဝိပါကပစ္စည်းမည်၏။ ထို့ကြောင့် ပဋ္ဌာန်းအဋ္ဌကထာ၌-

**နိရုဿာဟသန္တဘာဝေန နိရုဿာဟသန္တဘာဝါယ ဥပကာရကော ဝိပါကဓမ္မော ဝိပါကပစ္စယော** - ဟု ဖွင့်ဆို၏။

နိရုဿာဟသန္တဘာဝေန၊ အားထုတ်ခြင်းမရှိ ငြိမ်သက်စွာဖြစ်သော အဖြစ်အားဖြင့်။ နိရုဿာဟသန္တဘာဝါယ၊ အားထုတ်ခြင်းမရှိ ငြိမ်သက်စွာဖြစ်ခြင်းငှာ။ ဥပကာရကော၊ ကျေးဇူးပြုသော။ ဝိပါကဓမ္မော၊ ဝိပါက်တရားသည်။ ဝိပါကပစ္စယော၊ ၏။

**ဦးဥက္ကံသ၏အာဘော် (ဝိပါကပစ္စည်း)**

**"ဝိပက္ကဘာဝမာပန္နာနံ အရူပဓမ္မာနမေတံ အဓိဝစနံ"**ဟုမိန့်၏။ 'ဝိပါက'၌ ဝိ-သဒ္ဒါသည် အဋ္ဌကထာအလို 'ဝိသိဋ္ဌ'၊ ဋီကာအလို 'ဝိရုဒ္ဓ'အနက်ရ၏။

ဝိ-သဒ္ဒါဖြင့် အချင်းချင်းထူးကုန်သော ကုသိုလ်, အကုသိုလ် ရ၏။ အဘယ်သို့ ကုသိုလ်, အကုသိုလ်တို့သည် အချင်းချင်းထူးကြကုန် သနည်း။ ကုသိုလ်သည် အနဝဇ္ဇ၊ အကုသိုလ်သည် သာဝဇ္ဇ။ ဤသို့ ထူးကြ၏။

(တစ်နည်း) သဒိသအနက်ကိုလည်း ဟောသေး၏။ ကုသိုလ် ကလည်း အာရမ္ဘဏဝိဇာနန၊ အကုသိုလ်ကလည်း အာရမ္ဘဏဝိဇာနန။ ဤသို့တူကြ၏။

ရုပ်တရားသည် အဝိပါက။ ဝိပါက် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသသည် ကုသိုလ်, အကုသိုလ်တို့ဖြစ်စေအပ်သောကြောင့် နိရုဿာဟ။

ဝိညတ်ဆိုသည်ကား ဝါယောပင်တည်း၊ ဝိညတ္တိဒသကကလာပ်၌ပါသော ဝါယောကိုယူ။

တစ်ခုသောဝီထိ၌ ပထမဇော (လ) ဆဌဇောတို့၌ပါသော ဝါယောဓာတ်သည် သန္တမ္ဘနသာဖြစ်၏။ စလနစသော အခြင်းအရာကို မဖြစ်စေနိုင်။ သတ္တမဇော၌ပါသောဝါယောဓာတ်သည်သာ ရှေးရှေးဇော တို့၏အထောက်အပံ့ကိုရ၍ စလနာကာရစသော အခြင်းအရာကိုသိ၏။ ထိုင်ခြင်းလျောင်းခြင်းစသော အခြင်းအရာကိုသိ၏။ ၎င်းဝါယောဓာတ် သာ ဝိညတ်မည်၏။ ဝါယောဟူသည် အလိုကိုသိစေတတ်သော အခြင်းအရာပင်တည်း။ မနောဝိညာဏ်ဖြင့်သာသိအပ်၏။ ဝါယောဓာတ် ၏ဖောက်ပြန်သောအခြင်းအရာသည် ဝိညတ်မည်၏။

စေတနာဝါစာ၊ ဝိရတီဝါစာ၊ သဒ္ဒဝါစာဟုသုံးမျိုးရှိရာ ဤ၌ သဒ္ဒဝါစာကိုသာလိုအပ်၏။ တစ်ခွန်းသောစကားကိုပြောမည်ဟု ကြံစည် ရာ ရှေးဦးစွာ အဋ္ဌကလာပ်ဖြစ်၏။ ၎င်းအဋ္ဌကလာပ်၌ပါသော စိတ် ကြောင့်ဖြစ်သော စိတ္တဇပထဝီနှင့် ကာယဒသက, ဘာဝဒသက၌ ပါသောကမ္မဇပထဝီတို့ ထိခိုက်ခြင်းကြောင့်ဖြစ်သောအသံကို စိတ္တ သမုဋ္ဌာန်အသံဟုခေါ်သည်။ ၎င်းအသံကို ဝစီဝိညတ္တိမခေါ်ရ။

ပြောဆိုမည်ဟုကြံစည်သော နှုတ်အမူအရာသည် ဝစီဝိညတ် မည်၏။ လှုပ်ရှားခြင်းစသော အခြင်းအရာအမူအရာသည် ကာယဝိညတ် မည်၏။ ကာယဝိညတ်သည် ကာမဘုံ၌သာရ၏။ ရူပဘုံ၌ ကာယ, ဘာဝ မရှိ၍မရ။ ရူပဘုံ၌ စိတ္တဇပထဝီနှင့် ဇီဝိတနဝကကလာပ်၌ပါသော ပထဝီဓာတ်တို့ကိုယူရမည်။ ဆရာတော် ဦးဥက္ကံသ၏အာဘော် ပြီး၏။

## ဦးဝိမလ၏အာဘော် (ဝိပါကပစ္စည်း)

ကမ္မပစ္စည်း၏အခြားမဲ့၌ ဝိပါကပစ္စည်းကိုဟောတော်မူခြင်းသည် အဟေတုကဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ကိုစင်စေလို၍ ဟောရသည်။ ဝိပါကပစ္စည်းသည် အကျိုးတရား၊ သူတစ်ပါးအစေခံဖြစ်ခြင်းကြောင့် သတ္တိမရှိဟု ယူလိုက်လျှင် အဟေတုကဒိဋ္ဌိဖြစ်၏။ ၎င်းပစ္စည်းသည် အကြောင်းတရားကဲ့သို့ အကျိုးကိုဖြစ်စေရှေ့သလား၊ မဖြစ်စေရှေ့သလားဟု ယုံမှားလျှင် ဝိစိကိစ္ဆာဖြစ်၏။ ၎င်းတို့ကိုပယ်လို၍ ဟောရသည်။ 'ဝိပါကပစ္စယော'၌ ဝိပါကသာဟောလျှင်လည်း ဒိဋ္ဌိ ဝိစိကိစ္ဆာ ဖြစ်လိမ့်မည်၊ 'ပစ္စယ'ချည်း ဟောလျှင်လည်း ကမ္မပစ္စည်းကမခံနိုင်။ ထို့ကြောင့် 'ဝိပါကပစ္စယော' ဟုဟောရသည်။

ဝိပါကပစ္စည်းသည် သရက်သီးစသည်တို့၌ မှည့်စအရောင်ကလေးနှင့်တူ၏။ အဘယ်သို့တူသနည်း၊ သရက်သီးမှည့်စအရောင်ကလေးသည် တစ်လုံးလုံးမှည့်မှုကို ကျေးဇူးပြုသကဲ့သို့တည်း။ အထူးအားမထုတ်ရ။ အားထုတ်ခြင်းကင်း၍ ငြိမ်သက်သောတရားကိုသာ ဝိပါကသတ္တိဖြင့်ကျေးဇူးပြုသည်။

အနာကလေးသည် အနာကြီးအား၊ အရိကလေးသည် အရိကြီးအား ကျေးဇူးပြုသကဲ့သို့ မိမိအဝါရောင်ဖြစ်လျှင်လည်း တစ်ပါးသောတရားကို ဝါစေ၏။ မိမိနာလျှင်လည်း သူတစ်ပါးကို နာစေ၏။ အခြားသော သမ္ပယုတ်တရားတို့ကို မိမိကဲ့သို့ အကျိုးတရားပင် ဖြစ်စေချင်၏။ အကျိုးတရားချင်း အကျိုးတရားချင်း ကျေးဇူးပြုပေ၏။ ရုပ်သည်လည်း ဝိပါက်ဖြစ်စေသောရုပ်သာများ၏။

(တစ်နည်း) ဝိပါကပစ္စည်းသည် အကျိုးတရားထဲ၌ အကြောင်းတရားရှိသည်ကိုပြလို၍ ဝိပါကပစ္စည်းကိုဟော၏။

ဝိပါက-သဒ္ဒါသည် နာနာက္ခဏိကကမ္မထောက်ရ၏။ ဝိပါက-သဒ္ဒါသည် နာနာက္ခဏိကကမ္မနှင့်စပ်၏။ ပစ္စယ-သဒ္ဒါသည် ယခုဖြစ်ဆဲနှင့်စပ်နေ၏။ ဝိပါက-သဒ္ဒါသည် နာနာက္ခဏိကကမ္မကြောင့်ဖြစ်သော်လည်း ပစ္စယ-သဒ္ဒါသည် ယခုပစ္စုပ္ပန်ကြောင့်သာ ဖြစ်ပေါ်လာ၏။

'ဝိပါကပစ္စယော - အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း' ဟုယောဇနာရာ၌ 'အကျိုးဖြစ်၍' ဟုဆိုခြင်းသည် ကမ္မကိုလက်မလွှတ်ချင်၍၊ 'ကျေးဇူးပြု' ဟုဆိုရာ၌ တစ်ခုတစ်ခုသောခဏ၌သတ္တိထူးပြလို၍ ဝိပါကပစ္စည်းကိုဟောသည်။ အကျိုးအချင်းချင်းကျေးဇူးပြုသည်။ ဝိညတ်ရုပ်ကို ဝိပါက်ကမဖြစ်စေနိုင်၊ ဇောမှသာဖြစ်စေနိုင်၏။ ဆရာတော် ဦးဝိမလ၏အာဘော် ပြီး၏။

*ဝိပါကပစ္စည်း ပြီးပါပြီ။*

# အာဟာရပစ္စယော




၁၅။ အိမ်ဟောင်းအား မယိမ်းမယိုင် ခိုင်ခံ့စေရန် ကျားကန် ထောက်ပံ့ပေးသကဲ့သို့သော
ရုပ်. နာမ် အာဟာရပစ္စည်းတရား။

# အာဟာရပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- ရုပ်အာဟာရပစ္စည်းသည် ပဝတ္တိကာလ၌သာ ဖြစ်ပါသည်။
- နာမ်အာဟာရပစ္စည်းသည် ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၊ စတုဝေါကာရ (၄) ဘုံ အားဖြင့် ဘုံ (၃၀)၌ ဖြစ်နိုင်ပါသည်။ ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

## ၁၅။ အာဟာရပစ္စည်းအခ်ပ္ပာယ်

ဝိပါကပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ အာဟာရပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'အာဟာရပစ္စယော' ဟူသည်တည်း။

**အာဟာရပစ္စယော** - ထောက်ပံ့ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားတည်း။

(ဝါ) နောက်မှထောက်သော တိုင်သစ်သည် အိမ်ဟောင်းအား မြဲမြံခိုင်ခံ့ခြင်းကိုပြုသကဲ့သို့ ဆောင်တတ် ထောက်ပံ့တတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### အာဟာရပစ္စည်း သုံးချက်နု

**အာဟာရပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ အာဟာရပစ္စည်းသည် ရုပ်အာဟာရ၊ နာမ်အာဟာရအားဖြင့် နှစ်ပါးအပြားရှိကုန်၏။ ထိုတွင် -

**ရုပ်အာဟာရ** ၌သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် ကဗဠီကာရအာဟာရဟု ဆိုအပ်သော ဆွမ်း ခဲဖွယ်ဘောဇဉ်အစရှိသည်၌တည်သော ဗဟိဒ္ဓဩဇာ (တစ်နည်း) အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာ၊ ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ။ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း တပ်သောတရားမည်ကုန်၏။

အာဟာရသမုဋ္ဌာနိကရုပ်။ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။ (ဤကား သဲအင်းသုံးချက်စုတည်း။)

(တစ်နည်း) ကလာပ်တူ၊ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ရုပ်အားတပ်သော စတုသမုဋ္ဌာနိကဩဇာ။ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း တပ်သောတရားမည်ကုန်၏။

ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ၊ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်။ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ဗာဟိရရုပ်။ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရား မည်ကုန်၏။

**နာမ်အာဟာရ** ဥ္မသရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက် အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် ဖဿ၊ စေတနာ၊ ဝိညာဏ် ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ်သုံးပါး။ ဤတရားတို့သည် နာမ်အာဟာရပစ္စည်း တပ်သောတရားမည်ကုန်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် နာမ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် နာမ်အာဟာရပစ္စည်း၏ ပစ္စနိက်ဖြစ်သောတရားမည်ကုန်၏။

## အာဟာရပစ္စည်း ချဲ့ပုံစဉ်

မြတ်စွာဘုရားသခင်သည် သံယုတ်ပါဠိတော် သဂါထာဝဂ်၌ **"ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ"** စသည်ဖြင့် အာဟာရပစ္စည်း၏အကြောင်းကို ဣန္ဒကဘီလူးအား ဟောတော်မူသည်မှာ ပရမတ်စစ် ဓာတ်အနှစ်မဟုတ်ပါဘူးတဲ့။ ၎င်းဘီလူးကို ပရမတ်သက်သက် ဟောတော်မူလို့ရှိပြန်ရင်လည်း မသိမည်စိုးရိမ်ပါ၍ ပညတ်နှင့်စပ်ပြီးဟောတဲ့ ဒေသနာလို့မှတ်ပါတဲ့။ ဘာ့ကြောင့်လဲဆိုရင် ကလလရေကြည်ဆိုတာဟာလည်း ပရမတ်ထဲမှာမပါဘူး၊ အမြှုပ်ဆိုတာလဲ မပါဘူး၊ အားလုံးဆိုတာတွေလည်း မပါဘူးတဲ့။ ဤကဲ့သို့သာ လူတွေကိုဟောနေမယ်လို့ဆိုပါရင် ပညတ်တွေကဖုံးကွယ်နေသောကြောင့် မည်သူမှ အကျွတ်တရားရဖို့ရာအကြောင်း မရှိပါဘူးတဲ့။ ယခုတော့ လူမဟုတ်တဲ့ဘီလူးဖြစ်ပါ၍ ပညတ်နှင့်စပ်ပြီးအရင်ပြောမှ နားလည်ပြီး တစ်စတစ်စ ပရမတ်ဘက်ကိုဆွဲပြီးဟောရသောကြောင့် ဤကဲ့သို့ဟောတော်မူထားတယ်လို့မှတ်ပါ။

ယခုတပည့်တော်တို့မှာလည်း ပညတ်ကိုအရင်းခံပြီး အာဟာရအကြောင်းကိုပြောကြဦးစို့ရဲ့။ ကလလရေကြည်ဆိုတာဟာ ဘာလဲလို့ဆိုရင် ဇာတိဥဏ္ဏာအမည်ရှိတဲ့ သားကောင်၏အမွေးကိုယူပြီး ထောပတ်ဆီကြည်ထဲမှာနှစ်၍ဆယ်တင်ပြီး အကြိမ်တစ်ရာလောက်ခါလိုက်ပါတဲ့။

နောက် ၄င်းအမွေးကလေးမှာကျန်တဲ့ ဆီကြည်လောက်ပမာဏရှိသော ရုပ်ကလာပ်ကလေးဟာ အတိတ်ကပစ်ချလိုက်တဲ့ကံကြောင့် အမိ၏ ဝမ်းခေါင်းမှာ ကလာပ်ကလေးသုံးစည်း တစ်ပြိုင်တည်းပေါ်လာရပါ တယ်တဲ့။

ကံကပစ်ချလိုက်တုန်းကတော့ အဏုမြူပမာဏမျှ လုံးလုံး ကလေးတွေပါပဲ။ သို့သော် ကံတည်းဟူသောလက်သမားက ပြုပြင်စီမံ ပေးလိုက်သဖြင့် လူ့သဏ္ဌာန်၊ နတ်သဏ္ဌာန်စသည်များ ဖြစ်ပေါ်လာရ ပါတယ်တဲ့။

ဣန္ဒကဘီလူးကို ဟောတော်မူတဲ့အခါမှာ ပဉ္စတ်ကိုမူခံပြီး ဟောသော်လည်း ကလာပ်ကတော့ သုံးစည်းပါပဲတဲ့။ အမြှုပ်ကျဲမှ အမြှုပ်တွဲအဖြစ်သို့ရောက်လာရ၏။ ၄င်းနောက် အတုံးအခဲဖြစ်လာရ၏။ ထို့နောက် ခက်မငါးဖြာဖြစ်လာတာပဲလို့မှတ်ပါ။

ပါဠိတော်မှာ **ရုပ်အာဟာရ** ကစပြီးပြသောကြောင့် တပည့်တော် တို့လည်း ရုပ်အာဟာရကစပြီးပြောကြစို့ရဲ့။

**'ဩဇဋ္ဌမကရူပါဒယော အာဟရန္တီတိ အာဟာရာ'** ဟူ၍ ဋီကာကျော်၌မိန့်ဆိုသည်နှင့်အညီ ဩဇာလျှင်ရှစ်ခုမြောက်ဖြစ်သော ရုပ်ကို ဆောင်တတ်သော တစ်ခုသောကလာပ်မှာရှိသော ဩဇာကို ထောက်ပံ့ တတ်သောကြောင့် အာဟာရဟုမှတ်ပါ။ အတိတ်ကပြုခဲ့တဲ့ ကံ၏ အဟုန်ကပစ်ချလိုက်တဲ့အခါမှာ အမိ၏ဝမ်းတွင်းမှာ ကလာပ်ကလေး သုံးစည်း တစ်ပြိုင်တည်းပေါ်လာ၏။

ဤကဲ့သို့ပေါ်လာတဲ့အခါမှာ ပဋိသန္ဓေစိတ်ကလေးက ဥပါဒ်

ဆိုရင် သူတို့ကလည်း ဥပါဒ်ပါပဲ၊ ဋ္ဌီဆိုရင် ဋ္ဌီပါပဲတဲ့၊ ဘင်ဆိုရင်တော့ ၎င်းရုပ်ကလေးမှာ ဋ္ဌီလို့မှတ်ပါ။ ၎င်းပဋိသန္ဓေစိတ်ကလေး၏ ဥပါဒ်မှာတော့ ကမ္မဇရုပ်ကိုသာဖြစ်စေ၏။ ပဋိသန္ဓေစိတ်၏ဋ္ဌီသို့ ရောက်တဲ့အခါမှာ နောက်က ပထမဘဝင်ကလေး၏ ပစ္စာဇာတသတ္တိကိုရ၍ အားရှိရကား ဥတုဇရုပ်ကလာပ်ကိုဖြစ်စေပြန်၏။ ထိုအခါ ကလာပ်နှစ်စည်း ပေါင်းဆုံမိပြန်၏။ ဤကဲ့သို့ ကလာပ်တွေ ခုနစ်ရက်အတွင်း ဖြစ်ပေါ်နေတဲ့အခါ မပုပ်မသိုးတည်တံ့နေရခြင်းမှာ ၎င်းကမ္မဇ၊ ဥတုဇ ကလာပ်တွေထဲမှာပါတဲ့ဩဇာက ထောက်ပံ့ထားသောကြောင့်သာ ဒီလိုနေနိုင်တယ်မှတ်။ ၎င်းကလာပ်တွေထဲမှာပါတဲ့ဩဇာကလေးသည် ရုပ်ကိုသူကမဖြစ်စေသော်လည်း သတ္တဝါတို့၏ သန္တတိဆက်မှုကိုတော့ ထောက်ပံ့တတ်တယ်လို့မှတ်ပါလေ။ ဒါ့ကြောင့် သုံးချက်စုဆရာက အဇ္ဈတ္တသန္တာန်မှာရှိသောဩဇာသည် ရုပ်အာဟာရလို့ဆိုတာဟုမှတ်ပါ။

ဒီအာဟာရကလေးဟာ ဝမ်းထဲမှာ ဘာအလုပ်ကိုလုပ်နေသလဲဆိုရင် သတ္တဝါတွေကို ခုနစ်ရက်အတောအတွင်းမှာ မပျက်စီးရအောင် ဥပတ္ထမ္ဘကသဘောနှင့် အမှုထမ်းနေတယ်လို့မှတ်။ ၎င်းရက်အတွင်းမှာ အပြင်ဘက်က အမိသည် အစာကိုစားသော်လည်း မိမိအထံသို့မရောက်သေးရကား အာဟာရဇရုပ်ကလာပ်လည်း မဖြစ်သေးဘူးမှတ်ပါ။

ပထမဘဝင်မှာ ကလာပ်သုံးစည်း ပေါင်းဆုံမိတဲ့အခါမှာ အာဟာရဇရုပ်က တစ်သတ္တာဟ၊ နှစ်သတ္တာဟလွန်မှဖြစ်၍ ၎င်းခုနစ်ရက်အတွင်းမှာဆိုရင် အသက်ရှည်တာဟာ တိသမုဋ္ဌာနိကဩဇာကြောင့် အသက်ရှည်နေတာဟုမှတ်။ ၎င်းတိသမုဋ္ဌာနိကဥ္စပါတဲ့ဩဇာသည် အသက်ရှည်အောင်ဆောင်တယ်မှတ်ပါလေ။ ဒါ့ကြောင့် ရုပ်အာဟာရ

ဆိုတာ ဥပတ္ထမ္ဘကသဘောဟုမှတ်ပါ။ ခုနစ်ရက်အတွင်းမှာတော့ ထောက်ပံ့နေ၏။ ခုနစ်ရက်ကလွန်တော့ ဌီသို့ရောက်တဲ့ရုပ်ကလာပ်တွေ တစ်ပုံကြီးရှိ၏။ အမိစားသောက်လိုက်တဲ့အာဟာရသည် သူငယ်၏ ချက်ကြိုးကသက်ပြီးလျှင် ရုပ်ကလာပ်တွေစုပုံရာသို့သွားလေ၏။

ဦးပဏ္ဍိုရေ… ကလေးများမွေးဖွားလာတဲ့အခါမှာ အပြင်ဘက်က အမေးကလေးအုပ်ပြီးလာတယ်။ ကြက်ဥထဲမှာရှိသော ကြက်ငယ်ကလေး များကဲ့သို့ အမေးဖုံးအုပ်ပြီးနေတဲ့အခါမှာ အမိစားလိုက်သောအာဟာရ သည် သူငယ်၏ချက်ကြိုးကသက်ပြီး ရသဟရဏီအကြောသို့အစဉ် လျှောက်ပြီး အဇ္ဈတ္တသြဇာနှင့်ပေါင်းဆုံမိ၏။ ၎င်းအဇ္ဈတ္တသြဇာကလည်း ဌီသို့အရောက် ဗဟိဒ္ဓသြဇာကလည်း ဌီသို့အရောက်ဖြစ်၍ အလွန်အားရှိ သည်ဖြစ်၍ အာဟာရဇရုပ်တစ်ခုကိုလုပ်၏။ ဤကဲ့သို့ မရေမတွက်နိုင် သော ဗဟိဒ္ဓသြဇာနှင့် တစ်ပုံကြီးစုပုံနေသောအဇ္ဈတ္တသြဇာတို့ ပေါင်းဆုံ၍ အာဟာရဇကလာပ်လုပ်၏။ ဒါ့ကြောင့် အမိဝမ်းထဲကကလေးသည် ကြီးပွားရသည်မှတ်ပါ။ ဒါဖြင့် ဗဟိဒ္ဓသြဇာ, အဇ္ဈတ္တသြဇာသည် အာဟာရပစ္စည်း၊ စတုသမုဋ္ဌာနိကရုပ်သည် ပစ္စယုပ္ပန်မှတ်။

ပါဠိတော်၌ ‘သမုဋ္ဌာနံ’ မထည့်ဘဲဟောရခြင်းသည် ဥပတ္ထမ္ဘက အထူးကိုသာသိစေ၍ ‘ဣမဿ ကာယဿ’လို့ဘုရားဟော၏။ အဇ္ဈတ္တသြဇာ, ဗဟိဒ္ဓသြဇာသည် ပစ္စည်း၊ အသစ်ဖြစ်သောအာဟာရဇရုပ် သည် ပစ္စယုပ္ပန်မှတ်ပါ။ ဘယ်ကလာပ်မဆို သြဇာဟာရှိတာပဲလို့ မှတ်ပါ။ မိမိတို့၏ခန္ဓာကိုယ်မှာ သြဇာမရှိတဲ့ရုပ်ရယ်လို့ မရှိပါဘူးတဲ့။ ဒါ့ကြောင့် အာဟာရသည် ‘အာဟရန္တီတိ အာဟာရာ’ဟူသည်နှင့် အညီ သြဇာလျှင်ရှစ်ခုမြောက်သောအာဟာရကို ဆောင်တယ်လို့မှတ်ပါ။

လူ့ပြည်မှာအနှစ်ငါးဆယ်သည် စတုမဟာရာဇ် နတ်ပြည်မှာ တစ်နေ့သာရှိရကား ၄င်းနတ်များမှာ တစ်နေ့စားတဲ့သုဓာသည် လူတို့၏ အရေအတွက်အားဖြင့် အနှစ်ငါးဆယ်ထိအောင် နေနိုင်၏။ ဒါ့ကြောင့် အာဟာရသည် 'အာဟရတိ ဥပတ္ထမ္ဘတီတိ အာဟာရော'၊ ရုပ်ကလာပ်တွေကို ထောက်ပံ့တတ်တယ်ဆိုတာ ထင်ရှားပေ၏။ လူ့ပြည်မှာတော့ နိရောဓသမာပတ်ဝင်စားတဲ့ ရဟန္တာအရှင်မြတ်များမှာ နိရောဓသမာပတ်ကို ဝင်စားတဲ့အခါ ခုနစ်ရက်ထက်ပိုလွန်ပြီး မဝင်စားကြဘူး၊ နိရောဓသမာပတ် ဝင်စားရသည်မှာ အလွန်တရာအေးချမ်းရကား အဘယ့်ကြောင့် ခုနစ်ရက်ထက်ပိုလွန်ပြီး မဝင်စားကြပါသလဲဆိုရင် လူ့ပြည်မှာ စားသောက်တဲ့အာဟာရများမှာ ခုနစ်ရက်သာ ဘုတ်ကိုဆက်ပေးနိုင်၏။ ခုနစ်ရက်မှလွန်တဲ့အခါမှာ ဘုတ်ကိုမဆက်ပေးနိုင်ဘဲ ကမ္မဇရုပ် ချုပ်သွားမည်စိုး၍ မဝင်စားကြဘူးလို့မှတ်ပါ။

ဒီနေရာမှာလည်း သုဓာသည် ခုနစ်ရက်အတွင်း ရုပ်ကလာပ်တွေကိုထောက်ပံ့တယ်ဆိုတာဟာ အလွန်တရာမှပဲထင်ရှား၏။ နတ်ပြည်မှာရှိတဲ့သုဓာများကို လူ့ပြည်ကလူများကိုကျွေးက ဖြစ်ပါ့မလားဆိုရင် မဖြစ်ပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် လူများမှာတော့ တေဇောဓာတ်သည် အလွန်ညံ့၍ နတ်ပြည်မှသုဓာများက အလွန်ထက်သောကြောင့် မချက်နိုင်သည်ဖြစ်၍၊ အစာမကြေမည်စိုး၍၊ စားလို့မဖြစ်ဘူးလို့မှတ်ပါ။

ဒါဖြင့်ရင် နတ်ပြည်ကသုဓာရုပ်နဲ့ လူ့ပြည်ကသုဓာရုပ်မှာ ပမာဏချင်းကတော့တူပါတယ်တဲ့။ သို့သော်လည်း နတ်ပြည်ကသုဓာကထက်မြက်တယ်လို့မှတ်ပါ။ ဒီလို နတ်ပြည်ကသုဓာကို မဆိုပါနဲ့ဦး။ ဗိမ္ဗိသာရမင်းကြီးသည် ဇောတိကအထံသို့အလည်သွားတဲ့

အခါမှာ ဇောတိကသည် သူ၏မယား မြောက်ကျွန်းသူ၏ထံကထမင်းကို ချက်ပြီးလျှင် ပွဲတော်ဆက်တဲ့အခါမှာ ဗိမ္ဗိသာရမင်းကြီးသည်အလွန်တရာ အရသာရှိ၍ စားလို့မပြီးနိုင်ဘဲရှိသောကြောင့် ဇောတိကသည် ဗိမ္ဗိသာရမင်းကြီး၏လက်ကိုဆွဲဖယ်ပြီး ပွဲတော်အုပ်ကိုသိမ်းလိုက်ရ၏။

ဤကဲ့သို့ ဘာ့ကြောင့်သိမ်းလိုက်ရပါသလဲဆိုရင် ၄င်းဗိမ္ဗိသာရမင်းကြီးစားတဲ့ဩဇာသည် အလွန်ထက်သောကြောင့် အစာမကြေမည်စိုး၍ သိမ်းလိုက်သည်ဟုမှတ်ပါ။ သို့ဖြစ်ပါ၍ တောင်ကျွန်းကလူများ၏ဩဇာနဲ့ မြောက်ကျွန်းသူများ၏ ဩဇာဟာလည်း ထက်တာချင်းကွာသောကြောင့် အထောက်အပံ့ချင်းလည်း ကွာ၏။ ဒီလိုဆိုပါရင် ဆီဦးထောပတ်များကို စားသောက်နေသောမြို့သားနှင့် ဟင်းရွက်စသည်များကို စားသောက်နေသောတောသားတို့မှာ ဘယ်သူက အားပိုပြီးတော့ရှိပါသလဲဆိုရင် တောသားကအားပို၏။ ဒါဟာဘာ့ကြောင့်လဲဆိုရင် မြို့သားစားသောအာဟာရသည် အစေးများ၍ ဩဇာကိုများများဖြစ်စေသော်လည်း အပျော်အပါးလိုက်စားတဲ့နေရာမှာ မြို့သားက ပိုနေ၍ အစောင့်အရှောက်ချင်းကွာနေသောကြောင့် တောသားကအားရှိတာလို့ မှတ်ပါ။ အာဟာရက အထောက်အပံ့နည်းလို့မဟုတ်ဘူးမှတ်ပါ။

ထောက်ပံ့တဲ့အခါမှာ ဝဏ္ဏ ဂန္ဓ ရသ ဩဇာတို့တွင် ဘယ်ဟာက ထောက်ပံ့ပါသလဲဆိုရင် ဩဇာကသာထောက်ပံ့တယ်လို့မှတ်ပါ။ ကံ စိတ် ဥတု အာဟာရဟုဆိုအပ်သော စတုသမုဋ္ဌာနိကရုပ်ထဲမှာပါတဲ့ ဩဇာကို အာဟာရလို့ အဋ္ဌကထာဆိုတယ်မှတ်ပါ။

ချဉ်တယ် ဖန်တယ် စပ်တယ် ငန်တယ်ဆိုတာဟာ ဩဇာလား

ဆိုရင် ဩဇာမဟုတ်၊ ရသာလို့မှတ်။ ၄င်းထဲမှာပါတဲ့သတ္တိကလေးကိုသာ ဩဇာလို့မှတ်။ ၄င်းရသာနှင့်ဩဇာတို့မှာ ရသာသည် ဒြဗ်အားဖြင့် အဝိနိဗ္ဘောဂရုပ်၊ ဩဇာသည် သတ္တိအားဖြင့်ဝိနိဗ္ဘောဂရုပ်လို့မှတ်ပါ။ အာရုံအားဖြင့်လည်း ရသာသည် ရသာရုံမှတ်၊ ဩဇာမှာတော့ ဓမ္မာရုံသာ မှတ်။ ဤကဲ့သို့အာရုံပြားသဖြင့် သတ္တိလည်းပြားရမည်လို့မှတ်ပါ။

၄င်းရသာထဲမှာပါတဲ့ဩဇာသည် ချိုသလား ချဉ်သလားလို့ဆိုရင် မချိုလည်းမချို၊ မချဉ်လည်းမချဉ်ဘူးလို့ပြောရမည်။ ဘာ့ကြောင့်ဆိုသော် ဩဇာသည် ရုပ်ကလာပ်တို့အား တိုးပွားအောင် ဆောင်တတ် ထောက်ပံ့တတ်တဲ့ သတ္တိကိုယူထားသောကြောင့်ဟုမှတ်ပါ။ အကယ်၍ ဩဇာသည် ရသာဖြစ်ခဲ့လို့ရှိပါရင် အာရမ္မဏပစ္စာဝါရမှာ 'ဩဇာယတနံ ဓိဂ္ဂါဝိညာဏဓာတုယာ' လို့ဟောခဲ့ရာ၏။ ယခုတော့ ဒီလိုမဟောပါဘဲ "ရသာယတနံ ဓိဂ္ဂါဝိညာဏဓာတုယာ" လို့သာဟောထားသည်ကို ထောက်ပါသဖြင့် ဩဇာဟာ အချိုစသည် ဘာမှမရှိဘူးဆိုတာကိုမှတ်ပါ။ မြွေကိုက်တဲ့အခါမှာ ဘာ့ကြောင့်သေတာလဲဆိုရင် ဩဇာကပျံ့နှံ့လို့ သေတာဟုမှတ်ပါ။

စိန်ကို စားတဲ့အခါမှာလည်း ၄င်းထဲမှာရှိတဲ့ ဩဇာသည် တစ်ကိုယ်လုံးပျံ့နှံ့လို့သာ သေတာဟုမှတ်ပါ။ ဒါဖြင့် ယခုပြောနေကြတာ ဟာ အချဉ်စားလို့သေတာ၊ အချိုကိုစားမိလို့ သေတာလို့ပြောကြတဲ့ စကားတွေဟာ မှားတယ်လို့မှတ်ပါ။ ဘာ့ကြောင့်ဆိုသော် ၄င်းရသာရုပ် သည် ဘယ်ရုပ်ကိုမှမဖြစ်စေဘူးမှတ်။ ၄င်းရသာထဲမှာရှိတဲ့ဩဇာကသာ ရုပ်ကိုဖြစ်စေသောကြောင့် သတ္တဝါတွေကိုသတ်တာလည်း ဩဇာပါပဲတဲ့။ သတ္တဝါတွေသန္တာန်မှာရှိတဲ့ ရုပ်တွေကို တိုးပွားအောင်လုပ်တာလည်း

ဩဇာပဲလို့မှတ်ပါ။

ပရမတ်ဓာတ်ဆိုက်လာရင် အလွန်ခဲယဉ်းတယ်။ ယခုထင်မှတ်နေကြတာဟာ အကုန်အလွဲချည်းဘဲမှတ်ပါ။ မြွေကိုက်လို့ သေတယ်ပြောကြတယ်။ စင်စစ်မှာ ဩဇာပျံ့နှံ့လို့သေတယ်၊ ဩဇာလုပ်လို့သေတယ်မှတ်။ ဩဇာသည်သာ အင်္ဂါကြီးငယ်သို့လျှောက်သွား၏။ ရသာကတော့ အင်္ဂါကြီးငယ်သို့မလျှောက်ဘူးမှတ်ပါ။ ဒါ့ကြောင့်မူလဋီကာ၌ -

> **ဩဇာလက္ခဏောတိ ဧတ္ထ အင်္ဂမင်္ဂါနုသာရိနော ရသဿ သာရော ဥပတ္ထမ္ဘဗလကာရော ဘူတနိဿိတော ဧကော ဝိသေသော ဩဇာတိ** - ဟုမိန့်၏။

ဩဇာလက္ခဏောတိ ဧတ္ထ၊ ဟူသည်၌။ အင်္ဂမင်္ဂါနုသာရိနော၊ အင်္ဂါကြီးငယ်သို့လျှောက်တတ်သော။ ရသဿ၊ ရသာ၏။ သာရော၊ အနှစ်သာရသတ္တိကလေးသည်။ ဥပတ္ထမ္ဘဗလကာရော၊ အားရှိခြင်း ထောက်ပံ့ခြင်းကိုပြုတတ်သော။ ဘူတနိဿိတော၊ မဟာဘုတ်လေးပါးကိုမှီထသော။ ဧကော ဝိသေသော၊ တစ်ခုသောသတ္တိအထူးကလေးသည်။ ဩဇာတိ၊ မည်၏။

မြွေကိုက်တဲ့အခါမှာ မျက်စိက မီးဝင်းဝင်းတောက်လာ၏။ ဘာပြုလို့ မီးဝင်းဝင်းတောက်လာသလဲဆိုရင် ဘုတ်ဆက်ပေးလို့ မြွေ၏ တေဇောကပြင်းထန်လို့ ဘုတ်ဆက်လာတဲ့အခါ ခြေထောက်ကို ကိုက်တာနှင့် ဘုတ်ဆက်မြန်လို့ တစ်ခါတည်း ကိုက်ကိုက်ချင်း မျက်စိက မီးဝင်းဝင်းတောက်လာတယ်မှတ်ပါ။ မြွေထဲရှိတဲ့ မြွေဆိပ်တည်းဟူသော ဩဇာသည် ထိပ်သို့ရောက်လာ၏။ အင်္ဂါကြီးငယ်သို့လျှောက်လာ၏။ ၎င်းဩဇာဓာတ်ကလေးသည် ဖြစ်လိုက်ချုပ်လိုက် ဖြစ်လိုက်ချုပ်လိုက်နှင့်

အလွန်လျှင်မြန်သောကြောင့် ကိုက်ကိုက်ချင်း ဦးခေါင်းသို့ရောက်လာ၏။ တစ်ကိုယ်လုံးပျံ့နှံ့လာ၏။ ကိုက်ခါစက ဩဇာကလေးရောက်လာတာလားဆိုရင် ကိုက်စဩဇာကတော့မဟုတ်ပါ။ ကိုက်စဩဇာကဘုတ်ဆက်ပေးလို့ ကိုက်စဩဇာဥ္ပါတဲ့တေဇောက အားထုတ်လို့၊ ဘုတ်ဆက်ပေးလို့ ရောက်လာတာမှတ်ပါ။

ဒါဖြင့် ယခုကိုယ်တော်တို့စားတက်နေရင်း ကိုယ်တော်တို့ပုံတော်မှုတာ မရေတွက်နိုင်ပါဘူးမှတ်။ သေလိုက် သန္တတိကဆက်ပေးလိုက်၊ သေလိုက် သန္တတိကဆက်ပေးလိုက် ဖြစ်လို့ချည်းသာနေတာပဲဟုမှတ်ပါလေ။ မြွေကိုက်တဲ့ပုဂ္ဂိုလ်သေတော့ တစ်ကိုယ်လုံးမည်းနေတာ ထောက်ဆကြည့်ပါက ဩဇာပျံ့နှံ့ပုံထင်ရှား၏။

အင်ဂျက်ရှင်းထိုးတဲ့အခါကြည့်ပါ လက်ကထိုးလိုက်ရုံနှင့် နှာခေါင်းကအနံ့ ထွက်လာ၏။ ၎င်းနောက် တစ်ကိုယ်လုံးလန်းပြီးအဖျားကျ၏။ ထိုးခါစဆေးလားလို့ဆိုရင် မဟုတ်ပါဘူးတဲ့၊ ဘုတ်ဆက်ပေးလို့ ရောက်လာတာမှတ်ပါ။ ဒါ့ကြောင့် ဩဇာသည် ရုပ်ကိုဖြစ်စေတယ်မှတ်။ ဆွမ်း ခဲဖွယ်ဘောဇဉ်၌ရှိသော ဩဇာသည်ကားလို့ဆိုရင် အရှင်ရုပ်ကိုပွားစေတယ် (ဝါ) ဖြစ်စေတယ်။ မြွေဆိပ်၌ရှိသော ဩဇာသည်ကားလို့ဆိုရင် အသေရုပ်ကိုပွားစေတယ် (ဝါ) ဖြစ်စေတယ်။

ပါဠိတော်၌ 'အာဟာရော'ဟုမဆိုမူ၍ 'ကဗဠီကာရော'ဟု ဟောဆိုတော်မူသည်။ ဩဇာနှင့်ရသကို ခွဲလို့ရရဲ့လား၊ မရဘူး။ ခွဲတဲ့မျိုးကောဟုတ်ရဲ့လား၊ မဟုတ်ပါဘူး။ ဘာ့ကြောင့်ဆိုသော် အဝိနိဗ္ဘောဂရုပ်ဖြစ်လို့ ခွဲလို့မရဘူး။ အဋ္ဌကလာပ်နှင့်တကွမျိုမှ အလုတ် အလွေးကိုပြုမှ ရုပ်ကိုဖြစ်စေတယ်။ သို့အတွက် 'ကဗဠီကာရော'ဟု ဟောထားပေ၏။

**"အာဟာရေတိ အဝတ္ထာ ကဗဠီကာရေ အာဟာရေတိ ဝုတ္တံ"**ဟု အဋ္ဌကထာဆိုသောစကားကိုထောက်ပါလေ။

ကိုယ်တော့်ကျောင်း၏တောင်ဘက်က ဝက်သားကြက်သား ချက်နေတဲ့အခါ ငှင်းဟင်း၏အနံ့ကိုနံပါသဖြင့် ကိုယ်တော်သည် ဆွမ်းကို မစားဘဲနှင့်ဝနေ၏။ ဒါဟာဘာ့ကြောင့်နေနိုင်သလဲဆိုရင် ချက်လိုက်တဲ့ ဩဇာဓာတ်နှင့်အနံ့က ကိုယ်တော်တို့၏ဒွါရအပေါက်မှဝင်ပြီး ဝမ်းတွင်းသို့ ရောက်သောကြောင့် မစားချင်တာလို့မှတ်ပါ။

ရှေးအခါက ဘုရားလောင်းသည် ရသေ့ဖြစ်တဲ့အခါမှာ သူသည် နတ်သမီး၏ပိုင်ဆိုင်ရာပန်းများ ရှိရာမှဖြတ်သွားပြီး ပန်းနံ့များကိုရှူရှိုက် မိသောကြောင့် နတ်သမီးက 'အသင်သည် ငါ၏ပန်းကို ခိုးတယ်' ဟု စွပ်စွဲတဲ့အခါမှာ ရသေ့က 'အသင်၏ပန်းကို ငါမခိုး' ဟုဆိုသောအခါ နတ်သမီးက အသင်သည် လက်နှင့်မခိုးသော်လည်း အနံ့ကိုခိုးသည်ဟု ပြောမှ ဘုရားလောင်းသည် သတိရ၍ ဟုတ်ပါပေသည်ဟုဝန်ခံ၏။ ဇာတကပါဠိ၌ -

**ယမေတံ ဝါရိဇံ ပုပ္ဖံ၊ အဒိန္နံ ဥပသိင်္ဃသိ၊**
**ဧကင်္ဂမေတံ ထေယျာနံ၊ ဂန္ဓထေနောသိ မာရိသ။**

ဟူ၍ဂါထာဖြင့် ဘုရားလောင်းကိုစွပ်စွဲသည်။ ဤဝတ္ထုကိုထောက်ပါ၍ ကိုယ်တော်သည် ခံတွင်းဖြင့်ခိုးမစားသော်လည်း နှာခေါင်းကတော့ ခိုးတယ်မှတ်ပါ။

(တစ်နည်း) နိုင်ငံရေးဖြင့်ထောင်ချခံရတဲ့ပုဂ္ဂိုလ်များသည် မိမိတို့လို လားချက်မရက ထမင်းမစားဘူးဆိုပြီးနေကြ၏။ မစားဘဲနေက သေလို့

ရှိရင် ထောင်မျုး၏တာဝန်ဖြစ်၍ ထောင်မှူးများက မသေအောင်ဆိုပြီး နွားနို့များကို နှာခေါင်းက သွင်းကြတယ်။ သို့အတွက် မသေဘူး။ ဘယ်ကပဲသွင်းသွင်း ဝမ်းထဲသို့ရောက်ပါက ရုပ်ကိုထောက်ပံ့တာပဲဟု မှတ်ပါ။

ကိုယ်တော်အနာပေါက်တဲ့အခါမှာ သွေ့ နံ့တယ်၊ သွေ့နံ့တယ်လို့ သွေ့ဩဇာဝင်လို့ ကိုယ်တော်မှာ တစ်ကိုယ်လုံးရောင်လာတယ်။ ဒါဟာ သွေ့ဩဇာက တစ်ကိုယ်လုံး ပျံ့နှံ့သွားလို့ ရောင်လာတယ်မှတ်ပါ။ ကိုယ်တော်သည် ခံတွင်းကမစားနိုင်၊ နှာခေါင်းကလည်းမသွင်းနိုင်လို့ ဒွါရပေါက်ကသွင်းက ကိုယ်တော်အသက်ရှည်နေ၏။ အပြင်ပမှာ ပံ့ထားလျှင်သာ ရုပ်ကိုမဖြစ်စေတာဘဲ၊ ဘယ်ကပဲသွင်းသွင်း အဇ္ဈတ္တ ဩဇာနှင့်ပေါင်းဆုံမိပါက ရုပ်ကိုဖြစ်စေတယ်မှတ်ပါ။

သုံးချက်စုဆရာသည် 'အာဟာရပစ္စယော - ထောက်ပံ့တတ် သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း' ဟူ၍ဆိုထား သည်မှာ သာမညမဟုတ် အထောက်အထားနှင့်ဆိုတာဟုမှတ်ပါ။

**"ရူပါရူပါနံ ဥပတ္ထမ္ဘကဋ္ဌေန"** လို့အဋ္ဌကထာဆိုသောကြောင့် သုံးချက်စုဆရာဆို၏ဟု မှတ်ပါ။ ကလလရေကြည် တည်ပြီးနောက် ခုနစ်ရက်အတွင်း အသက်ရှင်မှုကလေးသည်ကားလို့ဆိုရင် အဇ္ဈတ္တသန္တာန် မှာရှိတဲ့ တိသမုဋ္ဌာနိကဩဇာသည် ရုပ်ကို အသစ်မဖြစ်စေနိုင်သော်လည်း ၄င်းရုပ်ဓမ္မများအား သန္တတိဆက်ပြီးသကာလ ရုပ်တို့၏ မချုပ်ငြိမ်းမှုကို ထောက်ပံ့တယ်ဆိုတာ အလွန်ထင်ရှား၏။ ဘာ့ကြောင့်လဲဆိုရင် ၄င်း ခုနစ်ရက်အတောအတွင်းမှာ ဗဟိဒ္ဓဩဇာ၏ အထောက်အပံ့ကိုလည်း မယူပါဘဲ သူတို့၏အသက်ရှင်နေမှုကိုထောက်သဖြင့် သိနိုင်တယ်ဆိုတာ

မှတ်ပါ။

ငှင်းအစ္စုတ္တသြဇာသည် ဤမျှလောက်ပဲတန်ခိုးကြီးသလား၊ ထိုထက်ပဲတန်ခိုးကြီးသလားဆိုရင် ရူပဗြဟ္မာကြီးများကိုကြည့်ပါတဲ့။ ၎င်းဗြဟ္မာကြီးတွေမှာ ဘာကိုမှမစားဘဲ အာယုကပ်ကုန်သည့်တိုင် ကမ္ဘာချီအောင်နေနိုင်တာဟာ သူတို့၏သန္တာန်မှာရှိတဲ့ ကမ္မဇ စိတ္တဇ ဥတုဇတွေထဲမှာလည်း သြဇာဟာရှိသောကြောင့် ၎င်းသြဇာက ထောက်ပံ့ထားသည်ဖြစ်၍ ဒီလိုနေနိုင်တာမှတ်ပါ။

**"အပ္ပနာပတ္တံ ကမ္မံ ဟောတိ"** လို့လည်း ဖွင့်ဆိုပြထားရကား ၎င်းဗြဟ္မာကြီးမှာ အပ္ပနာသို့ရောက်သောကံကလည်း အသက်ကို ရှင်စေရကား ၎င်းရူပဗြဟ္မာကြီးတွေ၏အသက်ရှင်မှုကို နှစ်မျိုးယူပါလေ။

**ကဗဠီကာရော အာဟာရောတိ စတုသန္တတိသမုဋ္ဌာနေ ရူပေ သြဇာ အာဟာရော နာမ** - ဟူ၍

အဋ္ဌကထာဆရာဖွင့်ထားသောကြောင့် ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇ ကလာပ်ထဲမှာပါသောသြဇာကို အာဟာရဟုဆိုသည်မှတ်ပါ။

'အာဟာရ' ဟုမဆိုမူ၍ 'ကဗဠီကာရ' လို့ဟောတော်မူရခြင်းမှာ အလုတ်အလွေးပြုပြီးမှသာ အာဟာရကိစ္စကိုပြီးစေနိုင်တယ်လို့မှတ်ပါ။ အလုတ်အလွေးဆိုတာမှာလည်း ထမင်းလုတ်ကို လျှာပေါ်သို့ရောက်တဲ့ အခါမှာ သလိပ်ချွဲပန်းစသည်များနှင့်လုံးပြီးမှသာ အာဟာရကိစ္စကို ပြီးစေတယ်ဆိုတာမှတ်။ အပြင်ပက ဘယ်လိုပင်လုံးပြီးထားပါသော်လည်း အာဟာရကိစ္စကိုမပြီးစေဘူးမှတ်ပါ။ (ဤကား ဗဟိဒ္ဓသြဇာကို ရည်ရွယ်၍ ဖွင့်ပြသောစကားတည်း။)

**ကဗဠီ ကရိတွာ အဇ္ဈောဟရိတော ဝ အာဟာရကိစ္စံ ကရောတိ** - ဟု အဋ္ဌကထာဆရာထပ်ပြီးဖွင့်ပြပြန်သည်။ ရှေးကပြခဲ့တာတွေကတော့ အဇ္ဈတ္တသက်သက်ကိုရည်ပြီး ဖွင့်ခဲ့တဲ့ စကားများဖြစ်၍ ဒီနေရာမှာ အဇ္ဈတ္တ၊ ဗဟိဒ္ဓနှစ်ပါးကိုယူပါလေ။ ဘာ့ကြောင့်လဲဆိုရင် ကလလရေကြည်တည်ပြီးသည့်နောက် ခုနစ်ရက် အတွင်းမှာအသက်ရှည်နေသောကြောင့် အဇ္ဈတ္တဩဇာကိုယူရသည်။

တစ်သတ္တာဟ နှစ်သတ္တာဟ လွန်တဲ့အခါမှာ အမိမျိုသော အာဟာရသည် သူငယ်၏အင်္ဂါကြီးငယ်မှအစဉ်လျှောက်၍ အာဟာရ ဇရုပ်ကို ဖြစ်စေတဲ့အခါမှာ သူငယ်သည် ကြီးပွားသန်ထွားရသည်ဖြစ်ပါ၍ ဗဟိဒ္ဓကိုလည်းယူရသည်။ ရူပဗြဟ္မာကြီးတွေဘုံ၌ဖြစ်သောဩဇာသည် ပစ္စည်းအဖြစ်သာထင်ရှား၍ ပစ္စယုပ္ပန်ဘက်က မထင်ရှားသောကြောင့် အာဟာရပစ္စည်းမထိုက်ဘူးလို့ဆိုခဲ့ပါရင် ပစ္စနိက်ဘက်ကထုတ်ထားတာ ရှိရမည်။ ဒီလိုကောထုတ်ထားတာ ရှိရဲ့လားလို့ဆိုရင် မရှိပါဘူးမှတ်ပါ။

ဘာ့ကြောင့်လဲဆိုပါရင် ပုရေဇာတပစ္စည်းမှာ အရူပပုဂ္ဂိုလ်တို့သည် ပုရေဇာတပစ္စည်းကိုမရသောကြောင့် ပစ္စနိက်ပါဠိတော်မှာထုတ်ထားတာ ထင်ရှားရှိ၏။ သို့ဖြစ်ပါသောကြောင့် ၎င်းရူပဗြဟ္မာများဘုံ၌ရှိသော ဩဇာဟာ ပစ္စည်းသာထိုက်၍ ပစ္စယုပ္ပန်ဘက်ကမရှိသောကြောင့် ပစ္စနိက် ထားခဲ့ပါရင် ပစ္စနိက်ထုတ်ထားတာတွေ့ရမည်။ ဒီလိုလဲမတွေ့သော ကြောင့် ပစ္စည်းဘက်ကရတယ်ဆိုတာမှတ်ပါ။ ဒါ့ကြောင့် ရူပဗြဟ္မာများ သန္တာန်မှာရှိသော တိသမုဋ္ဌာနိကဩဇာသည် ရုပ်အာဟာရပစ္စည်း၊ သူတို့နှင့်အတူတကွဖြစ်သော ရုပ်ကလာပ်တွေသည် ပစ္စယုပ္ပန်မှတ်ပါ။

**အပါယေသု (လ) ယာဝ ကမ္မံ နခီယတိ၊ တာဝ စဝနာဘာဝတော** - ဟု ဋီကာကျော်ဆရာမိန့်၏။

ဤသို့မိန့်သည်နှင့်အညီ ငရဲဘုံ၌ဖြစ်သောသတ္တဝါသည် အကြင်မျှ လောက်သောကာလပတ်လုံး ကံသည်မကုန်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ၎င်းသတ္တဝါဟာ မသေသေးပါဘူးတဲ့။ ဒီအခါမှာ ၎င်းသတ္တဝါများသည် ဤမျှလောက်ကြာမြင့်အောင် ဘာကိုမျှမစား မသောက်ရဘဲနဲ့နေနိုင်သည်မှာ အကုသိုလ်တည်းဟူသော စေတနာကံ၏ အစွမ်းသတ္တိကြောင့် နေနိုင်သည်ဟု မှတ်ပါ။ ၎င်းသြဇာ၏အရကို ပရမတ်အစစ်ဓာတ်အနှစ်ကိုယူခဲ့ပါရင် ရသာမှာရှိသော သြဇာဟုဆိုအပ် သောသတ္တိထူးကို အာဟာရအဖြစ်မှာယူရမည်မှတ်ပါ။

'သြဇာလက္ခဏောတိ ဧတ္ထ အင်္ဂမင်္ဂါနုသာရိနော ရသဿ သာရော (လ) သြဇာတိ' - ဟုဋီကာဆရာမိန့်၏။ ဤကဲ့သို့ ဋီကာဆရာ ဆိုထားသည်ကိုကြည့်ပါရင်လည်း စက္ခုဒသကကလာပ်ထဲမှာပါတဲ့ သြဇာသည် အင်္ဂါကြီးငယ်သို့အစဉ်လျှောက်ဖို့ရာ အလွန်တရာခဲယဉ်း၏။ အချို့ အချဉ်စသော ရသာခြောက်ပါးထဲမှာပါသော သြဇာသည်သာ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်နိုင်သည်လို့သာယူရမည်မှတ်ပါ။ အင်္ဂါကြီးငယ်သို့အစဉ်လျှောက်ပုံကို မြွေဆိပ်ဥပမာဖြင့်ပြောခဲ့ပေပြီ။

ဤကဲ့သို့ ဗဟိဒ္ဓသြဇာကိုပြောခဲ့သဖြင့် အဇ္ဈတ္တသြဇာကိုလည်း ပြောဖို့ရန်မလိုတော့ပေ။ သမ္မောဟအဋ္ဌကထာဆရာကတော့ ဗဟိဒ္ဓ သြဇာ၏အထောက်အပံ့ကိုရမှသာလျှင် အဇ္ဈတ္တသြဇာသည် ရုပ်ကို ဖြစ်စေတယ်ဆိုထား၏။ ဒီနေရာမှာ ဘယ်လိုယူရမလဲဆိုရင် မိမိတို့ စားလိုက်တဲ့ ဗဟိဒ္ဓသြဇာသည် စားလိုက်တဲ့အခါမှာ ဖြစ်လိုက်ချုပ်လိုက်

ဖြစ်လိုက်ချုပ်လိုက်နှင့် ဝမ်းထဲသို့ရောက်သွားပြီး ၎င်းဗဟိဒ္ဓသြဇာကလည်း အထဲကျတော့ ဌီသို့ရောက်တဲ့အခါ၊ အဇ္ဈတ္တသြဇာကလည်း ဌီသို့ရောက်တဲ့အခါ၊ ၎င်းတို့နှစ်ဦးပေါင်းဆုံမိတော့ အားရှိပြီးလျှင် အာဟာရဇရုပ်ကလာပ်တစ်ခုကို လုပ်ပြန်၏မှတ်ပါ။

အားရှိပုံဥပမာကတော့ အိမ်အိုကြီးတစ်လုံးရှိတယ်၊ ၎င်းအိမ်အိုကြီးကလည်း လဲမလို့ယိုင်နေတဲ့အခါ အားရှိအောင် ကျားတစ်ခုကို ထောက်ကန်ပေးတော့ အားရှိပြီးမတ်သွားပါတယ်။ ထို့အတူပါပဲ အဇ္ဈတ္တသြဇာကလည်း ဘင်သို့ ရောက်ခါနီး ဘင်သို့ ရှေးရှုနေတဲ့ ဌီအခါ၊ ဗဟိဒ္ဓသြဇာကလည်း ဘင်သို့ရောက်ခါနီး ဘင်သို့ရှေးရှုနေတဲ့ဌီအခါ၊ သူတို့အချင်းချင်းတွေ့တော့ အားရှိလာပြီး အိမ်အိုကြီးဟာ ကျားကန်ပေးလိုက်တော့ မတ်သွားသလို အာဟာရဇရုပ်ကိုဖြစ်စေတာပဲလို့မှတ်ပါ။

ဤအာဟာရပစ္စည်းသည် အခြားပစ္စည်းတွေထက် ကျေးဇူးများတယ်လို့မှတ်ပါ။ ဘာ့ကြောင့်လဲဆိုရင် ကံစိတ်ဥတုတို့သည် ဖြစ်စေအပ်တဲ့ ရုပ်ကလာပ်တွေကို ၎င်းအာဟာရသည် သန္တတိဆက်ပြီးပေးသောကြောင့်သာ မိမိတို့မှာ ဤကဲ့သို့ အသက်ရှင်နေရတယ်လို့ မှတ်ပါ။ အကယ်၍ သူသာမရှိခဲ့ပါရင် ကံစိတ်ဥတုတို့က ဘယ်လိုပင်ဖြစ်စေငြားသော်လည်း ၎င်းရုပ်ကလာပ်တွေဟာ သန်ထွားကြီးမားခြင်းမရှိပါပဲ ပုပ်သိုးကုန်မည်မှတ်ပါ။ သူသာမရှိခဲ့ရင် ကံစိတ်ဥတုတို့ကြောင့်ဖြစ်တဲ့ ရုပ်ကလာပ်တွေမှာ ခုနစ်ရက်ထက်ပို၍ပြီးခံနေမည်မဟုတ်ပေ။ အာဟာရက ထောက်ပံ့ထားသောကြောင့်သာ ကြာရှည်လေးမြင့်စွာနေနိုင်သည် မှတ်ပါ။

ဒီလိုဆိုရင် ယခုပြောဆိုနေကြတာဟာ ဒီလူဟာ ကုသိုလ်ကံကောင်းလို့အသက်ရှည်နေတာဟု ပြောဆိုနေကြသည်မှာ အပြောသာ

ရှိသော်လည်း တရားကိုယ်စစ်တော့ မဟုတ်ပါဘူးတဲ့။ ဘာ့ကြောင့် ဆိုသော် ကံစိတ်ဥတုတို့သည် သူတို့က ဇနကသတ္တိနဲ့ဖြစ်ရုံသာ တတ်နိုင်၏။ သူတို့လုပ်ထားတဲ့ခန္ဓာကိုယ်ကြီးကို ကြီးပွားလာအောင် သူတို့ကမလုပ်နိုင်ဘူးမှတ်ပါ။ အာဟာရကသာ သူတို့ကပြုပြင်ထားတဲ့ ရုပ်ကလာပ်တွေကို ကြီးပွားလာအောင်လုပ်နိုင်တယ်လို့မှတ်ပါ။ ဒါ့ကြောင့် ကံကောင်းလို့ အသက်ရှည်သည်မဟုတ်၊ အာဟာရကြောင့် အသက်ရှင် တယ်လို့မှတ်ပါ။

အကယ်၍ သူတို့ကသာ သန္တတိဆက်ပေးပါရင် ရုပ်ပုပ်ရုပ်သိုး တွေကိုသာ ဆက်ပေးနိုင်မည်။ ဒီလိုရုပ်ပုပ်တွေကိုသာဆက်ပေးပါက လည်း ဘုရားမှန်းမသိ၊ တရားမှန်းမသိသောကြောင့် အကျိုးမရှိဘဲ အချည်းနှီးမျှသာမှတ်ပါလေ။ ဒါဖြင့်ရင် ယခုပြောနေကြတာဟာ ဒီအလုပ် ဟာဖြင့် ငါလုပ်လို့ပြီးတာပဲ၊ ငါမလုပ်ရင် ပြီးမှာမဟုတ်ပါဘူး ဝါကြွားပြီး ပြောလေ့ရှိကြ၏။ ဒီလူတွေကို ထမင်းမကျွေးဘဲ ငါးရက်လောက်လုပ်ခိုင်း ကြည့်စမ်းပါ၊ အလုပ်ကိုလုပ်နိုင်သေးရဲ့လားလို့ဆိုရင် မလုပ်နိုင်ကြ တော့ဘူး။ သို့ဖြစ်ပါ၍ ငါလုပ်လို့ပြီးသည်မဟုတ်၊ ငါပြောလို့ပြီးသည် မဟုတ်၊ အာဟာရကထောက်ပံ့သောကြောင့် ပြီးတာ၊ အာဟာရက လုပ်လို့ ပြီးတာဟုမှတ်ပါ။

ဒီလိုဆိုရင် မိမိတို့၏ခန္ဓာကိုယ်ကြီးကို ကျေးဇူးတင်စရာရှိသေးပါ သလားဆိုရင် ကျေးဇူးတင်စရာလုံးလုံး မရှိဘူးမှတ်။ ဘာ့ကြောင့်ဆိုရင် ဥပမာမှာ ငါးမူးတန်တဲ့ အလုပ်သမားတစ်ယောက်ကို မိမိတို့၏အလုပ် တစ်ခုကို အလုပ်ခိုင်းတဲ့အခါမှာ ထိုအလုပ်သမားအား ဒီလူဟာဖြင့် ငါ့အလုပ်ကိုလုပ်ကိုင်ပေးရှာပေတယ်လို့ ကျေးဇူးတင်စရာရှိပါသလား

ဆိုရင် မရှိဘူးလို့မှတ်ပါ။ မိမိက သူ့ကို သူ့အလုပ်နဲ့တန်အောင် ငွေကို ပေးသောကြောင့်သာ သူသည်လုပ်၏။ ဒါ့ကြောင့် ကျေးဇူးတင်စရာ မရှိဘူးလို့မှတ်ပါလေ။ သို့ဖြစ်ပါ၍ အာဟာရပစ္စည်းကိုသဘောကျခဲ့ပါရင် အာဟာရကခိုင်းသောကြောင့် (ဝါ) ထောက်ပံ့သောကြောင့် ခန္ဓာကိုယ်ကြီးကလုပ်ရကား သူ့ကိုလည်း ဘာမှကျေးဇူးတင်စရာအကြောင်းရှာလို့ မရဘူးမှတ်ပါ။

နတ်ပြည်မှာ မြတ်စွာဘုရား အဘိဓမ္မာတရားကို ဟောတော်မူတုန်းက ဒီအာဟာရပစ္စည်းကိုကောမဟောဘူးလားလို့ဆိုရင် ဟောပါတယ်တဲ့။ ဤကဲ့သို့ အာဟာရပစ္စည်းကိုဟောတော်မူသောကြောင့်သာ ၄င်းနတ်များသည် ငါ့ကိုယ်မဟုတ်၊ ငါလုပ်လို့ပြီးတာမဟုတ်စသည်ဖြင့် ခန္ဓာကိုယ်ကို ကျေးဇူးမတင်ဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ဝိပဿနာရှု၍ နိဗ္ဗာန်ကိုဝင်သွားကြတယ်လို့မှတ်ပါ။ ဘယ်ပုဂ္ဂိုလ်မဆို ၄င်းလက္ခဏာရေးသုံးပါးနှင့်ကင်းပြီး နိဗ္ဗာန်ကိုမဝင်နိုင်ဘူးလို့ မှတ်တော်မူကြပါကုန်။

ဤကဲ့သို့ပြောဆိုလာခဲ့တဲ့စကားတွေဟာ ဘာနဲ့ဥပမာတူနေပါသလဲဆိုရင် လက်သမားအလုပ်ကိုလုပ်တတ်တယ်လို့ မိမိကိုယ်ကို ပြောနေတဲ့လူနဲ့တူနေ၏။ မိမိက ထိုသူသည် ဘယ်လိုပင်အလုပ်ကောင်းတယ်လို့ ဆိုငြားသော်လည်း သူလုပ်ထားတဲ့ အိမ်,ကျောင်းစသော သက်သေအထောက်အထားပြစရာမရှိက အလုပ်ငှားသောသူသည် မငှားဝံ့သကဲ့သို့ မိမိကပင် စကားဖောင်လောက်အောင် ပြောငြားသော်လည်း၊ ဝါ- စကားဖန်ကောင်းကောင်းနဲ့ ဘယ်လိုပင်ပြောစေကာမူ

အထောက်အထားမရှိပါက မယုံကြည်မည်စိုးရပါ၍ အထောက်အထား ဥပမာတင်ပြီး ပြကြရန်လိုနေ၏၊ ဝါ- ပြကြဦးစို့ရဲ့။

ကိုယ်တော်သည် ဆွမ်းခဲဖွယ်ဘောဇဉ်တွေကို လျှာပေါ်တင်လိုက်တဲ့အခါမှာ ချဉ်တာရော ခါးတာရော ဖန်တာရော သူ့အရသာနဲ့သူ ပေါ်မလာဘူးလားဆိုရင် ပေါ်လာပါတယ်တဲ့။ ဒီလိုပေါ်လာတဲ့အခါမှာ ၄င်းအချဉ်စသောအရသာတွေဟာ ဝမ်းထဲကျအောင်များလိုက်ပြီး ချဉ်နေပါသလားဆိုရင်၊ မလိုက်ပါဘူးတဲ့။ သူ့ထိခိုက်တတ်တဲ့ အချဉ်ဆိုတဲ့ကိစ္စကလေးကတော့ ဖြစ်ပြီးရင်ချုပ်သွားတာပါပဲတဲ့။ ရသာကတော့ အဝိနိဗ္ဘောဂရုပ်ဖြစ်သည့်အားလျော်စွာ ဝမ်းထဲကျအောင်တော့လိုက်တယ်လို့မှတ်ပါ။ ဒါဖြင့် သူသည် ဝမ်းထဲရောက်တဲ့အခါမှာ ဘာအလုပ်ကို လုပ်ပါသေးသလဲဆိုရင်၊ ဘယ်အလုပ်ကိုမှ မလုပ်တော့ဘူးမှတ်ပါ။ ဒါ့ကြောင့် အချဉ်တည်းဟူသောအရသာသည် သူ၏အချဉ်ဆိုတဲ့ကိစ္စကို ပြုပြီးသည့်နောက် နောက်ထပ် ဘာအလုပ်ကိုမှမလုပ်သောကြောင့် သူသည် အင်္ဂါကြီးငယ်သို့အစဉ်မလျှောက်နိုင်ဘူးမှတ်။ သူ့အထဲမှာပါတဲ့ ဩဇာဟုဆိုအပ်တဲ့သတ္တိအထူးကလေးကသာ အင်္ဂါကြီးငယ်သို့အစဉ်လျှောက်နိုင်၏။

ဒါ့ကြောင့် ဒီကသွားတဲ့ရုပ်ကလာပ်တွေကလည်း ဌီသို့ရောက်တဲ့အခါ၊ အဇ္ဈတ္တဩဇာကလည်း ဌီသို့ရောက်တဲ့အခါ၊ သူတို့နှစ်ဦးပေါင်းဆုံမိ၍ အလွန်တရာအားရှိရကား အာဟာရဇရုပ်ကလာပ်တွေကို ဖြစ်စေတယ်လို့မှတ်ပါ။ ဤကဲ့သို့ဖြစ်စေတဲ့အခါမှာ ဗဟိဒ္ဓသန္တာန်ကမျိုတဲ့ ဩဇာရုပ်တွေကလည်းအများကြီး မရေမတွက်နိုင်၊ အဇ္ဈတ္တသန္တာန်မှာရှိတဲ့ ဩဇာတွေကလည်း မရေမတွက်နိုင် အလွန်တရာမှပဲများပါတယ်တဲ့၊

ဒါ့ကြောင့်သာ သူငယ်ကလေးမှာ ကြီးပွားလာရတယ်ဆိုတာကိုမှတ်ပါ။

ဒီလိုဆိုရင် ကိုယ်ထဲမှာသာ ဩဇာရုပ်တွေ များနေကယ်လို့ဆိုရ ပါလျှင် ဗိုက်ကြီးသာကြီးပွားနေ၍ ခြေလက်စသည်တို့မှာ ကြီးပွားစရာ အကြောင်းမရှိပေ။ သို့ဖြစ်ပါ၍ ခြေလက်စသော အင်္ဂါကြီးငယ်များလည်း ကြီးပွားနေသည်ကိုထောက်ပါရင် မဏိမဉ္ဇူသာဆရာဆိုသည့်အတိုင်း လျှာပေါ်ကစပြီး ဩဇာဖြစ်တာကိုယူရမည်မှတ်ပါ။

ဥပမာ - လူတစ်ယောက်သည် အလွန်တရာရေဆာနေတဲ့အခါ မှာ ရေကလေးကို လျှာပေါ်မှာ ဆွတ်လိုက်ရုံနှင့်ပင် ရုပ်ကလာပ်တွေ ရွှင်လန်း လာသည်ကိုထောက်ပါ၍ ဝမ်းတွင်းသို့မရောက်ခင် လျှာပေါ်ကို တင်လိုက်သည့်အခါမှာပင် အာဟာရဇရုပ်ကိုဖြစ်စေတယ်လို့ မဏိမဉ္ဇူ သာ ဆရာဆိုတော်မူ၏ဟုမှတ်။ ထိုဆရာ၏ အလိုအားဖြင့်ဆိုရင် ထမင်းလုံးတစ်လုံး ကို လျှာပေါ်တင်ရုံနှင့် သူ၏အထဲမှာပါတဲ့ဩဇာသည် အဋ္ဌကလာပ်ရုပ် တစ်ခုကို ဖြစ်စေတယ်လို့ဆို၏။ ၎င်းနောက် ထမင်းလုံးကို ဝါးလိုက်တဲ့အခါ အမှုန့်ကလေးတွေဖြစ်သွား၏။ ၎င်းအမှုန့်ကလေးတစ်ခု တစ်ခုက အဋ္ဌကလာပ်ရုပ်တစ်ခုတစ်ခုကို ဖြစ်စေသောကြောင့် လျှာပေါ် ၌ပင် အမှုန့်ကလေးကတစ်ရာရှိရင် အဋ္ဌကလာပ်ရုပ်ကလည်း တစ်ရာ ဖြစ်တယ် ဆိုတာကို သိစေသည်မှတ်ပါ။

ရှေးကဆရာများသည် လူမမာတစ်ယောက် ထမင်းမစားနိုင်တဲ့ အခါမှာ ထမင်းတွေကို ဗိုက်ပေါ်ကနေပြီးပုံပေးတဲ့အခါမှာ ခံတွင်းကပင် မစားနိုင်သော်လည်း ဗိုက်ပေါ်ကပုံပေးရုံနှင့် အာဟာရဇရုပ်ကိုဖြစ်စေတယ် ဟုမှတ်ပါ။ အဇာတသတ်မင်းသည် မိမိမှာအဖသတ်သောပဉ္စာနန္တရိယကံ

ကို ပ,ပျောက်စေခြင်းငှာ ငါ့မှာတော့ ဘုရားမှတစ်ပါး ကယ်နိုင်မည့်သူ ရှိမည်မဟုတ်ဘူးဆိုပြီး ဘုရားကို အားကိုးအားထားပြုပြီး အလွန်တရာ ကြည်ညိုနေတဲ့အခါမှာ ဘုရားပရိနိဗ္ဗာန်စံတယ်လို့ကြားလိုက်ရ၏။ ထိုသို့ ကြားတဲ့အခါ သူသည် တက်ပြီးနေတယ်တဲ့။ ထိုအခါ အမတ်ပညာရှိများ က ငါတို့ဘုရင်ကိုတော့ ဒီမှာထားလို့မဖြစ်သေးဘူးလို့တိုင်ပင်ပြီးလျှင် ထောပတ်ကန်တွေလုပ်ပြီးသကာလ အဇာတသတ်မင်းကို ထောပတ်ကန် ထဲမှာစိမ်ထားကြပေ၏။

ဤကဲ့သို့ အဇာတသတ်မင်းတက်နေတဲ့အခါမှာ ခြေတွေ လက်တွေသည် အေးသွား၏။ ထောပတ်စိမ်လိုက်တဲ့အခါကျတော့မှ ထောပတ်၏အပူတေဇောဓာတ်ကြောင့် သက်သာရာရပေ၏။ ဒီအခါမှာ ထောပတ်ထဲမှာရှိတဲ့ဩဇာက ထောက်ပံ့သောကြောင့်သာ ရုပ်ကလာပ် တွေ လန်းဆန်းလာတယ်လို့မှတ်ပါ။ ဤကဲ့သို့လန်းဆန်းတဲ့ရုပ်တွေဟာ အရင်ကတက်နေတုန်းက ညှိုးနွမ်းတဲ့ရုပ်တွေပဲလား၊ သို့တည်းမဟုတ်ဘဲ ယခုမှ အသစ်ပေါ်တဲ့ရုပ်ပဲလားလို့ဆိုပါရင် ယခုမှအသစ်ပေါ်လာတဲ့ ရုပ်ပဲဟုမှတ်ပါ။ အရင်ကဖြစ်ပေါ်ခဲ့တဲ့ ရုပ်တွေသည်ကားလို့ဆိုရင် ချုပ်သွားခဲ့ပြီဟုမှတ်ပါ။

ဒါ့ကြောင့် ထောပတ်ထဲမှာရှိသောဩဇာသည် ပစ္စည်း၊ ရှင်လန်း လာတဲ့ရုပ်ကလာပ်တွေသည် ပစ္စယုပ္ပန်မှတ်ပါ။ ဤကဲ့သို့ ဘာ့ကြောင့် ပစ္စည်း၊ ပစ္စယုပ္ပန်တပ်နိုင်ပါသလဲလို့ဆိုရင် အပြင်ဘက်ကပင်ထိသော် လည်း အတွင်းအဇ္ဈတ္တသန္တာန်သို့ အစဉ်လျှောက်ပြီးလျှင် အဇ္ဈတ္တဩဇာနှင့် ပေါင်းဆုံမိတဲ့အခါမှာ အာဟာရဇရုပ်ကိုဖြစ်စေသောကြောင့် ရုပ်ကလာပ်

တွေဟာ လန်းဆန်းလာရကား ဤသည်ကိုထောက်၍ ဤကဲ့သို့ ပစ္စည်း၊ ပစ္စယုပ္ပန်တပ်တယ်ဟုမှတ်ပါ။ ဒါ့ကြောင့် -

**သရီရေ မက္ခိတာဟာရောပိ ရူပံ သမုဋ္ဌာပေတိ** - ဟု

ဝိသုဒ္ဓိမဂ်မှာဖွင့်ထားတယ်ဟုမှတ်ပါ။ အစာအာဟာရများသည် အတွင်းအဇ္ဈတ္တသန္တာန်သို့ရောက်အောင် မစားနိုင်ငြားသော်လည်း ပြင်ဘက်က သုတ်လိမ်းရုံနှင့် အာဟာရဇရုပ်ကိုဖြစ်စေတယ်လို့ဆိုသည်မှတ်ပါလေ။

မဏိမဉ္ဇူသာဆရာကလည်း လျှာပေါ်ကိုတင်ရုံနှင့် အာဟာရဇရုပ်ကိုဖြစ်စေတယ်ဟုဆိုတော်မူသည်မှတ်ပါ။ စက္ခုဒသကကလာပ်ကလေးသည် ကံကြောင့်ဖြစ်၏။ ၄င်းကံကြောင့်ဖြစ်တဲ့စက္ခုဒသကကလာပ်ကလေးမှာ ဘယ်နေရာမှာတည်ပါသလဲဆိုရင် အတွင်းက သန်းဦးခေါင်းပမာဏရှိသော မျက်လွှာခုနစ်ထပ်အတွင်းမှာ တည်တယ်လို့မှတ်ပါ။ ဤကဲ့သို့ သူနေတဲ့နေရာမှာ အပြင်ဘက်ကခြံရံနေတဲ့ရုပ်တွေဟာလည်း ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇရုပ်တွေပဲဟုမှတ်ပါ။

၄င်း စက္ခုပသာဒကလေးကို မျက်စဉ်းခတ်လိုက်တဲ့အခါမှာ မစပ်ဘူးလားဆိုပါရင် စပ်ပါတယ်တဲ့။ ဒီလိုခတ်တဲ့အခါမှာ ဘယ်သူက စပ်တာလဲလို့ဆိုရင် ရသာရုပ်ကစပ်တာလို့မှတ်ပါ။ ဤကဲ့သို့စပ်ပြီးသည့်နောက် မျက်စိတွေကြည်လာ၏။ နဂိုတုန်းကတော့အမှုန်ရုပ်၊ နောက်တော့ ကြည်လာခြင်းသည် ဘယ်သူ၏သတ္တိကြောင့်လဲဆိုရင် မျက်စဉ်းထဲမှာပါတဲ့ဩဇာနှင့် စက္ခုဒသကကလာပ်ထဲမှာပါသောဩဇာက ထောက်ပံ့သောကြောင့်ဟုမှတ်ပါ။

စက္ခုဒသကကလာပ်ထဲမှာပါသော ဩဇာနှင့် မျက်စဉ်းထဲမှာ

ပါသောသြဇာတို့ ပေါင်းဆုံမိတဲ့အခါမှာ အာဟာရဇရုပ်ကိုဖြစ်စေတယ်လို့မှတ်ပါ။ ဒီလိုဖြစ်တာဟာလည်း စက္ခုဒသကကလာပ်ထဲမှာ ပါတဲ့ သြဇာနှင့် မျက်စဉ်းထဲမှာပါသော သြဇာတို့ ပေါင်းမိသောကြောင့် ဖြစ်တာလို့မှတ်ပါ။ ဒါ့ကြောင့် စက္ခုဒသကကလာပ်သည် မိမိနှင့် အတူတကွဖြစ်သောသြဇာကို ဇနကသတ္တိဖြင့်ကျေးဇူးပြု၏။ ကြွင်းသော စိတ္တဇ ဥတုဇ အာဟာရဇကလာပ်တွေကိုတော့ သူ့အထဲမှာပါသော သြဇာကပင် ကြည်မှုဟုဆိုအပ်သော ဥပတ္ထမ္ဘကသတ္တိနှင့်ကျေးဇူးပြု၏။

ဒီလိုဆိုရင် သူနဲ့အတူတကွ ဆိုးတူကောင်းဘက် သူဖြစ်ရင်ဖြစ်၊ သူချုပ်ရင်ချုပ်ဆိုပြီး ဖြစ်လာတဲ့ရုပ်ကိုးခုကိုတော့ ပစ်ထားတော့မှာလားလို့ ဆိုရင် ပစ်မထားပါဘူးတဲ့။ စက္ခုဒသကကလာပ်ထဲမှာပါသော သြဇာသည် အနုပါလကသတ္တိနဲ့ကျေးဇူးပြုတယ်လို့မှတ်ပါ။ အကြွင်းတူ၏။

လေတိုက်လာတဲ့အခါမှာ ရုပ်ကလာပ်တွေဘယ်လိုဖြစ်လာပါ သလဲလို့ဆိုရင် အလွန်တရာအေးလာတယ်လို့မှတ်ပါ။ ဒီလိုအေးတဲ့အခါမှာ လေ၌ပါသောသြဇာနှင့် အတွင်းကာယပသာဒမှာရှိသော သြဇာတို့ ပေါင်းဆုံမိတဲ့အခါမှာ သြဇာကိုဖြစ်စေ၏။ ၎င်းလေ၌ပါသောသြဇာသည် မိမိနှင့်အတူတကွဖြစ်သောသြဇာကို ဇနကသတ္တိနဲ့ကျေးဇူးပြု၏။ ကျန်သော သူနဲ့မတည့်သော စိတ္တဇ၊ ဥတုဇ၊ အာဟာရဇရုပ်တွေကို ဥပတ္ထမ္ဘကသတ္တိနဲ့ ကျေးဇူးပြု၏။ ကြွင်းသောရုပ်ကိုးခုကို အနုပါလက သတ္တိနဲ့ ကျေးဇူးပြု တယ်မှတ်ပါ။ ဤစကားသည် ဝိသုဒ္ဓိမဂ်စကားမှတ်။

(တစ်နည်း) စိန်စားပြီးသေတဲ့လူတစ်ယောက်ကို ကြည့်ပါ။ အကြင်ပုဂ္ဂိုလ်သည် စိန်စားပြီးသေလိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ဝု၊ ဒေါသဇော ခုနစ်ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်ဖြစ်၍ချုပ်၏။ ဤဝီထိမျိုးသည် များသောအားဖြင့် ဒေါသဇောကျတာများသည်မှတ်ပါ။ စိန်၌ပါသော ဩဇာနှင့် အဇ္ဈတ္တသန္တာန်မှာရှိသော ဩဇာတို့သည် ပေါင်းဆုံမိသော် ရုပ်ကလာပ်ကို ဖြစ်စေ၏။ ဒါ့ကြောင့် ဗဟိဒ္ဓဩဇာ၊ အဇ္ဈတ္တဩဇာသည် ရုပ်အာဟာရ ပစ္စည်း၊ ညှိုးနွမ်းရုပ်၊ လူးလိမ့်ရုပ်သည် ပစ္စယုပ္ပန်မှတ်ပါ။

ယခုလအတွင်းမှာ ပဲမြစ်ကိုစားခဲ့သော် အစာမကြေသောကြောင့် ဖျားလာ၏။ ဖျားတဲ့အခါ ကိုယ်တွေဟာ တစ်ကိုယ်လုံးပူလာ၏။ ဒါဟာ ဘယ်သူကြောင့်လဲဆိုရင် ဩဇာကြောင့်မှတ်ပါ။ ဒီလိုပူတဲ့အခါမှာ ကမ္မဇ၊ စိတ္တဇ၊ ဥတုဇရုပ်တွေရော မပူဘူးလားဆိုပါရင် ပူတယ်လို့မှတ်ပါ။ ဤကဲ့သို့ပူသောကြောင့်သာ တစ်ကိုယ်လုံးပူတာဟုမှတ်ပါ။ ဒါဖြင့် သူနဲ့ အတူတကွဖြစ်တဲ့ရုပ်တွေကိုကော မပူစေဘူးလားဆိုရင် ပူစေတယ်လို့ မှတ်။ ဒါ့ကြောင့် အာဟာရပစ္စည်းသည်ကားလို့ဆိုရင် ကိုယ်တော်တို့ကို ကျေးဇူးပြုပုံဟာ အလွန်ထင်ရှားပါတယ်တဲ့။ ဒါ့ကြောင့် ဋီကာကျော် ဆရာက -

**ကဗဠီ ကတ္ဘာ အဇ္ဈောဟရီယတီတိ ကဗဠီကာရော အာဟာရော၊ ဣဒ္ဓ သဝတ္ထုကံ ကတွာ အာဟာရံ ဒဿေတုံ ဝုတ္တံ**။ - ဟူသည်နှင့်အညီ

အလုတ်လွေးကိုပြုပြီး ဝတ္ထုနှင့်တကွမျိုမှသာ ဩဇာဖြစ်၏။ မမျိုပါက အာဟာရဇရုပ်ကို မဖြစ်စေဘူးလို့သိစေခြင်းအကျိုးငှာ 'ကဗဠီ ကတ္ဘာ' ဟူ၍ဆိုတယ်မှတ်။ ၎င်းဝတ္ထုနှင့်တကွ မျိုသောဩဇာသည် ဣန္ဒြိယရုပ်

ရှစ်ခုထဲမှာပါသောဩဇာတို့ ပေါင်းဆုံမိတဲ့အခါမှာ ဖြစ်လိုက်ချုပ်လိုက် ဖြစ်ပြီးလျှင် အဂ္ဂိကြီးငယ်သို့ အစဉ်လျှောက်၍ အာဟာရဇရုပ်ကို ဖြစ်စေတယ်လို့မှတ်။

ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ **"ဒါရကဿ သရီရံ ဖရိတွာ"** ဟူ၍ ဆိုရာမှာ အမိမျိုသောအာဟာရက သူငယ်၏ချက်ကြိုးသို့အစဉ်လျှောက် သွားပြီးလျှင် အာဟာရဇရုပ်ကိုဖြစ်စေတယ်လို့ ဆိုသောစကားမှာ သူငယ်မှာ ကလလရေကြည်တည်ပြီးနောက် ခုနစ်ရက်အတွင်းမှာ ချက်ကြိုးလည်းမရှိသေးရကား ချက်ကြိုးမှအစဉ်လျှောက်ပြီး အာဟာရဇ ရုပ်ကိုဖြစ်ဖို့ရာမှာ အလွန်တရာခဲယဉ်းတယ်ဟုမှတ်ပါလေ။ သို့ဖြစ်ပါ၍ ၄င်းခုနစ်ရက်အတွင်းမှာတော့ အဇ္ဈတ္တဩဇာ၏အထောက်အပံ့ကို ရသောကြောင့်သာ သူငယ်၏ရုပ်ကလာပ်တွေ ကြီးပွားရတယ်လို့သာ ယူပါလေ။

အသညသတ်ဗြဟ္မာကြီးမှာ ဘယ်အခါမှ အစာအာဟာရကို မစားဘဲနဲ့ အသက်ရှည်နေရခြင်းမှာ ဘယ်သူ၏သတ္တိကြောင့်ပါလဲဆိုရင် စေတနာအာဟာရကြောင့် အသက်ရှည်နေတယ်ဆိုတာဟာထင်ရှားနေ၏။ သို့ဖြစ်ပါ၍ **"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"** ဟူသောစကားသည် သာဝသေသာ၊ အနဝသေသာဟူသော စကားနှစ်ပါးလုံးကိုယူရမည်၊ (ဝါ) နှစ်ပါးလုံးနဲ့ဆက်ဆံ၏။ 'ကဗဠီကာရ အာဟာရ' ကိုငဲ့၍ဆိုပါရင် 'သာဝသေသာ' စကားလို့မှတ်၊ 'စေတနာအာဟာရ' ကိုငဲ့ပြီးဆိုပါရင် 'အနဝသေသာ' စကားလို့မှတ်ပါ။

**"ဣစ္စေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ"** ဟု သင်္ဂြိုဟ်ဆရာ

ဆိုသောကြောင့် ကာမဘုံ၌ ပဋိသန္ဓေ၏ဥပါဒ်မှာ ကလာပ်သုံးစည်းပေါ်၏။ သံသေဒဇနှင့် ဥပပါတ်ပုဂ္ဂိုလ်မှာ ကလာပ်ခုနစ်စည်းပေါ်၏။ ဗြဟ္မာကြီးမှာ ကလာပ်သုံးစည်းပေါ်၏။ ၎င်းပုဂ္ဂိုလ်တို့တွင် တပည့်တော်တို့ ကိုယ်တော်တို့သန္တာန်မှာဖြစ်တဲ့ ကလာပ်သုံးစည်းကို ပြောကြဦးစို့။

၎င်း**ကမ္မဇကလာပ်** သုံးစည်းတို့သည် ပဋိသန္ဓေစိတ်၏ဥပါဒ်တိုင်း၊ ဌီတိုင်း၊ ဘင်တိုင်းဖြစ်သောကြောင့် ဌီကျတဲ့အခါ ကလာပ်ခြောက်စည်း၊ ဘင်မှာ ကလာပ်ကိုးစည်း၊ ဤကဲ့သို့ အစဉ်မပြတ်ဖြစ်လာရာ စိတ္တက္ခဏ (၁၇)ချက်ပြည့်တဲ့အခါမှာ ကလာပ်ပေါင်း (၁၅၃)စည်းရ၏။ ၎င်းအထဲမှာ ဘင်ရုပ် (၃)ခုကတော့ ချုပ်မည်ဖြစ်ပါ၍ ၎င်းဘင်ရုပ် (၃)ခုကို နုတ်လိုက်တော့ (၁၅၀)ကျန်၏။

ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်၏ဌီကစပြီး ဖြစ်သောကြောင့် ဌီမှာ ကလာပ်တစ်စည်း၊ ဘင်မှာ ကလာပ်တစ်စည်း။ ဤကဲ့သို့ အစဉ်မပြတ် ဖြစ်လာရာ စိတ္တက္ခဏ (၁၇)ချက်ပြည့်တဲ့အခါမှာ **ဥတုဇကလာပ်**က (၅၀)ပဲရတယ်မှတ်။ စိတ္တဇကလာပ်မှာလည်း ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ဥပါဒ်ကစပြီး ဖြစ်ရကား ဥပါဒ်မှာ တစ်စည်း၊ ဌီမှာ တစ်စည်း၊ ဘင်မှာ တစ်စည်း။ ၎င်း**စိတ္တဇကလာပ်** မှာလည်း (၅၀)ပင်ရ၏။ သို့ဖြစ်ပါ၍ မိမိတို့၏သန္တာန်မှာ အာဟာရဇကလာပ် မဖြစ်ခင်ကလာပ်ပေါင်း (၂၅၀) ဖြစ်နေသည်ဟု မှတ်ပါ။ ၎င်းရက်အတွင်းမှာ အမိကမျိုသော အာဟာရသည် နယ်စည်းပမာဏကဲ့သို့ ချက်ကြိုးက အစဉ်လျှောက်ပြီး သူငယ်ကို ပံ့နှံ့တယ်လို့ဆိုတဲ့စကားကို ဒီနေရာမှာ မယူပါနဲ့ဦးတဲ့။ ဘာ့ကြောင့်ဆိုသော် ၎င်းခုနစ်ရက်အတွင်းမှာ သူငယ်၌ ခက်မငါးဖြာတောင်မှ မပေါ်သေးပါဘူးတဲ့၊ ဒါ့ကြောင့် ဒီနေရာမှာမယူရ။

မြတ်စွာဘုရားသခင်သည် 'ပဌမံ ကလလံ ဟောတိ' စသည်ဖြင့် ဟောတော်မူထားတာကလည်း လူသားကိုဟောထားတာမဟုတ်၊ ဣန္ဒကဘီလူးကို ဘုရားဟောထားတော်မူသည်ဖြစ်၍ နားလည်လွယ်အောင် ပရမတ္ထသဘောကို နက်နက်နောနောမဟောသေးဘဲ ပညတ်ကို အရင်းထားပြီး သူနှင့်သင့်လျော်အောင် အပေါ်ယံစကားမျှကိုသာသုံးစွဲပြီး ဟောတော်မူတဲ့ဒေသနာဖြစ်တယ်လို့မှတ်ပါ။ ဤကဲ့သို့ အကြမ်းစားအားဖြင့် ဟောတော်မူထားတဲ့ဒေသနာတော်ကို ကြည့်ရှုပြီး အဋ္ဌကထာဆရာများကလည်း ဖွင့်ဆိုရသည်ဖြစ်ပါ၍ သူငယ်၏ ချက်ကြိုးကလျှောက်လာတယ်ဆိုတဲ့စကားကို မဆိုထိုက်ဘူးလားဆိုရင် ဆိုထိုက်ပါတယ်။ သို့သော်လည်း ဤရက်အတွင်းမှာ သားသူငယ်သည် ချက်ကြိုးဖြစ်ဖို့ရာဝေးစွ၊ ဃနဆိုတဲ့ အစုအပုံကလေးမျှသာဖြစ်ပါတယ်တဲ့။ ဒါကြောင့် ၄၄င်းခုနစ်ရက်အတွင်းမှာတော့ ချက်ကြိုးလျှောက်ပြီး မလာသေးပါဘူးလို့မှတ်ပါ။

ရှေးကပြဆိုခဲ့ပြီးသော (၂၅၀)သော ရုပ်ကလာပ်တွေဟာ ဋ္ဌီသို့ရောက်တဲ့ ရုပ်တွေချည်းပဲ မှတ်ပါ။ ဤကဲ့သို့ (၂၅၀)သောရုပ်တွေနဲ့ ချည်းပဲလာခဲ့ရာ နောက် (၁၄)ရက်မြောက်တဲ့အခါမှာ သူငယ်သည် အမိ၏ဝမ်းရေနှင့်စပ်နေရကား အမိက အပူတွေကိုစားမိရင် ကလေးဟာလည်း ပူတာပါပဲတဲ့၊ အမိက အေးတဲ့ အစာအာဟာရကိုစားမိရင် ကလေးမှာလည်း အလွန်တရာအေးတာပါပဲတဲ့။ ဖယောင်းများသည် အရည်ဖြစ်ပြီး ပျံ့နှံ့၍သွားသလို သားသူငယ်သန္တာန်သို့ ပျံ့နှံ့ပြီး သွားတယ်လို့မှတ်ပါ။

မိခင်များသည် မိမိတို့၏ကလေးကို ပွေ့ပါချီပါများက ကလေးမှာ ကျောပူခေါင်းပူနှာ စွဲကပ်သည်ကိုထောက်ပါက ပြင်ပက အမိ၏ အပူဩဇာဟာ ဒီလောက်သတ္တိရှိနေတာကိုကြည့်ရှုပါက အတွင်းအဇ္ဈတ္တ သန္တာန်မှာဆိုရင် ပြောဖွယ်ရာမရှိဘူးဆိုတာမှတ်ပါ။

အမိ၏ဝမ်းရေနဲ့စပ်နေကြောင်းကို ဥပမာထင်ရှားအောင်ပြဦးအံ့- မလိမ္မာသောမိခင်များသည် မိမိမှာ ယောက်ျားတစ်ပါးနဲ့သွားလာမိသဖြင့် ပဋိသန္ဓေရှိသောအခါမှာ လူသိမည်စိုး၍ ဆေးပူများကိုစားတော့ အထဲက သားသူငယ်မှာ ပျက်စီးသွားရသည်ကိုထောက်၍ အမိ၏ဝမ်းရေနှင့် စပ်သောကြောင့်သာ ပျက်စီးတယ်ဆိုတာဟာထင်ရှားပေ၏။

ဤကဲ့သို့ ပုံ့နှံ့သွားတဲ့အခါမှာ အတွင်းအဇ္ဈတ္တသန္တာန်မှာ (၂၅၀)သော ဋ္ဌိရုပ်တွေနဲ့ အပြင်ဘက်က အမိစားသောက်လိုက်သော (၂၅၀)မျှမကသော ဩဇာတွေက ဘုတ်အဆက်ဆက်အားဖြင့် သွားပြီး တွေ့ကြတဲ့အခါမှာ မရေမတွက်နိုင်သော **အာဟာရဇကလာပ်**တွေကို ဖြစ်စေတယ်လို့မှတ်ပါ။ ဒီနေရာမှာ အဇ္ဈတ္တဩဇာနဲ့ ဗဟိဒ္ဓဩဇာတို့က ဖြစ်စေသော အသစ်ဖြစ်သော အာဟာရဇကလာပ်ကို သူတို့က ဇနကသတ္တိနဲ့ ကျေးဇူးပြုတယ်မှတ်။ ကျန်တဲ့ ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ ကလာပ်တွေကိုတော့ ဥပတ္ထမ္ဘက၊ အနုပါလကသတ္တိနဲ့ ကျေးဇူးပြု တယ်မှတ်ပါလေ။

ဤကဲ့သို့ ပြောသောစကားသည် ဋီကာကျော်၊ မူလဋီကာ ဆရာများဆိုတဲ့ စကားနှင့်တော့ ဆန့်ကျင်နေတယ်လို့ မှတ်ပါ။ ဘာ့ကြောင့်ဆိုသော် ဋီကာကျော်ဆရာက -

**ဇနေယျန္တောပိ အာဟာရော အဝိစ္ဆေဒဝသေန ဥပတ္ထမ္ဘန္တော ဇနေတိ** - ဟု မိန့်ဆိုသည်နှင့်အညီ

အသစ်ဖြစ်တဲ့အာဟာရကို ဇနကသတ္တိနဲ့ ဖြစ်စေငြားသော်လည်း မပြတ်ဖြစ်သောအားဖြင့် ထောက်ပံ့တယ်လို့ဆိုထားရကား သူတို့၏ အလိုအားဖြင့်ဆိုရင် ဥပတ္ထမ္ဘကသတ္တိက များနေတယ်လို့မှတ်ပါ။

ဥပမာ- အလွန်တရာဆိမ့်တဲ့ အစာအာဟာရများကိုစားမိတဲ့ အခါမှာ မူးခြင်းဝေခြင်းကိုဖြစ်ရ၏။ ဆရာများကလည်း မင်းစားတဲ့ အစာဟာ မကြေသေးလို့မူးတာပဲလို့ ပြောကြ၏။ သို့ဖြစ်ပါ၍ ဤကဲ့သို့ မူးရခြင်းမှာ အာဟာရဇရုပ်တွေက ဆက်သွယ်မှု ထောက်ပံ့မှုများနေသောကြောင့်ဟုမှတ်ပါ။

ထောပတ်ကိုစားတဲ့လူမှာလည်း ထောပတ်တည်းဟူသော အာဟာရဇရုပ်၏ ဆက်ပေးမှု ထောက်ပံ့မှုကများသောကြောင့် ထောပတ်နှင့်တည့်တဲ့ လူမမာဖြစ်ရင် အတွင်းကထောပတ်သတ္တိ မကုန် သမျှကာလပတ်လုံး ၄င်းလူမမာမှာ သက်သာရ၏။ ဤကဲ့သို့ မပြတ် ဖြစ်ပြီးလျှင် ထောက်ပံ့သည်ကိုပင် အဝိစ္ဆေဒဥပတ္ထမ္ဘကသတ္တိပဲမှတ်ပါ လေ။ ဒါဖြင့် ဇနကသတ္တိကောကင်းပါသလားဆိုရင်၊ မကင်းပါဘူးတဲ့။ သို့သော်လည်း ဇနကသတ္တိမှာတော့ သူသည် ဖြစ်ရုံမျှကိုသာဖြစ်စေ ပြီးလျှင် ဥပတ္ထမ္ဘကသတ္တိကတော့ အမြဲမပြတ်ထောက်ပံ့နေပါတယ်တဲ့။ ဒါ့ကြောင့် ဥပတ္ထမ္ဘကသတ္တိသည် သူ့မှာထင်ရှားပေ၏။ အာဟာရသည် သုတ္တန်နည်းအားဖြင့်ဆိုရင် -

**စတ္တာရောမေ ဘိက္ခဝေ အာဟာရာ ဘူတာနံ ဝါ သတ္တာနံ ဌိတိယာ သမ္ဘဝေသီနံ ဝါ အနုဂ္ဂဟာယ။** - ဟု

မူလပဏ္ဏာသဋ္ဌကထာထားရကား သုတ္တန်နည်းအားဖြင့် ဆောင်တတ်သောကြောင့်လည်း အာဟာရပါပဲတဲ့။

အဘိဓမ္မာနည်းအားဖြင့် ထောက်ပံ့တတ်သောကြောင့် အာဟာရမည်တယ်မှတ်ပါ။ အဘိဓမ္မာနည်းအားဖြင့်ပြသောအာဟာရမှာ ဘုတ်က ဘုတ်ကိုဆက်ပြီး ကျေးဇူးပြုသောကြောင့် ပရမတ်အချင်းချင်း ကျေးဇူးပြုရကား အဘိဓမ္မာနည်းအားဖြင့်ပြသော အာဟာရဟုမှတ်ပါ။

တစ်နည်းအားဖြင့် အကြောင်းဖြစ်သောဓမ္မသည် အကျိုးဖြစ်သောဓမ္မအား ကျေးဇူးပြုနိုင်တဲ့အာဟာရသည် စေတနာအာဟာရမည်တယ်မှတ်ပါ။ ၎င်းစေတနာအာဟာရကလည်း အဘိဓမ္မာအာဟာရမည်သည်မှတ်ပါ။

ထိုနှစ်ပါးတို့တွင် သုတ္တန်နည်းအားဖြင့်အာဟာရသည် ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ တို့သည် အဝိဇ္ဇာဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် အာဟာရ မည်တယ်လို့မှတ်ပါ။

၎င်းနီဝရဏများကို စာပေကျမ်းဂန်များကို သင်ဖူးတဲ့ ပုဂ္ဂိုလ်ဖြစ်ပါက အပြစ်ရှိတယ်လို့ဆိုတာကို သိသည်ပင်မှတ်ကြပါ။ ဒီလိုသိငြားသော်လည်း ကိုယ်တော်တို့ တပည့်တော်တို့သန္တာန်မှာ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ၎င်းနီဝရဏတွေဟာ စုံစုံလင်လင် တစ်ခါတည်းပေါ်လာတာပါပဲတဲ့။ ဒါဖြင့်ရင် ၎င်း နီဝရဏတွေကို အဖန်တလဲလဲ

နှလုံးသွင်းပြီး စားမြုပ်ပြန်နေဖို့လားလို့ ဆိုရင် မဟုတ်ပါဘူးတဲ့။ သို့ပါ သော်လည်း တပည့်တော်တို့ ကိုယ်တော်တို့သန္တာန်မှာ အချိန်မရွေး ဖြစ်ပေါ် ရခြင်းမှာ ဘာ့ကြောင့်လဲလို့ဆိုရင် မသိမှုလို့ဆိုတဲ့ မောဟတည်း ဟူသော အဝိဇ္ဇာကြောင့်လို့မှတ်ပါ။

ဒါ့ကြောင့် ထိုနီဝရဏလေးပါးသည် အာဟာရပစ္စည်း၊ အဝိဇ္ဇာ သည် အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်မှတ်ပါ။ ဤကဲ့သို့ နီဝရဏတွေ ပေါ်တာမှာလည်း စာပေပရိယတ္တိကိုမသင်ဖူးတဲ့ ပုဂ္ဂိုလ်များသန္တာန်မှာ ပေါ်တဲ့ နီဝရဏကတော့ ဒီတရားများဟာ မကောင်းကျိုးကို ဧကန်မုချ ပေးတဲ့တရားပဲလို့ မသိသည်ဖြစ်၍ပေါ်တာလို့မှတ်ပါ။ စာပေပရိယတ္တိကို သင်ကြားဖူးတဲ့ ပုဂ္ဂိုလ်များသန္တာန်မှာပေါ်တဲ့ နီဝရဏကတော့ ဤတရား ဟာ မကောင်းကျိုးကိုပေးတဲ့တရားပဲလို့တော့ သိ၏။ သို့သော်လည်း ဒီသိတဲ့အချိန်မှာ မပေါ်ဘဲ၊ မသိတဲ့အချိန်အခါမှာသာ ဖြစ်ပေါ်ရသော ကြောင့် အချိန်အခါနှင့်ပိုင်းပြီးယူရမည်လို့မှတ်ပါ။ သို့ဖြစ်ပါ၍ မသိလို့ ပေါ်တဲ့အချိန်အခါမှာလည်း အဝိဇ္ဇာပါပဲတဲ့။ သိလျက် သားနဲ့ပေါ်လာ တာဟာလည်း အဝိဇ္ဇာပါပဲတဲ့။

ဒါ့ကြောင့် သုတ္တန်နည်းအားဖြင့်ဆိုရင် အဝိဇ္ဇာကြောင့် အကျိုးပေး၊ အကြောင်းပေးဖြစ်ရကား နီဝရဏလေးပါးသည် ပစ္စည်း၊ အဝိဇ္ဇာသည် ပစ္စယုပ္ပန်မှတ်ပါ။ ဒါ့ကြောင့် နီဝရဏမကင်းသေးတဲ့ သတ္တဝါဟူသမျှမှာ ခဲကို အပေါ်ကိုမြှောက်သကဲ့သို့ သုဂတိဘုံမှာနေရတဲ့ရက်ဟာ နည်း၏။ ခဲသည် မြေပေါ်သို့ကျပြီး အမြဲမပြတ်နေဘိသကဲ့သို့ ငရဲပြည်မှာ နေရတာကများတယ်လို့မှတ်ကြပါလေ။

မြတ်စွာဘုရားသခင်သည် 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' လို့ဟောထားခဲ့၏။ ဤကဲ့သို့ပင်ဟောထားငြားသော်လည်း အသညသတ် ပုဂ္ဂိုလ်များမှာ ဖဿ၊ စေတနာ၊ ဝိညာဏ်တို့နဲ့လည်း အာဟာရမဖြစ်၊ ကဗဠီကာရအာဟာရနဲ့လည်း အာဟာရဇရုပ်မဖြစ်ပါသောကြောင့် ၎င်းပုဂ္ဂိုလ်များကို ဘယ်လိုအာဟာရများနဲ့ ကမ္ဘာအသင်္ချေတိုင်အောင် အသက်ရှည်နေပါသလဲ။ 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' ဟူသော စကားဟာ ဒီနေရာမှာမယူရပြီလောဟု မေးခဲ့ငြားအံ့- ၎င်းအသညသတ် ပုဂ္ဂိုလ်များ၏အာဟာရကို သုတ္တန်နည်းအားဖြင့်ယူရမည်လို့ အဋ္ဌကထာရှိမှာ ဟောထား၏။ ဘယ်လိုဟောထားပါသလဲဆိုရင် ၎င်းပုဂ္ဂိုလ်များသည် ဝါယောကသိုဏ်းကိုအားထုတ်တဲ့အခါမှာ ငါတို့သည် နာမ်ဓမ္မတွေ ရှိသောကြောင့် ဒေါသဖြစ်ရ၏၊ တရားစွဲဆိုခြင်းစသောအမှုတွေကိုပြုရ၏ စသည်ဖြင့် နာမ်ဓမ္မကိုစက်ဆုပ်ပြီးလျှင် နာမ်ဓမ္မတည်းဟူသောအပြစ်တွေ ကို ဆင်ခြင်သုံးသပ်တဲ့အခါမှာ ဈာန်ကိုရ၏။

၎င်းဈာန်ဇောစောနေတုန်းပဲ စုတိစိတ်ကျတဲ့အခါ ပဉ္စာနန္တရိယကံ ကဲ့သို့ နိယာမပင်ဖြစ်ရကား ထိုင်လျက်သေရင် အသညသတ်ဘုံမှာ ထိုင်လျက်ပင်သွားပြီးဖြစ်ရ၏။ ဤကဲ့သို့ အသညသတ်ကိုရောက်ရတာ လည်း သူသည် ဈာန်ကိုအားထုတ်နေသောကြောင့် ဈာန်ဇောက ပို့ဆောင်လို့ ရောက်ရတယ်မှတ်ပါ။ သို့ဖြစ်ပါ၍ ၎င်းဈာန်ဇောကိုပင် အာဟာရလို့မှတ်ပါလေ။ ၎င်းဈာန်ဇောကိုပင် အဋ္ဌကထာရှိအဋ္ဌကထာမှာ 'ပစ္စယာဟာရော' လို့ဆိုထား၏။ ဤဈာန်တည်းဟူသောအကြောင်း ကြောင့်ဖြစ်ရကား ဈာန်သည်ပင် အာဟာရပဲလို့ သုတ္တန်နည်းအားဖြင့်

ဟောထားတယ်မှတ်ပါ။

ဥပမာ - အထက်ကိုမြားပစ်လိုက်တဲ့အခါမှာ မြားညို့၏အား အစွမ်းသတ္တိတန်ခိုးကြောင့် မြားတံကလေးသည် အောက်သို့မကျသေးဘဲ အပေါ်မှာ ကြာမြင့်စွာတည်နေရသလိုပါပဲတဲ့ ၄င်းမြားညို့နဲ့တူတဲ့ ဈာန်စေ၏တန်ခိုးသတ္တိကြောင့် ၄င်းအသညသတ်ပုဂ္ဂိုလ်များမှာလည်း ပစ္စယအာဟာရဖြစ်၍ ကမ္ဘာချီအောင်နေနိုင်တယ်လို့မှတ်ပါ။ အရူပ ဗြဟ္မာကြီးတွေမှာတော့ စေတနာအာဟာရကြောင့် အသက်ရှည်နေတယ်လို့မှတ်ပါ။

ဒါဖြင့်ရင် ငရဲပြည်မှာတော့ ဘာကိုစားသောက်ရလို့ အသက်ရှင်နေပါသလဲဆိုရင် သူတို့သည် ဘာကိုမှမစားရဘူးမှတ်ပါ။ သို့သော်လည်း သူတို့ဘုံမှာ တံတွေးရှိသည်ဖြစ်၍ ၄င်းတံတွေးကိုမျိုလိုက်တဲ့အခါမှာ အကုသိုလ်ကံ၏ အကျိုးပေးဖြစ်ပါသောကြောင့် ဒုက္ခဝေဒနာဖြစ်၏။ ဤဒုက္ခဝေဒနာတည်းဟူသောအာဟာရကြောင့် အသက်ရှင်နေတယ်မှတ်ပါ။ ဒါ့ကြောင့် 'အပါယေသု (လ) ယာဝ ကမ္မံ နခီယတိ၊ တာဝ စဝနာဘာဝတော'လို့မိန့်တယ်မှတ်ပါ။ ၄င်းတံတွေးသည် ဗဟိဒ္ဓအာဟာရနဲ့ ရောပါသလားဆိုရင် မရောဘူးလို့မှတ်ပါ။ သူတို့အတွင်းမှာ အလိုလိုဖြစ်ပေါ်လာသောကြောင့် အဇ္ဈတ္တအာဟာရလို့မှတ်ပါ။

နတ်ပြည်မှာ (၃၂)ကောဋ္ဌာသများ ပြည့်စုံပါရဲ့လားဆိုရင် မပြည့်စုံဘူးလို့မှတ်ပါ။ ဘာ့ကြောင့်လဲလို့ဆိုရင် မြတ်စွာဘုရားသည် မာရ်နတ်နှင့် စစ်ထိုးတဲ့အခါမှာ မာရ်နတ်သည် စစ်ရှုံး၍ မိမိနေရာ နတ်နန်းသို့ပြန်လာတဲ့အခါမှာ တဏှာ၊ အာရတီဆိုတဲ့သမီးများက ဖခင်

ဘာများဖြစ်လာပါသလဲလို့မေးတဲ့အခါမှာ သူသည် စစ်ရှုံးလာတဲ့ အကြောင်းကို ပြောပြ၏။ ထိုအခါ သူ၏သမီးများက ဖခင်ဘာမှမပူပါနဲ့၊ ကိလေသာမကုန်သေးတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ပါရင် သမီးများရဲ့တာဝန်သာ ထားလိုက်ပါ၊ သမီးများ နိုင်အောင်ရွက်ဆောင်ပါမည်ဟုဝန်ခံပြီးလျှင် ဘုရားအထံတော်သို့သွားပြီးသကာလ ပရိယာယ်မာယာအမျိုးမျိုးတို့ဖြင့် ဖြားယောင်းသောအခါ ဘုရားသခင်သည် မနှစ်သက်သောအခြင်းအရာ ကို ပြတော်မူလိုက်၍ ဖခင်ထံသို့ပြန်ကြရလေ၏။

တဖန် မာဂဏ္ဍီ၏ဖခင် ပုဏ္ဏားကြီးသည် မိမိ၏သမီးနှင့်ထိမ်းမြား ရန် ဘုန်းလက္ခဏာနှင့်ပြည့်စုံသောယောကျ်ားမြတ်ကို လိုက်ရှာတဲ့အခါမှာ မြတ်စွာဘုရား၏ခြေတော်ရာကိုတွေ့၍ ဤပုဂ္ဂိုလ်ကား ဧကန်မုချ ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံတဲ့သူပဲလို့ ဆင်ခြင်ပြီးလျှင် ဘုရားအထံ တော်သို့လိုက်၍ မိမိသမီးနဲ့ ထိမ်းမြားရန် ဘုရားကို ပြောသောအခါ ဘုရားသခင်က ငါသည် အသင်၏သမီးလို ချွဲသလိပ်သွေးစသော (၃၂) ကောဋ္ဌာသနှင့်ပြည့်စုံတဲ့လူသားကိုမဆိုထားဘိ၊ ချွဲသလိပ်သွေးမရှိသော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသမပြည့်စုံတဲ့ နတ်သမီးများကိုတောင်မှ ငါစွန့်ခဲ့သေးတာပဲ၊ အသင်၏သမီး အပုပ်အသိုးကြီးကို ငါအလိုမရှိဘူးလို့ ပြောလိုက်သည်ကိုထောက်သောအားဖြင့် နတ်ပြည်မှာ (၃၂)ကောဋ္ဌာသ မပြည့်စုံဘူးလို့မှတ်ပါ။ သို့သော်လည်း တံတွေးတော့ရှိသည်ဖြစ်ပါ၍ သူတို့ဘုံမှာလည်း တံတွေးကိုမျိုပါသဖြင့် အာဟာရဖြစ်၍ အသက်ရှင်နေ တယ်လို့မှတ်ပါ။ ဒါ့ကြောင့် ၄င်းပုဂ္ဂိုလ်များမှာလည်း သုတ္တန်နည်းအားဖြင့် ယူသော အာဟာရရှိသည်မှတ်ပါ။

ထို့ကြောင့် မြတ်စွာဘုရားသည် ပုဂ္ဂိုလ်ကို လည်းကောင်း၊ ဂုဏ်ကိုလည်းကောင်း ငဲ့၍ ဘယ်ပုဂ္ဂိုလ်မှ အာဟာရနဲ့ မကင်းဘူးလို့ ဆိုပြီး သုတ္တန်နည်းအားဖြင့် 'သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ' လို့ အနဝသေသာနည်းအားဖြင့် ဟောတော်မူတယ်လို့ မှတ်ပါလေ။

ဆောင်တတ်သောကြောင့်လည်းကောင်း၊ ထောက်ပံ့တတ်သော ကြောင့်လည်းကောင်း အာဟာရမည်တယ်လို့မှတ်ပါ။ ထိုအာဟာရကိုပဲ မြတ်စွာဘုရားသည် ထောက်ပံ့ပံ့ကိုဟောခဲ့၏။ အဋ္ဌကထာဆရာများက လည်း 'ရူပါရူပါနံ ဥပတ္ထမ္ဘကဋ္ဌေန ဥပကာရကာ အာဟာရာ' လို့ ဖွင့်ဆိုကြကုန်၏။ နောက်ကပြဆိုခဲ့ပြီးသော ရုပ်အာဟာရတွေတုန်း ကတော့ အသစ်ဖြစ်သောဩဇာကို ဇနကသတ္တိဖြင့်ကျေးဇူးပြုတယ်။ ကျန်တဲ့ ရုပ်ဓမ္မတွေကိုတော့ ဥပတ္ထမ္ဘကသတ္တိ၊ အနုပါလကသတ္တိနဲ့ ကျေးဇူးပြုတယ်ဆိုခဲ့၏။

ယခု **နာမ်အာဟာရ** မှာတော့ သဟဇာတမျိုးထဲကဖြစ်၍ ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိနှစ်ပါးသာရတယ်လို့မှတ်ပါ။ အဋ္ဌသာလိနီ အဋ္ဌကထာ၌ "**အဇ္ဈတ္တိကသန္တတိယာ ဝိသေသပစ္စယတ္တာ**" လို့ဖွင့်ပြထားသောကြောင့် မိမိ၏အဇ္ဈတ္တသန္တာန်မှာ ဒီပြင်အာဟာရတွေ ရှိငြားသော်လည်း တပည့်တော်တို့ ကိုယ်တော်တို့သန္တာန်မှာ သူက အလွန်တရာကျေးဇူးများတယ်။ ဒါ့ကြောင့် စေတနာ၊ ဝိညာဏ်တို့သည် အာဟာရမည်တယ်လို့မှတ်ပါလေ။ ကျေးဇူးများပုံကို ထင်ရှားပြကြဦးစို့။

ကိုယ်တော်သည် ကြောက်စရာအဆင်းသဏ္ဌာန်ကို တွေ့တဲ့အခါ အလွန်တရာကြောက်၏။ ချစ်စရာအဆင်းသဏ္ဌာန်ကို တွေ့တဲ့အခါမှာ

အလွန်တရာချစ်၏။ အလယ်အလတ်ဖြစ်တဲ့အဆင်းသဏ္ဌာန်ကို တွေ့ရင်လည်း အလယ်အလတ်လောက်ပဲအာရုံပြု၏။ ဒါ့ကြောင့် တပည့်တော်တို့ ကိုယ်တော်တို့သည် ကာမဘုံမှာနေသမျှကာလပတ်လုံး အာရုံနဲ့ကင်းပြီး နေလို့မရဘူးလို့မှတ်ပါ။ ၄င်းအာရုံဓမ္မသည် ဘယ်လိုပင်ဝေး၍ တခြားစီနေငြားသော်လည်း တပည့်တော်တို့ ကိုယ်တော်တို့ကို သူက ဦးစီးပြီး နေတယ်လို့ဆိုရင် လွဲပါ့မလား၊ မလွဲပါဘူးတဲ့။ ဘာ့ကြောင့်လဲဆိုရင် သူသည် ဆက်သွယ်နေတဲ့ဓမ္မကလေးတစ်ခုကိုကိုင်ပြီး လှုပ်လိုက်ရင် ရုပ်ဓမ္မတွေရော, နာမ်ဓမ္မတွေရော အကုန်လုံးလှုပ်သွားတာပဲလို့မှတ်ပါ။

၄င်းဆက်သွယ်နေတဲ့ဓမ္မဟာ ဘယ်သူလဲလို့လိုက်ရှာလိုက်တဲ့အခါ **ဖဿ** ကိုတွေ့ခဲ့၏။ ၄င်းဖဿတည်းဟူသော အတွင်းလူရှိလို့သာ သူက အပြင်ဘက်က အာရုံဓမ္မတွေကို မတွေ့ထိတွေ့ထိချင်အောင်၊ ဒီအာရုံတွေဟာ ဟော့··· စားကောင်းတယ်, သောက်ကောင်းတယ်, ဝတ်ကောင်းတယ်၊ စားကြ, သောက်ကြ, တွေ့ထိကြလို့ အတွင်းက အာရုံဓမ္မတွေကို သူကဆက်သွယ်ပေးနေတယ်လို့မှတ်ပါ။ ဒါ့ကြောင့် အာရုံနဲ့ အာရမ္မဏိကတရားဟာ ဘယ်လောက်ပဲဝေးဝေး သူက ဆက်သွယ်ပေးနေတာပဲလို့မှတ်ပါ။

ဤကဲ့သို့ သူကဆက်သွယ်ပေးနေသောကြောင့်သာ ကိုယ်တော်တို့မှာ စားမှု, သောက်မှု, ဝတ်မှု, တရားနာချင်မှု, မကောင်းသောလမ်းခရီးကို မသွားဘဲ၊ ဒီလမ်းကြီးဟာဟော့··· အလွန်ကောင်းတယ်, အလွန်သာယာတယ်, ရာဂဒေါသစသော ဆူးငြောင့်ခလုတ်မရှိဘူး၊ ဒီလမ်းကိုသွားကြဟော့ဆိုပြီး နိဗ္ဗာန်တည်းဟူသောအာရုံဓမ္မကို သူကတွေ့ထိပေးလို့သာ တပည့်တော်တို့ ကိုယ်တော်တို့မှာ နိဗ္ဗာန်သို့ရောက်ရာ

ရောက်ကြောင်း တရားကောင်းကြီးတွေကို ရှာမှီးကြတာ၊ အားထုတ်လုပ်ကိုင်ကြတာဟုမှတ်ပါ။

အကယ်၍ သူသာမရှိရင် တပည့်တော်တို့ ကိုယ်တော်တို့မှာ စားချင်မှု, သောက်ချင်မှု, ဝတ်ချင်မှုတွေ မရှိတော့ဘဲ မိမိတို့မှာ သေဖို့ရာသာအကြောင်း ရှိ၏။ ဒါတွင်မကသေးပါဘူးတဲ့၊ ၄င်းဖဿသာ မရှိရင် တရားနာမှုကိုလည်းမပြု၊ ဒီလမ်းဟာ မကောင်းဘူး၊ ကောင်းတယ်လည်း မသိ။ နိဗ္ဗာန်ကိုလည်း မလိုချင်တော့ပါဘဲ လက်ပံထင်းတုံးကြီးကဲ့သို့ အသုံးမကျတော့ဘဲ အချည်းနှီးသာဖြစ်ရာ၏။

ဖဿကဆက်သွယ်ပေးတဲ့အခါမှာ သူနဲ့အတူတကွဖြစ်တဲ့ လောဘစသည်များကလည်း လိုချင်လာတယ်၊ နှလုံးမသာစရာ အကြောင်းများနဲ့တွေ့ထိလိုက်ပြန်ရင်လည်း ဒေါသအပြစ်တွေ ထွက်လာရတယ်လို့မှတ်ပါ။ တို့စားမယ်, တို့ဝတ်မယ်, တို့သွားမယ်, တို့လာမယ်, တို့လုပ်မယ်စသည်ဖြင့် ပြောဆိုနေကြသည်မှာ ဖဿကိုအားကိုးပြီး ပြောနေကြတယ်လို့မှတ်။ ဖဿမရှိက တို့စားမယ်, တို့ဝယ်မယ်ဆိုတာ ရှိပါ့မလားလို့ဆိုရင် မရှိပါဘူး။ ဖဿကဆက်သွယ်ပေးလို့သာ ဒါဟာဖြင့် သူတော်ကောင်းတို့အလုပ်ပဲဆိုပြီး ထွက်ရပ်လမ်းကြီးကိုလည်း အားထုတ်နိုင်တယ်လို့မှတ်ပါ။ ဖဿမရှိပါက ကိုယ်တော်၏အပေါ်ကို တက်နင်းသွားတဲ့အခါမှာကော နာတယ်, ကျင်တယ်သိပါ့မလားဆိုရင်၊ မသိပါဘူးလို့မှတ်။ ကိုယ်တော်ကိုမီးရှို့တဲ့အခါမှာကော သိပါ့မလား၊ ဘာမှမသိဘူးလို့မှတ်ပါ။ ဥပမာ - ထမင်းအိုးကိုငှဲ့တဲ့အခါမှာ အောက်ကခံတဲ့အိုးက ထမင်းရည်တွေကို ငါအပေါ်ကိုမငှဲ့ပါနဲ့လို့ပြောသလားဆိုရင် မပြောပါဘူးတဲ့၊ ဘာ့ကြောင့်ဆိုသော် ဖဿမရှိလို့ဟုမှတ်ပါ။

ဒါ့ကြောင့် ဖဿသည် မိမိတို့၏ခန္ဓာကိုယ်ကြီးထဲမှာ အလွန်တရာ မှပဲကျေးဇူးများတယ်လို့ဆိုတဲ့ အဓိမောက္ခဆုံးဖြတ်ချက်ကြီးများကိုကော မပြုနိုင်ဘူးလားဆိုရင် ဆုံးဖြတ်နိုင်ပါတယ်တဲ့။

ဒါ့ကြောင့် ဒီအပြင်အာဟာရတွေသည် ရှိပင်ရှိငြားသော်လည်း အကျိုးတရားအပေါ်၌ သဟဇာတအကြောင်းသာများ၍ ဥပတ္ထမ္ဘက အကြောင်းက မများသောကြောင့် ဖဿဟာ ခန္ဓာကိုယ်မှာ အကျိုးများ သည်၏အဖြစ်ကို အဋ္ဌကထာဆရာမိန့်ဆိုခြင်းသည် ဟုတ်ပါပေတယ်လို့ မှတ်။

**စေတနာ** သည် **'စေတယတီတိ စေတနာ'**-ဟူသည်နှင့်အညီ စေ့ဆော်တတ်သောကြောင့် စေတနာလို့မှတ်ပါ။ ဘယ်လိုစေ့ဆော်ပါသလဲ လို့ဆိုရင် ဟော့… စားချိန်ကျပြီ စားကြလေ၊ စာတက်ချိန်ကျပြီ သွားကြ လေ၊ စသည်ဖြင့်ခိုင်းလို့သာ စားရ၊ သွားရတယ်မှတ်ပါလေ။ ဤကဲ့သို့ သူတော်ကောင်းအလုပ်ကို လုပ်နေတာလည်း စေတနာက ခိုင်းလို့ စေတနာက တိုက်တွန်းလို့မှတ်ပါ။ အပါယ်ကိုသွားတာလည်း စေတနာက ခိုင်းလို့၊ တိုက်တွန်းလို့၊ လုပ်တာဟုမှတ်ပါ။ ယခု လက်ကလေးကို မြှောက်တာလဲ စေတနာကြောင့်၊ လက်ကလေးကို ချတာလည်း ချလိုသော စေတနာကြောင့်ဟုမှတ်ပါ။

ယခု စာဝါသိမ်းပြီးသွားတဲ့အခါမှာလည်း သွားလိုသော စေတနာ ကြောင့်၊ ကိလေသာသိမ်း၍ ထွက်ရပ်လမ်းပေါက်အောင်ဆိုပြီး တရား အားထုတ်တာလဲ ထွက်ရာလမ်းပေါက်လိုတဲ့ စေတနာကြောင့်ဟု မှတ်။

နာဟာလည်း အဇ္ဈတ္တသန္တာန်မှာ အကျိုးများတယ်လို့
းဥပမာသည် ဖသနဲ့တူ၏။

**ဝတိတိ ဝိညာဏံ**'ဟူသည်နှင့်အညီ **ဝိညာဏ်** သည် သိတာကိုပင် ဝိညာဏ်လို့မှတ်ပါ။ သူမရှိက ကောင်းမှန်းဆိုးမှန်း သိပ့ါမလားဆိုရင် မသိဘူးလို့မှတ်ပါ။ ဝိညာဏ်မရှိက မြွေတော ချီးတော သို့လည်း မသိပါ၍ သွားလိမ့်မယ်။ ကိုယ်တော်ကို မီးနဲ့ပင်ရှို့တိုက် သော်လည်း မသိပါဘူးတဲ့။ ဒီဟာဖြင့် ကောင်းတဲ့တရားပဲ၊ မကောင်းတဲ့ တရားပဲလို့ကော သိပ့ါမလားဆိုရင် မသိပါဘူးတဲ့။ ဒီလို မသိတော့ ထွက်ရာလမ်းကြီးကိုကော လုပ်နိုင်ပ့ါမလား ဆိုရင် မလုပ်နိုင်ဘူးလို့ မှတ်ပါ။ ဒါ့ကြောင့် ဝိညာဏ်ဟာလည်း အဇ္ဈတ္တသန္တာန်မှာ အလွန်တရာ အကျိုးများတယ်လို့မှတ်ပါ။

ဒီလိုဆိုရင် ဒီ့အပြင် သညာ, သဒ္ဓါ, သတိစသောတရားတွေ ကော အကျိုးမများတော့ဘူးလားလို့ဆိုရင် များပါတယ်တဲ့။ သို့သော် သူတို့သည် သဟဇာတသတ္တိဖြင့် အကျိုးတရားအပေါ်မှာကျေးဇူးပြု၏။ ဝိညာဏ်ကတော့ ဥပတ္ထမ္ဘကအကြောင်းကများသောကြောင့် သူတို့သည် ဝိညာဏ်လောက် ကျေးဇူးမများဘူးလို့မှတ်ပါ။ ၄င်းအာဟာရကို သုတ္တန်နည်းအားဖြင့်ကျေးဇူးများပုံကို ပြောကြဦးစို့ရဲ့။

ပဋိစ္စသမုပ္ပါဒ်မှာ 'သင်္ခါရပစ္စယာ ဝိညာဏံ'-လို့ဟောထားရ ကား သင်္ခါရအရကိုကောက်ရင် ကုသိုလ်, အကုသိုလ်စေတနာကိုရ၏။ ၄င်းစေတနာသည် အတိတ်ကပြုခဲ့တဲ့ကံပင်ဖြစ်သော်လည်း ဝိပါက်တည်း ဟူသောဝိညာဏ်ကို ဖြစ်စေပါတယ်တဲ့။ ဒါ့ကြောင့် စေတနာသည်

ပဋိသန္ဓေနာမက္ခန္ဓာကလေးဖြစ်အောင် အားထုတ်၏။ ဤကဲ့သို့အားထုတ်ပြီး ပစ်ထားပါသလားလို့ဆိုရင် မပစ်ထားပါဘူးတဲ့။ စေတနာသည် ပဋိသန္ဓေအခါ တစ်ကြိမ်ပေး၍ ပဝတ္တိအခါ အကြိမ်များစွာ ပေးပါတယ်တဲ့။ ဒါဖြင့် စေတနာသည် ဥပတ္ထမ္ဘကသတ္တိဖြင့်လည်း လိုက်ပြီးထောက်ပံ့တယ်မှတ်ပါ။ ဒီစေတနာကိုလည်း ယခုတပည့်တော်တို့ဟောနေတဲ့ အာဟာရထဲကိုသွင်းရင် ဘယ်ဟာထဲကို သွင်းရမလဲဆိုရင် စေတနာ အာဟာရထဲကိုသွင်းရမည်။

သို့ဖြစ်ပါ၍ စေတနာသည် ဇနကသတ္တိဖြင့် ပဋိသန္ဓေအကျိုးကို ပေးပြီး ၎င်းစေတနာက သန္တတိဆက်ပြီး ပဝတ္တိအကျိုးကိုလည်း အကြိမ်များစွာလိုက်ပြီး ဥပတ္ထမ္ဘကသဘောဖြင့် ထောက်ပံ့တယ်မှတ်ပါ။ ဒါဖြင့် စေတနာသည် ဇနကသတ္တိတစ်မျိုး၊ ဥပတ္ထမ္ဘကသတ္တိတစ်မျိုးအားဖြင့် ၎င်းနှစ်မျိုးကိုထောက်ဆ၍လည်း အလွန်တရာကျေးဇူးများတယ်ဆိုတာဟာ ထင်ရှားပါတယ်တဲ့။ ၎င်းစေတနာသည် မိမိနဲ့အတူတကွဖြစ်တဲ့ ပဋိသန္ဓေနာမက္ခန္ဓာကလေးကိုလည်း အသင်··· ပဋိသန္ဓေနာမက္ခန္ဓာကလေး အသင်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်မှတစ်ပါးသောအာရုံကို အာရုံမပြုလေနဲ့၊ အသင်အာရုံပြုခဲ့ရင် မှားလိမ့်မည်စသည်ဖြင့် သဟဇာတသဘောနဲ့ သူက အမြဲတမ်းစောင့်ရှောက်သတိပေးနေတယ်လို့မှတ်ပါ။

စေတနာသည် ပဋိသန္ဓေအကျိုးကို တစ်ကြိမ်သာပေးပြီး၊ ပဝတ္တိအကျိုးကများ၍ အဝိစ္ဆေဒသဘောအားဖြင့် ဥပတ္ထမ္ဘကသတ္တိကများသောကြောင့် စေတနာဟာ အဇ္ဈတ္တသန္တာန်မှာ အလွန်တရာအကျိုးများတယ်မှတ်ပါ။

(တစ်နည်း) 'စေတယတီတိ စေတနာ'-ဟူသည်နှင့်အညီ မိမိနှင့် အတူတကွဖြစ်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို စေတနာက တိုက်တွန်းစေ့ဆော်တယ်လို့မှတ်ပါ။ ၄င်းဝေဒနာစသည်တို့သည် မိမိတို့ကိုယ်တိုင် အလုပ်တစ်ခုကို မလုပ်နိုင်ဘူးလို့မှတ်ပါ။ ဒါဖြင့် သူတို့ အထဲမှာ စေတနာလိုပဲ တိုက်တွန်းစေ့ဆော်တတ်တဲ့တရားများကော ရှိသေးပါသလားလို့ဆိုရင် မရှိဘူးလို့သာမှတ်ပါ။

ဝေဒနာစသည်တို့သည် မိမိတို့၏အာရုံကို ခံစားမှု, မှတ်မှု, သိမှုကို ပြုတဲ့နေရာမှာ စေတနာက တိုက်တွန်းလို့စေ့ဆော်လို့ လုပ်နိုင်တာ လို့မှတ်ပါ။ ဒါ့ကြောင့် ဋီကာကျော်ဆရာက ၄င်းစေတနာသည် ဖြစ်စေတဲ့ သတ္တိနဲ့ ထောက်ပံ့ကူညီသောသတ္တိ နှစ်မျိုးတို့တွင် ထောက်ပံ့ကူညီခြင်း တည်းဟူသော ဥပတ္ထမ္ဘကသတ္တိက များတယ်လို့ဖွင့်ထားတယ်ဆိုတာ မှတ်ဖို့ဖြစ်ပါ၍ 'အာဟာရပစ္စယော- ထောက်ပံ့ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း' ဟု တစ်နက်တည်း ပေးထား တာလို့မှတ်ပါလေ။

ဝေဒနာသည် အာရုံမမွတစ်ခုကို ခံစားလိုက်တဲ့အခါမှာ သူသည် သူ၏အလုပ်ကိုပင် သူလုပ်နေငြားသော်လည်း စေတနာကကူညီလို့ တိုက်တွန်းစေ့ဆော်လို့ဟု မှတ်ပါ။ ဒါဖြင့် စေတနာသည် သူ့မှာ ကူညီရုံသာကူညီနိုင်တယ်၊ အလုပ်ကတော့ ဝေဒနာသည် သူ၏လက်ရှိ အလုပ်ကိုသာ သူလုပ်တယ်လို့မှတ်ပါ။ သို့ဖြစ်ပါ၍ ဇနကသတ္တိတော့ ရှိပေ၏။ သို့သော်လည်း ဥပတ္ထမ္ဘကသတ္တိက များတယ်လို့မှတ်ပါ။ မိမိတို့သည် အလှူတစ်ခုကို ငါတို့လှူမယ်လို့ စေတနာတရားဖြစ်ပေါ်

လာတဲ့အခါမှာ ဣသာ မစ္ဆရိယတရားများက ဝိုင်းပြီးဖျက်ကြပါသေးသလားလို့ဆိုရင် မဖျက်ဘူးလို့မှတ်ပါ။

စေတနာက စေ့ဆော်တဲ့အတိုင်း ဝေဒနာကလည်း ၄င်းအာရုံကိုပင်ခံစား၏၊ သညာက မှတ်၏၊ ဝိညာဏ်က သိ၏၊ (လ) သဒ္ဓါကလည်းယုံကြည်၏။ ဒါဖြင့် ၄င်းစေတနာစေ့ဆော်တဲ့အခိုက်မှာသာ ခံစားတယ် (လ) ယုံကြည်တယ်လို့မှတ်။ ဒါဖြင့် ၄င်းစေတနာချုပ်သွားတဲ့အခါမှာ ဝေဒနာစသည်များကကော မချုပ်ဘဲ ကျန်ရစ်ခဲ့ပြီးနေသေးပါသလားလို့ဆိုရင် မနေခဲ့ပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် ဝေဒနာစသည်များမှာ စေတနာဖြစ်လို့ဖြစ်ရကား စေတနာသည် ဖြစ်စေခြင်းငှာလည်း ကျေးဇူးပြုတယ်၊ ထောက်ပံ့ခြင်းငှာလည်း ကျေးဇူးပြုတယ်လို့မှတ်။ ဒါ့ကြောင့် စေတနာသည် ဇနကောပတ္ထမ္ဘကသတ္တိရှိတယ်လို့မှတ်ပါ။ စေတနာသည် မိမိဖြစ်သည်နှင့်တစ်ပြိုင်နက် ဝေဒနာစသည်တို့၏ ဖြစ်ခြင်းသည် ဇနကသတ္တိ၊ စေတနာတိုက်တွန်းခြင်းကြောင့် မိမိမှာရှိတဲ့ သတ္တိနဲ့ အလုပ်ကိုလုပ်ခြင်းသည် ဥပတ္ထမ္ဘကသတ္တိပဲလို့မှတ်ပါ။

၄င်းစေတနာသည် ဤကဲ့သို့ နာမ်ဓမ္မတွေကိုသာတိုက်တွန်းပါသလားလို့ဆိုရင် မဟုတ်သေးပါဘူးတဲ့၊ ရုပ်ဓမ္မတွေကိုလည်းတိုက်တွန်းပါတယ်လို့မှတ်ပါ။ လှူမယ်လို့ဆိုတဲ့ စေတနာပေါ်သည်နှင့်တစ်ပြိုင်တည်း သက်နှံးစသော အလှူဝတ္ထုကိုယူပြီးသကာလ အလှူခံပုဂ္ဂိုလ်၏ရှေ့မှာ အရှင်ဘုရား ဤအလှူဝတ္ထုကို အလှူခံတော်မူပါဘုရားလို့ဆိုပြီး သာဟတ္ထိကဒါနဖြစ်အောင် လက်သို့ရောက်အောင် ဘုတ်ဆက်ပြီးသကာလ အဝိစ္ဆေဒသဘောနဲ့ ရုပ်ကလာပ်တွေလှုပ်ပြီးဖြစ်လာရခြင်းသည်

ဘယ်သူ၏သတ္တိလဲလို့ဆိုရင် စေတနာကြောင့်လို့မှတ်ပါ။ ဒါ့ကြောင့် စေတနာသည် ဇနကသတ္တိရှိတယ်လို့မှတ်ပါ။

သို့ဖြစ်ပါ၍ စေတနာကလေးသည် မိမိတို့၏ လက်မြှောက်ရှပ်ကလေးကိုဖြစ်စေတာကတော့ ဇနကသတ္တိပါပဲတဲ့။ ၄င်းရုပ်ဓမ္မတွေကိုပင် ဘုတ်ဆက်ဆက်ပြီးသကာလ လှုပ်ရှားလှုပ်ရှားပြီးသကာလ အဝိစ္ဆေဒသဘောနဲ့လည်းပို့သောကြောင့် ဥပတ္ထမ္ဘကသတ္တိလည်းရှိတယ်လို့မှတ်ပါ။ စေတနာကလေးသည် တစ်ကြိမ်နှိုးဆော်ပြီးဖြစ်လိုက်တဲ့သတ္တိကြောင့် ပန်းတစ်ပွင့်ကိုလှူလိုက်တာနဲ့ပဲ လှူ၏စည်းစိမ် နတ်၏စည်းစိမ်ကို အကြိမ်ကြိမ်ခံစားရတယ်လို့ဆိုတာဟာ အဝိစ္ဆေဒသတ္တိနဲ့ထောက်ပံ့နေသောကြောင့်လို့မှတ်ပါ။ ဒါ့ကြောင့် ဋီကာကျော်ဆရာက 'ဇနယန္တောပိ (လ) ဥပတ္ထမ္ဘန္တော၀' ဟူ၍ဖွင့်ထားသည်လို့မှတ်ပါ။

ဤကဲ့သို့ ပရမတ္ထဓမ္မတွေကို မိမိတို့၏ခန္ဓာကိုယ်ဖြစ်စဉ်တွေနဲ့ တိုက်ကြည့်လိုက်တဲ့အခါမှာ ဤတရားသည်ကားလို့ဆိုရင် စေတနာတိုက်တွန်းလို့ပေါ်တယ်ဆိုတာဟာ မှန်ပါပေတယ်လို့ အဓိမောက္ခ၏ ဆုံးဖြတ်ချက်ကြီးများကို ကျပြီးသကာလ သိရခြင်းသည်သာ ပညာစခန်းသွားဖြင့် ပိုင်ပိုင်နိုင်နိုင်အဘိဓမ္မာတရားတော်ကြီးကို မြင်သိပေပြီလို့ မှတ်ရမယ်။ ဒီလိုမဟုတ်ပါဘဲနဲ့ ဋီကာ၊ အဋ္ဌကထာဆရာများက ထောက်ပံ့တိုက်တွန်းတယ်ဆိုလို့သာ မိမိတို့မှာ တွေ့လိုက်မြင်လိုက်ကြားလိုက်ရတယ်။ ဘယ်လိုတိုက်တွန်းတယ်၊ ဘယ်လိုစေ့ဆော်တယ်ဆိုတာကို မသိပါက အဘိဓမ္မာတရားတော်ကို ထုံးလို့ချေ၊ ရေလို့နှောက်နိုင်ပါတယ်လို့ပင်ဆိုငြားသော်လည်း သညာသိ၊ သညာစခန်းသွားလို့ မှတ်ရမယ်။

ငှင်းစေတနာကလေးသည် ပဝတ္တိအခါမှာတော့ ဗလဝဖြစ်၍ ဇနကောပတ္ထမ္ဘကသတ္တိဖြင့်ကျေးဇူးပြုနိုင်တာကို သိရပေပြီ။ ဒုဗ္ဗလဖြစ်တဲ့ ပဋိသန္ဓေအခါမှာကော ဖြစ်ပါ့မလားလို့ဆိုရင် ဖြစ်ပါတယ်လို့မှတ်ရမယ်။ အတိတ်ကပစ်ချလိုက်သောကံကြောင့်ဖြစ်သော ပဋိသန္ဓေနာမက္ခန္ဓာကလေးသည် ဖြစ်စဖြစ်၍ ဒုဗ္ဗလဖြစ်သော်လည်း ငှင်းပဋိသန္ဓေနာမက္ခန္ဓာမှာပါတဲ့ စေတနာကလေးက မိမိနဲ့အတူတကွဖြစ်သော ဝေဒနာစသည်တို့ကို ဟေ့… ဝေဒနာ, သညာတို့ မင်းတို့သည် အာရမ္မဏိကတရားနဲ့ ကင်းပြီး မဖြစ်ကောင်းဘူးကွဲ့၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟုဆိုအပ်သော သုံးပါးသောအာရုံတို့တွင် တစ်ခုခုကို မင်းတို့ယူကြဟေ့၊ လက်မလွှတ်ကြနဲ့လို့ စေတနာကလေးက တိုက်တွန်းနှိုးဆော်ပေးသောကြောင့်သာလျှင် ဝေဒနာကလည်း မိမိတို့၏အလုပ်ဝတ္တရားအတိုင်း အာရုံဓမ္မတွေကို ခံစား၏၊ (လ) ဝိညာဏ်ကလည်းသိ၏။ ဤကဲ့သို့ စေတနာ၏ တိုက်တွန်းကူညီချက်ကြောင့် ဝေဒနာစသည်တို့မှာ အာရုံဓမ္မကို ခံစားမှု, မှတ်မှု, သိမှုကိုလုပ်ရခြင်းကိုပင် ဥပတ္ထမ္ဘကသတ္တိလို့မှတ်ပါ။

ငှင်းစေတနာကလေးသည် သူ၏အလုပ်ကိုလုပ်ပြီး ချုပ်ပျောက်သွားတဲ့အခါမှာ ငှင်းဝေဒနာစသည်တို့မှာ နေရစ်ခဲ့ပါသေးသလားလို့ဆိုရင် မနေရစ်ခဲ့ပါဘူးတဲ့။ ဟေ့… မင်းရှိသောကြောင့်သာ ငါတို့ဖြစ်ရတာ၊ မင်းမရှိရင် ငါတို့နေရစ်ခဲ့လို့မဖြစ်ဘူးဟေ့လို့ဆိုပြီး ချုပ်သွားသည်ကိုထောက်၍ စေတနာဟာ ဇနကသတ္တိရှိတယ်လို့ဆိုတာကိုလည်း မှတ်ပါလေ။

စေတနာသာ အဇ္ဈတ္တသန္တာန်မှာ ကျေးဇူးများပါသလား၊ ဝိညာဏ်ကော ကျေးဇူးမများတော့ဘူးလားလို့ မေးဖွယ်ရာရှိသောကြောင့်

'ဝိဇာနာတီတိ ဝိညာဏံ'-ဟုမိန့်၏။ ဝိညာဏ်သည်လည်း အာရုံဓမ္မတွေကို အဖြူပဲ၊ အနီပဲစသည်ဖြင့် သိသည်ဖြစ်ပါသောကြောင့် ကျေးဇူးများတယ်လို့မှတ်ပါ။ ၄င်းဝိညာဏ်ကလေးသာမရှိခဲ့ပါရင် မိမိတို့ကို ဆူးစူးမိသော်လည်း မသိ၊ ခလုတ်တိုက်မိသော်လည်း မသိ၊ အေးတယ်, ပူတယ်လို့လည်း မသိပါဘဲ ဖွဲထင်းတုံးကြီးများကဲ့သို့ ဖြစ်နေမှာပါပဲတဲ့။ သို့ဖြစ်ပါ၍ ဝိညာဏ်သည် သတ္တဝါတို့၏သန္တာန်မှာဆောင်တတ်သောကြောင့် ကျေးဇူးများသောကြောင့် အာဟာရမည်ပါတယ်မှတ်ပါ။

၄င်းဝိညာဏ်ကလေးသည် ဒီဟာဖြင့်တိုက်ကြီးပဲဟော့လို့ သိသည်နှင့်တစ်ပြိုင်တည်း ဝေဒနာကလည်း ဒီတိုက်ကြီးဟာ တယ်ကောင်းပါလားဟော့ဆိုပြီး ခံစားလိုက်တာပါပဲတဲ့၊ သညာကလည်း တယ်ကောင်းတဲ့တိုက်ပါပဲလို့ မှတ်လိုက်တာပါပဲတဲ့။ ၄င်းဝိညာဏ်ကလေးချုပ်သွားလိုက်တဲ့အခါမှာ ဝေဒနာစသည်တို့လည်း ချုပ်ပျောက် ပျက်စီးသွားပါသောကြောင့် ဝိညာဏ်ကလေးမှာ ဇနကသတ္တိ ရှိတယ်ဆိုတာလို့မှတ်ရမယ်။

ဝိညာဏ်ကလေးသည် ဤကဲ့သို့ဖြစ်စေပြီးသည့်နောက် ဒီဟာဖြင့် မကောင်းဘူးဟော့၊ ကောင်းတယ်ဟော့ စသည်ဖြင့် ပြောတာကတော့ ဝေဒနာစသည်တို့က ပြောတာလို့မှတ်ရမယ်။ ဒါ့ကြောင့် ဖြစ်ခြင်းသဘောသည် ဝိညာဏ်၊ မကောင်းဘူး, ကောင်းတယ်လို့ပြောတာက ဝေဒနာစသည်တို့ကပြောသောကြောင့် ဝိညာဏ်သည် အကူအညီအထောက်အပံ့ဘက်က များတယ်ဆိုတာထင်ရှားရကား ဥပတ္ထမ္ဘကသတ္တိလည်း ရှိတယ်လို့မှတ်ရမယ်။ သို့ဖြစ်ပါ၍ ဋီကာကျော်ဆရာ

ဖွင့်ထားသော 'ဇနယသ္မောပိ' ဟူသော စကားသည် အလွန်တရာ ကောင်းတဲ့စကားပဲလို့ မှတ်ရမယ်။

ယခုကိုယ်တော်တို့ရှေ့မှာရှိတဲ့ ဘုရားကိုကြည်ညိုတာ ငါးဖြာပတိဋ္ဌိတတို့ဖြင့် ရှိခိုးခဲ့လို့ရှိရင် ငါတို့သည် ကေန်မုချ နတ်ရွာနိဗ္ဗာန်ကို ရောက်မှာပဲလို့ယုံကြည်တယ်။ ဤကဲ့သို့ ယုံကြည်သည်ဖြစ်၍ အစိန္တေယျ အပ္ပမေယျ စသည်တို့ဖြင့် ဝစီကံမှုတွေကိုပြုတာ၊ လက်အုပ်ချီမှုတွေကို ပြုတာဟာ ဘယ်သူ့ကြောင့်လို့ဆိုရင် စေတနာက တိုက်တွန်းနှိုးဆော်လို့ ဟုမှတ်ပါ။ ဤကဲ့သို့ စေတနာက သူ၏အစွမ်းသတ္တိတွေကို ပြလိုက်ပြန်တော့ ဖဿကလည်း ဟေ့စေတနာ… မင်းကဘယ်လိုပင်တိုက်တွန်းချင်ပေမဲ့လို့ ငါကတွေ့ထိမပေးခဲ့ရင် မင်းတို့ ဘယ်တော့မှ မတိုက်တွန်းနိုင်ပါဘူးကွာလို့ ဖဿကလည်း သူ၏အစွမ်းသတ္တိကို တစ်ဖန်ပြပေ၏ မှတ်။ ဖဿက တွေ့ထိ ဆက်သွယ်ပေးလို့သာ စေတနာကလည်း တိုက်တွန်းတတ်တယ်၊ ဝိညာဏ်ကလည်း သိတတ်တယ်လို့ မှတ်ပါ။ အကယ်၍ ဖဿကသာ မတွေ့ထိခဲ့လို့ရှိရင် သူတို့သည် အလုပ်တစ်ခုကို ပြီးမြောက်အောင်မလုပ်နိုင်ဘူးလို့မှတ်ပါ။

ဥပမာ - ဘုရားလောင်းမျောက်မင်းသည် ဒေဝဒတ်မျောက်မင်းနှင့်တကွသော မျောက်အပေါင်းတို့အား မြစ်တစ်ဘက်ကမ်းသို့ကူးနိုင်စေခြင်းငှာ မိမိ၏ခါးမှာ ကြိုးကိုချည်ပြီးသကာလ မိမိ၏ကိုယ်ပိုင်အစွမ်းဖြင့်ခုန်ကူး၍ ဟိုမှာဘက်ကမ်းနှင့် ဆက်သွယ်ပေးလိုက်မှသာ ထိုကြိုးအားဖြင့် ဒေဝဒတ်နှင့်တကွသော မျောက်အများတို့သည် ဟိုမှာဘက်ကမ်းသို့ ကူးနိုင်သလို၊ ဖဿ၏ ဆက်သွယ်မှုတည်းဟူသော သတ္တိကြောင့် စေတနာ, ဝိညာဏ်တို့မှာ ဝိညာဏ်ကလည်း ဘုရားမှန်း

သိ၏၊ စေတနာကလည်း ဘုရားကိုကြည်ညိုအောင်, ယုံကြည်အောင် တိုက်တွန်း၏၊ ကာယကံမှု, ဝစီကံမှုကိုဖြစ်စေ၏။ သို့ဖြစ်ပါ၍ သူတို့ သုံးဦးပေါင်းဆုံပြီးလုပ်မှ အလုပ်တစ်ခုဟာ ပြီးတယ်လို့ မှတ်ပါ။

ဒါ့ကြောင့် ရှိခိုးသောအခိုက်အတန့်၌ ပထမဇောမှာပါသော ဖဿ, စေတနာ, ဝိညာဏ်သည် နာမ်အာဟာရပစ္စည်း၊ ကျန် သမ္ပယုတ္တက္ခန္ဓာ လက်အုပ်ချီရုပ်တွေသည် ပစ္စယုပ္ပန်မှတ်ပါ။

ဖဿသည် ဦးစီးခေါင်းဆောင်လုပ်၍ အာရုံဓမ္မကိုတွေ့ထိနေတဲ့ အခါမှာ ဖဿသည် ပစ္စည်း၊ ကျန်နှစ်ပါးသော စေတနာ, ဝိညာဏ်တို့ သည် ပစ္စယုပ္ပန်လို့မှတ်။

စေတနာ, ဝိညာဏ်တို့သည် ဦးစီးခေါင်းဆောင်ပြုပြီး အာရုံဓမ္မ တွေကိုစေ့ဆော်ပြီးနေတဲ့အခါမှာ စေတနာ, ဝိညာဏ်သည် ပစ္စည်း၊ ဖဿသည် ပစ္စယုပ္ပန်လို့မှတ်။

သို့ဖြစ်ပါ၍ ၄င်းသုံးပါးတို့လည်း အချင်းချင်း ပစ္စည်း၊ ပစ္စယုပ္ပန် တပ်နိုင်တယ်လို့မှတ်ပါလေကုန်။ ဆရာတော် ဦးဝိမလ၏ အာဟာရ ပစ္စည်းချုပ်ပို့စဉ် ပြီး၏။

*အာဟာရပစ္စည်း ပြီးပါပြီ။*

# ကုန္ဒြိယပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။




၁၆။ တစ်တိုင်းပြည်တည်း၌ အထူးထူးသောဝန်ကို အုပ်ချုပ်အစိုးရသော မင်းမှူးမတ်တို့သည်
မိမိတို့ဆိုင်ရာ ပိုင်စိုးကြသကဲ့သို့သော ကုန္ဒြိယပစ္စည်းတရား သုံးပါး။

# ဣန္ဒြိယပစ္စည်း

## ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- (၃၁) ဘုံစလုံး၌ ဖြစ်နိုင်ပါသည်။

(တစ်နည်း)

ပုရေဇာတိန္ဒြိယသည် ပဉ္စဝေါကာရ (၂၆) ဘုံ၌သာ၊

ရူပဇီဝိတိန္ဒြိယသည် ပဉ္စဝေါကာရ (၂၆) ဘုံနှင့်
ဧကဝေါကာရဘုံအားဖြင့် (၂၇)ဘုံ၌၊

သဟဇာတိန္ဒြိယသည် ပဉ္စဝေါကာရ (၂၆) ဘုံ၊
စတုဝေါကာရ (၄) ဘုံအားဖြင့် ဘုံ (၃၀)၌
အသီးသီး ဖြစ်နိုင်ပါသည်။

## ၁၆။ ဣန္ဒြိယပစ္စည်းအစိမ့်ပွား

အာဟာရပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ဣန္ဒြိယပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'ဣန္ဒြိယပစ္စယော' ဟူသည်တည်း။

**ဣန္ဒြိယပစ္စယော** - အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) တစ်တိုင်းပြည်တည်း၌ အထူးထူးသောဝန်ကို အစိုးရသောမင်းတို့သည် အချင်းချင်းအစိုးရသောသတ္တိကို မဖြစ်မူ၍ မိမိတို့၏အရာ၌ အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ တစ်ပါးသောတရားတို့၏ အစိုးရခြင်းကို မဖြစ်မူ၍ မိမိတို့၏အရာ၌ အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### ဣန္ဒြိယပစ္စည်း သုံးချက်စု

**ဣန္ဒြိယပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ ဣန္ဒြိယပစ္စည်းသည် သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယအားဖြင့် သုံးပါးအပြား ရှိကုန်၏။

ထိုတွင် **သဟဇာတိန္ဒြိယ** ၌သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟုဆိုအပ်သော နာမ်ဣန္ဒြေတရား

ကိုယ်ရှစ်ပါး။ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း တပ်သော တရားမည်ကုန်၏။

စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

**ပုရေဇာတိန္ဒြိယ**၌သရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက် အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုကအားဖြင့် သုံးပါးသော စက္ခုဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ ရှေးဦးအစ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု၊ (လ)မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုကအားဖြင့် သုံးပါးသော ကာယဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ ရှေးဦးအစ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော ကာယ ဝတ္ထု။ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း တပ်သောတရား မည်ကုန်၏။

ဒွေးပဉ္စဝိညာဏ် (၁၀)၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခု။ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရား မည်ကုန်၏။

ဒွေးပဉ္စဝိညာဏ် တစ်ဆယ်ကြဉ်သော စိတ် တစ်ခုယုတ်ရှစ်ဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊

အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

**ရူပဇီဝိတိန္ဒြိယ** ၌သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် ပဝတ္တိပဋိသန္ဓေအားဖြင့် အလုံးစုံသော ရုပ်ဇီဝိတိန္ဒြေ။ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်း တပ်သောတရားမည်ကုန်၏။

ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ကိုးခု။ ဤတရား တို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်သည်လည်းကောင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့၌တည်သော ရုပ်ဇီဝိတိန္ဒြေသည်လည်းကောင်း။ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယ ပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။ (မိုင်းခိုင်းဆရာတော် အာဘော်တည်း။)

## ကမ္မိန္ဒြိယပစ္စည်း ချုပ်နည်း

'ကမ္မိန္ဒြိယပစ္စယော - အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း'ဟူ၍ သုံးချက်စုဆရာဆိုထားသောကြောင့် အစိုးရတယ်၊ အစိုးရတယ်လို့ဆိုရာမှာ အစိုးရတတ်တဲ့တရားက ငါအစိုးရ ခြင်းကို မင်းတို့ခံရမယ်၊ မခံမနေရဘူးဟော့လို့ဆိုပြီး အစိုးရတာကတစ်မျိုး၊ အစိုးရခြင်းကို ခံရတဲ့တရားက သူ၏အစိုးရခြင်းကို ခံပြီးနေသောကြောင့်

အစိုးရတာကတစ်မျိုးအားဖြင့် နှစ်မျိုးနှစ်စား ခွဲရမယ်လို့မှတ်ပါ။

တစ်နည်းအားဖြင့် အစိုးရတယ်ဆိုတာဟာ အကြောင်းတရား၏ အမည်ရင်းလား၊ အကျိုးတရားကြောင့်ရတဲ့ အမည်လားလို့ဆိုရင်၊ အကြောင်းတရားကြောင့်ရတဲ့အမည်လို့မှတ်။

ဥပမာ - စကြဝတေးမင်းသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရတဲ့နေရာမှာ အတိုင်းတိုင်းအပြည်ပြည်မှာရှိတဲ့မင်းများက အကျွန်ုပ်တို့အားအုပ်စိုးတော်မူပါလို့ လာပြီးတောင်းပန်သောကြောင့် အစိုးရတာလား၊ သို့တည်းမဟုတ် ပင်ကိုယ်ရင်းက ဘုန်းတန်ခိုးသတ္တိနဲ့ အစိုးရထိုက်လို့ အစိုးရတာလားလို့ဆိုရင်၊ သူ၏ပင်ကိုယ်ရင်းကပင် ဘုန်းတန်ခိုးသတ္တိနဲ့အစိုးရထိုက်လို့ အစိုးရတာလို့မှတ်ရမယ်။

မဟာသမ္မတမင်းများအစိုးရတာကတော့ မိမိတို့နေထိုင်ကြသော နေရာဌာနကြီးမှာ အုပ်စိုးတဲ့မင်းက မရှိလေတော့ ခိုးသားတွေက သောင်းကျန်းလာရကား ၄င်းနေရာဌာနမှာရှိတဲ့လူကြီးလူကောင်းများက တိုင်ပင်ပြီးသကာလ ဘုရားလောင်းတော်ကို မဟာသမ္မတမင်းရယ်လို့ ဆိုပြီး ဝိုင်းဝန်းပြီးတင်မြှောက်သောကြောင့် မင်း၏အဖြစ်သို့ရောက်ပြီး အစိုးရတယ်။

ဤကဲ့သို့အစိုးရတာ နှစ်မျိုးရှိရာတွင် ဣန္ဒြိယ၏အစိုးရခြင်းမှာ စကြဝတေးမင်းကဲ့သို့ပင်အစိုးရတာလား၊ သို့တည်းမဟုတ် မဟာသမ္မတ မင်း၏အစိုးရတာမျိုးကဲ့သို့ အစိုးရတာလားလို့ဆိုပါရင် "ဣန္ဒတိ အတ္တနော ဝသံ ဝတ္တေတီတိ ဣန္ဒြိယံ" ဟူသည်နှင့်အညီ မိမိ၏အလိုသို့လိုက်စေ သောအားဖြင့် အစိုးရတတ်သောကြောင့် ဣန္ဒြိယ၏အစိုးရခြင်းမှာ ပရမတ္ထသဘာဝဖြစ်၍ ဝေဒနာ၊ သညာစသည်များက ကျွန်တော်တို့ကို

လာပြီးအစိုးရလှည့်ပါလို့ မခေါ်ဘဲနဲ့အစိုးရသောကြောင့် စကြဝတေးမင်း၏အစိုးရသကဲ့သို့ အစိုးရတယ်လို့မှတ်ပါလေ။

ဘာ့ကြောင့်လဲလို့ဆိုပါရင် အစိုးရခြင်းကိုခံရမည့်အကျိုးတရားတွေက ပေါ်ပေါက်ပြီးနေလေသောကြောင့် အစိုးရတတ်တဲ့အကြောင်းတရားတွေကလည်း ကျွန်တော်မျိုးတို့ကို လာပြီးအစိုးရလှည့်ပါ၊ ကျွန်တော်တို့မှာ ကြီးမှူးအုပ်ချုပ်မည့်သူမရှိပါဘူးလို့ ပရမတ္ထဓမ္မတွေက မခေါ်သော်လည်း သူ၏ပင်ကိုယ်သဘောအားလျော်စွာ လာပြီးသကာလ အစိုးရသောကြောင့် စကြဝတေးမင်း၏အစိုးရသကဲ့သို့ အစိုးရတယ်လို့မှတ်ပါ။

(တစ်နည်း) **'ကုန္တတိ ပရမိဿရိယံ ကရောတီတိ ဝါ ကုန္တြိယံ'** ဟူသည့်အတိုင်း တစ်ပါးသောတရားတို့၏အစိုးရခြင်းကို မြစ်ပြီး သကာလ (တားမြစ်ပြီး) အစိုးရတတ်သောကြောင့်လည်း ကုန္တြိယလို့ မှတ်ပါလေ။ ဤကဲ့သို့ ပညတ်နဲ့စပ်သော ဥပမာဥပမေယျတွေနဲ့စပ်ဟပ် ပြီး၍ ယခုအခါ ပရမတ်အစစ်ဓာတ်အနှစ်တွေကို မိမိတို့ခန္ဓာကိုယ်မှာ ဖြစ်စဉ်တွေနဲ့ ကြည့်ပြီးသကာလ ပြကြဦးစို့ရဲ့။

အမိဝမ်းတွင်းက ထွက်ခါစဖြစ်တဲ့ သူငယ်၏စက္ခုနဲ့ အသက်ငါးဆယ်ခြောက်ဆယ်အရွယ်မှာရှိတဲ့ စက္ခုတို့မှာ ဘယ်သူက ကံနဲ့သာပြီးနီးပါသလဲလို့ဆိုရင် အမိဝမ်းတွင်းကထွက်စဖြစ်တဲ့ သူငယ်၏စက္ခုက ကံနဲ့သာပြီးနီးတယ်လို့မှတ်ပါ။

ငင်းသူငယ်၏စက္ခုမှာရှိတဲ့ ပသာဒရုပ်ကလေးသည် သူက ကြည်ကြည်လင်လင်ဖြစ်ခဲ့လို့ရှိပါရင်လည်း စက္ခုဝိညာဏ်ကလေးမှာ ကြည်လာရတာပါပဲတဲ့။ သူက မကြည်ခဲ့လို့ရှိရင် စက္ခုဝိညာဏ်ကလေး

မှာလည်း မကြည်လင်နိုင်ပါဘူးတဲ့။ ဤကဲ့သို့ နှံ့မှုထက်မှုအဖြစ်နဲ့ စက္ခုကလေးကို အစိုးရလာတာဟာ သူ၏ပင်ကိုယ်သဘောနဲ့ အစိုးရတာလို့မှတ်ပါ။ သူတစ်ပါးက တိုက်တွန်းနှိုးဆော်သောကြောင့် အစိုးရတာ မဟုတ်ဘူးလို့မှတ်ပါ။ ယခုကာလမှာ လက်ထောက်အရေးပိုင် ရာဇဝတ်အုပ်အစရှိတဲ့ ပုဂ္ဂိုလ်များကိုလည်း အစိုးရလို့ခေါ်၏။ အထက်အထက်က ဘုရင်ခံတွေကိုလည်း အစိုးရလို့ခေါ်ပါ၏။

သို့ဖြစ်ပါ၍ ယခုဣန္ဒြိယ၏အစိုးရခြင်းမှာ ဘယ်လိုအစိုးရခြင်း ပါနည်း။ မိမိတို့၏အထက်က အစိုးရသောသူရှိပြီးလျှင် အစိုးရပါသလား၊ သို့တည်းမဟုတ် မြန်မာပြည်၌အုပ်စိုးသောဘုရင်ခံသည် မြန်မာပြည်၏အမှုကိစ္စတွေကိုစီရင်တဲ့အခါမှာ တစ်ပါးသော အိန္ဒိယ၊ အင်္ဂလန်စသောဘုရင်များကို မတိုင်ပင်မနှီးနှောပါဘဲ၊ မိမိ၏အထက်က အုပ်စိုးတဲ့သူမထားဘဲ၊ မိမိတစ်ဦးတည်းသာ စီရင်ဆုံးဖြတ်အုပ်စိုးသကဲ့သို့ ထို့အတူ ဣန္ဒြိယပစ္စည်းမှာလည်း မိမိနဲ့သဟဇာတဖြစ်သော တရားများ အပေါ်၌ မိမိ၏အထက်က အုပ်စိုးတဲ့သူမရှိဘဲ သူ၏တစ်ဦးတည်းပိုင် အုပ်စိုးတယ်လို့မှတ်ပါ။

ဤကဲ့သို့အစိုးရသည်၏အဖြစ်ကို သက်သေသာဓက အာဂုမ် ယုတ္တိအားဖြင့် ထင်ရှားစွာပြပါလို့ဆိုရင် ဣန္ဒြိယပစ္စည်းမှာ "စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ (လ) ဣန္ဒြိယပစ္စယေန ပစ္စယော" ဟူ၍ ပစ္စယနိဒ္ဒေသပါဠိတော်မှာ ဘုရားဟောတော်မူထားသည်ကိုထောက်သော အားဖြင့်လည်း မိမိတို့နှင့်အတူတကွဖြစ်သော တရားများအပေါ်မှာ အသီးအသီး တစ်ဦးတည်းပိုင်အစိုးရတယ်လို့ဆိုတာဟာ ထင်ရှားပေ၏။

ဆရာရယ် ... ဒီနေရာမှာတော့ အစပထမက ဘုရားဟောတော်

မူထားကတည်းက သူ့ဒွါရနဲ့သူ တသီးတခြား ဟောတော်မူထားသည် ဖြစ်၍ သူတစ်ဦးတည်းပိုင် အစိုးရတယ်လို့ဆိုတာဟာ ရှိပါစေတော့။ သူ့ဒွါရနှင့်သူ တသီးတခြားမဟောသော နာမ်ဓမ္မတွေနဲ့ရုပ်တွေ ပူးပေါင်းပြီးနေတဲ့နေရာများမှာ ဘယ်လိုများအစိုးရသလဲလို့ဆိုရင် သမုစ္စည်းပိုင်းမှာ ပဉ္စိန္ဒြေကိုဟောထားသည်ကို ထောက်၍ကြည့်ရမည်။ အဘယ်ကဲ့သို့ ကြည့်ရမလဲဆိုရင် သဒ္ဓိန္ဒြေကလေးသည် ပထဝီကလေးတစ်ခုကို ရှုဆင်ခြင်တဲ့အခါမှာ ဒီတရားဟာဖြင့် ပထဝီပဲလို့ ယုံကြည်၏။ သတိကလေးကလည်း ပထဝီပဲလို့မှတ်၏။ ဝီရိယကလည်း ငါဖြင့် ဒီပထဝီကလေးကို မသိ, သိအောင်အားထုတ်မယ်လို့ဆိုပြီး အားထုတ်၏၊ (လ) ပညိန္ဒြေကလည်း ၎င်းပထဝီကိုပင် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့်ရှု၏။ သို့ဖြစ်၍ ကျန်တဲ့ဓမ္မတွေသည် ၎င်းဣန္ဒြေငါးပါး၏ အစိုးရခြင်းကိုသာခံနေရ၏။

ဒီလိုသဒ္ဓိန္ဒြေက ပထဝီကလေးကို ဒီဓမ္မဟာဖြင့် ဘုရားဟောတော်မူထားတာ ဧကန်မုချပထဝီပဲလို့ ယုံကြည်နေတဲ့အခါမှာ ကျန်သော သမ္ပယုတ္တဓမ္မတွေကလည်း သူကအစိုးရနေသည်ဖြစ်၍ ၎င်းသဒ္ဓါ ယုံကြည်နေသော ပထဝီကိုပင် သူတို့ကလည်း လိုက်ပြီးယုံကြည်ရတယ် မှတ်။ ကျန်တဲ့သတိန္ဒြေ စသည်များကတော့ သဒ္ဓိန္ဒြေရယ် မင်းမအုပ်စိုးပါနဲ့ဦးလို့များတားမြစ်နေပါသလားလို့ဆိုရင် မတားမြစ်ပါဘူးတဲ့။ မိမိတို့၏ ကိစ္စနဲ့ မိမိတို့အစိုးရကြ၏။ သူ၏အထက်ကအစိုးရတဲ့တရား မရှိဘူးလို့ မှတ်ပါလေ။

(တစ်နည်း) "ဣဿရိယဋ္ဌေန ဥပကာရကော ဓမ္မော ဣန္ဒြိယပစ္စယော" ဟူသည်နှင့်အညီ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်

သောတရားသည် ဣန္ဒြိယပစ္စည်း မည်တယ်လို့မှတ်ပါ။ ဤကား ပဋ္ဌာန်းနည်းအားဖြင့် ပရမတ္ထတရားအချင်းချင်း အစိုးရပုံလို့မှတ်ပါ။ အဘိဓမ္မာနည်းအားဖြင့် လိုက်ပြီးစိစစ်လိုက်ခဲ့လို့ရှိရင် ပရမတ္ထတရားတို့ မည်သည်မှာ ဓမ္မတစ်ခုက ဓမ္မတစ်ခုကို အစိုးရတယ်လို့ဆိုတာဟာ အလွန်တရာမှပဲခဲယဉ်းပါတယ်တဲ့။ ဘာ့ကြောင့်လဲလို့ဆိုရင် အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာနဲ့ ရှုဆင်ခြင်လို့ရှိရင် တရားတစ်ပါးက တရားတစ်ပါးကို အစိုးရတယ်လို့ဆိုတာဟာ မရှိသောကြောင့်မှတ်ပါ။

ဋင်းဣန္ဒြိယပစ္စည်း၏ အစိုးရပုံမှာ ဇနကသတ္တိဖြင့်လည်း အစိုးရခြင်းတစ်ပါး၊ ဥပတ္ထမ္ဘကသတ္တိဖြင့်လည်း အစိုးရခြင်းတစ်ပါး၊ အနုပါလကသတ္တိဖြင့်လည်း အစိုးရခြင်းတစ်ပါးအားဖြင့် သုံးမျိုးသုံးစား ရှိရာတွင် တစ်ပါးပါးဖြင့်အစိုးရခဲ့ပါလျှင်လည်း ဣန္ဒြိယအစိုးရတာပဲလို့ မှတ်ပါ။ ဒါ့ကြောင့် -

**စက္ခုဝိညာဏဒိပ္ပဝတ္တိယဥ္စ စက္ခာဒီနံ သိဒ္ဓမာဓိပစ္စံ တသ္မိံ**
**တိက္ခေ တိက္ခတ္တာ မန္ဒေ စ မန္ဒတ္တာတိ** - ဟူ၍

သမ္မောဟဝိနောဒနီအဋ္ဌကထာမှာဆိုထားသည်ကို ထောက်ဆသော အားဖြင့် အရွယ်ကြီးရင့်၍မျက်စိမွဲတာဟာ စက္ခုပသာဒကလေး၏ နုံ့သောကြောင့် မွဲတာလို့မှတ်ပါ။ အရွယ်အလယ်အလတ်ဖြစ်၍ မျက်စိ ကြည်ကြည်လင်လင်ရှိရခြင်းမှာ စက္ခုပသာဒကလေး၏ ထက်သော ကြောင့်ဟူ၍မှတ်ပါ။

ကြည့်လိုတဲ့စိတ်ကလေးကတော့ ကြီးသည်ငယ်သည်ဟူ၍ ပဓာနမထားဘဲ ကြည်ကြည်လင်လင် မြင်ရတဲ့သူချည်းပဲလို့မှတ်။ သို့ပါသော်လည်း စက္ခုပသာဒရုပ်ကလေးက သူနုံ့လျှင်နုံ့၊ သူထက်လျှင်

ထက်၊ စက္ခုဝိညာဏ်ကလေးမှာနဲ့ရ၊ ထက်ရပါသောကြောင့် ၄င်း စက္ခုပသာဒက ဥပတ္ထမ္ဘကသတ္တိနဲ့ ထောက်ပံ့ကူညီနေတယ်လို့ ဆိုတာဟာ အလွန်တရာထင်ရှားပေါ်လွင်တယ်လို့မှတ်ပါ။

ဥပမာ - မှန်ပြောင်းတစ်ခုဖြင့် အဝေးကဝတ္ထုကိုကြည့်ရှုတဲ့အခါမှာ ၄င်းမှန်ပြောင်းဖြင့်ကြည့်မှုကြောင့် အဝေးကဝတ္ထုကို ထင်ထင်ရှားရှား မြင်နိုင်၏။ ၄င်းမှန်ပြောင်းဖြင့်မကြည့်ခဲ့လို့ရှိပါရင် သူ၏အကူအညီမရသဖြင့် ညံ့သည်ဖြစ်၍ အဝေးကဝတ္ထုကို ကောင်းကောင်းမမြင်ရသကဲ့သို့ စက္ခုပသာဒ၏နှံ့မှုထက်မှုအဖြစ်ဖြင့် သူ၏အစိုးရပုံကို စပ်ဟပ်၍ယူပါလေကုန်။

ယခုကိုယ်တော်သည် အောက်ကဖျာပေါ်မှာ လက်ထောက်ပြီး နေရတာ မနာဘူးလားလို့ဆိုရင် နာပေ၏။ ဤကဲ့သို့နာသည်မှာ လက်က နာတယ်၊ တံတောင်ဆစ်ကနာတယ်လို့ ပြောသည်မှာ ရုပ်တရားက ပြောသည်မဟုတ်။ ရုပ်တရားသည် အနာရမ္မဏတရားဖြစ်၍ နာသည် ဟူ၍မပြောတတ်။ နာတယ်လို့ဆိုသည်မှာ ဝေဒနာကသာနာတယ်လို့ ပြောတယ်မှတ်။ သို့သော်လည်း ၄င်းတရားကြီးမှာ ဝေဒနာ၏ကြီးမှူး အုပ်စိုးခြင်းကို ရုပ်တရားသည်ခံနေရပါသောကြောင့် ဝေဒနာက ဟော့ ရုပ်တရားတွေ ငါနာရင်မင်းတို့နာကြ၊ ငါမနာရင်မင်းတို့လည်း မနာကြနဲ့လို့ ဆိုပြီး ၄င်းဝေဒနာကကြီးမှူး အုပ်စိုးနေသောကြောင့် ၄င်းရုပ်ခန္ဓာကြီးမှာ ကြာကြာထောက်ထားပါရင် အဖုအပိန့်ကြီးများ ပေါ်ပေါက်လာလောက် အောင် နာရတယ်လို့မှတ်ပါ။

ဒါ့ကြောင့် ဝေဒနာသည် ဣန္ဒြိယပစ္စည်း၊ ကာယဝိညာဏ်ဒွေး, သမ္ပဋိစ္ဆိုသာဓာရဏ စေတသိက်ခုနစ်ခုသည် ဣန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်

မှတ်ပါ။

ငှင်းနာတတ်တဲ့ဝေဒနာကလေးသည် ချုပ်ပျောက်ပျက်စီးသွားသော်လည်း ကျန်တဲ့အနာရုပ်ကလေးတွေမှာ အနာဖေးကမကွာသေးသောကြောင့် ဘုတ်အဆက်ဆက်အားဖြင့် နာနေတယ်လို့မှတ်ပါ။ ငှင်းအနာရုပ်ကလေးဟာလည်း ဝေဒနာနဲ့ကောကင်းပါသလားလို့ဆိုရင် မကင်းဘူးလို့မှတ်ပါ။ ဒီလိုထောက်ပံ့ကူညီသည်ကိုပင် ဥပတ္ထမ္ဘကသတ္တိနဲ့ အစိုးရတယ်လို့မှတ်။

ငှင်းသဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခုထဲမှာ ဣန္ဒြေထိုက်တဲ့တရား ဘယ်လောက်ပါပါသလဲဆိုရင် ဝေဒနာ, ဧကဂ္ဂတာ, စိတ္တ, ဇီဝိတိန္ဒြေအားဖြင့် လေးပါးပါတယ်လို့မှတ်။ သို့ဖြစ်ပါ၍ ဤကဲ့သို့ လက်ထောက်နေတဲ့အခိုက်အတန့်မှာ သူတို့လေးပါးကအစိုးရနေတယ်လို့မှတ်ပါ။ ငှင်းအစိုးရတဲ့ဓမ္မထဲမှာ ဝေဒနာကတော့ ဤကဲ့သို့ လက်ထောက်ခြင်းကြောင့်ဖြစ်တဲ့ နာကျင်ခြင်းကို ခံစားပြီးနေတဲ့အခါမှာ သူနဲ့ အတူတကွဖြစ်တဲ့ သမ္ပယုတ္တဓမ္မ၊ ရုပ်ဓမ္မတွေကလည်း ဝေဒနာနဲ့ အတူတကွလိုက်ပြီး နာနေတာပါပဲတဲ့။ ဧကဂ္ဂတာကတော့ ငါတော့ ဒီနာတဲ့နေရာမှာပဲ တည်တည်ကြည်ကြည်နေမယ်ဆိုပြီး ငှင်းနာတဲ့နေရာမှာပဲ တည်တည်ကြည်ကြည်နေတဲ့အခါမှာ ကျန်တဲ့ဓမ္မတွေကလည်း ငှင်းနေရာမှာပဲ ဧကဂ္ဂတာနဲ့ အတူတကွဖြစ်ကြရ၏။ ဇီဝိတကတော့ ငှင်းဓမ္မတွေကို ငါတို့တော့ဖြင့်ဟော့··· နာရင်လည်း အတူပဲကွ၊ မနာရင်လည်း အတူပဲကွဆိုပြီး သူနဲ့အတူတကွဖြစ်တဲ့နာမ်ဓမ္မ, ရုပ်ဓမ္မတွေကို မကွဲမပြားမပုပ်မသိုးရအောင် စောင့်ရှောက်အုပ်စိုးပြီး နေတယ်လို့မှတ်ပါ။

ဒါ့ကြောင့် ဋီကာကျော်ဆရာဖွင့်ထားသော **'တေသု တေသု ကိစ္စေသု'** ဟူသောစကားသည် အလွန်တရာမှပဲကောင်းတဲ့စကား အနှစ်သာရပြည့်စုံတဲ့စကားလို့မှတ်ပါ။

အကြင်ပုဂ္ဂိုလ်သည် လက်တောက်၍နာကျင်လိုလတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ဏ၊ ဝု၊ ဒေါသဇော ခုနစ်ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်ဖြစ်၍ ချုပ်၏။ ဤဝီထိအခိုက်အတန့်မှာ ဒေါသဇော၌ပါသော ဝေဒနာ, စေတနာ, ဇီဝိတတို့သည် ဣန္ဒြိယ ပစ္စည်း၊ ကျန်သောသမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။

တပည့်တော်တို့ ကိုယ်တော်တို့သန္တာန်မှာ ဇီဝိတမရှိလျှင် ဘယ်လို ခေါ်ကြပါသလဲလို့ဆိုရင် သေတယ်လို့ခေါ်ကြ၏။ ဇီဝိတရှိနေတုန်းကို တော့ ရှင်သောသူ လူရှင်ရယ်လို့ခေါ်ကြ၏။ ဘာ့ကြောင့်လဲလို့ဆိုရင် ကမ္မဇကလာပ်တွေထဲမှာလိုက်ပြီးကြည့်ပါ။ ဇီဝိတမပါတဲ့ကလာပ်များ ရှိသေးပါသလားလို့ဆိုရင် မရှိဘူးလို့မှတ်ပါ။ ဒါ့ကြောင့် သေတယ်လို့ ခေါ်ရခြင်းတည်းဟူသောပညတ်ကို ပျောက်သွားရအောင်၊ လူရှင်တည်း ဟူသော အမည်ပညတ်ပေါ်လာရအောင်၊ ၎င်းဇီဝိတကစောင့်ရှောက် အစိုးရသောကြောင့်ဟုမှတ်ပါ။ ဒါ့ကြောင့် နာမရူပပရိစ္ဆေဒကျမ်း၌ -

**အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။**

**အပဝိဒ္ဓေါ တဒါ သေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ။** - ဟု ဆိုထား၏။

ကမ္မဇကလာပ်ကိုးစည်းရှိ၏။ တစ်စည်းတစ်စည်း၌ ရုပ်ဇီဝိတ ပါ၏။ အကယ်၍ ရုပ်ဇီဝိတမရှိပါက ဖွဲထင်းတုံးကဲ့သို့ ဘာမျှအသုံးမကျ

တော့ဘဲ စွန့်ပစ်ရာ၏။ ဒါ့ကြောင့် ကမ္မဇကလာပ်ကိုးစည်းမှာ တစ်စည်း တစ်စည်း၌ ဇီဝိတပါ၏။ သို့ဖြစ်ပါ၍ ဇီဝိတက မပုပ်မသိုးရအောင် စောင့်ရှောက်လို့ မပုပ်မသိုးတာမှတ်ပါ။ သို့ဖြစ်၍ ကမ္မဇရုပ်မှန်က ဇီဝိတ ပါတာချည်းပဲမှတ်ပါ။ ကမ္မဇရုပ်ချုပ်သွားပါက သေတယ်လို့ ပြောကြ တယ်ဟုမှတ်ပါ။ ထို့ကြောင့် **"ကမ္မဇရူပဝိစ္ဆေဒေ ဟိ မတောတိ ဝုစ္စတိ"**-ဟုဋီကာကျော်မိန့်ဆိုသည်မှတ်ပါလေ။

ကမ္မဇကလာပ်ကိုးစည်းတို့တွင် စက္ခုဒသကကလာပ်၌ ဇီဝိတ ပါ၏။ ၎င်းဇီဝိတသည် မကွဲရအောင်၊ မသေရအောင်၊ မပုပ်ရအောင်၊ မသိုးရအောင် ဇီဝိတကစောင့်ရှောက်၏။ ဇီဝိတကစောင့်ရှောက်လို့သာ ရှင်နေတာမှတ်။ ၎င်းကမ္မဇရုပ်ကလေးသည် ဒွါရနှင့်ကော အတိုက်မခံနိုင် ဘူးလားဆိုရင် အတိုက်ခံနိုင်၏။ ဤကဲ့သို့အတိုက်ခံနိုင်ခြင်းသည် ဇီဝိတ ရှိလို့ဟုမှတ်ပါ။ မရှိပါက ပုပ်သိုးရာ၏။ ဇီဝိတရှိလို့ မပုပ်ရမသိုးရ မသေရဘူး။ မပုပ်ရအောင် မသေရအောင် ဇီဝိတကစောင့်ရှောက်ထားလို့ မှတ်ပါ။

စက္ခုဒသကကလာပ်ထဲမှာပါသော ပထဝီသည် ခက်မာ၏။ ၎င်းခက်မာတဲ့ပထဝီက ပျော့တဲ့ပထဝီဖြစ်ရဲ့လားလို့ဆိုရင် မဖြစ်ဘူးလို့ မှတ်ပါ။ ဤကဲ့သို့မဖြစ်ရခြင်းဟာ ဘယ်သူ့ကြောင့်လဲလို့ဆိုရင် ဇီဝိတက စောင့်ရှောက်လို့ဟုမှတ်ပါ။ ဇီဝိတမရှိက ပျော့ခွေသွားရမည်မှတ်ပါ။ မပျော့မှုသည် ဇီဝိတကစောင့်ရှောက်လို့ဟုမှတ်။ ရုပ်ကလာပ်တွေ မကွဲမကွာရအောင်ဖွဲ့စည်းထားတာသည် အာပေါပါပဲတဲ့။ သူသည် ဒီလို ဖွဲ့စည်းနိုင်တာလည်း ဇီဝိတကစောင့်ရှောက်လို့ ဖွဲ့စည်းနိုင်တာမှတ်။

တေဇောမှာလည်း ပူတဲ့တေဇောဖြစ်အောင်၊ အေးတဲ့တေဇောသို့ မရောက်အောင်ဟာလည်း ဇီဝိတကစောင့်ရှောက်လို့မှတ်။ ဝါယောမှာလည်း ထောက်ကန်ခြင်းကို သူသည် အလုပ်လုပ်နေတဲ့အခါမှာ ၎င်းထောက်ကန်မှုကလေးကိုမပျက်ရအောင်၊ အစဉ်မပြတ်ထောက်ကန်နိုင်အောင်ကိုလည်း ဇီဝိတကပင်စောင့်ရှောက်လို့ဟုမှတ်။

ဝဏ္ဏရုပ်ကလေးသည်လည်း မိမိမှာ ဖြူတဲ့အဆင်းဖြစ်နေတဲ့အခါမှာ မည်းတဲ့အဆင်းတည်းဟူသော ကြည့်မကောင်းရှုမကောင်း မဖြစ်ရအောင်ကိုလည်း ဇီဝိတကပင်စောင့်ရှောက်ရသည်မှတ်။ ဒီလိုကလာပ်ကလေးတွေ အသီးအသီးပေါ်လာရအောင်ဟာ ဘယ်သူကလုပ်ပေးလို့လည်းလို့ဆိုရင် ကံကလုပ်ပေးလို့၊ ကံကပြုပြင်ပေးလို့ဟုမှတ်။ ဤကဲ့သို့ဖြစ်ပေါ်လာတဲ့ကလာပ်ကလေးတွေကို မပျောက်မပျက် မပုပ်မသိုးရအောင်စောင့်ရှောက်ထားတာကတော့ ဇီဝိတဟုမှတ်။

ဥပမာ - နွားနို့သည် ညစ်စတုန်းကတော့ အလွန်တရာချို၏။ နောက် နှစ်နာရီသုံးနာရီလောက်ကြာတဲ့အခါမှာ ချဉ်စုတ်ပြီးသကာလ ပုပ်သိုးသွားပေ၏။ ဒါဟာဘာ့ကြောင့်လဲဆိုရင် မပုပ်မသိုးရအောင် စောင့်ရှောက်တတ်သော ဇီဝိတမရှိလို့မှတ်ပါလေ။

မြတ်စွာဘုရားသခင်ကတော့ "ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ" လို့ဟောထားသည်ကိုထောက်ပါသဖြင့် ကမ္မဇရုပ်ထဲမှာပါတဲ့ဇီဝိတကသာ ၎င်းကမ္မဇကလာပ်ကိုးစည်းကို စောင့်ရှောက်တယ်ဟူ၍ အဓိပ္ပာယ်ရောက်နေ၏။ ဒီလိုဆိုခဲ့ပါရင် ကျန်သောဥတုဇကလာပ်, စိတ္တဇကလာပ်, အာဟာရဇကလာပ်များမှာ မပုပ်မသိုးဘဲနေကြသည်မှာ ဘယ်သူက

စောင့်ရှောက်ထားပါသလဲလို့ဆိုရင် ကမ္မဇကလာပ်များကိုတော့ ဇနက၊ ဥပတ္ထမ္ဘက၊ အနုပါလကသတ္တိနဲ့စောင့်ရှောက်၏။ ဤဥတုဇ, စိတ္တဇ, အာဟာရဇကလာပ်များကိုတော့ ဥပတ္ထမ္ဘကသတ္တိနဲ့စောင့်ရှောက်တယ် ဟူ၍မှတ်။ ဤကဲ့သို့စောင့်ရှောက်သောကြောင့်သာ မပုပ်မသိုးဘဲနေနိုင်တယ်လို့မှတ်ပါ။ ထို့ကြောင့် ကျန်တဲ့ဥတုဇ, အာဟာရဇ, စိတ္တဇကလာပ်များကိုတော့ ဥပတ္ထမ္ဘကသဘောနဲ့စောင့်ရှောက်သေးတယ်လို့ယူပါလေ။ ဒါ့ကြောင့် ဣန္ဒြိယအစိုးရသည်မှာ ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိ၊ အနုပါလကသတ္တိနဲ့အစိုးရမှသာ အသုံးချရမည်။ အပြင်ဘက်ကဖြစ်တဲ့ ဓမ္မများကိုတော့ အသုံးမချနိုင်ဘူးလို့မှတ်ပါလေ။

ဤသို့ဖြစ်ပါ၍ ဇနက၊ ဥပတ္ထမ္ဘက၊ အနုပါလကအားဖြင့် သုံးသတ္တိနဲ့အစိုးရတဲ့ဓမ္မကိုသာ ဟောထားရကား ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ တို့မှာတော့ ၄င်းသုံးပါးထဲသို့သွင်း၍မရသောကြောင့် ပဋ္ဌာန်းကျမ်း ဣန္ဒြိယပစ္စည်းမှာထည့်စွက်၍ ဘုရားမဟောဘူးမှတ်ပါ။ ဒီလိုဆိုပါရင် ဤပဋ္ဌာန်းကျမ်းမှာသာ ၄င်းသုံးပါးထဲသို့မသွင်းနိုင်သောကြောင့် မဟောခဲ့ပါလျှင် အဘယ့်ကြောင့် ယမိုက်ကျမ်းမှာတော့ ၄င်းဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ များကို ဘုရားသခင်ဟောထားပါသလဲ။ ဤပဋ္ဌာန်းကျမ်းကိုဟောတော်မူတာလည်း ဒီဘုရားပါပဲ၊ ယမိုက်ကျမ်းကိုဟောတာလည်း ဒီဘုရားပင် ဖြစ်ပါသောကြောင့် ဒီလိုဆိုရင် ဒီနေရာမှာဘယ်လိုယူရမလဲ။

ဘုရားရှင်တို့မည်သည်မှာ ပရမတ္ထဓမ္မ၌လည်းလိမ္မာတော်မူ၏။ ပညတ်ဓမ္မ၌လည်း လိမ္မာတော်မူ၏။ ပညတ်တရားကိုလည်း မပယ်။ အကယ်၍ ပညတ်တရားကိုပယ်ခဲ့လို့ရှိရင် မြတ်စွာဘုရားသည်

မင်္ဂလာတရားကိုဟောတော်မမူရာ။ သို့ဖြစ်ပါသောကြောင့် ပညတ်အားဖြင့်ကုန္ဒြေထိုက်ခဲ့လို့ရှိရင်လည်း ဟောရသောကြောင့်လည်းကောင်း၊ ယမိုက်ကျမ်းမှာ ဘုရားဟောတော်မူထားသည်မှာ နိယာမသဘောကို သိစေလိုသောကြောင့်လည်းကောင်း၊ ဟောတော်မူတယ်လို့မှတ်ပါလေ။ ၎င်းဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့ကို ဣန္ဒြိယပစ္စည်းမှာမဟောရခြင်းကို ထင်စွာပြဦးအံ့-

အတိတ်ကပစ်ချလိုက်သောကံကြောင့် ဣတ္ထိနိမိတ္တကလေးသည် ပေါ်ပေါက်လာရ၏။ ၎င်းနောက် ခြေချောင်းလက်ချောင်းကလေးများ၏ သေးသွယ်မှု၊ သနပ်ခါးပန်းမာလ်တို့ကို လိမ်းကျံမှု၊ အိုးငယ်ခွက်ငယ်တို့နှင့်ကစားမှုတွေ ပေါ်လာ၏။ ၎င်းဣတ္ထိအာကပ္ပစသည်များမှာ ပဋိသန္ဓေအခိုက်အတန့်မှာတော့မပေါ်သေးရကား ဣတ္ထိနိမိတ္တနဲ့မစပ်ပါဘဲ ကွဲပြားနေသောကြောင့် သူသည် အစိုးမရသည်ဖြစ်၍ ဤပဋ္ဌာန်းကျမ်း ဣန္ဒြိယပစ္စည်းမှာ မဟောဘူးလို့မှတ်ပါ။

ဒီလိုဆိုခဲ့ပါရင် ၎င်းဣတ္ထိအာကပ္ပစသည်များမှာ ဤဣတ္ထိနိမိတ္တနဲ့ကင်းပါသလားလို့ဆိုရင် မကင်းဘူးလို့မှတ်ပါ။ သို့သော်လည်း ဤဣန္ဒြိယအစိုးရတဲ့အထဲမှာ သဟဇာတထဲကိုကောသွင်း၍ရပါ သလားလို့ဆိုရင် မရပါဘူးတဲ့။ ဒါကြောင့် ဝိနိမုတ္တဖြစ်ရကား ဤပဋ္ဌာန်းကျမ်းမှာ မဟောဘူးလို့မှတ်ပါ။ '**တေသု တေသု ကိစ္စေသု ပစ္စယုပ္ပန္နေဓမ္မေ**' ဟူ၍ ဋီကာကျော်ဆိုသည်နှင့်အညီ အကျိုးတရားရှိသလောက် အကြောင်းတရားကလိုက်၍ကျေးဇူးပြုခြင်းကိုပင် ဣန္ဒြိယသတ္တိဟူ၍မှတ်။

(တစ်နည်း) အကျိုးဖြစ်တဲ့တရားများက အကြောင်းဖြစ်တဲ့ တရားများ၏အလိုသို့လိုက်သည်ကိုပင် ဣန္ဒြိယဟူ၍မှတ်ပါ။ ဤကဲ့သို့

ဋီကာကျော်ဆရာဆိုသောစကားသည် ဟုတ်လေရော့သလား၊ မဟုတ်လေ ရော့သလားဟူ၍ မေးဖွယ်ရာရှိသောကြောင့် ကိုယ်တော်တို့သည် စာကို ရွတ်ဆိုတဲ့အခါမှာ မမှားမယွင်းရအောင်ရွတ်နိုင်ရခြင်းမှာ အဘယ့်ကြောင့် ပါလဲလို့ဆိုရင် သတိကြောင့်လို့မှတ်ပါ။ ယခုရွတ်နေတဲ့အခါမှာ ၄င်းဓမ္မ ဟာဖြင့် ဘုရားဟောတဲ့ဓမ္မပဲလို့ သဒ္ဓါကလည်းယုံကြည်ပါ၏။ ဝီရိယက လည်း ၄င်းစာကိုရွတ်ရအောင်အားထုတ်၏။ ဝေဒနာကလည်း ၄င်းစာ တည်းဟူသောအာရုံဓမ္မကို ခံစား၏။ စိတ်ကလည်း ၄င်းအာရုံဓမ္မ၌ ညွတ်၏။ ဧကဂ္ဂတာကလည်း ၄င်းစာတည်းဟူသော ဓမ္မမှ တစ်ပါး တခြားသော အာရုံဓမ္မအပေါ်သို့မသွားရအောင် တည်တည်ကြည်ကြည် ဖြစ်တယ်လို့မှတ်။ ဤကဲ့သို့ သူ့တာဝန်နဲ့သူ သူ့ဓမ္မနဲ့သူ အရာ၌အန အားလျော်စွာအစိုးရသည်ကိုပင် 'တေသု တေသု ကိစ္စေသု' ဟုဆိုတယ် မှတ်ပါ။

'တေသု ကိစ္စေသု' ဟူ၍တစ်ကြိမ်တည်းမဆိုဘဲနဲ့ ဋီကာကျော် ဆရာသည် ဝိစ္ဆာအနက်ကိုဆိုတော်မူရခြင်းမှာ တစ်ခုသောအကျိုးတရား အပေါ်မှာ အကြောင်းတရားတို့က တစ်ပါးမက များစွာဖြစ်ပေါ်ရခြင်းကို စွဲ၍ဆိုသည်မှတ်။

အကြင်ပုဂ္ဂိုလ်သည် ဣန္ဒြိယပစ္စည်းကို မှန်မှန်ကန်ကန်ရွတ်ဆိုလို လတ်သော် -

ဘဝင်၊ တီ၊ န၊ ဒ၊ ပ၊ ကာ၊ သံ၊ ဏ၊ ၀၊ ပညာပြဋ္ဌာန်းသော မဟာကုသိုလ်ဇော ခုနစ်ကြိမ်၊ တဒါရုံ နှစ်ကြိမ်၊ ဘဝင် (လ) ၏။ ဤဝီထိ၌ ပထမဇောထဲမှာပါသောဇီဝိတသည် ၄င်းပထမဇောမှာရှိတဲ့

သမ္ပယုတ္တဓမ္မတွေကိုစောင့်ရှောက်၏။ စာဆိုနေတဲ့အခါမှာ ဝေဒနာက လည်း ဝမ်းမြောက်ဝမ်းသာဖြစ်၏။ သဒ္ဓါကလည်း ၄င်းသမ္ပယုတ္တဓမ္မ တွေကို ယုံကြည်၏။ စိတ်ကလည်း သမ္ပယုတ္တဓမ္မတွေကို ညွှတ်စေ၏။ ဝီရိယကလည်း အားထုတ်၏။ သတိကလည်း မမှားမယွင်းရအောင် အားထုတ်၏။ ဧကဂ္ဂတာကလည်း သမ္ပယုတ္တဓမ္မတွေကို တည်တည် ကြည်ကြည်ဖြစ်အောင်အားထုတ်၏။ သို့ဖြစ်ပါ၍ ၄င်းဓမ္မတွေသည် မိမိတို့၏ကိစ္စအားလျော်စွာ ဝန်ကိုထမ်းကြတယ်ဟုမှတ်။

ဤဇီဝိတစသည်မှတစ်ပါးသော သမ္ပယုတ္တဓမ္မတွေမရှိဘူးလား ဆိုပါရင် ရှိပါတယ်လို့မှတ်ရမယ်။ သညာကလည်း ၄င်းသမ္ပယုတ္တဓမ္မ တွေကို မှတ်တာပါပဲတဲ့။ ဝေဒနာကလည်း ခံစားတာပါပဲတဲ့။ သင်္ခါရ ကလည်း ၄င်းသမ္ပယုတ္တဓမ္မတွေကို ပြုပြင်တာပါပဲတဲ့။ ဝိညာဏ်ကလည်း ၄င်းသမ္ပယုတ္တဓမ္မတွေဟာဖြင့် ဘုရားဟောတော်မူတဲ့ပရမတ္ထဓမ္မတွေပဲလို့ သိတာပါပဲတဲ့။ ဒါ့ကြောင့် အကျိုးဓမ္မတစ်ခုတည်းကိုပင် အကြောင်းဓမ္မ တွေက ရှစ်ခါလောက်ရ၏။ ၄င်းရှစ်မျိုးတို့၏ဩဇာပေးသမျှကို ခံနေ ရကား သူတို့မှာဖြင့် အားရတယ်လို့မရှိပါဘူးတဲ့။ ဤကဲ့သို့ ထိုက်သည့် အားလျော်စွာ ဣန္ဒြိယထိုက်တဲ့တရား သုံးပါးပါရင်လည်း သုံးပါးတို့၏ အအုပ်အစိုးကိုခံရ၏၊ လေးပါးပါရင်လည်း လေးပါးတို့၏ ကြီးမှူး အုပ်စိုးမှုကိုခံရတယ်၊ ဩဇာပေးမှုကိုခံရတယ်လို့ဆိုတာမှတ်ကြပေတော့။

သို့ဖြစ်၍ စာဆိုသောအခိုက်အတန့်၌ ပထမဈာန်မှာပါသော ဇီဝိတ, စိတ်, ဝေဒနာ, (လ) ဧကဂ္ဂတာသည် သဟဇာတိန္ဒြိယပစ္စည်း၊ ကျန်သောသမ္ပယုတ္တဓမ္မတွေသည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန် လို့မှတ်ပါ။

ကိုယ်တော်တို့ ပဋ္ဌာန်းဓမ္မတွေကိုရွတ်ဆိုတဲ့အခါမှာ မှားသွားတာ သိရဲ့လား။ ဘယ်သူ့ကြောင့်လဲဆိုရင် သတိ၏ပေါ့လျော့မှုကြောင့်လို့ ဆိုတာမှတ်ပါ။ မှန်မှန်ကန်ကန် ရွတ်ဆိုနိုင်ခြင်းကတော့ သတိက စောင့်ရှောက်နေလို့၊ သတိက အုပ်စိုးနေလို့ဟု မှတ်ပါလေ။ ဒါ့ကြောင့် စာကို မှန်မှန်ကန်ကန်ရွတ်ဆိုနိုင်တာလည်း ဣန္ဒြိယပစ္စည်းကြောင့်ဟု မှတ်ပါ။

(တစ်နည်း) ယခု စာတက်ရအောင် လှေခါးကို တက်လာတဲ့ အခါမှာ တစ်ထစ်က တစ်ထစ်ကို မကျော်ပါဘဲ မှန်မှန်ကန်ကန်တက်နိုင် တာလည်း ဘယ်သူ၏သတ္တိကြောင့်လည်းဆိုရင် သတိကလေးကြောင့် ပါပဲတဲ့။ အကယ်၍ သတိကလေးကသာ မစောင့်ရှောက်ဘူးလို့ဆိုရင် လှေခါးကို တက်တာတောင် မှန်မှန်မတက်နိုင်ဘဲ တစ်ထစ်နှစ်ထစ်ကို ကျော်ပြီးတက်မိမှာပါပဲတဲ့။

(တစ်နည်း) ညနေလေးနာရီထိုး၍ တုံးခေါက်တဲ့အခါမှာ အနောက်ဘက်ကျောင်းကတုံးခေါက်တယ်။ စာချတာကတော့ အရှေ့ ဘက်တိုက်ကြီးမှာစာချတာပဲပေါ့လို့သိရတာကတော့ ဘယ်သူ့ကြောင့် လဲဆိုရင် သတိကြောင့်၊ သတိက ကြီးမှူးစောင့်ရှောက်လို့ ဟူ၍သာ မှတ်ကြပါလေ။ သို့ဖြစ်ပါ၍ ဘယ်နေရာမှာမဆို ဣန္ဒြိယပစ္စည်းနဲ့ ကင်းပြီး တော့ ဘယ်တော့မှမဖြစ်နိုင်ဘူးလို့ဆိုတာကို တစ်ထစ်ချမှတ်ကြပါတဲ့။ ဤကဲ့သို့ သဟဇာတဖြစ်ပြီး အစိုးရတဲ့အခါမှာ ဇနကသတ္တိ၊ ဥပတ္ထမ္ဘက သတ္တိနှင့်သာ အစိုးရတယ်လို့မှတ်ပါ။

ကမ္မဇကလာပ်တွေသည် ကိုယ်တော်တို့၏သန္တာန်ထဲမှာ ဘယ်လောက်များရှိပါသလဲလို့ဆိုရင် ရှစ်စည်းသာရှိတယ်လို့မှတ်ပါ။ ၎င်းကလာပ်ရှစ်စည်းထဲမှာပါတဲ့ဇီဝိတကလေးသည် ကျန်တဲ့ရုပ်ခုနစ်ခုကို သူကစောင့်ရှောက်ထားလို့သာ မပုပ်မသိုးရကား အနုပါလကသတ္တိဖြင့် အစိုးရတယ်လို့ မှတ်ပါလေ။ ဒီလိုဆိုခဲ့ပါရင် ဘယ်သတ္တဝါမျိုးမဆို အတိတ်ကပြုခဲ့တဲ့ကံကြောင့်ဖြစ်ပေါ်ရကား ၎င်းဖြစ်စေတဲ့ကံဟာ အလကားဖြစ်ရတော့မှာလား။ သူကတော့မစောင့်ရှောက်ဘူးလား။ (တစ်နည်း) ကမ္မဇရုပ်တို့မည်သည်မှာ ကံကြောင့်သာဖြစ်ရ၏။ ကံကမွေးဖွားထားတဲ့ သားတွေဖြစ်ရကား အဘယ့်ကြောင့်ဇီဝိတကစောင့်ရှောက်ပါလိမ့်မလဲလို့ ဆိုတဲ့ သံသယဝိစိကိစ္ဆာတွေဖြစ်ပေါ်လာပါတယ်တဲ့။ ၎င်းယုံမှား သံသယကိုပျောက်စေခြင်းငှာ တပည့်တော်တို့က ပါဠိတော်ကိုကိုးကားပြီး ပြကြဦးစို့ရဲ့။

ကိုယ်တော်တို့ တပည့်တော်တို့၏ ခန္ဓာကိုယ်ကြီးကို သူ၏ အကြောင်းအားလျော်စွာ လုလုပပဖြစ်ရအောင် ချမ်းချမ်းသာသာနေရအောင်ကိုတော့ ၎င်းအတိတ်က ကံကလေးက ပြုပေးတယ်ဆိုတာမှန်ပါတယ်။ သို့သော်လည်း ၎င်းကံလို့ဆိုတဲ့ခမ္မကလေးဟာ ရုပ်တရားမဟုတ်ပါဘဲ နာမ်တရားကလေးဖြစ်ရကား သူသည် သူ၏ကိစ္စအားလျော်စွာ ဥပါဒ်ဌီဘင်ဆိုပြီး ပျောက်ပျက်သွားလေတော့ ဘာတွေကျန်နေပါသလဲဆိုရင် သူလုပ်ထားတဲ့ ရုပ်တရားတွေ ကျန်နေတယ်လို့မှတ်။ ဒီလိုသူကပစ်သွားလေတော့ ၎င်းကျန်တဲ့ရုပ်တရားတွေကို ဘယ်သူစောင့်ရှောက်လို့ မပုပ်မသိုးဘဲနဲ့ စာတက်နိုင်၊ စာအံနိုင်တာလဲဆိုရင် ဇီဝိတကစောင့်ရှောက်လို့ဟုမှတ်။

ဒါဖြင့် ၄င်းကံကလေးဟာ သူသည် မစောင့်ရှောက်တော့ဘူးလား။ သူ၏သတ္တိဟာ ဒါအကုန်ပဲလားလို့ဆိုတော့ မဟုတ်သေးပါဘူးတဲ့။ ဒီလိုပင်ချုပ်ပျောက်သွားငြားသော်လည်း သူသည် မရှိသောအားဖြင့် ကျေးဇူးပြုသေးသည်၊ စောင့်ရှောက်သေးသည်လို့မှတ်ပါ။ ဘာကို ထောက်ပြီးကြည့်ရမလဲဆိုလျှင် နတ္ထိပစ္စည်းထဲမှာ ၄င်းကမ္မပစ္စည်းကို ထည့်စွက်၍ ဘုရားဟောထားသည်ကို ထောက်ဆပြီးသိရတယ်လို့ မှတ်ပါ။

ယခုကာလ၌ လူအများပြောဆိုလေ့ရှိနေကြသည်မှာ ဘယ်နေရာမဆို ဆင်းရဲတာလည်းကံကြောင့်၊ ချမ်းသာတာလည်းကံကြောင့်၊ လှတာလည်းကံကြောင့်၊ အရုပ်ဆိုးတာလည်းကံကြောင့်၊ အသက်ရှည်တာလည်းကံကြောင့်၊ အသက်တိုတာလည်းကံကြောင့်ဟူ၍ ကံကို အစွဲအလမ်းလုပ်၍ ပြောဆိုနေကြ၏။ ဤကဲ့သို့ ပြောခဲ့သည်ရှိသော် ကမ္မဝါဒီဒိဋ္ဌိဟူ၍ မှတ်ရမည်။ ဘာ့ကြောင့်ဆိုသော် နေရာခပ်သိမ်း ကံကချည်းပဲ မလုပ်ကိုင်နိုင်၊ စိတ်၊ သတိ၊ သဒ္ဓါ၊ ဝီရိယ၊ ဇီဝိတ၊ ဝေဒနာ၊ စေတနာတို့လည်းပါသေးသည်ဖြစ်သောကြောင့် ကံတစ်ခုကို အစွဲပြုပြီးပြောဆိုလုပ်ကိုင်ပါက ကမ္မဝါဒီဒိဋ္ဌိဖြစ်တယ်လို့မှတ်ရမည်။

ဒါ့ကြောင့် ဒီနေရာမှာ ဘယ်သူစောင့်ရှောက်တယ်လို့ဆိုတဲ့ သံသယဝိစိကိစ္ဆာကိုကင်းစေခြင်းငှာ ရုပ်ဇီဝိတပင်ရှိငြားသော်လည်း မြတ်စွာဘုရားက "ရူပဇီဝိတိန္ဒြိယံ" လို့ ၄င်းဣန္ဒြိယပစ္စည်းမှာ ထပ်မံပြီး ဟောတော်မူတယ်လို့မှတ်ကြပါလေ။

ဤကဲ့သို့စောင့်ရှောက်တဲ့နေရာမှာ ကမ္မဇကလာပ်များကိုတော့ ဇီဝိတကစောင့်ရှောက်တယ်လို့ဆိုတာဟာ ထင်ရှားလာပါသဖြင့် ကျန်တဲ့

စိတ္တဇ, ဥတုဇ, အာဟာရဇကလာပ်များကိုတော့ ဘယ်သူက စောင့်ရှောက်ထားလို့ ဒီလိုတည်တည်တံ့တံ့နေနိုင်ပါလိမ့်မလဲလို့ဆိုတဲ့ သံသယကြီးဟာ ဖြစ်ပေါ်လာပြန်၏။ ၎င်းသံသယမှ ကင်းစေခြင်းငှာ ၎င်းကျန်တဲ့စိတ္တဇ, ဥတုဇ, အာဟာရဇကလာပ်များကိုတော့ ဇီဝိတကပင် ဥပတ္ထမ္ဘကသတ္တိဖြင့် ကူညီထောက်ပံ့ထားသောကြောင့်သာ သူတို့သည် တည်တံ့နေနိုင်တယ်ဆိုတာမှတ်ကြပါလေ။

ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့ကို ယမိုက်ကျမ်းမှာတော့ ဘုရားဟော ထားပါလျက် ဤပဋ္ဌာန်းကျမ်းမှာတော့ ဘာ့ကြောင့်ဘုရားမဟောပါ သလဲလို့ဆိုရင်- ယခုပဋ္ဌာန်းကျမ်းမှာဟောတော်မူထားတဲ့ ဣန္ဒြေများ ကတော့ သူတို့သည်ဖြစ်စေအပ်သော ဇနက၊ ဥပတ္ထမ္ဘက၊ အနုပါလက သတ္တိများနှင့် မကွေမကွာတစ်စပ်တည်း၊ တစ်ပေါင်းတည်းအဖြစ်ဖြင့် ဖြစ်သည်ဖြစ်၍ အစိုးရသောကြောင့် ပဋ္ဌာန်းကျမ်းမှာဟောတော်မူတယ် ဟုမှတ်ပါ။

၎င်းဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့မှာတော့ သူတို့သည် ပဋိသန္ဓေအခါ ကတည်းက ဖြစ်ပေါ်ပြီးလျှင် သူတို့၏သတ္တိကြောင့် ဖြစ်ပေါ်ရတဲ့ ဣတ္ထိကုတ္တ၊ ဣတ္ထိအာကပ္ပတို့မှာတော့ ပဝတ္တိအခါဖြစ်ပေါ်ရသည်ဖြစ်၍ အခါကာလကွဲပြားနေရကား အစိုးမရသောကြောင့် ၎င်းဣန္ဒြိယပစ္စည်းမှာ ဘုရားမဟောတာဟူ၍မှတ်။ (ဤကားအဋ္ဌကထာအလိုဟုမှတ်ရမည်)

ရှေးဆရာများအလိုကတော့ ၎င်းဣတ္ထိဘာဝ၊ ပုရိသဘာဝရုပ်တို့မှာ သူတို့က ဣတ္ထိကုတ္တ၊ ဣတ္ထိအာကပ္ပ၊ ပုရိသကုတ္တ၊ ပုရိသအာကပ္ပတို့ကို ဇနကသတ္တိဖြင့်ဖြစ်စေတယ်လို့ယူရမှာကလည်း ၎င်းဘာဝရုပ်များက

ပဋိသန္ဓေအခိုက်ကတည်းကဖြစ်ပေါ်နေပြီး၊ ဤကုသိုလ်ကုသလစသည်များက ပဝတ္တိအခါမှသာ ဖြစ်ပေါ်ရသောကြောင့် ဇနကသတ္တိနဲ့လည်းမယှဉ်နိုင်၊ ဥပတ္ထမ္ဘကသတ္တိဖြင့်လည်းမထောက်ပံ့နိုင်၊ အနုပါလကသတ္တိနဲ့လည်း မစောင့်ရှောက်နိုင်ပါဘူးတဲ့။ ဒါ့ကြောင့် ၄င်းသုံးပါးအထဲကိုပင် သွင်း၍ မရဘဲ လွတ်နေသောကြောင့် ပဋ္ဌာန်းကျမ်း ဤကုန္ဒြိယပစ္စည်းမှာ ဘုရားဟောတော်မမူဘူးလို့မှတ်ပါ။

ယမိုက်ကျမ်းမှာဟောတော်မူရခြင်းကတော့ ကုသိုလ်ဘာဝရုပ်ကြီး ရှိတဲ့ပုဂ္ဂိုလ်များမှာ အထက်ပိုင်းမှာအဖုအဖေါင်းများခြင်း အောက်ရှင်းခြင်း တည်းဟူသောအခြင်းအရာမှာ အမြဲမပြတ်ဖြစ်ရမည်။ မဖြစ်တဲ့ပုဂ္ဂိုလ် ဟူ၍မရှိရ။ ပုရိသဘာဝရုပ်ရှိတဲ့ပုဂ္ဂိုလ်မှာလည်း အထက်ပိုင်းမှာပြေပြစ် ချောမော၍ အောက်ပိုင်းမှာရှုပ်ရခြင်းတည်းဟူသောအခြင်းအရာသည် ဘယ်ပုဂ္ဂိုလ်မဆိုဖြစ်ရမည်။ မဖြစ်တဲ့ပုဂ္ဂိုလ်ဟူ၍ မရှိရဘူးလို့ဆိုတဲ့နိယာမ သဘောကို သိစေလိုသောကြောင့် ဘုရားဟောတော်မူတယ်ဟူ၍မှတ်ပါ။ ကံစိတ်ဥတုအာဟာရကြောင့်ဖြစ်ရတဲ့ သတ္တဝါချင်းကတော့တူတယ်လို့ မှတ်ရမည်။ သို့သော် ဟီန၊ ပဏီတတည်းဟူသောကံကြောင့် မိန်းမ၊ ယောကျ်ားရယ်လို့ ဘာဝရုပ်ကွဲပြားပြီးဖြစ်ရတယ်လို့မှတ်ပါ။ ဤကား ဆရာတော် ဦးဝိမလ၏ ကုန္ဒြိယပစ္စည်းချုပ်စဉ် ပြီး၏။

*ကုန္ဒြိယပစ္စည်း ပြီးပါပြီ။*

# ဈာနပစ္စယော

မိုးကုတ်ဝိပဿနာ မဂ်လာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မဂ်လာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။



၁၇။ တောင်ထိပ်၊ သစ်ပင်ထက်မှ ကြည့်သူသည် အဝေးအနီး အရပ်တို့ကို
ထင်ရှားတပ်အပ် မြင်ရသကဲ့သို့သော ဈာနပစ္စည်းတရား။

# ဈာနပစ္စည်း

## ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၊ စတုဝေါကာရ (၄) ဘုံ
  အားဖြင့် ဘုံ (၃၀)၌ ဖြစ်နိုင်ပါသည်။
  ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

## ၁၇။ ဈာနပစ္စည်းအစီပွာယ်

ဣန္ဒြိယပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ဈာန ပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'ဈာနပစ္စယော' ဟူသည်တည်း။

**ဈာနပစ္စယော** - ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) တောင်ထိပ်ဖျား၊ သစ်ပင်ထက်သို့ တက်၍ ကြည့်သော သူသည် အဝေးအနီး အရပ်တို့ကို မြင်ခြင်း, ထိုမြင်ခြင်း၌ အလိုရှိသော သူအား ကျေးဇူးပြုသကဲ့သို့ ကပ်၍ရှုတတ်သောအဖြစ်ဖြင့် ကျေးဇူးပြု တတ်သော တရား။

### ဈာနပစ္စည်း သုံးချက်စု

**ဈာနပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြား ရှိကုန်၏။ ထိုတွင် ဒွေးပဥ္စဝိညာဏ် တစ်ဆယ်ကြဉ်သော စိတ်တစ်ခုယုတ်ရှစ်ဆယ်၌ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာဟုဆိုအပ်သော ဈာနင် တရားကိုယ်ငါးပါး။ ဤတရားတို့သည် ဈာနပစ္စည်း တပ်သောတရား မည်ကုန်၏။

ဒွေးပဥ္စဝိညာဏ် တစ်ဆယ်ကြဉ်သော စိတ်တစ်ခုယုတ်ရှစ်ဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့

သည် ဈာနပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

ဒွေးပဥ္စဝိညာဏ် တစ်ဆယ်၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခု၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ဈာနပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရားမည်ကုန်၏။

## ဈာနပစ္စည်း ချုပ်စဉ်

ဈာန်သည် အာရမ္မဏူပနိဇ္ဈာန်၊ လက္ခဏူပနိဇ္ဈာန်အားဖြင့် နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် **အာရမ္မဏူပနိဇ္ဈာန်** မှာ ဗန်းငယ် ဆန်ကောလောက်ပမာဏရှိသော မြေကြီးအဝန်းအဝိုင်းရှိသော ပညတ် အာရုံကို စက္ခုဒွါရအောက်ကမပျောက်ရအောင် ဒီအာရုံကိုပင် မခွဲနိုင် မခွာရက်ကပ်၍ရှုသည်ကိုပင် အာရမ္မဏူပနိဇ္ဈာန်ဟူ၍မှတ်ပါ။

(တစ်နည်း) ၄င်းအာရုံကိုပင် မစွန့်ရက်နိုင်ဘဲ ထပ်ပြန်တလဲလဲ ရှုသည်ကိုပင် ဈာန်ဟူ၍မှတ်ပါ။

**လက္ခဏူပနိဇ္ဈာန်** မှာ လက္ခဏာရေးသုံးပါးတင်ပြီး ရှုတာကိုပင် လက္ခဏူပနိဇ္ဈာန်လို့မှတ်ပါ။

ဥပမာ- ကိုယ်တော်၏ခေါင်းပေါ်သို့ လက်ကလေးတင်ပြီး ကြည့်လိုက်တဲ့အခါမှာ ပူ၏။ ၄င်းပူရုပ်ကလေးမှာ နောက်တစ်ခါပြန်ပြီး တင်လိုက်တော့ သူရှိသေးသလားလို့ဆိုရင် မရှိပါဘူးတဲ့။ ဤရှေ့အပူရုပ် ကလေး၏ ချုပ်ပျောက်သွားခြင်းဟာလည်း အနိစ္စပါပဲတဲ့။ ဤကဲ့သို့ လက္ခဏာရေးတင်၍ရှုတာကိုပင် လက္ခဏူပနိဇ္ဈာန်ဟူ၍မှတ်။ ၄င်း လက္ခဏူပနိဇ္ဈာန်မှာ ထင်ရှားရှိသောသဘာဝဓမ္မမှ ပျောက်ပျက်သွားတဲ့

ပရမတ္ထဓမ္မကိုရှုမှသာလျှင် အနိစ္စလက္ခဏာဟာပေါ်တယ်လို့မှတ်ပါ။ ယခုအပုရုပ်ကလေး၏ပျောက်ကွယ်မှု၊ ချုပ်သွားမှုကလေးကိုရှုတဲ့ နေရာမှာ ၄င်းရုပ်ကလေးဟာ အနိစ္စလက္ခဏာထင်ထင်ရှားရှား ပေါ်သလားလို့ဆိုရင် မပေါ်သေးပါဘူးတဲ့။ သို့သော်လည်း စိတ္တက္ခဏ (၁၇) ချက်၊ ခဏငယ် (၅၁)ချက်ဟုဆိုအပ်တဲ့ သတ္တရသာယုကပြည့်၍ ချုပ်သွားခြင်းကိုပင် အနိစ္စလက္ခဏာဟူ၍မှတ်ပါ။

(တစ်နည်း) အာရမ္မဏူပနိဇ္ဈာန်မှာ ပညတ်တည်းဟူသောအာရုံကို ရှု၏။ လက္ခဏူပနိဇ္ဈာန်ကတော့ ရှေ့ဖြစ်သောနာမ်ဓမ္မသည် အစဉ်အတိုင်း လိုက်မဖြစ်ဘဲ ချုပ်ပျောက်မှု၊ ရှေ့ဖြစ်တဲ့ရုပ်သည် အစဉ်အတိုင်းလိုက်ပြီး မဖြစ်ပါဘဲ ချုပ်ပျောက်မှုတည်းဟူသော ပရမတ်အာရုံကိုသာရှုရကား ၄င်းဈာန်နှစ်ပါးမှာ အာရုံကိုရှုတာချင်းတူသော်လည်း ပညတ်ရှု၊ ပရမတ်ရှု အားဖြင့်လည်း မတူဘဲကွဲပြားသေး၏မှတ်။

တစ်နည်းအားဖြင့် မပျောက်မပျက်ဘဲတည်နေသော မြေကွက် တည်းဟူသောအာရုံကိုရှုခြင်းသည် အာရမ္မဏူပနိဇ္ဈာန်မှတ်။ အာရုံဓမ္မများ ၏ ရွေ့လျောပျောက်ပျက်မှုကိုရှုခြင်းသည် လက္ခဏူပနိဇ္ဈာန်မည်၏။ ထို့ကြောင့် ၄င်းနှစ်ပါးကို အာရုံပြုခြင်းပြားသော်လည်း ရှုတာခြင်း တူရကား ဈာန်ဟူ၍မှတ်ပါလေ။

ဤဈာနပစ္စည်းအရာမှာတော့ အာရမ္မဏူပနိဇ္ဈာန်ကိုသာယူရမည်။ လက္ခဏူပနိဇ္ဈာန်ကိုမယူရဘူးလို့မှတ်ပါဟူ၍ ဋီကာကျော်ဆရာဆိုတော်မူ ၏။ ဒီလိုပင် သူတို့ကဆိုသော်လည်း မိမိတို့၏စိတ်ထဲမှာကိုက မဟုတ်မှ သာလျှင် ဤနေရာမှာဋီကာကျော်ဆရာဆိုတဲ့အတိုင်း ဟုတ်ပါပေတယ်

လို့ယူရမည်ဖြစ်ပါသောကြောင့် မိမိတို့၏စဉ်းစားဉာဏ်ဖြင့်ထင်ရှားအောင် ပြကြဦးစို့ရဲ့။

ငှင်းဗန်းငယ်ဆန်ကောငယ်ပမာဏရှိသော အဝန်းအဝိုင်းမြေကွက်ကလေးကိုရှုတဲ့အခါမှာ ဝိတက်ကလည်း ဒီအာရုံကိုမပျောက်မပျက်ရအောင်ကပ်ပြီးရှု၏၊ ဝိစာရကလည်းသုံးသပ်၏၊ ပီတိကလည်း ဒီအာရုံမြေကွက်ကလေးကိုမပျောက်မပျက်ရအောင် နှစ်သက်၏၊ ဝေဒနာကလည်း ခံစား၏၊ ဧကဂ္ဂတာကလည်း ဒီအာရုံမြေကွက်ကိုမပျောက်မပျက်သွားရအောင် တည်တည်ကြည်ကြည်ရှု၏။ ဒါ့ကြောင့် ဈာန်လည်းမည်၏၊ ဈာနပစ္စည်းလည်းထိုက်သောကြောင့် ဤပဋ္ဌာန်းကျမ်းမှာဟောတော်မူတယ်လို့မှတ်ပါ။

လက္ခဏူပနိဇ္ဈာန်မှာတော့ ပျောက်ပျက်နေသောအာရုံကိုသာ မထင်ထင်အောင်ရှုနေရသောကြောင့် ဈာန်ပင်မည်ငြားသော်လည်း ဈာနပစ္စည်းမထိုက်သောကြောင့် မဟောဘူးလို့ဋီကာကျော်ဆရာဆိုတဲ့စကားဟာ မှန်ပါပေတယ်လို့မှတ်ယူရမည်။ ဘယ်လိုပဲကြည့်လိုက်ကြည့်လိုက် ဤဂဂနသဘောကြီးဟာ မပျောက်မပျက်ဘဲ စွဲမြဲကပ်ပါသွားအောင်ရှုတတ်သောကြောင့် အာရမ္မဏူပနိဇ္ဈာန်သည် ပစ္စည်းထိုက်တယ်လို့မှတ်ပါ။

လက္ခဏူပနိဇ္ဈာန်ကတော့ ဂဂနသဘောမှ စုမ္ဘိတသဘောသို့ ဖြစ်ပေါ်လာရအောင်ရှုတတ်သောကြောင့်လည်းကောင်း၊ ဤပျောက်ပျက်မှုကိုပင် အဖန်ဖန်အထပ်ထပ် ရှုတတ်သောကြောင့်လည်းကောင်း ဈာနပင်မည်ငြားသော်လည်း ဈာနပစ္စည်းမထိုက်ဘူးလို့မှတ်ပါလေ။

(တစ်နည်း) အာရမ္မဏူပနိဇ္ဈာန်မှာ ကာမကိလေသာတို့ကို တစ်စွဲတစ်လမ်းတည်းကပ်ပါလာရအောင်ရှု၏။ လက္ခဏူပနိဇ္ဈာန်ကတော့

ဤကဲ့သို့ ကပ်ပြီးပါလာသောကာမကိလေသာတို့ကို တစ်စွဲတစ်လမ်း တည်းမကပ်ရအောင်ရှု၏။ ဒါ့ကြောင့် ဈာနပစ္စည်းမထိုက်ဘူးလို့မှတ်ပါ။

(တစ်နည်း) ပညတ်ခမ္မကို မပျောက်မပျက်အောင်ရှုမှုကို အာရမ္မဏူပနိဇ္ဈာန်၊ ပျောက်အောင်ရှုမှုကို လက္ခဏူပနိဇ္ဈာန်ဟုမှတ်ပါ။

'ဈာယတီတိ ဈာနံ၊ ဈာယတိ ဩလောကေတီတိ ဈာနံ'-ဟူ သည်နှင့်အညီ ကပ်၍ရှုတတ်သောကြောင့် ဈာန်ဟူ၍ဆိုရာမှာ အာရုံနှင့် အာရမ္မဏိကတရားတို့၏ ဆက်စပ်မှုကိုသာ ကပ်၍ ရှုတယ်လို့မှတ်ပါ။ ဝတ္ထုကိုထိပြီး ရှုသည်ကိုလည်းကောင်း၊ ကာယပသာဒနှင့်ထိခိုက်၍ ရှုသည်ကိုလည်းကောင်း ဤနေရာ၌မယူရဘူးမှတ်ပါ။

ဤကဲ့သို့ ကပ်၍ရှုတတ်သောကြောင့် ဈာန်လို့ဆိုခဲ့ပါရင် ၄င်းဝိတက်၊ ဝိစာရစသည်တို့သာ ကပ်၍ရှုတတ်သလား၊ ဒီပြင်တရားတွေ ထဲမှာပါတဲ့ ဝေဒနာ၊ ဧကဂ္ဂတာတို့ကော ကပ်၍မရှုတတ်ဘူးလားလို့ ဆိုခဲ့ပါရင် ဒီပြင်တရားတွေထဲမှာပါတဲ့ ဝေဒနာ၊ ဧကဂ္ဂတာတို့ရှုတာနဲ့ ဈာထဲမှာပါတဲ့ ဝိတက်စသည်တို့ရှုတာမှာ မတူကြပါဘူးတဲ့။ အလွန် တရာကွာခြားပါတယ်။

ဥပမာ- ကိုယ်တော်တို့ တပည့်တော်တို့က လူတစ်ယောက်ကို ကြည့်တာနှင့် စုံထောက်ဘက်ဆိုင်ရာက လူတစ်ယောက်ကိုကြည့်တာမှာ မတူပါဘူးတဲ့။ ကိုယ်တော်တို့ တပည့်တော်တို့ကတော့ လူတစ်ယောက်ကို မြင်တဲ့အခါ ဒီလူဟာဖြင့်ခရီးသည်ပဲ။ သူ ဘယ်ကိုသွားမလို့ပဲဟု သာမညသာ ကြည့်ရှုကြ၏။ စုံထောက်ဘက်ကလူကတော့ ဒီလူဟာ

အသားကဖြင့်အဖြူပဲ၊ အညိုပဲ၊ သူ၏မျက်စိကဖြင့် ခပ်စောင်းစောင်းပဲ၊ သူ၏ပါးဘယ်ဘက်က မှဲ့ကလေးနဲ့ပဲစသည်ဖြင့် စူးစူးစိုက်စိုက် သေသေချာချာကြည့်သောကြောင့် နောင်အရေးရှိလို့ရှိလျှင် အဲ့ဒီလူကို လာပြီးမပြတောင်မှ မှတ်မိအောင် သိအောင်ကြည့်တယ်။ ဒါ့ကြောင့် တပည့်တော်တို့ကိုယ်တော်တို့ကြည့်တာနဲ့၊ စုံထောက်ဘက်က ကြည့်တာမှာ လူကိုကြည့်တာချင်း၊ လူကိုမြင်တာချင်းကတော့ တူပါ၏။ သို့သော် သာမညကြည့်တာနဲ့၊ စူးစူးစိုက်စိုက်ကြည့်တာချင်းကတော့ ကွာနေတယ်လို့မှတ်ပါ။

ပရမတ္ထသဘာဝတွေမှာလဲ ထို့အတူပါပဲတဲ့။ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်ဖြစ်တဲ့အခါမှာ စေတနာ၊ ဝေဒနာတို့လည်း မပါဘူးလားဆိုရင် ပါတာပါပဲတဲ့။ သို့သော်လည်း သူတို့၏ အာရုံကိုကြည့်မှုကတော့ အဖြူ၊ အနီစသည်တို့မကွဲပြားဘဲ အာရုံရယ်လို့ဖြစ်ပြီးပျောက်သွားရ၏။ ဒါ့ကြောင့် သူတို့၏အာရုံကိုကြည့်ရှုတာမှာ သာမညကြည့်တာလို့မှတ်ရမယ်။

ဇောထဲမှာပါတဲ့ ဝိတက်၊ ဝိစာရတို့ကြည့်ရှုမှုကတော့ ဒီအာရုံဟာဖြင့် အဖြူပဲ၊ အနီပဲ၊ အနက်ပဲစသည်ကိုသိပြီးမှ ပျောက်ပျက်ချုပ်သွားရကား စူးစူးစိုက်စိုက်ကြည့်တာပဲလို့မှတ်ရမည်။ ဒါ့ကြောင့် သူတို့မှာတော့ ဈာနပစ္စည်းထိုက်တယ်လို့မှတ်ရမယ်။

ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်ထဲမှာပါတဲ့ စေတနာ၊ ဝေဒနာတို့ကတော့ အာရုံကိုရှုတယ်လို့ပင်ဆိုငြားသော်လည်း စူးစူးစိုက်စိုက်ကပ်ပြီးရှုတတ်တဲ့ဝိတက်ကလည်းမပါ၊ အာရုံကိုမခွဲနိုင်မခွါရက် နှစ်သက်တတ်တဲ့ပီတိကလည်းမပါလေတော့ သာမညသာကြည့်ရှုနိုင်သောကြောင့် ဈာန

ပစ္စည်းမထိုက်ဘူးလို့မှတ်ပါ။ နောင်ပြန်ပြီးတွေ့တဲ့အခါကျတော့လည်း မမှတ်မိဘူးလို့မှတ်ပါလေ။

ဥပမာ- ကိုယ်တော်ငယ်ငယ်က ငါးမျှားတဲ့အခါမှာ ဘာကို သင်္ကေတထားပြီးကြည့်ရပါသလဲလို့ဆိုရင် ဖော့ကလေးကိုသာ စူးစူး စိုက်စိုက်ကြည့်ပြီး ၎င်းဖော့ကလေးတည်းဟူသော အာရုံမှတစ်ပါးသော အာရုံဓမ္မအပေါ်သို့ မပြောင်းမရွေ့ရအောင်ကြည့်နေတဲ့အခါမှာ လောဘ ဇောတွေဖြစ်ပေါ်လာရ၏။ ဤအခိုက်အတန့်မှာ လောဘမူ ပထမဇောမှာ ရှိတဲ့ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာတို့သည် ဈာနပစ္စည်း၊ လောဘမူ ပထမဇောနှင့်တကွ ကျန်တဲ့သမ္ပယုတ္တဓမ္မ စိတ္တဇရုပ်သည် ဈာနပစ္စည်း၏ ပစ္စယုပ္ပန်ဟုမှတ်ရမည်။

ကိုယ်တော်သည် ယခု အနားမှာရှိတဲ့ ဘုရားကြီးကို ရှိခိုးပြီး ကြည်ညိုနေတဲ့အခါမှာ ၎င်းဘုရား၏ဂုဏ်တော်တည်းဟူသော အာရုံမှ တစ်ပါးသော အာရုံသို့ မသွားရအောင် ကပ်ပြီး ရှုနေတဲ့အခါမှာ မဟာကုသိုလ်ဇောတွေ ဖြစ်ပေါ်လာရ၏။ ၎င်းအခိုက်အတန့်မှာ မဟာကုသိုလ်ပထမဇောမှာရှိတဲ့ဝိတက် (လ) ဝေဒနာတို့သည် ဈာန ပစ္စည်း၊ ကျန်သော မဟာကုသိုလ်ပထမဇော သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် တွေသည် ဈာနပစ္စည်း၏ ပစ္စယုပ္ပန်မှတ်ပါ။

ဤကဲ့သို့ ဈာန်ငါးပါးက ဘုရားတည်းဟူသောအာရုံကိုရှုနေတဲ့ အခါမှာ ကျန်တဲ့စိတ္တဇရုပ်များကလည်း ဝိတက်စသည်များကစေခိုင်း ဖြစ်စေတဲ့အတိုင်း ဘုရားရှင်ကိုယ်တော်ကြီးရှေ့မှာ ပဉ္စပတိဋ္ဌိတတို့ဖြင့်

ဦးတိုက်ရှိခိုးရခြင်း၊ နှုတ်ဖြင့် အစိန္တေယျစသည်ဖြင့် ဘုရားသခင် ဂုဏ်တော်တွေကို ချီးမွမ်းနေရခြင်းတွေဟာ ဝိတက်စသည်များက ဖြစ်စေသောကြောင့် ဇနကသတ္တိလို့မှတ်ပါ။ ဥပတ္ထမ္ဘကသတ္တိကတော့ ဤကဲ့သို့ ရှိခိုးနေတဲ့အခါမှာ သာမညမဖြစ်ရအောင် ကျကျနနလက်အုပ်ချီပြီး သကာလ ပါးစပ်က မှန်မှန်ကန်ကန်ရွတ်ဆိုနိုင်ဖို့ ကူညီမှုထောက်ပံ့မှုကို ဖြစ်စေတာ ဥပတ္ထမ္ဘကသတ္တိပဲလို့မှတ်ပါ။ နောင် ဘယ်ပစ္စည်းပဲတွေ့တွေ့ သဟဇာတမျိုးမှန်ပါက ၄င်းသတ္တိနှစ်ပါးဟာ ပါတာချည်းပဲလို့မှတ်ကြ ပါကုန်။

ပဋိသန္ဓေအခါမှာတော့ ပဋိသန္ဓေစိတ်ကလေးသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များကို မခွဲနိုင်မခွာရက်မပျောက်မပျက် မျက်စိ အောက်ကမထွက်ရအောင်ရှုနေတဲ့အခါ ပဋိသန္ဓေစိတ်ကလေးထဲမှာပါတဲ့ ဝိတက် ဝိစာရ (လ) ဝေဒနာသည် ဈာနပစ္စည်း၊ ကျန်တဲ့နာမက္ခန္ဓာ ကမ္မဇရုပ်သည် ပစ္စယုပ္ပန်။ ကပ်၍ရှုတတ်သောကြောင့် ဈာန်ဟူ၍ ဆိုတဲ့နေရာမှာ ဘယ်လိုကပ်ပြီးရှုတာလဲလို့ဆိုပါရင် အာရုံ၊ အာရမ္မဏိက တရားတို့၏ နီးတာဝေးတာကိုမဆိုလိုပါဘူးတဲ့။

ဥပမာ - ကိုယ်တော်သည် ဖြောင့်တန်းနေတဲ့လမ်းတစ်ခုကနေပြီး ကားတစ်စီးလာနေတာကိုမြင်ရဲ့လားလို့ဆိုပါရင် မမြင်ပါဘူးတဲ့။ သို့သော် လည်း အဝေးမြင်နိုင်တဲ့သတ္တိရှိတဲ့ မှန်ပြောင်းတစ်ခုနဲ့ကြည့်ခဲ့လို့ရှိရင် မြင်နိုင်ပါတယ်တဲ့။ ထို့အတူ ပရမတ္ထသဘောများမှာလည်း ထိုဖြောင့်တန်း သောလမ်းနဲ့တူသော ဈာန်မည်သောတရားတွေ ရှိငြားသော်လည်း

မှန်ပြောင်းနဲ့တူတဲ့ မြင်နိုင်တဲ့သတ္တိရှိတဲ့ ဝိတက်ဝိစာရပီတိစသည်တို့ ရှိမှသာလျှင် ကပ်၍ရှုသော် အာရမ္မဏိကတရားများကို မြင်နိုင်တယ်လို့ မှတ်ပါ။

မဟာကုသိုလ်စိတ်ထဲမှာရှိတဲ့ ဓမ္မတွေသည်ကားလို့ဆိုပါရင် ၄င်းဝိတက်အစရှိသော အာရုံဓမ္မတွေရှိမှသာလျှင် အာရမ္မဏိကဓမ္မတွေ အပေါ်မှာ ညွတ်နိုင်ကိုင်းနိုင်၏။ ဒါ့ကြောင့် ကားကလေးကိုကြည့်တဲ့ မှန်ပြောင်းအတံကြီးနဲ့ ကျန်သောသမ္ပယုတ္တဓမ္မတွေနဲ့တူ၏။ အဝေးက ကားကလေးကိုမြင်နိုင်တဲ့ ထိုမှန်ပြောင်းကမှန်၏အစွမ်းသတ္တိနဲ့ ဝိတက် ဝိစာရ (လ) စေတဂ္ဂတာတို့နဲ့တူတယ်လို့မှတ်။ သို့ဖြစ်ပါ၍ အာရမ္မဏိက ဓမ္မတွေကိုရှုတဲ့အခါမှာ ဝိတက်စသည်တို့ကလည်း ကျန်တဲ့သမ္ပယုတ္တဓမ္မ တွေကို ၄င်းအာရမ္မဏိကတရားတွေအပေါ်သို့ သူကစေခိုင်းလိုက်တဲ့ အတိုင်းရှုရ၏လို့မှတ်။ ဒါ့ကြောင့် ဈာနပစ္စည်းတပ်နိုင်တယ်လို့မှတ်ပါ လေ။ ဆရာတော် ဦးဝိမလ၏ ဈာနပစ္စည်းချပို့စဉ် ပြီး၏။

*ဈာနပစ္စည်း ပြီးပါပြီ။*

# မဂ္ဂပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။



၁၈။ ကမ်းတစ်ဖက်သို့ရောက်အောင် ဆောင်ပို့တတ်သော လှေကူးတို့ သဘော်ကဲ့သို့သော
ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂင်ပစ္စည်းတရားများ။

# မဂ္ဂပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၊ စတုဝေါကာရ (၄) ဘုံ အားဖြင့် ဘုံ (၃၀)၌ ဖြစ်နိုင်ပါသည်။ ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

## ၁၈။ မဂ္ဂပစ္စည်းအစီပွာယ်

ဈာနပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ မဂ္ဂပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'မဂ္ဂပစ္စယော' ဟူသည်တည်း။

**မဂ္ဂပစ္စယော** - အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း (ဝါ) ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) ဤမှာဘက်မှ ထိုမှာဘက်သို့ ကူးသောသူသည် ဤမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့၊ ထိုမှာဘက်မှ ဤမှာဘက်သို့ ကူးလိုသောသူသည် ထိုမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့ လွတ်မြောက်ကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### မဂ္ဂပစ္စည်း သုံးချက်စု

**မဂ္ဂပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် သဟိတ်စိတ်စေတသိက်တို့၌ရှိသော ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိဟု ဆိုအပ်သော

မဂ္ဂင်တရားကိုယ်ကိုးပါး။ ဤတရားတို့သည် မဂ္ဂပစ္စည်း တပ်သော တရားမည်ကုန်၏။

သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်။ ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရား မည်ကုန်၏။

## မဂ္ဂပစ္စည်း ချုပ်နည်း

ဥပမာ - ကိုယ်တော်တို့သည် ဒီတောင်မြို့မှာမနေတော့ဘဲ တခြားတစ်ရပ်သွားကြ၏။ ဒီလိုသွားတဲ့အခါမှာ ကိုယ်တော့်သန္တာန်မှာ ရှိတဲ့ ခရီးသွားလိုသောစိတ်က ကျန်တဲ့ရုပ်နာမ်ခမ္မတွေကို ဒီတိုက်မှ ထွက်မြောက်အောင် ပြုတတ်သောကြောင့် မဂ္ဂမည်တယ်လို့မှတ်ပါလေ။ ဒါ့ကြောင့်ငှင်းမဂ္ဂမှာ ကဏှ၊ သုက္ကနှစ်ပါးမှာ သက်ဝင်တယ်လို့မှတ်ပါ လေ။ ၎င်းမဂ္ဂင်္ဂါထိုက်တဲ့တရားများသည်ကားလို့ဆိုရင် ဘယ်ပုဂ္ဂိုလ် သန္တာန်မှာပဲကိန်းကိန်း သုဂတိ၊ ဒုဂ္ဂတိ၊ နိဗ္ဗာန်သို့ရောက်စေတတ်သော မဂ္ဂင်မှတ်ပါ။

ဥပမာ - ကိုယ်တော့်သန္တာန်မှာ မိစ္ဆာဒိဋ္ဌိကိန်းခဲ့လို့ရှိပါရင် ကိုယ်တော်သည် ဧကန်မုချငရဲသို့ရောက်မှာပါပဲတဲ့။ ဒီလိုစိတ်မျိုး မကိန်းတော့ဘဲ သမ္မာဒိဋ္ဌိရှစ်ပါးကိန်းခဲ့ပါရင် သုဂတိဘုံသို့ဧကန်မုချ ရောက်မည်ဖြစ်ပါ၍ ဒုဂ္ဂတိဘုံမှထွက်မြောက်ကြောင်းဖြစ်သောကြောင့် လည်း မဂ္ဂင်ပါပဲတဲ့။

ဥပမာ - လေယာဉ်ပျံကြီးတစ်ခုသည် စက်တွေအပြည့်အစုံ ရှိပါသော်လည်း သူ့အလိုလို ဘယ်တော့မှမပျံနိုင်ပါဘူးတဲ့၊ သူ့အထဲမှာ ရှိတဲ့စက်နဲ့ လူတစ်ယောက်ဝင်ပြီးမောင်းတဲ့အခါမှာ တခြားသောမြို့ရွာသို့ ပျံနိုင်တယ်လို့မှတ်ပါ။ ထို့အတူပါပဲတဲ့ ပရမတ္ထတရားများမှာလည်း စက်နှင့်တူတဲ့ဓမ္မတွေဟာ ဘယ်လိုပင်ရှိနေငြားသော်လည်း လူနဲ့တူတဲ့ မဂ္ဂင်တရားတွေကိန်းမှသာလျှင် သူ့ဓမ္မအားလျော်စွာ သုဂတိ၊ ဒုဂ္ဂတိ၊ နိဗ္ဗာန်သို့ရောက်မှာပါပဲတဲ့။ ဒါ့ကြောင့် မဂ္ဂင်မည်တယ်လို့မှတ်ပါလေ။

ထို့ကြောင့် ကိုယ်တော်တို့သည် မဂ္ဂင်ရှစ်ပါးကို မရ,ရအောင် ရှာခဲ့လို့ရှိပါရင် တွေ့သည်ဖြစ်၍ ကိုယ်တော့်သန္တာန်မှာကိန်းသောကြောင့် ဧကန်မုချ နိဗ္ဗာန်ချမ်းသာကြီးကို ရမည် ရောက်မည် ဖြစ်သောကြောင့် မဂ္ဂင် မည်တယ်လို့မှတ်ပါ။

'မဂ္ဂီယန္တိ ပါပုဏီယန္တီတိ မဂ္ဂင်္ဂါနိ' ဟူသည်နှင့်အညီ ရောက်အပ် သောကြောင့်လည်း မဂ္ဂင်မည်တာပဲတဲ့။ ရောက်အပ်သောကြောင့် မဂ္ဂင်ဟု ဆိုတဲ့နေရာမှာ အဘယ်ကဲ့သို့ ရောက်အပ်ပါသလဲလို့ဆိုရင် ဥပမာ- ကိုယ်တော်၏သန္တာန်မှာ သမ္မာဒိဋ္ဌိမဂ္ဂင် အမြဲကိန်းပြီး နေခဲ့လို့ရှိရင်

ကိုယ်တော်က ငါဖြင့်နိဗ္ဗာန်ကို မရောက်ချင်ပါဘူးလို့ ငြင်းဆန်နေသော်လည်း မရပါဘူးတဲ့၊ ဧကန်မုချရောက်မှာပါပဲ။ ဒါ့ကြောင့် ၄င်းမဂ္ဂင်ရှစ်ပါးသည်ကားလို့ဆိုရင် နိဗ္ဗာန်ကို ရောက်အပ်သောကြောင့် မဂ္ဂင်မည်ပါတယ်လို့မှတ်ပါ။

လောကီမဂ္ဂင်တွေကတော့ ရောက်ကြောင်းဖြစ်သောကြောင့် မဂ္ဂင်မည်တယ်လို့ မှတ်ရမယ်။ ဘယ်လိုရောက်ကြောင်းပါလဲလို့ဆိုရင် လောကီမဂ္ဂင်ရှစ်ပါးနဲ့တွေ့တဲ့အခါမှာလည်း သုဂတိနတ်ပြည်သို့ရောက်ရ၏။ ဤကဲ့သို့ရောက်ရသောကြောင့် ၄င်းမဂ္ဂင်ရှစ်ပါးဟာ သုဂတိသို့ ရောက်ကြောင်းပဲလို့မှတ်ရမည်။

(တစ်နည်း) 'ဓာရေတီတိ ဓမ္မော' ဟူသည်နှင့်အညီ ဆောင်တတ်သောကြောင့်လည်း မဂ္ဂင်ပါပဲတဲ့။ ဘယ်လိုများဆောင်ပါသလဲလို့ဆိုရင် ၄င်းသမ္မာဒိဋ္ဌိမဂ္ဂင်ရှစ်ပါးကိန်းသောပုဂ္ဂိုလ်သည် နောင်စုတိစိတ်ကျတဲ့အခါမှာ ၄င်းမဂ္ဂင်ရှစ်ပါးကပင် နတ်ရွာသုဂတိသို့ပို့ဆောင်တာပါပဲတဲ့။ ဒီလိုဆိုပါရင် ဤမဂ္ဂင်တရားများသည် နာမ်ဓမ္မဖြစ်ပါသောကြောင့် ဥပါဒ် ဌီဘင်ဖြစ်ပြီးချုပ်ပျောက်ရတဲ့ ပရမတ္ထသဘာဝတွေဖြစ်ရကား ဘယ်လို လုပ်ပြီးပို့ဆောင်ပါသလဲလို့ မေးခဲ့ငြားအံ့-

ဥပမာ - ကိုယ်တော်သည် သရက်စေ့ကလေးတစ်ခုကို အပင်စိုက်လိုက်တဲ့အခါမှာ အပင်ကလေးတော်တော်ကြီးလာတော့ သရက်သီးတွေ သီးပြီးလာ၏။ ဤကဲ့သို့ သရက်သီးတွေ သီးလာရခြင်းမှာ အစပထမ သရက်စေ့ကလေးစိုက်တုန်းက သရက်သီးတွေသီးတာလား

လို့ဆိုရင် မဟုတ်ပါဘူးတဲ့၊ ၎င်းသရက်စေ့ကလေးကိုစိုက်တုန်းက သူ့အထဲမှာ ဤကဲ့သို့ အသီးကိုဖြစ်စေတတ်တဲ့သတ္တိကလေး ပါလာပါတယ်။ ဒါ့ကြောင့် ဤကဲ့သို့အသီးတွေ သီးလာတာပါလို့မှတ်ရမည်။

ထို့အတူပါပဲတဲ့ ပရမတ္ထသဘာဝများမှာလည်း ဤကဲ့သို့ပင် ချုပ်ပျောက်သွားငြားသော်လည်း သူသည် ပို့ဆောင်တတ်တဲ့သတ္တိကလေးကတော့ ကျန်ရစ်ခဲ့သေးပါတယ်တဲ့။ ဒါ့ကြောင့် ဤကဲ့သို့ နတ်ရွာသုဂတိသို့ ဆောင်ပို့တာလို့မှတ်ယူရမည်။ ဘာကိုထောက်ဆပြီး သိရမလဲလို့ဆိုပါရင် ပဋိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော်မှာ ‘‘သင်္ခါရပစ္စယာ ဝိညာဏံ’’ဟူ၍ဟောတော်မူထားသည်ကို ထောက်ဆပြီးသိရမယ်။ ‘သင်္ခါရ’အရမှာတော့ ကုသိုလ်, အကုသိုလ်စေတနာကို ကောက်ရ၏။ ‘ဝိညာဏံ’အရမှာတော့ ဝိပါက်ဝိညာဏ်ကို ကောက်ထားရ၏။ ဤကဲ့သို့ပင် တစ်မျိုးစီကောက်ထားပါလျက် ယခုပစ္စုပ္ပန်ဘဝကပြုတဲ့ သင်္ခါရတည်းဟူသော စေတနာကံကြောင့် နောင်အနာဂတ်ဘဝမှာ ဝိပါက်ဝိညာဏ် ဖြစ်ပေါ်ရတယ်လို့ဆိုတာကို သိစေလိုသောကြောင့် ဟောတော်မူထားသည်ဖြစ်ပါ၍ ၎င်းကို ထောက်သောအားဖြင့် ချုပ်ပျောက် လေပြီးသော စေတနာဟာ သူပင်ချုပ်သွားသော်လည်း ပို့ဆောင်တတ်တဲ့ သတ္တိကလေးကတော့ ကျန်သေးတယ်လို့ဆိုတာ အလွန်တရာထင်ရှား ပါတယ်။

(တစ်နည်း) ဖောင်ကူးတို့နှင့်တူစွာ ပို့ဆောင်တတ်သောကြောင့်လည်း မဂ္ဂင်မည်ပါတယ်တဲ့။ ဥပမာ - ကိုယ်တော်သည် ဤမှာဘက်

ကမ်းမှာနေတဲ့အခါ သင်္ဘောသူကြီးက သင်္ဘောကြီးနဲ့တင်ဆောင်ပြီး သကာလ ဟိုမှာဘက်ကမ်းမှာ စားစရာသောက်စရာပျော်ဖို့ရာကောင်းတဲ့ နေရာသို့ပို့သောကြောင့် ရောက်ရ၏။ ဤကဲ့သို့ပို့တဲ့အခါမှာ ကိုယ်တော်၏ ခန္ဓာကိုယ်ကြီးကတော့ ပို့ကြောင်းဒြပ်ကြီးလို့မှတ်ရမယ်။ သင်္ဘောသူကြီး ကတော့ ပို့တတ်တဲ့မဂ္ဂကြီးပဲလို့မှတ်ပါ။ ထို့အတူပါပဲတဲ့ ပရမတ္ထတရား များမှာလည်း ၎င်းမဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ကူးတို့ကြီးကို စီးပါရင် အလွန်တရာအေးချမ်းသာယာတဲ့ နတ်ရွာနိဗ္ဗာန်သို့ရောက်ရ၏။ ဒါ့ကြောင့် မဂ္ဂင်လို့လည်းခေါ်ရပါတယ်။

မိစ္ဆာမဂ္ဂင်ငါးပါးကိန်းတဲ့ပုဂ္ဂိုလ်မှာလည်း ဒုဂ္ဂတိဘဝကြီးသို့ ဧကန်မုချရောက်မှာပါပဲတဲ့။ မိတ္တဝိန္ဒကတို့ကို ထောက်ပြီးကြည့်လိုက် ပါတဲ့၊ ၎င်းမိတ္တဝိန္ဒကသည်ကားလို့ဆိုရင် သင်္ဘောထွက်ခါနီးအခါမှာ မိခင်ကိုတွန်းပြီး ပစ်မှားခဲ့မိတဲ့အတွက်ကြောင့် အမိကပင်မသွားပါနဲ့လို့ ဘယ်လိုပင်တားပါသော်လည်း မရပါဘူးတဲ့။ ဤကဲ့သို့ သင်္ဘောရွက်လွှင့် သွားတဲ့အခါမှာ သမုဒ္ဒရာအလယ်ခေါင်ရောက်တဲ့အခါကျတော့ သင်္ဘောကြီးဟာမသွားတော့ဘဲ ရပ်တန့်ပြီးနေပါရောတဲ့။ ဤကဲ့သို့ ရပ်နေတဲ့အခါကျတော့ သင်္ဘောပေါ်မှာရှိတဲ့လူတွေကို ရေစာကျွေးရန် မဲချတဲ့အခါမှာ မိတ္တဝိန္ဒကကိုမဲကျလေတော့ သူ့ကိုရေထဲသို့ ပစ်ချလိုက်တဲ့ အခါမှာ သင်တုံးစက်သွားများဖြင့်ငရဲခံနေရသော ပြိတ္တာဘုံသို့ရောက်ပါ ရောတဲ့။

ဤကဲ့သို့ရောက်သွားတဲ့အခါမှာ မိတ္တဝိန္ဒကသည် သင်တုံးစက်

သွားများဖြင့် သွေးတရဲရဲနှင့် ခံနေရတဲ့လူတွေကို သူ၏စိတ်ထဲက ဘယ်လိုထင်နေပါသလဲလို့ဆိုရင် ဒီလူတွေပန်ဆင်ထားတဲ့ပန်းကုံးတွေဟာ တယ်ပြီးလှပါကလား၊ ငါလည်း ဤလိုလှတဲ့ပန်းကုံးများကို ဝတ်ဆင်လို ပါဘိတော့တယ်လို့ဆိုပြီး ၄င်းသင်တုံးစက်တွေကို တောင်းပြီးသကာလ ငရဲဘုံမှာခံစားနေရတယ်တဲ့။ ဒီလို မိတ္တဝိန္ဒက ယခုပစ္စုပ္ပန်ဘဝကနေပြီး ပြိတ္တာဘုံမှာငရဲခံရတာဟာ ဘယ်သတ္တိကြောင့်ပါလဲလို့ဆိုရင် သူ၏ သန္တာန်မှာကိန်းတဲ့ မိစ္ဆာမဂ္ဂင်ကပို့ဆောင်သောကြောင့် ရောက်ရတယ်လို့ မှတ်ပါ။

ဘုရားလောင်းတော် မျောက်မင်းကိုသတ်တဲ့ပုဏ္ဏားမှာ မိမိမြို့သို့ မရောက်မီ ရေကန်ထဲသို့ဆင်းပြီးရေချိုးတဲ့အခါမှာ သူ့ကိုယ်ကအဖုအပိန့် တွေ ပေါက်ရခြင်းမှာလည်း မိစ္ဆာမဂ္ဂင်ကြောင့်လို့မှတ်ပါ။

သမ္မာဒိဋ္ဌိမဂ္ဂင်ကိန်းတဲ့ပုဂ္ဂိုလ်များမှာတော့ ၄င်းမိစ္ဆာမဂ္ဂင်ကြောင့် ခံစားရတဲ့ဘုံဘဝတို့မှလွတ်မြောက်ရာ ထွက်မြောက်ရာဖြစ်သောကြောင့် မဂ္ဂင်မည်ပါတယ်လို့မှတ်ပါ။ ဤကဲ့သို့ အဋ္ဌကထာ ဋီကာလာတဲ့အတိုင်း ဝတ္ထုသက်သေတွေနဲ့ထောက်ထောက်ပြီး ပြောပြခဲ့တာတွေဟာ နောင် တမလွန်ဘဝမှာ ခံစားစံစားရမည့်အကြောင်းတွေကို ပြောပြနေတာ ဖြစ်နေပါတယ်တဲ့။ ယခုပြောနေတဲ့မဂ္ဂင်ပစ္စည်းမှာ သဟဇာတမျိုးထဲက ဖြစ်နေပါသောကြောင့် ယခုပစ္စုပ္ပန်အကြောင်းနဲ့ဆက်စပ်ပြီးသကာလ သဟဇာတမျိုးပေါ်လွင်ထင်ရှားလာအောင် ပြောကြဦးစို့ရဲ့။

ဥပမာ - ရှေ့ကပြောပြခဲ့သောလှေဖောင်ကြီးကို တက်ပြီးစီးသွား

တဲ့အခါမှာ ငှင်းလေ့ဖောင်ကြီးသည် ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်း ကိုထွက်မြောက်ကြောင်း၊ ရောက်ကြောင်းဖြစ်သောကြောင့်လည်း မဂ္ဂင်မည်တယ်လို့မှတ်။

တစ်နည်းအားဖြင့် မဂ္ဂင်တည်းဟူသော အကြောင်းကြောင့် မဂ္ဂင်ရုပ်တွေလည်း ပေါ်လာရတယ်တဲ့။ ဘယ်လိုများပေါ်လာရပါသလဲ လို့ဆိုရင် ငှင်းလောကုတ္တရာမဂ္ဂင်ကိုရတဲ့ ပုဂ္ဂိုလ်များ၏ခန္ဓာကိုယ်ကြီးမှာ အစတုန်းက အသားဖြူဖြူ၊ အသားမည်းမည်း၊ မဂ္ဂင်ကိုရတဲ့အခါကျတော့ အလွန်တရာလှပပြီးသကာလ ကိုယ်၏အဆင်းသဏ္ဌာန်မှာ ထန်းသီးမှည့် ကဲ့သို့ ဝါဝါဝင်းဝင်းကြီးဖြစ်ပေါ်လာတာပါပဲတဲ့။ ဤကဲ့သို့ဖြစ်ရခြင်းမှာ ဘယ်သူ၏သတ္တိကြောင့်လဲလို့ဆိုပါရင် မဂ္ဂင်ကြောင့်လို့သာမှတ်ပါလေ။

ရှေ့ကပြောခဲ့ပြီးသော ဘုရားလောင်းတော် မျောက်မင်းကိုသတ်တဲ့ ပုဏ္ဏားကြီးမှာ အဖုအပိန့်ကြီးတွေပေါ်လာရခြင်းမှာလည်း မိစ္ဆာမဂ္ဂင်၏ သတ္တိတန်ခိုးကြောင့် မဂ္ဂင်ရုပ်တွေပေါ်လာရတယ်လို့မှတ်ပါ။ ဒါ့ကြောင့် ယခုပစ္စုပ္ပန်ဘဝမှာပင် သမ္မာဒိဋ္ဌိမဂ္ဂင်တည်းဟူသော အကြောင်းတရား ကြောင့် ငှင်းမဂ္ဂင်နှင့်တစ်စပ်တည်းဖြစ်ပြီးသကာလ (ဝါ) သဟဇာတ ပစ္စည်းဖြစ်ပြီးလျှင် အကျိုးတည်းဟူသောမဂ္ဂင်ရုပ်တွေ ပေါ်လာရသည် ဖြစ်၍ မဂ္ဂင်တရားများ၏ သဟဇာတမျိုးဖြစ်ပေါ်ပုံဟာ အလွန်ထင်ရှား တယ်လို့မှတ်ပါ။ ဤကဲ့သို့အကျိုးကိုဖြစ်စေတဲ့နေရာမှာလည်း ရေသောက် မြစ်နှင့်တူသောဟိတ်ရှိတဲ့မဂ္ဂင်မှသာ အကျိုးတရားကိုဖြစ်စေတယ်လို့ မှတ်ရမည်။

ဥပမာ - ရေသောက်မြစ်မရှိသောအပင်များမှ သီးပွင့်သော လေသီးလေပွင့်များသည် နောင်တစ်ဖန် အပင်ကိုမဖြစ်စေနိုင်သကဲ့သို့ ထို့အတူ ဟိတ်မရှိသောမဂ္ဂင်များမှာလည်း အကျိုးတရားကိုမဖြစ်စေဘူးလို့ မှတ်ပါ (ဝါ) သုဂတိ၊ ဒုဂ္ဂတိ၊ နိဗ္ဗာန်သို့မရောက်ဘူးလို့မှတ်ရမည်။ ဟိတ်မရှိသောမဂ္ဂင်များမှာတော့ သုဂတိ၊ ဒုဂ္ဂတိ၊ နိဗ္ဗာန်ကိုမရောက် စေဘူးလို့ဆိုတာဟာတော့ ထင်ရှားပါပြီ။ ဟိတ်တရားရှိသော ဝိပါက်, ကြိယာများကတော့ သုဂတိ၊ ဒုဂ္ဂတိ၊ နိဗ္ဗာန်သို့မရောက်စေဘူးလားလို့ မေးခဲ့ပါရင်၊ ၎င်းဝိပါက်, ကြိယာများမှာရှိတဲ့ ဟိတ်တရားများကတော့ ကျောက်ဖျာပေါ်မှာ တင်ပြီးထားသောမျိုးစေ့သည် ရေမရှိသောကြောင့် လည်းကောင်း၊ မြေကြီးမရှိသောကြောင့်လည်းကောင်း၊ နေပူသောကြောင့် လည်းကောင်း၊ ဤကဲ့သို့ အင်္ဂါများချို့တဲ့နေသည်ဖြစ်၍ တစ်ဖန်အပင် မပေါက်နိုင်ပါဘူးတဲ့။ ဤကဲ့သို့ အပင်မပေါက်ရခြင်းမှာ မျိုးစေ့မကောင်း လို့လားဆိုပါရင် မဟုတ်ပါဘူးတဲ့။ ရေမြေတည်းဟူသော အင်္ဂါချို့တဲ့ နေသောကြောင့် အပင်မပေါက်တာဟု မှတ်ပါ။ မျိုးစေ့ကတော့ ကောင်းတယ် လို့မှတ်ပါ။ ထို့အတူပါပဲတဲ့ ဝိပါက်, ကြိယာထဲမှာရှိသော ဟိတ်တရား များသည် ရေ, မြေ, နေပူခြင်းတည်းဟူသော အင်္ဂါချို့တဲ့ နေသောကြောင့် သုဂတိ၊ ဒုဂ္ဂတိ၊ နိဗ္ဗာန်သို့ မရောက်စေဘူးလို့ မှတ်ပါ လေကုန်။ ဆရာတော် ဦးဝိမလ၏ မဂ္ဂပစ္စည်းချုပ်စဉ် ပြီး၏။

*မဂ္ဂပစ္စည်း ပြီးပါပြီ။*

# သမ္မပ္ပဓာန်သုတ်စကားပြေ




၁၉။ ဆီ, ထောပတ်, ပျား, သကာ ဟူသော စတုမဓု ရောသောအခါ အရျင်းချင်း စပ်ယှဉ်

နီးနှောသကဲ့သို့သော သမ္မပ္ပဓာန်တရား။

# သမ္ပယုတ္တပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၊ စတုဝေါကာရ (၄) ဘုံ
  အားဖြင့် ဘုံ (၃၀)၌ ဖြစ်နိုင်ပါသည်။
  ဧကဝေါကာရဘုံတို့၌ မဖြစ်နိုင်ပါ။

## ၁၉။ သမ္မယုတ္တပစ္စည်းအခန်းပိုင်း

မဂ္ဂပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ သမ္မယုတ္တ ပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'သမ္မယုတ္တပစ္စယော' ဟူသည်တည်း။

**သမ္မယုတ္တပစ္စယော** - ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) ဆီ, ထောပတ်, ပျား, သကာဟူသော စတုမဓုအရသာသည် အချင်းချင်းစပ်ယှဉ်နှီးနှောသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ တကွယှဉ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### သမ္မယုတ္တပစ္စည်း သုံးချက်စု

**သမ္မယုတ္တပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုတွင် အချင်းချင်းအားတပ်သော အလုံးစုံသောစိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ခွေပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် သမ္မယုတ္တပစ္စည်း တပ်သောတရားမည်ကုန်၏။

အချင်းချင်းမှထောက်အပ်သော အလုံးစုံသောစိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ခွေပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် သမ္မယုတ္တပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရား မည်ကုန်၏။

စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

## သမ္ပယုတ္တပစ္စည်း ချုပ်ပို့စဉ်

'သမ္ပယုတ္တပစ္စယော - ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား' လို့ ဆိုတဲ့နေရာမှာ ယှဉ်တယ် ယှဉ်တယ်လို့ ဆိုတဲ့နေရာမှာ ဘယ်လိုယှဉ်ပါသလဲ၊ လူတစ်ယောက်က ရပ်နေတဲ့အခါမှာ လူတစ်ယောက်ကသွားပြီး ထိုလူနဲ့ယှဉ်ရပ်ပြီးလျှင် ထိုသူသွားလျှင် သွားခြင်း၊ ထိုသူကထိုင်လျှင် ထိုင်ခြင်းဆိုသလို ယှဉ်တာမျိုးလား၊ စတုမဓုများ ရောထွေးပေါင်းစပ်သလို ယှဉ်တာလား၊ ထိုနှစ်ပါးတို့တွင် ဘယ်လိုယှဉ်တဲ့ အယှဉ်မျိုးလဲလို့ မေးခဲ့ပါလျှင်၊ (တစ်နည်း)အလုပ်အကိုင် အစားအသောက်တူတာကိုလည်းကောင်း၊ သတ္တိတူအားဖြင့် ရောထွေးနေတာကို လည်းကောင်း ယှဉ်တာလို့ခေါ်ပါသလား၊ ၎င်းနှစ်မျိုးတို့တွင် ဘယ်လို အမျိုးအစားအားဖြင့်ယှဉ်တာကို သမ္ပယုတ္တပစ္စည်းပဲလို့ ဘုရားဟောထားပါသလဲလို့ မေးစရာရှိသောကြောင့် အညမညသဒ္ဒါကို မြတ်စွာဘုရားဟောတော်မူ၏။

ရှေ့အညမညပစ္စည်းတုန်းကလည်း ဒီအညမည-သဒ္ဒါကလေးဟာ ပါတာပါပဲတဲ့၊ ၎င်းအညမည-သဒ္ဒါကလေးက ဘာကိုသိစေပါသလဲလို့ဆိုရင် **"ကေကစ္စဓော ပစ္စယဘာဝဥ္စေဝ ပစ္စယုပ္ပန္နဘာဝဥ္စ ဒီပေတိ"**-ဟူ၍ ဖွင့်ဆိုထားသည်နှင့်အညီ ဝေဒနာက ဟော့သညာ... မင်းနဲ့ငါနဲ့ပစ္စည်းလုပ်ရအောင်ဟော့လို့ဆိုတဲ့အခါမှာ ကျန်နာမက္ခန္ဓာတို့မှာ ပစ္စယုပ္ပန်ဖြစ်ရ၏။ ဤကဲ့သို့ ပစ္စည်းဖြစ်လျှင်လည်း အချိန်တူ၊ ပစ္စယုပ္ပန်

ဖြစ်လျှင်လည်း အချိန်တူ ဖြစ်တယ်လို့ ဆိုတာကို အညမည-သဒ္ဒါ ကလေးကပြ၏။ ဤကဲ့သို့ပြသည်ကိုထောက်ဆသောအားဖြင့် ရှေ့ကပြ ဆိုခဲ့သော ယှဉ်ခြင်းနှစ်ပါးတို့တွင် သွားအတူ, ရပ်အတူ, ထိုင်အတူ, ယှဉ်သကဲ့သို့ တစ်ချိန်တည်း တစ်အာရုံတည်းယှဉ်တာကိုပင် သမ္မယုတ္တလို့ မှတ်ပါ။

(တစ်နည်း) 'အညမညံ ယုဇ္ဇန္တီတိ ဝါ ယုတ္တာ'-ဟူသည်နှင့် အညီ အချင်းချင်းယှဉ်တယ်ဆိုတာဟာ တစ်ချိန်တည်း တစ်အာရုံတည်း၊ ဖြစ်လျှင်လည်းအတူ၊ ချုပ်လျှင်လည်းအတူတူဖြစ်တာကိုပင် သမ္မယုတ္တလို့ မှတ်ပါ။

(တစ်နည်း) "**ဧကုပ္ပါဒတာဒီဟိ သမံ ပကာရေဟိ ယုတ္တာတိ သမ္မယုတ္တာ**"- ဟူသည်နှင့်အညီ ဧကုပ္ပါဒအစရှိသော အင်္ဂါလေးပါး တို့ဖြင့်ယှဉ်ခြင်းကိုပင် သမ္မယုတ္တလို့မှတ်ရမယ်တဲ့။ ဤကဲ့သို့ ဧကုပ္ပါဒ အစရှိသည်တို့နှင့်ယှဉ်တဲ့နေရာမှာ အဓိပတိစသည်တို့ကဲ့သို့ တစ်ပါးက လွန်ကဲနေတဲ့အခါမှာ နှံ့နေသေးပါသလားလို့မေးဖွယ်ရာရှိသောကြောင့် 'သမံ ပကာရေဟိ ယုတ္တာတိ သမ္မယုတ္တာ'-လို့ဖွင့်ပြထားသောဝိဂြိုဟ်ကို ထောက်သောအားဖြင့် ၎င်းဝိဂြိုဟ်ထဲမှာရှိတဲ့ 'သံ'သဒ္ဒါကလေးက အဓိပတိစသည်တို့ကဲ့သို့မဟုတ်။ သမ္မယုတ္တယှဉ်ခြင်းမှာ သတ္တိအားဖြင့် လည်းညီမျှ၊ အချိန်အားဖြင့်လည်း ညီညီညာညာယှဉ်ပါတယ်ဆိုတာကို ပြသည်ဟုမှတ်ပါလေ။

မြတ်စွာဘုရားကိုယ်တော်မြတ်သည် သမ္မယုတ္တဖြစ်တာဟာ ဘယ်ကစပြီး ဖြစ်ပါသလဲလို့ဆိုရင် 'သမံ ပကာရေဟိ ယုတ္တာတိ သမ္မယုတ္တာ'-ဟူသည်နှင့်အညီ အကြောင်းဖြစ်တဲ့ဓမ္မကလေးသည် အကျိုးဖြစ်သောတရားနဲ့ တူသောဖြစ်ခြင်း၊ တူသောအာရုံ၊ တူသောမှီရာ၊

တူသောချုပ်ခြင်းရှိရမည်။ ဤအင်္ဂါလေးပါးညီညွတ်တဲ့အခါမှသာ သမ္ပယုတ္တဖြစ်တယ်လို့မှတ်ပါ။

တပည့်တော်တို့ ကိုယ်တော်တို့သန္တာန်မှာ စဉ်းစားပြီးကြည့်ပါ။ အကြောင်းဖြစ်တဲ့ဓမ္မကလေးနဲ့ အကျိုးဖြစ်သောဓမ္မတို့ဟာ အတူတကွ ဖြစ်ဖော်ဖြစ်ဖက်ဖြစ်ပြီးလျှင် တစ်ချိန်တည်း တစ်အာရုံတည်းဖြစ်ရမယ် မှတ်။ ယခုကိုယ်တော်သည် တပည့်တော်ကိုလျှောက်လိုတဲ့စိတ်ကလေး ပေါ်သည်နှင့်တစ်ပြိုင်တည်း သဒ္ဒရုပ်ကလေးလည်း တစ်ပြိုင်တည်းထွက် ပေါ်လာတယ်လို့မှတ်ပါ။ ဤကဲ့သို့ဖြစ်ရတာဟာ ဘယ်သူကဖြစ်စေလို့ လဲလို့ဆိုပါရင် ကိုယ်တော်၏သန္တာန်မှာရှိတဲ့ဓာစိတ်က နင်လျှောက်လိုက်၊ လျှောက်လိုက်လို့ခိုင်းသည်နှင့်တစ်ချိန်တည်း ၄င်းစိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇသဒ္ဒကလေးဟာ တစ်ပြိုင်တည်း ထွက်ပေါ်လာသောကြောင့် သမ္ပယုတ္တဟုမှတ်ပါလေ။

ဒီလိုဆိုခဲ့ပါရင် စိတ္တဇရုပ်နှင့်တကွ နာမ်ဓမ္မကလေးပါ သမ္ပယုတ္တ ပစ္စည်းထိုက်နေတယ်လို့ဆိုတဲ့ အဓိပ္ပါယ်ရောက်နေ၏။ သို့ဖြစ်ပါ၍ နာမ်ဓမ္မနှင့်စိတ္တဇရုပ်တို့လည်း ဒီနေရာမှာ အတူတကွဖြစ်နေသည် ဖြစ်ပါသောကြောင့် 'ဧကုပ္ပါဒ'ကိုသာမဆိုမူ၍ ပစ္စည်းတရားကို ထင်ရှား စေခြင်းငှာလည်းကောင်း၊ စိတ္တဇရုပ်ကို စင်စေခြင်းငှာလည်းကောင်း 'ဧကနိရောဓ'ကို ထည့်လိုက်ပြန်သည်မှတ်။ ဒါ့ကြောင့် ဒီသမ္ပယုတ္တ ယှဉ်တယ်ဆိုတာ အတူတကွဖြစ်ရုံမျှကိုသာမယူပါနဲ့။ အတူတကွလည်း ချုပ်မှသာ သမ္ပယုတ္တလို့ယူပါလို့ဆိုတာကိုသိစေ၏။

ဒီလို ဆိုလိုက်သည်ရှိသော် ဝိညတ်ဒွေးတို့က ကျွန်ုပ်တို့ဟာ ဖြစ်တုန်းကလည်း အတူတူပါပဲ၊ ချုပ်ရင်လည်း နာမ်ဓမ္မနှင့်အတူတူ

ချုပ်ပါတယ်။ သို့ဖြစ်၍ ကျွန်ုပ်တို့လည်း သမ္မယုတ္တထဲကိုဝင်နိုင်တယ်လို့ ဆိုပြီး ဝင်လာခဲ့အံ့- ၄င်းဝိညတ်ဒွေးကိုမဝင်နိုင်အောင် ဝိညတ်ဒွေးကို စင်စေခြင်းအကျိုးငှာ 'ကောလမ္ဗဏ'ကို ထည့်စွက်၍ ဟောရသည် မှတ်ပါ။ ဤကဲ့သို့ထည့်လိုက်သဖြင့် တကွဖြစ်၊ တကွချုပ်ပါသော်လည်း တူသောအာရုံရှိမှသာလျှင် သမ္မယုတ္တဖြစ်တယ်လို့ဆိုတာကို သိစေတယ်လို့ မှတ်ပါ။

ဒီလို ဆိုလိုက်သည်ရှိသော် နှောင်ဝင်နိုင်မည့်တရားလည်း မရှိတော့ပါဘူးတဲ့။ ဤကဲ့သို့မရှိတော့ပါဘဲလျက် အဘယ့်ကြောင့် 'ဧကဝတ္ထုက'သဒ္ဒါကို ထည့်ရပါသလဲလို့ဆိုရင် ဋီကာကျော်ဆရာ၏ အလိုအားဖြင့် ဤကဲ့သို့ ဧကဝတ္ထုကသဒ္ဒါကို ထည့်လိုက်ရခြင်းဖြင့် ဧကုပ္ပါဒ၊ ဧကနိရောဓ၊ ဧကာလမ္ဗဏဖြစ်ခဲ့သည်ရှိသော် ဧကဝတ္ထုကဟာ ဖြစ်တော့တာပါပဲလို့ဆိုတဲ့အဓိပ္ပာယ်ကို သိစေခြင်းအကျိုးငှာ ထည့်သည် ဟူ၍ဖွင့်ထား၏။ ဤကဲ့သို့ ဋီကာကျော်ဆရာဆိုတဲ့အတိုင်းဆိုရင် ဧကဝတ္ထုကသဒ္ဒါထည့်ရခြင်းမှာ သိပ်ပြီးအကျိုးမရှိသကဲ့သို့ ဖြစ်နေပေ၏။ သို့ဖြစ်ပါ၍ ၄င်းဧကဝတ္ထုကသဒ္ဒါကလေး ထည့်ရခြင်း၏အကျိုးကို ထင်ရှားစေခြင်းငှာ မူလဋီကာစကားနဲ့ယှဉ်ကြဦးစို့ရဲ့။

ဥပမာ - ကိုယ်တော်သည် ဘုရားကို အာရုံပြုနေတဲ့အခါမှာ ပထမဇောသည် ဟဒယဝတ္ထုကိုမှီပြီးလျှင် ဘုရားတည်းဟူသော အာရုံကိုပင်အာရုံပြု၏၊ (လ) သတ္တမဇောသည် ဟဒယဝတ္ထုကိုပင်မှီပြီး ဘုရားတည်းဟူသော အာရုံကိုပင်အာရုံပြု၏၊ တဒါရုံကလည်း ဟဒယ ဝတ္ထုကို မှီပြီးလျှင် ဘုရားတည်းဟူသော အာရုံကိုယူ၏။ ဘဝင်တို့မှာ ကံကမ္မနိမိတ်ဂတိနိမိတ်တို့ကို အာရုံပြုနေ၏။

သို့ဖြစ်ပါ၍ ဧကဝတ္ထုကသဒ္ဒါကလေးကိုသာထည့်ပါက ဒုတိယ

တဒါရုံနှင့် ပထမဘဝင်တို့မှာ မိစ္ဆာဝတ္ထုအချင်းချင်းတူသောကြောင့် သမ္ပယုတ္တအဖြစ်ကိုယူမည်စိုး၍ 'ကောလမ္ဗဏ'သဒ္ဒါကလေးကို ထည့်ရ၏မှတ်ပါ။ ဒါ့ကြောင့် မိစ္ဆာဟာဒယဝတ္ထုချင်းတူပေမယ့်လို့ ဤကဲ့သို့ အာရုံပြားနေသောတရားများကို သမ္ပယုတ္တအဖြစ် မယူပါနဲ့လို့ဆိုတဲ့ အဓိပ္ပာယ်ကိုသိစေပြန်၏။ ဒါ့ကြောင့် 'ကေဝတ္ထုက'သဒ္ဒါကလေးဟာလည်း အကျိုးရှိပါတယ်လို့ဆိုတာကိုသိစေ၏မှတ်ပါ။

ဤကဲ့သို့ ဘုရားတည်းဟူသောအာရုံမမွေကြီးကို ဝေဒနာ သညာ စသည်တို့က အာရုံပြုနေတဲ့အခါမှာ ၄င်းနာမ်ဓမ္မတွေကြောင့်ဖြစ်သော (ဝါ) သူတို့ကဖြစ်စေသော စိတ္တဇရုပ်၊ ဝိညတ်ဒွေးများလည်း ဘုရားတည်းဟူသောအာရုံသို့ ညွတ်ပြီးသကာလနေကြသောကြောင့် တူသောအာရုံပြုခြင်းရှိနေရကား သူတို့ကိုလည်း သမ္ပယုတ္တပစ္စည်းထဲသို့ ထည့်ရတော့မလားလို့ မေးဖွယ်ရာရှိပြန်သောကြောင့် 'ကေနိရောဓ'ကို တစ်ဖန်မိန့်ရပြန်၏။ ဤကဲ့သို့အာရုံတူပေမယ့်လို့ တူသောချုပ်ခြင်းရှိတဲ့ တရားကိုသာယူရမည်လို့ဆိုလိုက်ပြန်သဖြင့် 'ကောလမ္ဗဏ'သဒ္ဒါကလေးချည်းပဲ ထည့်လို့မဖြစ်သောကြောင့် 'ကေနိရောဓ'သဒ္ဒါကလေးကို ထည့်ရတယ်ဆိုတာကိုသိစေ၏မှတ်။ ဒါ့ကြောင့် ဤသမ္ပယုတ္တပစ္စည်းမှာ အနုလောမ၊ ပဋိလောမအားဖြင့်လည်း စောဒနာပြီးယူရမည်ဆိုတာကိုမှတ်ပါ။

ဤသမ္ပယုတ္တပစ္စည်းမှာ အကျဉ်းချုပ်အားဖြင့် မှတ်သားရန်မှာ အကြောင်းတရားနဲ့ အကျိုးတရားတို့မှာ နှံ့မှုထက်မှုအားဖြင့်လည်း တူစေရမည်။ ကေပ္ပါဒစသော အင်္ဂါလေးပါးနှင့်ညီစေရမည်။ ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံတဲ့တရားကိုသာ သမ္ပယုတ္တပစ္စည်းမှာ ဟောတယ်လို့မှတ်ပါ။ အကြောင်းတရားနှင့် အကျိုးတရားတို့တွင် အကြောင်းတရားကိုသာယူရမည်လို့မှတ်ပါလေ။


ကိုယ်တော်သည် ဘုရားတည်းဟူသော အာရုံကိုအာရုံပြုနေတဲ့ အခါမှာ ဝေဒနာကလေးမှာ ဘုရားတည်းဟူသောအာရုံကို ဝမ်းမြောက်ပြီးနေတဲ့အခါမှာ သူနဲ့အတူတကွ ဖြစ်ဖော်ဖြစ်ဖက်ဖြစ်သော သဒ္ဓါ သတိ ဝီရိယ သညာ သင်္ခါရတို့ကိုလည်း ဘုရားတည်းဟူသောအာရုံကို မင်းတို့လည်း ဝမ်းမြောက်ကြဟော့လို့ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဘုရားကို အာရုံပြုနေကြ၏။ ဝေဒနာက ဘုရားကို အာရုံပြုတာညောင်းလှပါပြီ တော်တော့မယ်ဆိုပြီး တော်လိုက်တဲ့အခါမှာလည်း ကျန်တဲ့သဒ္ဓါတို့လည်း တစ်ပြိုင်တည်း တော်လိုက်ကြတာပါပဲတဲ့။ ဒါ့ကြောင့် သူတို့ကို သမ္မယုတ္တလို့ ခေါ်ဆိုရ၏။

ဒီလိုဆိုခဲ့ပါရင် သညာ, သင်္ခါရ, ဝိညာဏ်, သဒ္ဓါစသည်တို့မှာလည်း သူတို့၏မှတ်မှု, ပြုပြင်မှု, သိမှုစသောလက္ခဏာတွေဟာ မရှိတော့ဘဲ ပျောက်ပျက်ပြီးသကာလ အတူတကွဖြစ်ကြပါသလားလို့ ဆိုရင် မဟုတ်ပါဘူးတဲ့။ "**ပရမတ္ထတော ဘိန္နာပိ ဧကီဘာဝဂတာ ဝိယ**" ဟူသည်နှင့်အညီ အတူတကွရောနှောပြီး ဖြစ်တယ်လို့ပင်ဆိုငြားသော်လည်း သူ့လက္ခဏာနှင့်သူပါပဲတဲ့။ သို့သော်လည်း အာရုံကိုယူတဲ့အခါမှာသာ တစ်ပြိုင်နက် တစ်ချက်တည်းဖြစ်ကြတာပါလို့ မှတ်ရမည်။ သူတို့၏ရှိရင်းစွဲလက္ခဏာ မရှိတော့ဘဲဖြစ်သည်ကို မဆိုလိုဘူးလို့ မှတ်ပါလေကုန်။ ဆရာတော် ဦးဝိမလ၏ သမ္မယုတ္တပစ္စည်းချုပ်စဉ် ပြီး၏။

*သမ္မယုတ္တပစ္စည်း ပြီးပါပြီ။*

# ဝိပ္ပယုတ္တပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှ ပူဇော်သည်။




စီစဉ်သူ - မစ္စပယိဂီ (I.T.B.M.U) Tel: 0973087091

၂၀။ အချို အချဉ် အစပ် အငန် အဖန် အခါးဟူသော ခြောက်ပါးသော အရသာသည် ရောသောအခါ
အချင်းချင်း မနီးမနော မစပ်ယှဉ် သကဲ့သို့သော ဝိပ္ပယုတ္တပစ္စည်းတရား သုံးပါး။

# ဝိပ္ပယုတ္တပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- သဟဇာတဝိပ္ပယုတ္တသည်
  ပဋိသန္ဓေ၊ ပဝတ္တိကာလနှစ်ပါးစလုံး၌၊
- ပုရေဇာတဝိပ္ပယုတ္တသည် ပဝတ္တိကာလ၌သာ၊
- ပစ္ဆာဇာတဝိပ္ပယုတ္တသည် ပဝတ္တိကာလ၌သာ
  ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၌သာ ဖြစ်နိုင်ပါသည်။

## ၂၀။ ဝိပ္ပယုတ္တပစ္စည်းအဓိပ္ပာယ်

သမ္ပယုတ္တပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ဝိပ္ပယုတ္တပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောပုံကား- 'ဝိပ္ပယုတ္တ ပစ္စယော' ဟူသည်တည်း။

**ဝိပ္ပယုတ္တပစ္စယော** - မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) အချို အချဉ် အစပ် အငန် အဖန် အခါးဟူသော ခြောက်ပါးသောအရသာသည် အချင်းချင်းမနှီးမနှောသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ မနှီးမနှောမယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သော တရား။

### ဝိပ္ပယုတ္တပစ္စည်း သုံးချက်စု

**ဝိပ္ပယုတ္တပစ္စယော** - ဟူသောပစ္စယုဒ္ဒေသ၌ ဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတဝိပ္ပယုတ္တ၊ ပုရေဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ အားဖြင့် သုံးပါးအပြားရှိကုန်၏။

ထိုတွင် **သဟဇာတဝိပ္ပယုတ္တ** ၌သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် ပဉ္စဝေါကာရ ဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက်လေးခု၊ ဒွေးပဉ္စဝိညာဏ် တစ်ဆယ်၊ ရဟန္တာစုတိစိတ်ကြဉ်သော စိတ် ပဉ္စသတ္တတိ၊ စေတသိက် ဒွေပညာသ၊

ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတ ဝိပ္ပယုတ္တပစ္စည်း တပ်သောတရားမည်ကုန်၏။

စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဟဒယဝတ္ထုမှထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာမှတစ်ပါး စိတ် တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ခွေပညာသ၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရားမည်ကုန်၏။

**ပုရေဇာတဝိပ္ပယုတ္တ** သည် ပုရေဇာတနှစ်ပါးနှင့်တူ၏။

**ပစ္ဆာဇာတဝိပ္ပယုတ္တ** သည် ပစ္ဆာဇာတနှင့်တူ၏။

## ဝိပ္ပယုတ္တပစ္စည်း ချုပ်ပို့စဉ်

'ဝိပ္ပယုတ္တပစ္စယော - မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း' ဟူ၍ သုံးချက်စုဆရာ ဆိုထားသောစကားမှာ ယှဉ်လည်းမယှဉ်စပ်ဘဲနဲ့ ကျေးဇူးပြုတယ်လို့ဆိုတာဟာ ဘယ်လိုနေရာ ဌာနများမှာ သုံးတဲ့စကားပါလဲလို့ဆိုရင် သံသယကုက္ကုစ္စရှိတဲ့နေရာ ဌာနများမှာ သုံးတဲ့စကားမျိုးလို့မှတ်ရမယ်။

ဥပမာ– အိမ်တစ်အိမ်သို့ ဧည့်သည်တစ်ယောက်ရောက်လာတဲ့ အခါမှာ ဘေးအိမ်ကလူတစ်ယောက်က ဒီလူဟာ ဟိုဘက်အိမ်ကလူနဲ့ အဆွေအမျိုးပဲတော်လေရော့သလားလို့ သို့တည်းမဟုတ်ပါဘဲ သူစိမ်းပဲလားလို့ဆိုတဲ့ သမ္ပယောဂသင်္ကာရှိသောကြောင့် မေး၏။ ထိုအခါမှာ အိမ်ရှင်က ဟာ ငါနဲ့ဘာမှမတော်ပါဘူးလို့ ဖြေလိုက်၏။ ဘာမှမတော်ရင် ဘာ့ကြောင့်လာသလဲလို့ဆိုရင် ငွေပေးစရာရှိလို့လာတယ်။ ဤကဲ့သို့ဖြေကြားလိုက်သဖြင့် ဒီလူနှစ်ယောက် ဘာမှမတော်ကြဘူး။ သို့သော်လည်း ပစ္စည်းချင်းတော့ ဆက်စပ်နေပေတယ်လို့ဆိုတဲ့ သတ္တိကလေးကိုသိရ၏။

ဝိပ္ပယုတ္တပစ္စည်းကို ဘုရားဟောရခြင်းမှာလည်း ထို့အတူပါပဲတဲ့။ နာမ်ဓမ္မများနဲ့ရုပ်ဓမ္မများဟာ ယှဉ်စပ်နေလေရော့သလားလို့ဆိုတဲ့ သံသယဝိစိကိစ္ဆာသည် ဝေနေယျများ၏သန္တာန်မှာ ရှိမည်စိုး၍ ၎င်း သံသယဝိစိကိစ္ဆာကိုပယ်ဖျောက်စေခြင်းအကျိုးငှာ ဝိပ္ပယုတ္တပစ္စည်းကို ဟောရ၏။ ဤကဲ့သို့ ဝိပ္ပယုတ္တသဒ္ဒါဖြင့် မယှဉ်မစပ်တာကိုပြသော်လည်း ပစ္စယသဒ္ဒါကလေးကတော့ သူတို့အချင်းချင်းဟာ မယှဉ်ပေမယ့် ကျေးဇူးတော့ပြုသေးတယ်လို့ဆိုတာကို သိစေတယ်လို့မှတ်ပါ။

ဥပမာ – ကုလားတစ်မိသားစုနှင့် မြန်မာတစ်မိသားစုတို့မှာ အိမ်တစ်လုံးရှာငှားပြီး အတူနေတဲ့အခါမှာ တစ်စုံတစ်ယောက်သောသူက မြန်မာမိသားစုကို ပြောလူတွေ··· ခင်ဗျားတို့နဲ့ဟိုကုလားတွေနဲ့ အမျိုးများ တော်ကြသလားလို့မေးတဲ့အခါမှာ ဟာတို့နဲ့ ဘာမှမတော်ပါဘူးကွာလို့ ပြောလိုက်၏။ သို့သော်လည်း ၎င်းနှစ်ဦးတို့မှာ ဘာမှပင်မတော်ငြား

သော်လည်း အိမ်လခသက်သာမှုတည်းဟူသော ပစ္စည်းဥစ္စာကတော့ ဆက်စပ်နေတယ်လို့မှတ်ပါ။ ဤနေရာမှာ ဘေးကလူကလာပြီးမေးရခြင်း ကတော့ သမ္ပယောဂသက်ာရှိလို့ မေးရတယ်လို့ မှတ်ရမယ်။ အိမ်ရှင် မြန်မာက ဘာမှမတော်ပါဘူးလို့ပြောလိုက်ရခြင်းကတော့ သူတို့နှင့် မယှဉ်မစပ်ပါဘူးလို့ဆိုတဲ့ ဝိပ္ပယုတ်သဘောလို့မှတ်ပါ။ ဒီလိုဘာမှမတော် ကြဘဲနဲ့ ဘာ့ကြောင့်အတူတူနေကြပါသလဲလို့ မေးတဲ့အခါကျတော့ ဟာ…ဒီလိုနှစ်ဦးစပ်ပြီးနေတော့ အိမ်လခသက်သာရအောင်နေတယ်လို့ ဆိုတော့ သူတို့နှစ်ဦးမှာ ဘာမှပင်မတော်သော်လည်း အိမ်လခသက်သာမှု တည်းဟူသော အကြောင်းအကျိုးဆက်စပ်နေတယ်လို့မှတ်ရမည်။

ပရမတ္ထတရားများမှာလည်း ထို့အတူပါပဲတဲ့။ ၎င်းသမ္ပယောဂ သက်ာ ရှိသည်လည်းဖြစ်စေ၊ ဧကုပ္ပါဒစသော အင်္ဂါလေးပါးတို့မှလွတ်၍ မယှဉ်သည်လည်းဖြစ်စေ၊ အကြောင်းအကျိုး ဆက်စပ်သည်လည်းဖြစ်စေ၊ ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံခဲ့ရင် ဝိပ္ပယုတ္တပစ္စည်းမှာဟောရမည်လို့မှတ်ပါ။ 'စတူဟိ အင်္ဂေဟိ ဝိယုဇ္ဇတီတိ ဝိပ္ပယုတ္တာ' ဟူသည်နှင့်အညီ အကြောင်းဖြစ်သောဓမ္မနှင့် အကျိုးဖြစ်သောဓမ္မတို့မှာ ဧကုပ္ပါဒစသော အင်္ဂါလေးပါးတို့မှလွတ်တဲ့ဓမ္မကို ဝိပ္ပယုတ္တမည်၏မှတ်ပါ။

(တစ်နည်း) ဝိပ္ပယုတ္တမှာ ဝိ-သဒ္ဒါသည် 'ဝိဂတ'အနက်ကြံ၍ 'ဝိဂတာ ပယုတ္တာ ဝိပ္ပယုတ္တာ' ဟူသည်နှင့်အညီ ရှေ့ကပြဆိုတော်မူခဲ့ ပြီးသော လေးပါးသောအင်္ဂါတို့မှလည်းလွတ်သောကြောင့် ဝိပ္ပယုတ္တ မည်၏။

ဥပမာ - ကိုယ်တော်သည် အထက်ကို လက်ကလေး မြှောက်

လိုက်တဲ့အခါမှာ ပထမဈာနာမက္ခန္ဓာကလေးသည် ဝိပ္ပယုတ္တပစ္စည်း၊ မြောက်လိုက်သော ဝိညတ်နှင့်တကွသော စိတ္တဇရုပ်သည် ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်မှတ်။

ဤအခိုက်အတန့်မှာ ပထမဈာနာမက္ခန္ဓာကလေးသည် နာမ်ဓမ္မဖြစ်၍ ဥပါဒ်ဋ္ဌီဘင်ဖြစ်ပြီးချုပ်သွားတဲ့အခါမှာ ၄င်းလက်မြောက်နေတဲ့ရုပ်ကလေးဟာ ချုသွားပလားလို့ဆိုရင် မချုသေးပါဘူးတဲ့။ ဒီလိုလက်တွေမချုသေးတာဟာ သူကရုပ်ဓမ္မဖြစ်၍ နာမ်ဓမ္မနဲ့အတူမချုပ်သောကြောင့် သူသည် ဧကနိရောအဖြစ်မှ လွတ်နေပြန်၏။ ၄င်းနောက် ပထမဈာနာမက္ခန္ဓာကလေးမှာ ဟဒယဝတ္ထုကိုမှီ၏။ ဝိညတ်နှင့်တကွသော စိတ္တဇရုပ်များကတော့ မဟာဘုတ်ကိုမှီပြန်ရကား ဧကဝတ္ထုကအဖြစ်မှလည်း လွတ်နေပြန်၏။

ပထမဈာနာမက္ခန္ဓာကလေးသည် ဘုရားတည်းဟူသောအာရုံကို အာရုံပြုနေ၏။ ဝိညတ်နှင့်တကွသော စိတ္တဇရုပ်များကတော့ အနာရမ္မဏတရားဖြစ်၍ အာရုံကိုမယူနိုင်သောကြောင့် ဧကာလမ္ဗဏအဖြစ်မှလည်း လွတ်နေပါတယ်တဲ့။ ဤကဲ့သို့ အင်္ဂါသုံးပါးမှလွတ်နေသောကြောင့် ဝိညတ်နှင့်တကွသောစိတ္တဇရုပ်ကိုလည်း လက်မြောက်လိုသော ပထမဈာနာမက္ခန္ဓာနှင့် အတူတကွပင်ဖြစ်သော်လည်း ဧကုပ္ပါဒအဖြစ်ကို မယူပါနှင့်တော့တဲ့။ ဒါ့ကြောင့် ဤကဲ့သို့အင်္ဂါလေးပါးတို့မှလွတ်သည် ဖြစ်၍ မယှဉ်သောကြောင့် ဝိပ္ပယုတ္တပါပဲတဲ့။ ဒီလိုပင်မယှဉ်သော်လည်း ၄င်းလက်မြောက်ရုပ်ကလေးဟာ ပထမဈာနာမက္ခန္ဓာနဲ့ကော ကင်းပြီးလက်မြောက်လို့ဖြစ်ပါသလားလို့ဆိုရင် မြောက်လို့မရပါဘူးတဲ့။ ဒါ့ကြောင့်

သူတို့သည် မယှဉ်ပေမယ့်လို့ အကြောင်းအကျိုး၏အဖြစ်ဖြင့် ကျေးဇူးပြု တယ်လို့မှတ်ပါလေ။ ဒါ့ကြောင့် **"ဝိပ္ပယုတ္တဘာဝေန ဥပကာရကော ဓမ္မော ဝိပ္ပယုတ္တပစ္စယော"** လို့မိန့်၏မှတ်ပါ။

ကိုယ်တော်သည် ယနေ့ စာဆိုခါနီး၌ တုံးခေါက်တဲ့အခိုက် အတန့်မှာ တုံးခေါက်လိုသော ပထမဇောနာမက္ခန္ဓာကလေးသည် ဝိပ္ပယုတ္တပစ္စည်း၊ ဝိညတ်နှင့်တကွသော စိတ္တဇရုပ်တွေသည် ပစ္စယုပ္ပန် မှတ်ပါ။

(တစ်နည်း) ကိုယ်တော်သည် ဆူး စူးတဲ့အခါမှာ နာသည်ဖြစ်၍ စုတ်သတ်ခြင်း, တက်ခေါက်ခြင်း (ဝါ) စုတ်ထိုးခြင်း, တောက်ခေါက် ခြင်းကိုပြု၏။ ၎င်းအခိုက်အတန့်မှာ ဆူးစူးသောကြောင့် ဒေါသဖြစ်သည် ဖြစ်၍ ဒေါသမူပထမဇောနာမက္ခန္ဓာကလေးသည် ပစ္စည်း၊ ကျန်ရုပ်တရား တွေသည် ပစ္စယုပ္ပန်လို့မှတ်ရမယ်။

အကြင်ပုဂ္ဂိုလ်သည် မသွားလိုဘဲနှင့်သွားလတ်သည်ရှိသော်-

ဘဝင် တီ၊ န၊ ဒ၊ ပ၊ ဏ၊ သံ၊ ဏ၊ ဝု၊ ဒေါသဇော ခုနစ်ကြိမ်၊ ရုံ၊ ရုံ၊ ဘဝင်ဖြစ်၍ချုပ်၏။ ဤဝီထိအခိုက်အတန့်၌ မသွားလိုဘဲနဲ့သွားရသော ဒေါသမူပထမဇောသည် ပစ္စည်း၊ ဝိညတ်နှင့် တကွသော ခြေလှမ်းတဲ့ရုပ်ဓမ္မတွေသည် ပစ္စယုပ္ပန်မှတ်ပါ။

ဒါ့ကြောင့် ဝိပ္ပယုတ္တပစ္စည်းသည် 'မယှဉ်သည်ဖြစ်၍ကျေးဇူး ပြုတယ်' လို့ဆိုတာ အလွန်တရာမှန်တယ်လို့မှတ်ပါ။ ဋီကာကျော်ဆရာ၏ အလိုအားဖြင့် ဒေါသဖြစ်နေတဲ့အခါမှာ ၎င်းဒေါသ၏တန်ခိုးသတ္တိကြောင့် ဖြစ်ပေါ်ရသော နီမြန်းနေသောရုပ်ဓမ္မတွေမှာ ၎င်းဒေါသဇောနှင့် အတူ

တကွ အချင်းချင်းဖြစ်ကြ၏။ ဤကဲ့သို့ပင်ဖြစ်သော်လည်း ယှဉ်တော့ မယှဉ်ဘူးလို့မှတ်ပါ။ ဘာ့ကြောင့်မယှဉ်သလဲလို့ဆိုရင် ရှေ့ကဆိုအပ်ခဲ့ပြီးသော အင်္ဂါလေးပါးမှလွတ်သောကြောင့် မယှဉ်ဘူးလို့မှတ်ပါ။

“**နာနတ္တူပဂမေန ဥပကာရကတာ**”- ဟူသည်နှင့်အညီ အကြောင်းဓမ္မနဲ့ အကျိုးဓမ္မတို့သည် မတူ၊ ထူးခြားသောအားဖြင့်ကပ်ရောက်ပြီးလျှင် ကျေးဇူးပြုတယ်လို့မှတ်ပါ။

ဥပမာ - ကိုယ်တော်သည် ဒေါသဖြစ်လာတဲ့အခါမှာ မျက်နှာတွေနီမြန်းလာ၏။ ဒေါသဇောကတော့ ဒေါသဓမ္မ၊ မည်းနက်တဲ့ တရားပါပဲတဲ့။ ၄င်းနီမြန်းတဲ့ရုပ်ကလေးနှင့် မည်းနက်တဲ့ဓမ္မတို့မှာ အချင်းချင်း ယှဉ်ကြပါသလားလို့ဆိုရင် မယှဉ်ပါဘူးတဲ့။ သို့သော်လည်း ၄င်း နီမြန်းရုပ်ကလေးမှာ မည်းနက်သောဓမ္မနဲ့ ကင်းပါသလားလို့ဆိုရင် မကင်းပါဘူးတဲ့။ ဒါ့ကြောင့် သူတို့အချင်းချင်းမှာ မယှဉ်သော်လည်း အကြောင်းအကျိုးစပ်သောအားဖြင့် ကျေးဇူးပြုတယ်လို့ မှတ်ကြပါကုန်။

ဋီကာကျော်ဆရာသည် ၄င်းဝိပ္ပယုတ္တပစ္စည်းကို ဘုရားဟောတော်မူရခြင်းမှာ သမ္ပယောဂသင်္ကာရှိတဲ့နေရာမှာသာ ဘုရားဟောတော်မူတယ်လို့ဆိုတာကို ပစ္စည်းပိုင်းအဖွင့်မှာ “**ဆဓာ နာမံ တု နာမဿ**”ဟု ဖွင့်ပြထားတယ်လို့မှတ်ပါ။

## ပုရေဇာတဝိပ္ပယုတ္တ မှတ်သားရန်

အတီတဘဝင်နှင့်အတူဥပါဒ်သော စက္ခုပသာဒကလေးသည် ဌီသို့ရောက်သည်လည်းဖြစ်စေ၊ စက္ခုဝိညာဏ်သို့ရောက်သည်လည်း ဖြစ်စေ၊ စက္ခုဝတ္ထုကိုမှီသည်လည်းဖြစ်စေ၊ ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံမှ

သာလျှင် ရူပါရုံကိုမြင်နိုင်တယ်လို့မှတ်ပါလေ။

ကိုယ်တော်တို့ တပည့်တော်တို့သန္တာန်မှာ ငါတို့သည် ရူပါရုံတစ်ခုကို ကြည့်မြင်ခဲ့လို့ရှိရင် မျက်စိကိုဖွင့်ကြည့်သည်နှင့်တစ်ပြိုင်နက် မြင်တာပဲလို့ဆိုတဲ့ နိစ္စဝါဒီအယူမျိုးတွေလည်းရှိပါတယ်တဲ့။ ၎င်းအယူဝါဒများကို ပယ်ဖျောက်စေခြင်းအကျိုးငှာ ဝိပ္ပယုတ္တပစ္စည်းကိုဟောရ၏ဟုမှတ်ပါ။

တစ်နည်းအားဖြင့် ရူပါရုံတစ်ခုကို ကြည့်လိုတဲ့စိတ်ဖြစ်ပေါ်လာတဲ့အခါမှာ မျက်လွှာကိုဖွင့်ပြီးကြည့်သည်နှင့်တစ်ပြိုင်နက် မိမိတို့သည် အလိုရှိအပ်သောရူပါရုံကို မြင်၏။ ဒီလိုမြင်ရသည်မှာလည်း စက္ခုဝိညာဏ်သည် စက္ခုပသာဒနဲ့ တွဲလျက်စပ်လျက်နေသောကြောင့် ရူပါရုံကို မြင်တာပဲ၊ အကယ်၍ စက္ခုပသာဒနှင့်သာ မယှဉ်မစပ်ဘဲနေမယ်လို့ဆိုရင် ရူပါရုံကိုမြင်မှာမဟုတ်ဘူးလို့ဆိုတဲ့ သမ္ပယောဂသင်္ကာရှိသည်ဖြစ်၍ ဝိပ္ပယုတ္တပစ္စည်းကိုဟောရတယ်လို့မှတ်ပါ။

သို့ပါသော်လည်း ဤနေရာမှာ စက္ခုပသာဒနှင့်စက္ခုဝိညာဏ်တို့မှာ မယှဉ်ပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် ၎င်းစက္ခုပသာဒကလေးမှာ အတီတဘဝင်၏ဥပါဒ်ကစပြီး ဖြစ်ပေါ်လာသည်၊ စက္ခုဝိညာဏ်ကတော့ ၎င်းအတီတဘဝင်၏ဌီသို့ရောက်မှ ပေါင်းဆုံကြ၏။ သို့ဖြစ်ပါ၍ ဧကုပ္ပါဒလည်းမဖြစ်ပါဘူးတဲ့။ ၎င်းနောက် စက္ခုဝိညာဏ်စိတ်ကလေးသည် အာရုံလို့ဆိုပြီး ဥပါဒ်ဌီဘင်ပြည့်၍ ချုပ်ပျောက်သွား၏။ စက္ခုပသာဒကလေးမှာတော့ သူ့မှာရုပ်တရားဖြစ်၍ မချုပ်သေးရကား ဧကနိရောဓလည်းမဖြစ်ပါဘူးတဲ့။

၎င်းနောက် စက္ခုဝိညာဏ်စိတ်သည် ပစ္စုပ္ပန်ရူပါရုံကိုအာရုံပြုနေ

ပေ၏။ စက္ခုပသာဒမှာတော့ အနာရမ္မဏတရားဖြစ်၍ အာရုံမပြုနိုင်ရကား ဧကာလမ္ဗဏလည်း မဖြစ်ပါဘူးတဲ့။ စက္ခုဝိညာဏ်စိတ်ကလေးသည် စက္ခုဝတ္ထုကိုသာမှီ၏။ စက္ခုပသာဒကလေးမှာတော့ မဟာဘုတ်ကိုမှီရကား ဧကဝတ္ထုကလည်း မဖြစ်ပါဘူးတဲ့။ ဒါ့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော အင်္ဂါလေးပါးမှ လွတ်သောကြောင့် 'ဝိပ္ပယုတ္တ'လို့မှတ်ပါ။ သို့သော်လည်း စက္ခုပသာဒကလေးက ကြည်ကြည်လင်လင်ဖြစ်ခဲ့လို့ ရှိရင် စက္ခုဝိညာဏ်ကလေးမှာ ရူပါရုံကို ကြည်ကြည်လင်လင်မြင်ရ၏။ မကြည်တဲ့အခါ ကြည်ကြည်လင်လင် မမြင်ရဘူးတဲ့။ ဤကဲ့သို့နှံ့မှု ထက်မှုဟုဆိုအပ်တဲ့ အကြောင်းအကျိုးစပ်သောကြောင့် 'ပစ္စယ'လို့ မှတ်ပါ။

ဥပမာ - လူကြီးများကြည့်တာနဲ့၊ ကလေးများကြည့်တာဟာ ရူပါရုံကို ကြည်ကြည်လင်လင် မြင်မှုနဲ့မမြင်မှုကွာသကဲ့သို့ စက္ခုပသာဒနှင့် စက္ခုဝိညာဏ်တို့မှာလည်း ၎င်းဥပမာကဲ့သို့ နှံ့မှုထက်မှုအားဖြင့်တော့ ကျေးဇူးပြုသောကြောင့် ပစ္စယအဖြစ်ကိုယူရသည်လို့မှတ်ပါလေ။

**ဝတ္ထာရမ္မဏဝိပ္ပယုတ္တ** ဆိုသည်မှာ စုတိစိတ်မှပြန်၍ရေသည် ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို အာရုံပြု၏။ မနောဒွါရာဝဇ္ဇန်း၊ ကာမဇောတစ်ခုယုတ်သုံးဆယ်၊ တဒါရုံ ဧကာဒသတို့သည် (၁၇)ချက်မြောက်သော ဟဒယဝတ္ထုကိုပင်အာရုံပြု၏။ ၎င်းမနောဒွါရာဝဇ္ဇန်းအစရှိသောစိတ်တို့နှင့် ဟဒယဝတ္ထုမှာ ဧကုပ္ပါဒအစရှိသော အင်္ဂါလေးပါးမှလွတ်သောကြောင့် 'ဝိပ္ပယုတ္တ'မှတ်ပါ။ သို့သော်လည်း ၎င်းဟဒယဝတ္ထုကြည်မှသာလျှင် အာရုံမမွှေဟာ

ကြည်ရ၏။ ၎င်းဟာဒယဝတ္ထုမကြည်ပါက အာရုံခမ္မတွေမှာ မကြည်သော ကြောင့် နှံ့မှုထက်မှုဟုဆိုအပ်တဲ့ အကြောင်းအကျိုးကတော့ စပ်နေတယ် လို့မှတ်ပါ။

ဥပမာ - ကိုယ်တော်သည် မျက်စဉ်းခတ်လို၍ ငါ့မျက်စိကို ဖွင့်လိုက်ပါဦးမယ်လေဆိုပြီး မျက်စိကိုဖွင့်လိုက်၏။ ၎င်းနောက် မျက်စဉ်း ခတ်ပြီးတဲ့အခါ စပ်ပါတယ်ဆိုပြီး မျက်စိကိုမှိတ်ချင်၍ မျက်စိကိုမှိတ် လိုက်ပြန်၏။ ဒီလိုဖွင့်လိုက်မှိတ်လိုက်လုပ်နိုင်တာလည်း ဘယ်သူ့ကြောင့် လဲဆိုရင် ဝါယောဓာတ်ကြောင့်ပါပဲတဲ့။ ဒီဝါယောဓာတ်ဟာလည်း ဘယ်သူ့ကြောင့်လှုပ်ရှားတာလဲလို့ဆိုရင် စိတ်ကြောင့်ပါပဲတဲ့။ ဒါ့ကြောင့် ၎င်းလှုပ်ရှားတဲ့ရုပ်တွေ, ဖွင့်ရုပ်ပိတ်ရုပ်တွေဟာ မျက်စိကိုဖွင့်လိုတဲ့စိတ် ကလေးနဲ့တော့ စပ်နေတယ်လို့ဆိုတဲ့ သမ္ပယောဂသကော်ဟာရှိပါတယ်တဲ့။

ဒါ့ကြောင့် ဤကဲ့သို့သမ္ပယောဂသကော်ရှိသောကြောင့်သာ ဤဝိပ္ပယုတ္တပစ္စည်းကို ဘုရားဟောတော်မူတယ်မှတ်ပါ။ ဤကဲ့သို့ ဖွင့်လိုတဲ့စိတ်နဲ့ ဖွင့်ရုပ်ကလေးတို့ တစ်ဦးနှင့်တစ်ဦး ပေါင်းဆုံခြင်းမဖြစ်မီ မှာ လှုပ်ရှားလိုတဲ့စိတ်ကလေးကလည်း ငါတော့ လှုပ်ချင်တဲ့အခါမှာ လှုပ်လိုက်မယ်ဟဲ့လို့ဆိုပြီး အဆင်သင့် ချိန်ရွယ်စောင့်ဆိုင်းနေတာပါပဲတဲ့။ လှုပ်ရှားတဲ့ရုပ်ကလေးကလည်း ငါလည်း သူကလှုပ်ချင်တဲ့အခါမှာ လှုပ်မယ်လို့ဆိုတဲ့အနေမျိုးနဲ့ စောင့်ဆိုင်းနေတာပါပဲတဲ့။ နောင် အလုပ် တစ်ခုကိုလုပ်လိုတဲ့အခါမှာ သူတို့နှစ်ဦးမှာ တိုင်ပင်ပြီး အလုပ်ကိုလုပ်ကြ တာပါပဲတဲ့။ ဒါ့ကြောင့် တပည့်တော်တို့ ကိုယ်တော်တို့သန္တာန်မှာ မျက်စိကိုဖွင့်တာဟာ ငါကဖွင့်ချင်ရင် ဖွင့်ရတာပဲ၊ ငါကမှိတ်ချင်ရင်

မိုက်ရတာပဲလို့ဆိုတဲ့ နိစ္စဝါဒီဒိဋ္ဌိကြီးဟာ အမြဲမပြတ်ကပ်နေတာလို့ မှတ်ရမယ်။ သို့သော်လည်း ဖွင့်လိုတဲ့စိတ်ကြောင့် ဖွင့်ရတဲ့ရုပ်ကလေး တို့မှာ အချင်းချင်းတော့ မယှဉ်စပ်ကြပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် ဧကုပ္ပါဒစသော အင်္ဂါလေးပါးတို့မှလွတ်နေပါတယ်တဲ့။ သို့ဖြစ်ပါ၍ ဝိပ္ပယုတ္တလို့မှတ်ပါ။

သို့ပါသော်လည်း ၎င်းဖွင့်ရုပ်ကလေးမှာ ပထမဇောတုန်းကတော့ နည်းနည်းစဖွင့်လာပြီးလျှင် သတ္တမဇောကျမှ မျက်လွှာတွေကို အကုန်လုံး ဖွင့်လိုက်ပါသောကြောင့် သူတို့နှစ်ပါးမှာ အကြောင်းအကျိုးစပ်ရကား 'ပစ္စယ' လို့မှတ်ပါလေ။ အကယ်၍သာ ဖွင့်လိုတဲ့စိတ်ကလေးက မဖွင့်ချင် ဘူးလို့ဆိုလို့ရှိရင် ၎င်းဖွင့်ရုပ်ကလေးမှာ ဘယ်တော့မှမဖွင့်ပါဘူးတဲ့။ ဒါ့ကြောင့် အကြောင်းအကျိုးစပ်တယ်ဆိုတာဟာ ထင်ရှားတယ်လို့ မှတ်ပါ။ ပုရေဇာတဝိပ္ပယုတ္တ ပြီးပါပြီ။

## ပစ္ဆာဇာတဝိပ္ပယုတ္တ မှတ်သားရန်

ဥပမာ - ကိုယ်တော်သည် လူတစ်ယောက် အသည်းအသန် မမာနေတဲ့အခါမှာ ဒီလူဟာ အသက်မှရှိပါသေးရဲ့လား၊ မရှိတော့ဘူးလား လို့ဆိုတာကိုသိရအောင် ဘာကိုစမ်းကြည့်ပါသလဲလို့ဆိုရင် ပြင်ဘက်က ဗိုက်ကိုစမ်းသပ်ကြည့်၏။ ဗိုက်ကလှုပ်လှုပ်နေတဲ့အခါမှာ ဟာဒီလူဟာဖြင့် မသေသေးဘူးဆိုတာကိုသိရတယ်လို့ ပြော၏။

ဒါဖြင့် ယခုကိုယ်တော်စမ်းသပ်ကြည့်တာဟာ နာမ်လား၊ ရုပ်လား လို့ဆိုပါရင် ဝါယောတည်းဟူသော ရုပ်တရားပါပဲတဲ့။ ကိုယ်တော်သည် အစပထမစမ်းသပ်လိုရင်းကတော့ နာမ်တရားကိုစမ်းသပ်လိုတာပါပဲတဲ့။

ယခုကိုယ်တော်စမ်းသပ်၍ ဒီလူ၏သေမှု၊ ရှင်မှုကိုသိတာကတော့ ရုပ်တရားကိုစမ်းသပ်ကြည့်လို့သိတာပါတဲ့။ ဘာ့ကြောင့် ဒီလိုစမ်းသပ်နေရပါသလဲလို့ဆိုရင် ဒီနေရာမှာ နာမ်ဓမ္မနဲ့ရုပ်ဓမ္မတို့မှာ အမြဲမပြတ် စပ်ယှဉ်နေလို့ပဲ။ ဤကဲ့သို့ စပ်ယှဉ်နေသောကြောင့် ဒီလိုရုပ်ဓမ္မကြီးကို စမ်းသပ်မိတာပဲဆိုတဲ့ သမ္ပယောဂသကော်ရှိပါတယ်တဲ့။ ဤကဲ့သို့ ရှိသောကြောင့်သာ ဝိပ္ပယုတ္တကိုဟောရ၏။ ဤနေရာမှာ ရုပ်ဓမ္မကို ရှေးဦးစွာထိတွေ့ပြီးမှ နာမ်ဓမ္မ၏သေမှု၊ ရှင်မှုကိုသိရသောကြောင့် ရုပ်သည် ပစ္ဆာဇာတမှတ်။ သို့ဖြစ်ပါ၍ ပစ္ဆာဇာတဝိပ္ပယုတ္တလို့ယူပါလေ။

သို့သော်လည်း ဒီနေရာမှာ ကေ့ပ္ပါဒစသော အင်္ဂါလေးပါးတို့မှ လွတ်သောကြောင့် ဝိပ္ပယုတ္တလို့မှတ်ပါ။ သို့သော်လည်း ၎င်းရုပ်ဓမ္မကြီးမှာ နာမ်ဓမ္မကထောက်ပံ့ထားသောကြောင့်သာ မပုပ်မသိုးဘဲ တည်တည်တံ့တံ့နေနိုင်သောကြောင့် သူတို့အချင်းချင်း အကြောင်းအကျိုးတော့ စပ်နေတယ်လို့မှတ်ပါ။ ဒါ့ကြောင့်ပစ္စယလို့မှတ်ပါ။

ဤကဲ့သို့ ဥပမာဥပမေယျတို့ဖြင့် ထုတ်ပြ၍ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တတို့၏ အဓိပ္ပါယ်များကိုတော့ သိရပေပြီ။ သို့သော်လည်း ကိုယ်တော်တို့ တပည့်တော်တို့မှာ သံသယဖြစ်စရာတစ်ခု ရှိနေပြန်၏။

ဥပမာ - ကိုယ်တော်တို့ တပည့်တော်တို့သည် လမ်းလျှောက်သွားတဲ့အခါမှာ လေက အလွန်တရာတိုက်သည်ဖြစ်၍ ကိုယ်တော်၏အပေါ်သို့ သစ်ပင်ကြီးက ယိုင်လာတဲ့အခါမှာ အလွန်တရာကြောက်၏။ သစ်ပင်က တည်တည်တံ့တံ့နေတဲ့အခါမှာ ကိုယ်တော်၏သန္တာန်မှာ

ကြောက်စိတ်တွေပျောက်သွား၏။ ဤကဲ့သို့ သစ်ပင်တည်းဟူသော အာရုံကြောင့် ကိုယ်တော်၏သန္တာန်မှာ ကြောက်စိတ်တွေပေါ်ရကား ကိုယ်တော်၏သန္တာန်မှာရှိတဲ့ကြောက်စိတ်နဲ့ သစ်ပင်ကြီးတည်းဟူသော အာရုံတို့မှာ ယှဉ်စပ်နေလေရော့သလားလို့ဆိုတဲ့ သမ္ပယောဂသင်္ကာရှိ၍ ဝိပ္ပယုတ္တပစ္စည်းကိုဟောသင့်သည် မဟုတ်ပါလောဟုမေးခဲ့ပြီးအံ့- ဒီနေရာမှာ ကိုယ်တော်တို့လည်းစဉ်းစားကြည့်ပါတဲ့။ ရှေ့ကပြောပြခဲ့တာ တွေဟာ ၄င်းဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတမျိုးထဲကဖြစ်ပါ၍ သန္တာန်တူတာကိုသာ လျှဉ်းပါးစရာရှိပါ၍ ဝိပ္ပယုတ္တကိုဟောတော်မူခဲ့၏။ ဒီနေရာမှာတော့ လူနဲ့သစ်ပင်တို့မှာ သန္တာန်ပြားသောကြောင့် လျှဉ်းပါးစရာ မလိုရကား မဟောဘူးလို့မှတ်ပါ။

တစ်နည်းအားဖြင့် သစ်ပင်နှင့်လူပုဂ္ဂိုလ်တို့မှာ ဆွေမျိုးတော်လေ ရော့သလားလို့ဆိုတဲ့ သံသယလည်းမရှိပါဘူးတဲ့။ ထို့နောက် ဧကုပ္ပါဒ စသော သမ္ပယောဂလက္ခဏာတို့နှင့် ယှဉ်လေရော့သလားလို့ဆိုတဲ့ သမ္ပယောဂသင်္ကာ တစ်စုံတစ်ခုမျှမရှိပါဘူးတဲ့။ ဒါ့ကြောင့် ဒီနေရာမှာ ဝိပ္ပယုတ္တပစ္စည်းကိုမဟောဘူးလို့မှတ်ပါ။ ဒီနေရာမှာတော့ ဝိပ္ပယုတ္တ ပစ္စည်းကို သမ္ပယောဂသင်္ကာမရှိလို့ မဟောဘူးလို့ဆိုတာတော့ ရှိပါစေတော့။

နိဗ္ဗာန်သည် နာမ်လားရုပ်လားလို့ဆိုရင်၊ နာမ်တရားပါတဲ့။ ဤကဲ့သို့ နာမ်တရားဖြစ်ပါလျှင် ၄င်းနိဗ္ဗာန်တည်းဟူသောနာမ်တရားနဲ့ ကြွင်းသောနာမ်ဓမ္မတို့မှာ အချင်းချင်းရောစပ်ယှဉ်ကြပါသလားလို့ဆိုရင် မစပ်ပါဘူးတဲ့။ ဘာ့ကြောင့်လဲလို့ဆိုလျှင် ဧကုပ္ပါဒစသော အင်္ဂါလေးပါး

လည်း နိဗ္ဗာန်မှာမရှိပါဘူးတဲ့။ ဒါကြောင့် နာမ်အချင်းချင်းလည်း မယှဉ်ပါဘူးတဲ့။ ဤကဲ့သို့ နာမ်အချင်းချင်း မယှဉ်ခဲ့ပါရင် ရုပ်နဲ့နိဗ္ဗာန်ဟာတော့ ယှဉ်မှာပဲလို့ဆိုတဲ့သံသယ ရှိပါဦးမလားလို့ဆိုရင် မရှိပါဘူးတဲ့။ သို့အတွက် နိဗ္ဗာန်ကို ဝိပ္ပယုတ္တထဲမှာ ထည့်၍မဟောဘူးလို့ မှတ်ပါ။ တစ်နည်းအားဖြင့် နိဗ္ဗာန်မှာ ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိမရပါဘူးတဲ့။ ဒါကြောင့် ဒီတရားဟာဖြင့် ဝိပ္ပယောဂပဲလို့ ဘုရားဟောရန် မလိုဘူးလို့ မှတ်ပါ။

၄င်းနောက် ဓာတုကထာပါဠိတော်၌ 'စတူဟိ သမ္ပယောဂေါ၊ စတူဟိ ဝိပ္ပယောဂေါ'-ဟူ၍ ဘုရားဟောတော်မူထားတဲ့အထဲမှာလည်း နိဗ္ဗာန်ဟာမပါဘူး။ သို့အတွက် သမ္ပယောဂသက်ာမရှိ၍ ဝိပ္ပယောဂလို့ ဟောရန်မလို။ လျဉ်းပါးစရာမရှိသောကြောင့် ဘုရားဟောတော်မမူဘူးလို့မှတ်ပါလေ။

မဟာဘုတ်နဲ့ ဥပါဒါန်ရုပ်များကိုလည်း ကြည့်ကြပါဦးတဲ့။ မဟာဘုတ်မြောက်က ဥပါဒါန်ရုပ်လည်းမြောက်ရ၏။ မဟာဘုတ်ချုပ်က ဥပါဒါန်ရုပ်လည်းချုပ်ရ၏။ သို့ဖြစ်ပါ၍ ဒီနေရာမှာတော့ မဟာဘုတ်နှင့် ဥပါဒါန်ရုပ်တို့မှာ အချင်းချင်း ယှဉ်စပ်နေလေရော့သလားလို့ ဆိုတဲ့ သမ္ပယောဂသက်ာရှိ၍ ဝိပ္ပယုတ္တကိုဟောသင့်သည် မဟုတ်ပါလောဟု မေးခဲ့ငြားအံ့- မဟောပါဘူးတဲ့။


ဘာ့ကြောင့်လဲဆိုရင် မဟာဘုတ်သည် ကြမ်းတမ်း၏။ ဥပါဒါန်ရုပ်တစ်ခုဖြစ်တဲ့ ဂန္ဓရုပ်သည်မွေး၏။ သို့ဖြစ်ပါ၍ ၄င်းဂန္ဓရုပ်မှာရှိတဲ့အမွှေးနံ့ဟာ ပထဝီမှာလည်းမရှိပါဘူးတဲ့။ ဤကဲ့သို့ တစ်ဦးမှာရှိတဲ့ အရာသည် တစ်ဦးမှာ မရှိပါသောကြောင့် သူတို့အချင်းချင်း ချွေးငှားလို့

ရောရပါသလားလို့ဆိုရင် မရပါဘူးတဲ့။ ဒီလိုမရကတည်းက သူတို့အချင်းချင်းဟာ ဘယ်မှာစပ်ဖို့ရာရှိပါ့မလဲ၊ မရှိဘူးလို့မှတ်ပါ။ ဤကဲ့သို့ မရှိပါသောကြောင့် သံသယဆိုတဲ့ သဘောသွားဟာလည်း မရှိ၍ မဟောဘူးလို့မှတ်ပါ။

တစ်နည်းအားဖြင့် ၄င်းရုပ်များမှာ ပထဝီကလည်း ဂန္ဓရုပ်မှာဖြင့် မွှေးတဲ့အနံ့ဟာ ကေန်မုချရှိမှာပဲဆိုတာကိုလည်း မသိ။ ဂန္ဓရုပ်ကလည်း ပထဝီမှာဖြင့် ကေန်မုချ ကြမ်းတမ်းခက်မာမှုဟာ ရှိမှာပဲလို့ဆိုတဲ့ သိတတ်သောသတ္တိဗျာပါရလည်း အနာရမ္မဏတရားဖြစ်ပါ၍ မရှိကြပါဘူးတဲ့။ ဤကဲ့သို့ သတ္တိဗျာပါရမရှိသော အနာရမ္မဏတရားမျိုးဖြစ်ပါ၍ သမ္ပယောဂသင်္ကာမရှိပါသောကြောင့် ဤဝိပ္ပယုတ္တပစ္စည်းမှာ ဘုရားဟောတော်မမူဘူးလို့မှတ်ပါ။ ဆရာတော် ဦးဝိမလ၏ ဝိပ္ပယုတ္တပစ္စည်း ချုပ်ပုံစဉ် ပြီး၏။

*ဝိပ္ပယုတ္တပစ္စည်း ပြီးပါပြီ။*

# အဋ္ဌိပစ္စယော



မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။

၂၁။ ဟိမဝန္တာတောင်မင်းသည် မြက်သစ်ပင်တို့အား မိမိ ထင်ရှားရှိခိုက် ပွားပြန့်စေခြင်းငှာ
ထောက်ပံ့သကဲ့သို့သော အတ္ထိပစ္စည်းတရား။

# အတ္တိပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- (၃၁) ဘုံစလုံး၌ ဖြစ်နိုင်ပါသည်။

## ၂၁။ အတ္ထိပစ္စည်းအစိပ္ပာယ်

ဝိပ္ပယုတ္တပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အတ္ထိပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'အတ္ထိပစ္စယော' ဟူသည်တည်း။

**အတ္ထိပစ္စယော** - ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) ဟိမဝန္တာတောင်မင်းသည် မိမိကိုမှီသော သစ်ပင်, မြက်အစရှိသည်တို့အား ပွားပြန့်စေခြင်းငှာ မိမိထင်ရှားရှိသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ထင်ရှားရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

### အတ္ထိပစ္စည်း သုံးချက်စု

**အတ္ထိပစ္စယော** - ဟူသော ပစ္စယုဒ္ဒေသ၌ အတ္ထိပစ္စည်းသည် သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိ အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် -

၁။ သဟဇာတတ္ထိသည် သဟဇာတသုံးပါးနှင့်တူ၏။

၂။ ပုရေဇာတတ္ထိသည် ပုရေဇာတနှစ်ပါးနှင့်တူ၏။

၃။ ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့်တူ၏။

၄။ အာဟာရတ္ထိသည် ရုပ်အာဟာရနှင့်တူ၏။

၅။ ဣန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယနှင့်တူ၏။

(တစ်နည်း) **အတ္ထိပစ္စယော**-ဟူသောပစ္စယုဒ္ဒေသ၌ အတ္ထိပစ္စည်းသည် သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိအားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုတွင် -

၁။ သဟဇာတတ္ထိသည် သဟဇာတနှင့်တူ၏။

၂။ ဝတ္ထုပုရေဇာတတ္ထိသည် ဝတ္ထုပုရေဇာတနိဿယနှင့်တူ၏။

၃။ ဝတ္ထာရမ္မဏပုရေဇာတတ္ထိသည် ဝတ္ထာရမ္မဏပုရေဇာတ-နိဿယနှင့်တူ၏။

၄။ အာရမ္မဏပုရေဇာတတ္ထိသည် အာရမ္မဏပုရေဇာတနှင့်တူ၏။

၅။ ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့်တူ၏။

၆။ အာဟာရတ္ထိသည် ရုပ်အာဟာရနှင့်တူ၏။

၇။ ဣန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယနှင့် တူ၏။ (ဤကား မိုင်းခိုင်းဆရာတော်၏ဆိုရိုးတည်း။)

## အတ္ထိပစ္စည်း ချုပ်နည်း

'ရှိတယ်' ဆိုတဲ့စကားဟာ တစ်ယောက်သောသူက 'ရှိရဲ့လား ဟေ့' လို့မေးတဲ့အခါမှာ ပြောဆိုသောအဖြေစကားဖြစ်၏။ ဒီလိုမေးလိုက်တဲ့အခါမှာ ၎င်းမေးတဲ့ပုဂ္ဂိုလ်၏ အာဘော်မှာ ဤအခိုက်ဤအခါမှာ မရှိတဲ့ဝတ္ထုပစ္စည်းကို ရှိရဲ့လားဟေ့လို့ မေးတဲ့စကားမျိုးလို့ မှတ်ပါ။ ၎င်းစကားဟာ နိစ္စသဘောကလာတဲ့စကားလား၊ အနိစ္စသဘောကလာတဲ့ စကားလားလို့မေးခဲ့ပါရင် အနိစ္စသဘောကလာတဲ့ စကားလို့မှတ်ပါ။

အကြောင်းတိုက်ဆိုင်လို့ပေါ်လာသော သင်္ခါရဓမ္မတို့မည်သည်မှာ ၎င်းပေါ်ထွက်လာသောနေရာဌာန၌ အလုပ်လက်မဲ့၊ အလုပ်ကို

မလုပ်နိုင်တဲ့ တရားမျိုးလား၊ သို့တည်းမဟုတ် မိမိ၏သတ္တိဗျာပါရရှိသလောက် အလုပ်ကိုမလုပ်နိုင်တဲ့ တရားမျိုးလားလို့ဆိုတာဟာ မေးစရာရှိပါတယ်တဲ့။ ဘာ့ကြောင့်လဲလို့ဆိုရင် ဤကဲ့သို့အကြောင်းတိုက်ဆိုင်တဲ့အခါမှာပေါ်လာသော သင်္ခါရတရားများမှာ မိမိတို့၏သတ္တိဗျာပါရရှိသလောက် အလုပ်ကိုလုပ်တဲ့တရားက တစ်မျိုး၊ မိမိတို့၏သတ္တိဗျာပါရရှိသလောက် အလုပ်ကိုမလုပ်တဲ့တရားက တစ်မျိုးအားဖြင့် နှစ်မျိုးနှစ်စားရှိရာတွင် မိမိတို့၏သတ္တိဗျာပါရရှိသလောက် အလုပ်ကိုလုပ်နိုင်တဲ့တရားများကိုသာ အတ္ထိပစ္စည်းမှာဟောတယ်လို့မှတ်ရမယ်။

ဒါဖြင့် ၄င်းအတ္ထိပစ္စည်းဟာ သင်္ခတဘက်ကိုပဲလှည့်သလား၊ သို့တည်းမဟုတ် အသင်္ခတဘက်ကိုပဲလှည့်သလားလို့ မေးခဲ့ပါရင် သင်္ခတဘက်ကိုသာ လှည့်တယ်လို့မှတ်ရမယ်။ ဒါ့ကြောင့် အကြောင်းတိုက်ဆိုင်လို့ပေါ်လာသော သင်္ခတတရားများတွင် မိမိတို့၏သတ္တိရှိသလောက် အလုပ်ကိုလုပ်တဲ့တရားများကိုသာ အတ္ထိပစ္စည်းမှာ ဘုရားဟောတော်မူတယ်လို့မှတ်ပါ။ ဒါဖြင့် အတ္ထိပစ္စည်းဟာ ဘယ်လိုသတ္တိမျိုးလဲလို့ဆိုရင် 'အသတီတိ အတ္ထိ'ဟူသည်နှင့်အညီ အကြောင်းတိုက်ဆိုင်တဲ့အခါမှာ ပေါ်လာတဲ့တရားမျိုးကို အတ္ထိ၏သတ္တိပဲမှတ်ပါ။

ဥပမာ - ကိုယ်တော်သည် မီးခြစ်ဆံကယမ်းအဖုကလေးနဲ့ မီးခြစ်အိမ်ကယမ်းအပြားကလေးတို့ကို ပွတ်တိုက်လိုက်တဲ့အခါမှာ မီးလုံးကလေးထွက်ပေါ်၏။ ၄င်းမီးလုံးကလေးတွေဟာ ရှေ့ကို ကူးစက်ပြီးလောင်သေးသလား၊ သို့တည်းမဟုတ် သူ့အလိုလို ဒီနေရာမှာပဲငြိမ်းပျောက်သွားသလား၊ ဤကဲ့သို့ ပေါ်လာတဲ့မီးလုံးကလေးဟာ ယခုပစ္စုပ္ပန်မှာ တိုက်ဆိုင်လို့ ပေါ်တာလား၊ နောက်အတိတ်ကပဲ

ဖြစ်ပေါ်နေနှင့်သလားလို့လည်း မေးစရာရှိပါတယ်တဲ့။ ဒါ့ကြောင့် ငှင်းမီးလုံးကလေး ပေါ်လာတာကို ယခုပစ္စုပ္ပန်ကာလမှာ ပွတ်တိုက်လို့ ပေါ်တာကိုယူ။ ယခု တပည့်တော်တို့ ကိုယ်တော်တို့ဟောပြောနေတဲ့ ပရမတ္ထသဘာဝကြီးမှာလည်း ထိုမီးခြစ်ဥပမာလိုပါပဲတဲ့။ အကြောင်း တိုက်ဆိုင်လို့ ပေါ်လာတဲ့ သင်္ခါရဓမ္မကြီးများမှာလည်း ယခုပစ္စုပ္ပန်ကာလ မှာပေါ်လာတဲ့ သင်္ခါရဓမ္မ ကိုသာလျှင် အတ္ထိပစ္စည်းမှာဟောတယ်လို့ မှတ်ပါ။ ကာလအားဖြင့် မသုံးမသပ်အပ်တဲ့ သင်္ခါရတရားများကို မဟောဘူးလို့မှတ်ပါလေ။ ဤကဲ့သို့ ပစ္စုပ္ပန်ကာလကိုယူပါလို့ဆိုခဲ့ပါရင် ပစ္စုပ္ပန်တွေကလည်း လေးမျိုးရှိ၏။

ခဏပစ္စုပ္ပန် - ခဏငယ်အတွင်းအာရုံပြုခြင်း၊

အဒ္ဓါပစ္စုပ္ပန် - ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဘဝဖြစ်ခြင်း၊

သန္တတိပစ္စုပ္ပန် - ဝီထိအတွင်းအာရုံပြုခြင်း၊

သမယပစ္စုပ္ပန် - မျိုးသောကာလမှစ၍ ဩဇာသည် ကြေသည့် တိုင်ဖြစ်ခြင်းအားဖြင့် လေးမျိုးလေးစားရှိနေပါတယ်တဲ့။

ဒါ့ကြောင့် ဒီနေရာမှာ ဘယ်ပစ္စုပ္ပန်ယူရမလဲဟု မေးစရာရှိနေပြန်၏။ ဘာ့ကြောင့်လဲဆိုရင် **"ပစ္စုပ္ပန္နလက္ခဏေန အတ္ထိဘာဝေန"** ဟူ၍သာ အဋ္ဌကထာဆရာများက ဖွင့်ဆိုထား၏။ ဒီနေရာမှာ ဘယ် ပစ္စုပ္ပန်ကိုယူပါဟူ၍ မပါသောကြောင့်တည်း။ ဒါ့ကြောင့် တပည့်တော်တို့ ကိုယ်တော်တို့က ဒီနေရာမှာ ဘယ်ပစ္စုပ္ပန်ကို ယူရမယ်လို့ ဆိုတာကို သိရအောင် ပါဠိတော်နဲ့ထောက်ပြီး ကြည့်ကြဦးစို့ရဲ့။

ပါဠိတော်မှာ 'အညမည်'လို့ ရှိသည်ကို အဋ္ဌကထာဆရာက 'အညမညတ္တိ (လ) ဧကက္ခဏေ'-လို့နောက်ထပ်ဖွင့်ဆိုထားသည်ကို ထောက်ပါသဖြင့် ဤအတ္ထိပစ္စည်းမှာ ခဏပစ္စုပ္ပန်ကိုသာယူပါလေ။ ၄င်းခဏပစ္စုပ္ပန်ဆိုတာဟာလည်း ဥပါဒ်ခဏ ဌီခဏ ဘင်ခဏအားဖြင့် သုံးမျိုးသုံးစားရှိရာတွင် ဘယ်ခဏကိုယူရမလဲလို့ဆိုရင် **''သတိပိ ဟိ ဇနကတ္တေ ဌိတိယံယေဝ သာတိသယော''**ဟူသည်နှင့်အညီ နာမ်ဓမ္မတို့ မည်သည်မှာ ဌီခဏမှာသာ အားရှိသောကြောင့် ဌီခဏကိုသာယူပါလေ။

ဒါ့ကြောင့် နာမ်ဓမ္မမှာ ဥပါဒ်ခဏ၌ ဇနကသတ္တိ၊ ဌီခဏ၌ ဥပတ္ထမ္ဘကသတ္တိ ရှိသောကြောင့် ဤအတ္ထိပစ္စည်းမှာအနက်ပေးခဲ့လို့ရှိရင် နာမ်ဓမ္မကိုကြည့်ပြီးလျှင် 'အတ္ထိပစ္စယော - ရှိသည်ဖြစ်၍ ဌီခဏ၌ ကျေးဇူးပြုတတ်သောတရားလည်းကောင်း'ဟူ၍အနက်ပေးလေ။ ဤကဲ့သို့ 'ရှိသည်ဖြစ်၍ ကျေးဇူးပြုတယ်'လို့ဆိုတဲ့နေရာမှာ ဥပမာ ကိုယ်တော်သည် ရုပ်ပါရုံတစ်ခုကိုကြည့်တဲ့အခါမှာ မမြင်ဘူးလားလို့ မေးရင်၊ မြင်ပါတယ်လို့ ပြောရ၏။ ဒီလိုမြင်တာဟာ အစမှာမြင်တာလား၊ အလယ်မှာမြင်တာလား၊ အဆုံးမှာ မြင်တာလားလို့ဆိုရင် အလယ်ကျမှ မြင်ပါတယ်မှတ်။ သို့ဖြစ်ပါ၍ အတ္ထိပစ္စည်းသည် ဥပါဒ်ခဏမှာတော့ မြင်စဖြစ်၍အားနည်းသောကြောင့် ကျေးဇူးမပြု။ ဌီခဏကျမှအားရှိ၍ ကျေးဇူးပြုနိုင်တယ်လို့ မှတ်ပါလေ။

(တစ်နည်း) ဥပမာအားဖြင့် ကိုယ်တော်သည် မျက်စိကို ဖွင့်လိုက်တဲ့အခါမှာ ဖွင့်လိုသောစိတ်ကြောင့် ဖွင့်ရုပ်နှင့်တကွ ဖွင့်လိုသော စေတသိက်တွေပေါ်လာရ၏။ သို့ဖြစ်ပါ၍ ဖွင့်လိုသောစိတ်ကလေးနဲ့

ဖွင့်ရုပ်၊ ဖွင့်လိုတဲ့စေတသိက်တို့မှာ တစ်ပေါင်းတည်းဖြစ်ကြတယ်လို့ မှတ်ပါ။ ဒါကြောင့် ကိုယ်တော်၏ အတွင်းအဇ္ဈတ္တသန္တာန်မှာရှိသော ဖွင့်လိုသော ပထမဇောနာမက္ခန္ဓာသည် အတ္ထိပစ္စည်း၊ ဖွင့်ရုပ်နှင့်တကွ သော ဖွင့်လိုသောစေတသိက် နာမက္ခန္ဓာသည် ပစ္စယုပ္ပန်မှတ်ပါ။ (တစ်နည်း) ဖွင့်လိုသောစေတသိက် နာမက္ခန္ဓာသည် ပစ္စည်း၊ ဖွင့်လိုသော စိတ်နှင့်တကွသော ဖွင့်ရုပ်သည် ပစ္စယုပ္ပန်မှတ်ပါ။

ကိုယ်တော်သည် ယခု တံတောင်ဆစ်ကိုထောက်ထားတာဟာ ဘာကိုထောက်ထားပါသလဲလို့ဆိုရင် ပထဝီကိုထောက်ထား၏။ ၎င်းပထဝီဟာ သူ့ချည်းပဲနေသလားဆိုရင် ပထဝီချည်းပဲမဟုတ်ပါဘူးတဲ့။ အာပေါ, တေဇော, ဝါယောတို့လည်း ပါပါတယ်တဲ့။ သို့ဖြစ်ပါ၍ ဤအခိုက်အတန့်မှာ ပထဝီသည် ပစ္စည်း၊ ကျန်ရုပ်သုံးပါးသည် ပစ္စယုပ္ပန်။ ၎င်းနေရာမှာ ပထဝီသည် ရှိသည်ဖြစ်ပါ၍ ကျန်ရုပ်သုံးပါးကို ကျေးဇူးပြုသောကြောင့် အတ္ထိမည်၏။ ဒီလိုကျေးဇူးပြုတာမှာလည်း ဋ္ဌီခဏ၌သာ ကျေးဇူးပြုတယ်လို့ မှတ်ပါလေ။ ဤကား 'စတ္တာရော မဟာဘူတာ' အရပေတည်း။

'ဩက္ကန္တိက္ခဏေ နာမရူပံ' အရ ဋ္ဌီသို့ရောက်သော ဟဒယဝတ္ထု သည် ပစ္စည်း၊ ပဋိသန္ဓေ နာမက္ခန္ဓာကလေးသည် ပစ္စယုပ္ပန် မှတ်။ ဒါ့ကြောင့် **"ဋ္ဌီတိယံယေဝ သာတိသယော အတ္ထိပစ္စယာနံ ဗျာပါရော"** ဟူသည်နှင့်အညီ အတ္ထိပစ္စည်းဟာ ဋ္ဌီအခါ၌လွန်ကဲတယ် ဆိုတာထင်ရှား၏။ နိဗ္ဗာန်ကို ဤအတ္ထိပစ္စည်းမှာ အဘယ့်ကြောင့် ဘုရားဟောတော်မမူပါသလဲလို့ဆိုရင် နိဗ္ဗာန်ဟာ ဤအတ္ထိပစ္စည်းမှာ

ဟောသော ခဏာပစ္စုပ္ပန်ထဲကို သွင်းလို့လည်း မရပါဘူးတဲ့။ ဒီလို ခဏာပစ္စုပ္ပန်ထဲကို သွင်းလို့မရရုံလားလို့ဆိုတော့ မဟုတ်သေးပါဘူးတဲ့၊ ကာလအားဖြင့် ဘယ်ကာလနဲ့မှသွင်းလို့မရသောကြောင့် အတ္ထိပစ္စည်းမှာ မဟောဘူးလို့သာမှတ်ပါလေ။

ဥပမာ - ကိုယ်တော်သည် နက်ဖြန်ကျလျှင်သေတော့မလားလို့ မေးခဲ့ပါရင် ယခုပြောရိုးပြောစဉ်အားဖြင့် ပြောရမယ်လို့ဆိုရင် မသေသေး ပါဘူးလို့ဖြေရ၏။ ဒီလို မသေသေးခဲ့ပါရင် ငါတော့နက်ဖြန်ကျရင် ဆွမ်းစားရဦးမယ်လို့ ဆိုတာတွေကို မတွေးမိဘူးလားလို့ဆိုရင် တွေးမိ ပါတယ်။ ဤကဲ့သို့ တွေးမိတာဟာ ၎င်းဆွမ်းတည်းဟူသော အာရုံရော ရှိနေပြီလားလို့ဆိုရင် မရှိသေးပါဘူးတဲ့။ ဒီလိုပင် မရှိသေးသော်လည်း နက်ဖြန်ကျရင် ပေါ်လတ္တံ့ဖြစ်တဲ့အနာဂတ်ကာလကို မျှော်ပြီးတွေးရခြင်း ဖြစ်ပါတယ်တဲ့။ ၎င်းအနာဂတ်ကာလမှာဖြစ်တဲ့ ဓမ္မများဟာ ဧကန်မုချ ပစ္စုပ္ပန်ခဏာသို့ ရောက်မည်လို့ဆိုတာကို သိစေခြင်းငှာ အတ္ထိပစ္စည်းကို ဟောရပါတယ်မှတ်ပါ။ ဤအနာဂတ်ဓမ္မမှာလည်း နောင်ပစ္စုပ္ပန်ခဏာ သို့ရောက်မှသာလျှင် ကျေးဇူးကိုပြုပါလိမ့်မည် သူ၏အလုပ်ကိုလုပ်ပါလိမ့် မည်ဆိုတာကို သိစေခြင်းငှာ အတ္ထိပစ္စည်းကို ဘုရားဟောတော်မူရတယ် မှတ်ပါ။

## နိဗ္ဗာန်ကို အတ္ထိပစ္စည်း၌ ထည့်မဟောရခြင်း

အဋ္ဌကထာ၊ ဋီကာဆရာများက နိဗ္ဗာန်ကို အတ္ထိပစ္စည်းထဲသို့ မထည့်ရဘူး၊ ကြွင်းကျန်သင့်တယ်လို့ပင်ဆိုငြားသော်လည်း မိမိတို့၏ ဉာဏ်ဝမှာ ကြွင်းကျန်သင့်တယ်လို့လက်ခံမှသာလျှင် သံသယဝိစိကိစ္ဆာ

ငြိမ်းပါတယ်တဲ့။ ဒီလို မိမိတို့၏ဉာဏ်ဝမှာမထင်ပါဘဲ သူများပြောတာနဲ့ ယုံကြည်နေခဲ့လို့ရှိပါရင် မိမိတို့၏ကိုယ်ပိုင်ဉာဏ်ကိုမသုံးနိုင်ဘဲ ဉာဏ်မွဲဉာဏ်တုံးရာသို့ ရောက်ပါတယ်တဲ့။ ဒါ့ကြောင့် မိမိတို့၏ဉာဏ်ဝမှာ ထင်လာရအောင် ပြောကြဦးစို့ရဲ့ဦးဓောတိက။

"**ကုသလာဒိဝသေန ပဋ္ဌဝိဓော အတ္ထိပစ္စယော ဝုတ္တော၊ နနိဗ္ဗာနံ**" လို့မူလဋီကာဆရာဖွင့်ဆိုထားသည်ကိုထောက်ခဲ့ပါရင် ဤအတ္ထိပစ္စည်းမှာ ကုသိုလ်အစရှိသော ငါးပါးသောတရားကိုယူပါ။ အတ္ထိပစ္စည်းဆိုတာဟာလဲ မရှိရာကရှိပြီးလာတာကိုပင် အတ္ထိပစ္စည်းလို့မှတ်ပါ။ ပင်ကိုယ်ကတည်းကရှိပြီးလာတာကို အတ္ထိပစ္စည်းပဲလို့ ဆိုစရာမလိုဘူးလို့မှတ်ပါ။ ၄င်းနောက် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်အားဖြင့် ကာလသုံးပါးရှိရာတွင် အတိတ်တရားမှာတော့ မရှိသောကြောင့် လျဉ်းပါးစရာမရှိဘူးလို့မှတ်ပါ။ ပစ္စုပ္ပန်ကာလကိုတော့ ဋီကာကျော်ဆရာက ထင်ရှားတယ်လို့ဆိုပြီး ပြခဲ့ပေပြီ။ အနာဂတ်တရားကိုငဲ့ပြီးတော့ ၄င်းအတ္ထိပစ္စည်းကိုဟောတယ်လို့မှတ်ပါ။

"**အတ္ထိဘာဝါဘာဝေန အနုပကာရကော**" ဟူ၍ မူလဋီကာဆရာဖွင့်ဆိုထားသည်မှာ မရှိတဲ့တရားဟာ ပင်ကိုယ်ကိုကမရှိရကား ကျေးဇူးပြုတယ်လို့ပင်ဆိုငြားသော်လည်း ဒီနေရာမှာ ဘယ်လိုလုပ်ပြီးကျေးဇူးပြုမလဲ၊ ကျေးဇူးမပြုနိုင်ဘူးလို့ ဆိုခဲ့ငြားအံ့- ဒီလိုဆိုခဲ့ပါရင် အကြောင်းတိုက်ဆိုင်တဲ့အခါမှာ ပေါ်လာသောတရားတွေ ရှိပါသေးတယ်တဲ့။ ဤကဲ့သို့အကြောင်းတိုက်ဆိုင်တဲ့အခါမှာပေါ်လာသော တရားများကိုငဲ့၍ အတ္ထိပစ္စည်းကိုဟောတော်မူရတယ်မှတ်ပါ။

ဥပမာ- ကိုယ်တော်သည် ယခုညနေအချိန်မှာတော့ ဆွမ်းခံလိုတဲ့ စိတ်မရှိပါဘူးတဲ့။ နံနက်ကျတဲ့အခါမှာတော့ ဆွမ်းခံလိုတဲ့စိတ်တွေ ပေါ်လာတယ်လို့မှတ်ပါ။ ယခုညနေအချိန်မှာတော့ ဒီစိတ်ကလေးဟာ မရှိဘူးမှတ်။ သို့သော် ကိုယ်တော်သည် မသေသေးခဲ့လို့ရှိရင် ဒီအချိန် ဒီအခါမှာပင်မရှိသေးသော်လည်း နက်ဖြန်ကျရင် ဧကန်မုချ ဆွမ်းခံလိုတဲ့ စိတ်ကလေးမှာ ပေါ်လာမည်ဖြစ်သောကြောင့် ၄င်းအနာဂတ်ဓမ္မကို ငဲ့ပြီးလျှင် ၄င်းအနာဂတ်တွေကျန်နေမည်စိုး၍ အတ္ထိပစ္စည်းကို ဟောရတယ်မှတ်ပါလေ။

(တစ်နည်း) "**အတ္ထိတာဝ လဘိတ္ဗာ ဥပကာရကော ဟောတိ၊ သော အတ္ထိပစ္စယော ဟောတိ**"ဟူသည်နှင့်အညီ ဆွမ်းခံလိုတဲ့ စိတ်ကလေးဟာ ညနေကမိမိသန္တာန်မှာပင်မရှိသော်လည်း နံနက်ကျတဲ့ အခါ ပေါ်လာရကား မရှိရာကရှိတာကိုကျေးဇူးပြုသောကြောင့် အတ္ထိပစ္စည်းလို့မှတ်ပါ။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှာတရားဟောတော် မူနေတုန်းကတော့ ဆွမ်းခံလိုတဲ့စိတ်မရှိသေးရကား အတ္ထိပစ္စည်းကို မဟောသေးဘူးလို့မှတ်။ နံနက်ကျတဲ့အခါမှာ မြောက်ကျွန်းကိုဆွမ်းခံ ကြွတဲ့အခါကျတော့မှ ဆွမ်းခံလိုတဲ့စိတ်ကလေးဟာ လက်ကိုင်ဖြစ်လာ ရကား ၄င်းအတ္ထိပစ္စည်းကို ထပ်မံပြီးသကာလဟောတော်မူရတယ်လို့ မှတ်ပါ။ ဒါ့ကြောင့် မြတ်စွာဘုရားသည် နောင်အနာဂတ်တရားများဟာ ကြွင်းကျန်နေမည်စိုး၍ ၄င်းအနာဂတ်တရားကိုငဲ့ပြီး ဘုရားဟောတော်မူ တယ်လို့မှတ်ပါ။

(တစ်နည်း) ၄င်းအတ္တိပစ္စည်းမှာ ပစ္စုပ္ပန်ခဏမှာတော့ ဘွားဘွားကြီးပေါ်နေပါပြီတဲ့။ သို့သော် အနာဂတ်ဓမ္မများမှာလည်း ပစ္စုပ္ပန်ခဏထဲဝင်မည့်အဖြစ်ကိုသိစေလိုသောကြောင့် အတ္တိပစ္စည်းကိုဟောရတယ်လို့မှတ်ပါ။ နိဗ္ဗာန်မှာတော့ ဘုရားမပွင့်မီကပင် ရှိနေသောဓမ္မကြီးဖြစ်၏။ ယခုဘုရားပွင့်တော်မူမှ ပေါ်လာသောတရား မဟုတ်သောကြောင့် နိစ္စဓမ္မကြီး ဖြစ်ပါသောကြောင့် ဤအတ္တိပစ္စည်းမှာဟောတော်မူသည့် တရားများက အနိစ္စသဘောဖြစ်သောတရားကိုသာ ဟောတော်မူသည်ဖြစ်ပါ၍ နိဗ္ဗာန်ကို အတ္တိပစ္စည်းမှာထည့်စွက်၍ ဘုရားဟောတော်မမူဘူးလို့မှတ်လေ။

ဓမ္မသင်္ဂဏီပါဠိတော် အတီတတိက်မှာ "အတီတာ ဓမ္မာ၊ အနာဂတာ ဓမ္မာ" ဟူ၍ ဘုရားဟောတော်မူထားတဲ့အထဲမှာ နိဗ္ဗာန်ဟာမပါဘူးတဲ့။ သို့ဖြစ်ပါ၍ အတ္တိပစ္စည်းမှာထည့်စွက်၍ ဘုရားဟောတော်မမူခြင်းကို လျှဉ်းပါးစရာမလိုဘူးလို့မှတ်ပါ။

(တစ်နည်း) **"ဥပ္ပါဒါဒိယုတ္တာနံ"** လို့ မူလဋီကာဆရာနောက်ထပ်ဖွင့်ဆိုထားသည်မှာ အတ္တိပစ္စည်းမှာဟောတဲ့တရားများသည် ဥပါဒ်ဋ္ဌီဘင်နှင့်ပြည့်စုံတဲ့တရားကိုသာ ဟောတော်မူတယ်လို့ဆိုတဲ့ စကားကိုထောက်သောအားဖြင့် နိဗ္ဗာန်မှာ ဥပါဒ်ဋ္ဌီဘင်တို့မှလွတ်သော ဓမ္မဖြစ်ခြင်းကြောင့် ဤအတ္တိပစ္စည်းမှာ ဘုရားမဟောဘူးလို့မှတ်ရမည်။

ဒါ့ကြောင့် နိဗ္ဗာန်ကို အတ္တိပစ္စည်းထဲသို့ ထည့်စွက်၍မဟောရခြင်းအကြောင်းကို အတိုချုပ်အားဖြင့်မှတ်သားရန်မှာ -

၁) အနာဂတ်တရားကိုငဲ့ပြီး ဟောတော်မူသောကြောင့်လည်းကောင်း၊

၂) ခဏပစ္စုပ္ပန်ကိုငဲ့ပြီး ဟောတော်မူသောကြောင့်လည်းကောင်း၊

၃) ဥပါဒ်ဌီဘင်ရှိတဲ့တရားကိုသာ ဟောတော်မူသောကြောင့် လည်းကောင်း၊ ထိုတရားတို့ကို အဋ္ဌိပစ္စည်းမှာဘုရားဟောတော်မူသည်။

ဤကဲ့သို့ နိဗ္ဗာန်သည်ကားလို့ဆိုရင် ကာလအားဖြင့်လွတ်ခြင်း၊ ခဏအားဖြင့်လွတ်ခြင်း၊ နိစ္စအားဖြင့်ရှိနေခြင်းတည်းဟူသော အကြောင်းသုံးပါးတို့ကြောင့် ဤအဋ္ဌိပစ္စည်းမှာမဟောဘူးလို့မှတ်ပါ။

## အဋ္ဌိပစ္စည်း ဟောတော်မူရခြင်း

အဋ္ဌိပစ္စည်းကျမှ တပည့်တော်တို့ ကိုယ်တော်တို့မှာ အရင်ကပြောခဲ့တဲ့ပစ္စည်းတွေထက် အထူးပြုပြီးမှတ်သားရတာ ဘာများရှိပါသလဲလို့ဆိုရင် ဘာမှမရှိပါဘူးတဲ့။ ဤကဲ့သို့ပင်မထူးပါဘဲလျက် ဒီအဋ္ဌိပစ္စည်းမှာ သဟဇာတမျိုး၊ ပုရေဇာတမျိုး၊ ပစ္ဆာဇာတမျိုး၊ အာဟာရမျိုး၊ ရူပဇီဝိတိန္ဒြိယမျိုးအားဖြင့် ငါးမျိုးကို ပေါင်းပြီးလျှင် ဟောတော်မူရာမှာ နောက်ကပစ္စည်းတွေတုန်းက ငါးပါးပေါင်းပြီး ဟောထားတာပဲလို့လည်း မပြောခဲ့ပေ။ ဤကဲ့သို့မပြောကြားခဲ့ပါဘဲ ၄င်းပစ္စည်းငါးမျိုးအပေါ်မှာ အဋ္ဌိဟူသောအမည်တစ်လုံးကိုတပ်ပြီး ဟောတော်မူရခြင်းမှာ သတ္တဝါတွေရဲ့သန္တာန်မှာ မည်ကဲ့သို့သော သံသယဝိစိကိစ္ဆာကို ငြိမ်းစေလိုသောကြောင့် ဟောတော်မူတယ်လို့ဆိုတာကိုသိရအောင် ကြံရမည်။

ရှေ့ကပြဆိုခဲ့သော သဟဇာတပစ္စည်းတုန်းကတော့ အတူတကွဖြစ်ပြီး ကျေးဇူးပြုတာကို သိစေလိုသောကြောင့် ဟောခဲ့၏။ (လ) ရူပဇီဝိတိန္ဒြိယကလည်း မိမိနဲ့အတူတကွဖြစ်ပြီးနေတဲ့ ရုပ်ကလာပ်တွေကို အစိုးရတယ်လို့ဆိုတာကို သိစေလိုသောကြောင့် ဟောခဲ့၏။ ယခု

အတ္တိပစ္စည်းမှာ ပေါင်းပြီးဟောတော်မူတဲ့နေရာမှာ ရှေ့ကဟောခဲ့တာနဲ့ မတူဘူးလို့မှတ်ရမယ်။

ဥပမာ- ဆီမီးခွက်တစ်ခုမှာ ဆီနဲ့မီးစာသည် အတူတကွရှိပြီး မီးဖြစ်ပေါ်လာ၏။ ဤကဲ့သို့ဖြစ်ပေါ်လာပြီးလျှင် မီးကိုရေနဲ့လောင်းပြီး သတ်လိုက်တဲ့အခါမှာ မီးပင်သေသော်လည်း မီးခိုးတွေ ကျန်နေ၏။ ၄င်းမီးခိုးတွေဟာ ဘယ်သူ၏သတ္တိကြောင့် ဖြစ်တာလဲလို့ မေးခဲ့ပါရင် မီးကြောင့်ပါဟူ၍ပြောရာ၏။ ဒါ့ကြောင့် မီးသည် သူမရှိသော်လည်း မီးခိုးကလေးကိုကျေးဇူးပြုသကဲ့သို့ မရှိသောအားဖြင့်ကျေးဇူးပြုတဲ့တရား မျိုးတွေလည်း ရှိပါသေးတယ်ဟုမှတ်ပါ။

ယခုတပည့်တော်တို့ဟောတဲ့ အတ္တိပစ္စည်းမှာတော့ ဒီလိုကျေးဇူး ပြုတဲ့တရားမျိုးလားလို့ဆိုရင် မဟုတ်ပါဘူးတဲ့။ အကြောင်းဖြစ်တဲ့တရား သည် အကျိုးဖြစ်တဲ့တရားကို ကျေးဇူးပြုရာမှာ မချုပ်မီဌီသာကျေးဇူးပြု တယ်လို့မှတ်ပါ။ သို့ဖြစ်ပါ၍ အကြောင်းတရားသည် အကျိုးတရားကို ဆိုင်းငံ့ပြီးကျေးဇူးပြုတယ်လို့မှတ်ပါ။ မိမိတို့သည် ကျေးဇူးမပြုခဲ့ရသေး လို့ရှိရင် မချုပ်သိမ်းမရုပ်သိမ်းဘူးဟဲ့လို့ဆိုတဲ့အနေမျိုးနဲ့ ဆိုင်းငံ့ပြီးသကာလ ကျေးဇူးပြုတဲ့သတ္တိကလေး ပါရှိသည်လို့မှတ်ပါလေ။

ဒါ့ကြောင့် ရှေ့ကပြဆိုခဲ့တဲ့သဟဇာတမျိုးတုန်းကတော့ အတူ တကွဖြစ်ရုံဖြစ်ပြီး ကျေးဇူးပြုတယ်လို့မှတ်။။ ဒီအတ္တိပစ္စည်းမှာဆိုရင် ဆိုင်းငံ့တဲ့သတ္တိရှိတဲ့အတွက် ယခုအတ္တိပစ္စည်းမှာဟောတဲ့သဟဇာတမျိုးနဲ့၊ ရှေ့ကပြခဲ့တဲ့သဟဇာတမျိုးတို့ဟာ မတူဘူးလို့ဆိုတာထင်ရှား၏။


ရုပ်အာဟာရ (ဩဇာရုပ်)ကလေးမှာလည်း အကျိုးဖြစ်တဲ့ အာဟာရဇရုပ်ကလေးကို မဖြစ်စေရသေးသမျှကာလပတ်လုံး ငါသည် မချုပ်သေးဘူးလို့ဆိုတဲ့အနေမျိုးနဲ့ ဆိုင်းငံ့ပြီးသကာလ ဌီသို့ရောက်နေတဲ့ ရုပ်တွေ ဘယ်လောက်ပဲများများ မချုပ်သေးဘဲ အာဟာရဇရုပ်ကလေးကို ဖြစ်စေပြီးမှ ချုပ်ငြိမ်းရကား ရှေ့ကပြခဲ့သောအာဟာရနဲ့ မတူဘူးဆိုတာ ဟာထင်ရှားပေ၏။ ရုပ်အာဟာရ၏အဓိပ္ပာယ်ကိုလည်း ဤကဲ့သို့ယူပါ လေကုန်။ ဒါ့ကြောင့် ဤကဲ့သို့ဆိုင်းငံ့တဲ့သတ္တိတွေဟာ အဋ္ဌိပစ္စည်းမှာ အများကြီးရှိပါတယ်၊ ကျေးဇူးပြုပါတယ်လို့ဆိုတာကိုသိစေခြင်းငှာ အဋ္ဌိပစ္စည်းကို ဟောရသည်ဟူ၍မှတ်ပါလေ။

(တစ်နည်း) ဤနေရာမှာ ငါးပါးပေါင်းညီပြီးဟောတော်မူငြား သော်လည်း ရှေ့ကပြဆိုခဲ့တဲ့သတ္တိတွေနဲ့ မတူဘူးလို့ဆိုတဲ့အနေမျိုးကို သိစေခြင်းငှာ ၎င်းတို့အပေါ်မှာ အဋ္ဌိလို့ဆိုတဲ့သတ္တိကလေးတစ်လုံးကို အထူးပြုပြီး ဘုရားဟောတော်မူတယ်လို့မှတ်ပါလေ။ ဆရာတော် ဦးဝိမလ၏ အဋ္ဌိပစ္စည်းချုပ်စဉ် ပြီး၏။

*အဋ္ဌိပစ္စည်း ပြီးပါပြီ။*

# နက္ခတ္တပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။



၂၂။ ညဥ့်၏ကင်းခြင်းသည် နေ့ဖြစ်ခြင်းဟာ၊ ဆီမီး၏ငြိမ်းခြင်းသည် အမိုက် (မှောင်) ဖြစ်ခြင်းဟာ ထင်ရှားမရှိခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့သော နတ္ထိပစ္စည်းတရား။

# နတ္ထိပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- အတိတ်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၊ စတုဝေါကာရ (၄) ဘုံ အားဖြင့် ဘုံ (၃၀)၌ ဖြစ်နိုင်ပါသည်။

## ၂၂။ နတ္ထိပစ္စည်းအစိပ္ပာယ်

အတ္ထိပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ နတ္ထိပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'နတ္ထိပစ္စယော' ဟူသည်တည်း။

**နတ္ထိပစ္စယော** - မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားတည်း။

(၁) ညဉ့်၏ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဆီမီး၏ငြိမ်းခြင်းသည် အမိုက် (မှောင်) ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ မရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### နတ္ထိပစ္စည်း သုံးချက်စု

**နတ္ထိပစ္စယော**သည် အနန္တရပစ္စယောနှင့်တူ၏။

### နတ္ထိပစ္စည်း ချုပ်စိုစဉ်

'နတ္ထိပစ္စယော - မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား' ဟူ၍ အနက်ပေးထားရာမှာ မရှိဘဲနဲ့ ကျေးဇူးပြုတဲ့တရားတွေ အများကြီး ရှိပါတယ်။

မရှိသည်ဖြစ်၍ ကျေးဇူးပြုတယ်ဆိုရာမှာလည်း သတ္တိနှင့်တကွ ဒြပ်ပါချုပ်ငြိမ်းတဲ့တရားက တစ်မျိုး၊ ဒြပ်သာချုပ်ငြိမ်း၍ သတ္တိမချုပ်တဲ့

တရားက တစ်မျိုးအားဖြင့် နှစ်မျိုးနှစ်စားရှိရာတွင် ညဥ့်အမှောင်ကင်းသွားပြီးနောက် နေ့ဖြစ်ပေါ်လာခြင်းသည် ဘယ်သူ၏သတ္တိကြောင့်လဲလို့ဆိုရင် ကင်းသွားသောညဥ့်အမှောင်၏ အခွင့်ပေးသောသတ္တိကြောင့်လို့မှတ်ပါ။ ညဥ့်အမှောင်ကင်းသွားခြင်းသည် သတ္တိမချုပ်တဲ့ ဒြပ်ချုပ်ငြိမ်းခြင်းမျိုးဟုမှတ်ပါ။

ဆီမီးငြိမ်းသွားသည့်နောက် မိုက်မှောင်သွားခြင်းသည် ဘယ်သူ၏သတ္တိကြောင့်လဲလို့ဆိုရင် ငြိမ်းသွားသောဆီမီး၏ အခွင့်ပေးခြင်းကြောင့်လို့ပြောရ၏။ ဤကဲ့သို့ ဆီမီး၏အရောင်အလင်းငြိမ်းသွားခြင်းကို နတ္ထိလို့မှတ်ပါ။ ထိုကဲ့သို့ပင် ဆီမီးအရောင်အလင်းမရှိသော်လည်း သူမရှိသောကြောင့် အမိုက်မှောင်ဖြစ်ပေါ်လာသောကြောင့် ပစ္စယလို့မှတ်ပါလေ။

ဒါ့ကြောင့် နတ္ထိပစ္စည်းမှာ မရှိသော်လည်းကျေးဇူးပြုတယ်လို့ဆိုရာ၌ ဒြပ်သာချုပ်ငြိမ်း၍မရှိသော်လည်း၊ ငါမရှိပြီးသည့်နောက် နေ့ဖြစ်ရစ်တော့ (ဝါ) အမိုက်မှောင်ခြင်းဖြစ်ရစ်တော့လို့ဆိုတဲ့ သတ္တိကလေးကမချုပ်သိမ်းဘဲ ကျေးဇူးပြုတယ်လို့မှတ်ပါ။ သို့ဖြစ်၍နတ္ထိတွင်မရပ်မူ၍ ပစ္စယသဒ္ဒါကလေးကိုပါထည့်စွက်ပြီး ဘုရားဟောတော်မူတယ်လို့မှတ်ပါ။

ဥပမာ - ပစ္စေကဗုဒ္ဓါများ ပရိနိဗ္ဗာန်ပြုသွားတဲ့အခါမှာ ဘာများချန်ထားခဲ့ပါသေးသလဲလို့ဆိုရင် ဘာကိုမှမချန်ထားပါဘူးတဲ့။ ဤကဲ့သို့ချုပ်ငြိမ်းရပ်သိမ်းခြင်းမျိုးကို သတ္တိနှင့်တကွ ဒြပ်ပါချုပ်တယ်လို့မှတ်ပါ။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးချုပ်ငြိမ်းသွားတဲ့ ပရိနိဗ္ဗာန်မျိုးကတော့ ဒြပ်သာချုပ်ငြိမ်းသော်လည်း သာသနာတည်းဟူသော

သတ္တိကလေးတော့ ကျန်သေးတယ်လို့မှတ်ပါ။ ဤနတ္ထိပစ္စည်းမှာလည်း ချုပ်တယ်လို့ပင်ဆိုငြားသော်လည်း ပစ္စေကဗုဒ္ဓါများချုပ်ငြိမ်းသလို သတ္တိနှင့်တကွ ဒြပ်ပါချုပ်ငြိမ်းတဲ့အချုပ်မျိုးမဟုတ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးချုပ်ငြိမ်းသကဲ့သို့ သတ္တိတည်းဟူသော ဩကာသဒါန အခွင့်ကလေးကိုပေးပြီး ချုပ်တဲ့အချုပ်မျိုးလို့မှတ်ပါ။

တစ်နည်းအားဖြင့် ရဟန္တာအရှင်မြတ်များ၏စုတိစိတ်များမှာ မိမိချုပ်သွားပြီးသည့်နောက် ဘာကိုမှကျေးဇူးပြုစရာမရှိရကား သူသည် သတ္တိနှင့်တကွ ဒြပ်ပါချုပ်ငြိမ်းသောကြောင့် ဤနတ္ထိပစ္စည်းမှာ မဟောပါဘူးတဲ့။ သူ့ရှေ့ကဖြစ်တဲ့ တဒါရုံကလေးကတော့ ဒီလိုမဟုတ်ပါဘူးတဲ့၊ သူချုပ်ငြိမ်းသွားသည့်နောက် စုတိစိတ်ကလေးကို မင်းတော့ဖြစ်ရစ်ပေတော့လို့ဆိုတဲ့ သတ္တိကလေးကိုထားပြီးချုပ်သွားရကား နတ္ထိပစ္စည်းမှာ ဩကာသဒါနတည်းဟူသောအခွင့်ပေး၍ 'မရှိသောအားဖြင့် ကျေးဇူးပြုတယ်'လို့ဆိုတာဟာထင်ရှားပါတယ်တဲ့။

(တစ်နည်း) "**ဧကသ္မိံ ဖဿာဒိသမုဒါယေ ပဝတ္တမာနေ ဒုတိယဿ အဘာဝတော**" ဟူသည်နှင့်အညီ ပထမဇောထဲမှာပါတဲ့ ဖဿကလေးသည် အာရုံဓမ္မကို သူက တွေ့ထိနေတုန်းအခါမှာ ဒုတိယဇောထဲက ဖဿကလေးဟာ လာနိုင်ပါသလားလို့ ဆိုရင် မလာနိုင်ပါဘူးတဲ့။ နောင်ပထမဇောချုပ်သွားတဲ့အခါကျမှသာလျှင် ဒုတိယဇောထဲကဖဿကလေးဟာ လာနိုင်ပါတယ်တဲ့။ ဤကဲ့သို့ လာနိုင်ရခြင်းမှာ ပထမဇောကလေးက မင်းဖြစ်ရစ်တော့လို့ဆိုတဲ့ အခွင့်အရေးကို ပေးသောကြောင့်သာ လာနိုင်တယ်လို့မှတ်ပါ။ ဒါ့ကြောင့် ပထမဇော

ကလေးမှာ ဒြပ်သာချုပ်သော်လည်း သတ္တိကတော့ မချုပ်ဘူးလို့မှတ်။ ဤကဲ့သို့ သတ္တိမချုပ်ဘဲကျေးဇူးပြုရကား ဒုတိယဓော၏ဖြစ်ရခြင်းဟာ သူနဲ့လည်းမကင်းပါဘူးတဲ့။ ဒါ့ကြောင့် ပထမဓောသည်ချုပ်သွားရတာ 'နတ္ထိ'၊ ထိုသို့ပင်သူချုပ်သွားသော်လည်း သတ္တိကလေးထားပြီးကျေးဇူးပြု သောကြောင့် 'ပစ္စယ'လို့မှတ်ပါလေ။

ဤကဲ့သို့ဒြပ်ကလေးချုပ်ပြီး သတ္တိပါချုပ်၍ ကျေးဇူးမပြုခဲ့လို့ရှိရင် နောက်တစ်ဖန် ဒုတိယဓောဖြစ်စရာ အကြောင်းကိုမရှိပါဘူးတဲ့။ ဤကဲ့သို့ ဒုတိယဓော ဖြစ်ပေါ်ရခြင်းကို ထောက်ဆပါသဖြင့် ဒြပ်သာချုပ်၍ သတ္တိမချုပ်ဘဲနဲ့ကျေးဇူးပြုတယ်လို့ဆိုတဲ့စကားဟာ အလွန်တရာမှန်ပါ တယ်တဲ့။ ၄င်းနောက် ရဟန္တာတို့၏စုတိစိတ်နဲ့ တဒါရုံကို ထောက်ခဲ့ပါ လျှင်လည်း ထင်ရှားပေ၏။ 'နတ္ထိပစ္စယော - မရှိသည်ဖြစ်၍ ကျေးဇူးပြု သောတရား'သည် နတ္ထိပစ္စည်းလို့ဆိုခဲ့ပါရင် ရှေ့ကပြဆိုခဲ့ပြီးသော အနန္တရ၊ သမနန္တရတို့နှင့် ဘာများထူးပါသလဲ၊ မထူးပါဘူးတဲ့။

ဒီလိုမထူးလို့ရှိရင် မြတ်စွာဘုရားသည် (၂၄)ပစ္စည်းကို မဟော ဘဲနဲ့ (၂၃)ပစ္စည်းကိုသာ ဟောဖို့ရာ သင့်၏။ ဒီလိုမှ မဟုတ်ပါဘဲနဲ့ သင်္ချာလှစေခြင်းအကျိုးငှာ (၂၄)ပစ္စည်းပြည့်အောင် ဟောတော်မူပါ သလားလို့ဆိုရင် မဟုတ်ပါဘူးတဲ့။ ထူးလို့သာ ဘုရားဟောတော်မူတယ် လို့မှတ်ပါတဲ့။ ဘယ်လိုထူးပါသလဲလို့ဆိုရင် သတ္တဝါတွေရဲ့သန္တာန်မှာ ငါတို့မှာ သွားလျှင်လည်းဒီစိတ်ပဲ၊ စားလျှင်လည်းဒီစိတ်ပဲ၊ အိပ်လျှင်လည်း ဒီစိတ်ပဲလို့ဆိုတဲ့ ဒီတစ်လုံးတည်းဟူသော စိတ်ကလေးတစ်ခုကိုသာ အစွဲအလမ်းပြုပြီး သကာလ သန္တတိအစဉ်တွေဟာ ဖုံးလွှမ်းနေပါတယ်

တဲ့။ ၄င်းသန္တတိအစဉ်တွေကိုပြတ်စေခြင်းငှာ နတ္ထိပစ္စည်းကိုဟောရ တယ်လို့မှတ်ပါ။

ဥပမာ - ကိုယ်တော်သည် ဘောလုံးကလေးတစ်ခုကို လက်ဖြင့် မြှောက်ပြီးနေတဲ့အခါ ပထမဇောမှာပါတဲ့ စိတ္တဇဝါယောဓာတ်ကလေး ကြောင့် အနည်းငယ်ကလေး တစ်လက်မလောက်မြှောက်နိုင်၏၊ ဒုတိယ ဇောကျတော့ နှစ်လက်မလောက်မြှောက်နိုင်၏၊ (လ) သတ္တမဇောကျတော့ ခုနစ်လက်မလောက်မြှောက်နိုင်၏။ ဤကဲ့သို့ တစ်ဆင့်နဲ့ တစ်ဆင့် မတူကြပါဘဲ သူ့အလုပ်ကို သူလုပ်ကြပါတယ်လို့ဆိုတဲ့ သန္တတိအစဉ်ကို စင်စေခြင်းငှာ ဟောတော်မူတယ်လို့မှတ်ပါ။

(တစ်နည်း) နတ္ထိဓမ္မကြီးကို ဘုရားဟောတော်မူရခြင်းမှာ သန္တတိဃနဖုံးလွှမ်းမှုကြီးကို နှစ်မြုပ်စေခြင်း၊ စင်စေခြင်းငှာ နတ္ထိပစ္စည်းကို ဟောတော်မူတယ်လို့မှတ်ပါ။

(တစ်နည်း) အကျဉ်းချုပ်အားဖြင့်မှတ်ရမယ်ဆိုရင် အခွင့်ပေးသော အခြင်းအရာအားဖြင့် ကျေးဇူးပြုသည်၏အဖြစ်ကိုသိစေခြင်းငှာ၊ ၄င်းသန္တတိအစဉ်ကိုပြတ်စေခြင်းငှာ နတ္ထိပစ္စည်းကို ဘုရားဟောတော်မူ တယ်လို့မှတ်ပါလေ။ ဆရာတော် ဦးဝိမလ၏ နတ္ထိပစ္စည်းချဲ့ပို့စဉ် ပြီး၏။

*နတ္ထိပစ္စည်း ပြီးပါပြီ။*

# ဝိဂတပစ္စယော




၂၃။ ကွယ်ပျောက်သွားသော နေရောင်သည် လရောင် လင်းစေခြင်းငှာ ကင်းချုပ်ခြင်းဖြင့်
ကျေးဇူးပြုသကဲ့သို့သော ဝိဂတပစ္စည်းတရား။

# ဝိဂတပစ္စည်း

## ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- အတိတ်ကာလ၌သာ ဖြစ်ပါသည်။
- ပဉ္စဝေါကာရ (၂၆) ဘုံ၊ စတုဝေါကာရ (၄) ဘုံ
  အားဖြင့် ဘုံ (၃၀)၌ ဖြစ်နိုင်ပါသည်။

## ၂၃။ ဝိဂတပစ္စည်းအခ်ဳပ္ပွာယ်

နတ္ထိပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ဝိဂတပစ္စယုဒ္ဒေသကိုဟောတော်မူ၏။ ဟောဟန်ကား- 'ဝိဂတပစ္စယော' ဟူသည်တည်း။

**ဝိဂတပစ္စယော** - ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) နေရောင်၏ဝင်ခြင်းသည် လရောင်ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### ဝိဂတပစ္စည်း သုံးစျက်နူ

**ဝိဂတပစ္စယော**သည် အနန္တရပစ္စယောနှင့်တူ၏။

### ဝိဂတပစ္စည်း စျမ္ဗိုစဉ်

ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းပြီးမှ ကျေးဇူးပြုတဲ့တရားကို ဝိဂတလို့မှတ်ပါ။

ဥပမာ - နေရောင်ခြည်သည် ယခုညနေအခါ အားနည်းသွားပါပြီ။ ၎င်းနေရောင်ခြည်ကလေးသည် မြင်းမိုရ်တောင်စွယ်ကို ကွယ်သွားတဲ့အခါမှ လရောင်အလင်းကလေး ပေါ်လာတယ်မှတ်ပါ။ ဤကဲ့သို့ နေရောင်ခြည်ကလေးဟာ မကွယ်ခဲ့လို့ရှိပါရင် လရောင်ကလေး မပေါ်နိုင်ပါဘူးတဲ့။ နေရောင်၏ရှိမှုသည် လရောင်၏မပေါ်မှုပါပဲတဲ့။ ဒါ့ကြောင့် နေရောင်ခြည်ကလေးမှာ လရောင်ကိုကန့်ကွက်နိုင်တဲ့ သတ္တိကလေး

ပါတယ်လို့မှတ်ပါ။ နေရောင်ခြည်ကလေးရှိတုန်းကတော့ လရောင်ကလေး မပေါ်နိုင်သော်လည်း နေရောင်ခြည်ကလေးချုပ်သွားတဲ့အခါမှာ အခွင့်မပေးသော်လည်း လရောင်အလင်းကလေး ဖြစ်ပေါ်လာရခြင်းသည် ဝိဂတပစ္စည်းလို့မှတ်ပါ။

ဒါဖြင့် နေရောင်ရောရှိသေးရဲ့လားလို့ မေးခဲ့ပါရင် မရှိပါဘူးတဲ့။ ဤကဲ့သို့နေရောင်၏ အခွင့်မပေးဘဲ ချုပ်သွားမှုကို ဝိဂတလို့မှတ်ပါ။ ထိုကဲ့သို့ပင် အခွင့်မပေးသော်လည်း လရောင်အလင်းကလေး ပေါ်လာသောကြောင့် ပစ္စယလို့မှတ်ပါလေ။

ဥပမာ - ဦးပဏ္ဍိတနှင့် ဦးဇောတိကတို့သည် နဂိုတုန်းက ဘယ်တော့မှ မတည့်ပါဘူးတဲ့။ ဤကဲ့သို့ မတည့်သောလူချင်းပဲ ဦးပဏ္ဍိတက ဒီနေရာမှာထိုင်ပြီး ဘုရားကို အာရုံပြုနေ၏။ ဦးဇောတိက ကလည်း ၄င်းဦးပဏ္ဍိတ ထိုင်တဲ့နေရာမှာ ထိုင်ရမှသာ သူသည် ဘုရားကို အာရုံပြုနိုင်၏။ ဦးပဏ္ဍိတ ရှိနေတုန်းကတော့ သူသည် ဦးပဏ္ဍိတ နေရာမှာသာ ထိုင်ချင်သောကြောင့် စောင့်နေရ၏။ နောင် ဦးပဏ္ဍိတ ကိစ္စပြီးသွားတဲ့အခါမှာ ဦးဇောတိကကလည်း ဒီနေရာမှာပင် ထိုင်ပြီး ဘုရားကို အာရုံပြု၏။ ဤကဲ့သို့ ဦးဇောတိကသည် ဦးပဏ္ဍိတနေတဲ့ နေရာမှာ ထိုင်ပြီးနေရခြင်းမှာ ဦးပဏ္ဍိတက အခွင့်ပေးသောကြောင့် ဦးဇောတိကက ဒီနေရာမှာ နေရတာလားလို့ဆိုရင် မဟုတ်ပါဘူးတဲ့။ နဂိုကတည်းက မတည့်တဲ့လူချင်းဖြစ်သောကြောင့် ဦးပဏ္ဍိတကလည်း ဘယ်တော့မှ အခွင့်မပေးပါဘူးတဲ့။

ပရမတ္ထတရားများမှာလည်း ထို့အတူ ပါပဲတဲ့။ သစ်ပင်ပေါ်က လိမ့်ကျပြီးလျှင် ဖြန်းခနဲ သေတဲ့လူဟာ ဘယ်သူ့ကိုမှအကျိုးအကြောင်း

မမှာနိုင်သကဲ့သို့ ပထမဇောကလေးမှာ သူသည် ဇာတိဇရာမရဏ တည်းဟူသော တရားတွေက နှိပ်စက်၍ ဖြုန်းခနဲချုပ်သွားရတဲ့အခါမှာ သူသည် ဒုတိယဇောကလေးကို နင်ဖြစ်ရစ်တော့လို့ဆိုတဲ့ အခွင့်ကို မပေးနိုင်ဘဲ ချုပ်သွားရ၏။ ဤကဲ့သို့ပင် ချုပ်သွားသော်လည်း ဒုတိယ ဇောကလေးက သူလည်း အာရုံကြောင့်ဖြစ်ရတာပဲ၊ ငါလည်း အာရုံ ကြောင့်ဖြစ်ရတာပဲဆိုပြီး ဟဒယဝတ္ထုကလေးပါမှာ မှီပြီးသကာလ ပေါ်လာတယ်မှတ်ပါ။ ဤကဲ့သို့ပင်သူပေါ်လာသော်လည်း ပထမဇော ရှိတုန်းကတော့ မပေါ်နိုင်ဘူးလို့မှတ်ပါ။

ပထမဇောကလေးသည် အခွင့်ကိုပင် မပေးသော်လည်း နေရာ ထားပေးမှုဆိုတဲ့ သတ္တိကလေးကိုထားပြီး ချုပ်သွားသောကြောင့်သာ ဤကဲ့သို့ ပထမဇောနေရာမှာ ဒုတိယဇောထပ်ပြီး ဖြစ်ရတယ်မှတ်ပါ။ ဤကဲ့သို့ နေရာထားပေးမှုကိုပင် 'ပစ္စယ'လို့မှတ်။ သူသည် အခွင့်မပေးဘဲချုပ်သွားမှုကိုပင် 'ဝိဂတ'လို့မှတ်ပါ။

ဥပမာ - အမိသည် မိမိသားကို အိမ်ကနှင်ထုတ်တဲ့အခါမှာ နင်ငါ၏အိမ်ကသွားလို့ပင်ဆိုငြားသော်လည်း မိမိသားကို အိမ်က မသွားရင်ကြိုက်၏။ ဒီလိုဖြစ်ရခြင်းမှာ အပြင်ကပြောတာကတစ်မျိုး၊ ဝမ်းထဲကတစ်မျိုး ဖြစ်နေသောကြောင့် ဒီလိုဖြစ်ရ၏မှတ်ပါ။ ပထမဇော ကလေးမှာ ထို့အတူပါပဲတဲ့။ သူသည် အခွင့်ကိုမပေးသော်လည်း သူ၏နေရာကိုပါ မရုပ်သိမ်းသောကြောင့် အမိသည် မိမိ၏သားကို အိမ်ကမသွားရင် သဘောကျသကဲ့သို့ သူ၏နေရာမှာ ဒုတိယဇော ဖြစ်ရစ်တာကို သဘောကျတယ်လို့မှတ်ပါ။ ဒါ့ကြောင့် 'ဝိဂတ'တွင် မရုပ်မှု၍၊ 'ပစ္စယ'သဒ္ဒါကလေးကို ထပ်ပြီးထည့်ရတယ်လို့မှတ်ပါ။

ဒါ့ကြောင့် နတ္ထိနဲ့ဝိဂတတို့မှာ သရုပ်တူသော်လည်း အဓိပ္ပာယ်က တော့ သိသိကလေးကွာတယ်လို့မှတ်ပါ။ မရှိ၍ကျေးဇူးပြုတဲ့ နတ္ထိက လည်း များစွာရှိ၏။ ကင်းသည်ဖြစ်၍ကျေးဇူးပြုတဲ့ ဝိဂတကလည်း များစွာရှိ၏။ ထိုများစွာရှိရာတို့တွင် သာမညနတ္ထိဝိဂတ၊ ဝိသေသ နတ္ထိဝိဂတဟု နှစ်ပါးခွဲရမည်။ ၄င်းနှစ်ပါးတို့တွင် ဤနတ္ထိဝိဂတတို့သည် ဝိသေသဟုယူပါ။ ဘာ့ကြောင့်ဆိုသော် နောက်ဆက်တွဲ ပစ္စယသဒ္ဒါကို ထောက်ဆ၍ဖြစ်သတည်း။ ရိုးရိုးနတ္ထိဝိဂတ၊ ဆန်းဆန်းနတ္ထိဝိဂတ နှစ်ပါးတို့တွင် ဆန်းဆန်းနတ္ထိဝိဂတဟုမှတ်ပါ။

(တစ်နည်း) ပစ္စယတပ်နိုင်တဲ့ နတ္ထိဝိဂတ၊ ပစ္စယမတပ်နိုင်တဲ့ နတ္ထိဝိဂတဟု နှစ်ပါးတို့တွင် ပစ္စယတပ်နိုင်တဲ့ နတ္ထိဝိဂတဟုမှတ်ပါလေ။

ပစ္စယတပ်နိုင်ပုံကား - ဋီကာကျော်၊ ပဋ္ဌာနအဋ္ဌကထာ တို့၌ဖွင့်ထားတာ များစွာရှိ၏။ ဋီကာကျော်၌ -

**ကေသဉ္စိ ဖဿာဒိသမုဒါယေ ပဝတ္တမာနေ (လ) နတ္ထိပစ္စယော** - ဟုမိန့်၏။

ဤအလိုဆိုပါက အတိုချုပ်စကားမှာ မိမိဖြစ်ပြီးသည့်နောက် နောက်စိတ်ကိုအခွင့်ပေးခဲ့တာ နတ္ထိဟုမှတ်ပါ။ ၄င်းအခွင့်ပေးမှုဟာ ပစ္စယသတ္တိပါပဲတဲ့။ ပထမခဏ၌ရှိတဲ့ဖဿ၊ ဒုတိယခဏ၌ရှိတဲ့ဖဿ၊ ၄င်းနှစ်ချက်ကိုပုံစံထိုးကြည့်ပါလေ။

**အတ္တနော သဘာဝါဝိဂမနေန အပ္ပဝတ္တမာနာနံ (လ) ဝိဂတပစ္စယော** - ဟုဋီကာကျော်မိန့်၏။

ဤအလိုအရ အခွင့်မပေးမှုဟာ ဝိဂတပါပဲတဲ့။ အခွင့်မပေးဘူးပင် ဆိုသော်လည်း ဒြပ်သာ ချုပ်ငြိမ်းရုပ်သိမ်းသွားတယ်။ သူ၏သတ္တိ

ကလေးကတော့ ကျန်သေးတယ်။ ပထမဇော ချုပ်သွားပြီးသည့်နောက် ဒုတိယဇော နောက်ထပ်ဖြစ်တာကိုကြည့်ပါ။ အကယ်၍ဒြပ်၊ သတ္တိ နှစ်ပါးစလုံး ချုပ်ငြိမ်းရုပ်သိမ်းသွားခဲ့သော် ဒုတိယဇောစသည် နောက်ဆက်လက်ဖြစ်လိမ့်မည်မဟုတ်ပေ။

ဋီကာကျော်၌ ဝိဂတပစ္စည်းမှာ 'အတ္တနော သဘာဝါဝိဂမနေန' ကို ထောက်ဆကြည့်ပါ။ မဖြစ်သေးတဲ့ဓမ္မကို ဖြစ်ရစ်တော့လို့ မဆိုသော်လည်း ဆိုသကဲ့သို့ ဒုတိယဇောစသည် နောက်ဖြစ်တာကို ထောက်ဆ၍ ပြောပါတဲ့။ ဒါ့ကြောင့် မဖြစ်သေးတဲ့ဓမ္မကိုကျေးဇူးပြုတာ ဝိဂတဟု မှတ်ပါ။

ဤနေရာမှာ သိရန် တစ်ချက်လိုသေးပါတယ်တဲ့။ ရှေ့ပထမဇောကသတ္တိပေးမှုနှင့် နောက်ဒုတိယဇောဖြစ်ရပုံဟာ ကွာခြားနေပါတယ်တဲ့။ အကယ်၍မကွာခြားပါဘူးဆိုပါက (လ) သတ္တမဇောတို့ဟာ တစ်ချိန်တည်းတစ်ချက်တည်း စုပုံဖြစ်ကြရမည်။ ဤသို့ဖြစ်ခဲ့သော် ဒုတိယဇောစသည်တို့ကို ပိုင်းခြားမှတ်သားစရာမရှိ။ ပရမတ်တွေဟာ ပြောင်းပြန်ဦးဇောက်သာ ဖြစ်နေရမည်။ ပရမတ္ထသဘာဝဆိုတာ ဤသို့မဖြစ်ရဘူး။ ဤကဲ့သို့ ကွာခြားနေတယ်ဆိုရတာ ရှေ့ပထမဇော စိတ်၏သတ္တိကို မရသေး၍ဟုမှတ်ပါ။

၄င်းပထမဇောစိတ်ချုပ်ပျောက်ပြီးမှ နောက်ဒုတိယဇောစိတ်ဟာ ဖြစ်ရတော့ ကွာခြားနေရတယ်။ ဒါ့ကြောင့် ပထမဇောစိတ်သည် ဒုတိယဇောစိတ်အား ကျေးဇူးပြုသောကြောင့် မဖြစ်သေးသောဓမ္မကို ဖြစ်အောင်ကျေးဇူးပြုတယ်တဲ့။ ပေးတဲ့အချိန်၌ ဒြပ်ဖြစ်တဲ့ပထမဇော စိတ်ကလေးဟာ မရှိတော့ပါဘူးတဲ့။ မရှိသောကြောင့် ဒြပ်ကကျေးဇူး မပြုနိုင်။

သတ္တိကသာ ကျေးဇူးပြုနိုင်ပါတယ်။ ပေးတဲ့အချိန်မှာ ပထမဓောစိတ်ကလေးတို့ကို ရှာ၍မတွေ့ပါ။ ရှာ၍မတွေ့သော်လည်း သူ၏သတ္တိကျန်သေးသည်၏အဖြစ်ကို 'ပစ္စယ'ကိုထောက်ဆ၍ သတ္တိကျန်ခဲ့တယ်ဟုမှတ်ပါလေ။

ဒါ့ကြောင့် ချုပ်ပျောက်သွားတဲ့ပထမဓောကို 'ဝိဂတ'ဟုမှတ်ပါ၊ သတ္တိကို 'ပစ္စယ'ဟုမှတ်ပါလေ။ ထို့အတူ ပထမဓောကို 'နတ္ထိ'ဟုဆို၏၊ ပစ္စယကို 'သတ္တိ'ဟုဆိုရ၏။

ထောက်ဆ၍သိရပုံမှာ ရဟန္တာတို့စုတိစိတ်ဟာ ဖြစ်ပြီးသည့်နောက် ဒုတိယစိတ်မဖြစ်တာဟာ ပစ္စယမထားခဲ့လို့မှတ်ပါ။ ပထမဓော၌ရှိတဲ့ဖဿသည် ဖုသနလက္ခဏာ၊ ဝေဒနာကလည်း ဝေဒယိတလက္ခဏာ၊ သညာကလည်း သဉ္ဇာနနလက္ခဏာ၊ ဤကဲ့သို့ စသည်ဖြင့်လက္ခဏာတွေမထားခဲ့ဘဲ လက္ခဏာနှင့်တကွ ချုပ်ငြိမ်းရုပ်သိမ်းသွားတာဟာ ဝိဂတဟုမှတ်ပါ။ ၎င်းရုပ်သိမ်းပြီးသည့်နောက် နောက်စိတ်ဖြစ်ရစ်တော့ဟုဆိုတာက ပစ္စယဟုမှတ်ပါ။ စက္ခုဒွါရဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်တို့၏ စေတသိက်ယှဉ်ပုံကိုကြည့်၍ ၎င်းတို့၏ ဒြပ်နှင့်တကွ ရုပ်သိမ်းပုံ၊ မရုပ်သိမ်းပုံကို ထောက်၍ကြည့်ပါလေ။

## နတ္ထိ နှင့် ဝိဂတ နှစ်ပစ္စည်းတို့၏အထူး

ပဋ္ဌာန်းမူလဋီကာ ဥဒ္ဒေသအဖွင့်၌ -

**နတ္ထိတာ စ နိရောဓာနန္တရသုညတာ၊ ဝိဂတတာ နိရောဓပ္ပတ္တတာ၊ အယမေတေသံ ဝိသေသော** - ဟုမိန့်၏။

ဤအလိုအရ ချုပ်သွားခြင်း၊ အခြားမဲ့၌ဆိတ်သွားခြင်းသည် 'နတ္ထိ'၏သဘောပါပဲတဲ့။ ချုပ်ခြင်းသို့ရောက်သွားခြင်းသည် 'ဝိဂတ'၏

သဘောပါပဲတဲ့။ ထိုနှစ်ပါးတို့တွင် နတ္ထိကချုပ်သွားခြင်း၊ ဆိတ်သွားခြင်း သတ္တိနှစ်ပါး။ ဝိဂတက ချုပ်သွားကာမျှမတ္တတစ်ပါးသာ။ ထို့ကြောင့် နတ္ထိက သတ္တိတစ်ပါးပိုသည်ဟုမှတ်ပါ။

ဥပမာဆောင်၍ ထင်အောင်ပြအံ့- လောက၌ ချမ်းသာတဲ့လူတစ်ယောက်၊ မွဲတဲ့လူတစ်ယောက်ဟူ၍ နှစ်ဦးရှိပေ၏။ ထိုနှစ်ဦးတို့တွင် မွဲတဲ့လူသေတဲ့အခါ ဘေးကလူတွေကို မသေခင်ကပေးကမ်းချီးမြှင့်ခြင်းကိစ္စကမရှိပါ၍ ထိုသူ၏အကြောင်းကိုလည်းကောင်း၊ ဂုဏ်ထူးကိုလည်းကောင်း ပြောကြားခြင်းအမှုကို ဘေးကလူတွေက မပြောကြားကြပါဘူးတဲ့။ ထိုကဲ့သို့မပြောကြားလေသောကြောင့် သတ္တိတစ်ပါးတည်းရှိတဲ့ ဝိဂတနှင့်တူတယ်တဲ့။ ဘာ့ကြောင့်ဆိုသော် ထိုသူမှာသေတယ်ဆိုတဲ့ အကြောင်းသာရှိ၍တည်း။

ချမ်းသာတဲ့လူသေတော့ ဘေးကလူတွေက ထိုသူ၏ပေးကမ်းချီးမြှင့်ခြင်းကိုခံကြရခြင်း၊ ထိုသူက ချမ်းသာတယ်ဆိုတဲ့ ဂုဏ်ကရှိခြင်း၊ ဤကဲ့သို့ သူ၏ကျေးဇူးတွေများသောကြောင့် သတ္တိနှစ်ပါးရှိတဲ့ နတ္ထိနှင့်တူပါတယ်တဲ့။ ဘာ့ကြောင့်ဆိုသော် သေတယ်ဆိုတဲ့အကြောင်း၊ တော်ပါပေတယ်ဆိုတဲ့အကြောင်း ရှိ၍တည်း။

(တစ်နည်း) တောမှာကျောင်းထိုင်၍ ကလေးသူငယ်တွေကို စာသင်ပြသနေတဲ့ ဘုန်းကြီးများပျံတော်မူတော့ ကျန်တဲ့သံဃာများက ထိုဘုန်းကြီး၏အကြောင်း ဂုဏ်ထူးများကို မပြောကြားကြပါ။ ဘာ့ကြောင့်ဆိုသော် သံဃာတော်များ၏ မိုခိုအားထားလောက်သော ကျမ်းကြီးကျမ်းငယ် တစ်စောင်တစ်ဖွဲ့ကိုမျှ ပြုနိုင်တဲ့သတ္တိမရှိ၍တည်း။ ထို့ကြောင့် ပျံတော်မူကာမျှမတ္တဖြစ်၍ သတ္တိတစ်ပါးသာရှိသော ဝိဂတနှင့်

တူပါတယ်တဲ့။


ဗန်းမော်ဆရာတော်၊ လယ်တီဆရာတော်အစရှိတဲ့ပုဂ္ဂိုလ်များ ပျံတော်မူတော့ တော်ပါပေတယ်၊ နှမြောစရာကောင်းပါပေတယ်စသည် ဖြင့်ပြောကြ၏။ သံဃာတော်များက ဘာ့ကြောင့် ဤကဲ့သို့ပြောရပါ သလဲဆိုရင် ထိုဆရာတော်တို့၏ ရေးသားထားခဲ့တဲ့ကျမ်းဂန်တွေကို ကြည့်၍ နောင်လာနောက်သားသောတုဇနတို့မှာ ပညာဗဟုသုတ တိုးပွား၍ ထိုပုဂ္ဂိုလ်ဟာ သာမညပုဂ္ဂိုလ်မဟုတ်၊ ပညာအရာဌာန ဘက်ကဖြင့် ချီးမွမ်းလောက်အောင်ဖြစ်တဲ့ပုဂ္ဂိုလ်ပဲဟု သူတို့၏ ကျမ်းများကို ကြည့်ရှုရသူပုဂ္ဂိုလ်တိုင်းမှာ ဉာဏ်ပညာကြီးပုံကိုသိရ၍ ၎င်းပုဂ္ဂိုလ်တို့ပျံတော်မူပြီးသော်လည်း ထိုပုဂ္ဂိုလ်တို့၏ဂုဏ်တွေကို ချီးမွမ်းထောမနာတွေဟာ ဆိတ်ငြိမ်သည်ဟူ၍မရှိဘဲ ပြောနေကြ၍ သတ္တိနှစ်ပါးပါသော နတ္ထိနှင့်တူပါတယ်တဲ့။

'သုညတာ'၏သဘောက 'ဆိတ်တယ်'ဆိုတဲ့စကားဟာ ဤနေရာမှာ တစ်ဆူဆူပြောနေတာကိုယူပါ။ တစ်ဆူဆူဆိုသည်ကား ထိုသူ၏ဂုဏ်တွေကို ပြောနေကြတာကို 'ဆိတ်တယ်'ဟူ၍ လည်းကောင်း၊ 'တစ်ဆူဆူ'ဟူ၍လည်းကောင်း သုံးထားပါတယ်။ ဤကား မူလဋီကာစကားတည်း။ ၎င်းပစ္စည်းနှစ်ပါးကိုညှိနှိုင်းပုံတည်း။ ဆရာတော် ဦးဝိမလ၏ နတ္ထိပစ္စည်းနှင့်ဝိဂတပစ္စည်း ညှိနှိုင်းပုံနှင့်တကွ ဝိဂတပစ္စည်းချုပ်စဉ် ပြီး၏။

*ဝိဂတပစ္စည်း ပြီးပါပြီ။*

# အဝိဂတပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။



၂၄။ မဟာသမုဒ္ဒရာသည် မိမိကိုမှီ၍ ပျော်ရွှင်ကြကုန်သော ငါးမကောင်းရဲတို့အား
မကောင်းသောအဖြစ်ဖြင့် [illegible]

# အဝိဂတပစ္စည်း

ဖြစ်ရာကာလ၊ ဘုံဌာန

- ပဋိသန္ဓေ၊ ပဝတ္တိကာလ နှစ်ပါးစလုံး၌ ဖြစ်နိုင်ပါသည်။
- ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- (၃၁) ဘုံစလုံး၌ ဖြစ်နိုင်ပါသည်။

## ၂၄။ အဝိဂတပစ္စည်းအစီပွာယ်

ဝိဂတပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ အဝိဂတ ပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- 'အဝိဂတပစ္စယော' ဟူသည်တည်း။

**အဝိဂတပစ္စယော** - မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း။

(ဝါ) မဟာသမုဒ္ဒရာသည် မိမိကိုမှီကုန်သော ငါးမကာရ်း အစရှိသည်တို့၏ ပီတိသောမနဿပွားခြင်း၌ မိမိ၏မကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မိမိသဘောမှ မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

### အဝိဂတပစ္စည်း သုံးချက်စု

**အဝိဂတပစ္စယော**သည် အတ္ထိပစ္စယောနှင့်တူ၏။

### အဝိဂတပစ္စည်း ချမှတ်စဉ်

'အဝိဂတပစ္စယော - မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း' ဟူ၍ ပြဆိုရာမှာ "နိရောဓာနုပဂမနဝသေန" ဟူသည်နှင့်အညီ မချုပ်မီကျေးဇူးပြုတဲ့တရားကို အဝိဂတလို့မှတ်။ ဤကဲ့သို့ မချုပ်မီကျေးဇူးပြုသောတရားကို အဝိဂတလို့ဆိုပါသဖြင့် ဌီအခါမှာ ကျေးဇူးပြုတယ်လို့မှတ်ပါလေ။ သို့ဖြစ်ပါ၍ အဝိဂတပစ္စည်း၏

ကျေးဇူးပြုခြင်းမှာလည်း အတ္ထိပစ္စည်းနှင့် အလုံးစုံတူနေတယ်လို့မှတ်ပါ။ ဒီလိုတူနေခဲ့လို့ရှိပါရင် အဘယ့်ကြောင့် အဝိဂတပစ္စည်းကို မြတ်စွာဘုရား ထပ်ပြီးဟောတော်မူရပါသလဲလို့ဆိုခဲ့ပါရင် မူလဋီကာအလိုအားဖြင့် သဒ္ဒါမျှကိုသာအထူးပြုပြီး ဟောတော်မူတယ်လို့မှတ်ပါလေ။ အင္ဂကထာ ဆရာအလိုအားဖြင့် ဒေသနာသောတ၊ ဝေနေယျဇ္ဈာသယ၊ ပုဂ္ဂလဇ္ဈာသယ အလိုသို့လိုက်ပြီး ဟောတော်မူတယ်လို့မှတ်ပါ။

အချို့သောပုဂ္ဂိုလ်များက အတ္ထိကိုဟောမှသာလျှင် ပစ္စည်းနဲ့ ပစ္စယုပ္ပန်တို့မှာ ဋ္ဌီအခါမှာသာကျေးဇူးပြုတယ်လို့ဆိုတာကို သိစေလို သောကြောင့် အတ္ထိပစ္စည်းကို ဟောရ၏ဟုမှတ်။ အချို့သောသတ္တဝါ များကတော့ အဝိဂတလို့ဟောတော်မူမှသာလျှင် ပစ္စည်းတရားနဲ့ ပစ္စယုပ္ပန်တရားတို့မှာ ဋ္ဌီအခါ၌ကျေးဇူးပြုတယ်လို့ဆိုတာကို သိသော ကြောင့် အဝိဂတလို့ဟောတော်မူရတယ်မှတ်ပါ။

သို့သော် ဋီကာကျော်ဆရာအလိုအားဖြင့် -

**သသဘာဝတာမတ္တေန ဥပကာရကတာ အတ္ထိပစ္စယတာ။**

ဟုဖွင့်ထားသောကြောင့် အကျိုးဖြစ်တဲ့တရားကို ကျေးဇူးပြုသော အကြောင်းဖြစ်သောဓမ္မသည် မိမိတည်ဆဲသောခဏ၌သာ သဘောနှင့် တကွကျေးဇူးပြုသောတရားကို အတ္ထိလို့ဆိုထားသဖြင့် သဘောနှင့်တကွ ဘယ်လိုများကျေးဇူးပြုပါသလဲလို့ဆိုရင် ကိုယ်တော်သည် စကားပြော လိုက်တဲ့အခါမှာ ပထမဇောမှာရှိသော စိတ္တဇသဒ္ဒကလေးသည် ဥပါဒ် တုန်းကတော့ ဖြစ်ပေါ်စဖြစ်၍ အသံသိပ်ပြီး ကြည်ကြည်လင်လင်

မထွက်သေးပါဘူး၊ ငြီသို့ရောက်မှသာလျှင် ကြည်ကြည်လင်လင်ကြီး ထွက်လာပါတယ်တဲ့။

ဤကဲ့သို့ အသံရှပ်ကလေးမှာ ငြီသို့ရောက်တဲ့အခါမှာ ကြည် ကြည်လင်လင်ပေါ်လာရခြင်းမှာ ဥပါဒ်ကလေး၏အထောက်အပံ့နဲ့ရော မကင်းပါဘူးတဲ့။ ဒါ့ကြောင့် ငြီထဲမှာရှိသော ကြည်မှုကလေးတည်းဟူ သောသဘောနှင့်တကွ ပထမဇောကလေးသည် သူ့မှာမချုပ်သေးဘဲ ငြီမှာရှိတဲ့စိတ္တဇသဒ္ဒကို ကြည်လင်ပြီးကျယ်လာအောင်ကျေးဇူးပြုသော သဘောနှင့်တကွ ထင်ရှားရှိပြီးကျေးဇူးပြုတယ်လို့မှတ်ပါလေ။ ချုပ်ခြင်းသို့ မရောက်မီ သဘောနှင့်တကွကျေးဇူးပြုတယ်လို့ဆိုထားသော စကားဟာ လည်း အဝိဂတပါပဲလို့ဆိုလိုက်သဖြင့် ရှေးဆရာများစကားနဲ့ မထူးပါဘူး တဲ့။ ဒေသနာဝိလာသ၊ ပုဂ္ဂလဇ္ဈာသယအားဖြင့် ဟောတော်မူတယ်လို့သာ ယူပါလေကုန်။

ဒါ့ကြောင့် ဥပါဒ်ရှိ၊ ငြီရှိ၊ ဘင်ရှိအားဖြင့် သုံးမျိုးသုံးစားပင် ရှိသော်လည်း အတ္ထိပစ္စည်းနဲ့ခွဲခဲ့ပါရင် ဥပါဒ်ရှိ၊ ငြီရှိကိုသာ အတ္ထိပစ္စည်း မှာယူပါလေ။ အဝိဂတမှာတော့ ငြီရှိကိုသာယူပါလေလို့ဆိုတာကို သိစေခြင်းဟာ အတ္ထိပစ္စည်းနဲ့အဝိဂတပစ္စည်းကို ဟောတော်မူသည်မှတ်ပါ လေ။ ဤကဲ့သို့ခွဲယူလိုက်ပါသဖြင့် ဘင်ရှိကိုတော့ မသုံးဘူးလို့ဆိုတာ ကိုမှတ်။ ဤကဲ့သို့ပင် အတ္ထိနှင့်အဝိဂတတို့ကို ခွဲ၍ပြောသော်လည်း ဒေသနာသောတ၊ ပုဂ္ဂလဇ္ဈာသယအကျိုးဟာ ဟောတော်မူတယ်လို့မှတ်ပါ။

ဤအတ္ထိပစ္စည်းမှာ ယခုတပည့်တော်တို့ပြောခဲ့တာကတော့

ငှီအခါ၌သာကျေးဇူးပြုပြီး ဥပတ္ထမ္ဘကသတ္တိ လွန်ကဲတယ်လို့ပင်ဆိုငြား သော်လည်း ရှေးဋီကာဆရာများက ၄င်းပစ္စည်းများမှာ ဇနကောပတ္ထမ္ဘက သတ္တိရှိတဲ့ပစ္စည်းတွေလို့ ပြောထားပါသောကြောင့် သဟဇာတတ္တိမှာတော့ ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိ နှစ်မျိုးကိုယူရသောကြောင့် ဥပါဒ်နှင့် ငှီကိုပါယူကြပါလေ။ ကျန်သော ပုရေဇာတတ္တိ (လ) ရူပဇီဝိတိန္ဒြိယတ္တိတို့ မှာတော့ ငှီအခါကိုသာယူပါလေကုန်။ အဝိဂတမှာလည်း ၄င်းကဲ့သို့ ငှီအခါကိုသာယူပါလေကုန်။ ဆရာတော် ဦးဝိမလ၏ အဝိဂတပစ္စည်း ချုပ်စဉ် ပြီး၏။

*အဝိဂတပစ္စည်း ပြီးပါပြီ။*

ပဋ္ဌာန်း(၂၄)ပစ္စည်း သုံးချက်စုချုပ်စဉ် ပြီးပါပြီ။

# နောက်ဆက်တွဲ (က) ရူပသရူပမာလာကျမ်း

## ရုပ်တို့ကို ပြဆိုခြင်း

ရုပ်ပိုင်း၌ မာတိကာအပြားငါးပါးရှိ၏။ ငါးပါးအရ- ရုပ်တို့ကို အကျဉ်းပြခြင်း၊ ရုပ်တို့ကို အကျယ်ပြခြင်း၊ ရုပ်တို့၏ ဖြစ်ကြောင်းကိုပြခြင်း၊ ရုပ်တို့၏ အပေါင်းအစည်း၊ ရုပ်တို့၏ ဖြစ်စဉ်အားဖြင့်ပေါင်း ငါးပါးဖြစ်၏။ ထိုငါးပါးတို့တွင်-

## ရုပ်တို့ကို အကျဉ်းပြခြင်း

ရုပ်တို့ကို အကျဉ်းပြခြင်း၌ ရုပ် (၂၈)ခု။ (၂၈)ခု အရ- မဟာဘုတ် လေးခု၊ ပသာဒရုပ် ငါးခု၊ ဂေါစရရုပ် ခုနစ်ခု၊ ဘာဝရုပ် နှစ်ခု၊ ဟဒယရုပ် တစ်ခု၊ ဇီဝိတရုပ် တစ်ခု၊ အာဟာရရုပ် တစ်ခု၊ ပရိစ္ဆေဒရုပ် တစ်ခု၊ ဝိညတ်ရုပ် နှစ်ခု၊ ဝိကာရရုပ် ငါးခု၊ လက္ခဏာရုပ် လေးခုအားဖြင့်ပေါင်း (၂၈)ခုဖြစ်၏။

မဟာဘုတ် လေးခုအရ- ပထဝီ, အာပေါ, တေဇော, ဝါယော အားဖြင့်ပေါင်း လေးခုဖြစ်၏။

ပသာဒရုပ် ငါးခုအရ- စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒအားဖြင့်ပေါင်း ငါးခုဖြစ်၏။

ဂေါစရရုပ် ခုနစ်ခုအရ- ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ပထဝီ, တေဇော,ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံအားဖြင့်ပေါင်း ခုနစ်ခုဖြစ်၏။

ဘာဝရုပ်နှစ်ခုအရ- ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်အားဖြင့်ပေါင်း နှစ်ခု ဖြစ်၏။ ဟဒယရုပ် တစ်ခုအရ- ဟဒယရုပ် တစ်ခု။ ဇီဝိတရုပ် တစ်ခုအရ-

ဇီဝိတရုပ်တစ်ခု။ အာဟာရရုပ် တစ်ခုအရ- အာဟာရရုပ် တစ်ခု။ ပရိစ္ဆေဒရုပ် တစ်ခုအရ- ပရိစ္ဆေဒရုပ် တစ်ခု။ ဝိညတ်ရုပ် နှစ်ခုအရ- ကာယဝိညတ်, ဝစီဝိညတ်အားဖြင့်ပေါင်း နှစ်ခုဖြစ်၏။

ဝိကာရရုပ် ငါးခုအရ- လဟုတာ, မုဒုတာ, ကမ္မညတာ, ကာယဝိညတ်, ဝစီဝိညတ်အားဖြင့်ပေါင်း ငါးခုဖြစ်၏။

လက္ခဏာရုပ် လေးခုအရ- ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ အားဖြင့်ပေါင်း လေးခုဖြစ်၏။ ရုပ်တို့ကို အကျဉ်းပြခြင်း ပြီး၏။

## ရုပ်တို့ကို အကျယ်ပြခြင်း

မာတိကာ အပြား(၁၁)ပါးအရ- အဇ္ဈတ္တိကရုပ်, ဗာဟိရရုပ်၊ ဝတ္ထုရုပ် အဝတ္ထုရုပ်၊ ဒွါရရုပ်, အဒွါရရုပ်၊ ဣန္ဒြိယရုပ်, အနိန္ဒြိယရုပ်၊ ဩဠာရိကရုပ်, သုခုမရုပ်၊ သန္တိကေရုပ်, ဒူရေရုပ်၊ သပ္ပဋိဃရုပ်, အပ္ပဋိဃရုပ်၊ ဥပါဒိန္နရုပ်, အနုပါဒိန္နရုပ်၊ သနိဒဿနရုပ်, အနိဒဿနရုပ်၊ ဂေါစရဂ္ဂါဟိကရုပ်, အဂေါစရဂ္ဂါဟိကရုပ်၊ ဝိနိဗ္ဘောဂရုပ်, အဝိနိဗ္ဘောဂရုပ်အားဖြင့်ပေါင်း (၁၁)ပါး ဖြစ်၏။

အဇ္ဈတ္တိကရုပ် ငါးခုအရ- ပသာဒရုပ် ငါးခု။ ဗာဟိရရုပ်အရ- ပသာဒရုပ်မှကြွင်းသော ရုပ်(၂၃)ခုဖြစ်၏။

ဝတ္ထုရုပ် ခြောက်ခုအရ- ပသာဒရုပ် ငါးခု၊ ဟဒယရုပ် တစ်ခု အားဖြင့်ပေါင်း ခြောက်ခု ဖြစ်၏။ အဝတ္ထုရုပ်အရ- ပသာဒရုပ်နှင့် ဟဒယရုပ်တို့မှကြွင်းသော ရုပ်(၂၂)ခုဖြစ်၏။

ဒွါရရုပ် ခုနစ်ခုအရ- ပသာဒရုပ် ငါးခု၊ ဝိညတ်ရုပ် နှစ်ခုအားဖြင့် ပေါင်း ခုနစ်ခုဖြစ်၏။ အဒွါရရုပ်အရ- ဒွါရရုပ်တို့မှကြွင်းသော ရုပ် (၂၁)ခု ဖြစ်၏။

ဣန္ဒြိယရုပ် ရှစ်ခုအရ- ပသာဒရုပ် ငါးခု၊ ဘာဝရုပ် နှစ်ခု၊ ဇီဝိတရုပ် တစ်ခုအားဖြင့်ပေါင်း ရှစ်ခုဖြစ်၏။ အနိန္ဒြိယရုပ်အရ- ဣန္ဒြိယရုပ်မှ ကြွင်းသောရုပ် (၂၀)ဖြစ်၏။

ဩဠာရိကရုပ် (၁၂)ခုအရ- ပသာဒရုပ် ငါးခု၊ ဂေါစရရုပ် ခုနစ်ခု အားဖြင့်ပေါင်း (၁၂)ခုဖြစ်၏။ သုခုမရုပ် (၁၆)ခုအရ- အာပေါ်၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယ၊ ဇီဝိတ၊ အာဟာရ၊ ပရိစ္ဆေဒ၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာအားဖြင့်ပေါင်း (၁၆)ခုဖြစ်၏။

သန္တိကေရုပ် (၁၂)ခု အရ- ပသာဒရုပ် ငါးခု၊ ဂေါစရရုပ် ခုနစ်ခု အားဖြင့်ပေါင်း (၁၂)ခုဖြစ်၏။ ဒူရေရုပ် (၁၆)ခုအရ- အာပေါ (လ) အနိစ္စတာ အားဖြင့်ပေါင်း (၁၆)ခုဖြစ်၏။

သပ္ပဋိဃရုပ် (၁၂)ခုအရ- ပသာဒရုပ် ငါးခု၊ ဂေါစရရုပ် ခုနစ်ခု အားဖြင့်ပေါင်း (၁၂)ခုဖြစ်၏။ အပ္ပဋိဃရုပ် (၁၆)ခုအရ- အာပေါ (လ) အနိစ္စတာအားဖြင့်ပေါင်း (၁၆)ခုဖြစ်၏။

ဥပါဒိန္နရုပ် ကိုးခုအရ- ပသာဒရုပ် ငါးခု၊ ဘာဝရုပ် နှစ်ခု၊ ဟဒယရုပ် တစ်ခု၊ ဇီဝိတရုပ် တစ်ခုအားဖြင့်ပေါင်း ကိုးခုဖြစ်၏။ အနုပါဒိန္နရုပ်အရ- ဥပါဒိန္နရုပ် ကိုးခုမှကြွင်းသောရုပ် (၁၉)ခုဖြစ်၏။

သနိဒဿနရုပ် တစ်ခုအရ- ရူပါရုံ။ အနိဒဿနရုပ်အရ- သနိဒဿနရုပ်မှကြွင်းသောရုပ် (၂၇)ခုဖြစ်၏။

ဂေါစရဂ္ဂါဟိကရုပ် ငါးခုအရ - ပသာဒရုပ် ငါးခု ဖြစ်၏။ အဂေါစရဂ္ဂါဟိကရုပ်အရ- ဂေါစရဂ္ဂါဟိကရုပ် ငါးခုမှကြွင်းသောရုပ် (၂၃)ခု ဖြစ်၏။

အဝိနိဗ္ဘောဂရုပ် (၈)ခုအရ- ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာအားဖြင့်ပေါင်း ရှစ်ခုဖြစ်၏။ ဝိနိဗ္ဘောရုပ်အရ- ကြွင်းသောရုပ် (၂၀)ဖြစ်၏။ ရုပ်တို့ကို အကျယ်ပြခြင်း ပြီး၏။

## ရုပ်တို့၏ ဖြစ်ကြောင်းကို ပြခြင်း

မာတိကာ အပြားလေးပါးအရ- ကံ စိတ် ဥတု အာဟာရအားဖြင့် ပေါင်း လေးပါးဖြစ်၏။

ထိုလေးပါးတို့တွင် ကာမကုသိုလ်, အကုသိုလ် (၂၀)၊ ရူပကုသိုလ် ငါးခုတို့၌ရှိသောစေတနာ (၂၅)ခုသည် ကံမည်၏။ ထိုကံကြောင့်ဖြစ်သော ရုပ်သည် ကမ္မဇရုပ်မည်၏။ ကမ္မဇရုပ်သည် ကေန် ကိုးခု၊ အနေကန် ကိုးခုအားဖြင့် ပေါင်း(၁၈)ခုဖြစ်၏။ ကေန် ကိုးခုအရ- ပသာဒရုပ် ငါးခု၊ ဘာဝရုပ် နှစ်ခု၊ ဟဒယရုပ် တစ်ခု၊ ဇီဝိတရုပ် တစ်ခုအားဖြင့်ပေါင်း ကိုးခု ဖြစ်၏။ အနေကန် ကိုးခုအရ- အဝိနိဗ္ဘောဂရုပ် ရှစ်ခု၊ ပရိစ္ဆေဒရုပ် တစ်ခု အားဖြင့်ပေါင်း ကိုးခုဖြစ်၏။

အရူပဝိပါက် လေးခု၊ ဒွေးပဉ္စဝိညာဏ် (၁၀)၊ ရဟန္တာတို့၏စုတိ ကြည်သော စိတ် (၇၅)ခုသည် စိတ်မည်၏။ ထိုစိတ်ကြောင့်ဖြစ်သောရုပ်သည် စိတ္တဇရုပ်မည်၏။ စိတ္တဇရုပ်သည် ကေန် နှစ်ခု၊ အနေကန် (၁၃)ခုအားဖြင့် ပေါင်း (၁၅)ခုဖြစ်၏။ ကေန် နှစ်ခုအရ- ဝိညတ်ဒွေး။ အနေကန် (၁၃)ခုအရ- အဝိနိဗ္ဘောဂရုပ် ရှစ်ခု၊ ပရိစ္ဆေဒရုပ် တစ်ခု၊ လဟုတာဒိတ္တယ၊ သဒ္ဒအားဖြင့် ပေါင်း (၁၃)ခုဖြစ်၏။

ကမ္မဇ တေဇောဓာတ်သည် ဥတုမည်၏။ ထိုဥတုကြောင့်ဖြစ်သော ရုပ်သည် ဥတုဇရုပ်မည်၏။ ဥတုဇရုပ်သည် ကေန်မရှိ။ အနေကန် (၁၃)ခု။

၄င်း (၁၃)ခု အရ- အဝိနိဗ္ဘောဂရုပ် (၈)ခု၊ ပရိစ္ဆေဒရုပ် တစ်ခု၊ လဟုတာဒိတ္တယ၊ သဒ္ဒအားဖြင့်ပေါင်း (၁၃)ခုဖြစ်၏။

သြဇာအစေးသတ္တိသည် အာဟာရမည်၏။ ထိုအာဟာရကြောင့် ဖြစ်သောရုပ်သည် အာဟာရဇရုပ်မည်၏။ အာဟာရဇရုပ်သည် ဧကန်မရှိ။ အနေကန် (၁၂)ခုအရ- အဝိနိဗ္ဘောဂရုပ် (၈)ခု၊ ပရိစ္ဆေဒရုပ် တစ်ခု၊ လဟုတာဒိတ္တယ အားဖြင့်ပေါင်း (၁၂)ခုဖြစ်၏။

ထိုရုပ်အပေါင်းတို့တွင် တစ်ပါးသောအကြောင်းကြောင့်ဖြစ်သောရုပ် (၁၁)ခု။ (၁၁)ခုအရ- ကမ္မဇရုပ်ဧကန် ကိုးခု၊ စိတ္တဇဧကန် နှစ်ခုအားဖြင့်ပေါင်း (၁၁)ခုဖြစ်၏။ နှစ်ပါးသော အကြောင်းကြောင့်ဖြစ်သောရုပ် တစ်ခု။ တစ်ခုအရ- သဒ္ဒ။ သုံးပါးသောအကြောင်းကြောင့်ဖြစ်သောရုပ် သုံးခု။ သုံးခုအရ- လဟုတာဒိတ္တယ။ လေးပါးသောအကြောင်းကြောင့်ဖြစ်သောရုပ် ကိုးခု။ ကိုးခုအရ- အဝိနိဗ္ဘောဂရုပ် (၈)ခု၊ ပရိစ္ဆေဒရုပ် တစ်ခုအားဖြင့် ပေါင်းကိုးခု ဖြစ်၏။

အကြောင်းလေးပါးမှလွတ်သောရုပ် (ဝါ) လေးပါးသောအကြောင်း ကြောင့်ဖြစ်သောရုပ် လေးခု။ လေးခုအရ- လက္ခဏရုပ်လေးခု။ ရုပ်တို့၏ ဖြစ်ကြောင်း ပြီး၏။

## ရုပ်တို့၏ အပေါင်းအစည်း

ရုပ်တို့၏ အပေါင်းအစည်း၌ ကလာပ် (၂၁)စည်းရှိ၏။ (၂၁)စည်း အရ- ကမ္မဇကလာပ် ကိုးစည်း၊ စိတ္တဇကလာပ် ခြောက်စည်း၊ ဥတုဇကလာပ် လေးစည်း၊ အာဟာရဇကလာပ် နှစ်စည်းအားဖြင့်ပေါင်း (၂၁)စည်းဖြစ်၏။

ကမ္မဇကလာပ် ကိုးစည်းအရ- အဝိနိဗ္ဘောဂရုပ်ရှစ်ခုကို မူတည်ပြီး

ဇီဝိတကိုထည့်၍ ဇီဝိတနဝကကလာပ် တစ်စည်း၊ ၎င်းကိုးခုကိုမူတည်ပြီး စက္ခုကိုထည့်၍ စက္ခုဒသကကလာပ် တစ်စည်း၊ သောတကိုထည့်၍ သောတဒသကကလာပ် တစ်စည်း၊ ဃာနကိုထည့်၍ ဃာနဒသကကလာပ် တစ်စည်း၊ ဇိဝှါကိုထည့်၍ ဇိဝှါဒသကကလာပ် တစ်စည်း၊ ကာယကိုထည့်၍ ကာယဒသကကလာပ် တစ်စည်း၊ ဣတ္ထိဘာဝကိုထည့်၍ ဣတ္ထိဘာဝဒသက ကလာပ် တစ်စည်း၊ ပုမ္ဘာဝကိုထည့်၍ ပုမ္ဘာဝဒသကကလာပ် တစ်စည်း၊ ဟဒယဝတ္ထုကိုထည့်၍ ဝတ္ထုဒသကကလာပ် တစ်စည်းအားဖြင့်ပေါင်း ကိုးစည်း ဖြစ်၏။

စိတ္တဇရုပ်ကို လေးပုံ ပုံ။ လေးပုံအရ- အဝိနိဗ္ဘောဂရုပ်ရှစ်ခု တစ်ပုံ၊ ကာယဝိညတ် တစ်ပုံ၊ ဝစီဝိညတ်-သဒ္ဒ တစ်ပုံ၊ လဟုတာဒိတ္တယ တစ်ပုံ အားဖြင့်ပေါင်း လေးပုံဖြစ်၏။

စိတ္တဇကလာပ် ခြောက်စည်းအရ- အဝိနိဗ္ဘောဂရုပ်ရှစ်ခုဖြစ်သော သုဒ္ဓဋ္ဌကကလာပ် တစ်စည်း၊ ၎င်းသုဒ္ဓဋ္ဌကကလာပ်ကိုမူတည်ပြီး ကာယ ဝိညတ်ကိုထည့်၍ ကာယဝိညတ္တိနဝကကလာပ် တစ်စည်း၊ ဝစီဝိညတ်-သဒ္ဒကိုထည့်၍ ဝစီဝိညတ်သဒ္ဒဒသကကလာပ် တစ်စည်း၊ လဟုတာဒိတ္တယ ကိုထည့်၍ လဟုတာဒိဧကာဒသကကလာပ် တစ်စည်း၊ ကာယဝိညတ္တိ-လဟုတာဒိတ္တယကိုထည့်၍ ကာယဝိညတ္တိလဟုတာဒိ ဒွါဒသကကလာပ် တစ်စည်း၊ ဝစီဝိညတ်သဒ္ဒလဟုတာဒိတ္တယကိုထည့်၍ ဝစီဝိညတ္တိသဒ္ဒလဟု-တာဒိ တေရသကကလာပ် တစ်စည်းအားဖြင့်ပေါင်း ခြောက်စည်းဖြစ်၏။

ဥတုဇရုပ်ကို သုံးပုံ ပုံ။ သုံးပုံအရ- အဝိနိဗ္ဘောဂရုပ်ရှစ်ခု တစ်ပုံ၊ သဒ္ဒ တစ်ပုံ၊ လဟုတာဒိတ္တယ တစ်ပုံ အားဖြင့်ပေါင်း သုံးပုံဖြစ်၏။

ဥတုဇကလာပ် လေးစည်း။ လေးစည်းအရ- အဝိနိဗ္ဘောဂရုပ်ရှစ်ခု ဖြစ်သော သုဒ္ဓဋ္ဌကကလာပ် တစ်စည်း၊ ၎င်းသုဒ္ဓဋ္ဌကကလာပ်ကိုမူတည်ပြီး သဒ္ဒကိုထည့်၍ သဒ္ဒနဝကကလာပ် တစ်စည်း၊ လဟုတာဒိတ္တယကိုထည့်၍ လဟုတာဒိဧကာဒသကကလာပ် တစ်စည်း၊ သဒ္ဒ လဟုတာဒိတ္တယကိုထည့်၍ သဒ္ဒလဟုတာဒိ ဒွါဒသကကလာပ် တစ်စည်းအားဖြင့်ပေါင်း လေးစည်း ဖြစ်၏။

အာဟာရဇရုပ်ကို နှစ်ပုံ ပုံ။ နှစ်ပုံအရ- အဝိနိဗ္ဘောဂရုပ်ရှစ်ခု တစ်ပုံ၊ လဟုတာဒိတ္တယ တစ်ပုံအားဖြင့်ပေါင်း နှစ်ပုံဖြစ်၏။

အာဟာရဇကလာပ် နှစ်စည်းအရ- အဝိနိဗ္ဘောဂရုပ်ရှစ်ခုဖြစ်သော သုဒ္ဓဋ္ဌကကလာပ် တစ်စည်း၊ ၎င်းသုဒ္ဓဋ္ဌကကလာပ်ကိုမူတည်ပြီး လဟုတာဒိတ္တယကိုထည့်၍ လဟုတာဒိဧကာဒသကကလာပ် တစ်စည်းအားဖြင့်ပေါင်း နှစ်စည်းဖြစ်၏။ ရုပ်တို့၏ အပေါင်းအစည်း ပြီး၏။

## ရုပ်တို့၏ ဖြစ်စဉ်

ရုပ်တို့၏ ဖြစ်စဉ်၌ ပဝတ္တိအခါကာမဘုံ၌ ရုပ် (၂၈)၊ ကလာပ် (၂၁)စည်းရ၏။ ပဋိသန္ဓေအခါ ပဋိသန္ဓေအားလျော်စွာရ၏။

ပဋိသန္ဓေအပြားလေးပါး။ လေးပါးအရ- သံသေဒဇပဋိသန္ဓေ၊ ဩပပါတိကပဋိသန္ဓေ၊ အဏ္ဍဇပဋိသန္ဓေ (အဏ္ဍဇဂဗ္ဘသေယျက)၊ ဇလာဗုဇ ပဋိသန္ဓေ (ဇလာဗုဇဂဗ္ဘသေယျက) အားဖြင့်ပေါင်း လေးပါးဖြစ်၏။

ထိုလေးပါးတို့တွင် အညှိကိုစွဲ၍ကိုယ်ထင်ရှားဖြစ်သော ပဋိသန္ဓေသည် သံသေဒဇပဋိသန္ဓေမည်၏။ ပုဂ္ဂိုလ်အားဖြင့် ပိုးလောက် အစရှိသည်တည်း။

အညှိကိုမစွဲမူ၍ကိုယ်ထင်ရှားဖြစ်သော ပဋိသန္ဓေသည် ဩပပါတိက

ပဋိသန္ဓေမည်၏။ ပုဂ္ဂိုလ်အားဖြင့် ကမ္ဘာဦးလူသား၊ နတ်၊ ငရဲသား အစရှိသည်တည်း။

ဥကိုစွဲ၍ဖြစ်သော ပဋိသန္ဓေသည် အဏ္ဍဇပဋိသန္ဓေမည်၏။ ပုဂ္ဂိုလ်အားဖြင့် ကြက်၊ ငှက် အစရှိသည်တည်း။

ကလလရေကြည်ကိုစွဲ၍ဖြစ်သောပဋိသန္ဓေသည် ဇလာဗုဇပဋိသန္ဓေမည်၏။ ပုဂ္ဂိုလ်အားဖြင့် လူ စသည်တည်း။

အဏ္ဍဇနှင့် ဇလာဗုဇတို့သည် အမိဝမ်းတွင်းဖြစ်သောကြောင့် ဂဗ္ဘသေယျကမည်၏။ (ဋီကာကျော်၊ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ အလိုတည်း။)

သံသေဒဇပဋိသန္ဓေ၊ ဩပပါတိကပဋိသန္ဓေတို့၌ ရကောင်းသော ကလာပ် ခုနစ်စည်း၊ ချို့တဲ့ကောင်းသောကလာပ် လေးစည်းတည်း။ ရကောင်းသောကလာပ် ခုနစ်စည်းအရ - စက္ခုဒသကကလာပ် တစ်စည်း၊ သောတဒသကကလာပ် တစ်စည်း၊ ဃာနဒသကကလာပ် တစ်စည်း၊ ဇိဝှါဒသကကလာပ် တစ်စည်း၊ ကာယဒသကကလာပ် တစ်စည်း၊ ဘာဝဒသကကလာပ် တစ်စည်း၊ ဝတ္ထုဒသကကလာပ် တစ်စည်းအားဖြင့် ပေါင်း ခုနစ်စည်းဖြစ်၏။ ချို့တဲ့ကောင်းသောကလာပ် လေးစည်းအရ - စက္ခုဒသကကလာပ် တစ်စည်း၊ သောတဒသကကလာပ် တစ်စည်း၊ ဃာနဒသကကလာပ် တစ်စည်း၊ ဘာဝဒသကကလာပ် တစ်စည်း အားဖြင့်ပေါင်း လေးစည်းဖြစ်၏။

အဏ္ဍဇပဋိသန္ဓေ၊ ဇလာဗုဇပဋိသန္ဓေ၌ ရကောင်းသောကလာပ် သုံးစည်း၊ ချို့တဲ့ကောင်းသောကလာပ် တစ်စည်းတည်း။ ရကောင်းသော ကလာပ် သုံးစည်းအရ- ကာယဒသကကလာပ် တစ်စည်း၊ ဘာဝဒသက ကလာပ် တစ်စည်း၊ ဝတ္ထုဒသကကလာပ် တစ်စည်းအားဖြင့်ပေါင်း သုံးစည်း

ဖြစ်၏။ ချို့တဲ့ကောင်းသောကလာပ် တစ်စည်း။ ချို့တဲ့ကောင်းသောကလာပ် တစ်စည်းအရ- ဘာဝဒသကကလာပ် တစ်စည်း။

ထို့နောင် ပဝတ္တိအခါ၌ စက္ခုအစရှိသည်တို့သည် အစဉ်အတိုင်း ဖြစ်ကုန်၏။ ဖြစ်ဟန်ကား- ကလလရေကြည် တစ်သတ္တာဟ၊ အမြှုပ် တစ်သတ္တာဟ၊ အသားတစ် တစ်သတ္တာဟ၊ တစ်ခဲနစ် တစ်သတ္တာဟ၊ ခက်မငါးဖြာ တစ်သတ္တာဟ၊ ပရိပါက တစ်သတ္တာဟ၊ စက္ခု တစ်သတ္တာဟ၊ သောတ တစ်သတ္တာဟ၊ ဃာန တစ်သတ္တာဟ၊ ဇိဝှါ တစ်သတ္တာဟ၊ ကေသာ အစ မုတ္တံအဆုံးရှိသော ဒွတ္တိံသကာယ၌ တစ်သတ္တာဟစီအားဖြင့်ပေါင်း (၄၂)သတ္တာဟဖြစ်၏။ ထို (၄၂)သတ္တာဟကို ရက်လဖွဲ့သည်ရှိသော် ကိုးလနှင့် နှစ်ဆယ့်လေးရက်ဖြစ်၏။ (ဤကား အဋ္ဌကထာဆရာအလိုတည်း။)

ကလလရေကြည် နှစ်သတ္တာဟ၊ အမြှုပ် နှစ်သတ္တာဟ၊ အသားတစ် နှစ်သတ္တာဟ၊ တစ်ခဲနစ် နှစ်သတ္တာဟ၊ ခက်မငါးဖြာ နှစ်သတ္တာဟ၊ စက္ခု တစ်သတ္တာဟ၊ သောတ တစ်သတ္တာဟ၊ ဃာန တစ်သတ္တာဟ၊ ဇိဝှါ တစ်သတ္တာဟ၊ ကေသာအစ မုတ္တံအဆုံးရှိသော ဒွတ္တိံသကာယ၌ တစ်သတ္တာဟစီအားဖြင့်ပေါင်း (၄၆) သတ္တာဟဖြစ်၏။ ထို (၄၆) သတ္တာဟ ကို ရက်လဖွဲ့သော် ဆယ်လနှင့် နှစ်ဆယ့်နှစ်ရက်ဖြစ်၏။ (ဤကား ဋီကာဆရာ အလိုတည်း။)

**ကမ္မဇရုပ်**သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဥပါဒ်တိုင်း၊ ဋီတိုင်း၊ ဘင်တိုင်း၊ စုတိစိတ်မှပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက်သောစိတ်၏ ဥပါဒ်တိုင်အောင်ဖြစ်၏။ ၎င်းဥပါဒ်ကဖြစ်သော ကမ္မဇရုပ်သည် စုတိစိတ်၏ ဘင်နှင့်ပြိုင်၍ချုပ်၏။

**စိတ္တဇရုပ်**သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ဥပါဒ်မှစ၍ စိတ်တို့၏ ဥပါဒ်တိုင်း၊ ဥပါဒ်တိုင်း၊ စုတိစိတ်၏ဥပါဒ်တိုင်အောင် ဖြစ်၏။ ၎င်းဥပါဒ်က ဖြစ်သောစိတ္တဇရုပ်သည် ကမ္မဇရုပ်ချုပ်ပြီးသည့်နောက် ယိုစီးသောကာလ၌ တည်၍ ပန္နရသမဘဝင်၏ဘင်နှင့်ပြိုင်၍ ချုပ်၏။

**ဥတုဇရုပ်**သည် ပဋိသန္ဓေစိတ်၏ ဌီမှစ၍ ဥပါဒ်တိုင်း၊ ဌီတိုင်း၊ ဘင်တိုင်း၊ သေပြီး၍ အရိုးဖွေးဖွေးဖြူသည့်တိုင်အောင် ဖြစ်၏။ ၎င်းရုပ်၌ အချုပ်ဆိုဖွယ်မရှိ။

**အာဟာရဇရုပ်**သည် တစ်သတ္တာဟ၊ နှစ်သတ္တာဟအလွန် အမှတ်မရှိ တစ်စုံတစ်ခုသော ဥပါဒ်၊ ဌီ၊ ဘင်မှစ၍ ဥပါဒ်တိုင်း၊ ဌီတိုင်း၊ ဘင်တိုင်း၊ စုတိစိတ်၏ဘင်တိုင်အောင် ဖြစ်၏။ ၎င်းဘင်ကဖြစ်သော အာဟာရဇရုပ်သည် ကမ္မဇရုပ်ချုပ်ပြီးသည့်နောက် ယိုစီးသောကာလ၌တည်၍ သောဠသမဘဝင်၏ ဌီနှင့်ပြိုင်၍ ချုပ်၏။

အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံ၌ ပဝတ္တိအခါ ရုပ် (၂၃)ခု၊ ကလာပ် (၁၄)စည်းရ၏။ ရုပ်(၂၃)ခုအရ- ဃာနာဒိတ္တယ၊ ဘာဝဒွေး ကြဉ်သော ရုပ် (၂၃)ခုရ၏။ ကလာပ် (၁၄)စည်းအရ- စက္ခုဒသကကလာပ် တစ်စည်း၊ သောတဒသကကလာပ် တစ်စည်း၊ ဇီဝိတနဝကကလာပ် တစ်စည်း၊ ဝတ္ထုဒသကကလာပ် တစ်စည်း၊ စိတ္တဇကလာပ် ခြောက်စည်း၊ ဥတုဇကလာပ် လေးစည်းအားဖြင့်ပေါင်း (၁၄)စည်းဖြစ်၏။

ပဋိသန္ဓေအခါ ရကောင်းသောကလာပ် လေးစည်း။ လေးစည်းအရ- စက္ခုဒသကကလာပ် တစ်စည်း၊ သောတဒသကကလာပ် တစ်စည်း၊ ဇီဝိတနဝကကလာပ် တစ်စည်း၊ ဝတ္ထုဒသကကလာပ် တစ်စည်းအားဖြင့်ပေါင်း လေးစည်းဖြစ်၏။

အသညသတ်ဘုံ၌ ပဝတ္တိအခါ ရုပ် (၁၇)ခု၊ ကလာပ် သုံးစည်း ရ၏။ ရုပ် (၁၇)ခုအရ- ကမ္မဇရုပ် အနေကန်ကိုးခု၊ ဇီဝိတရုပ် တစ်ခု၊ လဟုတာဒိတ္တယ သုံးခု၊ လက္ခဏာရုပ် လေးခုအားဖြင့်ပေါင်း (၁၇)ခုဖြစ်၏။ ကလာပ်သုံးစည်းအရ- (ဇီဝိတဆက္က) ဇီဝိတနဝကကလာပ် တစ်စည်း၊ သဒ္ဒ ကြဉ်သော ဥတုဇကလာပ် နှစ်စည်းအားဖြင့်ပေါင်း သုံးစည်းဖြစ်၏။

ပဋိသန္ဓေအခါ ရကောင်းသောကလာပ်တစ်စည်းအရ- (ဇီဝိတဆက္က) ဇီဝိတနဝကကလာပ် တစ်စည်းရ၏။ ရုပ်တို့၏ ဖြစ်စဉ် ပြီး၏။

**နိဗ္ဗာန်**သည် သန္တိလက္ခဏာအားဖြင့် တစ်ပါးသာတည်း။ ဥပစာရ အားဖြင့် နှစ်ပါး။ နှစ်ပါးအရ- သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန် အားဖြင့်ပေါင်း နှစ်ပါးဖြစ်၏။ ထိုနှစ်ပါးတို့တွင် ခန္ဓာငါးပါးအကြွင်းရှိသော နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်မည်၏။ ခန္ဓာငါးပါးအကြွင်းမရှိသော နိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန်မည်၏။

(တစ်နည်း) သုံးပါး။ သုံးပါးအရ- သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန်အားဖြင့်ပေါင်း သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် ဝုဋ္ဌာနဂါမိနိ ဝိပဿနာဇောသည် အနတ္တကိုစီးဖြန်းသည်ဖြစ်အံ့- သုညတမဂ်၊ သုညတဖိုလ်၊ သုညတနိဗ္ဗာန်ကိုရ၏။ ဝုဋ္ဌာနဂါမိနိဝိပဿနာဇောသည် အနိစ္စကိုစီးဖြန်းအံ့- အနိမိတ္တမဂ်၊ အနိမိတ္တဖိုလ်၊ အနိမိတ္တနိဗ္ဗာန်ကိုရ၏။ ဝုဋ္ဌာနဂါမိနိဝိပဿနာဇော သည် ဒုက္ခကိုစီးဖြန်းသည်ဖြစ်အံ့- အပ္ပဏိဟိတမဂ်၊ အပ္ပဏိဟိတဖိုလ်၊ အပ္ပဏိဟိတနိဗ္ဗာန်ကိုရ၏။

*ရူပသင်္ဂဟမာလာကျမ်း ဤတွင်ပြီးပြီ။*

## သမုစ္စည်းပိုင်း

သမုစ္စည်းပိုင်း၌ မာတိကာအပြားလေးပါ။ လေးပါးအရ- အကုသလသင်္ဂဟ၊ မိဿကသင်္ဂဟ၊ ဗောဓိပက္ခိယသင်္ဂဟ၊ သဗ္ဗသင်္ဂဟ အားဖြင့်ပေါင်း လေးပါးဖြစ်၏။

## အကုသလသင်္ဂဟ

ထိုလေးပါးတို့တွင် အကုသလသင်္ဂဟ၌ မာတိကာအပြားကိုးပါး။ ကိုးပါးအရ- အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာအားဖြင့်ပေါင်း ကိုးပါးဖြစ်၏။ ထိုကိုးပါးတို့တွင်-

အာသဝသည် ကိစ္စ၏အစွမ်းအားဖြင့် လေးပါး။ တရားကိုယ်အားဖြင့် ကား သုံးပါးဖြစ်၏။ ကိစ္စ၏အစွမ်းအားဖြင့် လေးပါးအရ- ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝအားဖြင့်ပေါင်း လေးပါးဖြစ်၏။ တရားကိုယ် အားဖြင့် သုံးပါးအရ- လောဘ၊ ဒိဋ္ဌိ၊ မောဟအားဖြင့် ပေါင်းသုံးပါးဖြစ်၏။

ဩဃသည် ကိစ္စ၏အစွမ်းအားဖြင့် လေးပါး၊ တရားကိုယ်အားဖြင့် သုံးပါးဖြစ်၏။ ကိစ္စ၏အစွမ်းအားဖြင့် လေးပါးအရ- ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃအားဖြင့်ပေါင်း လေးပါးဖြစ်၏။ တရားကိုယ်အားဖြင့် သုံးပါးအရ- လောဘ၊ ဒိဋ္ဌိ၊ မောဟအားဖြင့်ပေါင်း သုံးပါးဖြစ်၏။

ယောဂသည် ကိစ္စ၏အစွမ်းအားဖြင့် လေးပါး၊ တရားကိုယ်အားဖြင့် သုံးပါးဖြစ်၏။ ကိစ္စ၏အစွမ်းအားဖြင့် လေးပါးအရ- ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂအားဖြင့်ပေါင်း လေးပါးဖြစ်၏။ တရားကိုယ်အားဖြင့် သုံးပါးအရ- လောဘ၊ ဒိဋ္ဌိ၊ မောဟအားဖြင့်ပေါင်း သုံးပါးဖြစ်၏။

ဂန္ထသည် ကိစ္စ၏အစွမ်းအားဖြင့် လေးပါး၊ တရားကိုယ်အားဖြင့် သုံးပါး ဖြစ်၏။ ကိစ္စ၏အစွမ်းအားဖြင့် လေးပါးအရ- အဘိဇ္ဈာကာယဂန္ထ၊ ဗျာပါဒကာယဂန္ထ၊ သီလဗ္ဗတပရာမာသကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသ-ကာယဂန္ထ အားဖြင့်ပေါင်း လေးပါးဖြစ်၏။ တရားကိုယ်အားဖြင့် သုံးပါးအရ- လောဘ၊ ဒိဋ္ဌိ၊ ဒေါသအားဖြင့်ပေါင်း သုံးပါးဖြစ်၏။

ဥပါဒါန်သည် ကိစ္စ၏အစွမ်းအားဖြင့် လေးပါး၊ တရားကိုယ်အားဖြင့် နှစ်ပါးဖြစ်၏။ ကိစ္စ၏အစွမ်းအားဖြင့် လေးပါးအရ- ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်အားဖြင့်ပေါင်း လေးပါးဖြစ်၏။ တရားကိုယ်အားဖြင့် နှစ်ပါးအရ-လောဘ၊ ဒိဋ္ဌိအားဖြင့်ပေါင်း နှစ်ပါးဖြစ်၏။

နီဝရဏသည် ကိစ္စ၏အစွမ်းအားဖြင့် ခြောက်ပါး၊ တရားကိုယ်အားဖြင့် ရှစ်ပါးဖြစ်၏။ ကိစ္စ၏အစွမ်းအားဖြင့် ခြောက်ပါးအရ- ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ၊ အဝိဇ္ဇာနီဝရဏအားဖြင့်ပေါင်း ခြောက်ပါးဖြစ်၏။ တရားကိုယ်အားဖြင့် ရှစ်ပါးအရ- လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟ အားဖြင့်ပေါင်း ရှစ်ပါးဖြစ်၏။

အနုသယသည် ကိစ္စ၏အစွမ်းအားဖြင့် ခုနစ်ပါး၊ တရားကိုယ်အားဖြင့် ခြောက်ပါးဖြစ်၏။ ကိစ္စ၏အစွမ်းအားဖြင့် ခုနစ်ပါးအရ- ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ၊ ပဋိဃာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာ-နုသယ၊ အဝိဇ္ဇာနုသယအားဖြင့်ပေါင်း ခုနစ်ပါးဖြစ်၏။ တရားကိုယ်အားဖြင့် ခြောက်ပါးအရ- လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟ အားဖြင့်ပေါင်း ခြောက်ပါးဖြစ်၏။

သံယောဇဉ်သည် သုတ္တန်နည်း၊ အဘိဓမ္မာနည်းအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် သုတ္တန်နည်း၌ ကိစ္စ၏အစွမ်းအားဖြင့် ဆယ်ပါး၊ တရားကိုယ်အားဖြင့် ခုနစ်ပါး။ ကိစ္စ၏အစွမ်းအားဖြင့် ဆယ်ပါးအရ- ကာမရာဂသံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ ပဋိဃ သံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ် အားဖြင့်ပေါင်း ဆယ်ပါးဖြစ်၏။ တရားကိုယ်အားဖြင့် ခုနစ်ပါးအရ- လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟအားဖြင့်ပေါင်း ခုနစ်ပါးဖြစ်၏။

အဘိဓမ္မာနည်း၌ ကိစ္စ၏အစွမ်းအားဖြင့် ဆယ်ပါး၊ တရားကိုယ် အားဖြင့် ရှစ်ပါး။ ကိစ္စ၏အစွမ်းအားဖြင့် ဆယ်ပါးအရ- ကာမရာဂ သံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်အားဖြင့်ပေါင်း ဆယ်ပါးဖြစ်၏။ တရားကိုယ်အားဖြင့် ရှစ်ပါးအရ- လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ၊ မောဟအားဖြင့် ရှစ်ပါးဖြစ်၏။

သုတ္တန်နည်း၊ အဘိဓမ္မာနည်း နှစ်ရပ်ပေါင်းသော်- တရားကိုယ် ကိုးပါး ဖြစ်၏။ ကိုးပါးအရ- လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ၊ ဥဒ္ဓစ္စ၊ မောဟအားဖြင့်ပေါင်း ကိုးပါးဖြစ်၏။

ကိလေသာသည် ကိစ္စ၏အစွမ်းအားဖြင့် ဆယ်ပါး၊ တရားကိုယ် အားဖြင့် ဆယ်ပါး။ ကိစ္စ၏အစွမ်းအားဖြင့် ဆယ်ပါးအရ- လောဘ ကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ၊ မာနကိလေသာ၊ ဒိဋ္ဌိကိလေသာ၊ ဝိစိကိစ္ဆာကိလေသာ၊ ထိနကိလေသာ၊ ဥဒ္ဓစ္စကိလေသာ၊

အဟိရိကကိလေသာ၊ အနောတ္တပ္ပကိလေသာအားဖြင့်ပေါင်း ဆယ်ပါးဖြစ်၏။ တရားကိုယ်အားဖြင့် ဆယ်ပါးအရ- လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပအားဖြင့်ပေါင်း ဆယ်ပါးဖြစ်၏။

အကုသလသင်္ဂဟ ပြီး၏။

## မိဿကသင်္ဂဟ

မိဿကသင်္ဂဟ၌ မာတိကာအပြားခုနစ်ပါး။ ခုနစ်ပါးအရ- ဟိတ်၊ ဈာနင်၊ မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်၊ အဓိပတိ၊ အာဟာရအားဖြင့်ပေါင်း ခုနစ်ပါး ဖြစ်၏။ ထိုခုနစ်ပါးတို့တွင် -

ဟိတ်သည် ကိစ္စ၏အစွမ်းအားဖြင့် ခြောက်ပါး၊ တရားကိုယ်အားဖြင့် ခြောက်ပါး။ ကိစ္စ၏အစွမ်းအားဖြင့် ခြောက်ပါးအရ- လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် အားဖြင့်ပေါင်း ခြောက်ပါး ဖြစ်၏။ တရားကိုယ်အားဖြင့် ခြောက်ပါးအရ- လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟအားဖြင့်ပေါင်း ခြောက်ပါးဖြစ်၏။

ဈာနင်သည် ကိစ္စ၏အစွမ်းအားဖြင့် ခုနစ်ပါး၊ တရားကိုယ်အားဖြင့် ငါးပါး။ ကိစ္စ၏အစွမ်းအားဖြင့် ခုနစ်ပါးအရ- ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာအားဖြင့် ပေါင်း ခုနစ်ပါးဖြစ်၏။ တရားကိုယ်အားဖြင့် ငါးပါးအရ- ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာအားဖြင့်ပေါင်း ငါးပါးဖြစ်၏။

မဂ္ဂင်သည် ကိစ္စ၏အစွမ်းအားဖြင့် (၁၂)ပါး၊ တရားကိုယ်အားဖြင့် ကိုးပါး။ ကိစ္စ၏အစွမ်းအားဖြင့် (၁၂)ပါးအရ- ကုသိုလ်မဂ္ဂင် ရှစ်ပါး၊

အကုသိုလ်မဂ္ဂင် လေးပါးအားဖြင့်ပေါင်း (၁၂)ပါးဖြစ်၏။ ကုသိုလ်မဂ္ဂင် ရှစ်ပါးအရ- သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ အားဖြင့်ပေါင်း ရှစ်ပါးဖြစ်၏။ အကုသိုလ်မဂ္ဂင် လေးပါးအရ- မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိအားဖြင့်ပေါင်း လေးပါးဖြစ်၏။ တရားကိုယ်အားဖြင့် ကိုးပါး အရ- ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိအားဖြင့်ပေါင်း ကိုးပါးဖြစ်၏။

ဣန္ဒြေသည် ကိစ္စ၏အစွမ်းအားဖြင့် (၂၂)ပါး၊ တရားကိုယ်အားဖြင့် (၁၆)ပါး။ ကိစ္စ၏အစွမ်းအားဖြင့် (၂၂)ပါးအရ- စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေအားဖြင့် (၂၂)ပါးဖြစ်၏။

ထို(၂၂)ပါးတို့တွင် စက္ခုပသာဒသည် စက္ခုန္ဒြေမည်၏။ သောတ-ပသာဒသည် သောတိန္ဒြေမည်၏။ ဃာနပသာဒသည် ဃာနိန္ဒြေမည်၏။ ဇိဝှါပသာဒသည် ဇိဝှိန္ဒြေမည်၏။ ကာယပသာဒသည် ကာယိန္ဒြေမည်၏။ ဣတ္ထိဘာဝရုပ်သည် ဣတ္ထိန္ဒြေမည်၏။ ပုမ္ဘာဝရုပ်သည် ပုရိသိန္ဒြေမည်၏။ ဇီဝိတအပြားနှစ်ပါး၊ နှစ်ပါးအရ- ရုပ်ဇီဝိတ၊ နာမ်ဇီဝိတအားဖြင့်ပေါင်း နှစ်ပါး ဖြစ်၏။ ထိုနှစ်ပါးတို့တွင် ရုပ်ဇီဝိတသည် ရုပ်ဇီဝိတိန္ဒြေမည်၏၊ နာမ်ဇီဝိတသည် နာမ်ဇီဝိတိန္ဒြေမည်၏။ စိတ် တစ်ခုယုတ်ကိုးဆယ်သည် မနိန္ဒြေမည်၏။ သုခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဝေဒနာစေတသိက်သည် သုခိန္ဒြေ မည်၏။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဝေဒနာ

စေတသိက်သည် ဒုက္ခိန္ဒြေမည်၏။ သောမနဿသဟဂုတ်စိတ် (၆၂)၌ရှိသော ဝေဒနာစေတသိက် သည် သောမနဿိန္ဒြေမည်၏။ဒေါသမူစိတ်နှစ်ပါး၌ရှိသော ဝေဒနာစေတသိက် သည် ဒေါမနဿိန္ဒြေမည်၏။ ဥပေက္ခာသဟဂုတ်စိတ် (၅၅)၌ရှိသော ဝေဒနာ စေတသိက်သည် ဥပေက္ခိန္ဒြေမည်၏။

သောဘနစိတ် (၅၉)၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေမည်၏။ ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဏ် (၁၀)၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ (၃)ပါး ကြဉ်သော စိတ် (၇၃)၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။ သောဘနစိတ် (၅၉)၌ရှိသော သတိစေတသိက်သည် သတိန္ဒြေမည်၏။ ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဏ် (၁၀)၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ (၃)ပါး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်ကြဉ်သော စိတ် (၇၂)၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏။ လောကီတိဟိတ်စိတ် (၃၉)၌ရှိသော ပညာစေတသိက် သည် ပညိန္ဒြေမည်၏။ သောတာပတ္တိမဂ်၌ရှိသော ပညာစေတသိက်သည် အနညာတညဿာမီတိန္ဒြေမည်၏။ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၌ရှိသော ပညာစေတသိက်သည် အညိန္ဒြေမည်၏။ အရဟတ္တဖိုလ်၌ရှိသော ပညာစေတသိက် သည် အညာတာဝိန္ဒြေမည်၏။

တရားကိုယ်အားဖြင့် (၁၆)ပါး အရ - စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ အားဖြင့်ပေါင်း (၁၆)ပါးဖြစ်၏။

ဗိုလ်သည် ကိစ္စ၏အစွမ်းအားဖြင့် (၉) ပါး၊ တရားကိုယ်အားဖြင့် (၉) ပါး။ ကိစ္စ၏အစွမ်းအားဖြင့် (၉)ပါးအရ- သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊

သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရိဗိုလ်၊ ဩတ္တပ္ပဗိုလ်၊ အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ်အားဖြင့်ပေါင်း (၉)ပါးဖြစ်၏။

ထို(၉)ပါးအရ- သောဘနစိတ် (၅၉)၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓါဗိုလ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း, ဒွေးပဉ္စဝိညာဏ် (၁၀), သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ(၃)ပါးကြဉ်သော စိတ် (၇၃)၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယဗိုလ်မည်၏။ သောဘနစိတ် (၅၉)၌ရှိသော သတိစေတသိက်သည် သတိဗိုလ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း, ဒွေးပဉ္စဝိညာဏ် (၁၀), သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ(၃)ပါး, ဥဒ္ဓစ္စသဟဂုတ် စိတ်ကြဉ်သော စိတ် (၇၂) ၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိဗိုလ်မည်၏။ တိဟိတ်စိတ် (၄၇) ၌ရှိသော ပညာစေတသိက်သည် ပညာဗိုလ်မည်၏။ သောဘနစိတ် (၅၉) ၌ရှိသော ဟိရီစေတသိက်သည် ဟိရိဗိုလ်မည်၏။ သောဘနစိတ် (၅၉) ၌ရှိသော ဩတ္တပ္ပစေတသိက်သည် ဩတ္တပ္ပဗိုလ်မည်၏။ အကုသိုလ်စိတ် (၁၂)၌ရှိသော အဟိရိကစေတသိက်သည် အဟိရိကဗိုလ်မည်၏။ အကုသိုလ် စိတ် (၁၂)၌ရှိသော အနောတ္တပ္ပစေတသိက်သည် အနောတ္တပ္ပဗိုလ်မည်၏။

တရားကိုယ်အားဖြင့် (၉) ပါးအရ- သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ၊ အဟိရိက၊ အနောတ္တပ္ပအားဖြင့်ပေါင်း (၉)ပါးဖြစ်၏။

အဓိပတိသည် ကိစ္စ၏အစွမ်းအားဖြင့် (၄) ပါး၊ တရားကိုယ်အားဖြင့် (၄) ပါး။ ကိစ္စ၏အစွမ်းအားဖြင့် (၄)ပါးအရ- ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိအားဖြင့်ပေါင်း (၄)ပါးဖြစ်၏။

ထို(၄)ပါးအရ- အဓိပတိတပ်ခိုက် အဟိတ်စိတ် (၁၈)ပါး၊ မောဟမူဒွေး၊ လောကီဝိပါက် (၁၇)ပါးကြဉ်သော သာဓိပတိဇော (၅၂) ၌ရှိသော

ဆန္ဒစေတသိက်သည် ဆန္ဒာဓိပတိမည်၏။ အဓိပတိတပ်နိုက် သာဓိပတိဇော (၅၂)၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယာဓိပတိမည်၏။ အဓိပတိတပ်နိုက် သာဓိပတိဇောစိတ် (၅၂)သည် စိတ္တာဓိပတိမည်၏။ အဓိပတိတပ်နိုက် သာဓိပတိဉာဏသမ္ပယုတ်စိတ် (၃၄)၌ရှိသော ပညာ စေတသိက်သည် ဝီမံသာဓိပတိမည်၏။

တရားကိုယ်အားဖြင့် (၄)ပါးအရ- ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ အားဖြင့်ပေါင်း (၄)ပါးဖြစ်၏။

အာဟာရသည် ကိစ္စ၏အစွမ်းအားဖြင့် (၄)ပါး၊ တရားကိုယ်အားဖြင့် (၄)ပါး။ ကိစ္စ၏အစွမ်းအားဖြင့် (၄)ပါးအရ- ကဗဠီကာရအာဟာရ၊ ဖဿ အာဟာရ၊ မနောသဉ္စေတနာအာဟာရ၊ ဝိညာဏအာဟာရအားဖြင့်ပေါင်း (၄)ပါးဖြစ်၏။ တရားကိုယ်အားဖြင့် (၄)ပါးအရ- ကဗဠီကာရ အာဟာရဟု ဆိုအပ်သော ဩဇာရုပ်၊ ဖဿ၊ စေတနာ၊ စိတ် (၈၉)အားဖြင့်ပေါင်း (၄)ပါးဖြစ်၏။

*နောက်ဆက်တွဲ (က) ပြီး၏။*

# နောက်ဆက်တွဲ (ခ)

## စိတ်တို့ကို ရေတွက်ခြင်း (အကျဉ်း – ၈၉ ပါး)

### အကုသိုလ်စိတ် (၁၂)ပါး

**လောဘမူစိတ် (၈)ပါး**

၁။ သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ
၂။ ။ ။ သသင်္ခါရိကမေကံ
၃။ သောမနဿသဟဂတံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ
၄။ ။ ။ သသင်္ခါရိကမေကံ
၅။ ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ
၆။ ။ ။ သသင်္ခါရိကမေကံ
၇။ ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ
၈။ ။ ။ သသင်္ခါရိကမေကန္တိ

ဣမာနိ အဋ္ဌပိ လောဘသဟဂတစိတ္တာနိ နာမ။

**ဒေါသမူစိတ် (၂)ပါး**

၉။ ဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ အသင်္ခါရိကမေကံ
၁၀။ ။ ။ သသင်္ခါရိကမေကန္တိ

ဣမာနိ ဒွေပိ ပဋိဃသမ္ပယုတ္တစိတ္တာနိ နာမ။

**မောဟမူစိတ် (၂)ပါး**

၁၁။ ဥပေက္ခာသဟဂတံ ဝိစိကိစ္ဆာသမ္ပယုတ္တမေကံ
၁၂။ ဥပေက္ခာသဟဂတံ ဥဒ္ဓစ္စသမ္ပယုတ္တမေကန္တိ

ဣမာနိ ဒွေပိ မောမူဟစိတ္တာနိ နာမ။

## အဟိတ်စိတ် (၁၈) ပါး

### အကုသလဝိပါက်စိတ် (၇) ပါး

၁၃။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် တထာ

၁၄။ ။ သောတဝိညာဏ်

၁၅။ ။ ဃာနဝိညာဏ်

၁၆။ ။ ဇိဝှါဝိညာဏ်

၁၇။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်

၁၈။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆနစိတ္တံ

၁၉။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ္တဉ္စေတိ (မနောဒွါရ)

ဣမာနိ သတ္တပိ အကုသလဝိပါကစိတ္တာနိ နာမ။

### အဟိတ် ကုသလဝိပါက်စိတ် (၈)ပါး

၂၀။ ဥပေက္ခာသဟဂုတ် ကုသလဝိပါက် စက္ခုဝိညာဏ် တထာ

၂၁။ ။ သောတဝိညာဏ်

၂၂။ ။ ဃာနဝိညာဏ်

၂၃။ ။ ဇိဝှါဝိညာဏ်

၂၄။ သုခသဟဂုတ် ကာယဝိညာဏ်

၂၅။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆနစိတ္တံ

၂၆။ သောမနဿသဟဂုတ် သန္တီရဏစိတ္တံ (မနောဒွါရ)

၂၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ္တဉ္စေတိ (မနောဒွါရ)

ဣမာနိ အဋ္ဌပိ ကုသလဝိပါကာဟေတုကစိတ္တာနိ နာမ။

**အဟိတ် ကိရိယာစိတ် (၃)ပါး**

၂၈။ ဥပေက္ခာသဟဂတံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ တထာ

၂၉။ ။ မနောဒွါရာဝဇ္ဇနစိတ္တံ

၃၀။ သောမနဿသဟဂတံ ဟသိတုပ္ပါဒစိတ္တဉ္စေတိ

ဣမာနိ တီဏိပိ အဟေတုကကိရိယစိတ္တာနိ နာမ။

**ကာမာဝစရသောဘနစိတ် (၂၄)ပါး**

**မဟာကုသိုလ်စိတ် (၈)ပါး**

၃၁။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ

၃၂။ ။ ။ သသင်္ခါရိကမေကံ

၃၃။ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ

၃၄။ ။ ။ သသင်္ခါရိကမေကံ

၃၅။ ဥပေက္ခာသဟဂုတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ

၃၆။ ။ ။ သသင်္ခါရိကမေကံ

၃၇။ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ

၃၈။ ။ ။ သသင်္ခါရိကမေကန္တိ

ဣမာနိ အဋ္ဌပိ ကာမာဝစရကုသလစိတ္တာနိ နာမ။

**မဟာဝိပါက်စိတ် (မနောဒွါရ) (၈)ပါး**

၃၉။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ

၄၀။ ။ ။ သသင်္ခါရိကမေကံ

၄၁။ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ

၄၂။ ။ ။ သသင်္ခါရိကမေကံ

၄၃။ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ

၄၄။ ။ ။ သသင်္ခါရိကမေကံ

၄၅။ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ

၄၆။ ။ ။ သသင်္ခါရိကမေကန္တိ

ဣမာနိ အဋ္ဌပိ သဟေတုကကာမာဝစရဝိပါကစိတ္တာနိ နာမ။

**မဟာကိရိယာစိတ် (၈)ပါး**

၄၇။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ

၄၈။ ။ ။ သသင်္ခါရိကမေကံ

၄၉။ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ

၅၀။ ။ ။ သသင်္ခါရိကမေကံ

၅၁။ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ

၅၂။ ။ ။ သသင်္ခါရိကမေကံ

၅၃။ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ

၅၄။ ။ ။ သသင်္ခါရိကမေကန္တိ

ဣမာနိ အဋ္ဌပိ သဟေတုကကာမာဝစရကိရိယစိတ္တာနိ နာမ။

## ရူပါဝစရစိတ် (၁၅)ပါး

**ရူပါဝစရကုသိုလ်စိတ် (၅)ပါး**

၅၅။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ
ပဌမဇ္ဈာနကုသလစိတ္တံ

၅၆။ ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ဒုတိယဇ္ဈာနကုသလစိတ္တံ

၅၇။ ပီတိ သုခေကဂ္ဂတာသဟိတံ တတိယဇ္ဈာနကုသလစိတ္တံ

၅၈။ သုခေကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာနကုသလစိတ္တံ
၅၉။ ဥပေက္ခေကဂ္ဂတာသဟိတံ ပဉ္စမဇ္ဈာနကုသလစိတ္တဉ္စေတိ
ဣမာနိ ပဉ္စပိ ရူပါဝစရကုသလစိတ္တာနိ နာမ။

## ရူပါဝစရဝိပါက်စိတ် (မဟဂ္ဂုတ်ဝိပါက်) (၅)ပါး

၆၀။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ပဌမဇ္ဈာနဝိပါကစိတ္တံ
၆၁။ ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ဒုတိယဇ္ဈာနဝိပါကစိတ္တံ
၆၂။ ပီတိ သုခေကဂ္ဂတာသဟိတံ တတိယဇ္ဈာနဝိပါကစိတ္တံ
၆၃။ သုခေကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာနဝိပါကစိတ္တံ
၆၄။ ဥပေက္ခေကဂ္ဂတာသဟိတံ ပဉ္စမဇ္ဈာနဝိပါကစိတ္တဉ္စေတိ
ဣမာနိ ပဉ္စပိ ရူပါဝစရဝိပါကစိတ္တာနိ နာမ။

## ရူပါဝစရကိရိယာစိတ် (၅)ပါး

၆၅။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ပဌမဇ္ဈာနကိရိယစိတ္တံ
၆၆။ ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ဒုတိယဇ္ဈာနကိရိယစိတ္တံ
၆၇။ ပီတိ သုခေကဂ္ဂတာသဟိတံ တတိယဇ္ဈာနကိရိယစိတ္တံ
၆၈။ သုခေကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာနကိရိယစိတ္တံ
၆၉။ ဥပေက္ခေကဂ္ဂတာသဟိတံ ပဉ္စမဇ္ဈာနကိရိယစိတ္တဉ္စေတိ
ဣမာနိ ပဉ္စပိ ရူပါဝစရကိရိယစိတ္တာနိ နာမ။

## အရူပါဝစရစိတ် (၁၂)ပါး

## အရူပါဝစရကုသိုလ်စိတ် (၄)ပါး

၇၀။ အာကာသာနဉ္စာယတနကုသလစိတ္တံ
၇၁။ ဝိညာဏဉ္စာယတနကုသလစိတ္တံ

၇၂။ အာကိဉ္စညာယတနကုသလစိတ္တံ
၇၃။ နေဝသညာနာသညာယတနကုသလစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ အရူပါဝစရကုသလစိတ္တာနိ နာမ။

**အရူပါဝစရဝိပါက်စိတ် (မနောဒွါရ) (၄)ပါး**

၇၄။ အာကာသာနဉ္စာယတနဝိပါကစိတ္တံ
၇၅။ ဝိညာဏဉ္စာယတနဝိပါကစိတ္တံ
၇၆။ အာကိဉ္စညာယတနဝိပါကစိတ္တံ
၇၇။ နေဝသညာနာသညာယတနဝိပါကစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ အရူပါဝစရဝိပါကစိတ္တာနိ နာမ။

**အရူပါဝစရကိရိယာစိတ် (၄)ပါး**

၇၈။ အာကာသာနဉ္စာယတနကိရိယစိတ္တံ
၇၉။ ဝိညာဏဉ္စာယတနကိရိယစိတ္တံ
၈၀။ အာကိဉ္စညာယတနကိရိယစိတ္တံ
၈၁။ နေဝသညာနာသညာယတနကိရိယစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ အရူပါဝစရကိရိယစိတ္တာနိ နာမ။

**လောကုတ္တရာစိတ် အကျဉ်း(၈)ပါး**

**မဂ် (ကုသိုလ်)စိတ် (၄)ပါး**

၈၂။ သောတာပတ္တိမဂ္ဂစိတ္တံ
၈၃။ သကဒါဂါမိမဂ္ဂစိတ္တံ
၈၄။ အနာဂါမိမဂ္ဂစိတ္တံ

၈၅။ အရဟတ္တမဂ္ဂစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ လောကုတ္တရကုသလစိတ္တာနိ နာမ။

**ဖိုလ် (ဝိပါက်)စိတ် (၄)ပါး**

၈၆။ သောတာပတ္တိဖလစိတ္တံ
၈၇။ သကဒါဂါမိဖလစိတ္တံ
၈၈။ အနာဂါမိဖလစိတ္တံ
၈၉။ အရဟတ္တဖလစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ လောကုတ္တရဝိပါကစိတ္တာနိ နာမ။

*စိတ်တို့ကိုရေတွက်ခြင်း (အကျဉ်း-၈၉ ပါး) ပြီး၏။*

## လောကုတ္တရာစိတ် အကျယ် (၄၀)ပါး

**မဂ်စိတ် (၂၀)ပါး / ဖိုလ်စိတ် (၂၀)ပါး**

၁။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ပဌမဈာန-သောတာပတ္တိမဂ္ဂစိတ္တံ
၂။ ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ဒုတိယဈာနသောတာပတ္တိ-မဂ္ဂစိတ္တံ
၃။ ပီတိ သုခေကဂ္ဂတာသဟိတံ တတိယဈာနသောတာပတ္တိမဂ္ဂစိတ္တံ
၄။ သုခေကဂ္ဂတာသဟိတံ စတုတ္ထဈာနသောတာပတ္တိမဂ္ဂစိတ္တံ
၅။ ဥပေက္ခေကဂ္ဂတာသဟိတံ ပဉ္စမဈာနသောတာပတ္တိမဂ္ဂစိတ္တဉ္စေတိ
ဣမာနိ ပဉ္စပိ သောတာပတ္တိမဂ္ဂစိတ္တာနိ နာမ။ တထာ
သကဒါဂါမိမဂ္ဂ အနာဂါမိမဂ္ဂ အရဟတ္တမဂ္ဂစိတ္တဉ္စေတိ
သမဝီသတိ မဂ္ဂစိတ္တာနိ။ တထာ ဖလစိတ္တာနိ စေတိ
သမစတ္တာလီသ လောကုတ္တရစိတ္တာနိ ဘဝန္တီတိ။ ။

သောတာပတ္တိမဂ်စိတ် (အကျယ်)ကဲ့သို့ နည်းတူဆက်၍ ရေတွက်သော် -

(၆။ -ပဌမဈာနသကဒါဂါမိမဂ္ဂစိတ္တံ

၇။ -ဒုတိယဈာနသကဒါဂါမိမဂ္ဂစိတ္တံ

၈။ -တတိယဈာနသကဒါဂါမိမဂ္ဂစိတ္တံ

၉။ -စတုတ္ထဈာနသကဒါဂါမိမဂ္ဂစိတ္တံ

၁၀။ -ပဉ္စမဈာနသကဒါဂါမိမဂ္ဂစိတ္တံ

၁၁။ -ပဌမဈာနအနာဂါမိမဂ္ဂစိတ္တံ

၁၂။ -ဒုတိယဈာနအနာဂါမိမဂ္ဂစိတ္တံ

၁၃။ -တတိယဈာနအနာဂါမိမဂ္ဂစိတ္တံ

၁၄။ -စတုတ္ထဈာနအနာဂါမိမဂ္ဂစိတ္တံ

၁၅။ -ပဉ္စမဈာနအနာဂါမိမဂ္ဂစိတ္တံ

၁၆။ -ပဌမဈာနအရဟတ္တမဂ္ဂစိတ္တံ

၁၇။ -ဒုတိယဈာနအရဟတ္တမဂ္ဂစိတ္တံ

၁၈။ -တတိယဈာနအရဟတ္တမဂ္ဂစိတ္တံ

၁၉။ -စတုတ္ထဈာနအရဟတ္တမဂ္ဂစိတ္တံ

၂၀။ -ပဉ္စမဈာနအရဟတ္တမဂ္ဂစိတ္တံ)

ဖိုလ်စိတ် (အကျယ်)ကို မဂ်စိတ်နည်းတူဆက်၍ ရေတွက်သော် -

(၁။ -ပဌမဈာနသောတာပတ္တိဖလစိတ္တံ

၂။ -ဒုတိယဈာနသောတာပတ္တိဖလစိတ္တံ

၃။ -တတိယဈာနသောတာပတ္တိဖလစိတ္တံ

၄။ -စတုတ္ထဈာနသောတာပတ္တိဖလစိတ္တံ

၅။ -ပဉ္စမဈာနသောတာပတ္တိဖလစိတ္တံ

၆။ -ပဌမဈာနသကဒါဂါမိဖလစိတ္တံ

၇။ -ဒုတိယဈာနသကဒါဂါမိဖလစိတ္တံ

၈။ -တတိယဈာနသကဒါဂါမိဖလစိတ္တံ

၉။ -စတုတ္ထဈာနသကဒါဂါမိဖလစိတ္တံ

၁၀။ -ပဉ္စမဈာနသကဒါဂါမိဖလစိတ္တံ

၁၁။ -ပဌမဈာနအနာဂါမိဖလစိတ္တံ

၁၂။ -ဒုတိယဈာနအနာဂါမိဖလစိတ္တံ

၁၃။ -တတိယဈာနအနာဂါမိဖလစိတ္တံ

၁၄။ -စတုတ္ထဈာနအနာဂါမိဖလစိတ္တံ

၁၅။ -ပဉ္စမဈာနအနာဂါမိဖလစိတ္တံ

၁၆။ -ပဌမဈာနအရဟတ္တဖလစိတ္တံ

၁၇။ -ဒုတိယဈာနအရဟတ္တဖလစိတ္တံ

၁၈။ -တတိယဈာနအရဟတ္တဖလစိတ္တံ

၁၉။ -စတုတ္ထဈာနအရဟတ္တဖလစိတ္တံ

၂၀။ -ပဉ္စမဈာနအရဟတ္တဖလစိတ္တံ)

ကျမ်းကိုး။ ။ အဘိဓမ္မတ္ထသင်္ဂဟ၊ ၄၊ ၁-၇။

*လောကုတ္တရာစိတ် အကျယ် (၄၀)ပါး ပြီး၏။*

*စိတ်တို့ကိုရေတွက်ခြင်း (အကျယ်-၁၂၁ ပါး) ပြီး၏။*

*စိတ်ပြဆိုခန်း ပြီး၏။*

## စေတသိက်တို့ကို ရေတွက်ခြင်း (၅၂)ပါး

## အညသမာန စေတသိက် (၁၃)ပါး

### သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇)ပါး

၁။ ဖဿော

၂။ ဝေဒနာ

၃။ သညာ

၄။ စေတနာ

၅။ ဧကဂ္ဂတာ

၆။ ဇီဝိတိန္ဒြိယံ

၇။ မနသိကာရော စေတိ သတ္တမေ စေတသိကာ **သဗ္ဗစိတ္တ-သာဓာရဏာ** နာမ။

### ပကိဏ္ဏက စေတသိက် (၆)ပါး

၈။ ဝိတက္ကော

၉။ ဝိစာရော

၁၀။ အဓိမောက္ခော

၁၁။ ဝီရိယံ

၁၂။ ပီတိ

၁၃။ ဆန္ဒော စာတိ ဆ ယိမေ စေတသိကာ **ပကိဏ္ဏကာ** နာမ။

ဧဝမေတေ တေရသ စေတသိကာ **အညသမာနာ**တိ

ဝေဒိတဗ္ဗာ။

## အကုသိုလ်စေတသိက် (၁၄)ပါး

### အကုသလသာဓာရဏ စေတသိက် (၄)ပါး

၁၄။ မောဟော

၁၅။ အဟိရိကံ

၁၆။ အနောတ္တပ္ပံ

၁၇။ ဥဒ္ဓစ္စံ

### အကုသလပကိဏ္ဏက စေတသိက် (၁၀)ပါး

၁၈။ လောဘော

၁၉။ ဒိဋ္ဌိ

၂၀။ မာနော

၂၁။ ဒေါသော

၂၂။ ဣဿာ

၂၃။ မစ္ဆရိယံ

၂၄။ ကုက္ကုစ္စံ

၂၅။ ထိနံ

၂၆။ မိဒ္ဓံ

၂၇။ ဝိစိကိစ္ဆာ စေတိ စုဒ္ဒသိမေ စေတသိကာ **အကုသလာ** နာမ။

## သောဘနစေတသိက် (၂၅)ပါး

### သောဘနသာဓာရဏစေတသိက် (၁၉)ပါး

၂၈။ သဒ္ဓါ

၂၉။ သတိ

၃၀။ ဟိရီ

၃၁။ ဩတ္တပ္ပံ
၃၂။ အလောဘော
၃၃။ အဒေါသော
၃၄။ တတြမဇ္ဈတ္တတာ
၃၅။ ကာယပဿဒ္ဓိ
၃၆။ စိတ္တပဿဒ္ဓိ
၃၇။ ကာယလဟုတာ
၃၈။ စိတ္တလဟုတာ
၃၉။ ကာယမုဒုတာ
၄၀။ စိတ္တမုဒုတာ
၄၁။ ကာယကမ္မညတာ
၄၂။ စိတ္တကမ္မညတာ
၄၃။ ကာယပါဂုညတာ
၄၄။ စိတ္တပါဂုညတာ
၄၅။ ကာယုဇုကတာ
၄၆။ စိတ္တုဇုကတာ စေတိ ဧကူနဝီသတိမေ စေတသိကာ **သောဘနသာဓာရဏာ** နာမ။

## ဝိရတီစေတသိက် (၃)ပါး

၄၇။ သမ္မာဝါစာ
၄၈။ သမ္မာကမ္မန္တော
၄၉။ သမ္မာအာဇီဝေါ စေတိ တိဿော **ဝိရတိယော** နာမ။

**အပ္ပမညာစေတသိက် (၂)ပါး**

၅၀။ ကရုဏာ

၅၁။ မုဒိတာ **အပ္ပမညာယော** နာမာတိ

**ပညာစေတသိက် (၁)ပါး (အမောဟ)**

သဗ္ဗထာပိ

၅၂။ ပညိန္ဒြိယေန သဒ္ဓိံ ပဉ္စဝီသတိမေ စေတသိကာ **သောဘနာ**တိ ဝေဒိတဗ္ဗာ။

ကျမ်းကိုး။ ။ အဘိဓမ္မတ္ထသင်္ဂဟ၊ ၄၊ ၈။

*စေတသိက်ပြဆိုခန်း ပြီး၏။*

## စိတ်ယှဉ်၊ စေတသိက်ယှဉ် ပြခြင်း

အကုသိုလ်စိတ် (၁၂)ပါး၌ ယှဉ်နိုင်သောစေတသိက် (၂၇)ပါး

လောဘမူစိတ် (၈)ပါး၌ ယှဉ်နိုင်သောစေတသိက် (၂၁)ပါး

| | |
|---|---|
| သဗ္ဗစိတ္တသာဓာရဏ စေတသိက် | ၇ |
| ပကိဏ္ဏက စေတသိက် | ၆ |
| အကုသလသာဓာရဏ စေတသိက် | ၄ |
| လောဘ | ၁ |
| ဒိဋ္ဌိ (သို့မဟုတ်) မာန | ၁ |
| ထိန၊ မိဒ္ဓ | ၂ |
| အများဆုံးယှဉ်နိုင်သော စေတသိက် | ၂၁ |

ဒေါသမူစိတ် (၂)ပါး၌ ယှဉ်နိုင်သောစေတသိက် (၂၂)ပါး

| | |
|---|---|
| သဗ္ဗစိတ္တသာဓာရဏ စေတသိက် | ၇ |
| ပီတိကြဉ်သော ပကိဏ္ဏက စေတသိက် | ၅ |
| အကုသလသာဓာရဏ စေတသိက် | ၄ |
| ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ | ၄ |
| ထိန၊ မိဒ္ဓ | ၂ |
| အများဆုံးယှဉ်နိုင်သော စေတသိက် | ၂၂ |

မောဟမူစိတ် (၂)ပါး၌ ယှဉ်နိုင်သောစေတသိက် (၁၅)ပါး

| | |
|---|---|
| သဗ္ဗစိတ္တသာဓာရဏ စေတသိက် | ၇ |
| ပီတိ၊ ဆန္ဒကြဉ်သော ပကိဏ္ဏက စေတသိက် | ၄ |

အကုသလသာဓာရဏ စေတသိက် ၄
ဝိစိကိစ္ဆာ ၁
(ဝိစိကိစ္ဆာစိတ်၌ အဓိမောက္ခမယှဉ်၊ ဥဒ္ဓစ္စစိတ်၌ ဝိစိကိစ္ဆာမယှဉ်)
အများဆုံးယှဉ်နိုင်သော စေတသိက် ၁၅

အဟိတ်စိတ် (၁၈)ပါး၌ ယှဉ်နိုင်သောစေတသိက် (၁၂)ပါး

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇
ဆန္ဒကြဉ်သော ပကိဏ္ဏက စေတသိက် ၅
အများဆုံးယှဉ်နိုင်သော စေတသိက် ၁၂

ကာမာဝစရသောဘနစိတ် (၂၄)ပါး၌ ယှဉ်နိုင်သောစေတသိက် (၃၈)ပါး
မဟာကုသိုလ်စိတ် (၈)ပါး၌ ယှဉ်နိုင်သောစေတသိက် (၃၈)ပါး

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇
ပကိဏ္ဏက စေတသိက် ၆
သောဘနသာဓာရဏစေတသိက် ၁၉
ဝိရတီစေတသိက် ၃
အပ္ပမညာစေတသိက် ၂
ပညာစေတသိက် ၁
အများဆုံးယှဉ်နိုင်သော စေတသိက် ၃၈

မဟာဝိပါက်စိတ်**(မနော္ဒါရ)** (၈)ပါး၌ ယှဉ်နိုင်သောစေတသိက်(၃၃)ပါး

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇
ပကိဏ္ဏက စေတသိက် ၆
သောဘနသာဓာရဏစေတသိက် ၁၉
ပညာစေတသိက် ၁
အများဆုံးယှဉ်နိုင်သော စေတသိက် ၃၃

မဟာကိရိယာစိတ် (၈)ပါး၌ ယှဉ်နိုင်သောစေတသိက် (၃၅)ပါး

| | |
|---|---|
| သဗ္ဗစိတ္တသာဓာရဏ စေတသိက် | ၇ |
| ပကိဏ္ဏက စေတသိက် | ၆ |
| သောဘနသာဓာရဏစေတသိက် | ၁၉ |
| အပ္ပမညာစေတသိက် | ၂ |
| ပညာစေတသိက် | ၁ |
| အများဆုံးယှဉ်နိုင်သော စေတသိက် | ၃၅ |

ရူပါဝစရစိတ် (၁၅)ပါး၌ ယှဉ်နိုင်သောစေတသိက် (၃၅)ပါး

| | |
|---|---|
| သဗ္ဗစိတ္တသာဓာရဏ စေတသိက် | ၇ |
| ပကိဏ္ဏက စေတသိက် | ၆ |
| သောဘနသာဓာရဏစေတသိက် | ၁၉ |
| အပ္ပမညာစေတသိက် | ၂ |
| ပညာစေတသိက် | ၁ |
| အများဆုံးယှဉ်နိုင်သော စေတသိက် | ၃၅ |

အရူပါဝစရစိတ် (၁၂)ပါး၌ ယှဉ်နိုင်သောစေတသိက် (၃၀)ပါး

| | |
|---|---|
| သဗ္ဗစိတ္တသာဓာရဏ စေတသိက် | ၇ |
| ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်သောပကိဏ္ဏက စေတသိက် | ၃ |
| သောဘနသာဓာရဏစေတသိက် | ၁၉ |
| ပညာစေတသိက် | ၁ |
| အများဆုံးယှဉ်နိုင်သော စေတသိက် | ၃၀ |

လောကုတ္တရာစိတ် (အကျဉ်း- ၈)ပါး / (အကျယ်- ၄၀)ပါး

မဂ်စိတ် (အကျဉ်း- ၄)ပါး / (အကျယ်- ၂၀)ပါး၌ ယှဉ်နိုင်သော
စေတသိက် (၃၆)ပါး

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇
ပကိဏ္ဏက စေတသိက် ၆
သောဘနသာဓာရဏစေတသိက် ၁၉
ဝိရတီစေတသိက် ၃
ပညာစေတသိက် ၁
ယှဉ်နိုင်သော စေတသိက် ၃၆

ဖိုလ်စိတ် (အကျဉ်း- ၄)ပါး / (အကျယ်- ၂၀)ပါး၌ ယှဉ်နိုင်သော
စေတသိက် (၃၆)ပါး

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇
ပကိဏ္ဏက စေတသိက် ၆
သောဘနသာဓာရဏစေတသိက် ၁၉
ဝိရတီစေတသိက် ၃
ပညာစေတသိက် ၁
ယှဉ်နိုင်သော စေတသိက် ၃၆

ကျမ်းကိုး။ ။ အဘိဓမ္မတ္ထသင်္ဂဟ၊ ၄၁၊ ၂-၃၈။

*စိတ်ယှဉ်၊ စေတသိက်ယှဉ်ပြဆိုခန်း ပြီး၏။*

*နောက်ဆက်တွဲ (ခ) ပြီး၏။*

# ပိဋကတ်ကျမ်းညှိစာရင်း

| စဉ် | ဤကျမ်းအညွှန်း (စာမျက်နှာ/စာကြောင်းရေ) | ပိဋကတ်အညွှန်း (ဆဋ္ဌမူ) |
|---|---|---|
| ၁။ | ၈-၁၀ | ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၄၃။ |
| ၂။ | ၈-၁၆ | ၎င်း။ |
| ၃။ | ၈-၁၉ | ၎င်း။ |
| ၄။ | ၉-၁၀ | ၎င်း။ |
| ၅။ | ၁၅-၁၈ | ၎င်း၊ ၂၈၉။ |
| ၆။ | ၁၆- ၇ | ၎င်း၊ ၃၄၄။ |
| ၇။ | ၁၆-၁၀ | ၎င်း။ |
| ၈။ | ၁၇- ၄ | ၎င်း။ |
| ၉။ | ၂၁- ၅ | ၎င်း၊ ၃၅၅။ |
| ၁၀။ | ၂၂- ၁ | ၎င်း။ |
| ၁၁။ | ၂၃- ၁ | ၎င်း၊ ၃၅၄။ |
| ၁၂။ | ၂၅- ၇ | ၎င်း။ |
| ၁၃။ | ၂၆-၁၅ | ၎င်း။ |
| ၁၄။ | ၂၇- ၈ | ၎င်း၊ ၃၅၅။ |
| ၁၅။ | ၃၃-၁၆ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၁၂၉။ |
| ၁၆။ | ၃၄- ၆ | ပရမတ္ထဒီပနီ သင်္ဂဟမဟာဋီကာပါဌ၊ ၁၃၃။ |
| ၁၇။ | ၃၆-၁၇ | ပဋ္ဌာန၊ ပါဠိ-၁၊ ၂။ |
| ၁၈။ | ၃၇- ၇ | ၎င်း၊ ၄၄၆။ |

၁၉။ ၃၉- ၈ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၄၁။
၂၀။ ၄၈- ၅ ပဥ္စပကရဏ၊ ဌ၊ ၃၅၆။
၂၁။ ၅၀- ၉ သီလက္ခန္ဓဝဂ္ဂ၊ ပါဠိ-၁၊ ၂၁၃။
၂၂။ ၆၄-၁၉ ပဥ္စပကရဏ၊ မူလဋီကာ၊ ၁၇၂။
၂၃။ ၆၉- ၃ ဓမ္မသင်္ဂဏီ၊ ပါဠိ၊ ၂၀၆။
၂၄။ ၇၄- ၂ ဝိသုဒ္ဓိမဂ္ဂ၊ မဟာဋီကာ-၂၊ ၂၇၁။
၂၅။ ၇၅-၁၂ ပဋ္ဌာန၊ ပါဠိ-၁၊ ၁၄၄။
၂၆။ ၇၆- ၁ ပဥ္စပကရဏ၊ မူလဋီကာ၊ ၁၈၂။
၂၇။ ၈၄-၁၇ ၎င်း၊ ၁၆၉။
၂၈။ ၉၄-၁၄ သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂ၊ ပါဠိ-၂၊ ၁၁၆။
၂၉။ ၉၉- ၄ အဘိဓမ္မာဝတာရပုရာဏ ဋီကာ-၂၊ ၃၆၅။
၃၀။ ၉၉-၁၈ ဝိသုဒ္ဓိမဂ္ဂ၊ မဟာဋီကာ-၂၊ ၂၇၃။
၃၁။ ၁၀၁- ၄ ပဋ္ဌာန၊ ပါဠိ-၁၊ ၂။
၃၂။ ၁၀၂- ၇ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၁။
၃၃။ ၁၀၄- ၆ ၎င်း။
၃၄။ ၁၀၅-၂၁ ခုဒ္ဒကနိကာယ၊ မဟာနိဒ္ဒေသ၊ ပါဠိ၊ ၃၃။
၃၅။ ၁၀၆- ၅ သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂ၊ ဌ-၁၊ ၂၉။
၃၆။ ၁၀၈-၁၉ ပဥ္စပကရဏ၊ မူလဋီကာ၊ ၁၈၃။
၃၇။ ၁၀၉-၁၈ ခုဒ္ဒကနိကာယ၊ မဟာနိဒ္ဒေသ၊ ပါဠိ၊ ၃၃။
၃၈။ ၁၁၃-၁၀ ခုဒ္ဒကနိကာယ၊ မဟာဝဂ္ဂ (ဝိနည်း)၊ ပါဠိ၊ ၅၁။
၃၉။ ၁၂၁- ၇ မောဟဝိစ္ဆေဒနီ (အဘိဓမ္မမာတိကာပါဠိ)၊ ၄၄၄။

၄၀။ ၁၃၂-၂၀ ပဉ္စပကရဏ၊ မူလဋီကာ၊ ၁၇၁။

၄၁။ ၁၄၆- ၃ ပရမတ္ထဒီပနီ သင်္ဂဟမဟာဋီကာပါဌ်၊ ၃၈၉။

၄၂။ ၁၄၇- ၅ အဘိဓမ္မတ္ထသင်္ဂဟ၊ ဋ္ဌ၊ ၄၄၊ ဂါထာ-၅၅။

၄၃။ ၁၆၅-၂၀ ပဋ္ဌာန်၊ ပါဠိ-၁၊ ၅။

၄၄။ ၁၇၄-၁၁ ဝိဘင်္ဂ၊ ပါဠိ၊ ၃၃၄။

၄၅။ ၁၇၉- ၄ ပဋ္ဌာန်၊ ပါဠိ-၁၊ ၁၃၅။

၄၆။ ၁၈၃-၂၁ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၃။

၄၇။ ၁၈၅-၁၈ ပဉ္စပကရဏ၊ ဋ္ဌ၊ ၃၄၈။

၄၈။ ၁၈၇- ၉ ၎င်း၊ ၃၄၇။

၄၉။ ၁၈၉- ၆ ၎င်း၊ ၃၄၈။

၅၀။ ၁၉၅-၂၁ ပဋ္ဌာန်၊ ပါဠိ-၁၊ ၁၄၅။

၅၁။ ၁၉၈- ၈ ၎င်း။

၅၂။ ၂၀၁- ၉ ၎င်း၊ ၁၄၇။

၅၃။ ၂၀၂-၁၀ အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၈၂။

၅၄။ ၂၁၀- ၈ ပဉ္စပကရဏ၊ ဋ္ဌ၊ ၃၄၉။

၅၅။ ၂၁၅- ၄ ပရမတ္ထဒီပနီ သင်္ဂဟမဟာဋီကာပါဌ်၊ ၁၃၁။

၅၆။ ၂၂၀-၁၃ ပဋ္ဌာန်၊ ပါဠိ-၁၊ ၇။

၅၇။ ၂၂၀-၁၈ ပရမတ္ထဒီပနီ သင်္ဂဟမဟာဋီကာပါဌ်၊ ၁၅၄။

၅၈။ ၂၂၄-၂၀ ဇာတက၊ ပါဠိ-၂၊ ၅၅။

၅၉။ ၂၃၀- ၇ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၄၁။

၆၀။ ၂၃၇- ၈ ပဋ္ဌာန်၊ ပါဠိ-၁၊ ၇။

၆၁။ ၂၃၇- ၂၁ အင်္ဂုတ္တရနိကာယ၊ ပါဠိ-၂ (ပဥ္စကနိပါတ)၊ ၆၃။
၆၂။ ၂၄၀- ၂၀ ပဋ္ဌာနပကရဏ၊ ၄၊ ၃၅၅။
၆၃။ ၂၄၁- ၆ သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂ၊ ၄-၁၊ ၂၉။
၆၄။ ၂၄၃-၁၇ ၎င်း၊ ၂၇၅။
၆၅။ ၂၅၅- ၁ ပဋ္ဌာနပကရဏ၊ ၄၊ ၃၄၉။
၆၆။ ၂၅၆-၁၀ ပရမတ္ထဒီပနီ သင်္ဂဟမဟာဋီကာပါဌ၊ ၃၉၁။
၆၇။ ၂၅၇- ၁ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၃။
၆၈။ ၂၆၂- ၉ သီလက္ခန္ဓဝဂ္ဂ၊ အဘိနဝဋီကာ-၂၊ ၁၀၇။
၆၉။ ၂၆၃- ၈ ပဋ္ဌာနပကရဏ၊ ၄၊ ၃၇၃။
၇၀။ ၂၆၄- ၉ ဝိသုဒ္ဓိမဂ္ဂ၊ မဟာဋီကာ-၁၊ ၁၆၂။
၇၁။ ၂၆၅-၁၃ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၃။
၇၂။ ၂၇၁- ၉ ပဋ္ဌာနပကရဏ၊ ၄၊ ၃၇၃။
၇၃။ ၂၇၂- ၂ ၎င်း။
၇၄။ ၂၈၀-၁၉ အင်္ဂုတ္တရနိကာယ၊ ပါဠိ-၂ (ဆက္ကနိပါတ)၊ ၃၆၃။
၇၅။ ၂၈၄-၁၃ ပဋ္ဌာနပကရဏ၊ ၄၊ ၃၇၄။
၇၆။ ၂၈၄-၁၈ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၄။
၇၇။ ၂၈၄- ၂၂ ၎င်း၊ ၂၄၇။
၇၈။ ၂၈၇-၁၇ ၎င်း။
၇၉။ ၂၉၃- ၂၁ ၎င်း။
၈၀။ ၂၉၈-၁၅ ဝိဘင်္ဂ၊ ပါဠိ၊ ၃၁၁။
၈၁။ ၃၀၄-၁၁ ခုဒ္ဒကနိကာယ၊ ခုဒ္ဒကပါဌ၊ ပါဠိ၊ ၆။

၈၂။ ၃၀၈-၁၆ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၇၄-၆။

၈၃။ ၃၀၉-၁၇ ၎င်း။

၈၄။ ၃၁၈-၁၈ ဝိဘင်္ဂ၊ ပါဠိ၊ ၃၁၁။

၈၅။ ၃၁၉- ၆ ယမက၊ ပါဠိ-၂၊ ၁၄၈။

၈၆။ ၃၂၂-၁၀ ပရမတ္ထဒီပနီ သင်္ဂဟမဟာဋီကာပါဌ၊ ၃၉၂။

၈၇။ ၃၃၃-၁၃ ဝိသုဒ္ဓိမဂ္ဂ၊ မဟာဋီကာ-၂၊ ၁၀၀။

၈၈။ ၃၃၉- ၃ အဘိဓမ္မတ္ထသင်္ဂဟ၊ ဋ္ဌ၊ ၄၂၊ ဂါထာ-၃၉။

၈၉။ ၃၃၉- ၈ ခုဒ္ဒကနိကာယ၊ အပဒါန၊ ပါဠိ-၁၊ ၃၆၉၊
ဂါထာ-၁၉၆။

၉၀။ ၃၄၀- ၇ ဓမ္မသင်္ဂဏီ၊ ပါဠိ၊ ၁၀။

၉၁။ ၃၄၂- ၁ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၅၀။

၉၂။ ၃၄၂- ၉ အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၈၄၊ ဂါထာ-၃။
အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၈၃။

၉၃။ ၃၄၉- ၆ သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂ၊ ပါဠိ-၁၊ ၂၀၈။

၉၄။ ၃၅၀-၁၅ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၂၄။

၉၅။ ၃၅၆- ၇ ဓမ္မသင်္ဂဏီ၊ မူလဋီကာ၊ ၁၅၄၊ ဂါထာ-၆၄၅။

၉၆။ ၃၅၈- ၁ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၇၇။

၉၇။ ၃၅၈-၁၅ ဇာတက၊ ပါဠိ-၁၊ ၁၅၁၊ ဂါထာ-၁၁၅။

၉၈။ ၃၅၉-၁၅ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၅၀။

၉၉။ ၃၆၀- ၈ ပရမတ္ထဒီပနီ သင်္ဂဟမဟာဋီကာပါဌ၊ ၂၃၇။

၁၀၀။ ၃၆၀-၁၁ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၇၇၊ ဂါထာ-၁၅။

| | | |
|---|---|---|
| ၁၀၁။ | ၃၆၁- ၁ | ၎င်း။ |
| ၁၀၂။ | ၃၆၂- ၁ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၁၆၆။ |
| ၁၀၃။ | ၃၆၉- ၃ | ဝိသုဒ္ဓိမဂ္ဂ၊ ဋ္ဌ-၂၊ ၂၅၁၊ ဂါထာ-၇၀၃။ |
| ၁၀၄။ | ၃၇၁-၁၆ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၁၉၉။ |
| ၁၀၅။ | ၃၇၂- ၄ | ဝိသုဒ္ဓိမဂ္ဂ၊ မဟာဋီကာ-၂၊ ၄၀၃။ |
| ၁၀၆။ | ၃၇၂-၁၆ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၅၀။ |
| ၁၀၇။ | ၃၇၂-၂၁ | အဘိဓမ္မတ္ထသင်္ဂဟ၊ ဋ္ဌ၊ ၄၄၊ ဂါထာ-၅၅။ |
| ၁၀၈။ | ၃၇၆- ၁ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၄။ |
| ၁၀၉။ | ၃၇၇- ၁ | မူလပဏ္ဏာသ၊ ပါဠိ-၁၊ ၃၂၇၊ ဂါထာ-၄၀၂။ |
| ၁၁၀။ | ၃၈၂-၁၅ | အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၁၉၇။ |
| ၁၁၁။ | ၃၈၅- ၉ | ၎င်း၊ ၁၅၄။ |
| ၁၁၂။ | ၃၈၆- ၃ | ၎င်း၊ ၁၈၅။ |
| ၁၁၃။ | ၃၉၉-၁၀ | အဘိဓာနပ္ပဒီပိကာ ဋီကာ၊ ၁၁၆။ |
| ၁၁၄။ | ၄၀၂-၁၃ | သမ္မောဟဝိနောဒနီ၊ ဋ္ဌ၊ ၁၁၉၊ ဂါထာ-၂၁၉။ |
| ၁၁၅။ | ၄၀၅- ၁ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၄။ |
| ၁၁၆။ | ၄၀၅-၁၇ | နာမရူပပရိစ္ဆေဒါဒိ၊ ၁၂၅၊ ဂါထာ-၁၄၅၇။ |
| ၁၁၇။ | ၄၀၆- ၅ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၁၄။ |
| ၁၁၈။ | ၄၀၉-၁၈ | ၎င်း၊ ၂၄၄။ |
| ၁၁၉။ | ၄၃၈-၁၉ | မောဟဝိစ္ဆေဒနီ (အဘိဓမ္မမာတိကာပါဠိ)၊ ၄၄၄။ |
| ၁၂၀။ | ၄၃၉-၁၀ | အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၈၄၊ ဂါထာ-၂။ |
| ၁၂၁။ | ၄၄၃-၁၃ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၄။ |

| | | |
|---|---|---|
| ၁၂၂။ | ၄၅၀- ၂ | ပရမတ္ထဒီပနီ သင်္ဂဟမဟာဋီကာပါဌ၊ ၃၉၃။ |
| ၁၂၃။ | ၄၅၁- ၄ | ပဥ္စပကရဏ၊ မူလဋီကာ၊ ၁၇၄။ |
| ၁၂၄။ | ၄၅၁-၁၆ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၅၄၊ ဂါထာ-၁၅။ |
| ၁၂၅။ | ၄၆၄-၁၆ | ပဥ္စပကရဏ၊ ဌ၊ ၃၅၁။ |
| ၁၂၆။ | ၄၆၅- ၅ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၅။ |
| ၁၂၇။ | ၄၆၆-၁၈ | ၄င်း။ |
| ၁၂၈။ | ၄၆၈- ၅ | ပဥ္စပကရဏ၊ မူလဋီကာ၊ ၁၉၄။ |
| ၁၂၉။ | ၄၆၈-၁၅ | ၄င်း။ |
| ၁၃၀။ | ၄၆၉- ၉ | ၄င်း။ |
| ၁၃၁။ | ၄၇၀-၁၄ | ၄င်း။ |
| ၁၃၂။ | ၄၇၇-၁၄ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၅။ |
| ၁၃၃။ | ၄၈၄-၁၃ | ၄င်း။ |
| ၁၃၄။ | ၄၈၄-၁၉ | ၄င်း။ |
| ၁၃၅။ | ၄၈၆-၁၉ | ပဥ္စပကရဏ၊ မူလဋီကာ၊ ၁၇၅။ |
| ၁၃၆။ | ၄၉၀-၁၄ | အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၅။ |

*ပိဋကတ်ကျမ်းညွှန်းစာရင်း ပြီး၏။*

# ပိဋကတ်ကျမ်းစာရင်း (ဆဋ္ဌမူ)

၁။ ခုဒ္ဒကနိကာယ၊ ခုဒ္ဒကပါဌပါဠိတော်
၂။ ခုဒ္ဒကနိကာယ၊ မဟာနိဒ္ဒေသပါဠိတော်
၃။ ခုဒ္ဒကနိကာယ၊ မဟာဝဂ္ဂပါဠိတော် (ဝိနည်း)
၄။ ခုဒ္ဒကနိကာယ၊ အပဒါနပါဠိတော် (ပ)
၅။ ဇာတကပါဠိတော် (ပ၊ ဒု)
၆။ ဓမ္မသင်္ဂဏီပါဠိတော်
၇။ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်
၈။ ပဋ္ဌာနပါဠိတော် (ပ)
၉။ မူလပဏ္ဏာသပါဠိတော် (ပ)
၁၀။ ယမကပါဠိတော် (ဒု)
၁၁။ ဝိဘင်္ဂပါဠိတော်
၁၂။ သီလက္ခန္ဓဝဂ္ဂပါဠိတော် (ပ)
၁၃။ သံယုတ္တနိကာယ၊ ခန္ဓဝဂ္ဂပါဠိတော် (ဒု)
၁၄။ အင်္ဂုတ္တရနိကာယ (ပဉ္စက-ဆက္ကနိပါတ) ပါဠိတော် (ဒု)
၁၅။ ပဉ္စပကရဏအဋ္ဌကထာ။
၁၆။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ။
၁၇။ သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂအဋ္ဌကထာ။
၁၈။ သမ္မောဟဝိနောဒနီအဋ္ဌကထာ။
၁၉။ အဋ္ဌသာလိနီအဋ္ဌကထာ။

၂၀။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ။

၂၁။ ဓမ္မသင်္ဂဏီမူလဋီကာ။

၂၂။ နမက္ကာရဋီကာ။

၂၃။ ပရမတ္ထဒီပနီသင်္ဂဟမဟာဋီကာပါဌ။

၂၄။ ပဋ္ဌာနပကရဏမူလဋီကာ။

၂၅။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ဒု)။

၂၆။ သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (ဒု)။

၂၇။ သံယုတ္တနိကာယ၊ မဟာဝဂ္ဂဋီကာ (ဒု)။

၂၈။ အဘိဓမ္မာဝတာရပုရာဏဋီကာ (ဒု)။

၂၉။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)။

၃၀။ စတုရာရက္ခဒီပနီ။

၃၁။ နာမရူပပရိစ္ဆေဒ။

၃၂။ ပဋ္ဌာနုဒ္ဒေသဒီပနီပါဌ။

၃၃။ ပယောဂသိဒ္ဓိပါဠိ။

၃၄။ မောဟဝိစ္ဆေဒနီ (အဘိဓမ္မမာတိကာပါဠိ)။

၃၅။ အနုဒီပနီပါဌ။

၃၆။ အဘိဓာနပ္ပဒီပိကာဋီကာ။

*ပိဋကတ်ကျမ်းစာရင်း ပြီးပြီ။*

မိုးကုတ်ဆရာတော်ဘုရားကြီး၏သုံးချက်စုချုပ်စဉ် ပြီးပါပြီ။

## မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် ပဋ္ဌာန်းညဝါ

◎ အလွန်တရာကျယ်ဝန်းတဲ့ မဟာသမုဒ္ဒရာရေ၏အရသာကို တစ်ခုသော ကမ်းစပ်မှ သောက်ကြည့်လျှင် လွယ်ကူစွာသိနိုင်သလို အလွန်သိမ်မွေ့နက်နဲ ခက်ခဲကျယ်ဝန်းသော ဤပဋ္ဌာန်းကျမ်းကြီး၏ (၂၄)ပစ္စည်းကို ကောင်းစွာညွှန်နိုင်တဲ့ တစ်ခုသောနည်းနာနယကောင်းကို ရခဲ့လျှင် လွယ်ကူစွာသိနိုင်ပါတယ်။

◎ ဝိပဿနာသစ္စာတရားများ (ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာ အပါအဝင် မိုးကုတ်ဝိပဿနာဟု လူသိများသောတရား)ကို နှောင်တွင် ဟောကြားတော်မူသော အမရပူရမြို့ (တောင်မြို့)၊ မင်္ဂလာတိုက် စာချဆရာတော် ဘဒ္ဒန္တဝိမလ မဟာထေရ် (မိုးကုတ်ဆရာတော်ဘုရားကြီး) သည် ငယ်ရွယ်စဉ် စာချဆရာတော်ဘဝက -

ခက်ခဲနက်နဲလှသည့် ပဋ္ဌာန်းပစ္စည်းများကို လူတိုင်း လွယ်ကူစွာ ကွက်ကွက်ကွင်းကွင်း သိမြင်နားလည်နိုင်အောင် သက်ဆိုင်ရာပစ္စည်းတိုင်း၏ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် ၃ - ချက်စု အရတရားများကို ဖော်ပြခြင်းဖြင့်လည်းကောင်း။ သက်ဆိုင်ရာပစ္စည်းတိုင်း၏ သဘောအဓိပ္ပါယ်များကို ဥပမာ, ဥပမေယျတို့ဖြင့် လည်းကောင်း။ ပါဠိ, အဋ္ဌကထာ, ဋီကာစသော ဂန္ထန္တရ အထောက်အထားများဖြင့် လည်းကောင်း၊ ခေတ်သစ် လက်တွေ့မျက်မြင် အကြောင်းအရာများဖြင့်လည်းကောင်း၊ ဝေဝေဆာဆာ ချပို့တော်မူပါသည်။

ဤဓမ္မစေတီတော်ကို မည်သူမဆို ဓမ္မဒါနအဖြစ် ကူးယူလှူဒါန်းပူဇော်နိုင်ပါသည်။